http://www.dhammadownload.com

မုံရွာမြို့ မဟာလယ်တီတိုက်

ကျမ်းပြုအကျော် ကမ္ဘာအကျော်

## လယ်တီဆရာတော်ဘုရားကြီး

ရေးသားပြုစုတော်မူသော

# လယ်တီ နိဗ္ဗာန်တရားတော်များ

- နိဗ္ဗာနဒီပနီကျမ်း
- နိဗ္ဗာန ဝိသဇ္ဇနာကျမ်း
- လယ်တီနိဗ္ဗာန်ကျမ်း

သာသနာ- ၂၅၄၉၊ ကောဇာ- ၁၃၆၇၊ ခရစ်- ၂၀၀၆၊

http://www.dhammadownload.com

# နိဗ္ဗာန်ဟူသည် အဘယ်နည်း

※ ကိလေသာတို့၏လည်းကောင်း၊ ခန္ဓာတို့၏လည်းကောင်း၊ နောင်တစ်ဖန် ဖြစ်ပေါ်ခြင်း မရှိသောအားဖြင့် အကြွင်းအကျန်မရှိ ပျောက်ကွယ်ချုပ်ငြိမ်းခြင်းသဘောသည် သန္တိလက္ခဏာလည်း မည်၏။ သန္တိသဘောလည်း မည်၏။

※ ချုပ် ဆိုသည်မှာလည်း ဘင်ချုပ်၊ မရဏချုပ်၊ အနိစ္စချုပ်တို့ကို ဆိုသည်မဟုတ်။ ဖြစ်ပေါ်မှုတူသော "ဥပါဒ်ဇာတိ" ကင်းလွတ်၍သွားသည်ကို ဆိုသတည်း။ ဘင်ချုပ်၊ မရဏချုပ်၊ အနိစ္စချုပ်တို့နှင့် နိဗ္ဗာန်ချုပ်ကို ခြား၍ထား။

ဗုဒ္ဓဘာသာဝင်တိုင်း သာသနာတော်အတွင်း သိရှိသင့်သော "နိဗ္ဗာန်" ၏ သဘောသဘာဝကို လယ်တီဆရာတော်ကြီးက နိဗ္ဗာနဒီပနီ၊ နိဗ္ဗာနဝိသဇ္ဇနာနှင့် လယ်တီနိဗ္ဗာန် ကျမ်းတို့တွင် ဟောပြောထားချက်များကို အဆီအနှစ်ထုတ် စုစည်း၍ ဖော်ပြထားသည့်

## "လယ်တီ နိဗ္ဗာန် တရားတော်များ"

သင့်ထံအရောက်ပို့လိုက်ပါပြီ။

မိခင်ရောဝတီစာအုပ်တိုက်မှ စီစဉ်ထုတ်ဝေ၍ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပါပြီ။
အနယ်နယ်အရပ်ရပ်ရှိ စာအုပ်ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ပါသည်။

မိခင်ရောဝတီစာအုပ်တိုက်

တိုက်(၄)၊ အခန်း(၄၀၂)၊ ကျိုက်တော် အိမ်ရာ၊ အထက်ပုဇွန်တောင်လမ်းမကြီး၊ ကမ္ဘောဇဘဏ်အနီး၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၇၀၁၄၃၁၊ ၀၉-၅၀-၁၅၆၁၃

http://www.dhammadownload.com

ကျေးဇူးတော်ရှင် ကမ္ဘာကျော်

မုံရွာမြို့

မဟာမ လယ်တီဆရာတော်ဘုရားကြီး

၏

# လယ်တီနိဗ္ဗာန်တရားတော်များ

ပေါင်းချုပ်

- နိဗ္ဗာနဒီပနီ
- နိဗ္ဗာနဝိသဇ္ဇနာ
- လယ်တီနိဗ္ဗာန်
- အသင်္ခတဓမ္မပကာသနီကျမ်း

နာဂလိုဏ်ဂူ ကလေးဝတောရဆရာတော်ကြီး၏ ညွှန်ကြားမှုအရ မိခင်ရောဝတီ စာတည်းအဖွဲ့က စာပြင်သန့်စင် ထုတ်ဝေသည်။

မိခင်စာအုပ်အမှတ် (၆၁)

သာသနာ-၂၅၄၉ ကောဇာ-၁၃၆၈ ခရစ်-၂၀၀၆

http://www.dhammadownload.com

အဂ္ဂမဟာပဏ္ဍိတ ဒီလစ်ခေါ် "တာပေပါရဂူ" ဘွဲ့တံဆိပ်တော်ရ



ကျေးဇူးတော်ရှင် ပဌမ လယ်တီဆရာတော်ဘုရားကြီးပုံ

http://www.dhammadownload.com

## မုံရွာမြို့

# လယ်တီဆရာတော်ဘုရားကြီး

## ထေရုပ္ပတ္တိ အကျဉ်းချုပ်

### ဇာတိဌာနနှင့် ခမည်းတော်၊ မယ်တော်

ကျေးဇူးတော်ရှင် လယ်တီဆရာတော် ဘုရားကြီးသည် မြန်မာသက္ကရာဇ် ၁၂၀၈-ခုနှစ်[1]၊ နတ်တော်လဆန်း ၁၃-ရက် အင်္ဂါနေ့တွင် ဒိပဲယင်းမြို့နယ် စိုင်ပြင်ရွာ၌ ဖွားမြင်တော်မူခဲ့သည်။ ခမည်းတော်မှာ ဦးထွန်းသာဖြစ်၍ မယ်တော်မှာ ဒေါ်ကြုံးဖြစ်သည်။

ဦးထွန်းသာ- ဒေါ်ကြုံးတို့တွင် သားသမီးခြောက်ဦး[2] ထွန်းကားခဲ့ရာ ယင်းတို့မှာ-

(၁) ပထမ အကြီးဆုံးသား ( ငယ်စဉ်က ကွယ်လွန် )

(၂) ဒုတိယသား မောင်တက်ခေါင် ( လယ်တီဆရာတော် )

(၃) တတိယသား မောင်တက်စွာ ( သူဝတ်ကြောင် )

(၄) စတုတ္ထသား မောင်တက်ပွား ( ပထမပြန် ဦးကုမာရ )

(၅) ပဉ္စမသား မောင်တက်ထွား ( ဆရာတော် ဦးကိတ္တိ )

(၆) ဆဋ္ဌမသမီး မမြလေး တို့ဖြစ်ကြသည်။

သို့ဖြစ်ရာ သားသမီး ခြောက်ဦး ရှိသည့်အနက် ဒုတိယသား၊ စတုတ္ထသားနှင့် ပဉ္စမသားများမှာ ရဟန်းအဖြစ်သို့ ရောက်ခဲ့ကြသည်။

---

၁။ အဌ် သုဉ် ဒွိ ဧက်၊ သက္ကရာဇ်၊ ဖွားလစ် ကျမ်းဆရာ။ (ပရမတ္ထသံခိပ် နိဂုံး )

၂။ " လယ်တီထေရုပ္ပတ္တိ " စာအုပ်များနှင့် " လယ်တီဒီပနီကျမ်းဦးနိဒါန်း " များတွင် ဖော်ပြထားသကဲ့သို့ လယ်တီဆရာတော်၌ မွေးချင်းငါးဦးမဟုတ်၊ မွေးချင်းခြောက်ဦးသာ အမှန်ဖြစ်သည်။

http://www.dhammadownload.com



## မင်္ဂလာနိမိတ်ထူးနှင့် ငယ်နာမည်

လယ်တီဆရာတော် လောင်းလျာဖြစ်သူ ဒုတိယသားကို ဖွားမြင်ဆဲအချိန်တွင် အိမ်ဥပစာအတွင်းရှိ မန်ကျည်းပင်ကြီး၌ ထောင်ထားသော ပေါ်းလုံးများကြားထဲမှ ပိုး(သက်တံ)ကြီး ပေါ်ထွက် လာကာ ကောင်းကင်သို့ ထိုးတက်သွားပြီးမှ တစ်ဖန် ညွှတ်ကိုင်းပြီး အိမ်တွင်းသို့ ဝင်ရောက်လာပြန်သည်။ ထို့နောက်တစ်ဖန် ယင်းစို့ (သက်တံ)ကြီးသည် အိပ်ပွင်းမှ အိမ်ခေါင်မိုးသို့ ပျံတက်ပြီး အဝါတစ်တန့် အပြာတစ်တန့် အနီတစ်တန့်ဖြင့် ရောင်မျိုးစုံ ယှက်သန်းကာ ကောင်းကင် လမ်းသို့ ပျံသန်းပျောက်ကွယ်သွားသည်။

ယင်းကဲ့သို့သော မဖြစ်ဖူးမြဲ ထူးကဲလှသည့် မင်္ဂလာနိမိတ်ထူးကို အစွဲပြု၍ လယ်တီဆရာတော် လောင်းလျာဖြစ်သော ဒုတိယသားကို မောင်တက်ခေါင်ဟူ၍ အမည်ပေးခဲ့ခြင်း ဖြစ်သည်။

## ကျောင်းအပ်ခြင်းနှင့် ရှင်သာမဏေဘဝ

မောင်တက်ခေါင် ၁၀-နှစ်သား အရွယ်တွင် စိုင်ပြင်ရွာ ကျောင်းမကျောင်း ဆရာတော် အရှင်နန္ဒထံ ပညာသင်ကြား- ရန် ကျောင်းအပ်နှံခဲ့သည်။ ကျောင်းသားအဖြစ်ဖြင့် ဘုန်းကြီးကျောင်း ပညာရေး၏ သင်ရိုးဖြစ်သော မင်္ဂလသုတ်၊ နမက္ကာရ၊ ရတနာရွှေချိုင့်၊ ဘတွင်းအောင်ခြင်း၊ အပြင်အောင်ခြင်း၊ လောကနီတိ၊ ဓမ္မနီတိ၊ ပရိတ်ကြီး သေည်တို့ကို သင်ကြားခဲ့သည်။

http://www.dhammadownload.com



အသက်၁၅-နှစ်သားအရွယ် ရှင်သာမဏေပြုရာ ဘွဲ့အမည်မှာ ရှင်ဉာဏဓဇ[၁] ဖြစ်သည်၊ ရှင်ဉာဏဓဇသည် သာမဏေဘ၀ဖြင့် ဆရာတော်အရှင်နန္ဒထံ၌ မြန်မာနိုင်ငံ ပါဠိပညာရေး၏ သင်ရိုးဖြစ်သော ကစ္စည်း သဒ္ဒါကြီး၊ အဘိဓမ္မတ္ထ-သင်္ဂြိုဟ်၊ ဝိထိလက်ရိုး၊ မာတိကာ၊ ဓာတုကထာ၊ ယမိုက်၊ ပဋ္ဌာန်း စသော နေ့ဝါညဝါကျမ်းများကို သင်ကြားခဲ့သည်၊

## ဆယ်ကျော်သက်ကရေးသားဖွဲ့ဆိုခဲ့သောကျမ်းနှင့် ကဗျာများ

၁၈-နှစ်အရွယ်တွင် ရဲထွက်ရွာ အရှေ့ဘက် ဝေဒပါရဂူ ဆရာတော် အရှင်ဂန္ဓမာအထံ၌ ဗေဒင်ဘက်ဆိုင်ရာ ပညာရပ်များကို သင်ယူခဲ့သည်၊ ယင်းသို့ သင်ယူယင်း ကျည်းကန်ကိုရင်ကြီး၏ လင်္ကာကို နည်းယူပြီးလျှင် ဗိုလ်၊ သုဇိတာ၊ ဗျဉ္ဇတာ၊ ဇာတာဖွဲ့ သင်္ကြန်တွက် လက်ရိုးလင်္ကာများကို ဖွဲ့ဆိုရေးသားတော်မူခဲ့သည်၊

ထိုစဉ်က သာမဏေဘ၀ဖြင့်ပင် မဟော်ဇာတ်ထုပ်နှင့် မဟော်ကျေးစေခန်း ရတု၊ ရှင်လောင်းလှည့် (သျှိုးလိုက်) ရတုကဗျာများကိုလည်း ဖွဲ့ဆိုရေးသားတော်မူခဲ့သည်၊

ထို့ပြင် သဒ္ဒါဘက်ဆိုင်ရာ သဒ္ဒါငယ်ကျမ်းများကို သင်ယူယင်း ဝါစ္စ ဝါစက အကောက်ကျမ်းဟောင်းကို အားမရသဖြင့် ' ဝါစ္စဝါစက အကောက်ကျမ်းသစ် 'ကိုလည်း သာမဏေဘ၀ ဆယ်ကျော်သက်ကပင် ရေးသားပြုစုခဲ့သေးသည်၊

---

၁၊ ' မုံရွာ လယ်တီ တောရပ်မိ၊ မထေရ် ဉာဏ်ဓဇာ ' ဟူသော 'ပရမတ္ထသံခိပ်' နိဂုံးမှ ဉာဏ်ဓဇာဟူသော စကားရပ်ဖြင့် ကျေးဇူးရှင် ဆရာတော်ကြီး ကိုယ်တော်တိုင် ယင်း၏ ဘွဲ့အမည်ကို ' ဉာဏဓဇ ' ဖြစ်ကြောင်းဖော်ထုတ်သွားတော်မူခဲ့ခြင်း ဖြစ်သည်ဟု လယ်တီပဏ္ဍိတ ဆရာ ဦးမောင်ကြီးက သူ၏ ' ပရမတ္ထသံခိပ် အမေးအဖြေ ' ၌ဖြေဆိုရေးသားထားသည်၊

http://www.dhammadownload.com



## အားမရနိုင်သော စာကြည့်ဝါသနာ

သက္ကရာဇ် ၁၂၂၈-ခု ကဆုန်လဆန်း ၆-ရက်နေ့တွင် သာမဏေ ရှင်ဉာဏဓဇသည် စိုင်ပြင်ရွာ ကျောင်းမကျောင်း ခဏ္ဍသိမ်၌ ဆရာတော် အရှင်နန္ဒကို ဥပဇ္ဈာယ်ပြုကာ ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

ရဟန်းတော် အရှင်ဉာဏဓဇကား အားရသည်ဟု မရှိ လောက်အောင် စာကြည့် ဝါသနာပါလွန်းလှသည်၊ ထို့ကြောင့်လည်း ဥပဇ္ဈာယ် ဆရာတော် အရှင်နန္ဒ-ကသူ၏ စာတိုက်ကြီးငါးလုံးရှိ မြန်မာနိဿယများကို ကြည့်ရှုရန် ခွင့်ပြုခဲ့သည်။ ဤမျှနှင့် အားမရသေး၍ စိုင်ပြင်ရွာ မြင်တင်တိုက်ဆရာတော် အရှင်ဓမ္မထံ၌ရှိသော စာတိုက်ကြီး ငါးလုံးမှ မြန်မာနိဿယဟူသမျှကိုလည်း အားလုံးကြည့်ရှုတော်မူ လိုက်သေးသည်။

ထို့နောက် စိုင်ပြင် ၂-ရွာတွင် တည်ရှိသော ကျောင်းတိုက်ကြီး ငါးတိုက်မှ မြန်မာပြန် နိဿယများကို အကုန်ကြည့်ရှုတော့မည်ဟု ကြံစည်တော်မူသေးသည်။ သို့သော် မန္တလေးမြို့သို့ ကြွ၍ ပညာသင်လို သောကြောင့် ယင်းအကြံမှာ အထမမြောက်ခဲ့ပေ။

## မန္တလေးမြို့ စံကျောင်းတိုက်၌ ပညာသင်ကြားခြင်း

သို့ဖြင့်ပင် ရဟန်းတော် အရှင်ဉာဏဓဇသည် ၁၂၃၁-ခုနှစ်တွင် မိမိဖွားမြင်ရာ စိုင်ပြင်ရွာမှ မန္တလေး ရတနာပုံနေပြည် တော်မြောက်ပြင် မင်္ဂလာစံကျောင်းတိုက်သို့ ပညာသင်ကြားရန် ကြွရောက်တော်မူခဲ့သည်။

---

သို့သော် ဆရာတော်ဘုရားကြီး၏ 'ပါရမီဒီပနီကျမ်း' နိဂုံး ၄-ဂါထာအနက် တတိယမြောက် ဂါထာတွင် 'ဓယာ ဉာဏဘိဝံသေန'ဟူ၍ ယင်း၏ ဘွဲ့အမည်မှာ ဉာဏာဘိဝံသ 'ဖြစ်ကြောင်း ဖော်ပြထားသည်ကိုလည်း တွေ့ရှိကြရသေးသည်။

http://www.dhammadownload.com



ရဟန်းတော် အရှင်ဉာဏဓဇသည် ရဟန်း ၁- ဝါမှ၊ ၁၆-ဝါအထိ ၁၆-နှစ်တိုင်တိုင် စံကျောင်းတိုက်၌ နေထိုင်ကာ ' သုဒဿန ဝရ ဓမ္မဘာမိ မဟာဓမ္မ ရာဇာဓိရာဇဂုရု ' ဘွဲ့တံဆိပ်တော်ရ ဒုတိယ စံကျောင်းဆရာတော်ဘုရားကြီးထံ၌ ဝိနည်း ပါဠိတော် အဋ္ဌကထာများနှင့် အဘိဓမ္မာ အဋ္ဌကထာ ၃-ကျမ်းကို သင်ယူတော်မူသည်။

ထိုအချိန်က ဒုတိယစံကျောင်း ဆရာတော်ဘုရားကြီးမှာ မန္တလေး ရွှေမြို့တော်တွင် စာချ နာမည်အကျော်ကြားဆုံး ဖြစ်၍ စာလိုက်သံဃာ ၁၀၀၀-ကျော် အထိပင် ရှိခဲ့ဖူးသည်။

ထို့နောက် ရဟန်းတော် အရှင်ဉာဏဓဇသည် အဆိုပါ ဝိနည်းနှင့်အဘိဓမ္မာ ပါဠိ အဋ္ဌကထာများကိုပင် မကုဋာရာမ ဆရာတော်ဘုရားကြီးထံ၌လည်း သင်ယူတော်မူပြန်သည်။

## ' လုံပဏ်-လင်းပဏ် ' ဘယ်ပဏ်သာ၍ တတ်သနည်း

ထိုအချိန်က ဒုတိယ စံကျောင်းဆရာတော်ဘုရားကြီးထံ (၁) 'ရာဇဂုရု' ဘွဲ့တံဆိပ်တော်ရ အလုံဇာတိ မိုင်းခိုင်းဆရာတော် ဦးပဏ္ဍိတနှင့် (၂) 'ရာဇဂုရု' ဘွဲ့တံဆိပ်မရသော စလင်းဇာတိ ဆရာတော်ဦးပဏ္ဍိစ္စဟူ၍ စာတတ် ပေတတ် ပထမ စာချ တပည့်ကြီးနှစ်ပါးရှိရာ စံကျောင်းတိုက် ပတ်ဝန်းကျင်တွင် 'လုံပဏ်-လင်းပဏ်၊ သည်နှစ်ပဏ်တွင် ဘယ်ပဏ်သာ၍ တတ်သနည်း' ဟု ကဗျာစပ်ဆို မေးခွန်းထုတ်ခြင်း ခံရသည်အထိ ပရိယတ္တိ စာပေလောက၌ ထင်ရှားကျော်ကြားသော စာချတပည့်ကြီး နှစ်ပါး ဖြစ်သည်။

ရဟန်းတော် အရှင်ဉာဏဓဇသည် စံကျောင်းဆရာတော်ဘုရားကြီးထံ၌ အထက်ပါအတိုင်း ဝိနည်းနှင့် အဘိဓမ္မာ ပါဠိ အဋ္ဌကထာများကို သင်ယူခဲ့သည့်အပြင် အဆိုပါ လုံပဏ်၊ လင်းပဏ်ဟူသော ပထမ စာချကြီး နှစ်ပါးတွင် စလင်းဆရာတော် ဦးပဏ္ဍိစ္စ၏ တပည့်ရင်းလည်း

http://www.dhammadownload.com



ဖြစ်သည်။ စလင်းဆရာတော် ဦးပဏ္ဍိစ္စထံတွင် ရဟန်းတော် အရှင်ဉာဏဓဇသည် ပါမိတျာဒိအဋ္ဌကထာ၊ သမ္မောဟဝိနောဒနီ အဋ္ဌကထာ၊ ပဉ္စမကြီးဏ် အဋ္ဌကထာ-စသည်တို့ကို အာစရိယ ဟတ္ထမုဋ္ဌိ ဆုပ်မိကိုင်မိရှိအောင်ဆိုဝါ တတ်ဝါနှင့် သင်ယူတော်မူခဲ့သည်။

ထို့ကြောင့်လည်း ရဟန်းတော်အရှင်ဉာဏဓဇသည် လယ်တီဆရာတော်အဖြစ်သို့ ရောက်ရှိလာသောအခါ၌ 'ငါ၏ဗိုက်ထဲမှာ ရှိသမျှပညာများသည်စလင်းဦးပဏ္ဍိစ္စ ဟာတွေချည်းပဲ'ဟူ၍မကြာခဏ မိန့်ကြားတော်လေ့ရှိပေသည်။[၁]

## ယောအတွင်းဝန်၏ ဩဝါဒ

ရဟန်းတော်အရှင်ဉာဏဓဇကား အစဉ်အလာသမား-သမားရိုးကျသမားမဟုတ်ပေ၊ ငယ်စဉ်ကပင် တော်လှန်သော အတွေးအခေါ်ရှိသူဖြစ်သည်။

ထိုအချိန်က မန္တလေးရွှေမြို့တော်ရှိထင်ရှားသော ပညာရှိကြီးများ ရှိသည့်အနက် ရွှေပြည်ဝန်ကြီးခေါ် ယောအတွင်းဝန် ဦးဖိုးလှိုင်မှာ တော်လှန်သော အတွေးအခေါ် အယူအဆရှိသူ ဖြစ်သည်။

သို့ဖြစ်ရာ ရဟန်းတော် အရှင်ဉာဏဓဇသည် ယောအတွင်းဝန် ဦးဖိုးလှိုင်၏ တော်လှန်သော အတွေးအခေါ် အယူအဆများကို နှစ်သက်စွဲလမ်းသလောက်၊ ဦးဖိုးလှိုင်၏ ခေတ်မီသော စာရေးနည်း စာရေးဟန်များကိုလည်း အားကျသည်၊ အတုယူလိုသည်၊နည်းယူလိုသည်။

---

၁။ လယ်တီဆရာတော်တရားကြီးက လယ်တီဦးပဏ္ဍိတ (-လယ်တင်ဆရာဦးမောင်ကြီး ) အားပြောပြဖူးသောစကား။

http://www.dhammadownload.com



ထို့ကြောင့်လည်း သီတင်းနေ့များတွင် ယောအတွင်းဝန် ဦးဖိုးလှိုင် ထံသို့ ကြွရောက်လာကာ ပိဋကတ်တော်၌ ယူဆပုံနည်းများနှင့် မြန်မာစာရေးနည်း ရေးဟန်များကို နည်းခံခဲ့သည်။ ထိုအခါ ယောအတွင်းဝန်က ' ဦးပဥ္စင်းကလေး စာတတ်ချင်သလား၊ စာတတ်ချင်ယင် ကထာဝတ္ထု အဋ္ဌကထာကို နိုင်နင်းအောင် သင်ကြားပါ ' ဟု ဩဝါဒစကားဖြင့် နည်းပေးညွှန်ကြား လျှောက်ထားခဲ့သည်။ ထို့ပြင် ယောအတွင်းဝန်က ပိဋကတ်၌ တော်လှန်သည့် အတွေးခေါ် အယူအဆများကိုလည်း ပြောကြားလျှောက်ထားလိုက်သေးသည်။

ထိုစဉ်က ပြောကြားလိုက်သော ယောအတွင်းဝန်၏ တော်လှန်သည့် အတွေးအခေါ် အယူအဆများနှင့် ပတ်သက်၍ ရဟန်းတော် အရှင်ဉာဏဓဇသည် လယ်တီဆရာတော်အဖြစ်သို့ ရောက်ရှိလာသော အခါ၌ တပည့်ဖြစ်သူလယ်တီ ဦးပဏ္ဍိတ (နောင်လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီး)အား ' အိမ်း. . ယောဆိုတာ လူတတ်ကွယ့်၊ သူဟာ ပထမတန်း ပညာရှိကြီးပဲ၊ စကားဆန်း အင်မတန် ပြောတတ်တဲ့လူ၊ သူ ပညာရှိမို့ သူပြောတဲ့စကား ငါမှတ်ထားတာပဲ၊ နို့ပေမယ့်*** ကျမ်းတွေကª အလွန်ခိုင်မာတဲ့ သင်္ဂါယနာတင် ကျမ်းတွေ ဖြစ်တယ်' ဟူ၍ပြန်လည် အမိန့်ရှိခဲ့ဖူးသည်။

---

ဤသို့ (***) ဖြင့် မြပ်၍ထားသော ကျမ်းအမည်များနှင့် ယောအတွင်းဝန်က လျှောက်ထားသော ပိဋကတ်ဆိုင်ရာ တော်လှန်သော အတွေးအခေါ် အယူအဆများကို ' လယ်တီဆရာတော် အမည်ဖြင့် ထုတ်ဝေရန် စီစဉ်ရေးသားလျက်ရှိ သော ဆိုက်ကြီး အရွယ်ကြီးနှင့် စာမျက်နှာ (၁၀၀၀)ကျော်၊ အတွင်းဓာတ်ပုံပေါင်း (၃၀၀)ကျော်ရှိ အတ္ထုပ္ပတ္တိအကျယ် ကျမ်းကြီး၌ အကျယ်တဝင့် မထိန်မချန် ဖော်ပြ ထားသည်။

http://www.dhammadownload.com



## ပဉ္စမ သင်္ဂါယနာပွဲ၌ ကထာဝတ္ထုကိုပြန်ဆိုတော်မူခြင်း

မင်းတုန်းမင်းတရားကြီးသည် ပဉ္စမသင်္ဂါယနာတင်ရန်အတွက် ပထမဆင့် လုပ်ငန်းတစ်ရပ်အဖြစ်ဖြင့် ၁၂၂၂-ခုနှစ်မှ စတင်ကာ ပိဋကတ်တော်များကို ကျောက်ထက်အက္ခရာ ထွင်းထုခဲ့ရာ ၁၂၃၀-ပြည့်နှစ်တွင် အလုံးစုံ ပြီးစီးခဲ့သည်။

ယင်းသို့ ကျောက်ထက်အက္ခရာ ထွင်းထုပြီးနောက် ပိဋကတ်တော်များကို ပဉ္စမ သင်္ဂါယနာ တင်တော်မူခဲ့ရာ-

- သစ်ဆိမ့်တိုက်က ဝိနည်း ပိဋကတ်တော်ကိုလည်းကောင်း၊
- စလင်းတိုက်က သုတ္တန် ပိဋကတ်တော်ကိုလည်းကောင်း၊
- စံကျောင်းတိုက်က အဘိဓမ္မာ ပိဋကတ်တော်ကို လည်းကောင်း

အသီးသီး တာဝန်ယူကာ ရွှေနန်းတော်ကြီးအတွင်း ဗြဲတိုက်တော် ရာဇပလ္လင်ပေါ်၌ တစ်လှည့်စီ ပြန်ဆိုတော်မူကြရသည်။

ထိုအခါ စံကျောင်းတိုက်သား တစ်ပါးဖြစ်သော ရဟန်းတော် အရှင်ဉာဏဓဇသည် ကထာဝတ္ထု ပါဠိတော်[၁]ကို တာဝန်ယူ ပြန်ဆိုတော်မူခဲ့သည်။

---

၁။ ကထာဝတ္ထုပါဠိတော်မှာ အဘိဓမ္မာ ခုနစ်ကျမ်းအနက် ၅-ခုမြောက်ကျမ်းဖြစ်သည်၊ သို့သော် ဗုဒ္ဓဘာသိတ ဘုရားဟောမဟုတ်ပေ။ အရှင်မောဂ္ဂလိပုတ္တတိဿမထေရ်က ဘီစီ ၃-ရာစုတွင် ဗုဒ္ဓဘုရားရှင် ထားတော်မူခဲ့သော မာတိကာကို အကျယ်ချဲ့၍ ဟောကြားထားသော ကျမ်းဖြစ်သည်၊ ယင်းကထာဝတ္ထုပါဠိတော်သည် (၁) အန္ဓက၊ (၂) အပရသေလိယ၊ (၃) ဥတ္တရပထက၊ (၄) ကဿပိက၊ (၅) ဂေါကုလိက၊ (၆) ပုဗ္ဗသေလိယ၊ (၇) ဘဒြယာနိက၊ (၈) မဟာသံဃိက၊ (၉) မဟိသာသက၊ (၁၀) ရာဇဂိရိက၊ (၁၁) ဝဇ္ဇိပုတ္တက၊ (၁၂) ဝေတုလ္လ၊ (၁၃) သဗ္ဗတ္ထိ ဝါဒီ၊ (၁၄) သမ္မိတိယ၊ (၁၅) သိဒ္ဓတ္ထိက၊ (၁၆) ဟေတုဝါဒ

http://www.dhammadownload.com



ယောအတွင်းဝန်၏ ဩဝါဒစကား လျှောက်ထားချက်အရ ရဟန်းတော် အရှင်ဉာဏဓဇသည် ကထာဝတ္ထု အဋ္ဌကထာကို အထူးကျွမ်းကျင် နိုင်နင်းအောင် သင်ကြားလေ့လာထားသည့်အတိုင်း ဖြတိုက်တော်ရာဇပလ္လင်ထက်၌ ကထာဝတ္ထု ပါဠိတော်ကို အောင်မြင်စွာ ပြန်ဆိုတော်မူနိုင်ခဲ့ခြင်း ဖြစ်သည်။

ပထမစာချဖြစ်တော်မူခြင်း

ရဟန်းတော် အရှင်ဉာဏဓဇသည် ရဟန်းသိက္ခာ ၈-ဝါအရတွင် စံကျောင်းတိုက်၌ ပထမစာချအဖြစ် ချီးမြှောက်ခြင်း ခံခဲ့ရသည်၊ ထိုအခါ ရဟန်းတော် အရှင်ဉာဏဓဇသည် တပည့်များအား နိရုတ္တိဉာဏ် ထက်သန်စူးရှရေးအတွက် အခြေခံ အဖြစ်ဖြင့် ' ပဒရူပသိဒ္ဓိ 'သဒ္ဒါကျမ်းကို ဇောက်ချကာ ဇောင်းပေး ပို့ချတော်မူခဲ့သည်၊

---

ဟူသော ဂိုဏ်းကြီး ၁၆- ဂိုဏ်းတို့၏ မိစ္ဆာဝါဒ ၁၆-ချက်ကို ချေဖျက်ထားသော ကျမ်းဖြစ်သည်၊

အရှင်မဟာ ဗုဒ္ဓဃောသ ကလည်း ကထာဝတ္ထု အဋ္ဌကထာတွင် နိဒါနကထာ၌ ဒီပဝံသကျမ်းကို မှီငြမ်းပြုကာ ဇမ္ဗူ ဒိပ်၌ မဟာသံဃိကဂိုဏ်းကြီး ကွဲသည်မှစ၍ ဂိုဏ်း ၁၈-ဂိုဏ်း ကွဲပြားသွားပုံကို ဖော်ပြဖွင့်ဆိုထားသည်၊

ယောအတွင်းဝန်၏ ဩဝါဒအတိုင်း ကမ္ဘာကို ဗုဒ္ဓသာသနာဖြင့် ဖြန့်ချိပြုစုလိုသူတိုင်း ကထာဝတ္ထု ပါဠိတော်နှင့် အဋ္ဌကထာမှာ မလေ့လာလျှင် မဖြစ်သော ကျမ်များဖြစ်သည်၊

ရဟန်းတော် အရှင် ဉာဏဓဇသည်လည်း ကထာဝတ္ထုကို လေ့လာယင်း ရဟန်ငယ်ဘဝကပင် ကိုးတိုင်းကိုးဌာန သာသနာပြု ခေါင်းဆောင်လည်းဖြစ်၊ တတိယသင်္ဂါယနာ ခေါင်းဆောင်လည်းဖြစ်သူ ကထာဝတ္ထုကျမ်းဆရာ အရှင်မဟာမောဂ္ဂလိပုတ္တတိဿ ထေရ်ကိုအားကျခဲ့ဟန်တူသည်၊

## ပါရမီပုစ္ဆာ ၂၀-နှင့် ပါရမီဒီပနီ

ရဟန်းတော် အရှင်ဉာဏဓဇသည် ၁၄-ဝါအရတွင် စံကျောင်း ဆရာတော်ဘုရားကြီး၏ အမေးပုစ္ဆာ ၂၀-ထွက်ပေါ်လာ သည်။ ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ သာဝကတို့၏ ပါရမီနှင့် စပ်ဆိုင်ရာ အချက်ပေါင်း ၂၀-ကို ဂံကျောင်း ဆရာတော် ဘုရားကြီးက ပါဠိဘာသာဖြင့်အမေးပုစ္ဆာ ၂၀-ပြုလုပ်ကာ မေးခွန်းထုတ်ဆင့် မေးမြန်းလိုခြင်းဖြစ် သည်။

ယင်းအမေးပုစ္ဆာများ၏ အဆုံး၌ 'မယံ စောဒကာ နာမ ဧကဒေသပေက္ခကာ' စသည်ဖြင့်-

'ငါတို့စောဒက ပုဂ္ဂိုလ်မည်သည်ကား တစ်ဖက်တစ်စိတ်ကိုသာ မျှော်ကုန် ကြည့်ကုန်၏။ အလုံးစုံကို အကုန်မကြည့်ကုန်၊ အကယ်၍ အလုံးစုံကို မျှော်ကုန်ကြည့်ကုန်ပါမူ ယခုဤမေးခွန်းပုစ္ဆာများသည် မပေါ်ပေါက်ခဲ့ရာ၊ ဤမေးခွန်းပုစ္ဆာများ သည်ပေါ်လည်း ပေါ်ခဲ့၏။ ဇမ္ဗူဒီပါ၏ တံခွန်- သာသနာတော်၏ တံခွန်ဖြစ်သော ပညာရှိတို့အတွက် သက်သက် ဤပုစ္ဆာများပေါ်ပေါက်လာခြင်းဖြစ်ရာ

---

ထို့ကြောင့်လည်း နောင် လယ်တီဆရာတော်အဖြစ်သို့ ရောက်ရှိသောအခါ နိုင်ငံခြား သာသနာပြုမတော်မူရာတွင် ယင်းကထာဝတ္ထုကို စေ့စီးစွာ လေ့လာထားခဲ့သဖြင့် လယ်တီဆရာတော်၏ကမ္ဘာ့အမြင်- သာသနာပြုအမြင်များမှာ မြန်မာနိုင်ငံကို ကျော်လွန်းကာ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ခဲ့ခြင်းဖြစ်သည်၊ အထူးသဖြင့် ခရစ်ယာန်ဝါဒ လွှမ်းမိုးရာ အနောက်တိုင်းသို့ ဗုဒ္ဓသာသနာပြုရာ၌ ကထာဝတ္ထုကို လက်နက်ကောင်း တစ်ခုအဖြစ်ဖြင့် ဆက်ထက်မြက်မြက် ကိုင်တွယ် အသုံးချနိုင် ခဲ့သည်ဟုလည်း ဆိုရမည်၊

ယင်းအကြောင်းများနှင့်တစ်ကွ ကထာဝတ္ထုအပေါ် ကမ္ဘာ့ပညာရှင်များ၏ အမြင်များကိုပါ ' လယ်တီဆရာတော်' အမည်ဖြင့် ထုတ်ဝေရန် စီစဉ်ရေးသားလျက်ရှိသော စာမျက်နှာ (၁၀၀၀) ကျော်အတွင်း ဓာတ်ပုံပေါင်း (၃၀၀)ကျော်ရှိ အတ္ထုပ္ပတ္တိ အကျယ်ကျမ်းကြီး၌ တွေ့မြင်ဖတ်ရှုကြရမည်၊

http://www.dhammadownload.com



ပညာမရှိသောသူတို့သည် ကုပ်၍ နောက်ဆုတ်ကြကုန်လော့၊ သင်တို့ ကြောင့်ကြစရာမဟုတ်ကုန်၊ အဘယ်ကြောင့် ဆိုသော် ပထမတန်း သာသနာ တံခွန်များသည် ဤပုစ္ဆာများကို ဖြေဆိုကြလိမ့်မည် ဖြစ်သော ကြောင့်တည်း။' ဟူ၍ စံကျောင်းဆရာတော်ဘုရားကြီးက ဖြေဆိုမည့်သူကို ဘဝဂ်သို့တတ်ရောက်ရတော့လုမတတ် မြှောက်ပင့်ရေးသားပြီး မဖြေနိုင် သူများအား လမ်းလေးခွ၌တည်ရှိသော ရှာငုတ်တိုနှင့် လည်းကောင်း လူအများကျော်လွှားသွား လာရာ တံခါခုံနှင့်လည်းကောင်း နှိုင်းယှဉ် ဥပမာပေးကာ တုဏှိဘာဝဆိတ်ဆိတ်နေကြရန် တားမြစ် နှိမ်ချထားသည်။

ယင်းသို့ ရေးသားထားသည်ကို ဂွေ့ရှိလိုက်ရသည်နှင့် တစ်ပြိုင်နက် ရဟန်းတော် အရှင်ဉာဏဓဇသည် ' ဤအမေး ပုစ္ဆာ ၂၀-ကား ငါ့ကိုစွဲ၍ ငါ့အတွက် သက်သက်ဖြစ်ပေါ်လာပြီတကား ' ဟု အားတက်ရွှင်လန်း ဝမ်းမြောက်စွာဖြင့် နိကာယ်ငါးရပ် ပိဋကတ်ကို မွှေနှောက် ချောက်ချားပြီး ယင်းအမေးပုစ္ဆာ ၂၀-ကို ပါဠိလို ရေးသားဖြေဆို ကာ စံကျောင်းဆရာ တော် ဘုရားကြီးအား ဆက်ကပ်လိုက်သည်။

## မှန်းချက်နှင့်နှမ်းထွက်မကိုက်ခြင်း

ယင်းသို့ ရေးသားဖြေဆို လိုက်သော်လည်း ရဟန်းတော် အရှင်ဉာဏဓဇ အနေဖြင့် ' မှန်းချက်နှင့် နှမ်းထွက် ' မကိုက်အောင် ဖြစ်ခဲ့သည်၊ အဘယ်ကြောင့်ဆိုသော် ရဟန်းတော် အရှင်ဉာဏဓဇ၏ ဖြေဆိုချက်ကို စံကျောင်းဆရာတော် ဘုရားကြီးက နှစ်သက်လိုလားတော် မမူသောကြောင့် ဖြစ်သည်။

အလုံဦးပဏ္ဍိတနှင့် စလင်းဦးပဏ္ဍိစ္စဟူ၍ တပည့်ကြီးနှစ်ပါး ရှိသည့်အနက် အလုံဦးပဏ္ဍိတ၏ တပည့်တပန်းများကိုသာ စံကျောင်း ဆရာတော်ဘုရားကြီးက ဖြေဆိုစေလိုသောကြောင့် မနှစ်သက် မလိုလား ခြင်း ဖြစ်သည်ဟု အစဉ်အဆက် ပြောစမှတ်ရှိသည်။

http://www.dhammadownload.com



## ပထမဆုံး လယ်တီဒီပနီ

ယခုအခါပုံနှိပ်စာအုပ်အပြစ်ဖြင့် တွေ့မြင် ဖတ်ရှုနေကြရသော ' ပါရမီဒီပနီကျမ်းစာအုပ်မှာ ရဟန်းတော် အရှင်ဉာဏဓဇ ဘဝက ဖြေဆိုခဲ့သော ယင်းအမေးပုစ္ဆာ ၂၀-၏ အဖြေပင် ဖြစ်သည်၊ လယ်တီဆရာတော်အနေဖြင့် ပထမဆုံးရေးသားသော ပထမဆုံးလက်ရာ ပထမဆုံး လယ်တီဒီပနီကျမ်းစာအုပ်လည်း ဖြစ်သည်၊[၁]

## နွားသား ရှောင်ကြဉ်ရေး နှင့် လယ်တီတိုက် တည်ထောင်ခြင်း

၁၂၄၄-နှစ်တွင် ရဟန်းတော် အရှင်ဉာဏဓဇသည် မန္တလေးရွှေမြို့တော်မှ မုံရွာမြို့နယ် ရွှေစည်းခုံကျောင်းတိုက်သို့ ကြွရောက်သီတင်းသုံးတော်မူသည်၊

၁၂၄၇-ခုနှစ်တွင် ဗြိတိသျှတို့သည် အထက်မြန်မာနိုင်ငံကို သိမ်းပိုက်လိုက်ရာ မြန်မာတစ်နိုင်ငံလုံး ဗြိတိသျှတို့၏ ကိုလိုနီဘဝသို့ ရောက်ရှိခဲ့ရသည်၊ ထိုအခါ ဗြိတိသျှတို့၏ ကုလားဖြူ ကုလားမည်း စစ်သားများက နွားများကို စည်းမဲ့ကမ်းမဲ့ သတ်ဖြတ်စားသောက်ကြရာ မြန်မာ့လူနေမှုစနစ်နှင့်လည်းကောင်း၊ မြန်မာဘာသာရေး (ဗုဒ္ဓဘာသာ) နှင့်လည်းကောင်း၊ ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေသည်၊

---

၁၊ ထိုစဉ်က အရှင် ဉာဏဓဇအား စံကျောင်းဆရာတော်ဘုရား မိန့်မြွက်တော်မူသော စကားအပြည့်အစုံနှင့် အဖြစ် အပျက်အစုံအလင်ကို ' လယ်တီဆရာတော် ' အမည်ဖြင့် ထုတ်ဝေရန် စီစဉ်ရေးသားလျက်ရှိသော စာမျက်နှာ (၁၀၀၀) ကျော်၊ အတွင်းဓာတ်ပုံပေါင်း (၃၀၀) ကျော်၊ ဆိုက်ကြီး တရွယ်ကြီးနှင့် အထူးပြုတ္တ္ဆိ အကျယ်ဂါအုပ်၌ အကျယ်တဝင့် ဖော်ပြထားသည်၊

http://www.dhammadownload.com



စင်စစ် မြန်မာနိုင်ငံသည် ပကတိ ရုပ်အခြေခံအားဖြင့် မြေယာနိုင်ငံသာဖြစ်သည်၊ လယ်ယာကိုင်းကျွန်းကို ပဓာန စီးပွားရေးအဖြစ်ဖြင့် အားထားမှီခိုနေရသော နိုင်ငံသာဖြစ်သည်၊ စက်မှုသိပ္ပံ မထွန်းကားသော နိုင်ငံဖြစ်သဖြင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွင် ကျွဲနွားများကို အားကိုးကာ ထွန်ယက်စိုက်ပျိုးနေကြရရာ ကျွဲနွားများသည် မြန်မာနိုင်ငံ၏ စီးပွားရေးတွင် မရှိမဖြစ်သော ကုန်ထုန်ကိရိယာဖြစ်သလောက် မြန်မာပြည်သူလူထုကြီးတစ်ရပ်လုံး၏ အသက်သခင်များလည်းဖြစ်သည်၊ ကျေးဇူးရှင်လည်း ဖြစ်ကြသည်။

သို့ဖြစ်ရာ အသက်သခင် ကျေးဇူးရှင်များဖြစ်ကြသော ကျွဲနွားများကို ဘယ်နည်းနှင့်မျှ သတ်ဖြတ်စားသောက်ခြင်း မပြုထိုက်ဟု ဆရာတော် အရှင်ဉာဏဓဇ ကခံယူသည်။

ထို့ကြောင့်လည်း အရှင်ဉာဏဓဇသည် ကိုယ်တော်တိုင်လည်း နွားသားကို ရှောင်ကြဉ်တော်မူသည်။ တပည့်တပန်း ရဟန်းသံဃာတော်များနှင့် ပြည်သူအများကိုလည်း နွားသား ရှောင်ကြဉ်ရန် 'နွားမေတ္တာစာ' ကိုရေးသားကာ လှုံ့ဆော်တော်မူခဲ့သည်။

ထို့နောက် ၁၂၄၈- ခုနှစ်တွင် မုံရွာမြို့အနီး လယ်တီတောအုပ်ကြီး၌ ကျောင်းတိုက်တည်ထောင်ကာ တပည့်တပန်း ရဟန်းသာမဏေများအား စာပေသင်ကြားပို့ချခဲ့ရာ ထိုအခါမှစ၍ လယ်တီဆရာတော်ဟူသော အမည်ဖြင့် ထင်ပေါ်ကျော် ကြားလာသည်။

## ပရမတ္ထဒီပနီ သင်္ဂြိုဟ် မဟာဋီကာသစ်

ယင်းသို့ လယ်တီတိုက်တွင် စာပေပို့ချတော်မူသည့်ကြားမှ အဘိဓမ္မတ္ထသင်္ဂြိုဟ်ကျမ်း၏ အဖွင့်ဖြစ်သော ' ပရမတ္ထဒီပနီဋီ ကာ' ကို ပါဠိဘာသာဖြင့် ၁၂၅၉-ခုနှစ်တွင် အပြီးရေးသား ပြုစုတော်မူသည်။

http://www.dhammadownload.com



ယင်းဋီကာမှာ ယခုအခါ ' လယ်တီဋီကာ ' ဟူသော အမည်ဖြင့် လူသိများနေကြသော်လည်း အမည်အပြည့်အစုံမှာ 'ပရမတ္ထဒီပနီ' ခေါ် သင်္ဂြိုဟ် မဟာဋီကာသစ် ဟူ၍ဖြစ်သည်။

## နှစ်ပေါင်း ၃၅-နှစ်ကြာ ဋီကာစစ်ပွဲကြီး

သို့သော် လယ်တီ ဆရာတော်သည် ပရမတ္ထ ဒီပနီဋီကာဖြင့် အဘိဓမ္မတ္ထ သင်္ဂြိုဟ်ကျမ်းကို ဖွင့်ဆိုရာ၌ ကိုယ့်နည်း၊ ကိုယ့်ဟန် ကိုယ့်အတွေးအခေါ်၊ ကိုယ့်အယူအဆတို့ဖြင့် ရိုးရိုးဖွင့်ဆိုခြင်းမပြုဘဲ အဘိဓမ္မတ္ထဝိဘာဝနီ ဋီကာကျော်ကျမ်း၌ အချက်ပေါင်း ၂၄၅- ချက်တိတိ မှားယွင်းချွတ်ချော်နေသည်ဟု ထောက်ပြကာ 'န သုန္ဒရံ' 'န ယုဇ္ဇတိ' 'နသမေတိ' စသော ခပ်ကြမ်းကြမ်း စကားလုံးများဖြင့် ဋီကာကျော်မှ အဆိုပါအချက်များကို ပယ်ဖျက်ပစ်ခဲ့သည်။

အဘိဓမ္မတ္ထ ဝိဘာဝနီ ဋီကာကျော်မှာ မျက်မှောက်ခေတ် မြန်မာနိုင်ငံပါဠိပညာရေး၌ အဘိဓမ္မတ္ထ သင်္ဂြိုဟ်ကျမ်း၏ အဖွင့်ဋီကာ ကျမ်းတစ်ကျမ်း အဖြစ်ဖြင့် သင်ရိုးပြုကာ သင်ကြားပို့ချမှုကို ခံယူနေရသော ဋီကာဖြစ်သည်။

ထို့ကြောင့်လည်း ယင်းကဲသို့ လယ်တီဆရာတော်က ဋီကာကျော်မှ အချို့အချက်အလက်များကို ပယ်ဖျက်လိုက်သောအခါ၌ သာသနာတော်တစ်ခုလုံး ပွက်လောရိုက်ကာ ဋီကာကျော်ဖက်မှ ပြန်လည်ခုခံရေးသားလာကြသော ဋီကာများ ပေါ်ထွက်လာသည်။

သို့ဖြင့်ပင် လယ်တီဋီကာ ပုံနှိပ်စာအုပ်အဖြစ် ထွက်ပေါ်လာသော ၁၂၆၂-ခုနှစ်မှ ၁၂၉၇-ခုနှစ်လောက်အထိ ၃၅-နှစ်တိုင်တိုင် မြန်မာနိုင်ငံ၌ 'ဋီကာစစ်ပွဲကြီး' ဖြစ်ပွားခဲ့သည်။ ယင်း ၃၅-နှစ်တာ အချိန်ကာလအတွင်း ထွက်ပေါ်လာသော ဋီကာကျမ်းများမှာ ၄၀-ခန့် အရေအတွက်ရှိသည်ဟု စာရင်းအရ သိရှိရသည်။ ယင်း ၄၀-ခန့်တွင်

http://www.dhammadownload.com



ပါဠိဘာသာဖြင့်ရေးသား သော ဋီကာကျမ်းများအပြင် မြန်မာဘာသာဖြင့် ရေးသားသော ကျမ်းများလည်း ပါဝင်ခဲ့သည်။[၁]

## မူလဋီကာ နှင့် အနုဋီကာ

ဋီကာကျော်ဆရာသည် မူလဋီကာထက် အနုဋီကာကို ပိုမို နှစ်သက်ဟန်တူသည်။ ခဲရာခဲဆစ်ဌာနများကို အကိုးသာကေမူရာ၌ ဋီကာကျော်ဆရာသည် 'ဝေဠု ကတ္တာ ဝုတ္တံ အာစရိယဓမ္မ ပါလတ္ထေရေန' ဟူ၍ အာစရိယ ဓမ္မပါလ ခေါ် အနုဋီကာဆရာ အရှင်ဓမ္မပါလ၏ အဆိုအမိန့်များကို ထုတ်ဆောင်ပြလေ့ရှိသည်။

လယ်တီဆရာတော်ကမူ ' အာစရိယာနန္ဒထေရော ပန' စသည်ဖြင့် မူလဋီကာဆရာ အရှင်အာနန္ဒာ၏ အမည်ကို လေးလေး စားစား ခေါ်ဝေါ်ရေးသားပြီး မူလဋီကာဆရာ၏ အယူအဆများကို ဖော်ထုတ်ကာ လက်ရုံးတမ်းလေ့ရှိသည့် အပြင် တစ်ခါတစ်ရံ အဋ္ဌကထာ ဆရာကြီး အရှင်မဟာဗုဒ္ဓဃောသ၏ အဆိုအမိန့်များကိုပင် ကျော်ခိုင်းဖွင့်ဆိုထားသည်ကို ကျော်ချမ်းစရာ ကောင်းလောက်အောင် တွေ့ရှိနေရပေသည်။

---

၁။ ၃၅-နှစ်ကြာ ဋီကာစစ်ပွဲအတွင်းကထွက်ပေါ်လာခဲ့သော ပါဠိဘာသာရေး ဋီကာကျမ်းများနှင့် မြန်မာဘာသာရေးကျမ်းများ၏ မျက်နှာဖုံးပုံများ ယင်းဋီကာ ကျမ်းပြုပုဂ္ဂိုလ်များ၏ ဓာတ်ပုံများနှင့် ဋီကာစစ်ပွဲအတွင်း ဆောင်ဘင် ခတ်ခဲ့သော အာဃာလှုပ်ရှားမှုအပြည့်အစုံများကို စာမျက်နှာ (၁၀၀၀)ကျော် အကျင်း ဓာတ်ပုံပေါင်း (၃၀၀) ကျော်ပါရှိသည့် 'လယ်တီ ဆရာတော်' အမည်ဖြင့် စီစဉ် ရေးသားလျက်ရှိသော ဆိုက်ကြီးအရွယ်ကြီးအတ္ထုပ္ပတ္တိ အကျယ်စာအုပ်ကြီး၌ ဖော်ပြ ထားသည်။

http://www.dhammadownload.com



## သီဟိုဠ်ကို အံတုနိုင်သော လယ်တီဋီကာ

မည်သို့ပင်ဖြစ်စေ မြန်မာနိုင်ငံ ပါဠိစာပေသမိုင်း၌ ပုဂံခေတ်က သီဟိုဠ်ကို အံတုနိုင်သော အရှင်အဂ္ဂဝံသ၏ သဒ္ဒနီတိကျမ်းကြီး ပေါ်ထွက်နိုင်ခဲ့သလို မျက်မှောက်ခေတ်၌လည်း ပရမတ္ထဒီပနီ လယ်တီဋီကာဖြင့် သီဟိုဠ်အား အံတုခဲ့ခြင်းကိုကား မည်သူမျှ ငြင်းနိုင်ကြမည် မဟုတ်ပေ။

သို့ဖြစ်ရာ ပရမတ္ထဒီပနီ လယ်တီဋီကာကို မြန်မာနိုင်ငံ ဗုဒ္ဓသာသနာ့ သမိုင်းတွင် စာပေမှတ်တိုင် တစ်တိုင်အဖြစ်ဖြင့် ယခုအခါ သမိုင်းသုတေသီတိုင်းက အသိအမှတ် ပြုနေကြရပြီဖြစ်ပေသည်။

## လှည့်လည်တရားဟောခြင်းနှင့် ဝါဆိုစဉ်အကျဉ်း

လယ်တီဆရာတော်ဘုရားကြီးသည် လယ်တီတိုက်ကြီးကို တည်ထောင်ကာ တပည့်တပန်း ရဟန်း သာမဏေများအား စာပေပို့ချတော်မူပြီးနောက် ၁၂၅၇-ခုနှစ်လောက်မှ စတင်ကာ မြန်မာနိုင်ငံ အရပ်ရပ်သို့ လှည့်လည်ကြွရောက်တော်မူပြီး ဝါဆိုသင့်သော အရပ်ဒေသများတွင်ဝါဆိုလျှက် ကျွတ်ထိုက်သူ ဝေနေယျတို့အတွက် နိယျာနိကအစစ် ဗုဒ္ဓဘုရားရှင် အလိုလားဆုံးလည်းဖြစ် အနှစ်သာရလည်းဖြစ်သော ဝိပဿနာတရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးဟောကြားတော်မူခဲ့သည်။

ယင်းသို့ ကြွရောက်သိတင်းသုံးကာ တရားဟောရာဒေသများနှင့် ဝါဆိုရာဌာနများမှာ အောက်ပါအတိုင်း ဖြစ်သည်။

၁၂၅၇-ခုနှစ်၊ အိန္ဒိယနိုင်ငံ မဟာဗောဓိသို့ ကြွရောက်တော်မူသည်။ မဟာဗောဓိမှ အပြန်တွင် အမြို့မြို့ အနယ်နယ်သို့လှည့်လည်ကာ တရားဟောတော်မူသည်။

http://www.dhammadownload.com



၁၂၅၈-ခုနှစ်၊ ပဲ့သာ၀တီနယ် တွဲတေးတောကြီးတန်း ဆပဂံတောရ၌ သီတင်းသုံးတော်မူသည်၊

၁၂၅၉-၆၀-ခုနှစ်၊ မုံရွာမြို့ လယ်တီတိုက်၌ သီတင်းသုံးတော်မူသည်။ ၁၂၆၀-ပြည့်နှစ်တွင် သေက္ကျတောင်ဆရာတော် အရှင်တိလောက၏ ပင့်လျှောက်ချက်အရ သေက္ကျတောင်တွင် တစ်လခန့် သီတင်းသုံးတော်မူသည်။

၁၂၆၁-ခုနှစ်၊ မုံရွာမြို့ လယ်စဉ်ရွာ ဓမ္မိကာရုံတိုက် ဓမ္မနန္ဒကျောင်း၌ ဝါကပ်တော်မူသည်။

၁၂၆၂-ခုနှစ်၊ ဒီပဲယင်းမြို့၏ မြောက်ဘက် မဟာမြိုင် တောကြီး၌ ဝါဆိုတော်မူသည်။

၁၂၆၃-၆၄-ခုနှစ်၊ အလုံမြို့၏ အနောက်ဘက်လည်းဖြစ်၊ သလ္လဝတီမြစ်၏ အနောက်ဘက်လည်းဖြစ်သော ရွှေတောင်ဦးတောင် ကျောက်ဂူ၌ ဝါဆိုတော်မူသည်။

၁၂၆၅-ခုနှစ်၊ မုံရွာမြို့၏ အနောက်လက်ပန်းတောင်းတောင် စကြံကျောင်း၌ သီတင်းသုံးတော်မူသည်၊ ယင်းနှစ်တွင် ကင်းဝန်မင်းကြီး ပင့်လျှောက်သောကြောင့် မန္တလေးမြို့သို့ ကြွရောက်ကာ တရားဟောတော်မူသည်။

၁၂၆၆-ခုနှစ်၊ ပျဉ်းမနားမြို့ မြောက်ဘက် အင်ကြင်းမြိုင်တောရ စကြံကျောင်း၌ ဝါဆိုတော်မူသည်။

၁၂၆၇-ခုနှစ်၊ မြင်းခြံမြို့ ရေကန်ကြီး အနီး၌ ဝါဆိုတော်မူသည်။ ယင်းနှစ်တွင် ရန်ကုန်မြို့သို့ ကြွရောက်ကာ တရားဟောတော်မူသည်။

၁၂၆၈-ခုနှစ်၊ ပြည်မြို့ ဝိပဿနာကုန်းတောရ၌ ဝါဆိုတော်မူသည်။ ယင်းနှစ်တွင် မန္တလေးမြို့သို့ ကြွရောက်ကာ မစိုးရိမ်တိုက်မှ စ၍ တရားပွဲများ ကျင်းပ ဟောပြောတော်မူသည်။

၁၂၆၉-ခုနှစ်၊ မင်းလှမြို့ ပက်တန်းတောရ၌ ဝါဆိုတော်မူသည်။ ထိုနှစ်၌ပင် စစ်တွေမြို့သို့ ကြွရောက်ကာ တရားဟောတော်မူသည်။

၁၂၇၀-ခုနှစ်၊ မော်လမြိုင်မြို့၊ ကျိုက်သံလံ တောင်တန်းရှိ အလံတိုင်တောင်ထိပ် ဝါဆိုကျောင်း၌ ဝါဆိုတော်မူပြီး ပုသိမ်မြို့သို့ ကြွရောက်ကာ တရားဟောတော်မူသည်။

၁၂၇၁-ခုနှစ်၊ သာပေါင်းမြို့၌ ဝါကပ်တော်မူသည်။

၁၂၇၂-ခုနှစ်၊ မုံရွာမြို့ မဟာလယ်တီတိုက်၌ ဝါဆိုတော်မူပြီး စစ်ကိုင်းမြို့ ရွှေဘိုမြို့နယ်၊ မိတ္ထီလာမြို့၊ မန္တလေးမြို့ များသို့ ကြွရောက်ကာ တရားဟောတော်မူသည်။ ပလိပ်ရောဂါပပျောက်ရန် စီမံတော်မူသည်။

၁၂၇၃-ခုနှစ်၊ ရန်ကုန်မြို့၊ ညောင်ကုန်းတိုက်၌ ဝါဆိုတော်မူသည်။

၁၂၇၄-ခုနှစ်၊ စစ်ကိုင်းမြို့၌ ဝါဆိုတော်မူသည်။

၁၂၇၅-၇၆-၇၇-ခုနှစ်၊ မန္တလေးမြို့ လယ်တီစံကျောင်း၌ ဝါဆိုတော်မူသည်။

၁၂၇၈-ခုနှစ်၊ ပျဉ်းမနားမြို့ အင်ကြင်းမြိုင်တောရ၌ ဝါဆိုတော်မူသည်။

၁၂၇၉-ခုနှစ်၊ မုံရွာမြို့ မဟာလယ်တီတိုက်၌ နောက်ဆုံး ဝါဆိုတော်မူသည်။

http://www.dhammadownload.com



၁၂၈၀-ပြည့်နှစ်၊ မြစ်သားမြို့၌ဝါဆိုတော်မူသည်။

၁၂၈၁-ခုနှစ်၊ ရန်ကုန်မြို့ ကျောက်ဝိုင်းကျောင်း၌ ဝါဆိုတော်မူပြီးနောက် ပုသိမ်မြို့သို့ ကြွရောက်ကာ သိမ်သမုတ်တော်မူသည်။ ပုသိမ်မှအပြန်တွင် သာယာဝတီခရိုင် မင်းလှမြို့၌ မန်လည်ဆရာတော်ဘုရားကြီးနှင့် ပထမဆုံးအကြိမ်တွေ့ဆုံတော်မူသည်။ ထို့နောက် ယင်းဆရာတော်ကြီးနှစ်ပါးသည် ရန်ကုန်မြို့သို့ကြွရောက်ကာ တရားပွဲကြီးများကျင်းပ ဟောကြားတော်မူကြသည်။

၁၂၈၂-ခုနှစ်၊ ကတွန်သတ္တုတွင်းတိုက်၌ ဝါကပ်တော်မူသည်၊

၁၂၈၃-ခုနှစ်၊ စစ်ကိုင်းမြို့ ဇေတဝန်တိုက်၌ ဝါဆိုတော်မူသည်။

၁၂၈၄-ခုနှစ်၊ ပျဉ်းမနားမြို့ လယ်တီစံကျောင်း၌ ဝါဆိုတော်မူသည်။

## 'အဂ္ဂမဟာပဏ္ဍိတ' ဘွဲ့တံဆိပ်ခံယူ ရရှိတော်မူခြင်း

၁၂၇၇-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁-ရက်၊ (၇-၁၁-၁၉၁၅) တနင်္ဂနွေနေ့တွင် မြန်မာနိုင်ငံ အစိုးရ၏ 'အဂ္ဂ-မဟာပဏ္ဍိတ' ဘွဲ့တံဆိပ် ဆက်ကပ် လှူဒါန်းခြင်းကို ခံယူရရှိတော်မူသည်။[၁]

---

၁။ ၁၂၇၆-ခုနှစ်က 'အဂ္ဂမဟာပဏ္ဍိတ' ရရှိသူများကို ၁၂၇၇-ခုနှစ်၌ ဆက်ကပ်ပွဲ ပြုလုပ်ခြင်းဖြစ်သည်၊ ထို့ကြောင့် ဘွဲ့တံဆိပ်၌ '၁၂၇၆-ခုနှစ်' ဟု ရေးထိုးထားသည်၊ ယခုအခါ လယ်တီဆရာတော်၏ ထေရုပတ္တိ အများအပြား၌လည်း ကောင်း '၁၂၇၃-ခုနှစ်က အဂ္ဂမဟာ ပဏ္ဍိတရသည်' ဟုရေးသားထားကြသည်မှာ

http://www.dhammadownload.com



## နိုင်ငံခြားသာသနာပြုတော်မူခြင်း

လယ်တီ ဆရာတော်ဘုရားကြီးသည် အထက်ပါအတိုင်း မြန်မာနိုင်ငံ အရပ်ရပ်သို့ လှည့်လည်၍ ဝိပဿနာ တရား ဟောကြားကာ သာသနာပြုရုံမျှသာမကပဲ ၁၂၇၅-ခုနှစ်တွင် နိုင်ငံခြား ဗုဒ္ဓသာသနာပြု အသင်းကြီးကို ကြီးမှူးတည် ထောင်ပြီးလျှင် လန်ဒန်မြို့ရှိ ဂရိတ်ဘရိတန် အိုင်ယာလန် ဗုဒ္ဓဘာသာ သာသနာပြု အသင်းကြီးနှင့် လည်းကောင်း၊ လန်ဒန်ပါဠိစာပေအသင်းကြီးနှင့်လည်းကောင်း၊ ဆက်သွယ်ကာ နိုင်ငံ ရပ်ခြား တိုင်းတစ်ပါးသို့ ဗုဒ္ဓသာသနာတော် ပျံ့နှံ့ ရောက်ရှိရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းတော်မူခဲ့ပြန်သည်။

## ' ဒီလစ် 'ဘွဲ့ ရရှိတော်မူခြင်း

၁၂၈၃-ခုနှစ်၊ နတ်တော်လတွင် ရန်ကုန်တက္ကသိုလ်ကျောင်း ကြီး ဖွင့်လှစ်သည့် အထိမ်းအမှတ်အဖြစ်ဖြင့် တက္ကသိုလ် အဓိပတိဖြစ်သူ မြန်မာပြည်ဘုရင်ခံက စာပေပါရဂူ (ဒီလစ်) ဘွဲ့တံဆိပ်လျှုဒါန်းသည်ကို ခံယူရရှိတော်မူသည်။

## စုတိကမ္မဇရုပ် ချုပ်ငြိမ်းတော်မူခြင်း

၁၂၈၅-ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၅-ရက် (လပြည့်) ဗုဒ္ဓဟူးနေ့ ၂-နာရီ ၃၀မိနစ်အချိန်တွင် ပျဉ်းမနားမြို့၌ သိတင်းသုံးတော်မူစဉ် စုတိကမ္မဇရုပ် ချုပ်ငြိမ်းတော်မူသည်။

---

မမှန်ပေ၊ ၁၂၇၆-ခုနှစ်ကြမှ ရခြင်းသာ ဖြစ်သည်၊ ယင်းအကြောင်းကို ' လယ်တီဆရာတော် ' ဟူသော ၀ါမျက်နှာ (၁၀၀၀)ကျော်၊ အရွယ်ကြီး၊ ဆိုက်ကြီး အထ္ထုပ္ပတ္တိ အကျယ်စာအုပ်ကြီး၌ အကျယ် ဖတ်ရှုကြရမည်။

http://www.dhammadownload.com



# လယ်တီဒီပနီ ထွန်းကား ပြန့်ပွားရေးအဖွဲ့၏ခေမှာစာ

## ဗုဒ္ဓဘုရားပွင့်တော်မူရာအခါ

ဗုဒ္ဓဘုရား ပွင့်တော်မူ၍ ၄၅-ဝါ တိုင်တိုင် တရားတော်များကို ဟောကြားတော်မူခဲ့ပြီး ပရိနိဗ္ဗာန် စံတော်မူသွားပါသော်လည်း ဟောကြားတော်မူခဲ့သည့် "တရားတော်များ" ကိုပင် ဘုရားအရာ၌ ထားတော်မူခဲ့သဖြင့် ယခုအခါ ဗုဒ္ဓဘုရား ပွင့်တော်မူရာ အခါကဲ့သို့ပင် ရှိနေပါသည်။

## ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီး

အကျွန်ုပ်တို့ ကျေးဇူးတော်ရှင် လယ်တီဆရာတော် ဘုရားကြီး သည် ဘုရားကိုယ်စား "ဘုရား" အမည်တော်ရ ဓမ္မစေတီ၊ ခက်ခဲနက်နဲ လှသော ပိဋကတ်တော်မှ ထုတ်နုတ်၍ လူအများ ဓမ္မအရသာ ခံစားနိုင်ရန် ဗုဒ္ဓဒေသနာတော်နှင့်အညီ ဒီပနီကျမ်းပေါင်း တစ်ရာကျော် ရေးသား၍ ဤကမ္ဘာအား ဝိဇ္ဇာစာတ်အလင်းရောင် ပြန့်စေတော်မူခဲ့သည်။

## ကျေးဇူးတော်ရှင်လယ်တီ ဆရာတော်ဘုရား၏ ဆန္ဒတော်

ကျေးဇူးတော်ရှင် လယ်တီဆရာတော် ဘုရားကြီးသည် ရေးသား ထားသော ကျမ်းစာများကို ပြည်တွင်း ပြည်ပ ပြန့်နှံ့စေလိုသော ဆန္ဒရှိ တော်မူခဲ့သည်။ အထူးသဖြင့် ဗုဒ္ဓဘုရား၏ တရားတော်များကို ဘာသာ အမျိုးမျိုးဖြင့် ရိုက်နှိပ်ကြကာ ကမ္ဘာသို့ဖြန့်ရန် အချိန်ရောက်ပြီဟု နိုင်ငံခြား ဗုဒ္ဓဘာသာအသင်းကြီး၌ သြဝါဒ ပေးတော်မူခဲ့သည်။

http://www.dhammadownload.com

(၁)

## လယ်တီဒီပနီ ထွန်းကားပြန့်ပွားရေးအဖွဲ့

စစ်ကိုင်းတိုင်း မုံရွာမြို့ မဟာလယ်တီကျောင်းတိုက်ကြီး၏ ပဓာနနာယက နဝမလယ်တီဆရာတော် အဂ္ဂမဟာပဏ္ဍိတ လယ်တီဘဒ္ဒန္တ ကေလာသ၊ ရန်ကုန်မြို့ နာဂလိုဏ်ဂူ ဘုရားကုန်းမြေ ကလေးဝတောရ စာသင်တိုက်၏ ပဓာနနာယက နယ်စပ်ဒေသနှင့် တိုင်းရင်းသား ဖွံ့ဖြိုးရေး ဘုန်းတော်ကြီးသင်ပညာရေး အလယ်တန်းကျောင်း ကျောင်းအုပ် စမ်းချောင်း လယ်တီဝိပဿနာ ကျောင်းတိုက်၊ လှည်းကူး လယ်တီတောရ ကျောင်းတိုက်တို့၏ ပဓာနနာယက နိုင်ငံတော် သံဃာမဟာနာယက ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ အဂ္ဂမဟာပဏ္ဍိတ လယ်တီဘဒ္ဒန္တ ဓာဂရာဘိဝံသ ဆရာတော်တို့ ဦးဆောင်ပြီး လယ်တီနိကာယဝင် ဆရာတော်ကြီးများနှင့် လူပညာရှိများ စုပေါင်းလျက် လယ်တီဒီပနီ ထွန်းကားပြန့်ပွားရေးကို ဖွဲ့စည်းခဲ့ပါသည်။

## ဆန္ဒတော်ဖြည့်

ဖွဲ့စည်းထားသော လယ်တီဒီပနီ ထွန်းကားပြန့်ပွားရေး အဖွဲ့သည် ကျေးဇူးတော်ရှင် လယ်တီဆရာတော် ဘုရားကြီး၏ ဆန္ဒတော်ကို ဖြည့်နိုင်ရန် မိခင်ရောဝတီ စာအုပ်တိုက်အား ဒီပနီကျမ်းစာများကို ရိုက်နှိပ်ရန် ခွင့်ပြုသဘောတူခဲ့ပါသတည်း။

လယ်တီဒီပနီထွန်းကား ပြန့်ပွားရေးအဖွဲ့

http://www.dhammadownload.com

# မာတိကာ

## နိဗ္ဗာနဒီပနီ


| | | |
|---|---|---|
| | အဘိယာစကနှင့် ပဋိညာဉ် | ၁ |
| ၁။ | သခေပကဏ္ဍ | ၂ |
| | ၃ ပုဒ်ထွက်အနက်အဓိပ္ပာယ် | ၂ |
| | သဥပါဒိသေသ၊ အနုပါဒိသေသ နိဗ္ဗာန် | ၅ |
| | သုညတ၊ အနိမိတ္တ အပ္ပဏိဟိတနိဗ္ဗာန် | ၁၅ |
| | နိဗ္ဗာန်နှင့်စပ်၍ ပထမပုစ္ဆာ ဖြေဆိုချက် | ၂၀ |
| | ဒုတိယပုစ္ဆာဖြေဆိုချက် | ၂၉ |
| | တတိယပုစ္ဆာဖြေဆိုချက် | ၃၃ |
| ၂။ | ဝိတ္ထာရကဏ္ဍ | ၃၄ |
| | နိဗ္ဗာန်အပြား (၇)ပါး | ၃၄ |
| | နိဿရဏနိဗ္ဗာန်သို့ ဆိုက်ရောက်ပုံ | ၅၅ |
| | နိဗ္ဗာန်၏ချမ်းသာပုံ | ၇၁ |
| | ပရမသုခသဘော | ၇၇ |
| | နာနာဂန္ထ နာနာဝါဒဝိသောဓနကဏ္ဍ | ၈၉ |
| | ကိလေသာချုပ်ငြိမ်းမှုသာ ပဓာနဖြစ်ပုံ။ | ၉၃ |
| | ကြွင်းကျန်သောဒုက္ခနှင့် ချုပ်ငြိမ်း ဒုက္ခနှိုင်းယှဉ်ပုံ | ၉၄ |
| | ဣတိဝုတ်ပါဠိတော်အရ - နာနာဝါဒပြဆိုပုံ | ၉၇ |
| | ခန္ဓာချုပ်ငြိမ်းမှုမှာ အပဓာနဖြစ်ပုံ | ၉၈ |
| | "ဒွေမာ" စသော ပါဠိတော်အရ စိစစ်ပုံ" | ၉၉ |
| | ဥဒါန်းပါဠိတော်အရ နာနာဝါဒ ပြဆိုပုံ | ၁၀၄ |
| | ကထာဝတ္ထုပါဠိတော်အရ - နာနာဝါဒပြဆိုပုံ | ၁၁၀ |
| | ခန္ဓသံယုတ် ပါဠိတော်အရ နာနာဝါဒပြဆိုပုံ | ၁၁၃ |
| ၄။ | အချို့ကျမ်းအလို ထုတ်ဆိုရှင်းလင်းချက် | ၁၁၇ |
| | နိဂုံး | ၁၃၇ |

http://www.dhammadownload.com

## နိဗ္ဗာနဝိသဇ္ဇနာကျမ်း

ဝန်ထောက်မင်းဦးရွှေစံအောင် လျှောက်ထားစာ


၅။ ဓမ္မာဝတာ စ ၁၅၁
ဤဖြေဆိုချက်နှင့်မကျေမလည်ရှိသေးလျှင် ထပ်မံ၍ လျှောက်။ ၁၅၄
သတိပေးချက်။


## လယ်တီနိဗ္ဗာန်


၆။ ပထမ မဟာနိဗ္ဗာန် ၁၅၆
၇။ ဒုတိယမဟာနိဗ္ဗာန် ၁၅၇
၈။ တတိယ မဟာနိဗ္ဗာန် ၁၅၈
၉။ ပထမ မဟာနိဗ္ဗာန်သို့ ၁၅၉
၁၀။ ဒုတိယ မဟာနိဗ္ဗာန်သို့ ၁၆၀
၁၁။ တတိယ မဟာနိဗ္ဗာန်သို့ ၁၆၀
၁၂။ သံသရာ သုံးကြောင်းသုံးသွယ် ၁၆၁
၁၃။ သံသရာဝဋ်သုံးပါး ၁၆၁
၁၄။ ပထမမဟာနိဗ္ဗာန် ၁၆၅
၁၅။ နိဗ္ဗာန်ချမ်းသာခံစားပုံ ၁၆၆
၁၆။ ဒုတိယမဟာနိဗ္ဗာန် ၁၆၇
၁၇။ တတိယမဟာနိဗ္ဗာန် ၁၆၈
၁၈။ ခဲယဉ်းပုံကား ၁၇၀
၁၉။ ကျက်မှတ်ကြရန် ၁၇၀
၂၀။ ပရမတ်နှစ် မြေဓာတ်အစစ် ၁၇၁
၂၁။ ပရမတ်နှစ် ရေဓာတ်အစစ် ၁၇၃
၂၂။ ပရမတ်နှစ် မီးဓာတ်အစစ် ၁၇၅
၂၃။ ပရမတ်နှစ် လေဓာတ်အစစ် ၁၇၆
၂၄။ ဓာတ်ကြီးလေးပါး ၁၇၇
၂၅။ ဓာတ်ကြည် မှန်ကြည် ၁၇၈

http://www.dhammadownload.com

၂၆။ စက္ခုဝိညာဏ်စိတ် ၁၈၄
၂၇။ သောတဝိညာဏ်စိတ် ၁၈၅
၂၈။ ဃာနဝိညာဏ်စိတ် ၁၈၅
၂၉။ ဇိဝှာဝိညာဏ်စိတ် ၁၈၆
၃၀။ ကာယဝိညာဏ်စိတ် ၁၈၆
၃၁။ မနောဝိညာဏ်စိတ် ၁၈၇
၃၂။ ဆွပုံ ဆွနည်း ၁၈၈
၃၃။ သန္တတိခွာပုံ ၁၉၀
၃၄။ ဆုတောင်းတော်မူချက် ၂၀၉

**အသခ်တမ္မေပကာသနီကျမ်း** ၂၁၀

http://www.dhammadownload.com

# ဗုဒ္ဓဘာသာဝင်တို့၏ နိဗ္ဗာန်

ယနေ့ကမ္ဘာပေါ်တွင် လူမျိုးအသီးသီး၊ ကိုးကွယ်မှုအသီးသီး ရှိကြရာတွင် ဘာသာတိုင်း၊ ကိုးကွယ်မှုတိုင်း၌ အဆုံးပန်းတိုင်ရှိကြလေသည်။ လောကုတ္တရာနယ်ပယ် မဆိုထားနှင့်၊ လောကီနယ်ပယ်၌ပင် လူသားတိုင်း၌ ဘဝရည်မှန်းချက် ပန်းတိုင်ဟူ၍ ရှိကြစမြဲပင်တည်း။

ဗုဒ္ဓဘာသာဝင်တို့အတွက်လည်း မြတ်ဗုဒ္ဓ (၄၅)ဝါတိုင်တိုင် ဟောကြားပြသ လမ်းညွှန်တော်မူချက်တို့သည် နိဗ္ဗာန်သိမြင်ရေးပင်ဟု ဆိုကမှားအံ့မထင်ပေ။ ထိုကြောင့် ဗုဒ္ဓဘာသာဝင်တို့၏ နောက်ဆုံးလဲလျောင်းရမည့်တရား၊ လောကုတ္တရာ ရည်မှန်းချက်ပန်းတိုင်သည် နိဗ္ဗာန်တရားသာဖြစ်သည်။

နိဗ္ဗာန်ဟူသည် လောကီအာရုံတို့ထက် လွန်မြတ်သော လောကုတ္တရာအာရုံ၊ ခန္ဓာမှလွတ်သော ခန္ဓဝိမုတ်တရား၊ ယုတ်ညံ့သော ရာဂ, ဒေါသ, မောဟ ကိလေသာအပေါင်းတို့ ချုပ်ဆုံးကုန်ပျောက်ရာတရား၊ သန္တိ (ပကတိ ငြိမ်သက်သောတရား)၊ သုခ (ပူပန်ကြောင့်ကြ တောင့်တမှုကင်း၍ အလွန်ချမ်းသာသောတရား)၊ ဖြစ်ပျက်မစဲတသဲသဲသော နိမိတ်အပေါင်း ချုပ်ဆုံးရာတရား၊ ဆင်းရဲဒုက္ခအပေါင်းမှ ကင်းငြိမ်းလွတ်မြောက်သောတရား၊ ပုဂ္ဂိုလ်သတ္တဝါစသည့် အတ္တတို့မှ ကင်းဆိတ်သောတရားလည်း ဖြစ်ပေသည်။

ထိုတရားမြတ်သည် ပုထုဇဉ်တို့၏ ဉာဏ်နှင့်မှန်းဆ၍မရ၊ ခက်ခဲနက်နဲသောတရား၊ ဂမ္ဘီရဉာဏ်, ဇဝနဉာဏ်, ဟာသဉာဏ်, တိက္ခပညာ, ပုထုပညာတို့နှင့် ခွဲခြမ်းစိတ်ဖြာလေ့လာမှသာ သိမြင်နိုင်သော၊ အရိယာတို့၏ ဒဿနဉာဏ်မြင်ဖြင့်သာ သိမြင်နိုင်သော တရားလည်းဖြစ်ပေ၏။

ထိုမျှသိမ်မွေ့နက်နဲသော 'နိဗ္ဗာန်တရား' နှင့် စပ်လျဉ်း၍ မရနိုင်၊ မရောက်နိုင်ဟူ၍ မရှိ။ နည်းကောင်းလမ်းမှန်ကို စံနစ်တကျ ညွှန်ပြနိုင်သော ဆရာကောင်းနှင့်တွေ့ပါမူ ဆရာပြသည့်အတိုင်း သိကျင့်ပွားများနိုင်ပါမူ ရနိုင်ရောက်နိုင်သည်သာတည်း။ ဤမျှခက်ခဲ နက်နဲသော နိဗ္ဗာန်တရားတော်ကို ဝေနေယျများ အလွယ်တကူ သိနားလည်အောင် လယ်တီဆရာတော်ကြီးသည် ကျမ်းအမျိုးမျိုးတွင် ရှုဒေါင့်စုံမှ ရေးသားဖော်ထုတ်ပေးခဲ့သည်။

၂၀၀၆ခု နှစ်ဆန်းစက နာဂလိုဏ်ဂူကလေးဝတောရ ဆရာတော်ကြီး ဘဒ္ဒန္တဇာဂရာဘိဝံသ၏ လမ်းညွှန်ချက်နှင့်အညီ မိမိတို့ကပင် စာမူများစုစည်း

http://www.dhammadownload.com

လျက် စာပြင်သန့်စင်ပေးခဲ့ပါသည်။ ကမ္ဘာတလွှား အကျိုးများအောင် အင်္ဂလိပ်, မြန်မာနှစ်ဘာသာဖြင့် စာအုပ်များဖြစ်အောင် ဆောင်ရွက်ပေးခဲ့ပါသည်။ ထိုကဲ့သို့ နိဗ္ဗာန်ကို ရနိုင်ရောက်နိုင်စေခြင်းအကျိုးငှာ ကျေးဇူးတော်ရှင် လယ်တီဆရာတော်ကြီး ညွှန်ပြရေးသားတော်မူခဲ့သော နိဗ္ဗာန်တရားတော်များကို တတ်အားသမျှ ပေါင်းရုံးလျက် "လယ်တီနိဗ္ဗာန်တရားတော်များ" အဖြစ် စုစည်းခဲ့ပါသည်။

ယခုအခါ ထိုကြိုးပမ်းချက်များ အောင်မြင်အထမြောက်ခဲ့ပြီးဖြစ်သဖြင့် ဗုဒ္ဓဘာသာဝင်တို့ အမွန်အမြတ်ထားရာ နိဗ္ဗာန်တရားတော်မြတ်ကြီးသည် စာရှုသူတို့ လက်ဝယ်သို့ ရောက်ရှိလာခဲ့ပါပြီ။ နိဗ္ဗာန်တရားတော်များကို ဖတ်ရှု၊ နိဗ္ဗာန်ကိုအာရုံပြု၍ စိတ်အစဉ်ငြိမ်းအေး ချမ်းမြေ့နိုင်ပါစေသတည်း။

မိခင်ရောဝတီစာအုပ်တိုက်မိသားစု

## ၂၀၀၆ – ခုနှစ်အတွင်း မိခင်ရောဝတီစာအုပ်တိုက်မှ ဆက်လက်ထွက်ရှိမည်စာအုပ်များ

၁။ လယ်တီဆရာတော်ဘုရားကြီး ရေးသားတော်မူသော ဓမ္မဒီပနီကျမ်း
၂။ လယ်တီဆရာတော်ဘုရားကြီး သာမဏေဘဝတွင် ရေးသားခဲ့သော သျှိုးလိုက်ရတု
၃။ သပြေကန်ဆရာတော်ဘုရားကြီး ရေးသားတော်မူသော နိဗ္ဗာန်ချမ်းသာ တရားတော်
၄။ ပခုက္ကူဆရာတော်ဘုရားကြီး ဘဒ္ဒန္တကုမ္ဘာဘိဝံသမဟာထေရ် ဟောကြားတော်မူသော ဓမ္မာနုပဿနာ လက်ရွေးစင်တရားတော်များ
၅။ ပခုက္ကူဆရာတော်ဘုရားကြီး ဘဒ္ဒန္တကုမ္ဘာဘိဝံသမဟာထေရ် ဟောကြားတော်မူသော ဉာဏ်ဥဒပါဒီ တရားတော်များ (အင်္ဂလိပ် + မြန်မာ) နှစ်ဘာသာဖြင့် ထုတ်ဝေပါမည်။
၆။ မဝိမလ ရေးသားသော ဝိပဿနာအမြုတေစန္ဒာဉာဏ်ပွင့် တရားတော်များ

http://www.dhammadownload.com

# နိဗ္ဗာနဒီပနီ

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

## အဘိဓာယာစကနှင့် ပဋိညာဉ်

သက္ကရာဇ် ၁၂၆၁ ခု၊ တော်သလင်းလဆန်း ၆ ရက်နေ့တွင် ပုသိမ်မြို့ ရုံးအင်စပတ်တော် မောင်ကျော်စံကိုယ်တိုင် လာရောက်လျှောက်ထား တောင်းပန်သည် တစ်တန်–

ငင်းတော်သလင်းလပြည့်ကျော် ၆ ရက်နေ့တွင် မုံရွာမြို့အခွန်ဝန် မောင်လူကလေး၊ မုံရွာမြို့အုပ်မောင်ထွေး၊ မုံရွာမြို့ အမိန့်တော်ရရှေ့နေ မောင်ကြော့တို့ လျှောက်လွှာ စေလွှတ် လျှောက်ထားတောင်းပန်ကြသည် တစ်တန်–

ငင်း တော်သလင်းလပြည့်ကျော် ၁၂ ရက်နေ့တွင် ငင်းအခွန်ဝန်၊ မြို့အုပ်အမိန့် တော်ရတို့နှင့်တကွ ဘုတလင်ဝန်ထောက် မောင်ရွှေ ပန်းချီတိုက် ပုလဲဝန်ထောက် မောင်ဘော၊ ဆားလင်းကြီးမြို့အုပ်တို့ လျှောက်လွှာစေလွှတ် လျှောက်ထားတောင်းပန် ကြသည် တစ်တန်–

သို့လျှင် နိဗ္ဗာနဒီပနီကို စီရင်ရေးသား သနားချီးမြှင့်ပါမည့်အကြောင်းနှင့် ၃ ကြိမ်၊ ၃ တန် တောင်းပန်တိုက်တွန်းအပ်သည်ဖြစ်၍ ၁၂၆၁ ခုနှစ်အတွင်း မုံရွာမြို့ အနီး လယ်စည်ရွာ တိုက်သူကြီး တည်ထောင်ဆောက်လုပ် တင်လှူအပ်သော ငင်းလယ်စည်ရွာ ဓမ္မိကာရာမတိုက် ဓမ္မနန္ဒကျောင်းတွင် စာသင်သံဃာ ပရိသတ်အများ နှင့်တကွ သီတင်းဝါ ကပ်ဆိုနေထိုင်ခိုက်ဖြစ်သော မုံရွာမြို့ **လယ်တီတောရကျောင်းဆရာ** ငါသည် ပါဠိ အဋ္ဌကထာ၊ ဋီကာ–ကျမ်းဂန်တို့မှ **အနုမာန** မှန်းဆ၍ ရအပ် သိအပ် သော သဘောယုတ္တိကို ထင်စွာပြလျက် **နိဗ္ဗာနဒီပနီ**ကို စီရင်ရေးသားပေအံ့သတည်း။

၁။ သင်္ခေပကဏ္ဍ။

၂။ ဝိတ္ထာရကဏ္ဍ။

၃။ နာနာဂန္ထ နာနာဝါဒဝိသောဓနကဏ္ဍ။

http://www.dhammadownload.com

# နိဗ္ဗာနဒီပနီ

http://www.dhammadownload.com



ဤသို့ ၃ ကဏ္ဍ လာလတ္တံ့၊ ထို ၃ ကဏ္ဍတွင်–

၁။ သင်္ခေပကဏ္ဍမှာ ပါဠိပါဠ်သား အကိုးအကား မပါစေဘဲ သင်္ဂြိုဟ်ကျမ်းမှာ လာရှိသည့်အတိုင်း မြန်မာသက်သက်နှင့် ကွက်ကွက်ကွင်းကွင်း ရှင်းလင်းစွာ သိသာထင်ရှားရုံမျှ ပြဆိုမည်။

၂။ ဝိတ္ထာရကဏ္ဍမှာ ပါဠိတော်ရင်း သက်သက်ကို အနက်အဓိပ္ပာယ်နှင့်တကွ ပြဆိုမည်။

၃။ တတိယကဏ္ဍမှာ ကျမ်းဂန်ဝါဒ အထူးထူး၊ ယခုနောက်ဖြစ်အာစရိယဝါဒ အထူးထူးတို့ကို ပြဆိုရှင်းလင်းမည်။

**အဘိယာစကနှင့် ပဋိညာဉ်ပြီး၏။**

# သင်္ခေပကဏ္ဍ

## ၃ ပုဒ်ထွက်အနက်အဓိပ္ပာယ်

သင်္ခေပကဏ္ဍာ၌ သင်္ဂြိုဟ်ကျမ်းမှာ–

၁။ လောကုတ္တရသခ်ါတံ လောကုတ္တရာ ဟူ၍ ဟောတော်မူအပ်ထသော၊

၂။ စတုမဂ္ဂဉာဏေန၊ ၄ ပါးသောမဂ်ဉာဏ်ဖြင့်။ သစ္ဆိကာတဗ္ဗံ၊ မျက်မှောက်ပြုအပ်ထသော။

၃။ မဂ္ဂဖလာနံ၊ မဂ်ဖိုလ်တို့၏ အာလမ္ဗနဘူတံ၊ မှီရာ၊ တွယ်ရာ အာရုံဖြစ်၍ ဖြစ်အပ်ထသော။

နိဗ္ဗာနံပန၊ နိဗ္ဗာန်ကိုကား။ ဝါနသခ်ါတာယ၊ ဝါန ဟုဆိုအပ်သော။ တဏှာယ၊ တဏှာ ၃ ပါး၏နယ်မှ။ နိက္ခန္တတ္တာ၊ ထွက်မြောက် ကျွတ်လွတ်ပေသည်၏ အဖြစ်ကြောင့်။ နိဗ္ဗာနန္တိ၊ နိဗ္ဗာန်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ။ ဤ၌–

၁။ "လောကုတ္တရသခ်ါတံ"ဟူသော ပါဠ်ဖြင့် နိဗ္ဗာန်သည် ပညတ်မဟုတ်၊ ပရမတ် အစစ်အမှန် ဖြစ်ကြောင်းကို ပြဆိုတော်မူပေသည်။

ပြဆိုပုံကား…လောကုတ္တရံ၊ လောကကို လွန်သော နိဗ္ဗာန်ဆိုလိုသည်၊ ပညတ်မည်သည် လူတို့၏ခေါ်ဝေါ်သမုတ်မှုနှင့် ဖြစ်ရသောကြောင့် လောကကို လွန်ခြင်းငှာ မထိုက်လေ။ ထို့ကြောင့် လောကုတ္တရာဆိုလျှင် ပညတ်မဟုတ်၊ ပရမတ်သာဖြစ်သည် ဟု သိအပ်ပေသတည်း။ ။ ပရမတ် အစစ်အမှန် ဖြစ်ပုံကား နောက်၌ ထင်ရှားလတ္တံ့။

**(ဤကား ပထမပါဠ်ဖြင့် ပြဆိုချက်တည်း။)**

http://www.dhammadownload.com



၂။ "စတုမဂ္ဂဉာဏေန သစ္ဆိကာတဗ္ဗံ"ဟူသော ပါဠ်ဖြင့် နိဗ္ဗာန်သည် မဂ်ဉာဏ်နှင့် ကွာလှသော ဗာလပုထုဇဉ် သတ္တဝါတို့၏ အရာပင်မဟုတ်၊ မဂ်ဉာဏ်ကို ရသော ပုဂ္ဂိုလ်တို့၏အရာသာဖြစ်ကြောင်းကို ပြဆိုတော်မူပေသည်။ ။ ဗာလပုထုဇဉ် သတ္တဝါတို့၏ အရာမဟုတ်ပုံကား လောက၌ နေ၊ လ၊ နက္ခတ် တာရာတို့၏ ရှိ၊ မရှိကို ပြောဆိုရာ ဆိုစကားသည် သူကန်းတို့၏ အရာမဟုတ်၊ သူကန်းတို့ မမြင်အပ်သည့်အတွက်နှင့် နေ၊ လ၊ နက္ခတ် တာရာတို့ကို မရှိဟူ၍ မယူအပ်ကုန်။

နေ၏ သဏ္ဌာန်ကား ဤသို့တည်း။

လ၏ သဏ္ဌာန်ကား ဤသို့တည်း။

နေ၏အရောင်အဝါကား ဤသို့တည်း။

လ၏အရောင်အဝါကား ဤသို့တည်း။

ဟု သူကန်းတို့က ပြောဆိုကြသော်လည်း ထိုစကားသည် ရယ်ဖွယ်သာဖြစ်၏။ ထို့အတူ ခန္ဓာ၊ အာယတန၊ ဓာတ်၊ ပဋိစ္စသမုပ္ပါဒ်တို့၌ ဉာဏ်အမြော်အမြင်မရှိသော ပုထုဇဉ်သည် ဗာလပုထုဇဉ်မည်၏။ ။ နိဗ္ဗာန်သည် ဗာလပုထုဇဉ်တို့၏ အရာမဟုတ်။

**(အထက်· ဥပမာအတိုင်း· အကျယ်ဆိုလေ။)**

[ဤကား နိဗ္ဗာန်၏ ဗာလပုထုဇဉ်တို့၏ အရာမဟုတ်ပုံတည်း။ ထိုသို့ အရာမဟုတ်သည်ကို "စတုမဂ္ဂဉာဏေန"ဟူသော ပါဠ်ဖြင့် ပြဆိုတော်မူပေသည်။]

"သစ္ဆိကာတဗ္ဗံ"ဟူသောပါဠ်ဖြင့် ကလျာဏပုထုဇဉ်တို့အား အနုမာနအားဖြင့် နိဗ္ဗာန်တရား ထင်ရှားရှိကြောင်းကို ပြဆိုတော်မူပေသည်။

**ပြဆိုပုံကား** –ဤသို့သော တရားသည် ကေန္တ ရှိ၏ဟု ရှေးအဖို့၌ အနုမာနအားဖြင့် သိရမှသာ ထိုတရားကို မျက်မှောက်ပြုခြင်းငှာ အားထုတ်ကြကုန်သည်၊ အားထုတ်ကြကုန်မှသာ မျက်မှောက်ပြုကြရကုန်သည်။ ။ ထို့ကြောင့် အရိယာမဖြစ်မီ ရှေးအဖို့၌ နိဗ္ဗာန်၏ အခြင်းအရာကို အနုမာနအားဖြင့် သိခြင်းအမှုရှိပြီဟု သိအပ်လေသတည်း။ ။ ရှေးအဖို့၌ အနုမာနမျှသော်မှ မသိရသည်ရှိသော် မျက်မှောက်ပြုခြင်းငှာ အဘယ်သူအားထုတ်ချိမ့်နည်း၊ အားမထုတ်ခဲ့လျှင် မျက်မှောက်ပြုမှု ဟူ၍ အဘယ်မှာ ရှိချိမ့်နည်း၊ မျက်မှောက်ပြုမှုရှိခဲ့လျှင် ရှေးအဖို့၌ အနုမာနအားဖြင့် ထိုတရားကို သိမှု ကေန်ရှိတော့သည်သာတည်း ဟူလိုသည်။

**(ဤကား· ဒုတိယပါဠ်ဖြင့်· ပြဆိုချက်တည်း။)**

http://www.dhammadownload.com



၃။ **“မဂ္ဂဖလာန မာလမ္ဗန ဘူတံ”** ဟူသော ပါဠ်ဖြင့် နိဗ္ဗာန်သည် ပရမတ္ထအားဖြင့် ထင်ရှားရှိကာမျှမဟုတ်၊ အတုမရှိသော တန်ခိုးအာနုဘော်ရှိကြောင်းကို ပြဆိုတော်မူပေသည်။

**ပြဆိုပုံကား** အလွန်တန်ခိုးအာနုဘော်ကြီးလှသော နိဗ္ဗာန်ကို အာရုံပြု၍ မှီတွယ် ရသောကြောင့်သာ မဂ်တို့သည် မဂ်ကိစ္စကို ပြီးစေနိုင်ကုန်သည်၊ ဖိုလ်တို့သည် ဖိုလ် ကိစ္စကို ပြီးစေနိုင်ကုန်သည်။

ဥပမာကား...တစ်ခုသောရွာ၌ ရွာသူကြီးသည် ရှိ၏။ ခိုးမှုကြီးတစ်ယောက်လည်းရှိ၏။ ထိုခိုးမှုကြီးသည် ခိုးသားအများနှင့်တကွ ထိုရွာနေလူတို့ကို အနိုင်အထက် လုယက်ဖျက်ဆီး၏။ ရွာလူကြီးလည်း မိမိအသက်ကိုပင် ကြောင့်ကြလျက်နေရ၏။ တစ်ရံရောအခါ ရွာသူကြီးသည် ပြည့်ရှင်မင်းကြီးအား ခစားလေ၏။ မကြာမီ မြို့ဝန် အရာကို ရလေ၏။ ခိုးသားအများနှင့်တကွ ခိုးမှုကြီးကို အဆုံးစီရင်လေ၏။

ရွာနှင့် တစ်ယောက်သောသူ၏ ခန္ဓာကိုယ်တူ၏။ ရွာသူကြီးနှင့် ပညာစေတသိက်တူ၏။ ခိုးမှုကြီးနှင့် ဝိဇ္ဇာ–မောဟတူ၏။ ခိုးသားအများနှင့်တစ်ထောင့်ငါးရာ ကိလေသာစုတူ၏။ ပြည့်ရှင်မင်းကြီးနှင့် အသခ်တ မဟာနိဗ္ဗာန်တူ၏။ ပြည့်ရှင်မင်းကြီး ထံ မရောက်သေးသော ရွာသူကြီးနှင့် ပုထုဇဉ်သန္တာန်မှာရှိသော ပညာစေတသိက်တူ၏။ ပြည့်ရှင်မင်းကြီးထံသို့ ရောက်၍ ခစား၍ မြို့ဝန်အရာကို ရသော ရွာသူကြီးနှင့် လောကုတ္တရာ မဂ်ပညာတူ၏။ ခိုးသားအများနှင့်တကွ ခိုးမှုကြီးကို အဆုံးတိုင် သတ်လေသည်နှင့် မဂ်ဉာဏ်၏ အဝိဇ္ဇာနှင့်တကွသော ကိလေသာတို့ကို ပယ်ရှားမှု တူ၏။

**(ဤကား တတိယပါဠ်ဖြင့် ပြဆိုချက်တည်း။)**

**၁။ လောကုတ္တရသခ်ါတံ။ ၂။ စတုမဂ္ဂဉာဏေန သစ္ဆိကာတဗ္ဗံ။**

**၃။ မဂ္ဂဖလာနမာလမ္ဗဘူတံ– ဤ ၃ ပုဒ်မှ ထွက်သော အနက်အဓိပ္ပာယ်ကို ပြဆိုချက် ပြီး၏။**

■

http://www.dhammadownload.com



# သဥပါဒိသေသ၊ အနုပါဒိသေသ နိဗ္ဗာန်

သင်္ဂြိုဟ်ကျမ်းမှာ–

တဒေဝ၊ ထိုနိဗ္ဗာန်သည်ပင်လျှင်။ သဘာဝတော၊ သန္တိလက္ခဏာဟု ဆိုအပ်သော သဘောအားဖြင့်။ ကေဝိဓမ္ပိ၊ တစ်ပါးအဖို့ ရှိငြားသော်လည်း။ ကာရဏပရိယာယေန၊ ၂ပါးဆိုရန် အကြောင်းအမြွက်အားဖြင့်။ သဥပါဒိသေသနိဗ္ဗာနဓာတုစ၊ သဥပါဒိသေသ နိဗ္ဗာနဓာတ်လည်းကောင်း။ အနုပါဒိသေသနိဗ္ဗာနဓာတုစ၊ အနုပါဒိသေသ နိဗ္ဗာနဓာတ်လည်းကောင်း။ ဏ္ဍတိ၊ ဤသို့။ ဒုဝိဓံ၊ ၂ပါးအပြားရှိသည်။ ဟောတိ၊ ဖြစ်၏။ ဟူသော စကား၌–

သန္တိလက္ခဏာဟုဆိုအပ်သော သဘောအားဖြင့် တစ်ပါးသော ဟူရာ၌ ကိလေသာတို့၏လည်းကောင်း၊ ခန္ဓာတို့၏လည်းကောင်း နောင်တစ်ဖန်ဖြစ်ပေါ်ခြင်း မရှိသောအားဖြင့် အကြွင်းအကျန်မရှိ ပျောက်ကွယ်ချုပ်ငြိမ်းခြင်း သဘောသည် သန္တိလက္ခဏာလည်းမည်၏။ သန္တိသဘောလည်းမည်၏။

ဤစကား၌ အကြွင်းအကျန်ရှိ ဆိုသည်ကား သောတာပတ္တိမဂ်မှာချုပ်သော သက္ကာယဒိဋ္ဌိသည် အကြွင်းအကျန်မရှိ ချုပ်၏၊ ထိုစိတ်သန္တာန်ဝယ် သက္ကာယဒိဋ္ဌိဆို၍ နောင် ဖြစ်ပေါ်လာရန် အကြွင်းအကျန်မရှိပြီဆိုလိုသည်။ [ဝိစိကိစ္ဆာ ချုပ်မှုမှာလည်း ဤနည်းတူ။]

ဤသို့လျှင် နောင်ဖြစ်ပေါ်လာရန် အကြွင်းအကျန်မရှိသောအားဖြင့် တစ်ခုတစ်ခုသော တရား၏ ချုပ်ငြိမ်းမှုကို အကြွင်းအကျန်မရှိ ချုပ်ငြိမ်းခြင်း ဆိုသည်။

ချုပ်ဆိုသည်မှာလည်း ဘင်ချုပ်၊ မရဏချုပ်၊ အနိစ္စချုပ်တို့ကို ဆိုသည်မဟုတ်၊ ဖြစ်ပေါ်မှုတူသော "ဥပါဒ်ဇာတိ"ကင်းလွတ်၍ သွားသည်ကို ဆိုသတည်း။ ဘင်ချုပ်၊ မရဏချုပ်၊ အနိစ္စချုပ်တို့နှင့် နိဗ္ဗာန်ချုပ်ကို ခြားနား၍ထား။

ချုပ်ဆိုသည်နှင့် ငြိမ်းဆိုသည်ကား အတူတူ။ ။ ထိုအသခ်တဓာတ်မြတ်သော "သန္တိလက္ခဏာ"မဟာနိဗ္ဗာန်ကြီးတစ်ခုတည်းကိုပင်လျှင်–

၁။ သဥပါဒိသေသ – ဟူသောအမည်

၂။ အနုပါဒိသေသ – ဟူသောအမည်

၂ပါးနှင့် ခေါ်ဝေါ်ရသည်။

**မေး။** ။ အဘယ့်ကြောင့် ထိုအသခ်တဓာတ် မြတ်သောသန္တိလက္ခဏာ မဟာနိဗ္ဗာန်ကြီးကို သဥပါဒိသေသအမည်နှင့် ခေါ်ဝေါ်ရလေသနည်းဆိုငြားအံ့။

**ဖြေ။** ။ ဤလောက၌ တစ်ယောက်သော သူ၏ကိုယ်မှာ အမြစ်နာပေါင်းလုံးရေ တစ်ထောင့်ငါးရာ တစ်ပြိုင်နက် ပေါက်လေ၏။ ဝိဇ္ဇာမယဓာတ်ဆေးနှင့်တစ်ကြိမ်

http://www.dhammadownload.com



သုတ်လိမ်းလေရာ ၄၅ ၁ စု မျှသော အနာတို့သည် အမြစ်နှင့်တကွ ပျောက်ငြိမ်းလေကုန်၏။ ဒုတိယတစ်ကြိမ် သုတ်လိမ်းပြန်ရာ ထိုအတူ တစ်စုတစ်ပုံသော အနာတို့သည် ပျောက်ငြိမ်းကုန်၏။ တတိယတစ်ကြိမ် သုတ်လိမ်းပြန်ရာ ထိုအတူ တစ်စုတစ်ပုံသော အနာတို့သည် ပျောက်ငြိမ်းကုန်၏။ စတုတ္ထအကြိမ် သုတ်လိမ်းပြန်ရာ အကုန်အစင် ပျောက်ငြိမ်းလေကုန်၏။ အမာရွတ်တစ်ခုမျှမရှိ၊ မိမွေးတိုင်း ဘမွေးတိုင်း တည်လေ၏။ ။ (ဥပမာ)

ဤဥပမာ၌-

အနာမှာ ဤကား တစ်လုံး၊ ဤကား တစ်လုံးဆိုရန် ဒြပ်သဏ္ဌာန် အသီးသီး ခြားနားလျက် ရှိကြသည်ဖြစ်၍ အနာလုံးရေပေါင်း တစ်ထောင့်ငါးရာ အရေအတွက် အများအပြားဆိုရသည်။

အနာပျောက်ငြိမ်းမှုမှာ ဤကား...တစ်ခု၊ ဤကား ...တစ်ခု ဆိုရန် ဒြပ်သဏ္ဌာန် မရှိပြီ၊ ထို့ကြောင့် ဒြပ်သဏ္ဌာန်ရှိသော အနာလုံးသာ ၁ ခု၊ ၂ ခု၊ ၃ ခု စသည်ဖြင့် တစ်ထောင့်ငါးရာတိုင်အောင် အရေအတွက် အများအပြားဆိုရသည်။

ဒြပ်သဏ္ဌာန်မရှိသော ပျောက်ငြိမ်းမှုမှာ အနာလုံးတစ်ထောင့်ငါးရာတို့၏ ပျောက်ငြိမ်းမှုသည် တစ်ခုသာဖြစ်၏။

**မေး**။ ။ အနာဒြပ်အသီးသီးများပြားလျက်ရှိသောကြောင့် ပျောက်ငြိမ်းမှုသည် တစ်ခုသာဖြစ်၏။

**ဖြေ**။ ။ အနာမှ တစ်လုံးတစ်လုံးခြားနားရန် အနာစွန်း၊ အနာစအသီးအသီး တင်းလင်းရှိသည်ဖြစ်၍ ၁ လုံး၊ ၂ လုံး၊ ၃ လုံးစသည်များပြားရန်သကဲ့သို့ ပျောက်ငြိမ်းမှုမှာ အစွန်း အစ တင်းလင်းရှိပါသလော၊ ပျောက်ငြိမ်းမှုအများအပြားဖြစ်ရလေအောင် အသီးသီးသော ပျောက်ငြိမ်းမှု၊ အမြိတ်၊ တင်းလင်းကို ပြဆိုနိုင်မည်လော။ ။ အနာလုံးတို့၏ အစွန်း၊ အမြိတ်တို့သည် ပျောက်ငြိမ်းမှု၏အစွန်းအမြိတ် မဟုတ်ကြပေကုန်။ အနာနှင့်အနာပျောက်ငြိမ်းမှုသည် စကားမှုသာ ရောနှော၍ ပြောကြရသည်။ သဘောမှာ ဖြောင့်ဖြောင့် ဆန့်ကျင်ဘက်ကြီးဖြစ်ကြ၏။

စကားအပြောမှာ ရောနှောဖက်စပ်၍ နေသည့်အတွက် ဉာဏ်ယောင်၍ နေတတ်၏။ ထိုအနာရှိနေသမျှကို ထိုအနာပျောက်ငြိမ်းမှု မရှိနိုင်၊ ထိုအနာပျောက်ငြိမ်းမှု ပေါ်ရောက်လျှင် ထိုအနာမရှိနိုင်။ သဘောချင်းကွာလှမ်းကြပုံ ခြားနား၍ မြင်နိုင်ခဲစွ။

အနာကား "သနိမိတ္တ"တရားပေတည်း။ (သဏ္ဌာန်၊ နိမိတ်၊ အစွန်းရှိသောတရား ဆိုလိုသည်။)

http://www.dhammadownload.com



အနာပျောက်ငြိမ်းမှုကား "အနိမိတ္တ"တရားပေတည်း။ (သဏ္ဌာန်၊ နိမိတ်၊ အမြိတ်၊ အစွန်းမရှိသော တရားဆိုလိုသည်။)

ထို့ကြောင့် အနာလုံးမှာသာ အရေအတွက် များပြားသည်၊ ပျောက်ငြိမ်းမှုမှာ တစ်ခုသာဟု မှတ်ရမည်။

ထိုသူ၏ကိုယ်မှာ ထိုအခါ တစ်ပြိုင်နက် ပေါက်ကြသော အနာတို့၏ ပျောက်ငြိမ်းမှုသည်သာ တစ်ခုသက်သက် မဟုတ်သေး၊ ထိုသူ၏ကိုယ်မှာ ယခုဘဝတွင် ပေါက်ပြီးသောအနာ၊ ပေါက်လတ္တံ့သောအနာတို့၏ ပျောက်ငြိမ်းမှုသည်လည်း တစ်ခုတည်းသာတည်း။ ထိုသူအား အနမတဂ္ဂဘဝအဆက်ဆက်တို့၌ ပေါက်ပြီး၊ ပေါက်ဆဲ၊ ပေါက်လတ္တံ့သော အနာတို့၏ အဆက်ဆက်တို့၌ ပေါက်ပြီး ပေါက်ဆဲ၊ ပေါက်လတ္တံ့သော အနာတို့၏ပျောက်ငြိမ်းမှုသည်လည်း တစ်ခုတည်းသည်တည်း၊ ထိုသူ၌ပေါက်သော အနာတို့၏ ပျောက်ငြိမ်းမှုသည်သာ တစ်ခုတည်းမဟုတ်သေး။ တစ်ရာသော သူတို့၌ တစ်ထောင်သောသူတို့၌ တစ်သောင်း၊ တစ်သိန်း၊ တစ်ကုဋေ အသင်္ချေသော သူတို့၌ ပေါက်သောအနာတို့၏ ပျောက်ငြိမ်းမှုသည်လည်း တစ်ခုတည်း သာတည်း။

လူဒြပ် သဏ္ဌာန်၊ အနာဒြပ်သဏ္ဌာန်တို့ကား "သနိမိတ္တ"တရားတို့ပေတည်း။ (၂ခု၊ ၃ခု၊ ၄ခုစသည် အရေအတွက်များပြားရန် သဏ္ဌာန်၊ နိမိတ်၊ အမြိတ်၊ အစွန်းရှိသောတရားတို့ဆိုလိုသည်။)

ပျောက်ငြိမ်းမှုမှုကား "အနိမိတ္တ"တရားပေတည်း။ (၂ခု၊ ၃ ခုစသည်ဆိုရန် သဏ္ဌာန်၊ နိမိတ်၊ အစွန်းရှိသော တရားမဟုတ်ဆိုလိုသည်။)

လောက၌ အနာတို့၏ ပျောက်ငြိမ်းမှုဟူသော သက်သာရာကြီးတစ်ခုသည် ကေန္တ ရှိ၏။ လောက၌ အနာပေါက်၍ ဆင်းရဲဒုက္ခ ရောက်ကုန်ကြကုန်သော သူတို့သည် ထိုသက်သာရာကြီးကို အားကိုး၍ ထိုသက်သာရာကြီးသို့ ရောက်တည်ပါစေခြင်းငှာ ဆေးဝါးကို မှီဝဲကြကုန်၏။ ပျောက်ချိန်ကျလျှင် ထိုသက်သာရာကြီးသို့ ရောက်ကြကုန်၏။ ပျောက်ငြိမ်းကြကုန်၏။ ထို့ကြောင့် လောက၌ အနာတို့၏ ပျောက်ငြိမ်းမှုဟူသော ခိုရာကိုးရာ သက်သာရာကြီးတစ်ခုသည် ကေန္တ ရှိ၏ ဟူ၍သာ မှတ်ရမည်။ "အနိမိတ္တဓမ္မ"ဖြစ်ပေ၍ ထိုအနာပျောက်ငြိမ်းမှုကို ၂ခု၊ ၃ခုစသည် အများအပြား မမှတ်အပ်၊ အနာရှိသူ လူဒြပ်များပြားတိုင်း ပျောက်ငြိမ်းမှုကိုလည်း အများအပြား ထင်မိတတ်သည်။ အနာဒြပ်နှင့်အနာပျောက်ငြိမ်းမှုသည် အလွန်ဆန့်ကျင်ဘက်ကြီး ဖြစ်ကြ၏။ ရောနှော၍ ရကောင်းသော တရားချင်းမဟုတ်ကြ၊ စကားမှာသာ ရောနှော ဖက်စပ်၍ ပြောကြရသည်။

http://www.dhammadownload.com



မီးဘေးနှင့် မီးဘေး၏ငြိမ်းမှု၊ ရေဘေးနှင့် ရေဘေး၏ငြိမ်းမှုအစရှိသည်တို့၌လည်း ဤနည်းအတိုင်း ရှင်းလင်းကြလေ။ အနာရောဂါနှင့် အနာရောဂါ၏ ပျောက်ငြိမ်းမှုကိုမှ ခြားနား၍ မမြင်နိုင်သောသူသည် နိဗ္ဗာန်စကားမှာ ဝေးကွာလှ၏။

**[ဤကား "သဥပါဒိသေသနိဗ္ဗာန်"ကို ပြဆိုလို၍ ထုတ်လိုက်သောဥပမာ စကားတည်း။]**

(၁) သောတာပတ္တိမဂ်သို့ အဆိုက်တွင် ၂၀ သော သက္ကာယဒိဋ္ဌိ၊ ၆၂ ပါးသော မိစ္ဆာဒိဋ္ဌိ၊ ၁၀ ပါးသော အန္တဂ္ဂါဟိကဒိဋ္ဌိ၊ ၃ ပါးသောနိယတမိစ္ဆာဒိဋ္ဌိကြီး၊ ၈ ပါးသော ဝိစိကိစ္ဆာ၊ ၁၆ ပါးသော ဝိစိကိစ္ဆာတို့သည် တစ်ပြိုင်နက် တစ်ချက်တည်း အကြွင်းအကျန် မရှိ ချုပ်ငြိမ်းကြလေကုန်၏။

(၂) သကဒါဂါမိမဂ်သို့အဆိုက်တွင် ရုန့်ရင်းသော ကာမရာဂ၊ ဗျာပါဒတရားတို့သည် တစ်ပြိုင်နက် တစ်ချက်တည်း အကြွင်းမဲ့ ချုပ်ငြိမ်းကြလေကုန်၏။

(၃) အနာဂါမိမဂ်သို့ အဆိုက်တွင် သိမ်မွေ့သော ကာမရာဂ၊ ဗျာပါဒတရားတို့သည် တစ်ပြိုင်နက် တစ်ချက်တည်း အကြွင်းမဲ့ ချုပ်ငြိမ်းကြလေကုန်၏။

(၄) အရဟတ္တမဂ်သို့အဆိုက်တွင် ရူပရာဂ၊ အရူပရာဂ၊ မာန၊ အဝိဇ္ဇာအစရှိသော အလုံးစုံသော ကိလေသာတို့သည် တစ်ပြိုင်နက် တစ်ချက်တည်း အကြွင်းအကျန်မရှိ ချုပ်ငြိမ်းကြလေကုန်၏။

**(ဤကား ကိလေသာတို့၏ ချုပ်ငြိမ်းပုံတည်း။)**

(၁) သောတာပတ္တိမဂ်သို့ အဆိုက်တွင် နောင်ဖြစ်လတ္တံ့သော အပါယ်ဇာတိမျိုး အကြွင်းအကျန်မရှိ ချုပ်ငြိမ်းလေ၏။ ကာမသုဂတိ ၇ ဘုံမှာလည်း ၇ ဘဝမှ နောက် ဖြစ်လတ္တံ့သော ကာမဇာတိမျိုး အကြွင်းအကျန်မရှိ ချုပ်ငြိမ်းလေ၏။

(၂) သကဒါဂါမိမဂ်သို့အဆိုက်တွင် ကာမသုဂတိ ၇ ဘုံမှာ ၂ ဘဝမှ နောက် ဖြစ်လတ္တံ့သော ကာမဇာတိမျိုး အကြွင်းအကျန်မရှိ ချုပ်ငြိမ်းလေ၏။

(၃) အနာဂါမိမဂ်သို့ အဆိုက်တွင် ကာမဇာတိ အကုန်ချုပ်ငြိမ်းလေ၏။

(၄) အရဟတ္တမဂ်သို့အဆိုက်တွင် ယခုဘဝခန္ဓာသာ ကျန်ရှိလေ၏။ ရူပဇာတိ၊ အရူပဇာတိအကုန်ချုပ်ငြိမ်းလေ၏။

**(ဤကား မဂ် ၄ ကြိမ်အဆိုက်တွင် ကိလေသာတို့၏ ၄ ကြိမ် ၄ ခါ ချုပ်ငြိမ်းပုံ၊ ဇာတိခန္ဓာတို့၏ ၄ ကြိမ် ၄ ခါ ချုပ်ငြိမ်းပုံကို ပြဆိုသောအခန်းတည်း။)**

အထက်၌ ထုတ်ပြခဲ့ပြီးသော အမြစ်နာလုံးရေ တစ်ထောင့်ငါးရာတို့ကို ၄ ပုံ ၄ စု ပြု၍ ၄ ကြိမ် ၄ ခါအနာပျောက်ငြိမ်းမှုနှင့် မဂ် ၄ ကြိမ်အဆိုက်မှာ တစ်ထောင့်ငါးရာ

http://www.dhammadownload.com



ကိလေသာတို့ကို ၄ပုံ ၄စုပြု၍ ၄ကြိမ် ၄ခါ ကိလေသာချုပ်ငြိမ်းပုံများကို စေ့စုံစွာ စပ်ဟပ်နှီးနှော၍ သိလေ။

၁။ ပထမအကြိမ်တွင် ကိလေသာတို့၏ အကြွင်းမဲ့ချုပ်ငြိမ်းမှု။

၂။ ဒုတိယအကြိမ်တွင်...ချုပ်ငြိမ်းမှု။

၃။ တတိယအကြိမ်တွင်...ချုပ်ငြိမ်းမှု။

၄။ စတုတ္ထအကြိမ်တွင်...ချုပ်ငြိမ်းမှု။

၅။ ထို့အတူ ဓာတ်ခန္ဓာတို့၏ ၄ကြိမ် ၄ခါ ချုပ်ငြိမ်းမှု။

ဤချုပ်ငြိမ်းမှု အလုံးစုံသည် တစ်ခုသော "အသင်္ခတ မဟာနိဗ္ဗာန်ကြီး" တစ်ပါးတည်းသာတည်း။ ကိလေသာ၊ ခန္ဓာတို့ကား အများအပြားတို့ပေတည်း၊ ကိလေသာ၊ ခန္ဓာတို့မှာ သဏ္ဌာန်၊ နိမိတ်၊ အမြိတ်၊ အစွန်းအသီးသီး ရှိကြကုန်သော "နိမိတ္တ" တရားတို့ ဖြစ်ကြကုန်၍ ၁ခု၊ ၂ခု၊ ၃ခု၊ ၄ခု၊ ၅ခုစသည် အရေအတွက်များပြားကြကုန်၏။ ထိုတရားတို့၏ ချုပ်ငြိမ်းမှုမှာ သဏ္ဌာန်၊ နိမိတ်၊ အမြိတ်၊ အစွန်းမရှိသော "အနိမိတ္တ" တရားမျိုးဖြစ်ပေ၍ ၂ခု ၃ခုပြားမှု မရှိပေ။ ထိုကိလေသာ၊ ခန္ဓာတို့နှင့် ထိုကိလေသာ၊ ခန္ဓာတို့၏ချုပ်ငြိမ်းမှုသည် ဆန့်ကျင်ဘက်ကြီးဖြစ်ကြသည်။

မီးနှင့်ရေသည် ရောနှောနိုင်ရာသေး၏။ ကိလေသာ၊ ခန္ဓာတို့နှင့် ချုပ်ငြိမ်းမှုသည် ရောနှောနိုင်သော အခွင့်မရှိ။ ကိလေသာ၊ ခန္ဓာ တင်းလင်းရှိလျှင် ထိုကိလေသာ၊ ခန္ဓာတို့၏ ချုပ်ငြိမ်းမှုမရှိနိုင်။ ထိုကိလေသာ၊ ခန္ဓာတို့ မလာနိုင်ကြကုန်ပြီ။

ဤသို့ အနာတို့နှင့် အနာပျောက်ငြိမ်းမှုကဲ့သို့ ကိလေသာ၊ ခန္ဓာတို့နှင့် ကိလေသာ၊ ခန္ဓချုပ်ငြိမ်းမှုကို ကွဲပြား ခြားနားအောင် ကြံကြလေ။

အနမတဂ္ဂ သံသရာနှင့်အမျှ ထိုကိလေသာ၊ ခန္ဓာတို့၏ ချုပ်ငြိမ်းမှုဟု ဆိုအပ်သော ခရီး၊ ကိုးရာ သက်သာရာ စခန်းကြီးတစ်ပါးသည် ကေန္တ ရှိ၏။ သောတာပတ္တိမဂ်သို့ဆိုက်လျှင် အချို့သောကိလေသာ၊ အချို့သောခန္ဓာတို့၏ ချုပ်ငြိမ်းမှုသို့ ကေန္တ ဆိုက်ရောက်လေ၏။ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာတို့၏ ချုပ်ငြိမ်းမှု၊ အပါယ်ခန္ဓာတို့၏ ချုပ်ငြိမ်းမှုကို ကေန္တ ရလေ၏။ တစ်ကြိမ်ရောက်ပြီး ရပြီးသော ထို ဒိဋ္ဌိ၊ ဝိစိကိစ္ဆာတို့၏ ချုပ်ငြိမ်းမှု၊ အပါယ်ဓာတ်တို့၏ ချုပ်ငြိမ်းမှုသည် နောက်တစ်ဖန်သွေလှန်ဖောက်ပြန်ခြင်း မရှိပြီ၊ ချုပ်ငြိမ်းမြဲအတိုင်း နိစ္စဓုဝ ထာဝရ တည်လေတော့သည်။ နောက်နောင်မဂ်တို့မှာ ချုပ်ငြိမ်းရာတို့၌လည်း ဤနည်းအတိုင်း သိလေ။

ကိလေသာ၊ ခန္ဓာတို့၏ ချုပ်ငြိမ်းမှုဟူသော စကားတွင် ပါဝင်သော ကိလေသာ၊ ခန္ဓာတို့သည်ကား နောင်ဖြစ်ပေါ်ခြင်းမရှိကြ၊ ဖြစ်ပေါ်လာကြတော့မည်မဟုတ်သော အနာဂတ် ကိလေသာ၊ ခန္ဓာတို့ပေတည်း။ ဥပါဒ် ဓာတ်နှင့် ပေါ်ရှိကြလတ္တံ့သော

http://www.dhammadownload.com



ကိလေသာ၊ ခန္ဓာစု မဟုတ်ပေကုန်၊ မဂ် ၄ ကြိမ် ပယ်မှု ၄ ကြိမ်၊ ချုပ်မှု ၄ ကြိမ်ရှိသည် အားလျော်စွာ စကားကြိယာ၌သာ ကိလေသာအထွေထွေ အလာလာ၊ ခန္ဓာ အထွေထွေ အလာလာဖန်တီး၍ ပြောကြရသည်။ နောင်မဖြစ်လတ္တံ့သော ကိလေသာ၊ နောင်မဖြစ်လတ္တံ့သောခန္ဓာတို့ကို ပြောဆိုသော အရာဖြစ်၍ သဏ္ဍာန်၊ နိမိတ်၊ အမြိတ်၊ အစွန်းနှင့် တကွ ကေန္တ ရှိကြသော ကိလေသာ၊ ခန္ဓာစု မဟုတ်ကြလေပြီ။ ။ မြင်နိုင်ခဲစွ။

ဤမျှသော စကားရပ်တို့ဖြင့် မဂ် ၄ကြိမ်အဆိုက်တွင် ၄ ကြိမ်ဆိုက်ရောက်ရသော ချုပ်ငြိမ်းမှုဟူသော နိဗ္ဗာန်သည် ကေန္တ အားဖြင့် တစ်ပါးတည်းသာတည်း။ ပရိနိဗ္ဗာနစုတိ ကမ္မဇရုပ် ချုပ်လေပြီးနောက် ဆိုက်ရောက်သော နိဗ္ဗာန်နှင့်လည်း တစ်ခုတည်း တစ်သားတည်း တစ်ပါးတည်းသာတည်းဟူသော အနက်သွားကို ထင်ရှားအောင် ပြလို ရင်းတည်း။

**သဉပါဒိသေသ။** ။ ဤသို့လျှင် ခန္ဓာပရိနိဗ္ဗာန်နှင့်တကွ ၅ ထွေ၊ ၅ လီခွဲ၍ ၅ ကြိမ်၊ ၅ ခါ ချုပ်ငြိမ်းမှုအပြား ထင်ရှားနေသည်တွင် ရှေ့ ၃ ကြိမ်မှာ ကိလေသာအချို့ ခန္ဓာအချို့ အကြွင်းအကျန်ရှိ၏။ စတုတ္ထအကြိမ်မှာ ကိလေသာအကျန်မရှိ၊ ယခု ပစ္စုပ္ပန်ခန္ဓာ အကျန်ရှိ၏။ ပဥ္စမအကြိမ်မှာ ယခုပစ္စုပ္ပန်ခန္ဓာပင် အကျန်မရှိပြီ။ အရှေ့ ၄ ကြိမ် မှာ ထိုပုဂ္ဂိုလ်၏သန္တာန်ဝယ် ကိလေသာအကျန်၊ ခန္ဓာအကျန်ရှိသေးသည်ကို အစွဲပြု၍ ထိုအခါ ကိလေသာတို့၏ ချုပ်ငြိမ်းမှု၊ အနာဂတ်ခန္ဓာတို့၏ ချုပ်ငြိမ်းမှုဟု ဆိုအပ် သော အသခ်တ မဟာနိဗ္ဗာန်ကြီးကို "သဉပါဒိသေသ"ဟု ခေါ်ဆိုရလေသည်။

**အနုပါဒိသေသ။** ။ ပဥ္စမအကြိမ်မှာ ထိုပုဂ္ဂိုလ်၏သန္တာန် အကျန်အကြွင်း မရှိသည်ကို အစွဲပြု၍ ထိုအခါ အနာဂတ်ခန္ဓာတို့၏ ချုပ်ငြိမ်းမှုဟုဆိုအပ်သော ထိုအသခ်တမဟာနိဗ္ဗာန်ကြီးကိုပင်လျှင် "အနုပါဒိသေသ"ဟု ခေါ်ဆိုရလေသည်။

ဉပမာကား တစ်ယောက်သောသူသည် တစ်ခုသော ဝဋ္ဋဝိပါက်ကြောင့် မြေကြီး ၏အတွင်းမှာ ဖြစ်ရလေ၏။ ဝဋ္ဋဝိပါက် ကျွတ်လွတ်လိုလတ်သော် ရှေးဦးစွာ လည်ပင်းမှ အထက် ဦးခေါင်းလုံးလုံး မြေတွင်းမှပေါ်၍ ကောင်းကင်အလင်းမှာ တည်လေ၏။ ဒုတိယအကြိမ်မှာ ခါးမှ အထက်ပိုင်းလုံးလုံးပေါ်၍ ကောင်းကင်အလင်းမှာတည်လေ၏။ တတိယအကြိမ်မှာ ပုဆစ်ဒူးဝန်းမှ အထက်ပိုင်းလုံးလုံးပေါ်၍ ကောင်းကင်အလင်းမှာ တည်လေ၏။ စတုတ္ထအကြိမ်မှာ ခြေချင်းဝတ်မှ အထက်ပိုင်းလုံးလုံးပေါ်၍ ကောင်းကင် အလင်းမှာ တည်လေ၏။ ပဥ္စမအကြိမ်မှာ ခြေဖဝါးမှစ၍ လုံးလုံးကျွတ်လွတ်၍ မြေ မျက်နှာအပြင် ကောင်းကင်ဟင်းလင်းမှာ တည်လေ၏။

ဤဉပမာ၌ ကောင်းကင်အလင်းသည် စကားကြိယာ၌ ၅ ကြိမ်၊ ၅ ခါ ပါရှိသော် လည်း တစ်ခုတည်းသာတည်း။

http://www.dhammadownload.com



ဤအတူ သောတာပတ္တိမဂ်ခဏာ၌ အချို့သော ကိလေသာ၊ အချို့သောအနာဂတ် ခန္ဓာတို့၏ ချုပ်ငြိမ်းမှုသို့ ပေါက်ရောက်မှုသည် ထိုအခါမှစ၍ နိဗ္ဗာန်သို့ ရောက်မှုပင်တည်း။ ထိုအခါမှစ၍ နိဗ္ဗာန်ထဲသို့ တစ်ပိုင်း တစ်စိတ်အားဖြင့် ဝင်ပြီး ပေါက်ပြီး ရောက်ပြီး ဖြစ်သတည်း။

သောတာပတ္တိမဂ်ခဏာ၌ ထိုပုဂ္ဂိုလ်သည် မိမိသန္တာန်မှာ ကိလေသာတို့၏ ချုပ်ငြိမ်းမှု၊ ခန္ဓာတို့၏ ချုပ်ငြိမ်းမှုကို ကေန္တရ၏၊ ကေန္တရောက်၏၊ ထိုကိလေသာ ထိုခန္ဓာတို့၏ ချုပ်ငြိမ်းမှုသည် ထိုပုဂ္ဂိုလ်၏ သန္တာန်မှာ ကေန္တရှိ၏ဟု မှတ်အပ်၏။

ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ ကိလေသာ ၂ခုတို့၏ ချုပ်ငြိမ်းခြင်းမျှကို နိဗ္ဗာန်မဆိုရသေး။ အပါယ်ဇာတိ၏ ချုပ်ငြိမ်းခြင်းမျှကို နိဗ္ဗာန်မဆိုရသေး၊ ၇ ဘဝမှ အထက်၌အနာဂတ်ဇာတိတို့၏ ချုပ်ငြိမ်းခြင်းမျှကို နိဗ္ဗာန်မဆိုရသေး။ ကိလေသာအကုန် ခန္ဓာအကုန် ချုပ်ငြိမ်းမှုသာ နိဗ္ဗာန်ဆိုရသည်ဟု မှတ်ထင်၍ နေတတ်ကြ၏၊ မဟုတ်။

ထို ၂ပါးသော ကိလေသာ၊ ထိုအနာဂတ်ခန္ဓာတို့၏ ချုပ်ငြိမ်းမှုသည် ပရိနိဗ္ဗာန် စံသည့်တိုင်အောင် ထိုပုဂ္ဂိုလ်၏သန္တာန်မှာ အမြဲရရှိ၍ နေ၏။ ချုပ်ငြိမ်းမှု ကွယ်ပျောက် ပြန်၍ ထိုပုဂ္ဂိုလ်သန္တာန်မှာ ဒိဋ္ဌိပေါ်လာပြန်သည်၊ ဝိစိကိစ္ဆာပေါ်လာပြန်သည်၊ အပါယ် သို့ ကျမည်ကို ကြောက်ရပြန်သည်ဟု မရှိပြီ။

သောတာပတ္တိမဂ်ခဏာမှစ၍ ပယ်ပြီး ချုပ်ငြိမ်းပြီးသော ကိလေသာ၊ ခန္ဓာတို့သည် တစ်ဖန်ပြန်ခြင်း မရှိကြကုန်ပြီ၊ ထိုချုပ်ငြိမ်းမှုသည် အမြဲနိစ္စထာဝရတည်လေတော့သည်။ နောက်နောက် မဂ်တို့၌ ချုပ်ငြိမ်းမှု၊ ခန္ဓပရိနိဗ္ဗာန်စံရာ၌ ချုပ်ငြိမ်းမှုတို့နှင့် တစ်ဆက်တည်း တစ်စပ်တည်း တစ်ပြင်တည်း တစ်ခုတည်းသာ ဖြစ်လေသည်။ အနမတဂ္ဂသံသရာ၌ မဂ် ဖိုလ်သို့ရောက်၍ ချုပ်ငြိမ်းကြကုန်သော ကိလေသာ၊ ခန္ဓာတို့၏ ချုပ်ငြိမ်းမှုတို့နှင့်လည်း တစ်ခုတည်းသာတည်း၊ အသီးသီးဆိုခဲ့ပါလျှင် အမြိတ်၊ အစွန်း ကိုယ်စီနှင့် ခြားနား၍ ပြပါလေ။

ဒီပင်္ကရာ ဘုရားသာသနာ၌ မဂ် ဖိုလ်ကို ရကြကုန်သော သူတို့၏ ကိလေသာ ခန္ဓာတို့၏ ချုပ်ငြိမ်းမှုသည် ချုပ်ငြိမ်းမှုအနေအတိုင်း အစဉ်ထာဝရမြဲ၍ နေသောကြောင့် နောက်အမြိတ်၊ အစွန်းသာမရှိပါ။ ရှေ့အမြိတ်၊ အစွန်းမှာမူကား ရှိပါ၏။ ဒီပင်္ကရာဘုရားသာသနာတွင် ထိုကိလေသာ၊ ခန္ဓာတို့၏ ချုပ်ငြိမ်းရာ ကာလမှအစ ဖြစ်ပါသည်ဆိုခဲ့အံ့။ ။ ရောက်သောသူ၊ ရသောသူတို့၏ ရောက်မှု၊ ရမှုမှာသာ အစ အစွန်းရှိသည်။ ချုပ်ငြိမ်းခြင်းဟူသော နိဗ္ဗာန်မှာ အစအစွန်းဟူ၍ မရှိ။

**မရှိပုံကား**...တစ်ခုသောအရပ်၌ အဆိပ်ပင်တစ်မျိုးသည် ရှိ၏။ တစ်ပင်တစ်ပင်လျှင် အနှစ်တစ်ရာ တစ်ရာသာအသက်ရှည်၏။ တစ်ပင်သေမှ တစ်ပင်ပေါက်၏။

http://www.dhammadownload.com



အတိတ်ကာလ၌ နှစ်ပေါင်းလည်း မရေတွက်နိုင်ပြီ၊ အပင်အဆက်ဆက်ပေါင်းလည်း မရေတွက်နိုင်ပြီ၊ နောက်အနာဂတ်ကာလ၌လည်း နှစ်ပေါင်း၊ အပင်အဆက်ဆက်ပေါင်း မရေတွက်နိုင်အောင် သွားလတ္တံ့သောအခွင့်၌ တည်လေ၏။ တစ်ဦးသော ယောက်ျားသည် အဆိပ်ပင်၏ ဘေးအန္တရာယ်ကို မြင်၍ အဆိပ်ပင်မျိုး ပြတ်စေခြင်းငှာ ထိုအခါ အနှစ် ၅၀ ရှိသော အဆိပ်ပင်မှာ တစ်ခုသော အဆိပ်စွယ်ကို ရိုက်နှက်လေ၏။ ထိုနှစ်ဖြစ်လတ္တံ့သော အပွင့်အသီးတို့သည် မဖြစ်ကြကုန်ပြီ၊ ပွင့်မှု၊ သီးမှု ချုပ်ငြိမ်းလေ၏။ အပွင့်၊ အသီး ချုပ်ငြိမ်းလေ၏။ အသီးမျိုးပြတ်လေ၏။ ပွင့်မှု၊ သီးမှု မရှိ၍ အနှစ် ၅၀ နေ၍ သေဆုံးလေရာ ထိုအရပ်တွင် ထိုအဆိပ်ပင်မျိုး ပြတ်လေ၏။ နောက်အဆက်ဆက် မရေတွက်နိုင် ဖြစ်လတ္တံ့သော အဆိပ်ပင်တို့သည် မဖြစ်လတ္တံ့သော အခွင့်သို့ ရောက်ကြလေကုန်၏။ အဖြစ်ငြိမ်းကြလေကုန်၏။

ဤဥပမာ၌ ထိုနှစ်တွင် ဖြစ်လတ္တံ့သော အပွင့်၊ အသီးတို့၏ အဖြစ်ငြိမ်းခြင်း၊ နောင်အဆက်ဆက် မရေတွက်နိုင် ဖြစ်လတ္တံ့သော အပင်တို့၏ အဖြစ်ငြိမ်းခြင်းတို့သည်ကား အပွင့်သစ်၊ အသီးသစ်၊ အပင်သစ် အဆက်ဆက်တို့၏ ဖြစ်ပေါ်လာခြင်း မရှိသည်ကို ဆိုသတည်း။ ဖြစ်ပေါ်လာခြင်းမရှိကလည်း ထိုအပွင့် ထိုအသီး ထိုအပင်တို့သည် အကယ်၍ ရှိကြသော အပွင့် အသီး အပင်တို့ မဟုတ်ကြကုန်ပြီ၊ စကား[၁] ကြိယာ၌ အသံမျှသာ ပါရှိကြလေကုန်သည်။

အဆိပ်စွယ် ရိုက်နှက်သောအခါ အပွင့်၊ အသီးကို ဖြစ်စေနိုင်သော အစေးအဆိခန်းခြောက်ကုန်ဆုံးရာတွင် ထိုအပွင့်သစ်၊ အသီးသစ်၊ အပင်သစ် အဆက်ဆက်တို့လည်း တစ်ချက်တည်း တစ်လုံးတည်း ကုန်ဆုံးချုပ်ငြိမ်းကြလေကုန်၏။ ထိုအပွင့်၊ ထိုအသီး၊ ထိုအပင် အဆက်ဆက်တို့နှင့် စပ်သော အပွင့်၊ အသီး၊ အပင်ဟူသော[၂] ဝေါဟာရပညတ်တို့သည်လည်း ထိုအပွင့်၊ အသီး၊ အပင်တို့ ကုန်ဆုံးချုပ်ငြိမ်းရာတွင် တစ်ချက်တည်း တစ်လုံးတည်း ကွယ်ပျောက်ကြလေကုန်၏။ ချုပ်ငြိမ်းကွယ်လွန်ပြီးကို အစွဲပြု၍ အတိတ်သံနှင့် ပြောဆိုခွင့်ရှိကုန်၏။

ထို့အတူ ဒီပင်္ကရာဘုရားသာသနာ၌ မဂ်၊ ဖိုလ်ကို မရခဲ့လျှင် နောက်၌ ဖြစ်လတ္တံ့ဟု ဆိုအပ်သော ထိုကိလေသာ ထိုခန္ဓာ အဆက်ဆက်တို့သည်လည်း မဂ်ကို ရသည်နှင့် တစ်ပြိုင်နက် တစ်ချက်တည်း တစ်လုံးတည်း ချုပ်ဆုံးကွယ်ပျောက်ကြလေကုန်၏။ ဖြစ်ပေါ်မှုငြိမ်းကြလေကုန်၏။ ထိုကိလေသာထိုခန္ဓာတို့ကို အစွဲပြု၍ ဖြစ်ကြကုန်သော ပုဂ္ဂိုလ်ဟူသော ပညတ်၊ သတ္တဝါဟူသော ပညတ် ကိလေသာ

၁။ ကြိယာ– အပြုအမူ၊ အမူအရာ။

၂။ ဝေါဟာရပညတ်–အပြောအားဖြင့် သိအပ်သောခေါ်ဝေါ်မှု။

http://www.dhammadownload.com



ဟူသော ပညတ်၊ ခန္ဓာဟူသော ပညတ်တို့သည်လည်း ထိုကိလေသာ၊ ထိုခန္ဓာတို့ ချုပ်ဆုံးရာတွင် တစ်လုံးတည်း ကွယ်ပျောက်ကြလေကုန်၏။

ချုပ်ငြိမ်းကွယ်ပျောက်ပြီးကို အစွဲပြု၍ အတိတ်သံနင့်သာ ပြောဆိုခွင့်ရှိကြကုန်၏။ ထိုကိလေသာ ထိုခန္ဓာတို့ကား ဓာတ်တစ်မျိုး၊ အဖြစ်ငြိမ်း၍ ချုပ်ငြိမ်းမှုကား ဓာတ်တစ်မျိုး၊ ပူလောင်မှုဟူသော မီးဓာတ်နှင့် ချုပ်မှုဟူသော အငြိမ်းဓာတ်သည် အလွန် ဆန့်ကျင်ဘက် ဖြစ်ကြသကဲ့သို့ ကိလေသာဓာတ်၊ ခန္ဓာဓာတ်တို့နှင့် အဖြစ်ရုပ်သိမ်းမှု ဟူသော အငြိမ်းဓာတ်သည် အလွန်လျှင် ဆန့်ကျင်ဘက်ကြီးဖြစ်ကြ၏။ ဓာတ်ချင်းချင်း ရောနှော၍မရ၊ နယ်ချင်းချင်း ရောနှော၍မရ၊ ကိလေသာနယ် ခန္ဓာနယ်မှာ အငြိမ်းဓာတ် မရှိ၊ အငြိမ်းဓာတ်နယ်မှာ ကိလေသာ ခန္ဓာမရှိ၊ ကိလေသာ ခန္ဓာနှင့်စပ်သော ပညတ်တို့သည်လည်း အငြိမ်းဓာတ်သို့ မကူးကုန်။

အနမတဂ္ဂသံသရာဝယ် တစ်ဆူတစ်ဆူသော ဘုရားလက်ထက်၌ ၂၄ သင်္ချေနှင့် ဗိုလ်ခြေတစ်သိန်းမျှ အကျွတ်ရကြကုန်၏။ တစ်သုတ်တစ်သုတ်လျှင် ၂၄ သင်္ချေနှင့် ကုဋေ ၆ဝ ဗိုလ်ခြေတစ်သိန်းမျှ ချုပ်ငြိမ်းကြကုန်၏။ ကာမ၊ ရူပ၊ အရူပဟူသော လောက ၃ ပါးမှ အမည်ပညတ်နှင့်တကွ ကျွတ်လွတ်ကွယ်ဆုံးကြလေကုန်၏။ အနမတဂ္ဂ သံသရာ၌ တစ်သုတ်တစ်သုတ်လျှင် ၂၄ သင်္ချေနှင့် ကုဋေ ၆ဝ ဗိုလ်ခြေတစ်သိန်းမျှ ချုပ်ငြိမ်းကြကုန်သော အသုတ်ပေါင်း အကြိမ်ပေါင်း အသင်္ချေယျအနန္တ ရှိလေပြီ၊ ဤ အနမတဂ္ဂ သံသရာ၌ ကျွတ်လွတ်ကြသူ အနန္တတို့၏ ဘဝဇာတိချုပ်ငြိမ်းမှု၊ သခ်ိတဓာတ် ရုပ်သိမ်းမှုသည် တစ်ခုသော အသခ်ိတဓမ္မနယ်ကြီး အသီးအခြားသော ပရမတ္ထမဟာနိဗ္ဗာန ဓာတ်ကြီးပေတည်း။

တေဘုမ္မက ဘဝခန္ဓာတို့၌ အဝိဇ္ဇာ မောဟမှောင်ကြီးလှ၍ ဘဝရာဂ ဘဝတဏှာ အားကြီးစွာသော သတ္တဝါတို့သည် ထိုအသခ်ိတ ဓမ္မနယ်ကြီးကို ကြားနာရသည်ရှိသော် အသူတစ်ရာ[၁] နက်လှစွာသော ချောက်ကြီး၌ကျအံ့သောအခါကဲ့သို့ ထိတ်လန့်ဖွယ်ကြီး ထင်တတ်သည်ဟု ဟောတော်မူသောဒေသနာရှိသည်။

သီဟိုဠ်ကျွန်းမှာ မိစ္ဆာဒိဋ္ဌိပုဏ္ဏားတစ်ယောက်သည် ရဟန်းတော်တစ်ပါး ဟော၍ နေသောသုညတဓမ္မဒေသနာကို နားထောင်၍နေလေရာ ထောက်ရာ တည်ရာ မရှိသော အနန္တချောက်ကြီး၌ ကျ၍သွားအံ့သောအလား ထင်မြင်၍ ရုတ်တရက်ထ၍ ပြေးလေ၏။ မိမိအိမ်တိုက်ခန်းသို့ဝင်၍ မျက်နှာကို လက်နှစ်ဖက်နှင့် ဖုံးအုပ်၍

---

၁။ အသူတစ်ရာ–လက်ခုပ်တစ်ဖောင် အတိုင်းအရှည်သည် တသူ၊ ထိုတသူပေါင်းတစ်ရာ။

http://www.dhammadownload.com



တုန်တုန်ခိုက်ခိုက်နေ လေ၏။ ထိုအခါ သားဖြစ်သူ ပုဏ္ဏားငယ်က မေးမြန်းလေရာ အလုံးစုံကို ပြန်ပြော၍ ငါ့မှာ ပြေးနိုင်၍ အနိုင်လွတ်သည်ဟုဆို ပေ၏။

အဝိဇ္ဇာ မောဟနည်းပါး၍ သံသရာရေး အပါယ်ဘေးတို့ကို ကောင်းစွာ ထင်မြင်၍ ဘဝရာဂ ဘဝတဏှာ နည်းပါးသောသူတို့မှာ ထိုအသင်္ခတဓမ္မနယ်ကြီးသည် ကိုးကွယ်ရာစင်စစ်ဖြစ်၏။ ဤအသင်္ခတ ဓမ္မဓာတ်ကြီးသည် တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်၊ သတ္တဝါ၊ ခန္ဓာဓမ္မနှင့် ထိခြင်း၊ ငြိခြင်း၊ စပ်ယှက်ခြင်းမရှိ၊ ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ရဟန္တာတို့ ခန္ဓာဓမ္မချုပ်စဲလျှင် ထိုအသင်္ခတဓမ္မနယ်ကြီးသို့ ဆိုက်သည်ဟူ၍သာ ဆိုရသည်။ ထိုအသင်္ခတဓမ္မဓာတ်ကြီးသည် "အနိမိတ္တဓမ္မ"ကြီး ဖြစ်ခဲ့၍ ဘယ်မှ စသည်ဟု ညွှန်ပြရာ ညွှန်ပြရန် ဘင်ဟူသော နောက်အစွန်းလည်း မရှိ၊ အရပ် ၁၀ မျက်နှာတွင် ဘယ်မှာသာရှိသည်၊ ဘယ်မှာမရှိဟု ညွှန်ပြရန် အမြိတ်၊ အစွန်း လည်း မရှိ၊ အနမတဂ္ဂသံသရာကာလ၌ ဘယ်ဘုရားလက်ထက် ဖြစ်တစ်ပါး၊ ဘယ်ဘုရား လက်ထက်ဖြစ်တစ်ပါးဟု ခြားနား၍ ပြောဆိုရန် ရှေ့အစ နောက်အစွန်းဟူ၍ မရှိ၊ အနမတဂ္ဂသံသရာနှင့်အမျှ တစ်ပါးတည်း တစ်ခုတည်း အမြဲတည်၍ နေသော အသင်္ခတဓမ္မနယ်ပယ်ကြီးပေတည်း။

ဒီပင်္ကရာဘုရားသာသနာ၌ ချုပ်ငြိမ်းကြသော နိဗ္ဗာန်နှင့် ငါတို့ဘုရားသာသနာ၌ ချုပ်ငြိမ်းကြသော နိဗ္ဗာန်သည် ၂ထွေ ၂ ပါးအခြားမရှိ၊ ငါတို့ဘုရားသာသနာ၌ ၂၃ သင်္ချေနှင့် ကုဋေဖြစ မိုလ်ခြေတစ်သိန်းငြိမ်းသည့်အတွက်နှင့် အစွန်းအစ တိုးပွားခြင်း မရှိ။

ဤကား ပရိနိဗ္ဗာန်စံကြသူအသီးသီးရှိနေကြသည့်အတွက် နိဗ္ဗာန်လည်း အသီးသီး ဖြစ်ရာသည်ဟု မှတ်ထင်ယောင်မှားဖွယ်ရှိသော အရာဌာနဖြစ်ခဲ့၍ ယုတ္တိအားဖြင့် ထင်ရှားအောင် ပြဆိုလိုက်သော အချက်ပေတည်း။

**ဤတွင်ရွေ့ကား**
**သဥပါဒိသေသနိဗ္ဗာန်၊ အနုပါဒိသေသနိဗ္ဗာန် ၂ပါးကို**
**ထင်ရှားစွာပြဆိုသော အခန်းပြီး၏။**

■

http://www.dhammadownload.com



# သုညတ၊ အနိမိတ္တ အပ္ပဏိဟိတနိဗ္ဗာန်

သုညတဥ္စ၊ ပလိဗောဓ ခပ်သိမ်းတို့မှ ကင်းငြိမ်း ဆိတ်ငြိမ်သော သုညတနိဗ္ဗာန်လည်းကောင်း။ အနိမိတ္တဥ္စ၊ သဏ္ဌာန်၊ နိမိတ်၊ အရိပ်၊ အသွင် ထင်မှုခပင်းမှ ကင်းရှင်းသော အနိမိတ္တနိဗ္ဗာန်လည်းကောင်း။ အပ္ပဏိဟိတဥ္စ၊ တောင့်တခြင်းခပ်သိမ်းမှ ကင်းငြိမ်းရာဖြစ်သော အပ္ပဏိဟိတ နိဗ္ဗာန်လည်းကောင်း။ ဣတိ၊ ဤသို့။ အာကာရဘေဒေန၊ ဆိတ်ငြိမ်ခြင်းအစရှိသော အခြင်းအရာ အပြားအားဖြင့်။ တိဝိဓံ၊ ၃ ပါးအပြားရှိသည်။ ဟောတိ၊ ဖြစ်၏။ ဟူသော သဂြိုဟ်ကျမ်းစကား၌–

**သုညတနိဗ္ဗာန်**။ ။ ငြိမ်သက်ချမ်းသာသော သန္တိသုခကို နှောင့်ယှက်ဖျက်ဆီးမှုသည် "ပလိဗောဓ"မည်၏။ သခ်ိတတရားဟူသမျှသည် အရဟတ္တဖိုလ်တရားပင် ဖြစ်သော် "ပလိဗောဓ"မှ ထင်ရှားရှိသည်သာ ဖြစ်၏။

**ရှိပုံကား**။ ။ မိမိသန္တာန်မှာ အရဟတ္တဖိုလ်ဇော ဖြစ်ပေါ်စေလိုသည်ရှိသော် ထိုအားလျော်သော ခဏ၊ ထိုအားလျော်သော သမယ၊ ထိုအားလျော်သော မနသိကာရကို ကြောင့်ကြစိုက်မှ ဖြစ်ပေါ်သည်။ ဖြစ်ပေါ်ပြီးနောက်လည်း အနိစ္စဓမ္မ၊ ဝိပရိဏာမဓမ္မ ဖြစ်သည်နှင့် ခဏချင်း၊ ခဏချင်း ကုန်ဆုံးကွယ်ပျောက်ပြန်၏။ အလိုရှိပြန်သော် ခဏစသည်ကို ကြောင့်ကြစိုက်ရပြန်၏။ တစ်နေ့တစ်နေ့ကို အကြိမ်တစ်ရာ ဝင်စားလိုလျှင် အကြိမ်တစ်ရာပင် ကြောင့်ကြစိုက်ရသည်။ အကြိမ်တစ်ရာပင် ကြောင့်ကြစိုက်၍ ဖြစ်ပေါ်သော်လည်း အဆုံးကျလျှင် ကွယ်ပျောက်ပျက်ဆုံးသည်သာတည်း။ အလိုဆန္ဒရှိတိုင်း အမြဲတည်၍ နေနိုင်သော တရားမဟုတ်။

ထို့ကြောင့် အရဟတ္တဖိုလ်သည် မိမိသန္တာန်မှာ ဖြစ်ပေါ်လာစေခြင်းငှာ အဖန်ဖန် ကြောင့်ကြစိုက်မှုဟူသော "ပလိဗောဓဒုက္ခ"အနှောင့်အယှက်ကို ဖြစ်စေတတ်သော တရားမျိုးပေတည်း၊ ထိုမှကြွင်းသော သခ်ိတတရားတို့၌ကား ဆိုဖွယ်ပင်မရှိ။

နိဗ္ဗာန်သည်မူကား ဖြစ်ပေါ်ခြင်းရှိသော တရားမဟုတ်သောကြောင့် အစ၌ ဖြစ်ပေါ်စေခြင်းငှာ ကြောင့်ကြစိုက်ရသော "ပလိဗောဓဒုက္ခ"အနှောင့်အယှက်လည်း မရှိပေ၊ မမြဲသော အနိစ္စတရားမျိုးမဟုတ်သောကြောင့် အဖန်ဖန်ထပ်မံ၍ ထူထောင်မှုဟူသော "ပလိဗောဓဒုက္ခ" အနှောင့်အယှက်လည်းမရှိပေ။

၁။ ထိုနိဗ္ဗာန်သို့ ရောက်ရလေအောင် ဒါန၊ သီလအစရှိသော ပါရမီတရားတို့ကို ဘဝများစွာ ဖြည့်ကျင့်မှုဟူသော "ပလိဗောဓဒုက္ခ" အနှောင့်အယှက်ကြီး ၁ ပါး။

http://www.dhammadownload.com



၂။ အဆုံးဘဝ၌ သီလဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိအစရှိသော ဝိသုဒ္ဓိတရား ၇ ပါး တို့ကို ပွားများ အားထုတ်ရခြင်းဟူသော "ပလိဗောဓဒုက္ခ" အနှောင့် အယှက်ကြီး ၁ ပါး။

ဤ ၂ပါးသော ပလိဗောဓဒုက္ခမှုများသည် နိဗ္ဗာန်၏ပလိဗောဓမှု မဟုတ်ပေ၊ နိဗ္ဗာန်သို့ ရောက်လိုသောသူ၏ သန္တာန်၌ ခုခံနှောင့်ယှက်၍နေသော ကိလေသာတို့ကို တွန်းလှန်ပယ်ရှားခြင်း၌သာ ကြောင့်ကြစိုက်ရသော ပလိဗောဓဒုက္ခမှုများသာတည်း။

မျက်စိမှာ တိမ်သလာ ထူထပ်စွာ စွဲကပ်၍နေသော သူကန်းသည် နေ လကို မြင်လို၍ ဆေးဝါးမှီဝဲမှု ဟူသော "ပလိဗောဓဒုက္ခ" ကို ကြောင့်ကြစိုက်ရ လေ၏။ ထို "ပလိဗောဓဒုက္ခ"မှုသည် နေ လတို့ကပြုသော "ပလိဗောဓဒုက္ခ" မှု မဟုတ်ပေ၊ တိမ်သလာ တို့က ပြုသော "ပလိဗောဓဒုက္ခ"မှုပေတည်း။ ။ ဤနည်းတူသိလေ။

**[ဤကား သုညတနိဗ္ဗာန်တည်း။]**

**အနိမိတ္တနိဗ္ဗာန်**။ ။ အနိမိတ္တနိဗ္ဗာန်၌ သင်္ခတတရားတို့မှာ သဏ္ဌာန်၊ နိမိတ်၊ အရိပ်၊ အသွင်ထင်ရှားရှိကြကုန်၏။ ထိုသို့ ရှိကြခြင်းကြောင့် အရဟတ္တဖိုလ်စိတ် တစ်ခုသည်ပင်လျှင် ချုပ်လေပြီးသော အတိတ်တခြား၊ ခဏတ္တယသို့ ရောက်ဆဲသော ပစ္စုပ္ပန်တခြား၊ ဥပါဒ်မှုမရှိသေးသော အနာဂတ်တခြား၊ ဤပုဂ္ဂိုလ်သန္တာန်မှာ တခြား၊ ထိုပုဂ္ဂိုလ်သန္တာန်မှာ တခြား၊ အလွန်ကြီးမြတ်သော အရဟတ္တဖိုလ်၊ အလယ်အလတ် သော အရဟတ္တဖိုလ်၊ ယုတ်ညံ့သော အရဟတ္တဖိုလ်စသည်ဖြင့် ၂ခု၊ ၃ခု အသိန်း၊ အသန်း အသင်္ချေယျ၊ အနန္တ များပြားလေ၏။ ထိုမှကြွင်းသော သင်္ခတတရားတို့မှာ ဆိုဖွယ်မရှိ။

နိဗ္ဗာန်သည်မူကား သဏ္ဌာန်၊ နိမိတ်၊ အရိပ်၊ အသွင်ရှိသော တရားမဟုတ် ပေသောကြောင့် အနမတဂ္ဂသံသရာ၌ ဤနိဗ္ဗာန်ကား အဟောင်းတည်း၊ ဤနိဗ္ဗာန်ကား အသစ်တည်းဟု ၂ခု ခြားနားဖွယ်မရှိ၊ ပရိနိဗ္ဗာန်စံ ပုဂ္ဂိုလ်ခန္ဓာအသီးသီးတို့ လိုက်၍ လည်း ၂ခု၊ ၃ခု စသည် ခြားနားဖွယ်မရှိ၊ အရှေ့အရပ်မှာ ပရိနိဗ္ဗာန်စံလွန်ကြသော ပုဂ္ဂိုလ်တို့၏ နိဗ္ဗာန်ကား အရှေ့အရပ်မှာရှိနေသည်။ အနောက်အရပ်မှာ ပရိနိဗ္ဗာန် စံလွန်ကြသောပုဂ္ဂိုလ် အနောက်အရပ်မှာရှိနေသည်။ ဤသို့ စသည်ဖြင့် အရပ်ဒေသ အပြားသို့ လိုက်၍ ခြားနားဖွယ်မရှိ၊ သဗ္ဗညုဘုရားတို့၏ နိဗ္ဗာန်ကားမြတ်သည်။ အိမ်ကျွန်မ ရသောနိဗ္ဗာန်ကား ယုတ်ညံ့သည်ဟူ၍လည်း ခြားနားဖွယ်မရှိ၊ လောကဓာတ်

http://www.dhammadownload.com



အလယ်မှာ သံသရာရုပ်သိမ်းမှု၊ ချုပ်ငြိမ်းမှု၊ ဇာတိ ချုပ်ငြိမ်းမှု၊ ခန္ဓာ ဇာတ်သိမ်းမှုဟု ဆိုအပ်သော အသင်္ခတဓမ္မဓာတ်ကြီးတစ်ခုရှိ၏ ဟူ၍သာ သိခွင့် ဆိုခွင့်ရှိသတည်း။

**ယခင် သဉပါဒိသေသနိဗ္ဗာန်၊ အနုပါဒိသေသနိဗ္ဗာန်အခန်းမှာ**
**ဤအနိမိတ္တ၏အခြင်းအရာကို အကျယ်ကြီး ပြဆိုခဲ့ပြီ။**
**(ဤကား အနိမိတ္တနိဗ္ဗာန်တည်း။)**

■

**အပ္ပဏိဟိတနိဗ္ဗာန်**။ ။ အပ္ပဏိဟိတနိဗ္ဗာန်၌ သင်္ခတတရားတို့သည် တောင့်တ မြော်တမ်းခြင်းနှင့်တကွသာ ဖြစ်ကြကုန်၏။ ။ ဖြစ်ပုံကား လူ့ချမ်းသာသည် အယုတ်၊ အလတ်၊ အမြတ်၊ အမြတ်ထက်အမြတ် အဆင့်ဆင့်ရှိ၏။ ထို့အတူ နတ်ချမ်းသာ၊ ဗြဟ္မာ့ချမ်းသာတို့သည်လည်း အယုတ်၊ အလတ်၊ အမြတ်၊ အမြတ်ထက် အမြတ် အဆင့်ဆင့်ရှိကုန်၏။ အယုတ်အညံ့ကို ရရှိလျှင် အလတ် အမြတ်ကို ရလို၊ ယူလို၊ ရောက်လိုသော အာသာဆန္ဒ၊ တဏှာဆန္ဒတင်းလင်းရှိ၏။ အလတ်ကိုရရှိလျှင် အမြတ်ကို တောင့်တ၏။ အမြတ်ကိုရရှိလျှင် အမြတ်အဆင့်ဆင့်ကို တောင့်တ၏။ အမြတ်ဆုံးကို ရသော်လည်း အနိစ္စဓမ္မချည်းဖြစ်ခဲ့၍ မကြာမကြာ ဟောင်းနွမ်းခြင်းသို့ ရောက်သည်။ ကုန်ခန်းကွယ်ပျောက်ခြင်းသို့ ရောက်သည်ဖြစ်၍ အသစ်အသစ်ကို တစ်ဖန် တောင့်တ ရ၏။

လူမှာ စကြာမန္ဓာတ်မင်း စည်းစိမ်၊ နတ်မှာ စတုမဟာရာဇ်နတ်မင်း၊ သိကြား မင်း၊ သုယာမနတ်မင်း၊ သန္တုသိတနတ်မင်း၊ သုနိမ္မိတနတ်မင်း၊ ဝသဝတ္တီနတ်မင်း၊ ဗြဟ္မာမှာ ပထမဈာန် ဗြဟ္မာမင်းစည်းစိမ်၊ ဘုန်းတန်ခိုးတို့သည် အနိစ္စဓမ္မ၊ ဘိဇ္ဇနဓမ္မ၊ ဝိပရိဏာမဓမ္မတွေသာ ဖြစ်ကြကုန်၏။ ကံအခွင့်သာသမျှ တစ်သုတ်သာ ခံစားကုန်၏။ ကုန်ချိန်တိုင်ရောက်လျှင် အသက်ခန္ဓာနှင့်တကွ ကုန်ဆုံးကွယ်ပျောက်လေကုန်၏။

တစ်ယောက်သောသူသည် အနမတဂ္ဂဘဝတို့၌ စကြာမင်းအဖြစ်ပေါင်းအနန္တ၊ သိကြားမင်းအဖြစ်ပေါင်းအနန္တ ဖြစ်ခဲ့လှလေပြီ၊ ထိုအဖြစ်တို့သည် ယခုအခါ အိပ်မက် တွင်မျှ မထင်လာကုန်ပြီ၊ ယခုလည်း စကြာမင်းဖြစ်လိုသော ဆန္ဒ တဏှာ အာသာ အပူအလောင် တန်းလန်းပင် ရှိနေကြကုန်သည်။ ထိုလူမင်း၊ နတ်မင်း၊ ဗြဟ္မာမင်း တို့၏ စည်းစိမ်ချမ်းသာတို့မည်သည် အလွန်ငန်လှစွာသော သမုဒ္ဒရာရေနှင့် တူကုန် ၏။

http://www.dhammadownload.com



တစ်ယောက်သောသူသည် သမုဒ္ဒရာရေ၌ လျှာအရသာ ပေါက်လေ၍ နေ့ရှိသမျှ သောက်လေ၏။ သောက်လေလေ ငတ်လေလေ အသည်းနှလုံးပူဆာလေလေသာ ဖြစ်၏။ ဝမ်းထဲသို့ သောက်မျိုသမျှသော ရေတို့သည် ဝမ်းထဲတွင်သာ ခဏခဏ ကုန်ခန်းကွယ်ပျောက်လေ၏။ သမုဒ္ဒရာ ၄ စင်းရေသည် ကုန်ခြင်းသို့သာ ရောက်လေရာ၏။ အငတ်အဆာ သည်းထန်စွာနှင့်သာ ထိုသူသေဆုံးလေရာ၏။

ဤအတူ တေဘုမ္မက သုခချမ်းသာတို့မှာလည်း ကြပ်ကြပ်ခံစားလေလေ၊ တဏှာ အငတ် အာသာဓာတ် ပွားလေလေ၊ ငတ်မွတ်ဆာလောင်ခြင်း ပြင်းထန်လေလေသာ ဖြစ်၏။ ခံစားတွင်း ခံစားတွင်း ပျောက်ကွယ်ကုန်ခန်း၍ သွားကုန်၏။ အငတ်အာသာ ဟူသော အပူဓာတ်၊ အလောင်ဓာတ် တင်းလင်းနှင့်သာ သေဆုံးကြရကုန်၏။ အရဟတ္တဖိုလ်ချမ်းသာပင် ဖြစ်သော်လည်း ခံစားတွင်း ခံစားတွင်းမှာ ပျောက်ကွယ်ချုပ်ဆုံး၍ သွားတတ်သော အနိစ္စတရားဖြစ်ချေ၍ အသစ်အသစ်ထူထောင်ပြုပြင်၍ ခံစားလိုသော ဆန္ဒ အာသာ အပူအဆာသည် ရှိသည်သာလျှင်တည်း။

> အာသာဆန္ဒ တောင့်တ တမ်းယမ်းခြင်းမည်သည် အကုသိုလ်အရာမှာပင် ဖြစ်စေ၊ ကုသိုလ်အရာမှာပင်ဖြစ်စေ ငတ်မွတ်ဆာလောင်ခြင်းဒုက္ခမှု ချည်းသာတည်း။

**တစ်နည်းကား** လူ့ချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာဟူသော လောကီချမ်းသာစုသည် အလွန်ပျစ်ချွဲသော ပျားရည်၊ တင်လဲရည်နှင့် တူပေ၏။ ပုထုဇဉ်ဖြစ်သော လူ၊ နတ်၊ ဗြဟ္မာစုသည် ချိုသော အရသာကို ခင်တွယ်သော ပိုး ပရွက်တို့နှင့် တူကုန်၏။ ပျားရည်၊ တင်လဲရည်ကို တွေ့ကြသော ထိုပိုး၊ ပုရွက်တို့သည် ပျားရည်၊ တင်လဲရည်မှာနစ်လျက် အသက်ဆုံးရှုံးကြကုန်၏။

ဤအတူ အနမတဂ္ဂသံသရာ၌ လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါအပေါင်းတို့သည် လူ့စည်းစိမ်၊ နတ်စည်းစိမ်၊ ဗြဟ္မာ့စည်းစိမ်မှာနစ်လျက် ဘဝအဆက်ဆက် အသက်ဆုံးရှုံးကြကုန်၏။ အဆာ အငတ် အာသာဓာတ် တင်းလင်းနှင့်သာ သေဆုံးကြရကုန်၏။ အလုံးစုံသော တောင့်တခြင်းခပ်သိမ်းတို့သည် ပရိနိဗ္ဗာန်အစ်တွင် အကြွင်းအကျန် မရှိ ချုပ်ငြိမ်းကြလေကုန်၏။ အရဟတ္တမဂ်သို့အဆိုက်တွင် တဏှာပဏိဓိတရား အကြွင်းမဲ့ ချုပ်ငြိမ်းသည်။ ထိုအခါမှစ၍ တဏှာနှင့်စပ်သော တေဘုမ္မကသုခ၌ တောင့်တခြင်းခပ်သိမ်းတို့သည် ချုပ်ငြိမ်းကုန်၏။ ပရိနိဗ္ဗာနစုတိသို့ အဆိုက်တွင် ဆန္ဒပဏိဓိတရား အကြွင်းမဲ့ချုပ်ငြိမ်းသည်။ ထိုအခါမှစ၍ အာသာဆန္ဒ တောင့်တခြင်း ခပ်သိမ်း အကုန်ငြိမ်း၏။ ထို့ကြောင့် အသင်္ခတမဟာနိဗ္ဗာန်ကြီးကို "အပ္ပဏိဟိတ နိဗ္ဗာန်" ဆိုရသတည်း။

**[ဤကား အပ္ပဏိဟိတနိဗ္ဗာန်တည်း။]**

မိခင်ရောဝတီ

http://www.dhammadownload.com



ဤသုညတနိဗ္ဗာန်၊ အနိမိတ္တနိဗ္ဗာန်၊ အပဏိဟိတနိဗ္ဗာန် ဟူသော အမည် ၃ ပါး သည်လည်း "အာကာရဘေဒေန"တူသော ပါဠိနှင့်အညီ–

၁။ ပလိဗောဓခပ်သိမ်းမှ ကင်းငြိမ်းသော ဂုဏ် (၁)ပါး။

၂။ သင်္ခါရ်၊ နိမိတ်၊ အရိပ်၊ အသွင်ခပ်သိမ်းမှ ကင်းရှင်းသောဂုဏ် (၁)ပါး။

၃။ တောင့်တခြင်း ခပ်သိမ်းမှ ကင်းငြိမ်းခြင်း ဂုဏ်(၁)ပါး။

ဤဂုဏ် (၃)ပါးကို အစွဲပြု၍ နိဗ္ဗာန် (၃)ပါးဆိုသည် စင်စစ်အားဖြင့်မူကား အသင်္ခတ မဟာနိဗ္ဗာန်တစ်ခုတည်းကို (၃)ပါးပြု၍ ဆိုခြင်းသည်သာတည်း။

ထို (၃)ပါးသော ဂုဏ်တို့တွင် အကြင်သူတို့သည် တေဘုမ္မကဓမ္မတို့၏အလယ်၌ ကြောင့်ကြစိုက်ဖွယ် ခပ်သိမ်းတို့ကို ဒုက္ခမှန်းသိကြကုန်၏။ စက်ဆုပ်ကြကုန်၏။ ထိုသူတို့အား နိဗ္ဗာန်သုညတဂုဏ်သည် အလွန်ကောင်းမြတ်သော ဂုဏ်ဖြစ်၏။ အဘယ့်ကြောင့်နည်းဟူမူ နိစ္စ ထာဝရ အမြဲတည်သော နိဗ္ဗာန်တစ်ခုသည်သာလျှင် ကြောင့်ကြစိုက်ဖွယ် ခပ်သိမ်းတို့မှ ကင်းငြိမ်းသော "သုခအစစ်"ဖြစ်ပေသောကြောင့်တည်း။

အကြင်သူတို့သည် တေဘုမ္မကဓမ္မအလယ်၌ ဘေးအမျိုးမျိုး၊ ရန်အမျိုးမျိုး၊ အန္တရာယ်အမျိုးမျိုး၊ ဇရာ မရဏ ဒုက္ခအမျိုးမျိုးတို့၏ တိုးဝှေ့တိုက်ခိုက်နှိပ်စက်ညှဉ်းပန်းမှုတို့ကို ဒုက္ခမှန်းသိကြကုန်၏။ စက်ဆုပ်ကြကုန်၏။ ထိုသူတို့အား နိဗ္ဗာန်၏ "အနိမိတ္တ"ဂုဏ်သည် အလွန်ကောင်းမြတ်သော ဂုဏ်ဖြစ်၏။ ထိုဘေးအပေါင်းတို့သည် သင်္ခါရ်ကြီးငယ်အထည်ဝတ္ထုရှိသော "နိမိတ္တဓမ္မ"တို့၌သာ ထိခိုက်နိုင်ကြကုန်သည်၊ အဇ္ဈောကာသကောင်းကင်သည် တစ်စုံတစ်ခုသော ဘေးထိခိုက်ခြင်းမရှိ၊ မိုးကြိုးလောင်မီးဘေးလည်းမထိနိုင်၊ မီးဘေး၊ ရေဘေး၊ လေဘေး၊ လက်နက်ဘေး၊ ဇရာဘေး၊ မရဏဘေးတို့လည်း မထိနိုင်၊ ဤအတူ နိဗ္ဗာန်သည်လည်း သင်္ခါရ်၊ နိမိတ်၊ အရိပ်၊ အသွင်မထင်သော "အနိမိတ္တ"တရားဖြစ်ပေ၍ ဇရာဘေး၊ မရဏဘေးတို့သော်မှလည်း မထိနိုင်။

အကြင်သူတို့သည် တေဘုမ္မကဓမ္မအလယ်၌ သမုဒ္ဒရာ ဆားငန်ရေကို သောက်သော ယောက်ျားကဲ့သို့ ကာမကို တောင့်တမြော်တမ်းသော ကာမတဏှာ၊ ဘဝကောင်းကို တောင့်တမြော်တမ်းသော ဘဝတဏှာ၊ အာသာတင်းလင်းဆာလောင်ခြင်းဒုက္ခနှင့် တစ်ရံမျှမစဲဘဲ နေရသည်ကို ဒုက္ခမှန်း သိကြကုန်၏။ အလွန်စက်ဆုပ်ကြကုန်၏။ ထိုသူတို့အား နိဗ္ဗာန်၏ "အပ္ပဏိဟိတဂုဏ်"သည် အလွန်ကောင်းမြတ်သော ဂုဏ်ဖြစ်၏။

http://www.dhammadownload.com



ဆိုခဲ့ပြီးသော တစ်ယောက်တစ်ယောက်သော ပုဂ္ဂိုလ်၊ သတ္တဝါ၊ ခန္ဓာဓမ္မတို့၏ အဖြစ်ငြိမ်းမှု၊ ဇာတ်သိမ်းမှုဟူသော အသင်္ခတနိဗ္ဗာန်၏ ပြဆိုခဲ့ပြီးသော "သုညတဂုဏ်၊ အနိမိတ္တဂုဏ်"(၂)ပါးသည် ဘဝတဏှာအားကြီးသော သူတို့အား အချည်းနှီး အဘာဝ[၁] တုစ္ဆ[၂] အနေထင်တတ်၏။ "အပ္ပဏိဟိတ"ဂုဏ်သည် ကာမတဏှာ အားကြီးသော သူတို့အား အချည်းနှီးအဘာဝတုစ္ဆအနေထင်တတ်၏။ ဂုဏ် ၃ပါးကို နေရာတကျ မသိကြကုန်သော သူတို့သည် ပြဆိုခဲ့ပြီးသော အဖြစ်ငြိမ်းမှု၊ ဇာတ်သိမ်းမှုကိုမျှ အဘာဝတုစ္ဆအချည်းနှီးမျှ ထင်ကြကုန်၏။

**ဤတွင်ရွေ့ကား**
**သုညတ၊ အနိမိတ္တ၊ အပ္ပဏိဟိတ နိဗ္ဗာန် (၃)ပါးကို**
**ပြဆိုသော ဒုတိယအခန်းပြီး၏**

■

## ပဌမပုစ္ဆာ ဖြေဆိုချက်

ပြဆိုခဲ့ပြီးသော ကိလေသာဓမ္မ၊ ခန္ဓာဓမ္မတို့၏ အဖြစ်ငြိမ်းမှု၊ ဇာတ်သိမ်းမှု၊ ချုပ်ငြိမ်းမှုကို နိဗ္ဗာန်ဆိုခဲ့သော်-

၁။ ထိုနိဗ္ဗာန်သည် အဘယ်သို့လျှင် ပရမတ္ထအားဖြင့် ထင်ရှားရှိပါသနည်း။

၂။ အဘယ်သို့လျှင် အတုမရှိ မြင့်မြတ်သော ပရမသုခ ဖြစ်ပါသနည်း။

၃။ အဘယ်သို့လျှင် ဂမ္ဘီရ[၃]၊ ဒုဒ္ဒသ[၅]၊ သဏှ[၄]၊ သုခုမ[၆] စသော အနန္တဂုဏ်နှင့် ပြည့်စုံပါသနည်း။ [အမေးပုစ္ဆာ ၃ ချက်]

**အဖြေကား**။ ။ ထိုကိလေသာဓမ္မ၊ ခန္ဓာဓမ္မတို့အား အဖြစ်ငြိမ်းမှု၊ ဇာတ်သိမ်းမှုဟူ၍ မရှိခဲ့ငြားအံ့၊ ထိုကိလေသာ ထိုခန္ဓာသည် အနမတဂ္ဂသံသရာမှာ ရံခါမစဲတစ်ဖြစ်တည်းသာ ဖြစ်၍နေကုန်ရာ၏။ ထိုကိလေသာ ထိုခန္ဓာတို့ကို အဖြစ်ငြိမ်းခြင်းငှာ၊

---

၁။ အဘာဝ -မဖြစ်၊ မရှိ။
၂။ တုစ္ဆ - အချည်းနှီး။
၃။ ဂမ္ဘီရ - နက်နဲသော၊
၄။ သဏှ - သိမ်မွေ့သော၊
၅။ ဒုဒ္ဒသ - မြင်နိုင်ခဲသော၊
၆။ သုခုမ - နူးညံ့သော။

http://www.dhammadownload.com



ဓာတ်သိမ်းခြင်းငှာ အားထုတ်ကြကုန်သော ဘုရားပါရမီ၊ ပစ္စေကဗုဒ္ဓပါရမီ၊ သာဝက ပါရမီတို့သည် အချည်းနှီးသက်သက်သာ ဖြစ်ကုန်ရာ၏။

ထိုသို့ကား မဟုတ်၊ မိမိတို့ ဗောဓိအားလျော်စွာ ပါရမီတရားကို ဖြည့်ဆည်း ပူးကြကုန်သော အလောင်းအလျာတို့သည် မိမိတို့ ဗောဓိအားလျော်စွာ ပါရမီကာလ ပြည့်စုံကြသောအခါ၌ ကိလေသာဝဋ္ဋ၊ ခန္ဓာဝဋ္ဋတို့၏ အဖြစ်ငြိမ်းခြင်း၊ ဓာတ်သိမ်းခြင်းသို့ ကေန္တ ဆိုက်ရောက်ကြကုန်၏။ ထိုကိလေသာထိုခန္ဓာတို့၏ အဖြစ်ငြိမ်းခြင်း၊ ဓာတ်သိမ်း ခြင်း အမှုမည်သည် ကေန်ရှိသော အမှုမဟုတ်၊ လူတို့၏ ပါးစပ်ကသာ ပြောဆိုကြသော ပညတ်မျှသာ ဖြစ်ခဲ့အံ့၊ ကိလေသာချုပ်ငြိမ်းသော အဟုတ်တရား၊ အဟုတ်ရဟန္တာ ဟူ၍ လောကမှာ မရှိလေရာ၊ ထိုအဖြစ်ငြိမ်းမှု၊ ဓာတ်သိမ်းမှုသည် ကေန္တ ရှိ၏။ ထို့ ကြောင့် ကိလေသာကုန်ပြီးသော အဟုတ်တရား၊ အဟုတ်ရဟန္တာရှိကြကုန်၏။

လောက၌ ရောဂါဖြစ်မှုလည်း ကေန္တ ရှိ၏။ ရောဂါပျောက်ငြိမ်းမှုလည်း ကေန္တ ရှိ၏။ ပျောက်ငြိမ်းမှုဟူ၍ မရှိခဲ့အံ့၊ ကပ်ရောက်သော ရောဂါသည် ပျောက်ငြိမ်းသည် ဟူ၍ မရှိရာ၊ ရောဂါကပ်ရောက်သောသူတို့သည် ရောဂါမှ ထသည်ဟူ၍ မရှိကုန်ရာ။

ထိုသို့ကား မဟုတ်၊ ရောဂါပျောက်ငြိမ်းမှုသည်လည်း ကေန္တ ရှိ၏။ ကပ်ရောက်သော ရောဂါမှ ထမြောက်လွတ်ငြိမ်းသော သူတို့လည်း ကေန္တ ရှိကြကုန်၏။ ထို့ကြောင့် လောက၌ ရောဂါပျောက်ငြိမ်းမှုမည်သည် ကေန္တ ရှိ၏ဟု သိအပ်လေသတည်း။ ဤအတူ ကိလေသာ ချုပ်ငြိမ်းမှု၊ ခန္ဓာချုပ်ငြိမ်းမှုသည်လည်း အဟုတ်ကေန် အမှန်စင်စစ် ရှိ၏ဟု မှတ်အပ်၏။

ချုပ်ငြိမ်းမှုမှာ မရှိဘူး မဆိုပါ။ ရှိရိုးမှန်ပါ၏။ ရှိသော်လည်း ပရမတ်သဘော အားဖြင့် ရှိသည်မဟုတ်၊ ဘယ်ဟာတစ်ခု စမ်းတမ်းရှာဖွေမရသော အဘာဝပညတ် အနေအားဖြင့်သာ ရှိပါသည်ဆိုငြားအံ့၊ အဘယ်အနေရှိမှ ပရမတ်ရှိ၊ အဘယ်အနေရှိသော် ပရမတ်ရှိမဟုတ်၊ ပညတ်ရှိသာဖြစ်သည်ဟု သိစွမ်းနိုင်၍ ဆိုသလောဟု မေးလျှင် ပညတ်နှင့် ပရမတ်ခွဲနည်း၊ နိမိတ္တ ပရမတ်နှင့် အနိမိတ္တပရမတ်ခွဲနည်းတို့ကို ပြဆိုရာ ၏။

ပရမတ္ထတို့၌သာ ရထိုက်သော သာသနာ့ကိစ္စကြီး(၄)ပါးရှိ၏။

၁။ ပရိညာကိစ္စ၊

၂။ ဘာဝနာကိစ္စ၊

၃။ ပဟာနကိစ္စ၊

၄။ သစ္ဆိကရဏကိစ္စ

ဤကိစ္စကြီး(၄)ပါးကို ပညတ်တရားတို့၌ မရအပ်။

http://www.dhammadownload.com



**ပရိညာကိစ္စ။** ။ ပရိညာကိစ္စ ဆိုသည်ကား တစ်ခုတစ်ခုသောတရားကို သဘာဝ အားဖြင့် ပိုင်းခြား၍ သိခြင်း၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာအားဖြင့် ပိုင်းခြား၍ သိခြင်းဟူသော ပိုင်ပိုင်နိုင်နိုင် သိခြင်းကိစ္စ (၂)ပါးသည် "ပရိညာကိစ္စ"မည်၏။ ထိုပရိညာဉာဏ်ဖြင့် သဘာဝတ္တကို အရအမိ ဖမ်းယူခဲ့သည်ရှိသော် အကြင်တရား၌ သဘာဝတ္တ အမှန်ရ၏။ ထိုတရားသည် ပရမတ်စစ်အမှန်ဖြစ်၏။ အကြင်တရား၌ သဘာဝတ္တမရ၊ ထိုတရားသည် ပညတ်မည်၏။

**ဥပမာကား။** ။ မျက်လှည့်အတတ်ဖြင့် မြေစိုင်ခဲကို ရွှေခဲလုပ်၍ ပြရာ၌ မြေစိုင်ခဲ အနေမြင်လျှင် သဘာဝတ္တအဟုတ်အမှန်ရ၏။ ရွှေခဲအနေမြင်လျှင် အမှန်မရ၊ မြေခဲသာ အမှန်ဖြစ်၍ မြေကိစ္စ၌သာ သုံး၍ရသည်။ ရွှေကိစ္စ၌ သုံး၍မရ၊ ဤအတူပုဂ္ဂိုလ်ရှိ၏။ သတ္တဝါရှိ၏၊ ယောကျ်ားရှိ၏၊ မိန်းမရှိ၏ဟု ထင်မြင်အပ်သော ပညတ်မည်သည် ပရိညာဉာဏ်နှင့် ကြိတ်နယ်၍ ရှာခဲ့လျှင် ပုဂ္ဂိုလ်မရှိ၊ သတ္တဝါမရှိ၊ ယောကျ်ား မိန်းမ မရှိဟု ဖြစ်လေ၏။ ထိုပုဂ္ဂိုလ်၊ သတ္တဝါ၊ ယောကျ်ား၊ မိန်းမသန္တာန်တို့၌ ခက်မာသော အခြင်းအရာသည်ရှိ၏၊ ဖွဲ့စည်းသောအခြင်းအရာသည်ရှိ၏၊ ပူသော အခြင်းအရာ၊ အေးသောအခြင်းအရာရှိ၏ဟု ပရိညာဉာဏ်ဖြင့် ရှုခဲ့သည်ရှိသော် ပရိညာဉာဏ်အမြင် သန်လေလေ ခက်မာခြင်း၊ ဖွဲ့စည်းခြင်းစသော သဘောတရား ထင်ရှားပေါ်ရှိလေလေ ဖြစ်၏။ ခက်မာခြင်း၊ ဖွဲ့စည်းခြင်းစသော သဘောတရား ထင်ရှားပေါ်ရှိလေလေ ဣတ္ထိ၊ ပုရိသ၊ မိန်းမ၊ ယောကျ်ားမရှိကြောင်း ထင်ရှားလေလေ ဖြစ်၏။

**[ဤကား ပရိညာကိစ္စ၌ချ၍ ပရမတ်၊ ပညတ် (၂)ပါး ခွဲခြမ်းပုံတည်း။]**

**ဘာဝနာကိစ္စ။** ။ ဘာဝနာကိစ္စဆိုသည်မှာ အဆင့်ဆင့် အားခွန်ဗလတိုးတက်၍ ထက်မြက်ကြီးပွားအောင် ပွားများမှုပေတည်း။ ဧကဂ္ဂတာသမာဓိတရားကို အဆင့်ဆင့် ထက်သန်ကြီးပွားအောင် ပွားများပါလျှင် အဘိညာ (၆)ပါးတိုင်အောင်ကြီးပွား၏။ ပညာတရားကို အဆင့်ဆင့် ထက်သန်ကြီးပွားအောင် ပွားများပါလျှင်အရဟတ္တမဂ်ဉာဏ် တိုင်အောင် ကြီးပွား၏။

ပရိညာဉာဏ်နှင့် ရှာကြံ၍မှမရသော ပညတ်တရားသည် အဆင့်ဆင့် အားခွန်ဗလ တိုးပွားအောင်၊ တန်ခိုးဣဒ္ဓိထက်သန်အောင် အဘယ်မှာ ပွားများခြင်းငှာ ရအပ်ပါအံ့နည်း။ သက်သက်သော ကောင်းကင်ပညတ်ကို အရည်အရောင်တင်ခြင်းငှာ၊ မြမြထက်အောင် သွေးခြင်းငှာ၊ တန်ခိုးဣဒ္ဓိပါဒ်ကြီးမားအောင် ပွားများခြင်းငှာ မရအပ်သကဲ့သို့တည်း။

**[ဤကား ဘာဝနာကိစ္စ၌ချ၍ ပရမတ်၊ ပညတ်(၂)ပါးခွဲခြမ်းပုံတည်း။]**

http://www.dhammadownload.com



**ပဟာနကိစ္စ။** ။ ပဟာနကိစ္စဆိုသည်ကား မကောင်းသော အညစ်တရားကို ပယ်ရှားဖြတ်တောက်မှုပေတည်း။ စိတ်သန္တာန်ဝယ် လွန်စွာဖြစ်ပွားသော လောဘ၊ ဒေါသ၊ မောဟ တရားတို့သည် သတ္တဝါကို အပါယ်ငရဲသို့ ချကုန်၏။ ထိုတရားတို့ကို တဒင်္ဂအားဖြင့် ပယ်ရှားလျှင် လူချမ်းသာ၊ နတ်ချမ်းသာကို ရ၏။ ဝိက္ခမ္ဘနအားဖြင့် ပယ်ရှားလျှင် ရူပ၊ အရူပ ဗြဟ္မာ့ချမ်းသာကို ရ၏။ သမုစ္ဆေဒအားဖြင့် ပယ်ရှားလျှင် လောကုတ္တရာ မဂ်ချမ်းသာ၊ ဖိုလ်ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာကို ရ၏။

ပရိညာဉာဏ်နှင့် ရှာကြံ၍မှ မရကောင်းသော ပညတ်တရားမှာ အဘယ်ပညတ် လွန်စွာပွား၍ အပါယ်(၄)ပါးသို့ ကျရောက်သည်။ အဘယ်ပညတ်ကို ပယ်ရှား၍ နတ်ရွာနိဗ္ဗာန်ကို ရသည်ဟု မရှိ။ ပုဂ္ဂိုလ်၊ သတ္တဝါ၊ မိန်းမ၊ ယောကျ်ားဟု ထင်မှတ်သော ပညတ်တရားသည် ဧကန်ရှိသော တရားမဟုတ်၍ မပယ်ရှားသော်လည်း အပါယ်သို့ မချနိုင်။ လူဟူသော ပညတ်ကို ပယ်ရှား၍ နတ်ဟူသော ပညတ်၊ ဗြဟ္မာဟူသော ပညတ်ကို ထင်မှတ်သော်လည်း နတ်၊ ဗြဟ္မာဖြစ်၍မသွား။

**[ဤကား ပဟာနကိစ္စ၌ချ၍ ပရမတ်၊ ပညတ်(၂)ပါးခွဲခြမ်းပုံတည်း။]**

**သစ္ဆိကရဏကိစ္စ။** ။ သစ္ဆိကရဏကိစ္စ ဆိုသည်ကား ကိုယ်တွေ့ဉာဏ်(၂)ပါး ကို ဆိုသတည်း။

ကာယေန အမတံ ဓာတုံ ဖုသိတွာ နိရူပဓိံ။ [ဣတိဝုတ်ပါဠိတော်]

နိရူပဓိံ၊ ဥပဓိ ၄ ပါးမှ ကင်းလွတ်သော။ အမတံ ဓာတုံ၊ အမြိုက်နိဗ္ဗာန်ဓာတ် ကို။ ကာယေန၊ ကိုယ်ဖြင့်။ ဖုသိတွာ၊ ဆိုက်တွေ့၍။ **[အနက်]**

ပဟိတတ္တော သမာနော ကာယေန စေဝ ပရမံ သစ္စံ သစ္ဆိကရောတိ၊ ပညာယ စ တံ ပဋိဝိဇ္ဈ ပဿတိ။ **[မဇ္ဈိမ ပဏ္ဏာသ စင်္ကီသုတ်။]**

ပဟိတတ္တော၊ စွန့်လွှတ်အပ်သော ကိုယ်စိတ်ရှိသည်။ သမာနော၊ ဖြစ်သည် ရှိသော်။ ကာယေန စေဝ၊ ခန္ဓာပဉ္စကကာယဖြင့်လည်း။ ဝါ၊ နာမကာယဖြင့်လည်း။ ပရမံ သစ္စံ၊ အမြတ်ဆုံးဖြစ်သော နိရောဓသစ္စာကို။ သစ္ဆိကရောတိ၊ မျက်မှောက်ပြုရ၏။ ပညာယစ၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ ပစ္စဝေက္ခဏာဉာဏ်ဖြင့်လည်း။ တံ၊ ထိုနိရောဓ သစ္စာကို။ ပဋိဝိဇ္ဈ၊ ထိုးထွင်း၍။ ပဿတိ၊ မြင်ရ၏။ **[အနက်]**

ဤပါဠိတော်တို့ကို ထောက်၍ ကိုယ်တွေ့ဟူသော သစ္ဆိကရဏကို သိရမည်။ အမြိုက်နိဗ္ဗာန်ကို အဘယ်သို့ ကိုယ်ဖြင့် တွေ့လေသနည်းဟူမူကား ဦးခေါင်း၌ လောင်မီးကျ၍ တောက်လောင်၍ ထိုလောင်မီးငြိမ်းရာ၌ လောင်မီး လောင်မှုသည်လည်း ကိုယ်အင်္ဂါ၌ဖြစ်၍ ကိုယ်တွေ့ပင်ဖြစ်၏။ မီးငြိမ်းမှုသည်လည်း ကိုယ်အင်္ဂါ၌ဖြစ်၍

http://www.dhammadownload.com



ကိုယ်တွေ့ပင်ဖြစ်၏။ ကိုယ်အင်္ဂါ၌ကြီးစွာသော မြားကြီး၊ ငြောင့်ကြီးစူးရာ၌ မြားကြီး၊ ငြောင့်ကြီး၏ စူးမှုသည်လည်း ကိုယ်တွေ့ပင်ဖြစ်၏။ မြားကြီး၊ ငြောင့်ကြီး ကျွတ်မှု၊ မြားနာ၊ ငြောင့်နာငြိမ်းမှုသည်လည်း ကိုယ်အင်္ဂါမှာဖြစ်၍ ကိုယ်တွေ့ပင်ဖြစ်၏။ ကိုယ်မှာ ကျောက်နာရောဂါဖြစ်၍ ပျောက်ငြိမ်းရာ၌ ကျောက်နာရောဂါ ပေါ်ပေါက်မှုသည်လည်း ကိုယ်တွေ့ပင်ဖြစ်၏။ ထိုကျောက်နာရောဂါဖြစ်၍ ပျောက်ငြိမ်းမှုသည်လည်း ကိုယ်တွေ့ပင်ဖြစ်၏။ ဝမ်းတွင်းရင်တွင်းမှာ လေနာရောဂါရောက်၍ ပျောက်ငြိမ်းရာ၌ လေနာရောဂါရောက်မှု၊ ပျောက်ငြိမ်းမှု (၂)ပါးသည် ကိုယ်တွေ့ချည်းတည်း။

အနာဂတ်မှုမျိုး၌လည်း တစ်ယောက်သောသူသည် တစ်ခုသော အပြစ်ဒဏ်ကြောင့် ယခုနေ့မှ (၁၀) ရက်တိုင်လျှင် ကြိုးဒဏ်ပေးစေဟု အမိန့်ကျလေ၏။ ကြိုးဒဏ်မှုကြီးရောက်လေ၏။ ငါသည် (၁၀) ရက်တိုင်လျှင် သေရတော့မည်ဟု အလွန်ပူပန်ခြင်းဖြစ်လေ၏။ (၅)ရက်မြောက်တွင် လွတ်ငြိမ်းစေဟူသော အမိန့်ကို ရပြန်လေ၏။ ကြိုးဒဏ်မှလွတ်၍ အလွန်ချမ်းမြေ့ခြင်း ဖြစ်ရလေ၏။ ကြိုးဒဏ်သည် မိမိကိုယ်၌ဆိုက်တိုက်သောဘေးကြီးပေတည်း။ ကြိုးဒဏ်ကြောင့် ပူပန်ရမှု၊ ကြိုးဒဏ်ငြိမ်း၍ အေးချမ်းရမှုတို့သည် မိမိစိတ်ထဲမှာ ထင်ရှားစွာ တွေ့ရသော ကိုယ်တွေ့အမှုတို့ချည်းပေတည်း။

ရှေ့သို့ရောက်လတ္တံ့သော အနေနှင့် ပူပန်ခြင်းဖြစ်ရသော အနာဂတ်ဘေးတို့၏ ပျောက်ငြိမ်းမှု ငြိမ်းပေပြီဟု အေးချမ်းမှု အလုံးစုံတို့မှာ ဤနည်းချည်းသိလေ။

**[ဤကား လောက၌ ရှိကြသော ဘေးတို့၏ ဖြစ်မှု၊ ငြိမ်းမှု ကိုယ်တွေ့စုတည်း။]**

ဤအတူ သက္ကာယဒိဋ္ဌိသည် နှလုံးသား၌ စူးမြုပ်၍နေသော ငြောင့်ကြီးတစ်စင်းပေတည်း။ ဝိစိကိစ္ဆာသည် နှလုံးသား၌ စူးမြုပ်၍နေသော ငြောင့်ကြီးတစ်စင်း ပေတည်း။ ၁၅၀၀ကိလေသာတို့သည် နှလုံးသား၌ စူးမြုပ်၍နေကုန်သော ငြောင့်ကြီးပေါင်း ၁၅၀၀ တို့တည်း။ ခပ်သိမ်းသော သတ္တဝါတို့အား ဖြစ်လေရာရာ နှလုံးတွင်းမှာ အစဉ်ပါ၍နေကုန်သော ငရဲမျိုးစေ့တို့ပေတည်း၊ ငရဲအိုးပေတည်း၊ ငရဲမီးတို့ပေတည်း။ ထို ၁၅၀၀ ကိလေသာတို့မှ ကျွတ်လွတ်ကြကုန်သော သူတို့သည် ဘဝများစွာ ပါရမီတရားတို့ကို ဖြည့်ကျင့်ကြကုန်၏။ အဆုံးဘဝ၌လည်း သီလဝိသုဒ္ဓိအစရှိသော ဝိသုဒ္ဓိတရားတို့ကို ဖြည့်ကျင့်ကြရကုန်၏။

သောတာပတ္တိမဂ်သို့ ဆိုက်ရောက်သောအခါ အလွန်ပူလောင် ကြပ်တည်းလှစွာသော သက္ကာယဒိဋ္ဌိ၊ ဝိစိကိစ္ဆာ ဟူသော သံငြောင့်ကြီး ၂စင်းတို့သည် နှလုံးအိမ်တွင်းမှ ကျွတ်လွတ်ကြလေကုန်၏။ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာတည်းဟူသော ငရဲမျိုးစေ့ကြီး နှစ်ပါးတို့သည်

http://www.dhammadownload.com



ငရဲအိုးကြီး ၂လုံးတို့သည်၊ ငရဲမီးကြီး ၂ပါးတို့သည် နှလုံးအိမ်တွင်းမှ ကွယ်ပျောက် ချုပ်ငြိမ်းကြလေကုန်၏။ ဘဝအဆက်ဆက်တို့၌ ပြုခဲ့သော အပါယ် ပဋိသန္ဓေကို ဖြစ်စေနိုင်သော အကုဋ္ဌမကသော ဒုစရိုက်ကံတို့သည် အကုန်ကွယ်ပျောက် ချုပ်ငြိမ်း ကြလေကုန်၏။ ဖြစ်လေရာဘဝတို့၌ ကြောင့်ကြဖွယ်တစ်ခုဖြစ်သော အပါယ်ဒုက္ခ သည် အပြီးကင်းလွတ်လေ၏။ သံကြောင့်ကြီး ၂ စင်းကျွတ်မှုသည်လည်း ထိုပုဂ္ဂိုလ်၏ နှလုံးအိမ်တွင်းမှာ ကျွတ်မှုဖြစ်ပေ၍ ကိုယ်တွင်းမှာ တွေ့ရသော ကိုယ်တွေ့ ပေတည်း။

ထိုသို့တွေ့သော ကိုယ်တွေ့မှုကို "ကာယသစ္ဆိကရဏ"ဆိုသတည်း။ "ကာယေန အမတံ ဓာတုံ ဖုသိတွာ နိရုပဓိ"ဟူသော ပါဠိတော်အတိုင်း ကိုယ်တွေ့ ဟူ၍ ဆိုပေ သည်။ ထိုပုဂ္ဂိုလ်သည် ငါ့အား ငြောင့်ကြီး ၂စင်း ကျွတ်လွတ်ပေပြီဟု ရှုမြင်သောအခါ ဉာဏ်တွေ့ဖြစ်ကြပြန်၏။

## (ကိုယ်တွေ့က ဉာဏ်တွေ့ (၂)ပါး)

အထက်ဥပမာ၌ မြားကြီး ငြောင့်ကြီးစူးသော သူမှာ ထိုမြားထိုငြောင့်တို့၏ စူးမှု၊ နာကျင်မှုတို့သည်လည်း ကိုယ်အင်္ဂါမှာ တွေ့ရသော ကိုယ်တွေ့ပင်ဖြစ်ကုန်၏။ ထိုမြား ထိုငြောင့်တို့၏ ကျွတ်မှု၊ အနာအကျင်ပျောက်ငြိမ်းမှုတို့သည်လည်း ကိုယ်အင်္ဂါမှာ တွေ့ရသော ကိုယ်တွေ့ပင်ဖြစ်ကုန်၏။ ဤဥပမာ၌ ငါ၏ကိုယ်အင်္ဂါမှာစူးသော မြားကြီး၊ ငြောင့်ကြီးကျွတ်လေပြီ။ ငါ၏ကိုယ်မှာ မြားနာ၊ ငြောင့်နာ ပျောက်ငြိမ်းပေပြီ ဟု ရှုမြင်သောအခါ စိတ်တွေ့ ဉာဏ်တွေ့ဖြစ်ပြန်သကဲ့သို့ မှတ်လေ။

နှလုံးတွင်းမှာ အစဉ်ပါ၍နေသော ငရဲမျိုးစေ့တို့၏ ပျက်ဆုံးမှု၊ ငရဲအိုးကြီးတို့၏ ပျောက်ကွယ်မှု၊ ငရဲမီးကြီးတို့၏ သေငြိမ်းမှု၊ အပါယ်၌ ပစ်ချနိုင်ကုန်သော ဒုစရိုက်ကံ တို့၏ ချုပ်ငြိမ်းမှု၊ နောင်ဖြစ်လတ္တံ့သော အပါယ်ဘဝတို့၏ ချုပ်ငြိမ်းမှုတို့သည်လည်း ထိုသက္ကာယဒိဋ္ဌိ၊ ဝိစိကိစ္ဆာ အချုပ်တွင် တစ်ချက်တည်း ပြီးကြလေကုန်၏။

## (အထက်ကပြဆိုခဲ့သော ဥပမာစုနှင့်တိုက်၍ သိလေ။)

နောင်အပါယ်ငရဲ၌ ဖြစ်ပေါ်လတ္တံ့သော ခန္ဓာအဆက်ဆက်တို့၏ ချုပ်ငြိမ်းမှုကို လည်း သောတာပတ္တိမဂ်အဆိုက်မှာ အပြီးအပိုင်ရလေ၏၊ ရောက်လေ၏။ ငါ့အား အပါယ်ခန္ဓာစု အကုန်ချုပ်ငြိမ်းပေပြီ၊ အပါယ်လေးပါးမှ လွတ်ငြိမ်းပေပြီဟု အပြီးစိတ်ချ ရလေ၏။ ပီတိသောမနဿ အနပ္ပကမ်း[၁] ဖြစ်ရလေ၏။ နောင်အပါယ်ငရဲ၌ ဖြစ်ပေါ်လတ္တံ့

---

၁။ အနပ္ပကမ်း၊ အနပ္ပက(ပါဠိ)အနည်းငယ်မဟုတ်-အလွန်များစွာ

http://www.dhammadownload.com



ဟူသော အသံကို နားယောင်၍ အပါယ်ခန္ဓာတို့၏ ချုပ်ငြိမ်းမှုကိုလည်း နောင်သော အခါမှ ရလတ္တံ့၊ ရောက်လတ္တံ့ဟု အထင်ကပ်၍ နေတတ်၏။

သောတာပတ္တိမဂ်ခဏ၌ ထိုဒိဋ္ဌိ၊ ဝိစိကိစ္ဆာ စသည်တို့၏ ချုပ်ငြိမ်းမှုသည် "အသခ်ိတမဟာနိဗ္ဗာန်ကြီး"ပင်တည်း။ ထိုပုဂ္ဂိုလ်၏သန္တာန်၌ အချို့သော ကိလေသာ အချို့သောခန္ဓာ အကြွင်းအကျန်ရှိသေးသည်ကို အကြောင်းပြု၍ ထိုအသခ်ိတ မဟာနိဗ္ဗာန်ကြီးကို "သဉပါဒိသေသနိဗ္ဗာန်"ဟု ခေါ်ဆိုရလေသတည်း။

သောတာပတ္တိမဂ်ခဏ၌ ထိုဒိဋ္ဌိ၊ ဝိစိကိစ္ဆာ စသည်တို့၏ ချုပ်ငြိမ်းမှုသည် အစဉ်ထာဝရအမြဲတည်သော အမှုပေတည်း၊ အနုပါဒိသေသနိဗ္ဗာန်နှင့် တစ်ပြင်တည်း တစ်ဆက်တည်း တစ်ခုတည်းပေတည်း။ မြားကြီး၊ ငြောင့်ကြီးတို့၏ ကျွတ်မှု၊ မြားနာ၊ ငြောင့်နာတို့၏ ပျောက်ငြိမ်းမှုသည် ကိုယ်တွင်းမှာ တွေ့ရ၍ ကာယသစ္ဆိကရဏ ဖြစ်ရသကဲ့သို့ ပညတ်တရားတို့မှာ ကိုယ်တွင်းမှာ တွေ့ရသော "ကာယသစ္ဆိကရဏပညတ်" ဟူ၍ တစ်စုံတစ်ခုမျှမရှိ။

ပရမတ္ထအားဖြင့် ဣတ္ထိဘာဝ[1] ရှိသောသူကို ယောက်ျားဟူသော သမ္မုတိပညတ် စွဲမှတ်တင်စား၍ ယောက်ျားဖြစ်လာသည်ဟူ၍ မရှိ၊ ပုရိသဘာဝ[2] ရှိနေသောသူကို မိန်းမဟူသော သမ္မုတိပညတ်စွဲမှတ်တင်စား၍ မိန်းမဖြစ်လာသည်ဟူ၍မရှိ၊ ရှေးကုသိုလ် ကံနည်း၍ ဆင်းရဲဒုက္ခိတဖြစ်နေသောသူကို မောင်ချမ်းသာ၊ မောင်ကြွယ်ဝ၊ မောင်သုခ၊ မောင်သူဌေး ဟူသော သမ္မုတိပညတ်စွဲမှတ်တင်စား၍ လူချမ်းသာဖြစ် လာသည်။ လူကြွယ်ဝဖြစ်လာသည် ဟူ၍မရှိ။ အနာရောဂါနှိပ်စက်၍ နေသောသူကို "မောင်မာကျန်း" ဟူသော ပညတ်စွဲမှတ်ခေါ်ဝေါ်၍ အနာရောဂါကင်းရှင်းသည် ဟူ၍ မရှိ၊ ဤသို့လျှင် ပညတ်တရားမည်သည် ကိုယ်သန္တာန်မှာ ကိုယ်တွေ့ဒိဋ္ဌတွေ့ကြုံရသော "ကာယ သစ္ဆိကရဏ ပညတ်"ဟူ၍ တစ်စုံတစ်ခုမျှမရှိ။ အမြိုက်နိဗ္ဗာန်မှာမူကား "ကာယသစ္ဆိ ကရဏ" ကေန္တ ရှိ၏။ အမြိုက်နိဗ္ဗာန်ကြီးကို မဆိုထားဘိဦး၊ လောက၌ တစ်စုံတစ်ယောက် သောသူမှာ အဖျားရောဂါကပ်ရောက်၍ တစ်ကိုယ်လုံးပွက်ပွက်ဆူ ပူလောင်လှ၍ ရပ်တည်မရ လူးလဲ၍နေလေရာ အဖျားရောဂါကို နိုင်နင်းလှသော ဝိဇ္ဇာမယ ဓာတ်ဆေးကို သောက်မျိုရ၍ ခဏချင်း ပျောက်ငြိမ်းလေရာ ထိုအဖျားရောဂါ၏ ပျောက်ငြိမ်းအေးချမ်းမှု သည် ထိုသူမှာ ကိုယ်တွေ့ဒိဋ္ဌကေန္တဖြစ်၏။ ချမ်းသာပေပြီ၊ ငြိမ်းပေပြီ၊ အေးပေပြီဟု ပြော၍ မဆုံးနိုင်၊ ဝမ်းမြောက်ဝမ်းသာ၍ မဆုံးနိုင်ရှိ၏။

---

၁။ ဣတ္ထိဘာဝ–မိန်းမ၏အဖြစ်။

၂။ ပုရိသဘာဝ – ယောက်ျား၏အဖြစ်။

http://www.dhammadownload.com



၁။ ခေါင်းခဲနာ၊ ခေါင်းကိုက်နာတို့၏ ခေါင်းမှာဖြစ်ပွားမှု၊ ခေါင်းမှာ ပျောက်ငြိမ်းမှု။
၂။ မျက်စိနာတို့၏ မျက်စိမှာဖြစ်ပွားမှု၊ မျက်စိမှာပျောက်ငြိမ်းမှု။
၃။ နားကိုက်နာတို့၏ နားမှာဖြစ်ပွားမှု၊ နားမှာ ပျောက်ငြိမ်းမှု။
၄။ နှာခေါင်းနာတို့၏ နှာခေါင်းမှာ ဖြစ်ပွားမှု၊ နှာခေါင်းမှာ ပျောက်ငြိမ်းမှု။
၅။ ခံတွင်းနာ၊ သွားနာ၊ လျှာနာတို့၏ ခံတွင်း၊ သွား၊ လျှာတို့မှာဖြစ်ပွားမှု၊ ခံတွင်း၊ သွား၊ လျှာတို့မှာ ပျောက်ငြိမ်းမှု။
၆။ အဆုတ်မှာဖြစ်သော အနာတို့၏ အဆုတ်မှာ ပျောက်ငြိမ်းမှု။
၇။ အသည်းမှာဖြစ်သော အနာတို့၏ အသည်းမှာ ပျောက်ငြိမ်းမှု။

ဤသို့ အစရှိသည်ဖြင့် ထိုထို ကိုယ်တွင်းအင်္ဂါမှာ ဖြစ်ပွားကုန်၍ ထိုထို ကိုယ်တွင်းအင်္ဂါမှာ ပျောက်ငြိမ်းမှုတို့သည် ထိုသူမှာ ကိုယ်တွေ့ဒိဋ္ဌကေန္တ ဖြစ်၏။ ချမ်းသာပေပြီ၊ ငြိမ်းပေပြီ၊ အေးပေပြီဟု ပြောမဆုံးနိုင်၊ ဝမ်းမြောက် ဝမ်းသာ၍ မဆုံးနိုင်ရှိကြရကုန်၏။

**(ဤကား ရူပကာယ၌ဖြစ်သော အနာရောဂါတို့၏ ရူပကာယ၌ ပျောက်ငြိမ်းမှုကို ရူပကာယတည်းဟူသော ကိုယ်ဖြင့် ကိုယ်တွေ့ဒိဋ္ဌ ဖြစ်ကြပုံတည်း။)**

အလွန်ချစ်ခင်လှစွာသော သား၊ မယားတို့၏ သေဆုံးမှုကြောင့် အပြင်းအထန် ပူပန်ပင်ပန်း၍ နေသောသူတို့အား ပညာရှိတို့၏ တရားစကားကို ကြားနာရ၍ ခဏချင်း အေးငြိမ်းကြရာ၌ စိတ်သန္တာန်ဟု ဆိုအပ်သော နာမကာယ၌ ဖြစ်ပွားသော သောက၊ ဒုက္ခနာတို့၏ နာမကာယ၌ ပြေပျောက်အေးငြိမ်းမှုကို နာမကာယတည်းဟူသော ကိုယ်တွေ့ဒိဋ္ဌဖြစ်ကြကုန်၏။

ဣဋ္ဌဝတ္ထု[၁] ပိယဝတ္ထု[၂] တို့၏ ပျောက်ပျက် ဆုံးပါးမှုကြောင့် ခပ်သိမ်းသောစိတ်၏ ပူပန်ပင်ပန်းမှု ခဏချင်း အေးငြိမ်းရာ ဟူသမျှတို့မှာ ဤနည်းတူ သိလေ။

မင်းဘေးသင့်၍ ယနေ့မှနောက် (၃) ရက်မြောက်၌ အသက်ခန္ဓာ အဆုံးစီရင်စေဟု မင်းမိန့်အာဏာကျပြီးသောသူအား အသက်ခန္ဓာကို ခြွေတတ်သော လက်နက် ဒဏ်ချက်ကို (၃) ရက်မြောက်သောနေ့မှာ ရူပကာယ၌ ဆိုက်ရောက်လတ္တံ့၊ ရူပကာယဖြင့် ကိုယ်တွေ့ဒိဋ္ဌဖြစ်ရလတ္တံ့၊ ငါသည် သေရတော့မည်ဟု စိတ်နှလုံး ပူဆွေးမှုမှာမူကား အမိန့်အာဏာစကားကို ကြားရသည်နှင့် တစ်ပြိုင်နက် စိတ်သန္တာန်ဟူသော နာမကာယ၌ ဆိုက်ရောက်လေ၏။ နာမကာယဖြင့် ကိုယ်တွေ့ဒိဋ္ဌဖြစ်ရလေ၏။

---

၁။ ဣဋ္ဌဝတ္ထု–အလိုရှိအပ်သောအရာ၊
၂။ ပိယဝတ္ထု–ချစ်နှစ်လိုအပ်သောအရာ။

http://www.dhammadownload.com



ထိုသူသည် အလွန်ပူဆွေး၍နေစဉ် ကယ်ဆယ်သူရှိ၍ ဒုတိယနေ့မှာ လွတ်ငြိမ်းစေ ဟူသော အမိန့်ကို ရလေ၏။ တတိယနေ့သို့ ဆိုက်လျှင် ရူပကာယ၌ ဆိုက်ရောက်လတ္တံ့သော သေဘေးသည် လွတ်ငြိမ်းစေဟူသော အမိန့်ထုတ်ပြန်သည်နှင့် တစ်ပြိုင်နက် ရူပကာယ၌ လွတ်ငြိမ်းလေ၏။ စိတ်နှလုံး၌ ဆိုက်တိုက်၍နေသော ပူဆွေးမှု ဟူသည်ကား လွတ်ငြိမ်းစေဟူသော အမိန့်ကို မိမိနား၌ ကြားသောအခါမှ နာမကာယ၌ လွတ်ငြိမ်းလေ၏။ စိတ်နှလုံး၏အေးငြိမ်းမှုသည် စိတ်နှလုံးတွင် အထင်အရှား ကိုယ်တွေ့ဒိဋ္ဌဖြစ်ရလေ၏။

ရူပကာယ၌ ဆိုက်တွေ့သော လွတ်ငြိမ်းမှုတစ်ပါး၊ နာမကာယ၌ ဆိုက်တွေ့သော လွတ်ငြိမ်းမှုတစ်ပါး ဤသို့လျှင် လောက၌ရှိကြသော တဒင်္ဂငြိမ်းမှုစုမှာပင် "ကာယသက္ခိကရဏ" ကေန္တ ရှိသေး၏။

အနမတဂ္ဂသံသရာ၌ မိမိ၏အဇ္ဈတ္တသန္တာန်၌ ဖြစ်၍လာခဲ့သော သက္ကာယဒိဋ္ဌိ၊ ဝိစိကိစ္ဆာ အစရှိသော အပူအလောင်တရားတို့၏ အကြွင်းမဲ့ ကွယ်ပျောက်ချုပ်ငြိမ်းခြင်းဟူသော အမြိုက်နိဗ္ဗာန်ကြီးမှာမူကား အဘယ်မှာ "ကာယသက္ခိကရဏ"ကေန္တ မရှိဘဲ နေပါအံ့နည်း။ ရှိသည် မှန်၏။ သောတာပန်ပုဂ္ဂိုလ်အား ငါ၏စိတ်သန္တာန်မှာ အစဉ်ပါ၍နေသော ဒိဋ္ဌိ၊ ဝိစိကိစ္ဆာသည် ယခုပျောက်ငြိမ်းပေပြီ၊ ချုပ်ငြိမ်းပေပြီ၊ ကျွတ်လွတ်ပေပြီ၊ ငါ၏ကိုယ်မှာ အစဉ်ပါ၍နေသော အကုသလကမ္မပထ[၁] တရားတို့သည် ယခု ပျောက်ငြိမ်းပေကုန်ပြီ၊ ချုပ်ငြိမ်းပေကုန်ပြီ၊ ကျွတ်လွတ်ပေကုန်ပြီ၊ ရှေ့ကဆီး၍ နေသော အပါယ်ဘေးတို့သည်လည်း ယခုပျောက်ငြိမ်းပေကုန်ပြီ၊ ချုပ်ငြိမ်းပေကုန်ပြီ၊ ကျွတ်လွတ် ပေကုန်ပြီဟု အသက်ထက်ဆုံး ဝမ်းမြောက်၍ မဆုံးနိုင်ရှိလေ၏။

ဤမျှလောက် ကာယသက္ခိကရဏ၊ ဉာဏသက္ခိကရဏကိစ္စ(၂)ပါးတို့ဖြင့် ကိုယ်မှာ ဒိဋ္ဌတွေ့ကြုံရသော နိဗ္ဗာန်သည် အဘယ်မှာ ပရမတ္ထအားဖြင့် ထင်ရှားရှိသော တရား မဟုတ်ဘဲရှိချေအံ့နည်း။

**ဤတွင်ရွေ့ကား ကိလေသာမွေ့၊ ခန္ဓာမွေ့တို့၏ အဖြစ်ငြိမ်းမှု၊ စိတ်သိမ်းမှု၊ ချုပ်ငြိမ်းမှုကို နိဗ္ဗာန်ဆိုခဲ့သော် ထိုနိဗ္ဗာန်သည် အဘယ်သို့လျှင် ပရမတ်အားဖြင့် ထင်ရှားရှိပါသနည်းဟူသော ပထမပုစ္ဆာ ဖြေဆိုချက်ပြီး၏။**

■

---

၁။ အကုသလကမ္မပထ– အပြုအမူပြီးမြောက်သော မကောင်းမှုသဘော။

http://www.dhammadownload.com



# ဒုတိယပုစ္ဆာဖြေဆိုချက်

အဘယ်သို့လျှင် အတုမရှိ မြင့်မြတ်သော ပရမသုခ ဖြစ်ပါသနည်းဟူသော ဒုတိယပုစ္ဆာ၌–

သုခသည်–

၁။ သန္တိသုခ

၂။ ဝေဒယိတသုခ

ဟူ၍ လောက၌ သုခ ၂ မျိုး ထင်ရှားရှိကြသည်။

**သန္တိသုခ။** ။ သန္တိသုခ ဆိုသည်ကား ဖြစ်ပွားနှိပ်စက်၍နေသော အနိဋ္ဌဓမ္မ၊ ဝိပတ္တိဓမ္မတို့၏ ပျောက်ငြိမ်းမှု၊ လွတ်ငြိမ်းမှုဟူသော သန္တိသုခမျိုး။

မကြာမီ ဧကန္တတွေ့ကြုံရတော့မည်ဟု နှလုံးပူဆွေး၍ နေရသော အနိဋ္ဌဓမ္မ၊ ဝိပတ္တိဓမ္မတို့၏ ပျောက်ငြိမ်းမှု လွတ်ငြိမ်းမှု ဟူသော သန္တိသုခတစ်မျိုး။

တွေ့ချိမ့်မည်လား၊ တွေ့၍ထားလျှင် ပြီးပါပြီ၊ ခက်ပါပြီဟု ကြံ၍ ပူဆွေးရသော အနိဋ္ဌဓမ္မ၊ ဝိပတ္တိဓမ္မတို့၏ ပျောက်ငြိမ်းမှု၊ လွတ်ငြိမ်းမှုဟူသော သန္တိသုခတစ်မျိုး။

ဤ(၃)မျိုးသော သုခတို့သည် ခံစား စံစားရာ တစ်စုံတစ်ခုသော ဝတ္ထုကို ရ၍ ခံစား စံစားရသော သုခမျိုး မဟုတ်ကုန်။ စင်စစ်သော်ကား ဆိုက်တိုက်၍ နေသော အနိဋ္ဌဓမ္မ၊ ဝိပတ္တိဓမ္မတို့မှ လွတ်ငြိမ်းသော သန္တိသုခမျိုးတို့သာတည်း။ ဤသန္တိသုခမျိုးတို့မှာ တစ်စုံတစ်ယောက်သော ဝတ္ထုတို့ကို မရသည့်ပြင် မိမိတို့ကပင် ဆိုက်ရောက်သော ဥပဒ်ဘေးရန် အားလျော်စွာ ရွှေ၊ ငွေ၊ အသပြာ၊ ဥစ္စာ ပစ္စည်းအကုန်ခံ၍ လွတ်ငြိမ်းမှုကိုရအောင် အားထုတ်ကြရကုန်၏။

တစ်မူးတန်အကုန်ခံမှရသော လွတ်ငြိမ်းမှု။

တစ်မတ်တန်အကုန်ခံမှရသော လွတ်ငြိမ်းမှု။

ငါးမူးတန်၊ တစ်ကျပ်တန် အကုန်ခံမှ ရသောလွတ်ငြိမ်းမှု။

တစ်ဆယ်တန် အကုန်ခံမှ ရသောလွတ်ငြိမ်းမှု။

နှစ်ဆယ်တန်၊ သုံးဆယ်တန်၊ လေးဆယ်တန်၊ ငါးဆယ်တန်၊ တစ်ရာတန်၊ နှစ်ရာတန်၊ သုံးရာတန်၊ လေးရာတန်၊ ငါးရာတန်၊ တစ်ထောင်တန် အကုန်ခံမှ ရသော လွတ်ငြိမ်းမှု။

နှစ်ထောင်တန်၊ သုံးထောင်တန်၊ လေးထောင်တန်၊ ငါးထောင်တန်၊ တစ်သောင်းတန်၊ တစ်သိန်းတန်၊ တစ်သန်းတန် အကုန်ခံမှ ရသောလွတ်ငြိမ်းမှု။

မိမိပိုင်ထိုက်သော သက်ရှိ၊ သက်မဲ့ကို အကုန်စွန့်မှ ရသော လွတ်ငြိမ်းမှု။

မြို့ရွာ တိုင်းပြည်ကိုစွန့်မှ ရသော လွတ်ငြိမ်းမှု။

http://www.dhammadownload.com



အပါယ်ဘေး ဆိုက်ရောက်သည်ဖြစ်၍ မိမိအသက်ကိုစွန့်မှ ရသော လွတ်ငြိမ်းမှု။

ဤသို့လျှင် ဆိုက်ရောက်သော ဘေးဥပဒ်အားလျော်စွာ မိမိလက်ရှိ စည်းစိမ်တို့ကို စွန့်လွှတ်မှ အကုန်ခံမှရသော သုခမျိုးသည် သန္တိသုခမျိုး မည်၏။

ဇီဝကဝတ္ထု၌ သာကေတမြို့နေ သူဌေးကတော်သည် ဦးယဉ်းခေါင်းခဲနာ နှစ်ရှည်လများ စွဲကပ်လေရာ ဇီဝကဆရာအား (၄)သိန်းသော အသပြာကို ပေး၍ လွတ်ငြိမ်းမှုကို ရလေ၏။

ရာဇဂြိုလ်သူဌေးသည် ဦးယဉ်းခေါင်းခဲနာ လွတ်ငြိမ်းမှုတစ်ခုကို ရပါမည့်အတွက်နှင့် သက်ရှိ၊ သက်မဲ့ အကုန်ပေးပါမည်ဟု ဆိုရလေ၏။

တစ်ပါးသော မင်းသည် တစ်ယောက်သော မင်း၏ထီးနန်းကို လုယက်သောအခါ ထီးနန်း တိုင်းပြည်နှင့်တကွ မင်း၏စည်းစိမ်ကို အကုန်ပေးမှ အသက်ဘေးလွတ်ငြိမ်းမှုတစ်ခုကို ရလေ၏။

ဤသို့လျှင် တစ်စုံတစ်ခုသော ဝတ္ထုကို မရမှု၍ မိမိလက်ရှိ ဝတ္ထုတို့ကိုပင် ပေးစွန့်၍ ယူရသော အနိဋ္ဌဘေး၊ ဝိပတ္တိဘေးတို့၏ လွတ်ငြိမ်းချမ်းသာမှုသည် သန္တိသုခမျိုးမည်၏။

**ဝေဒယိတသုခ**။ ။ မိမိ၌ ရှိသော လူ့စည်းစိမ်၊ နတ်စည်းစိမ်တို့ကို ခံစားမှု၊ စံစားမှုသည် ဝေဒယိတသုခမျိုးမည်၏။ ဤသို့လျှင် သုခသည် သန္တိသုခနှင့် ဝေဒယိတသုခ ဟူ၍ လောက၌ သုခမျိုး (၂)ပါးထင်ရှားကြလေသတည်း။

ထိုသုခမျိုး (၂)ပါးတို့တွင် သန္တိသုခမျိုးသည်သာ အကြီးအကဲ အထွတ်အမြတ်ဖြစ်ပေ၏။ ဝေဒယိတသုခမျိုးသည်ကား အယုတ်အညံ့သာ ဖြစ်၏။

ပြဆိုခဲ့ပြီးသော ဇီဝကဝတ္ထု၌ အကုဋေများစွာ ချမ်းသာသော ဝေဒယိတသုခကို စွန့်၍ ဦးယဉ်းခေါင်းခဲနာ ပျောက်ငြိမ်းခြင်း ဟူသော သန္တိသုခ တစ်ခုကို ယူရ၏။

တိုင်းပြည်ထီးနန်းနှင့်တကွ အလုံးစုံသော မင်း၏စည်းစိမ်ဟုဆိုအပ်သော ဝေဒယိတ သုခကို စွန့်၍ အသက်ဘေး၏ လွတ်ငြိမ်းခြင်းဟူသော သန္တိသုခတစ်ခုကို ယူရ၏။

အဇ္ဈတ္တဘေးရန်၊ ဗဟိဒ္ဓဘေးရန်တို့ဖြင့် ပူပန်ပင်ပန်း၍ သန္တိသုခကို မရသော သူအား မိမိလက်ရှိဖြစ်သော စကြာမန္တာတ် မင်းစည်းစိမ်သော်မှလည်း အကျိုးမရှိ၊ အချည်းနှီးသာဖြစ်၏။ ဤသို့သော ယုတ္တိကြောင့် ဝေဒယိတသုခမျိုးတို့ထက် သန္တိသုခမျိုးတို့သာလျှင် သာလွန်မြင့်မြတ်ကြောင်းကို သိရာ၏။

ထိုသန္တိသုခမျိုးသည် လောက၌ ထိုထိုဒုက္ခဓမ္မတို့နှင့် တွေ့ကြုံရသော သူတို့၏ ကိုးကွယ်ရာဖြစ်၏။ ရှေ့သို့ တွေ့ကြုံရလတ္တံ့သည်ကို မြော်မြင်၍ စိုးရိမ်တတ်သော

http://www.dhammadownload.com



သူတို့၏ ကိုးကွယ်ရာဖြစ်၏။ အနာရောဂါနှိပ်စက်သော သူတို့အား ထိုအနာရောဂါ၏ ချုပ်ငြိမ်းမှုဟူသော ဓမ္မဓာတ်တစ်ခုသည်သာ ကိုးကွယ်ရာအစစ်ဖြစ်၏။ အနာရောဂါ၏ ချုပ်ငြိမ်းမှု ဟူသော ဓမ္မဓာတ်တစ်ခုသည်သာ အနာရောဂါကို နိုင်သော ဓာတ်ရှိ၏။ ထိုဓာတ်မှတစ်ပါး အနာရောဂါကိုနိုင်သော ဓာတ်ဟူ၍ တစ်စုံတစ်ခုမျှမရှိ၊ ထိုဓာတ်ကို ရခြင်းငှာ ဆေးဝါးဓာတ်စာကို မှီဝဲရသည်။ ဆေးဝါးဓာတ်စာသည် အနာရောဂါကို နိုင်ရင်း ဓာတ်စစ်မဟုတ်။

ဤနည်းအတိုင်း ခပ်သိမ်းသော ဒုက္ခမျိုးတို့မှာလည်း ချုပ်ငြိမ်းမှုဟူသော ငယ်နိုင်ဓာတ် အသီးသီး ရှိကြသည်ကို သိလေ။

အကြင်သတ္တဝါတို့အား မိမိတို့၏ စိတ်သန္တာန်မှာ သက္ကာယဒိဋ္ဌိ၊ ဝိစိကိစ္ဆာ တရားပါရှိ၍နေ၏။ ထိုသတ္တဝါတို့အား ငရဲကြီး (၈)ထပ်သို့ကျရောက်မှုတန်းလန်းရှိနေ၏။ ဘဝင်ဘုံ၌ ဖြစ်သော်လည်း ထိုအမှုတန်းလန်းပင်တည်း။ ထို့အတူဥဿဒငရဲ ၁၂၈ ထပ်သို့ ကျရောက်မှုတန်းလန်းရှိနေ၏။ ခပ်သိမ်းသော ပြိတ္တာမျိုး၊ ခပ်သိမ်းသော အသုရကာယ်မျိုး ခပ်သိမ်းသော တိရစ္ဆာန်မျိုးသို့ ကျရောက်မှုတန်းလန်းရှိနေ၏။

ထို့အတူ ခပ်သိမ်းသော အနာဆိုး၊ ရောဂါဆိုးတို့နှင့် တွေ့ကြုံရန်အမှုတန်းလန်း ရှိနေ၏။ ခပ်သိမ်းသော လက်နက်မျိုး၊ ခပ်သိမ်းသောမီးဘေးမျိုး၊ ခပ်သိမ်းသော ရေဘေးမျိုး၊ ခပ်သိမ်းသော မင်းဘေးမျိုး၊ ခပ်သိမ်းသောဓားပြခိုးသူ ရန်သူဘေးမျိုး တို့နှင့် တွေ့ကြုံရန် အမှုတန်းလန်းရှိနေ၏။

ထို့အတူ သက္ကာယဒိဋ္ဌိ၊ ဝိစိကိစ္ဆာရှိနေသော သူတို့အား ဘဝဂ်ဘုံမှာ ဖြစ်၍ပင် နေသော်လည်း မုဆိုးဖြစ်ရန် အမှုတန်းလန်းနှင့်သာ နေရ၏။ တံငါဖြစ်ရန် အမှုတန်းလန်းနှင့်သာ နေရ၏။ သူခိုးဖြစ်ရန်၊ ဓားပြဖြစ်ရန်၊ အမိသတ်ယောက်ျား ဖြစ်ရန်၊ အဘသတ်ယောက်ျားဖြစ်ရန်၊ ရဟန္တာသတ်ယောက်ျားဖြစ်ရန်၊ ဘုရားကို သွေးစိမ်း တည်အောင်ပြုရန်၊ သံဃာကို အသင်းခွဲရန် အမှုတန်းလန်းနှင့်သာ ဘဝဂ်ဘုံမှာ ဖြစ်နေ ရ၏။

ထို့အတူ ၆၂ ပါးသော မိစ္ဆာဒိဋ္ဌိဆရာကြီးဖြစ်ရန်၊ ကမ္ဘာပျက်၍မှ အဝီစိငရဲက မလွတ်ရသော နိယတမိစ္ဆာဒိဋ္ဌိဆရာကြီးဖြစ်ရန် အမှုတန်းလန်းနှင့်သာ ဘဝဂ်ဘုံမှာ ဖြစ်နေရ၏။ လူ့ဘုံ၊ နတ်ဘုံ အောက်အောက်သော ဗြဟ္မာ့ဘုံတို့မှာ ဆိုဖွယ်ရာ မရှိပြီ။

ရှေ့သို့ ကိုယ်တွေ့ကြုံရန်၊ ကျရောက်ရန်ဆိုခဲ့ပြီးသော အမှုတန်းလန်းပေါင်း ကိုယ်တွင်းမှာ အနန္တနှင့် ခံစား စံစားရသော လူ့ချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာ့ ချမ်းသာစုသည် ထိုတန်းလန်းမှုတို့၏ အသင်းအပင်းစုသာတည်း၊ သောတာပတ္တိမဂ်ကို ရသောအခါမှ ထိုတန်းလန်းမှု အလုံးစုံတို့သည် အကုန်ကျွတ်လွတ် ချုပ်ငြိမ်းလေကုန်၏။

http://www.dhammadownload.com



ထို့ကြောင့်-

ပထဗျာ ဧကရဇ္ဇေန၊ သဂ္ဂဿ ဂမနေန ဝါ။

သဗ္ဗလောကာဓိပစ္စေန၊ သောတာပတ္တိဖလံဝရံ။

ဟူ၍ ဓမ္မပဒ၌ ဟောတော်မူလေ၏။

ပထဗျာ၊ လေးကျွန်းတစ်ခွင် မြေအပြင်၌။ ဧကရဇ္ဇေန ဝါ၊ တစ်ယောက်တည်းသော စကြာမင်း၏ စည်းစိမ်ထက်လည်းကောင်း။ သဂ္ဂဿ၊ နတ်ပြည်ဖြေ ထပ်သို့။ ဂမနေန ဝါ၊ ရောက်၍ ခံစံရသော နတ်စည်းစိမ်ထက်လည်းကောင်း။ သဗ္ဗလောကာဓိပစ္စေနဝါ၊ အလုံးစုံသော လောကတို့၏ အကြီးအကဲဖြစ်သော ဗြဟ္မာမင်းကြီး၏ စည်းစိမ်ထက် လည်းကောင်း။ သောတာပတ္တိဖလံ၊ သောတာပတ္တိဖိုလ်သည်။ ဝရံ၊ သာလွန်ထွတ်မြတ်၏။ ။ **[အနက်။]**

သောတာပတ္တိမဂ်၊ သောတာပတ္တိဖိုလ်ကို ရသောအခါ ထိုပြဆိုခဲ့ပြီးသော အမှုတန်းလန်းစုတို့၏ အကုန်အစင် လွတ်ငြိမ်းခြင်းဟူသော "သန္တိသုခ အသခ်တ ဓာတ်ကြီး" ကို ရလေ၏။ ထို့ကြောင့် သောတာပတ္တိဖိုလ်ကို စကြာမင်း စည်းစိမ်၊ နတ်မင်းစည်းစိမ်၊ ဗြဟ္မာမင်းစည်းစိမ်တို့ထက်မြက်သည်ဟု ဟောတော်မူ ပေသတည်း။ များစွာသော အနာကြီးရောဂါကြီးတို့၏ ချုပ်ငြိမ်းမှုဟူသော သန္တိသုခကို ပေးပေနိုင်သောကြောင့် ဆေးကို အထွတ်အမြတ် ချီးမွမ်းအပ်သကဲ့သို့မှတ်။

ဆိုအပ်ခဲ့ပြီးသော အမှုတန်းလန်းနှင့် ခံစားစံစားရသော စကြာမင်း၊ နတ်မင်း၊ ဗြဟ္မာမင်းတို့၏ အဖြစ်ထက် သောတာပန်အဖြစ်ကို ရသော "သုပ္ပဗုဒ္ဓ"အမည်ရသော လူနူကြီး၏ အဖြစ်သည် အဆများစွာ သာလွန်မြင့်မြတ်လေ၏။

**ဤ၌တွင်ရွေ့ကား – ကိလေသာဓမ္မ၊ ခန္ဓာဓမ္မတို့၏ အဖြစ်ငြိမ်းမှု၊ ဓာတ်သိမ်းမှု၊ ငြိမ်းမှုကို နိဗ္ဗာန်ဆိုခဲ့သော် ထိုနိဗ္ဗာန်သည် အဘယ်သို့လျှင် လူချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာ့ချမ်းသာတို့ထက် အဆများစွာ သာလွန်မြင့်မြတ်သော "ပရမသုခ" ဖြစ်နိုင်အံ့နည်းဟူသော ဒုတိယပုစ္ဆာကို ဖြေဆိုချက်ပြီး၏။**

■

http://www.dhammadownload.com



# တတိယပုစ္ဆာဖြေဆိုချက်

ကိလေသာဝဋ္ဋ၊ ခန္ဓာဝဋ္ဋတို့၏ အဖြစ်ငြိမ်းမှု၊ ဓာတ်သိမ်းမှု၊ ချုပ်ငြိမ်းမှုကို နိဗ္ဗာန် ဆိုခဲ့သော် ထိုနိဗ္ဗာန်သည် အဘယ်သို့လျှင် ဂမ္ဘီရ၊ ဒုဒ္ဒသ၊ သဏှ၊ သုခုမ စသော အနန္တဂုဏ်နှင့် ပြည့်စုံပါသနည်း ဟူသော တတိယပုစ္ဆာ၌–

နိဗ္ဗာန်သို့ မဆိုက်ဘဲ သံသရာ၌ တစ်သွားတည်းသွား၍ နေခဲ့သော် သံသရာ ဘဝဒုက္ခနယ်ကြီးသည် အဘယ်မျှလောက် ကြီးကျယ်ရှည်လျားလိမ့်မည်ဟု အနမတဂ္ဂ ကြီးကျယ်ရှည်လျားပုံကို မြော်လေ။

ထိုအနမတဂ္ဂ ကြီးကျယ်ရှည်လျားသော သံသရာဘဝဒုက္ခဝဋ်ကြီး၏ ချုပ်ငြိမ်းမှု သည် နိဗ္ဗာန်ဖြစ်ပေသောကြောင့် ထိုဒုက္ခဝဋ်နယ်၏ ကြီးကျယ်သမျှ ရှည်လျားသမျှ သည် နိဗ္ဗာန်၏ အတိဂမ္ဘီရဂုဏ်ပေတည်း။

ထိုအနမတဂ္ဂ ဒုက္ခဝဋ်ခင်းကြီးမှာ ဒုက္ခပေါင်း အပ္ပမေယျ အနန္တ များပြားမှုသည် နိဗ္ဗာန်မှာ သန္တိဂုဏ်ပေါင်း အနန္တ၊ ပဏီတဂုဏ်ပေါင်းအနန္တ၊ သုခဂုဏ်ပေါင်း အနန္တ ဖြစ်လေသတည်း။

အဝိဇ္ဇာ မောဟ ဟူသော ဓာတ်တစ်ခု၏ မကောင်းဆိုးရွားသော အလားသည် အဘယ်မျှ ကြီးကျယ်ရှည်လျားသနည်းဟု မြော်မိလျှင် ထိုအဝိဇ္ဇာမောဟဟူသော ဓာတ်တစ်ခု၏ ချုပ်ငြိမ်းမှုမှာ ဂုဏ်ကျက်သရေအနန္တ ရှိကြောင်းကို မြင်လိမ့်မည်။ ၁၅၀၀ ကိလေသာတို့၏ အသီးအသီး ချုပ်ငြိမ်းမှုတို့၌ ဤနည်းအတိုင်း သိလေ။

ဤသတ္တဝါတို့အား အနမတဂ္ဂသံသရာမှာ မိမိတို့၏ ကိုယ်ခန္ဓာ အတ္တဘောဖြစ်ပုံ ကိုပင်လျှင် အမှန်အကန်အားဖြင့် သိနိုင်ရန်၊ မြင်နိုင်ရန် အလွန် ခက်ခဲနက်နဲ၏။ ဘယ်ပုံ ဖြစ်သည်ဟူ၍ အမှန်အကန် မသိနိုင်ကြ၊ ထိုကိုယ်ခန္ဓာအတ္တဘော၏ ချုပ်ငြိမ်းမှု၊ ဓာတ်သိမ်းမှုသည်မူကား သိနိုင်ရန်အရေး အလွန်ဝေး၏။ ချုပ်ငြိမ်းမှု၊ ဓာတ်သိမ်းမှုဟူ သော ဓာတ်တစ်ခုရှိသည်ဟူ၍ အိပ်မက်တွင်မျှ မမြင်ဘူးကြလေ။

ဘုရားတရားတော်ကို ကြားနာ၍ ထိုဓာတ်တစ်ခုရှိကြောင်းကို သိကြသူတို့မှာ လည်း ထိုဓာတ်သို့ ဆိုက်ရောက်အောင် လုပ်ကြံရန်အရေး အလွန်ခက်ခဲ၏။ ဘဝများစွာ၊ ကမ္ဘာများစွာ ပါရမီဓမ္မတို့ကို ဖြည့်ကျင့်နိုင်မှ ဆိုက်ရောက်ရ၏။

မိမိတို့၏ ကိုယ်ခန္ဓာဖြစ်၍နေသော ပထဝီဓာတ်၊ အာပေါဓာတ်အစရှိသော ပရမတ်ကြမ်းကြီးကိုပင် လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်အားဖြင့်လည်းကောင်း၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာအားဖြင့်လည်းကောင်း၊ အဟုတ်အမှန် မြင်နိုင်ရန်၊ ထင်နိုင်ရန် အရေး အလွန်ခက်ခဲနက်နဲသေး၏။ မိမိတို့၏ ကိုယ်ခန္ဓာရှိ ဓာတ်စုကို

http://www.dhammadownload.com



အနတ္တ ပိုင်ပိုင် ထင်မြင်နိုင်မှ တွေ့မြင်ရသော နိဗ္ဗာန်သည် အတိဂမ္ဘီရ၊ အတိဒုဒ္ဒသသော ဖြစ်လေတော့ သတည်း။

**ဤတွင် တတိယပုစ္ဆာဖြေဆိုချက် ပြီး၏။**

**ဤတွင်ရွှေကား သဂြိုဟ်ကျမ်းမှလာသော နိဗ္ဗာန်၏ အပြားနှင့် ပုစ္ဆာ(၃)ပါးကို ဖြေဆိုသော သင်္ခေပကဏ္ဍသည် ပြီး၏။**

■

## ဝိတ္ထာရကဏ္ဍ

## နိဗ္ဗာန်အပြား (၇)ပါး

ယခုအခါ ဝိတ္ထာရကဏ္ဍဖြစ်သော ဒုတိယကဏ္ဍကို ပြဆိုအံ့။ ။ ထိုထို ပါဠိတော်တို့၌-

နိဗ္ဗုတာ၊ ပရိနိဗ္ဗုတာ၊

နိဗ္ဗုတော၊ ပရိနိဗ္ဗုတော၊

နိဗ္ဗုတိ၊ ပရိနိဗ္ဗုတိ၊

နိဗ္ဗာယိ၊ ပရိနိဗ္ဗာယိ၊

နိဗ္ဗာတိ၊ နိဗ္ဗာယတိ၊

နိဗ္ဗန္တိ၊ နိဗ္ဗာယန္တိ

စသည်ဖြင့် လာသော အရာတို့၌ ထိုပုဒ်တို့၏ အနတ္ထသည် ငြိမ်းခြင်းဟူသော နိဗ္ဗာန်ပင်တည်း။ ထို့ကြောင့် ထိုပုဒ်တို့နှင့်လာသော နိဗ္ဗာန်၊ နိဗ္ဗာနသဒ္ဒါ၊ ပရိနိဗ္ဗာန သဒ္ဒါတို့နှင့်လာသော နိဗ္ဗာန်၊ အရပ်ရပ်သော နိဗ္ဗာန်တို့ကို ပေါင်းစု၍ ဝိတ္ထာရကဏ္ဍ ဖြစ်သော ဤဒုတိယကဏ္ဍ၌ ပြလတ္တံ့။

နိဗ္ဗာန်သည်-

၁။ မိစ္ဆာဒိဋ္ဌိနိဗ္ဗာန်၊

၂။ သမ္မုတိနိဗ္ဗာန်၊

၃။ တဒင်္ဂနိဗ္ဗာန်၊

၄။ ဝိက္ခမ္ဘနနိဗ္ဗာန်၊

၅။ သမုစ္ဆေဒနိဗ္ဗာန်၊

၆။ ပဋိပဿဒ္ဓိနိဗ္ဗာန်၊

၇။ နိဿရဏနိဗ္ဗာန် ဟူ၍ အကျဉ်းအားဖြင့် (၇)ပါးအပြားရှိ၏။

မိခင်ရောဝတီ

http://www.dhammadownload.com



ထိုတွင်

**မိစ္ဆာဒိဋ္ဌိနိဗ္ဗာန်။**။ မိစ္ဆာဒိဋ္ဌိနိဗ္ဗာန်ဆိုသည်ကား သာသနာတော်မှအပ ဖြစ်ကုန်သော မိစ္ဆာဒိဋ္ဌိအယူ ရှိကုန်သော တိတ္ထိဆရာတို့ ကြံဆစွဲလမ်းအပ်သော နိဗ္ဗာန်ကို "မိစ္ဆာဒိဋ္ဌိနိဗ္ဗာန်"ဆိုသတည်း။ ထိုမိစ္ဆာဒိဋ္ဌိနိဗ္ဗာန်သည် "ပဉ္စဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒ" ဟူသော ပါဠိတော်ပုဒ်တို့၌လည်းကောင်း၊ "နိဗ္ဗာနံ နိဗ္ဗာနတော သဉ္ဇာနာတိ" အစရှိသော မူလပရိယာယသုတ် ပုဒ်တို့၌လည်းကောင်း လာပေသည်။ ။ ပါဠိတော် (၂) ရပ်တွင်–

> ဣဓ ဘိက္ခဝေ ဧကစ္စော သမဏော ဝါ ဗြာဟ္မဏော ဝါ ဧဝံ ဝါဒီ ဟောတိ ဧဝံ ဒိဋ္ဌိ၊ ယတော ခေါ ဘော အယံအတ္တာ ပဉ္စဟိ ကာမဂုဏေဟိ သမပ္ပိတော သမင်္ဂီဘူတော ပရိစာရေတိ၊ ဧတ္တာဝတာ ခေါ ဘော အယံ အတ္တာပရမဒိဋ္ဌဓမ္မနိဗ္ဗာနံ ပတ္တော ဟောတီတိ။

အစရှိသဖြင့် ပါဠိတော်တို့၌ တိတ္ထိဆရာတို့ ကြံဆစွဲလမ်းအပ်သော ဒိဋ္ဌနိဗ္ဗာန် (၅)ပါးလာရှိသည်။

(၅) ပါးကား ၁။ အကြင်သူသည် လူ့ပြည် နတ်ပြည်တို့၌ ကာမဂုဏ်၅ ပါးကို အလိုရှိတိုင်း ခံစားစံစားရ၏။ ထိုသူ၏ အတ္တသည် အလွန်မြတ်သော ဒိဋ္ဌဓမ္မနိဗ္ဗာန်သို့ရောက်သော အတ္တမည်၏။ ထို့ထက်လွန်မြတ်သော ဒိဋ္ဌဓမ္မနိဗ္ဗာန်ဟူ၍ မရှိ။ (ပထမနိဗ္ဗာန် ပထမဝါဒ။)

၂။ အကြင်သူသည် ကာမတရားတို့၏ ဆိတ်ကင်းရာဖြစ်သော ပထမဈာန်ကိုရ၏။ ပထမဈာန်ကို ဝင်စား၍နေ၏။ ပထမဈာန်ဘုံသို့ ရောက်၏။ ထိုသူ၏ အတ္တသည် အလွန်မြတ်သော ဒိဋ္ဌဓမ္မနိဗ္ဗာန်သို့ရောက်သော အတ္တမည်၏။ ထို့ထက်မြတ်သော နိဗ္ဗာန်ဟူ၍မရှိ။ (ဒုတိယနိဗ္ဗာန်၊ ဒုတိယဝါဒ။)

၃။ ဤနည်းအတူ ဒုတိယဈာန်သို့ ရောက်သည်ကိုသာ ပရမဒိဋ္ဌဓမ္မနိဗ္ဗာန်သို့ ရောက်သည်ဟု ယူသောဝါဒ။ (တတိယနိဗ္ဗာန်၊ တတိယဝါဒ။)

၄။ တတိယဈာန်သို့ ရောက်သည်ကိုသာ ပရမ ဒိဋ္ဌဓမ္မနိဗ္ဗာန်သို့ ရောက်သည်ဟု ယူသော ဝါဒ။ (စတုတ္ထနိဗ္ဗာန်၊ စတုတ္ထဝါဒ။)

၅။ စတုတ္ထဓမ္မနိဗ္ဗာန်သို့ ရောက်သည်ဟု ယူသော ဝါဒ။ (ပဉ္စမနိဗ္ဗာန်၊ ပဉ္စမဝါဒ။)

**(ဤကား မိစ္ဆာဒိဋ္ဌိနိဗ္ဗာန်(၅)ပါး၊ မိစ္ဆာဝါဒ (၅)ပါးတည်း။)**

http://www.dhammadownload.com



နိဗ္ဗာနံ နိဗ္ဗနတော သဉ္ဇာနာတိ၊ နိဗ္ဗာနံ နိဗ္ဗာနတော သညတွာ နိဗ္ဗာနံပညတိ၊ နိဗ္ဗာနတော ပညတိ၊ နိဗ္ဗာနသ္မိံ မညတိ၊ နိဗ္ဗာနံ မေတိ မညတိ၊ နိဗ္ဗာနံ အဘိနန္ဒတိ၊ တံ ကိဿဟေတု၊ အပရိညာတံ တဿာတိ ဝဒါမိ။

**(မူလပရိယာယသုတ်ပါဠိတော်)**

ဤပါဠိတော်မှာလည်း ဒိဋ္ဌဓမ္မနိဗ္ဗာန်(၅)ပါးကိုယူ။

**(ဤကား မိစ္ဆာဒိဋ္ဌိ နိဗ္ဗာန်တည်း။)**

**သမ္မုတိနိဗ္ဗာန်။** ။ သမ္မုတိနိဗ္ဗာန်ဆိုသည်ကား လောကဌ် ဖြစ်ပွားသော မီးဘေး ၏ ငြိမ်းခြင်း၊ ဖြစ်ပွားသော ရေဘေး၏ ငြိမ်းခြင်း၊ ဖြစ်ပွားသော မင်းဘေး၏ငြိမ်းခြင်း၊ ဖြစ်ပွားသော ရန်သူဘေး၏ငြိမ်းခြင်း၊ ဖြစ်ပွားသော ဓားပြခိုးသူဘေး၏ငြိမ်းခြင်း၊ ဖြစ်ပွားသော သတ္ထန္တရကပ်ဘေး၏ ငြိမ်းခြင်း၊ ဖြစ်ပွားသော ဒုဗ္ဘိက္ခန္တရကပ်ဘေး၏ ငြိမ်းခြင်း၊ ဖြစ်ပွားသော ရောဂန္တရကပ်ဘေး၏ငြိမ်းခြင်း၊ ဤသို့ အစရှိသည်ဖြင့် ဤလောကဌ် ဖြစ်ပွားတွေ့ကြုံရသော ဘေးအပေါင်း၊ ရန်အပေါင်း၊ ဒဏ်အပေါင်း၊ အန္တရာယ်အပေါင်း၊ အပြစ်အပေါင်း၊ ဉပဒ်အပေါင်းတို့၏ ငြိမ်းခြင်းဟူသမျှသည် "သမ္မုတိနိဗ္ဗာန်"မည်၏။

ထိုသမ္မုတိနိဗ္ဗာန်သည်–

"မနော နိဗ္ဗုတိ တာဝဒေ၊ ရောဂါ ဝူပသမ္မတိ၊ အန္တရာယော ဝူပသမ္မတိ" အစရှိသည်ဖြင့် လာသည်။

အလောင်းတော် သိဒ္ဓတ်မင်း၏ တင့်တယ်ခြင်း ကျက်သရေကို မြင်၍ ကိသာဂေါတမီ ရွတ်ဆို ကျူးရင့်သော "နိဗ္ဗုတာနူနသာနာရီ"အစရှိသော ၃ဂါထာ တို့၌ နိဗ္ဗုတာပုဒ်တို့ဖြင့်လာသော နိဗ္ဗာန်သည်လည်း သမ္မုတိ နိဗ္ဗာန်ပင်တည်း။

အမျိုးအနွယ်၊ အရွယ် အဆင်း ဘုန်းလက်ရုံးပညာနှင့် ပြည့်စုံသော ယောကျာ်း၊ ယောကျာ်းမြတ်၏ ချစ်မယား ဖြစ်ရသော မိန်းမ၊ ထိုကဲ့သို့သော သားကောင်း၊ သားမြတ်၏ အမိဖြစ်ရသော မိန်းမ၊ မိန်းမတို့၏ ဘဝဌ် ဤကဲ့သို့သော မိန်းမဖြစ်ရ၍ အသက်ထက်ဆုံး စိတ်နှလုံးတွင် ကြည်လင်ရွှင်လန်း ငြိမ်းချမ်းသာယာခြင်းကို ရသဖြင့် ကာယိကဒုက္ခ၊ စေတသိကဒုက္ခတို့၏ ကင်းငြိမ်းခြင်းကို "နိဗ္ဗုတာ"ဆိုသတည်း။

ချစ်ခင်လှစွာသော မိဘ၊ ဘိုးဘွား၊ သား၊ လင်၊ ခင်ပွန်း စသည်တို့၏ သေဆုံးခြင်းကြောင့် အလွန်ပူပန် ပင်ပန်းမှုဒုက္ခ နှိပ်စက်၍နေကုန်သော သူတို့အား တစ်စုံ တစ်ယောက်သော သူ၏ တရားစကားကို ကြားနာရ၍ ထိုဒုက္ခသည် ခဏချင်း ငြိမ်း လေ၏။ ထိုအငြိမ်းသည်လည်း "သမ္မုတိနိဗ္ဗာန်"မည်၏။

**မိခင်ရောဝတီ**

http://www.dhammadownload.com



ထိုနိဗ္ဗာန်သည်–

သွာဟံ အဗ္ဗုဠ္ဟသလ္လောသ္မိ၊ သီတိဘူတောသ္မိ နိဗ္ဗုတော။

န သောစာမိ န ရောဒါမိ၊ တဝ သုတွာန မာဏဝ။ ။

အစရှိသော ပါဠိတော်တို့မှာ လာသည်။

ထိုသမ္မုတိနိဗ္ဗာန်သည် ငြိမ်းခြင်းဟူသော သန္တိလက္ခဏာအားဖြင့် တစ်ပါးသာ ဖြစ်သော်လည်း သမ္ဗန္ဓိဖြစ်သော ဒုက္ခဓမ္မတို့၏ အပြားအားဖြင့် အလွန်များပြား၏။

**အကျဉ်းကား**။ ။ကပ် (၃) ပါးကို အစွဲပြု၍ ထိုကပ် (၃) ပါး၏ ငြိမ်းမှုဟူသော သမ္မုတိနိဗ္ဗာန် (၃) ပါး။

ဝိပတ္တိ (၄) ပါးတို့၏ ငြိမ်းမှုဟူသော သမ္မုတိနိဗ္ဗာန် (၄) ပါး။

အပါယ် (၄) ပါးတို့၏ ငြိမ်းမှုဟူသော သမ္မုတိနိဗ္ဗာန် (၄) ပါး။

ရန်သူမျိုး (၅) ပါးတို့၏ ငြိမ်းမှုဟူသော သမ္မုတိနိဗ္ဗာန် (၅) ပါး။

အရပ်ပြစ် (၈) ပါးတို့၏ ငြိမ်းမှုဟူသော သမ္မုတိနိဗ္ဗာန် (၈) ပါး။

အပြစ် (၈) ပါးတို့၏ ငြိမ်းမှုဟူသော သမ္မုတိနိဗ္ဗာန် (၈) ပါး။

ဒဏ် (၁၀) ပါးတို့၏ ငြိမ်းမှုဟူသော သမ္မုတိနိဗ္ဗာန် (၁၀) ပါး။

(၁၆) ပါးသော ဥပဒ္ဒဝေါတို့၏ ငြိမ်းမှုဟူသော သမ္မုတိနိဗ္ဗာန် (၁၆) ပါး။

(၂၅) ပါးသော ဘေးတို့၏ ငြိမ်းမှုဟူသော သမ္မုတိနိဗ္ဗာန် (၂၅) ပါး။

(၃၂) ပါးသော ကံကြမ္မာတို့၏ ငြိမ်းမှုဟူသော သမ္မုတိနိဗ္ဗာန် (၃၂) ပါး။

အနာအမျိုး (၉၆) ပါးတို့၏ ငြိမ်းမှုဟူသော သမ္မုတိနိဗ္ဗာန် (၉၆) ပါး အပြားရှိ၏။

**အကျယ်ကား**။ ။စကြဝဠာအနန္တ၊ ကမ္ဘာအနန္တ၊ သတ္တဝါအနန္တ တို့နှင့်အမျှ ကျယ်ပြန့်များပြား၏။ ထိုသမ္မုတိနိဗ္ဗာန်သည် အသင်္ခတ မဟာနိဗ္ဗာန်ကြီးသို့ မရောက်မီ ကာလအတွင်းမှာ ခပ်သိမ်းသော သတ္တဝါတို့၏ ကိုးကွယ်ရာဖြစ်ပေ၏။ ပုန်းအောင်းရာ ဖြစ်ပေ၏။ လဲလျောင်းရာဖြစ်၏။

ပထမကဏ္ဍ၌ ဝေဒယိတသုခမျိုးတို့ထက် သန္တိသုခမျိုးက ကြီးကျယ်ပုံ၊ မြင့်မြတ်ပုံ အလုံးစုံကို ဤသမ္မုတိနိဗ္ဗာန်၌ ဆိုခွင့်ဆိုက်ပြန်၏။ ဆရာဇီဝကဝတ္ထု (၂) ခုကိုလည်း ဤသမ္မုတိနိဗ္ဗာန်အရာ၌ ပြအပ်၏။

သာကေတ သူဌေးကတော်မှာ ဦးယဉ်းခေါင်းခဲနာ၏ ငြိမ်းမှုဟူသော သမ္မုတိနိဗ္ဗာန် တစ်ခုကို အသပြာ (၄) သိန်းပေး၍ ယူရ၏။ ကုဋေများစွာ ကြွယ်ဝသော ရာဇဂြိုဟ်သူဌေး မှာလည်း ဦးယဉ်းခေါင်းခဲနာငြိမ်းမှု ဟူသော သမ္မုတိနိဗ္ဗာန်တစ်ခုကို သက်ရှိ၊ သက်မဲ့၊ အကုန်ပေးပါမည် ချုပ်ဆို၍ ယူရ၏။ ထိုသူဌေးသည် ပဒေသရာဇ်မင်းဖြစ်ခဲ့အံ့၊ ပဒေသရာဇ်မင်း၏ စည်းစိမ်ကို အကုန်ပေးလတ္တံ့၊ ကေရာဇ်မင်းဖြစ်ခဲ့အံ့၊ ကေရာဇ်မင်း

http://www.dhammadownload.com



စည်းစိမ်ကို အကုန်ပေးလတ္တံ့၊ (၄) ကျွန်းလုံးကို အစိုးရသော စကြာမင်းကြီး ဖြစ်ခဲ့အံ့၊ (၄) ကျွန်းစည်းစိမ်ကို အကုန်ပေးလတ္တံ့၊ ဦးယဉ်းခေါင်းခဲနာ တစ်ခုသည် သို့စဉ်မျှလောက် အဖိုးထိုက်တန်လေ၏။

မျက်တောင်တစ်ခတ်မျှ သက်သာရာမရအောင် နှစ်ရှည်လများ နှိပ်စက်သော အနာမျိုး၊ အသက်ခန္ဓာကိုယ် ခြွေတတ်သော အနာမျိုးတို့၏ ငြိမ်းမှု၊ ဗဟိဒ္ဓဖြစ်သော ကြီးမားစွာသော ဘေးအန္တရာယ်တို့၏ ငြိမ်းမှုတို့၌လည်း ထိုနည်းတူ အဖိုးထိုက်တန် ကြောင်း အလွန်မြတ်ကြောင်းကို သိလေ။

**ထင်ရှားရှိပုံ။ ။** သမ္မုတိနိဗ္ဗာန်ဆိုသည်ကား ပရမတ္ထအားဖြင့် ထင်ရှားသည် မဟုတ်၊ သမ္မုတိပညတ်မျှသာဖြစ်ခဲ့၍ သမ္မုတိဆိုသည် မဟုတ်။ အစဉ်ထာဝရ အားဖြင့် အပြီးငြိမ်း၍ သွားသော မဟာအသင်္ခတ နိဗ္ဗာန်ကြီးကို ထောက်စာသည်ရှိ သော် နိဗ္ဗာန်ဟူ၍ မဆိုလောက်ပါဘဲ လျက် နိဗ္ဗုတ သဒ္ဒါ၊ ဝူပသန္တ သဒ္ဒါတို့ဖြင့် လောကီ လူ အပေါင်းတို့သည် ငြိမ်းမှုဟူ၍ သမုတ်ခေါ်ဝေါ်မှုရှိလေသောကြောင့် "သမ္မုတိ နိဗ္ဗာန်" ဆိုပေသတည်း။ ထိုသမ္မုတိနိဗ္ဗာန်၏ ပရမတ္ထအားဖြင့် ထင်ရှားရှိပုံမှာ တခြား တစ်ပါးသော ပရမတ္ထတရားတို့ကဲ့သို့ ဝတ္ထုဒြဗ်အားဖြင့် ရှိသည်မဟုတ်၊ ငြိမ်းမှုဟူသော သန္တိ သဘောအားဖြင့်သာ ထင်ရှားရှိလေသတည်း။

ငြိမ်းမှုဟူသော သန္တိ အခြင်းအရာအားဖြင့် ထင်ရှားရှိသော ပရမတ္ထတရားမဟုတ် ငြားအံ့၊ ထိုငြိမ်းမှုသည် မိမိကိုယ်တွင်းမှာ ကိုယ်တွေ့ဒိဋ္ဌ "ကာယသစ္ဆိကရဏ"ကိစ္စ အနေအားဖြင့် ဧကန်တွေ့ရသော တရားမဟုတ်လေရာ၊ ထိုသို့ မဟုတ်ကလည်း ထိုသူဌေးတို့သည် ထိုမျှလောက်သော ဥစ္စာဘဏ္ဍာတို့ကိုပေး၍ ထိုငြိမ်းမှုကို မယူလေရာ ပေး၍ပင် ယူသော်လည်း ထိုငြိမ်းမှုသည် ပညတ်မျှဖြစ်ခဲ့အံ့၊ မိမိတို့ကိုယ်မှာ ထိုရောဂါမှ ထမြောက်ချမ်းသာမှုဟူ၍ ကိုယ်တွေ့ဒိဋ္ဌမရှိကြလေရာ၊ မိမိတို့၏ ကိုယ်တွင်းမှာ ထိုခေါင်းခဲရောဂါ၏ ပျောက်ငြိမ်းမှုသည် ကိုယ်တွေ့ဒိဋ္ဌဧကန္တ ဖြစ်၏။ ထို့ကြောင့် ထိုသမ္မုတိနိဗ္ဗာန်သည်လည်း လူတို့သမုတ်ခေါ်ဝေါ်ရုံမျှဖြစ်သော ပညတ်သဘောမျိုး မဟုတ်၊ ပရမတ်သဘောမျိုးပင် ဖြစ်သည်ဟု မှတ်ယူအပ်လေသတည်း။

**[ဤကား– သမ္မုတိနိဗ္ဗာန်တည်း။]**

**တဒင်္ဂနိဗ္ဗာန်။ ။** တဒင်္ဂနိဗ္ဗာန် ဆိုသည်ကား လောက၌ ဤမည်သော ဆေးမြစ် သည် ဤမည်သော အနာကို ပယ်ဖျောက်နိုင်၏ဟု သူ့ဆေးမြစ်နှင့် သူ့အနာ အသီးသီးရှိကြသကဲ့သို့ ဤမည်သော ကုသိုလ်စေ့သည် ဤမည်သော အကုသိုလ်စေ့ကို ပယ်ဖျောက်နိုင်၏ဟု သူ့ကုသိုလ်စေ့နှင့် သူ့အကုသိုလ်စေ့ အသီးသီးရှိကြ၏။ ထိုသို့ ရှိကြရာ၌ သူ့ကုသိုလ်စေ့၏ သူ့အကုသိုလ်စေ့ကို ပယ်ခြင်းသည် "တဒင်္ဂပဟာန်"

http://www.dhammadownload.com



မည်၏။ ထိုသို့ပယ်ခြင်းကြောင့် ထိုထို အကုသိုလ်ဓမ္မ၏ တစ်ခဏအားဖြင့် အဖြစ်ငြိမ်းခြင်းသည် "တဒင်္ဂနိဗ္ဗာန်"မည်သတည်း။ ဤတဒင်္ဂနိဗ္ဗာန်ကို မဇ္ဈိမနိကာယ် မူလပဏ္ဏာသ သလ္လေခသုတ် ပါဠိတော်ကို အစဉ်လျှောက်သဖြင့် သိအပ်၏။

ဝိဟိံသကဿ ပုရိသပုဂ္ဂလဿ အဝိဟိံသာ ဟောတိ ပရိနိဗ္ဗာနာယ။

၁။ ဝိဟိံသကဿ၊ သူတစ်ပါးကို ကိုယ်ဖြင့်လည်းကောင်း၊ နှုတ်ဖြင့်လည်းကောင်း ညှဉ်းပန်းနှိပ်စက်ခြင်းအလေ့ရှိသော။ ပုရိသပုဂ္ဂလဿ၊ ယောကျ်ားပုဂ္ဂိုလ်အား။ အဝိဟိံသာ၊ သူတစ်ပါးကို ကိုယ်၊ နှုတ် (၂)ပါးတို့ဖြင့် မညှဉ်းဆဲလိုသော ကုသိုလ်တရားသည်။ ပရိနိဗ္ဗာနာယ၊ ထိုပုဂ္ဂိုလ်မှာ ထိုအကုသိုလ်အပူလောင်၏ ငြိမ်းခြင်းငှာ။ ဟောတိ၊ ဖြစ်၏။

မိမိ၏ စိတ်သန္တာန်၌ ဝိဟိံသာဟူသော အပူအလောင်အကုသိုလ် နှိပ်စက်ညှဉ်းပန်း၍နေသော ပုဂ္ဂိုလ်သည် အဝိဟိံသာဟူသော ကုသိုလ်တရားကို ပွားများ၍ ထိုဝိဟိံသာဟူသော အကုသိုလ်တရားကို ပယ်ရှားသည်ရှိသော် ထိုဝိဟိံသာဟူသော အပူအလောင်အကုသိုလ်တရားသည် အဝိဟိံသာကုသိုလ် ရှိနေသမျှကာလပတ်လုံး ထိုစိတ်သန္တာန်ဝယ် အဖြစ်ငြိမ်းလေ၏။ ဤသို့ ဝိဟိံသာအကုသိုလ်ဓမ္မ၏ အဖြစ်ငြိမ်းမှုသည် တဒင်္ဂနိဗ္ဗာန်တစ်ပါး ဖြစ်၏။

**[နောက်နောက်၌လည်း ဤနည်းတူသိလေ။]**

ပါဏာတိပါတိဿ ပုရိသပုဂ္ဂလဿ ပါဏာတိပါတာ ဝေရမဏီဟောတိ ပရိနိဗ္ဗာနာယ။

[ပါဠိတော်]

၂။ စိတ်သန္တာန်ဝယ် သူ့အသက်ကို သတ်ခြင်းအလေ့ဟူသော အပူအလောင် အကုသိုလ်ဓမ္မ နှိပ်စက်၍နေသော သူတို့အား ပါဏာတိပါတဝိရတိသီလသည် ထိုအကုသိုလ် အပူလောင်၏ ငြိမ်းခြင်းငှာဖြစ်။

၃။ အဒိန္နာဒါယိဿ၊ သူ့ဥစ္စာကို ခိုးယူခြင်းအလေ့ရှိသော။ ပုရိသပုဂ္ဂလဿ၊ ယောကျ်ား ပုဂ္ဂိုလ်အား။ အဒိန္နာဒါနာ၊ အဒိန္နာဒါန်မှုမှ။ ဝေရမဏီ၊ ကြဉ်ရှောင်မှု ကုသိုလ်သည်။ ပရိနိဗ္ဗာနာယ၊ ထိုအဒိန္နာဒါန် အကုသိုလ်၏ ငြိမ်းခြင်းငှာ။ ဟောတိ၊ ဖြစ်၏။

၄။ အဗြဟ္မစာရိဿ၊ မေထုန်မှု ဟူသော အယုတ်မှုကို ပြုကျင့်ခြင်း အလေ့ရှိသော။ ပုရိသပုဂ္ဂလဿ၊ ယောကျ်ားပုဂ္ဂိုလ်အား။ အဗြဟ္မစရိယ၊ ယုတ်ညံ့သော အကျင့်မှ။ ဝေရမဏီ၊ ကြဉ်ရှောင်မှုကုသိုလ်သည်။ ပရိနိဗ္ဗာနာယ၊ ထိုအဗြဟ္မစရိယ အကုသိုလ်ဓမ္မ၏ ငြိမ်းခြင်းငှာ။ ဟောတိ၊ ဖြစ်၏။

http://www.dhammadownload.com



၅။ မုသာဝါဒီဿ၊ မုသားဆိုခြင်းအလေ့ရှိသော။ ပုရိသပုဂ္ဂလဿ၊ ယောကျ်ားပုဂ္ဂိုလ်အား။ မုသာဝါဒါ၊ မုသားဆိုခြင်း အမှုမှ။ ဝေရမဏီ၊ ကြဉ်ရှောင်မှုကုသိုလ်သည်။ ပရိနိဗ္ဗာနာယ၊ မုသားဟူသော အကုသိုလ်စမှ၏ ငြိမ်းခြင်းငှာ။ ဟောတိ၊ ဖြစ်၏။

၆။ ပိသုဏာဝါစဿ၊ ချောပစ်ကုန်းတိုက်သော စကားကို ဆိုလေ့ရှိသော။ ပုရိသပုဂ္ဂလဿ၊ ယောကျ်ားပုဂ္ဂိုလ်အား။ ပိသုဏာယဝါစာယ၊ ချောပစ် ကုန်းတိုက်သော စကားမှ။ ဝေရမဏီ၊ ကြဉ်ရှောင်မှုကုသိုလ်သည်။ ပရိနိဗ္ဗာနာယ၊ ပိသုဏာဝါစာ ဟူသော အကုသိုလ်စမှ၏ ငြိမ်းခြင်းငှာ။ ဟောတိ၊ ဖြစ်၏။

၇။ ဖရုသဝါစဿ၊ အကြမ်းအတမ်း ဆဲရေးသော စကားမျိုးကို ဆိုလေ့ထွက်လေ့ရှိသော။ ပုရိသပုဂ္ဂလဿ၊ ယောကျ်ားပုဂ္ဂိုလ်အား။ ဖရုသာယ၊ ကြမ်းတမ်းသော။ ဝါစာယ၊ စကားမျိုးမှ။ ဝေရမဏီ၊ ကြဉ်ရှောင်မှုကုသိုလ်သည်။ ပရိနိဗ္ဗာနာယ၊ ဖရုသဝါစ ဟူသော ထိုအဖြဟွစရိယ အကုသိုလ်စမှ၏ ငြိမ်းခြင်းငှာ။ ဟောတိ၊ ဖြစ်၏။

၈။ သမ္ဖပ္ပလာပဿ၊ အကျိုးမရှိသော အပြိန်အဖျင်းစကားကို ပြောဆိုလေ့ရှိသော။ ပုရိသပုဂ္ဂလဿ၊ ယောကျ်ားပုဂ္ဂိုလ်အား။ သမ္ဖပ္ပလာပါ၊ အပြိန်အဖျင်း ပြောဆိုခြင်းမှ။ ဝေရမဏီ၊ ကြဉ်ရှောင်မှုကုသိုလ်သည်။ ပရိနိဗ္ဗာနာယ၊ သမ္ဖပလာပ ဟူသော အကုသိုလ်စမှ၏ ငြိမ်းခြင်းငှာ။ ဟောတိ၊ ဖြစ်၏။

၉။ အဘိဇ္ဈာလုဿ၊ အဘိဇ္ဈာအားကြီးသော။ ပုရိသပုဂ္ဂလဿ၊ ယောကျ်ားပုဂ္ဂိုလ်အား။ အနဘိဇ္ဈာလုတာ၊ အဘိဇ္ဈာများခြင်းမှ ကင်းလွတ်သောအဖြစ်သည်။ ပရိနိဗ္ဗာနာယ၊ အဘိဇ္ဈာ ဟူသော အကုသိုလ်စမှ၏ ငြိမ်းခြင်းငှာ။ ဟောတိ၊ ဖြစ်၏။

၁၀။ ဗျာပန္နစိတ္တဿ၊ ဗျာပါဒများသောစိတ်ရှိသော။ ပုရိသပုဂ္ဂလဿ၊ ယောကျ်ားပုဂ္ဂိုလ်အား။ အဗျာပါဒေါ၊ ဗျာပါဒကင်းရှင်းမှုသည်။ ပရိနိဗ္ဗာနာယ၊ ဗျာပါဒဟူသော အကုသိုလ်စမှ၏ ငြိမ်းခြင်းငှာ။ ဟောတိ၊ ဖြစ်၏။

၁၁။ မိစ္ဆာဒိဋ္ဌိဿ၊ မိစ္ဆာဒိဋ္ဌိအယူရှိသော။ ပုရိသပုဂ္ဂလဿ၊ ယောကျ်ားပုဂ္ဂိုလ်အား။ သမ္မာဒိဋ္ဌိ၊ အဟုတ်အမှန်အမြင်သန်သော ဉာဏ်သည်။ ပရိနိဗ္ဗာနာယ၊ မိစ္ဆာဒိဋ္ဌိ ဟူသော အကုသိုလ်စမှ၏ ငြိမ်းခြင်းငှာ။ ဟောတိ၊ ဖြစ်၏။

၁၂။ မိစ္ဆာသင်္ကပ္ပဿ၊ မကောင်းသောအကြံကို ကြံဖန်ခြင်းရှိသော။ ပုရိသပုဂ္ဂလဿ၊ ယောကျ်ားပုဂ္ဂိုလ်အား။ သမ္မာသင်္ကပ္ပေါ၊ ကောင်းမြတ်သော အကြံသည်။ ပရိနိဗ္ဗာနာယ၊ မိစ္ဆာသင်္ကပ္ပဟူသော အကုသိုလ်စမှ၏ ငြိမ်းခြင်းငှာ။ ဟောတိ၊ ဖြစ်၏။

http://www.dhammadownload.com



၁၃။ မိစ္ဆာဝါစာသ၊ မကောင်းသောစကားကို ပြောဆိုလေ့ရှိသော။ ပုရိသပုဂ္ဂလဿ၊ ယောကျ်ားပုဂ္ဂိုလ်အား။ သမ္မာဝါစာ၊ ကောင်းသောစကားကို ပြောဆိုကြောင်း ဖြစ်သော သမ္မာဝါစာကုသိုလ်သည်။ ပရိနိဗ္ဗာနာယ၊ မိစ္ဆာဝါစာဟူသော အကုသိုလ်ဓမ္မ၏ ငြိမ်းခြင်းငှာ။ ဟောတိ၊ ဖြစ်၏။

၁၄။ မိစ္ဆာကမ္မန္တဿ၊ မကောင်းသောအမှုကို ပြုလေ့ရှိသော။ ပုရိသပုဂ္ဂလဿ၊ ယောကျ်ားပုဂ္ဂိုလ်အား။ သမ္မာကမ္မန္တော၊ ကောင်းသောအမှုကို ပြုကြောင်း ဖြစ်သော သမ္မာကမ္မန္တကုသိုလ်သည်။ ပရိနိဗ္ဗာနာယ၊ မိစ္ဆာကမ္မန္တဟူသော အကုသိုလ်ဓမ္မ၏ ငြိမ်းခြင်းငှာ။ ဟောတိ၊ ဖြစ်၏။

၁၅။ မိစ္ဆာအာဇီဝဿ၊ မကောင်းသောအသက်မွေးခြင်းရှိသော။ ပုရိသပုဂ္ဂလဿ၊ ယောကျ်ားပုဂ္ဂိုလ်အား။ သမ္မာအာဇီဝေါ။ ကောင်းသော အသက်မွေးကျောင်း ဖြစ်သော သမ္မာအာဇီဝကုသိုလ်သည်။ ပရိနိဗ္ဗာနာယ၊ မိစ္ဆာအာဇီဝ ဟူသော အကုသိုလ်ဓမ္မ၏ ငြိမ်းခြင်းငှာ။ ဟောတိ၊ ဖြစ်၏။

၁၆။ မိစ္ဆာဝါယာမဿ၊ မကောင်းသော လုံ့လမှုရှိသော။ ပုရိသပုဂ္ဂလဿ၊ ယောကျ်ားပုဂ္ဂိုလ်အား။ သမ္မာဝါယာမော၊ ကောင်းစွာအားထုတ်မှုသည်။ ပရိနိဗ္ဗာနာယ၊ မိစ္ဆာဝါယာမဟူသော အကုသိုလ်ဓမ္မ၏ ငြိမ်းခြင်းငှာ။ ဟောတိ၊ ဖြစ်၏။

၁၇။ မိစ္ဆာသတိဿ၊ မကောင်းသည်ကို အဖန်ဖန် အမှတ်စွဲမြဲသော။ ပုရိသပုဂ္ဂလဿ၊ ယောကျ်ားပုဂ္ဂိုလ်အား။ သမ္မာသတိ၊ ကောင်းသည်ကို မှတ်စွဲသော သမ္မာသတိသည်။ ပရိနိဗ္ဗာနာယ၊ မိစ္ဆာသတိ ဟူသော အကုသိုလ်ဓမ္မ၏ ငြိမ်းခြင်းငှာ။ ဟောတိ၊ ဖြစ်၏။

၁၈။ မိစ္ဆာသမာဓိဿ၊ မှောက်မှားသောအာရုံ၌ တည်တံ့ခိုင်မြဲသော စိတ်ရှိသော။ ပုရိသပုဂ္ဂလဿ၊ ယောကျ်ားပုဂ္ဂိုလ်အား။ သမ္မာသမာဓိ၊ အမှန်အာရုံ၌ တည်တံ့ခိုင်မြဲသော သမာဓိသည်။ ပရိနိဗ္ဗာနာယ၊ မိစ္ဆာသမာဓိ ဟူသော အကုသိုလ်ဓမ္မ၏ ငြိမ်းခြင်းငှာ။ ဟောတိ၊ ဖြစ်၏။

၁၉။ မိစ္ဆာဉာဏဿ၊ မကောင်းသောအမှု၌ အဆန်းတကြယ် ကြံဖန်တတ်သော မိစ္ဆာဉာဏ်ရှိသော။ ပုရိသပုဂ္ဂလဿ၊ ယောကျ်ားပုဂ္ဂိုလ်အား။ သမ္မာဉာဏံ၊ ကောင်းသောအမှု၌ အဆန်းတကြယ် ကြံဖန်တတ်သော သမ္မာဉာဏ်သည်။ ပရိနိဗ္ဗာနာယ၊ မိစ္ဆာဉာဏ် ဟူသော အကုသိုလ်ဓမ္မ၏ ငြိမ်းခြင်းငှာ။ ဟောတိ၊ ဖြစ်၏။

၂၀။ မိစ္ဆာဝိမုတ္တိဿ၊ မှောက်မှားသော အယူ၌ ကျွတ်ကျွတ်လွတ်လွတ် သက်ဝင်ခြင်း ရှိသော။ ပုရိသပုဂ္ဂလဿ၊ ယောကျ်ားပုဂ္ဂိုလ်အား။ သမ္မာဝိမုတ္တိ၊ မှန်သောအယူ၌

http://www.dhammadownload.com



သက်ဝင်ခြင်းရှိသော သမ္မာဝိမုတ္တိသည်။ ပရိနိဗ္ဗာနာယ၊ မိစ္ဆာဝိမုတ္တိ ဟူသော အကုသိုလ်ဓမ္မ၏ ငြိမ်းခြင်းငှာ။ ဟောတိ၊ ဖြစ်၏။

၂၁။ ထိနမိဒ္ဓပရိယုဋ္ဌိတဿ၊ ထိန မိဒ္ဓ ထကြွသောင်းကျန်း၍နေသော။ ပုရိသပုဂ္ဂလဿ၊ ယောက်ျားပုဂ္ဂိုလ်အား။ ဝိဂတထိနမိဒ္ဓတာ၊ ထိနမိဒ္ဓ ကင်းရှင်းမှုသည်။ ပရိနိဗ္ဗာနာယ၊ ထိန မိဒ္ဓ ဟူသော အကုသိုလ်ဓမ္မ၏ ငြိမ်းခြင်းငှာ။ ဟောတိ၊ ဖြစ်၏။

၂၂။ ဥဒ္ဓစ္စဿ၊ ပျံ့လွင့်သောစိတ်ရှိသော။ ပုရိသပုဂ္ဂလဿ၊ ယောက်ျားပုဂ္ဂိုလ်အား။ အနုဒ္ဓစ္စံ၊ ဥဒ္ဓစ္စကင်းရှင်းမှုသည်။ ပရိနိဗ္ဗာနာယ၊ ဥဒ္ဓစ္စဟူသော အကုသိုလ်ဓမ္မ၏ ငြိမ်းခြင်းငှာ။ ဟောတိ၊ ဖြစ်၏။

၂၃။ ဝိစိကိစ္ဆဿ၊ ယုံမှားခြင်းရှိနေသော။ ပုရိသပုဂ္ဂလဿ၊ ယောက်ျားပုဂ္ဂိုလ်အား။ တိဏ္ဏဝိစိကိစ္ဆတာ၊ ဝိစိကိစ္ဆာကို လွန်မြောက်မှုသည်။ ပရိနိဗ္ဗာနာယ၊ ဝိစိကိစ္ဆာ ဟူသော အကုသိုလ်ဓမ္မ၏ ငြိမ်းခြင်းငှာ။ ဟောတိ၊ ဖြစ်၏။

၂၄။ ကောဓနဿ၊ အမျက်ထွက်ခြင်း အလေ့ရှိသော။ ပုရိသပုဂ္ဂလဿ၊ ယောက်ျား ပုဂ္ဂိုလ်အား။ အကောဓော၊ အမျက်ဒေါသ ကင်းရှင်းမှုသည်။ ပရိနိဗ္ဗာနာယ၊ ကောဓ ဟူသော အကုသိုလ်ဓမ္မ၏ ငြိမ်းခြင်းငှာ။ ဟောတိ၊ ဖြစ်၏။

၂၅။ ဥပနာဟိဿ၊ ရန်ငြိုးဖွဲ့ခြင်း အလေ့ရှိသော။ ပုရိသပုဂ္ဂလဿ၊ ယောက်ျား ပုဂ္ဂိုလ်အား။ အနုပနာဟိတာ၊ ရန်ငြိုးဖွဲ့ခြင်းအလေ့ ကင်းရှင်းမှုသည်။ ပရိနိဗ္ဗာနာယ၊ ဥပနာဟ ဟူသော အကုသိုလ်ဓမ္မ၏ ငြိမ်းခြင်းငှာ။ ဟောတိ၊ ဖြစ်၏။

၂၆။ မက္ခိဿ၊ ကျေးဇူးကို ချေဖျက်ခြင်းအလေ့ရှိသော။ ပုရိသပုဂ္ဂလဿ၊ ယောက်ျား ပုဂ္ဂိုလ်အား။ အမက္ခော၊ ကျေးဇူးချေဖျက်ခြင်း အလေ့ကင်းရှင်းမှုသည်။ ပရိနိဗ္ဗာနာယ၊ မက္ခဟူသော အကုသိုလ်ဓမ္မ၏ ငြိမ်းခြင်းငှာ။ ဟောတိ၊ ဖြစ်၏။

၂၇။ ပဠာသိဿ၊ သူတစ်ပါး၏ကောင်းသောဂုဏ်ကို မကောင်းဖြစ်လာအောင် အဖျင်းမှုခြင်း အလေ့ရှိသော။ ပုရိသပုဂ္ဂလဿ၊ ယောက်ျားပုဂ္ဂိုလ်အား။ အပဠာသော၊ အဖျင်းမှုခြင်း အလေ့ကင်းရှင်းမှုသည်။ ပရိနိဗ္ဗာနာယ၊ ပဠာသ ဟူသော အကုသိုလ်ဓမ္မ၏ ငြိမ်းခြင်းငှာ။ ဟောတိ၊ ဖြစ်၏။

၂၈။ ဣဿုကိဿ၊ သူတစ်ပါး၏ ဂုဏ်ကျက်သရေကို ငြူစူခြင်း အလေ့ရှိသော။ ပုရိသပုဂ္ဂလဿ၊ ယောက်ျားပုဂ္ဂိုလ်အား။ အနိဿုကိတာ၊ ငြူစူခြင်းအလေ့ ကင်းရှင်းမှုသည်။ ပရိနိဗ္ဗာနာယ၊ ဣဿုက ဟူသော အကုသိုလ်ဓမ္မ၏ ငြိမ်းခြင်းငှာ။ ဟောတိ၊ ဖြစ်၏။

http://www.dhammadownload.com



၂၉။ မစ္ဆရသော၊ ဝန်တိုခြင်းအလေ့ရှိသော။ ပုရိသပုဂ္ဂလဿ၊ ယောကျ်ားပုဂ္ဂိုလ်အား။ အမစ္ဆရိယံ၊ ဝန်တိုခြင်းအလေ့ ကင်းရှင်းမှုသည်။ ပရိနိဗ္ဗာနာယ၊ မစ္ဆရိယ ဟူသော အကုသိုလ်ဓမ္မ၏ ငြိမ်းခြင်းငှာ။ ဟောတိ၊ ဖြစ်၏။

၃၀။ သဌဿ၊ စဉ်းလဲသော။ ပုရိသပုဂ္ဂလဿ၊ ယောကျ်ားပုဂ္ဂိုလ်အား။ အသာဌေယျံ၊ စဉ်းလဲခြင်းကင်းရှင်းမှုသည်။ ပရိနိဗ္ဗာနာယ၊ သာဌေယျ ဟူသော အကုသိုလ်ဓမ္မ၏ ငြိမ်းခြင်းငှာ။ ဟောတိ၊ ဖြစ်၏။

၃၁။ မာယာဝိဿ၊ လှည့်ပတ်ခြင်း အလေ့ရှိသော။ ပုရိသပုဂ္ဂလဿ၊ ယောကျ်ားပုဂ္ဂိုလ်အား။ အမာယာဝိတာ၊ လှည့်ပတ်ခြင်းမှကင်းရှင်းမှုသည်။ ပရိနိဗ္ဗာနာယ၊ မာယာ ဟူသော အကုသိုလ်ဓမ္မ၏ ငြိမ်းခြင်းငှာ။ ဟောတိ၊ ဖြစ်၏။

၃၂။ ထဒ္ဓဿ၊ အမျက်စောင်မာန် ခက်ထန်သော။ ပုရိသပုဂ္ဂလဿ၊ ယောကျ်ားပုဂ္ဂိုလ်အား။ အထဒ္ဓိယံ၊ အမျက်စောင်မာန် ခက်ထန်ခြင်းမှ ကင်းရှင်းမှုသည်။ ပရိနိဗ္ဗာနာယ၊ ထဒ္ဓဟူသော အကုသိုလ်ဓမ္မ၏ ငြိမ်းခြင်းငှာ။ ဟောတိ၊ ဖြစ်၏။

၃၃။ အတိမာနိဿ၊ အလွန်သောမာနကြီးသော။ ပုရိသပုဂ္ဂလဿ၊ ယောကျ်ားပုဂ္ဂိုလ်အား။ အနတိမာနော၊ အလွန်သော မာနမှ ကင်းရှင်းမှုသည်။ ပရိနိဗ္ဗာနာယ၊ အတိမာန ဟူသော အကုသိုလ်ဓမ္မ၏ ငြိမ်းခြင်းငှာ။ ဟောတိ၊ ဖြစ်၏။

၃၄။ ဒုဗ္ဗစဿ၊ ပြောဆိုဆုံးမခြင်းငှာ မကောင်းသောစကားရှိသော။ ပုရိသပုဂ္ဂလဿ၊ ယောကျ်ားပုဂ္ဂိုလ်အား။ သောဝစဿတာ၊ ပြောဆိုဆုံးမလွယ်သော စကားရှိသည်၏ အဖြစ်သည်။ ပရိနိဗ္ဗာနာယ၊ ဒေါဝစဿတာ ဟူသော အကုသိုလ်ဓမ္မ၏ ငြိမ်းခြင်းငှာ။ ဟောတိ၊ ဖြစ်၏။

၃၅။ ပါပမိတ္တဿ၊ မကောင်းသော အဆွေခင်ပွန်းရှိသော။ ပုရိသပုဂ္ဂလဿ၊ ယောကျ်ားပုဂ္ဂိုလ်အား။ ကလျာဏမိတ္တတာ၊ အဆွေခင်ပွန်းကောင်းရှိသည်၏ အဖြစ်သည်။ ပရိနိဗ္ဗာနာယ၊ ပါပမိတ္တတာ ဟူသော အကုသိုလ်ဓမ္မ၏ ငြိမ်းခြင်းငှာ။ ဟောတိ၊ ဖြစ်၏။

၃၆။ ပမတ္တဿ၊ ကုသိုလ်ကောင်းမှု၌ မေ့လျော့တတ်သော။ ပုရိသပုဂ္ဂလဿ၊ ယောကျ်ားပုဂ္ဂိုလ်အား။ အပ္ပမာဒေါ၊ ကုသိုလ်ကောင်းမှု၌ မမေ့မလျော့ခြင်းသည်။ ပရိနိဗ္ဗာနာယ၊ ပမာဒဟူသော အကုသိုလ်ဓမ္မ၏ ငြိမ်းခြင်းငှာ။ ဟောတိ၊ ဖြစ်၏။

၃၇။ အသဒ္ဓဿ၊ သဒ္ဓါတရားမရှိသော။ ပုရိသပုဂ္ဂလဿ၊ ယောကျ်ားပုဂ္ဂိုလ်အား။ သဒ္ဓါ၊ သဒ္ဓါတရားသည်။ ပရိနိဗ္ဗာနာယ၊ အသဒ္ဓိယ ဟူသော အကုသိုလ်ဓမ္မ၏ ငြိမ်းခြင်းငှာ။ ဟောတိ၊ ဖြစ်၏။

မိခင်ရောဝတီ

http://www.dhammadownload.com



၃၈။ အဟိရိကဿ၊ အရှက်မရှိသော။ ပုရိသပုဂ္ဂလဿ၊ ယောကျ်ားပုဂ္ဂိုလ်အား။ ဟိရီ၊ အကုသိုလ်မှ ရှက်ခြင်းသည်။ ပရိနိဗ္ဗာနာယ၊ အဟိရိက ဟူသော အကုသိုလ်ဓမ္မ၏ ငြိမ်းခြင်းငှာ။ ဟောတိ၊ ဖြစ်၏။

၃၉။ အနောတ္တပ္ပိဿ၊ အပါယ်ဘေး၊ သံသရာဘေးတို့၌ အကြောက်အလန့်မရှိသော။ ပုရိသပုဂ္ဂလဿ၊ ယောကျ်ားပုဂ္ဂိုလ်အား။ ဩတ္တပ္ပံ၊ အပါယ်ဘေး၊ သံသရာဘေးတို့၌ ကြောက်လန့်တတ်သော ဩတ္တပ္ပသည်။ ပရိနိဗ္ဗာနာယ၊ အနောတ္တပ္ပ ဟူသော အကုသိုလ်ဓမ္မ၏ ငြိမ်းခြင်းငှာ။ ဟောတိ၊ ဖြစ်၏။

၄၀။ အပ္ပဿုတဿ၊ တရားကျမ်းဂန်အကြားအမြင် နည်းပါးလှသော။ ပုရိသပုဂ္ဂလဿ၊ ယောကျ်ားပုဂ္ဂိုလ်အား။ ဗာဟုသစ္စံ၊ တရားကျမ်းဂန်အကြားအမြင် များသည်၏ အဖြစ်သည်။ ပရိနိဗ္ဗာနာယ၊ အပ္ပဿုတဟူသော အကုသိုလ်ဓမ္မ၏ ငြိမ်းခြင်းငှာ။ ဟောတိ၊ ဖြစ်၏။

၄၁။ ကုသိတဿ၊ ပျင်းရိသော။ ပရိသပုဂ္ဂလဿ၊ ယောကျ်ားပုဂ္ဂိုလ်အား။ ဝီရိယာရမ္ဘော၊ ဝီရိယကို အားထုတ်မှုသည်။ ပရိနိဗ္ဗာနာယ၊ ကောသဇ္ဇ ဟူသော အကုသိုလ်ဓမ္မ၏ ငြိမ်းခြင်းငှာ။ ဟောတိ၊ ဖြစ်၏။

၄၂။ မုဋ္ဌဿတိဿ၊ သတိလွတ်ကင်းသော။ ပုရိသပုဂ္ဂလဿ၊ ယောကျ်ားပုဂ္ဂိုလ်အား။ ဥပဋ္ဌိတဿတိတာ၊ ထင်သောသတိရှိသည်၏ အဖြစ်သည်။ ပရိနိဗ္ဗာနာယ၊ မုဋ္ဌဿတိ ဟူသော အကုသိုလ်ဓမ္မ၏ ငြိမ်းခြင်းငှာ။ ဟောတိ၊ ဖြစ်၏။

၄၃။ ဒုပ္ပညဿ၊ ပညာမရှိသော။ ပုရိသပုဂ္ဂလဿ၊ ယောကျ်ားပုဂ္ဂိုလ်အား။ ပညာသမ္ပဒါ၊ ပညာ၏ ပြည့်စုံခြင်းသည်။ ပရိနိဗ္ဗာနာယ၊ ဒုပ္ပည ဟူသော အကုသိုလ်ဓမ္မ၏ ငြိမ်းခြင်းငှာ။ ဟောတိ၊ ဖြစ်၏။

၄၄။ သန္ဒိဋ္ဌိပရာမာသိ အာဓါနဂါဟိ ဒုပ္ပဋိနိဿဂ္ဂိဿ၊ မိမိ မြင်မိမြင်ရာ မိစ္ဆာအယူကိုသာ မှားသောအားဖြင့် သုံးသပ်လေ့ရှိသော၊ မိမိမြင်မိမြင်ရာ မိစ္ဆာအယူကိုသာ မြဲမြံစွာ ယူလေ့ရှိသော၊ မိမိ မြင်မိမြင်ရာ မိစ္ဆာအယူကို စွန့်လွှတ်ခြင်းငှာ အလွန်ခဲယဉ်းသော အလေ့ရှိသော။ ပုရိသပုဂ္ဂလဿ၊ ယောကျ်ားပုဂ္ဂိုလ်အား။ အသန္ဒိဋ္ဌိ ပရာမာသိအနာ ဒါနဂါဟိ သုပ္ပဋိနိဿဂ္ဂိတာ၊ မိမိမြင်မိမြင်ရာ မိစ္ဆာအယူကို မှားသောအားဖြင့် သုံးသပ်ခြင်းမရှိ၊ မိမိမြင်မိမြင်ရာ မိစ္ဆာအယူကို မြဲမြံစွာ ယူလေ့မရှိမှု၊ မိမိမြင်မိမြင်ရာ မိစ္ဆာအယူကို စွန့်လွှတ်လွယ်မှုသည်။ ပရိနိဗ္ဗာနာယ၊ ထိုထိုအကုသိုလ်ဓမ္မ၏ ငြိမ်းခြင်းငှာ။ ဟောတိ၊ ဖြစ်၏။

**[ဤကား– သလ္လေခသုတ် ပါဠိတော်မှာ လာသော တဒင်္ဂပရိနိဗ္ဗာန် (၄၄)ပါးတည်း။ ဤ (၄၄)ပါးသည်လည်း ဥပလက္ခဏမျှသာတည်း။]**

http://www.dhammadownload.com



ဤလောက၌ အကုသိုလ် ဓမ္မတို့၏ ဖြစ်ပွားမှုတို့မည်သည် အသင်္ချေ၊ အသင်္ချေ မရေတွက်နိုင် များပြားကုန်၏။ ထိုအကုသိုလ်ဓမ္မတို့ကို အသီးသီး ပယ်ရှားရန် ကုသိုလ်ဓမ္မတို့၏ဖြစ်ပွားမှုတို့သည်လည်း အသင်္ချေ၊ အသင်္ချေ မရေတွက်နိုင် များပြားကုန်၏။

ပယ်ရှားနိုင်သဖြင့် ထိုအကုသိုလ်ဓမ္မတို့၏ ဖြစ်ပွားမှု၏ တဒင်္ဂအားဖြင့် အဖြစ် ငြိမ်းမှု ဟူသော တဒင်္ဂပရိနိဗ္ဗာန်သည်လည်း အသင်္ချေ၊ အသင်္ချေ မရေမတွက်နိုင် များပြားကုန်၏။

တစ်ခုတစ်ခုသော ကုသိုလ်ဓမ္မ ဆောက်တည်သဖြင့် တစ်ခုတစ်ခုသော အကုသိုလ် ဓမ္မ၏ ငြိမ်းမှုဟူသော တစ်ခုတစ်ခုသော တဒင်္ဂနိဗ္ဗာန်သည် အသေချေယျ၊ အပ္ပမေယျ အဖိုးထိုက်တန်၏။

ထိုတဒင်္ဂနိဗ္ဗာန်သည်လည်း ဘယ်ကုသိုလ်တရားကို ဆောက်တည်၍ ငါ၏ စိတ်သန္တာန်ဝယ် ဘယ်အကုသိုလ် အပူအလောင်တရားငြိမ်းပေသည်ဟု ကိုယ်တွေ့ဒိဋ္ဌ တွေ့ကြုံရသော ပရမတ္ထဓမ္မ တစ်မျိုးပင်တည်း။

ပြဆိုခဲ့ပြီးသော သမ္မုတိနိဗ္ဗာန်ထက် ဤတဒင်္ဂနိဗ္ဗာန်သည် အဆကုဋေမက သာလွန်မြင့်မြတ်၏။ ဘုရားအစရှိသော လောကီ၊ လောကုတ္တရာ ပညာရှိအပေါင်း သူတော်ကောင်းတို့သည် အလွန်ချီးမွမ်းအပ်၏။ ဤတဒင်္ဂနိဗ္ဗာန်သည် မဟာနိဗ္ဗာန်ကြီး၏ အပင်းအသင်းကဲ့သို့ ဖြစ်၏။

## (ဤကား–တဒင်္ဂနိဗ္ဗာန်တည်း။)

**ဝိက္ခမ္ဘနနိဗ္ဗာန်။** ။ ဝိက္ခမ္ဘနနိဗ္ဗာန်ဆိုသည်ကား မဟဂ္ဂုတ်ဈာန်တရားတို့သည် အကြင်တရားတို့ကို ဝေးစွာ ကွာသည်ကို ပြု၍ ပယ်ရှားအပ်ကုန်၏။ ထိုတရားတို့၏ အရှည်အကြာအားဖြင့် အဖြစ်ငြိမ်းမှုကို "ဝိက္ခမ္ဘနနိဗ္ဗာန်"ဆိုသတည်း။ ဤဝိက္ခမ္ဘနနိဗ္ဗာန်၏ အပြားကို နဝနိပါတ် အင်္ဂုတ္တိုရ်ပါဠိတော်ကို အစဉ်လျောက်ပတ်သဖြင့် သိအပ်၏။

သန္ဒိဋ္ဌိကံ နိဗ္ဗာနံ သန္ဒိဋ္ဌိကံ နိဗ္ဗာနန္တိ အာဝုသော ဝုစ္စတိ၊ ကိတ္တာဝတာ နုခေါ အာဝုသော သန္ဒိဋ္ဌိကံ နိဗ္ဗာနံ ဝုတ္တံ ဘဂဝတာ တိ။

ဣဓာဝုသော ဘိက္ခု ဝိဝိစ္စေဝ ကာမေဟိ ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟိ သဝိတက္ကံ သဝိစာရံ ဝိဝေကဇံ ပီတိ သုခံ ပဌမံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ၊ တွော့ဝတာ ပိ ခေါ အာဝုသော သန္ဒိဋ္ဌိကံ နိဗ္ဗာနံ ဝုတ္တံ ဘဂဝတာ ပရိယာယေနာတိ။

အာဝုသော၊ ငါ့အရှင်။ သန္ဒိဋ္ဌိကံ နိဗ္ဗာနံ သန္ဒိဋ္ဌိကံ နိဗ္ဗာနန္တိ၊ သန္ဒိဋ္ဌိက နိဗ္ဗာန် သန္ဒိဋ္ဌိကနိဗ္ဗာန်ဟူ၍။ ပဏ္ဍိတေဟိ၊ ပညာရှိတို့သည်။ ဝုစ္စတိ၊ အများပြောဆိုအပ်၏။

http://www.dhammadownload.com



အာဝုသော၊ ငါ့ရှင်။ ကိတ္တာဝတာ၊ အဘယ်မျှလောက်သော ငြိမ်းခြင်းဖြင့်။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ သန္ဒိဋ္ဌိကံ နိဗ္ဗာနံ၊ သန္ဒိဋ္ဌိက နိဗ္ဗာန်ကို။ ဝုတ္တံ နုခေါ၊ ဟောတော်မူအပ်သနည်း။ ဣတိ၊ ဤသို့။ ပုစ္ဆိ၊ အရှင်အာနန္ဒာ မထေရ်အား အရှင်မဟာကောဋ္ဌိက မထေရ်က မေးလေ၏။

အာဝုသော၊ ငါ့ရှင်။ ဣဓ၊ ဤသာသနာတော်၌။ ဘိက္ခု၊ ရဟန်းသည်။ ကာမေဟိ၊ ဝတ္ထုကာမ၊ ကိလေသကာမတို့မှ။ ဝိဝိစ္စေဝ၊ ဆိတ်ကင်း၍သာလျှင်။ အကုသလေဟိ ဓမ္မေဟိ၊ အကုသိုလ်ဓမ္မတို့မှ။ ဝိဝိစ္စေဝ၊ ဆိတ်ကင်း၍သာလျှင်။ သဝိတက္ကံ၊ ဝိတက်နှင့်တကွသော။ သဝိစာရံ၊ ဝိစာရနှင့်တကွသော။ ဝိဝေကဇံ ပီတိသုခံ၊ ဝိဝေကကြောင့်ဖြစ်သော ပီတိ၊ သုခရှိသော။ ပဌမံဈာနံ၊ ပထမဈာန်ကို။ ဥပသမ္ပဇ္ဇ၊ ပြည့်စုံစေ၍။ ဝိဟရတိ၊ နေပေ၏။ အာဝုသော၊ ငါ့ရှင်။ ခေါ၊ စင်စစ်။ ဧတ္တာဝတာပိ၊ ဤမျှလောက်သော ဝတ္ထုကာမ၊ ကိလေသကာမ အကုသိုလ်ဓမ္မတို့၏ ချုပ်ငြိမ်းခြင်းဖြင့်လည်း။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ပရိယာယေန၊ ပရိယာယ် အားဖြင့်။ သန္ဒိဋ္ဌိကံ နိဗ္ဗာနံ၊ သန္ဒိဋ္ဌိက နိဗ္ဗာန်ကို။ ဝုတ္တံ၊ ဟောတော်မူပေ၏။ ဣတိ၊ ဤသို့ ဖြေလေ၏။

၁။ ပရိနိဗ္ဗာန်မစံမီ မိမိကိုယ်ခန္ဓာတွင် ကိုယ်တွေ့ဒိဋ္ဌ တွေ့ကြုံရသောနိဗ္ဗာန်ကို "သန္ဒိဋ္ဌိကနိဗ္ဗာန်"ဆိုသည်။ ။ နောက် နောက် ဈာန်တို့၌ အဓိပ္ပာယ်မျှကိုသာ ထုတ်ပြအံ့။

၂။ ဒုတိယဈာန်ကို ဝင်စားသော ပုဂ္ဂိုလ်အား ဝိတက်၊ ဝိစာရတို့၏ ချုပ်ငြိမ်းမှုသည် "သန္ဒိဋ္ဌိကနိဗ္ဗာန်"မည်၏။

၃။ တတိယဈာန်ကို ဝင်စားသောပုဂ္ဂိုလ်အား ပီတိ၏ ချုပ်ငြိမ်းမှုသည် "သန္ဒိဋ္ဌိက နိဗ္ဗာန်" မည်၏။

၄။ စတုတ္ထဈာန်ကို ဝင်စားသော ပုဂ္ဂိုလ်အား သုခဝေဒနာ၏ ချုပ်ငြိမ်းမှုသည် "သန္ဒိဋ္ဌိက နိဗ္ဗာန်"မည်၏။

၅။ အာကာသာနဉ္စာယတနဈာန်ကို ဝင်စားသော ပုဂ္ဂိုလ်အား ပဋိဃသညာတို့၏ ချုပ်ငြိမ်းမှု၊ နာနတ္တသညာတို့၏ ကင်းကွာမှုသည် "သန္ဒိဋ္ဌိကနိဗ္ဗာန်"မည်၏။

၆။ ဝိညာဏဉ္စာယတနဈာန်ကို ဝင်စားသော ပုဂ္ဂိုလ်အား အာကာသာနဉ္စာယတန သညာ၏ ချုပ်ငြိမ်းမှုသည် "သန္ဒိဋ္ဌိကနိဗ္ဗာန်"မည်၏။

၇။ အာကိဉ္စညာယတနဈာန်ကို ဝင်စားသော ပုဂ္ဂိုလ်အား ဝိညာဏဉ္စာယတနသညာ၏ ချုပ်ငြိမ်းမှုသည် "သန္ဒိဋ္ဌိကနိဗ္ဗာန်"မည်၏။

http://www.dhammadownload.com



၈။ နေဝသညာ နာသညာယတနစျာန်ကို ဝင်စားသော ပုဂ္ဂိုလ်အား အာကိဉ္စညာယတန သညာ၏ ချုပ်ငြိမ်းမှုသည် "သန္ဒိဋ္ဌိကနိဗ္ဗာန်"မည်၏။

ဤ မဟဂ္ဂုတ်သမာပတ် ၈ ပါးဖြင့် ပြီးသော နိဗ္ဗာန် ၈ ပါးမှာ အပြီးချုပ်ငြိမ်းသော မဟာနိဗ္ဗာန်ကြီးမဟုတ်၊ ကာလရှည်ကြာ ကင်းကွာရုံမျှသာ ချုပ်ငြိမ်းမှုဖြစ်ပေ၍ ပရိယာယ်နိဗ္ဗာန်ဆိုသတည်း။

ပုန စ ပရံ အာဝုသော ဘိက္ခု နေဝသညာနာသညာယတနံ သမတိက္ကမ္မ သညာဝေဒယိတ နိရောဓံ ဥပသမ္ပဇ္ဇ ဝိဟရတိ၊ ပညာယာဿ ဒိသွာ အာသဝါ ပရိက္ခီဏာ ဟောန္တိ၊ ဧတ္တာဝတာ ခေါ အာဝုသော သန္ဒိဋ္ဌိကံ နိဗ္ဗာနံ ဝုတ္တံ ဘဂဝတာ နိပ္ပရိယာယေနာတိ။ ။ [အဆုံးဝါကျ။]

အာဝုသော၊ ငါ့ရှင်။ ပုနစရံ၊ ထိုမှတစ်ပါးတုံ။ ဘိက္ခု ၊ ရဟန်းသည်။ နေဝသညာနာသညာယတနံ၊ နေဝသညာနာသညာယတနစျာန်ကို။ သမတိက္ကမ္မ၊ ကောင်းစွာလွန်၍။ သညာဝေဒယိတနိရောဓံ၊ သညာ၊ ဝေဒနာတို့၏ ချုပ်ငြိမ်းခြင်းကို။ ဥပသမ္ပဇ္ဇ၊ ပြည့်စုံစေ၍။ ဝိဟရတိ၊ နေပေ၏။ အဿ၊ ထိုပုဂ္ဂိုလ်အား။ ပညာယစ၊ ပညာဖြင့်လည်း။ ဒိသွာ၊ အလင်းကို သိမြင်၍။ အာသဝါ၊ အာသဝေါတရားတို့သည်။ ပရိက္ခီဏာ၊ အကြွင်းအကျန်မရှိ ကုန်ခန်းချုပ်ငြိမ်းကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ အာဝုသော၊ ငါ့ရှင်။ ခေါ၊ စင်စစ်။ ဧတ္တာဝတာ၊ ဤမျှလောက်သော ချုပ်ငြိမ်းခြင်း အားဖြင့်။ သန္ဒိဋ္ဌိကံနိဗ္ဗာနံ၊ သန္ဒိဋ္ဌိကနိဗ္ဗာန်ကို။ ဝုတ္တံ၊ ဟောတော်မူအပ်ပေ၏။ ဣတိ၊ ဤသို့ဖြေပေ၏။ ။ [အနက်။]

ဤအဆုံးဝါကျ၌ နိရောဓသမာပတ်သည်လည်း မုချ သန္ဒိဋ္ဌိကနိဗ္ဗာန်တစ်ပါး၊ အရဟတ္တမဂ်သို့ ရောက်သောအခါ ကိလေသာ အာသဝေါတို့၏ အကြွင်းအကျန်မရှိ ကုန်ခန်းချုပ်ငြိမ်းခြင်းသည်လည်း မုချ သန္ဒိဋ္ဌိက နိဗ္ဗာန်တစ်ပါး၊ ဤသို့ နိဗ္ဗာန် (၂)ပါး ဖြစ်ပါငြားသော်လည်း သဥပါဒိသေသ မုချနိဗ္ဗာန် အနေအားဖြင့် တစ်ခုတည်း ဖြစ်သည်နှင့် သန္ဒိဋ္ဌိကနိဗ္ဗာန်တစ်ပါးထား၍ နိဗ္ဗာန်အပြား (၉)ပါးလာပေသည်။

**ဒုတိယသုတ်**။ ။ ဒုတိယသုတ်၌ သန္ဒိဋ္ဌိကသဒ္ဒါမပါဘဲ "နိဗ္ဗာနံ နိဗ္ဗာနန္တိ အာဝုသော ဝုစ္စတိ၊ ကိတ္တာဝတာ နု ခေါ အာဝုသော နိဗ္ဗာနံ ဝုတ္တံ ဘဂဝတာ တိ၊ ဣဓာဝုသော ဘိက္ခု ဝိဝိစ္စေဝ ကာမေဟိ ဝိဝိစ္စအကုသလေဟိ ဓမ္မေဟိ"အစရှိသည်ဖြင့် ပထမသုတ်အတိုင်း နိဗ္ဗာန် (၉)ပါးလာ၏။

**တတိယသုတ်**။ ။ ထို့အတူ တတိယသုတ်၌လည်း "တဒင်္ဂနိဗ္ဗာနံ တဒင်္ဂနိဗ္ဗာနန္တိ အာဝုသော ဝုစ္စတိ"အစရှိသည်ဖြင့် တဒင်္ဂနိဗ္ဗာန်ဟူသော အမည်နှင့် နိဗ္ဗာန် (၉)ပါး လာ၏။

http://www.dhammadownload.com



**စတုတ္ထသုတ်**။ ။ စတုတ္ထသုတ်၌ "ဒိဋ္ဌဓမ္မနိဗ္ဗာနံ ဒိဋ္ဌဓမ္မနိဗ္ဗာနန္တိ အာဝုသော ဝုစ္စတိ" အစရှိသည်ဖြင့် ဒိဋ္ဌဓမ္မနိဗ္ဗာန်ဟူသော အမည်နှင့် နိဗ္ဗာန် (၉)ပါးလာ၏။

**ပဉ္စမသုတ်**။ ။ ပဉ္စမသုတ်၌ "ခေမပ္ပတ္တော ခေမပ္ပတ္တောတိ အာဝုသောဝုစ္စတိ" အစရှိသည်ဖြင့် ခေမ ဟူသောအမည်နှင့် နိဗ္ဗာန် (၉)ပါးလာ၏။

**ဆဋ္ဌသုတ်**။ ။ ဆဋ္ဌသုတ်၌ "ခေမပ္ပတ္တောတိ အာဝုသော ဝုစ္စတိ"အစရှိသည် ဖြင့် နိဗ္ဗာန်သို့ရောက်သော ပုဂ္ဂိုလ်ကို ပဓာနပြု၍ နိဗ္ဗာန် (၉)ပါးလာ၏။

**သတ္တမသုတ်**။ ။ သတ္တမသုတ်၌ "အမတန္တိ အာဝုသော ဝုစ္စတိ"အစရှိသည်ဖြင့် အမတ ဟူသော အမည်နှင့် နိဗ္ဗာန် (၉)ပါးလာ၏။

**အဋ္ဌမသုတ်**။ ။ အဋ္ဌမသုတ်၌ "အမတံ ပတ္တော အမတံ ပတ္တောတိ အာဝုသော ဝုစ္စတိ"အစရှိသည်ဖြင့် နိဗ္ဗာန်သို့ရောက်သော ပုဂ္ဂိုလ်ကို ပဓာနပြု၍ နိဗ္ဗာန်(၉)ပါးလာ၏။

**နဝမသုတ်**။ ။ နဝမသုတ်၌ "အဘယံ အဘယန္တိ အာဝုသော ဝုစ္စတိ" အစရှိသည်ဖြင့် အဘယ ဟူသော အမည်နှင့် နိဗ္ဗာန် (၉)ပါးလာ၏။

**ဒသမသုတ်**။ ။ ဒသမသုတ်၌ "အဘယံ ပတ္တော အဘယံ ပတ္တောတိ အာဝုသော ဝုစ္စတိ" အစရှိသည်ဖြင့် နိဗ္ဗာန်သို့ ရောက်ကုန်သော ပုဂ္ဂိုလ်ကို ပဓာနပြု၍ နိဗ္ဗာန် (၉)ပါးလာ၏။

**ဧကာဒသမသုတ်**။ ။ ဧကာဒသမသုတ်၌ "ပဿဒ္ဓိတိ အာဝုသော ဝုစ္စတိ" အစရှိသည်ဖြင့် ပဿဒ္ဓိဟူသော အမည်နှင့် နိဗ္ဗာန် (၉)ပါးလာ၏။

**ဒွါဒသမသုတ်**။ ။ ဒွါဒသမသုတ်၌ "နိရောဓော နိရောဓောတိ အာဝုသော ဝုစ္စတိ"အစရှိသည်ဖြင့် နိရောဓဟူသော အမည်နှင့် နိဗ္ဗာန် (၉)ပါးလာ၏။

**တေရသမသုတ်**။ ။ တေရသမသုတ်၌ "အနုပုဗ္ဗနိရောဓော အနုပုဗ္ဗနိရောဓောတိ အာဝုသော ဝုစ္စတိ"အစရှိသည်ဖြင့် အနုပုဗ္ဗနိရောဓ ဟူသော အမည်နှင့် နိဗ္ဗာန် (၉)ပါးလာ၏။

သုတ်ပေါင်း (၁၃)၊ နိဗ္ဗာန်ပေါင်း (၁၁၇)၊ ထို (၁၁၇)ပါးသော နိဗ္ဗာန်တို့၌ ဝိက္ခမ္ဘန နိဗ္ဗာန် (၁၀၄)၊ သမုစ္ဆေဒနိဗ္ဗာန် (၁၃)။

ဝိက္ခမ္ဘနနိဗ္ဗာန် (၁၀၄) သည် ဗြဟ္မာ့ပြည်မှာ ထာဝရရှိ၏။ လူ့ပြည်၊ နတ်ပြည်မှာ ဈာနလာဘီ ပုဂ္ဂိုလ်တို့၌သာရှိ၏။

**[ဤကား ဝိက္ခမ္ဘနနိဗ္ဗာန်တည်း။]**

**သမုစ္ဆေဒနိဗ္ဗာန်**။ ။ သမုစ္ဆေဒနိဗ္ဗာန်သည် လူအနာဂါမ် ရဟန္တာ၊ နတ်အနာဂါမ် ရဟန္တာ၊ ဗြဟ္မာ အနာဂါမ် ရဟန္တာတို့၌သာ ရှိ၏။ သမုစ္ဆေဒနိဗ္ဗာန်ဆိုသည်လည်း သဉပါဒိသေသနိဗ္ဗာန်ကို ဆိုသတည်း။

မိခင်ရောဝတီ

http://www.dhammadownload.com



မဂ်ဖြင့် ကိလေသာတို့ကို အကြွင်းမဲ့ပယ်ဖြတ်ခြင်းသည် သမုစ္ဆေဒကိစ္စမည်၏။ ပယ်ဖြတ်ပြီးသော ကိလေသာတို့၏ တစ်ဖန် အဖြစ်ငြိမ်းခြင်းသည် သမုစ္ဆေဒနိဗ္ဗာန် မည်၏။

ဤပါဠိတော်၌ ဝိက္ခမ္ဘန ကိစ္စအရာဌာန ဖြစ်ပါလျက် "တဒင်္ဂနိဗ္ဗာနံ တဒင်္ဂနိဗ္ဗာနန္တိ အာဝုသော ဝုစ္စတိ"အစရှိသည်ဖြင့် တဒင်္ဂနိဗ္ဗာန်ဟူ၍ လာသည်မှာ ပထမဈာန်ကုသိုလ်ဖြင့် နီဝရဏအကုသိုလ်စုကို ပယ်သည်၊ ဒုတိယဈာန်ကုသိုလ်ဖြင့် ဝိတက်၊ ဝိစာရတို့ကို ပယ်သည်၊ ဤသို့ စသည်ဖြင့် ပယ်တတ်၊ ပယ်အပ်၊ အသီးသီးဖြစ်ကြသည်ကို အစွဲပြု၍ ဝိက္ခမ္ဘနကိစ္စကိုလည်း တဒင်္ဂဆိုသင့်ပြန်၏။ ဤဝိက္ခမ္ဘနနိဗ္ဗာန်သည် ရှေး၌ ပြဆိုခဲ့ပြီးသော တဒင်္ဂနိဗ္ဗာန်မျိုးတို့ထက် အဆကုဋေမက သာလွန်မြင့်မြတ်၏။

ပဋိသမ္ဘိဒါမဂ် ပါဠိတော်လာသော (၁၈) ရပ်သော မဟာဝိပဿနာဉာဏ်တို့ဖြင့် ပြီးသော "ဝိပဿနာသိဒ္ဓ"တဒင်္ဂနိဗ္ဗာန်ပေါင်း (၁၈) ပါးတို့ထက်မူကား သာလွန်မြင့်မြတ်သည်ဟူ၍ မဆိုသာပေ၊ သမုစ္ဆေဒနိဗ္ဗာန်သည်သာလျှင် ထိုဝိပဿနာသိဒ္ဓ တဒင်္ဂနိဗ္ဗာန်ထက် သာလွန်မြင့်မြတ်လေသည်။

ငှင်းအပြား (၇) ပါး။ ။ သမုစ္ဆေဒနိဗ္ဗာန်ဆိုသည်ကား သဂြိုဟ်ကျမ်းမှာလာသော သဉပါဒိသေသနိဗ္ဗာန်ကို ဆိုသတည်း၊ ကိလေသနိဗ္ဗာန်ဟူ၍လည်းဆို၏။ ထိုသမုစ္ဆေဒနိဗ္ဗာန်၏ အပြားကို သတ္တနိပါတ် အင်္ဂုတ္တိုရ်ပါဠိတော်မှာ အရှင်မောဂ္ဂလ္လာန်မေး၍ တိဿဗြဟ္မာအဖြေ၊ မြတ်စွာဘုရား၏ အဖြေတို့ကို အစဉ်လျှောက်၍ သိအပ်၏။ ။ လိုရင်းအဓိပ္ပာယ်ကိုသာ ထုတ်ပြပေအံ့။

သဉပါဒိသေသ - ဟူသောပုဒ်၌ ဉပါဒိသေသတရားသည်-

၁။ ကိလေသုပါဒိသေသ (၁) ပါး

၂။ ခန္ဓုပါဒိသေသ (၁) ပါး

ဟူ၍ (၂) ပါး အပြားရှိ၏။ ထို (၂) ပါးတို့တွင်-

ကိလေသာ အကြွင်းအကျန်ရှိသေးသော သေက္ခပုဂ္ဂိုလ်စုသည် ကိလေသုပါဒိသေသ၏ အစွမ်းဖြင့် "သဉပါဒိသေသပုဂ္ဂိုလ်"မည်၏။ ထိုပုဂ္ဂိုလ်ဆိုက်ရောက်သော နိဗ္ဗာန် သည်လည်း "သဉပါဒိသေသနိဗ္ဗာန်"မည်၏။

ကိလေသာ အကြွင်းအကျန် မရှိသော ရဟန္တာပုဂ္ဂိုလ်သည် "အနုပါဒိသေသ ပုဂ္ဂိုလ်" မည်၏။ ထိုပုဂ္ဂိုလ်သည် အရဟတ္တဖိုလ်ကို ရသည်နှင့် တစ်ပြိုင်နက် ဆိုက်ရောက်သော နိဗ္ဗာန်သည်လည်း "အနုပါဒိသေသနိဗ္ဗာန်"မည်၏။

အရိယာပုဂ္ဂိုလ်အဖြစ်သို့ ရောက်ပြီးသည့်နောက် ခန္ဓပရိနိဗ္ဗာန် မစံမီအတွင်း ခန္ဓာ (၅) ပါး အကြွင်းအကျန် ရှိသေးသော အရိယာပုဂ္ဂိုလ် (၈) ယောက်သည်

http://www.dhammadownload.com



ခန္ဓုပါဒိသေသ၏ အစွမ်းဖြင့် "သဥပါဒိသေသပုဂ္ဂိုလ်"မည်၏။ ထိုအရိယာ (၈)ယောက်တို့ ဆိုက်ရောက်သော နိဗ္ဗာန်သည် "သဥပါဒိသေသနိဗ္ဗာန်"မည်၏။

ခန္ဓပရိနိဗ္ဗာန်စံပြီး၍ ထိုပုဂ္ဂိုလ်မရှိပြီးနောက် ကွယ်လွန်လေပြီးသော ထိုပုဂ္ဂိုလ်သည် "အနုပါဒိသေသပုဂ္ဂိုလ်"မည်၏။ ထိုပုဂ္ဂိုလ်ဆိုက်ရောက်သော နိဗ္ဗာန်သည် "အနုပါဒိသေသနိဗ္ဗာန်"မည်၏။

ဤသို့လျှင် သဥပါဒိသေသပုဂ္ဂိုလ်၊ အနုပါဒိသေသပုဂ္ဂိုလ်ဟူ၍ ပုဂ္ဂိုလ် (၂)မျိုး သဥပါဒိသေသနိဗ္ဗာန်၊ အနုပါဒိသေသနိဗ္ဗာန်ဟူ၍ နိဗ္ဗာန်(၂) မျိုးကို ကိလေသုပါဒိသေသနှင့် ခွဲခြမ်းနည်းတစ်မျိုး၊ ခန္ဓုပါဒိသေသနှင့် ခွဲခြမ်းနည်းတစ်မျိုးဟူ၍ အဋ္ဌကထာ၌ (၂) မျိုးလာ၏။

ဥဘတော ဘာဂ ဝိမုတ္တ ရဟန္တာပုဂ္ဂိုလ်၏ နိဗ္ဗာန်၊ ပညာဝိမုတ္တ ရဟန္တာပုဂ္ဂိုလ်၏ နိဗ္ဗာန်သည် ခန္ဓုပါဒိသေသ၏ အစွမ်းဖြင့် သဥပါဒိသေသနိဗ္ဗာန်၊ အနုပါဒိသေသနိဗ္ဗာန် ဟူ၍ (၂)ပါး အပြားရှိ၏။

ကာယသက္ခိသေက္ခပုဂ္ဂိုလ်၏ နိဗ္ဗာန်၊ ဒိဋ္ဌိပ္ပတ္တသေက္ခပုဂ္ဂိုလ်၏ နိဗ္ဗာန်၊ သဒ္ဓါဝိမုတ္တသေက္ခပုဂ္ဂိုလ်၏ နိဗ္ဗာန်၊ သဒ္ဓါနုသာရီသေက္ခပုဂ္ဂိုလ်၏ နိဗ္ဗာန်၊ ဓမ္မာနုသာရီသေက္ခပုဂ္ဂိုလ်၏ နိဗ္ဗာန်စုသည် ကိလေသုပါဒိသေသ၏ အစွမ်းဖြင့် သဥပါဒိသေသနိဗ္ဗာန်၊ အနုပါဒိသေသနိဗ္ဗာန် ဟူ၍ (၂)ပါးစီအပြားရှိ၏။

**(ရဟန္တာအဖြစ်သို့ မရောက်မီ သဥပါဒိသေသနိဗ္ဗာန်၊ ရဟန္တာအဖြစ်သို့ ရောက်သော အခါ အနုပါဒိသေသနိဗ္ဗာန် ဟုခွဲလေ။)**

ဤသို့လျှင် တိသဗြဟ္မာ၏ အဖြေ၌ ပုဂ္ဂိုလ်(၆)ပါး၊ သဥပါဒိသေသ နိဗ္ဗာန် (၆) ပါး၊ အနုပါဒိသေသနိဗ္ဗာန် (၆) ပါးရ၏။ မဂ်၊ ဖိုလ်ကို ယခုဘဝရလတ္တံ့သော ဝိပဿနာ ယောဂီပုဂ္ဂိုလ်၏ နိဗ္ဗာန်သည်လည်း ရဟန္တာအဖြစ်သို့မရောက်မီ သဥပါဒိသေသ ပုဂ္ဂိုလ်၊ သဥပါဒိသေသနိဗ္ဗာန်မည်၏။ ရဟန္တာအဖြစ်သို့ ရောက်သောအခါ အနုပါဒိသေသ ပုဂ္ဂိုလ်၊ အနုပါဒိသေသနိဗ္ဗာန်မည်၏။

ဤသို့လျှင် မြတ်စွာဘုရား၏ အဖြေ၌ ပုဂ္ဂိုလ်(၂)ပါး၊ နိဗ္ဗာန်(၂)ပါးဖြစ်၏။ ဤ၌ သဥပါဒိသေသ နိဗ္ဗာန်ဆိုသည်ကား (၁၈)ရပ်သော မဟာဝိပဿနာဉာဏ်၏အစွမ်းဖြင့်ပြီးသော တဒင်္ဂနိဗ္ဗာန် (၁၈)ပါးယူလေ၊ တဒင်္ဂနိဗ္ဗာန်ပင် ဖြစ်သော်လည်း အထက်ဖြစ်သော သမုစ္ဆေဒနိဗ္ဗာန်နှင့် ကေန် ဆက်မိလတ္တံ့သော နိဗ္ဗာန်ဖြစ်ပေ၍ သဥပဒိသေသ နိဗ္ဗာန်ဆိုရသတည်း။

http://www.dhammadownload.com



ဤသို့လျှင် ဤပါဠိတော်၌ သဉပါဒိသေသနိဗ္ဗာန် (၇)ပါး၊ အနုပါဒိသေသ နိဗ္ဗာန် (၇)ပါးအားဖြင့် (၁၄)ပါးသော နိဗ္ဗာန်တို့သည် လာကုန်၏။ ထို(၁၄)ပါးတွင် သဉပါဒိသေသနိဗ္ဗာန် (၇)ပါးသည် သမုစ္ဆေဒနိဗ္ဗာန်(၇)ပါးမည်၏။

**(ဤကား သမုစ္ဆေဒနိဗ္ဗာန်အပြားတည်း။)**

**ပဋိပဿဒ္ဓိနိဗ္ဗာန်**။ ။ ပဋိပဿဒ္ဓိနိဗ္ဗာန်ဆိုသည်ကား အရဟတ္တဖိုလ်ကို ဆိုသတည်း၊ ထိုအရဟတ္တဖိုလ်ဟု ဆိုအပ်သော ပဋိပဿဒ္ဓိနိဗ္ဗာန်ကို "သဉပါဒိသေသ နိဗ္ဗာန်နဓာတုဝဏ္ဏာ" ဟူသော နေတ္တိပါဠိတော်၊ "နိဗ္ဗာနသစ္ဆိ ကိရိယာစ" ဟူသော မင်္ဂလသုတ်ပါဠိတော်တို့ ၌ သိအပ်၏။

**(ဤကား ပဋိပဿဒ္ဓိ နိဗ္ဗာန်တည်း။)**

**နိဿရဏနိဗ္ဗာန်**။ ။ နိဿရဏနိဗ္ဗာန်ဆိုသည်ကား သဉပါဒိသေသအမည်၊ အနုပါဒိသေသအမည်(၂)ပါးရသော ပရမတ္ထအသင်္ခတ မဟာနိဗ္ဗာန်ကြီးကို ဆိုသတည်း။

ထိုနိဿရဏနိဗ္ဗာန်ကိုကား–

ဒွေမာ ဘိက္ခဝေ နိဗ္ဗာနဓာတုယော၊ ကတမာဒွေ၊ သဉပါဒိသေသာ စ နိဗ္ဗာနဓာတု၊ အနုပါဒိသေသာ စ နိဗ္ဗာန ဓာတု။

ဟူသော ဣတိဝုတ်ပါဠိတော် အစရှိသည်တို့၌ သိအပ်၏။

ဤဣတိဝုတ်ပါဠိတော်၌–

ဧကာ ဟိ ဓာတု ဣဓ ဒိဋ္ဌဓမ္မိကာ၊ သဉပါဒိသေသာ ဘဝနေတ္တိသင်္ခယာ၊ အနုပါဒိသေသာ သမ္ပရာယိကာ၊ ယမှိ နိရုဇ္ဈန္တိ ဘဝါနိ သဗ္ဗသော။

ဟု သဉပါဒိသေသနိဗ္ဗာန်ကို ဒိဋ္ဌဓမ္မိကနိဗ္ဗာန် ဟူ၍ လာပြန်၏။ အနုပါဒိသေသ နိဗ္ဗာန်ကို သမ္ပရာယိကနိဗ္ဗာန် ဟူ၍ လာပြန်၏။

အဋ္ဌကထာ၌လည်း–

ဒိဋ္ဌဓမ္မိကာတိ ဣမသ္မိံ အတ္တဘာဝေ ဘာဝါ ဝတ္တမာနာ။

သမ္ပရာယိကာတိ၊ သမ္ပရာယေ ခန္ဓဘေဒတော ပရဘာဂေဘာဝါ ဝတ္တမာနာ ဟု ဖွင့်၏။

ဒိဋ္ဌဓမ္မိကာတိ၊ ဒိဋ္ဌဓမ္မိက ဟူသည်ကား။ ဣမသ္မိံအတ္တဘာဝေ၊ ဤပစ္စုပ္ပန် အတ္တဘော၌။ ဘာဝါ၊ ဖြစ်သည်တည်း၊ ဝတ္တမာနာ၊ ဖြစ်သည်တည်း။ ။ သမ္ပရာယိကာတိ၊ သမ္ပရာယိက ဟူသည်ကား။ သမ္ပရာယေခန္ဓဘေဒတော ပရဘာဂေ၊ ပစ္စုပ္ပန်ခန္ဓာ ပျက်ဆုံးသည်မှ နောက်အဖို့၌။ ဘာဝါ၊ ဖြစ်သည်တည်း။ ဝတ္တမာနာ၊ ဖြစ်သည်တည်း။

ဘာဝါ (၂)ပုဒ်၊ ဝတ္တမာနာ (၂)ပုဒ်။ ။ ဘာဝါ၌ ဘူသဒ္ဒါသည် သတ္တာ၊ အနက်ကို ဟော၏။ သတ္တာ အနက်ဆိုသည်ကား "သန္တ သာ ဘာဝေါသတ္တာ"ဟူသော

http://www.dhammadownload.com



ဝစနတ္တနှင့် အညီ သင်္ခတပရမတ် တရားတို့မှာ သင်္ခတပရမတ် အနေအားဖြင့် ရှိခြင်း၊ အသင်္ခတ ပရမတ်မှာလည်း အသင်္ခတပရမတ် အနေအားဖြင့် ရှိခြင်း၊ ပညတ်တရားတို့မှာလည်း ပညတ်အနေအားဖြင့် ရှိခြင်းအမှုကို "သတ္တာ" ဆိုသည်။ အသစ်ဖြစ်ပေါ်သည်ကို ဆိုသည်မဟုတ်။

ဟောတိ၊ ဖြစ်၏။ ဘဝတိ၊ ဖြစ်၏။ ။ ဤဖြစ် (၂)လုံးကား ပြဆိုခဲ့ပြီးသော ရှိခြင်း ၃ မျိုးကို ဆိုသော ဖြစ် (၂)လုံးတည်း။ ဥပါဒ် ဇာတိနှင့် ဖြစ်ပေါ်သည်ကို ဆိုသော ဖြစ် (၂)လုံးမဟုတ်။

ဝတ္တတိ၊ ဖြစ်၏။ ပဝတ္တတိ၊ ဖြစ်၏။ ဝတ္တမာနံ၊ ဖြစ်သည်။ ပဝတ္တမာနံ၊ ဖြစ်သည်။ ဤဖြစ်လုံးစုကား အစဉ်အားဖြင့် တည်မှုကိုဆိုသော ဖြစ်လုံးစုတည်း။ ဥပဒါ ဇာတိနှင့် ဖြစ်ပေါ်သည်ကိုဆိုသော ဖြစ်လုံးစုမဟုတ်။

ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ နိဗ္ဗတ္တတိ၊ ဖြစ်၏။ ဇာယတိ၊ ဖြစ်၏။ ဥပ္ပန္နော၊ ဖြစ်သည်။ နိဗ္ဗတ္တော၊ ဖြစ်သည်။ ဇာတော၊ ဖြစ်သည်။ ။ ဤဖြစ်လုံးစုကား ဥပါဒ် ဇာတိနှင့် အသစ်ဖြစ်ပေါ်မှုကို ဆိုသော ဖြစ်လုံးစုပေတည်း။

ဤသို့လျှင် ကျမ်းဂန်တို့၌လည်းကောင်း၊ ငါတို့ မြန်မာစကား၌လည်းကောင်း (၃) မျိုးရှိသတည်း။ ထို (၃) မျိုးတို့တွင် ဣတိဝုတ် အဋ္ဌကထာ၌ရှိခြင်း၊ အစဉ်တည်ခြင်း ဟူသော ဖြစ် (၂) မျိုးကိုသာ ယူအပ်၏။ ဖြစ်ပေါ်ခြင်း ဟူသော ဖြစ်မျိုးကို မယူအပ်။ ထို့ကြောင့် ဘဝါ၊ ဝတ္တမာနာဟု ဆိုလေသည်။ ဥပ္ပန္နာ၊ နိဗ္ဗတ္တာ၊ ဇာတာဟူ၍ မဆိုလေ။

နိဗ္ဗာန်သည် နိဗ္ဗာန်အနေအားဖြင့် ထင်ရှားရှိသောကြောင့် "ဘဝါ"ဟု ဆိုသင့်၏။ အနမတဂ္ဂသံသရာ၌ အစဉ်အမြဲတည်သောကြောင့် "ဝတ္တမာနာ"ဟု ဆိုသင့်၏။ ဥပါဒ် ဇာတိနှင့် ဖြစ်ပေါ်မှုဟူ၍ လုံးလုံးမရှိသောကြောင့် "ဇာတိ"ဟူ၍လည်းကောင်း၊ "ဥပ္ပန္န"ဟူ၍လည်းကောင်း၊ "နိဗ္ဗတ္တာ"ဟူ၍လည်းကောင်း မဆိုသင့်။

အကြင်သူတို့သည် ဖြစ်လုံး (၃) မျိုး ခြားနားမှုကို နှလုံးမထားမိကြကုန်၊ ထိုသူတို့သည် ဤဣတိဝုတ် အဋ္ဌကထာ၌ ဘဝါ၊ ဝတ္တမာနာဟု လာသည်ကိုထောက်၍ နိဗ္ဗာန်မှ တခြားတစ်ပါးသော သင်္ခတတရားတို့ကဲ့သို့ ရန့်ရင်းကြမ်းတမ်းသောဇာတိနှင့် ဖြစ်ပေါ်မှုသာ မရှိသည်၊ အလွန်သိမ်မွေ့လှသော ဇာတိနှင့် ဖြစ်ပေါ်မှုကားရှိ၏။ သဥပါဒိသေသ နိဗ္ဗာန်သည် မဂ်၊ ဖိုလ် ဖြစ်ပေါ်ရာမှစ၍ ဖြစ်ပေါ်၏။ အနုပါဒိသေသ နိဗ္ဗာန်သည် ပရိနိဗ္ဗာန်၊ စုတိကမ္မဇရုပ်ချုပ်သည်၏ အခြားမဲ့မှစ၍ ဖြစ်ပေါ်၏ဟု ယူကြကုန်၏။ အချို့ဆရာတို့ကလည်း နိဗ္ဗာန်၏အသစ်ဖြစ်ပေါ်ခြင်းကို အလိုမရှိကြကုန်၊ အဋ္ဌကထာ ပါဠ်၌လည်းဘဝါ၊ ဝတ္တမာနာဟု လာရှိပြန်၏။

http://www.dhammadownload.com



ထို့ကြောင့် "ဒွေမာ ဘိက္ခဝေ"ဟူသော ဣတိဝုတ် ပါဠိတော်မှာလာသော သဉပါဒိသေသ နိဗ္ဗာန်၊ အနုပါဒိသေသ နိဗ္ဗာန်သည် ပရမတ္ထအသင်္ခတမဟာ နိဗ္ဗာန်ကြီး မဟုတ်၊ ဤပါဠိတော်မှာ ကိလေသာတို့၏ မရှိခြင်းအဘာဝမတ္တ ဟု ဆိုအပ်သော အသင်္ခတ ပညတ်ကို သဉပါဒိသေသနိဗ္ဗာန်ဆိုသည်၊ ပရိနိဗ္ဗာန်စံ၍ စုတိကမ္မဇရုပ် ချုပ်ပြီးနောက် ပဋိသန္ဓေခန္ဓာအသစ် ဖြစ်ပေါ်ခြင်းမရှိသော အဘာဝပညတ်မျှကို အနုပါဒိသေသနိဗ္ဗာန်ဆိုသည်ဟု ယူကြကုန်၏။

ဤပါဠိတော်မှာ ပရမတ္ထတရား (၄)ပါးတွင် အကျုံးဝင်သော အရိယသစ္စာထိုက်သော အသင်္ခတ မဟာနိဗ္ဗာန်ကြီး (၂)ပါးကို မဟောပါဘဲ၊ ပရမတ်မဟုတ် အဘာဝပညတ်မျှသာဖြစ်သော နိဗ္ဗာန် (၂)ပါးကိုသာ ဟောတော်မူသည်ဟု ယူကြခြင်းသည် သဘောယုတ္တိ မရှိလေ။

သင်္ဂြိုဟ်ကျမ်း၌ သဉပါဒိသေသ၊ အနုပါဒိသေသ ဟူသော အမည်(၂)ပါး သုညတ၊ အနိမိတ္တ၊ အပ္ပဏိဟိတ ဟူသော အမည်(၃)ပါးတို့နှင့် လာသော ဤပရမတ္ထအသင်္ခတ မဟာနိဗ္ဗာန်ကြီး၏ အပြားကိုကား အဘိဓမ္မာသစ္စဝိဘင်း ပါဠိတော်ကို အစဉ်လျှောက်၍ သိအပ်၏။

တဏှာ၏ အကြွင်းမဲ့ချုပ်ခြင်းသည် နိရောဓသစ္စာဟု ဆိုအပ်သော နိဗ္ဗာန်မည်၏။ တဏှာ၏ အကြွင်းမဲ့ချုပ်ခြင်းသည်လည်း–

၁။ စက္ခု၌ စွဲလမ်းသော တဏှာ၏ စက္ခု၌ ချုပ်ခြင်း နိဗ္ဗာန် (၁)ပါး။
၂။ သောတ၌ စွဲလမ်းသော တဏှာ၏ သောတ၌ ချုပ်ခြင်း နိဗ္ဗာန် (၁)ပါး။
၃။ ဃာန၌ စွဲလမ်းသော တဏှာ၏ ဃာန၌ ချုပ်ခြင်း နိဗ္ဗာန် (၁)ပါး။
၄။ ဇိဝှာ၌ စွဲလမ်းသော တဏှာ၏ ဇိဝှာ၌ ချုပ်ခြင်း နိဗ္ဗာန် (၁)ပါး။
၅။ ကာယ၌ စွဲလမ်းသော တဏှာ၏ ကာယ၌ ချုပ်ခြင်း နိဗ္ဗာန် (၁)ပါး။
၆။ မနော၌ စွဲလမ်းသော တဏှာ၏ မနော၌ ချုပ်ခြင်း နိဗ္ဗာန် (၁)ပါး။

[ဤသို့လျှင် အဇ္ဈတ္တိကာယတန (၆)ပါး၌ နိဗ္ဗာန် (၆)ပါးရ၏။]

ဟူနည်းအတူ–

ရူပါရုံ၊ သဒ္ဒါရုံ အစရှိသော ဗာဟိရာယတန (၆)ပါး၌ နိဗ္ဗာန်(၆)ပါး။
စက္ခုဝိညာဉ် စသော ဝိညာဉ် (၆) ပါး၌ နိဗ္ဗာန် (၆)ပါး။
စက္ခုသမ္ဖဿ စသော ဖဿ (၆) ပါး၌ နိဗ္ဗာန် (၆)ပါး။
စက္ခုသမ္ဖဿဇာဝေဒနာ စသော ဝေဒနာ (၆) ပါး၌ နိဗ္ဗာန် (၆)ပါး။
ရူပသညာ၊ သဒ္ဒသညာ စသော သညာ (၆) ပါး၌ နိဗ္ဗာန် (၆)ပါး။
ရူပသဉ္စေတနာ၊ သဒ္ဒသဉ္စေတနာ စသော စေတနာ (၆) ပါး၌ နိဗ္ဗာန် (၆)ပါး။

http://www.dhammadownload.com



ရူပတဏှာ၊ သဒ္ဒတဏှာ စသော တဏှာ (၆) ပါး၌ နိဗ္ဗာန် (၆)ပါး။
ရူပဝိတက်၊ သဒ္ဒဝိတက် စသော ဝိတက် (၆) ပါး၌ နိဗ္ဗာန် (၆)ပါး။
ရူပဝိစာရ၊ သဒ္ဒဝိစာရ စသော ဝိစာရ (၆) ပါး၌ နိဗ္ဗာန် (၆)ပါး။

(ဤသို့လျှင် အဘိဓမ္မာ၌လည်းကောင်း၊ မဟာသတိပဋ္ဌာနသုတ်၌လည်းကောင်း တဏှာ၏ ချုပ်ငြိမ်းရာ ဌာနပေါင်း (၆၀)ကို အစွဲပြု၍ နိရောဓသစ္စာ ဟု ဆိုအပ်သော နိဗ္ဗာန်ပေါင်း (၆၀) လာ၏။)

**သဥပါဒိသေသ အသင်္ချေယျ။** ။ တစ်ဦးသော ရဟန္တာပုဂ္ဂိုလ်၏ သန္တာန်မှာပင် တဏှာ၏ ချုပ်ငြိမ်းရာဌာန အပြားအားဖြင့် နိဗ္ဗာန်ပေါင်း (၆၀) ဖြစ်လေရကား ရဟန္တာပုဂ္ဂိုလ် သန္တာန်အများနှင့် ဝေဖန်သော် နိဗ္ဗာန်ပေါင်း အသင်္ချေယျ၊ အပ္ပမေယျ ဖြစ်လေရာ၏။ ထိုသို့ များပြားမှုသည်လည်း ချုပ်ဆုံးသော တဏှာ၏ သင်္ကိုင်းကျရာ ဌာန၏ အပြားသို့လိုက်၍ ဆိုအပ်သော များပြားမှုသာတည်း။ အနိမိတ္တသဘောရှိသော နိဗ္ဗာန်သည်မူကား ၂ ခု၊ ၃ ခု များပြားရန် သဏ္ဌာန်၊ နိမိတ်၊ အမြိတ်အစွန်းမရှိလေရကား သန္တိလက္ခဏာအားဖြင့်(၁) ပါးတည်းသာတည်း၊ ချုပ်သောတရားတို့၏ အပြားကို အစွဲပြု၍ဆိုသော်လည်း လောဘ၏အကြွင်းမဲ့ချုပ်ငြိမ်းမှု (၁)ပါး၊ ဒေါသ၏အကြွင်းမဲ့ ချုပ်ငြိမ်းမှု (၁)ပါး အစရှိသည်ဖြင့် တဒင်္ဂနိဗ္ဗာန်မှာကဲ့သို့ အသင်္ချေယျ၊ အပ္ပမေယျပင် ဖြစ်ရာ၏။

**(ဤကား ကိလေသနိဗ္ဗာန်ဟု ဆိုအပ်သော သဥပါဒိသေသနိဗ္ဗာန်၏ အပြားတည်း။)**

**အနုပါဒိသေသ အသင်္ချေယျ။** ။ ဝိဘင်း ပါဠိတော်၌ တိုက်ရိုက်မလာငြားသော်လည်း ဒုက္ခနိရောဓပုဒ်၏ အစွမ်းအားဖြင့် စက္ခု၏ အကြွင်းမဲ့ ချုပ်ငြိမ်းခြင်းဟူသော နိဗ္ဗာန်(၁)ပါး၊ သောတ၏အကြွင်းမဲ့ ချုပ်ငြိမ်းခြင်း ဟူသော နိဗ္ဗာန်(၁)ပါး၊ ဤသို့ စသည်ဖြင့် ခန္ဓပရိနိဗ္ဗာန်ဟု ဆိုအပ်သော အနုပါဒိသေသနိဗ္ဗာန် အပြားသည်လည်း အသင်္ချေယျ၊ အပ္ပမေယျပင် ဖြစ်ရာ၏။ ဤသို့ဖြစ်ခြင်းသည်လည်း ချုပ်ငြိမ်းသော တရားတို့၏ အပြားသို့လိုက်၍ ဆိုအပ်သော ဖြစ်ခြင်းပေတည်း။

နိဗ္ဗာန်မှာမူကား အနိမိတ္တဓမ္မ ဖြစ်ပေ၍ ၁ ပါးတည်းသာလျှင်တည်း။ ။ "အဝိဇ္ဇာယတွေဝ အသေသဝိရာဂနိရောဓာ သင်္ခါရနိရောဓော" အစရှိသည်ဖြင့်လာသော ပဋိစ္စသမုပ္ပါဒ်ချုပ်ပုံကို အစဉ်လျှောက်၍ ဆိုခဲ့သော် သဥပါဒိသေသ (၂)ပါး အရေအားဖြင့် နိဗ္ဗာန်ပေါင်း (၁၂) ဖြစ်၏။ ထို (၁၂)သည်လည်း စင်စစ်အားဖြင့် (၁) ပါးတည်းသာတည်း။

**နိဿရဏနိဗ္ဗာန်အပြားပြီး၏။**

**ဤတွင်ရွေ့ကား နိဗ္ဗာန်အပြား ၇ ပါးပြီး၏။**

မိခင်ရောဝတီ

http://www.dhammadownload.com



# နိဿရဏနိဗ္ဗာန်သို့ ဆိုက်ရောက်ပုံ

ထိုနိဿရဏနိဗ္ဗာန်ဟု ဆိုအပ်သော ပရမတ္ထ အသခ်တနိဗ္ဗာန်သို့ ဆိုက်ရောက်ပုံ အခြင်းအရာကို ဥပမာအမျိုးမျိုးနှင့်ပြ၍ ဟောတော်မူသော ပါဠိတော်များကို အစဉ်လျှောက်၍ သိအပ်၏။

နိဒါနဝဂ္ဂသံယုတ်ပါဠိတော် ရုက္ခဝဂ်၌ ဝဋ္ဋဒုက္ခပွားများမှု၊ ဝဋ္ဋဒုက္ခချုပ်ငြိမ်းမှု ဥပမာ[၁] ဥပမေယျ[၂] အစုံအစုံနှင့်တကွ သုတ်ပေါင်း (၁၀) လာ၏။ ထိုသုတ်ပေါင်း (၁၀) တို့၏ အဓိပ္ပာယ်လိုရင်းကို အစဉ်အတိုင်း ပြဆိုပေအံ့။

**ပဌမသုတ်။** ။၁။ ပဌမသုတ်၌ အိုးလုပ်သော ယောကျ်ားသည်များစွာသော အိုးတို့ကို အိုးဖိုပြုလုပ်၍ မီးဖုတ်လေရာ အလွန်ပူလှစွာသော တစ်ခုသော အိုးကို ထုတ်ယူ၍ မီးနှင့်ဝေးရာ ညီမျှသောမြေအပြင်၌ ထားလာ၏။ ထိုအိုး၌ ထိုအပူသည် အစဉ်အတိုင်းချုပ်ငြိမ်းကွယ်ပျောက်လေ၏။ အိုးသား၊ အိုးကင်းမျှတို့သာ ကျန်ရှိလေ၏။ စက္ခု၊ သောတအစရှိသော မိမိအဇ္ဈတ္တတရားတို့၌ ငါ၏ဥစ္စာ၊ ငါ၏မျက်စိ အစရှိသည်ဖြင့် အကြင်မျှလောက်သော ဘဝသံသရာ ကာလပတ်လုံး သာယာသောတဏှာသည် ပွားစီး၏။ ထိုမျှလောက်သော ဘဝသံသရာ ကာလပတ်လုံး ဝဋ္ဋဒုက္ခတရားသည် တိုးပွားရှည်လျားလေ၏။

၂။ ထိုမီးပုံကြီး၌ အကြင်အခါ အသစ်ဖြစ်သော မီးစာ ထင်းတို့ကိုလည်း မထည့်ပြီ၊ ရှိရင်းမီးစာဟောင်းတို့ကိုလည်း ရေနှင့်ဆွတ်ဖျန်းလေ၏။ ထိုအခါမှစ၍ ထိုမီးပုံကြီးသည် အစဉ်အတိုင်း သေငြိမ်းပျောက်ကွယ်လေ၏။ ထို့အတူ အကြင်အခါ၌ ထို ဗာဟိရတရား အဇ္ဈတ္တတရားတို့၌ အသစ်အသစ် ထပ်မံ သာယာသော တဏှာအယှဉ်ကို ဖြတ်၏။ ရှေးရှေးက အစဉ်သာယာခဲ့၍ လာခဲ့သောတဏှာနုသယဟောင်းတို့ကိုလည်း ပယ်နုတ်၍ ပစ်၏။ ထိုအခါမှစ၍ ဝဋ္ဋဒုက္ခတရားသည် အစဉ်အတိုင်း ချုပ်ငြိမ်းလေ၏။

ဤသုတ်၌ မီးငြိမ်းမှုမှာ မီးကြွင်းမီးကျန်မရှိ။ အကုန်လုံး အဆုံးတိုင် ငြိမ်းလေ၏။ အကြွင်းအကျန်မရှိ ကွယ်လေ၏။ ပြာ၊ မီးသွေးမျှသာ ကျန်ရှိလေရာ၏။ ထိုပြာမီးသွေး များသည်လည်း အတန်ငယ်ကြာလျှင် အကြွင်းအကျန်မရှိ ကုန်ဆုံးကွယ်ပျောက်လတ္တံ့။ ထို့အတူ ရဟန္တာဖြစ်၍ ခန္ဓပရိနိဗ္ဗာန်စံသောအခါ အဇ္ဈတ္တခန္ဓာ (၅)ပါးရုပ်၊ နာမ်

---

၁။ ဥပမာ– နှိုင်းယှဉ်ကြောင်းဝတ္ထု၊ နှိုင်းယှဉ်ခံဝတ္ထု၊ ၂ခုတို့၏ တူညီခြင်း။
၂။ ဥပမေယျ – နှိုင်းယှဉ်ခံဝတ္ထု။

http://www.dhammadownload.com



တရားစုသည် အကြွင်းအကျန်မရှိ အကုန်လုံး ကွယ်ဆုံးချုပ်ငြိမ်းလေ၏။ သတ္တဝါသန္တာန် မဟုတ်၊ ငုက်ပျောတုံး၊ လက်ပံတုံးနှင့်တူသော ဗဟိဒ္ဓသန္တာန်ဖြစ်သော ဥတုဇအဋ္ဌကလာပ်ရုပ်ပေါင်း အလောင်းခန္ဓာနှင့် ဓာတ်တော်တို့သည် ကြွင်းကျန်ရစ်ကုန်၏။ ထိုခန္ဓာတော် ဓာတ်တော်တို့သည် ကြွင်းကျန်ရစ်ကုန်၏။ ထိုခန္ဓာတော်၊ ဓာတ်တော်တို့လည်း မကြာမြင့်မီ ပျောက်ပျက်ကွယ်ဆုံးလတ္တံ့။

ကာယဿ ဘေဒါ ဥဒ္ဓံ ဇီဝိတပရိယာဒါနာ ဣဓေဝ သဗ္ဗဝေဒယိ တာနိ
အနဘိနန္ဒိတာနိ သီတိ ဘဝိဿန္တိ၊ သရီရာနိ အဝသိဿန္တိ။ ။ (ပါဠိတော်။)

ကာယဿ၊ ကိုယ်ခန္ဓာ၏။ ဘေဒါ၊ ပျက်စီးခြင်းကြောင့်။ ဇီဝိတပရိယာဒါနာ၊ အသက်ကုန်သည်မှ။ ဥဒ္ဓံ၊ အထက်၌။ ဣဓေဝ၊ ဤဘဝ၌သာလျှင်။ သဗ္ဗဝေဒယိတာနိ၊ အလုံးစုံသော ကောင်းသော ခံစားခြင်း၊ မကောင်းသော ခံစားခြင်းဟု ဆိုအပ်ကုန်သော အပူအလောင်မှုတို့သည်။ အနဘိနန္ဒိတာနိ၊ တဏှာဖြင့် သာယာနှစ်သက်ခြင်းမှ ကင်းကုန်သည်ဖြစ်၍။ သီတိ၊ ချုပ်ပျောက်အေးငြိမ်းကြကုန်သည်။ ဘဝိဿန္တိ၊ ဖြစ်ကုန်လတ္တံ့။ သရီရာနိ၊ အလောင်းတော် အရိုးဓာတ်တော်တို့သည်သာလျှင်။ အဝသိဿန္တိ၊ ကြွင်းကျန်ကုန်လတ္တံ့။ (ပါဠိတော်အနက်။)

ဤသို့ ဟောတော်မူသော ဥပမာ၊ ဥပမေယျများကို ထောက်ထား၍ ရဟန္တာပုဂ္ဂိုလ်တို့အား စုတိကမ္မဇရုပ်ချုပ်သည်မှ နောက်၌ လူ ရဟန္တာဖြစ်ခဲ့လျှင် ဥတုဇအဋ္ဌကလာပ်ဓာတ်တော်စုမျှသာ အကြွင်းအကျန်ရှိတော့သည်။ ထိုဥတုဇအဋ္ဌကလာပ်ဓာတ်တော်စုမှတစ်ပါး ထိုရဟန္တာတို့၏ သန္တာန်မှ နိဗ္ဗာန်သို့ ကူးတက်ဆက်နွယ်၍ သွားသောတရား ဟူ၍ တစ်စုံတစ်ခု အမြွက်လေသံမျှ မရှိပြီဟု သိအပ်၏။ နတ်ရဟန္တာ၊ ဗြဟ္မာ ရဟန္တာ ဖြစ်ခဲ့အံ့၊ ဥတုဇအဋ္ဌကလာပ်ဓာတ်တော်စုမျှပင် အကြွင်းအကျန် မရှိပြီ၊ စုတိကမ္မဇရုပ် ချုပ်ရာတွင် အကုန်ချုပ်ဆုံးကွယ်ပျောက်လေ၏–ဟု သိအပ်၏။

**ဒုတိယသုတ်။** ။ ဒုတိယသုတ်၌ များစွာသောထင်းတို့ကို စုပုံ၍ မီးပုံကြီးကို ပြုရာ၏။ ထိုမီးပုံကြီး၌ အကြင်မျှလောက်သော ကာလပတ်လုံး ထင်းမီးစာတို့ကို မပြတ်မလပ် ထည့်ရာ၏။ ထိုမျှလောက်သော ကာလပတ်လုံး မီးသည်အရှည် ဖြစ်ပွား၍သာ နေရာ၏။ ထို့အတူ အကြင်သတ္တဝါအား ဥပါဒါန်၏ အစီးအပွားဖြစ်ကုန်သော၊ မိမိ၏ကိုယ်အင်္ဂါဖြစ်၍ နေကုန်သော၊ စက္ခု၊ သောတ၊ ဃာန၊ ဇိဝှာ၊ ကာယ၊ မန–ဟူသော အတွင်းအာယတန (၆) ပါး၊ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့ ဟူသော ပဉ္စာရုံနှင့်တကွ ကုသိုလ်ဓမ္မ၊ အကုသိုလ်ဓမ္မ၊ အဗျာကတဓမ္မ–ဟူသော အပ–အာယတန (၆) ပါး၊ ဤ (၁၂) ပါးသော မိမိကိုယ်ခန္ဓာတရားတို့၌ ငါ၏ကိုယ်ဟူ၍ လည်းကောင်း၊ ငါ၏အင်္ဂါ ဟူ၍လည်းကောင်း၊ ငါ ငါဟူ၍လည်းကောင်း သာယာသော တဏှာသည်

http://www.dhammadownload.com



အကြင်မျှလောက်သော ဘဝသံသရာ ကာလပတ်လုံး ထင်ရှားရှိ၏။ ထိုသတ္တဝါအား ထိုမျှလောက်သော ဘဝသံသရာ ကာလပတ်လုံး ပဋိသန္ဓေအဆက်ဆက်ဟု ဆိုအပ်သော ဝဋ္ဋဒုက္ခတရားသည် ဖြစ်ပွား၍သာ နေရာ၏။

အကြင်အခါ ထိုမီးပုံကြီး၌ အသစ်သော ထင်းမီးစာတို့ကိုလည်း မထည့်ပြီ၊ မီးပုံ တွင်းရှိ ထင်း မီးစာဟောင်းတို့ကိုလည်း နုတ်ပယ်၍ပစ်၏။ ထိုအခါမှစ၍ ထိုမီးပုံကြီး သည် အစဉ်အတိုင်း ကုန်ဆုံးကွယ်ပျောက်လေရာ၏။ ပြာ၊ မီးသွေးစုမျှသာ ကြွင်းကျန် လေရာ၏။ ထို ပြာ မီးသွေးစုသည် မကြာမီကုန်ဆုံး ကွယ်ပျောက်လေရာ၏။ ထို့အတူ မိမိ၏သန္တာန်၌ ဖြစ်၍နေကုန်သော ထိုအာယတနတရား (၁၂)ပါးတို့ကို အနိစ္စဟု မြင်သောဉာဏ်၊ ဒုက္ခဟု မြင်သောဉာဏ်၊ အနတ္တဟု မြင်သောဉာဏ်ကို ပွားများ အားထုတ်သဖြင့် အကြင်အခါ ထိုမိမိကိုယ်ခန္ဓာဖြစ်နေသော အာယတနတရား (၁၂)ပါး တို့၌ အသစ်အသစ် သာယာသော တဏှာကိုလည်း ပြတ်ကင်းစေ၏။ ရှေးရှေးက သာယာ၍ လာခဲ့သော တဏှာနုသယကိုလည်း နုတ်ပယ်၍ ပစ်လေ၏။ ထိုအခါမှစ၍ အစဉ်အတိုင်း ကုန်ဆုံးကွယ်ပျောက်လေ၏။ စုတိကမ္မဇ ရုပ် ချုပ်သည်နှင့် တစ်ပြိုင်နက် အဇ္ဈတ္တ ရုပ်၊ နာမ်စု အကြွင်းအကျန်မရှိ ချုပ်ငြိမ်းကွယ်ပျောက်လေ၏။ ဗဟိဒ္ဓဖြစ်သော သရီရဓာတ်စုမျှသာ ကြွင်းကျန်လေ၏။ ထိုဗဟိဒ္ဓဖြစ်သော သရီရဓာတ်စုသည်လည်း မကြာမီ ကုန်ဆုံးကွယ်ပျောက်လတ္တံ့။

**တတိယသုတ်**။ ။ တတိယသုတ်၌ ဆီမီးဥပမာလာ၏။ ။ ဆီနှင့်မီးစာကို မပြတ်မလပ် ထည့်၍နေသမျှ ကာလပတ်လုံးလည်း ဆီမီးတောက်သည် မငြိမ်းလေရာ၊ မီးနှင့်ဆီမီးစာတို့ကို မထည့်ဘဲ ပြတ်သောအခါ အစဉ်အတိုင်း ချုပ်ငြိမ်းကွယ်ပလေ၏။ ဟု ဥပမာကို ဆိုလေ။ ခန္ဓာချုပ်ငြိမ်းမှုမှာလည်း ဒုတိယသုတ်အတိုင်းဆို၍ ထိုဆီမီး အလားတူသိလေ။

**စတုတ္ထသုတ်**။ ။ စတုတ္ထသုတ်၌လည်း ဥပမေယျဘက်၌ တတိယသုတ်မှာ ဥပါဒါန်၏အစီးအပွား ဟုလာ၏။ စတုတ္ထသုတ်မှာ သံယောဇဉ်အစီးအပွားဟု လာ၏။ ဤမျှသာထူးကြသည်။ နောက်နောက်သုတ်တို့၌လည်း ဤနည်းတူသိလေ၊ တတိယသုတ် အတိုင်း ဆီမီးဥပမာပင်တည်း။

**ပဉ္စမသုတ်**။ ။ ပဉ္စမသုတ်၌ သစ်ပင်ကြီး ဥပမာလာ၏။ သစ်ပင်ကြီး၌ အမြစ်ကြီး အမြစ်ငယ်တို့သည် အကြင်မျှလောက်သော ကာလပတ်လုံးအနာဉပဒ် ကင်းရှင်းကြကုန်သည်ဖြစ်၍ မြေဩဇာ၊ ရေဩဇာတို့ကို သစ်ပင်အဖျားတိုင်အောင် တင်ဆောင်ဖြန့်ဖြူး၍ တည်နေကြကုန်၏။ ထိုမျှလောက်သောကာလပတ်လုံး ထိုသစ်ပင် ကြီးသည် ကာလအရှည်ဖြစ်ပွားစည်ကား၍သာ နေ၏။ အကြင်အခါ အလုံးစုံသော

http://www.dhammadownload.com



အမြစ်ကြီး အမြစ်ငယ်တို့ကို အကုန်အစင် တူးဖြတ်၍ ခြောက်သွေ့သောအခါ မီးရှို့၍ ပစ်၏။ ထိုအခါ ထိုသစ်ပင်သည် အစဉ်အတိုင်း ခြောက်သွေ့ ဆွေးမြည့်ကုန်ဆုံးကွယ်ပလေ၏။

ဤဥပမာ၌ အနမတဂ္ဂ ဘဝအဆက်အဆက် ဖြစ်ပွားစည်ကား၍ လာခဲ့သော မိမိကိုယ်ခန္ဓာ အာယတနတရား (၁၂)ပါးသည် သစ်ပင်ကြီးနှင့်တူ၏။ အဝိဇ္ဇာ၊ တဏှာသည် ရေသောက်မြစ်ကြီးနှင့်တူ၏။ ကြွင်းသောကိလေသာစုသည် အမြစ်ငယ်စုနှင့်တူ၏။

တစ်နည်းကား ကိလေသာစုသည် ရေသောက်မြစ်စုကြီးနှင့်တူ၏။ ကုသိုလ်ကံ၊ အကုသိုလ်ကံစုသည် အမြစ်ငယ်စုနှင့်တူ၏။ မိမိ၏ကိုယ်ခန္ဓာ အာယတနတရား (၁၂)ပါးတို့ကို အနိစ္စ-ဟု မြင်သောဉာဏ်၊ ဒုက္ခ ဟု မြင်သောဉာဏ်၊ အနတ္တ ဟု မြင်သောဉာဏ်သည် အမြစ်တို့ကို တူးဖြတ်သောပေါက်တူး ဓားမနှင့် တူ၏။ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်သည် ခြောက်သွေ့သော အမြစ်တို့ကို ရှို့၍ အကျွမ်းလောင်သောမီးနှင့်တူ၏။

**ဆဋ္ဌမသုတ်**။ ။ ဆဋ္ဌမသုတ်၌လည်း ပဉ္စမသုတ်အတိုင်း သစ်ပင်ကြီးပမာတည်း။

**သတ္တမသုတ်**။ ။ သတ္တမသုတ်၌ သစ်ပင်ငယ် ဥပမာလာ၏။ သစ်ပင်ငယ်သည် အမြစ်ကို ကောင်းစွာတည်စေ၍ မြေတောင်မြှောက်၍ ရေမပြတ်လောင်း၍ ပေးခဲ့သော် ကြီးပွားစည်ကား၍ သွားလေရာ၏။ အမြစ်တို့ကို တူးဖြတ်၍ မီးတိုက်ပစ်ခဲ့သော် ခြောက်သွေ့ သေဆုံးကွယ်ပျောက်လေရာ၏ဟု ဆိုလေ။

**အဋ္ဌမသုတ်**။ ။ အဋ္ဌမသုတ်၌လည်း သစ်ပင်ငယ် ဥပမာပင်။

**နဝမသုတ်**။ ။ နဝမသုတ်၊ ဒသမသုတ်တို့၌လည်း သစ်ပင်ကြီး ဥပမာပင်လာ၏။ ဥပမေယျဘက်တို့၌ကား ဥပါဒါန်၏ အစီးအပွားဖြစ်ကုန်သော မိမိကိုယ်ခန္ဓာတို့ကို သာယာဖွယ်ဟု ရှုခြင်းမကင်းသော ပုဂ္ဂိုလ်အား စုတိမှနောက်၌ ဝိညာဉ်ဖြစ်ပေါ်စေ၏။ ဝိညာဉ်ဖြစ်ပေါ်လျှင် နာမ် ရုပ်စသည်အဆက်ဆက်ဖြစ်ပေါ်လာလေ၏။ မိမိကိုယ်ခန္ဓာတို့ကို သာယာဖွယ်ဟု ရှုခြင်းပြတ်ကင်းပြီးသောပုဂ္ဂိုလ်အား စုတိနောက်၌ ဝိညာဉ်စသည် ဖြစ်ပေါ်လာခြင်း မရှိပြီ။

**ဒသမသုတ်**။ ။ ဒသမသုတ်မှာ သံယောဇဉ်၏အစီးအပွားဖြစ်ကုန်သော မိမိကိုယ်ခန္ဓာတို့ကို ဆိုရုံမျှသာ ထူးသည်။

ဤသို့ ဟောတော်မူသော ဥပမာ၊ ဥပမေယျများကို ထောက်ထား၍ ရဟန္တာပုဂ္ဂိုလ်တို့အား စုတိကမ္မဇရုပ်ချုပ်သည်မှ နောက်၌ လူရဟန္တာဖြစ်ခဲ့လျှင် ဥတုဇရုပ်ကလာပ် သရီရဓာတ်စုမျှသာ ကြွင်းကျန်ရစ်၏။ ထိုသရီရဓာတ်စုမှတစ်ပါး နိဗ္ဗာန်သို့

http://www.dhammadownload.com



ကူးတက် ဆက်နွယ်၍ သွားသော တရားထူးဟူ၍ တစ်စုံတစ်ခု အကြွက်လေသံမျှ မရှိပြီ။ နတ်ရဟန္တာ၊ ဗြဟ္မာရဟန္တာဖြစ်ခဲ့သော် သရီရဓာတ်စုမျှပင် အကြွင်းအကျန် မရှိပြီ ဟု သိအပ်၏။

(ဤကား နိဒါနသံယုတ်ပေါင်း (၁၀) တို့၏ အဓိပ္ပာယ်လိုရင်းကို အကျဉ်းပြ ထုတ်ချက်တည်း။)

**ဝစ္ဆသုတ်**။ ။ ယခုအခါ မဇ္ဈိမပဏ္ဏာသ ပါဠိတော်၌လာသော ဝစ္ဆသုတ်ကို ထုတ်ပြပေအံ့။ ။ ရဟန္တာပုဂ္ဂိုလ်၏ စုတိကမ္မဇရုပ်ချုပ်ပြီးသည့်နောက်အလားကို ဝစ္ဆပရိဗိုဇ်က မြတ်စွာဘုရားအား မေးလျှောက်သည်။ မြတ်စွာဘုရားက ဖြေတော်မူသည်။

အမေး။ ။ ရဟန္တာပုဂ္ဂိုလ်သည် စုတိကမ္မဇရုပ် ချုပ်ပြီးနောက်တစ်စုံတစ်ရာသို့ ကပ်လေ ရောက်လေသလော ဟု မေး၏။

အဖြေ။ ။ တစ်စုံတစ်ရာသို့ ကပ်လေ၊ ရောက်လေ၏ ဟူသောအရေအတွက် သို့ မရောက်လေဟု ဖြေတော်မူ၏။

အမေး။ ။ တစ်စုံတစ်ရာသို့ မကပ်လေ မရောက်လေ သလောဟု မေး၏။

အဖြေ။ ။ မကပ်လေ၊ မရောက်လေဟူသော အရေအတွက်သို့လည်း မရောက်လေ ဟု ဖြေတော်မူ၏။

အမေး။ ။ တစ်စုံတစ်ရာသို့ ကပ်လေသည်လည်းရှိ၏။ မကပ်သည်လည်းရှိ၏။ နှစ်ထွေလောဟု မေး၏။

အဖြေ။ ။ တစ်စုံတစ်ရာသို့ကပ်လေ၏ ဟူ၍လည်း အရေအတွက်သို့ မရောက်၊ မကပ် ဟူ၍လည်း အရေအတွက်သို့ မရောက်ဟု ဖြေတော်မူ၏။

အမေး။ ။ တစ်စုံတစ်ရာသို့ ကပ်လေသည်လည်းမဟုတ်၊ မကပ်သည်လည်း မဟုတ်လောဟု မေး၏။

အဖြေ။ ။ တစ်စုံတစ်ရာသို့ ကပ်သည်လည်းမဟုတ်၊ မကပ်သည်လည်းမဟုတ်- ဟူသော အရေအတွက်သို့လည်း မရောက်ဟု ဖြေတော်မူ၏။ ဝစ္ဆပရိဗိုဇ်သည် ဤအဖြေမျှနှင့် မကျေချမ်းနိုင်၍ လျှောက်ထားပြန်ရာ မီးပုံကြီးဥပမာဖြင့် ကောင်းစွာ ကျေချမ်းစေခြင်းငှာ ဝစ္ဆပရိဗိုဇ်ကို မေးတော်မူ၏။

အမေး။ ။ ဝစ္ဆပရိဗိုဇ်-သင်၏ရှေ့မှာ ကြီးစွာသော မီးပုံကြီးသည် ရှိလေရာ၏။ သင်သည် ငါ့ရှေ့မှာ ကြီးစွာသော မီးပုံကြီး မီးတောက်ကြီး ရှိချေသည် ဟု သိမည်လော ဟု မေးတော်မူ၏။

အဖြေ။ ။ သိပါလိမ့်မည် ဟု ဖြေလေ၏။

http://www.dhammadownload.com



အမေး။ ။ ထိုမီးပုံကြီးမီးတောက်ကြီးသည် မီးစာကုန်သဖြင့် သင်၏ရှေ့မှာပင် သေငြိမ်းပျောက်ကွယ်၍ သွားလေရာငါ၏ ရှေ့မှာ မီးပုံကြီးမီးတောက်ကြီးသေငြိမ်းကွယ်ပျောက်၍ သွားလေပြီ–ဟု သင်သိမည်လောဟု မေးတော်မူ၏။

အဖြေ။ ။ သိပါလိမ့်မည် ဟု ဖြေ၏။

အမေး။ ။ ထိုအခါ ထိုသေငြိမ်းလေပြီးသော ထိုမီးသည် အဘယ်အရပ်သို့ ကပ်လေ ရောက်လေသနည်း ဟု မေးခဲ့သော် အဘယ်သို့ ဖြေမည်နည်း ဟု မေးတော်မူ၏။

အဖြေ။ ။ အဘယ်အရပ်သို့မှ ကပ်လေရောက်လေတော့သည်မဟုတ်။ မီးစာသစ်လည်း မလောင်၊ မီးစာဟောင်းလည်းကုန်လေသဖြင့် ထိုနေရာတွင်သာ ချုပ်ငြိမ်းခြင်းသို့ ရောက်သည် ဟု ဖြေပါမည် လျှောက်လေ၏။

"အနာဟာရော အနုပါဒါနော နိဗ္ဗုတောတွေ၀ သင်္ချံ ဂစ္ဆတိ"။

အနာဟာရော၊ အစာမရှိသည်ဖြစ်၍။ အနုပါဒါ၊ စွဲစရာမရှိသည် ဖြစ်၍။ နိဗ္ဗုတောတွေ၀၊ ငြိမ်းလေပြီ ဟူ၍သာလျှင်။ သင်္ချံ၊ ရေတွက်ခြင်းသို့။ ဂစ္ဆတိ၊ ရောက်လေ၏။ ။ (ဤကားအနက်။)

ခီဏော၊ ကုန်လေပြီ။ နိရောဓော၊ ချုပ်လေပြီ။ နိဗ္ဗုတော၊ ငြိမ်းလေပြီ။ ဟူသော အတိတ်စကားနှင့်သာ ပြောခွင့်ရှိတော့သည်။ ယခုမရှိပြီဖြစ်၍ ဥပပဇ္ဇတိနုပပဇ္ဇတိ ဟူသော ပစ္စုပ္ပန်စကား၏ အရာမဟုတ်ပြီဟု ဟူလိုသည်။

ထိုအခါမှ–

ဧ၀မေ၀ ခေါ ၀စ္ဆ ယေန ရူပေန တထာဂတံ ပညာပယမာနော ပညာပေယျတံ ရူပံ တထာဂတဿ ပဟီနံ ဥစ္ဆိန္နမူလံ တာလာ၀တ္ထုကတံ အနဘာ၀ံ ကတံ အာယတိံ အနုပ္ပါဒဓမ္မံ၊ ရူပ သင်္ခါ၀ိမုတ္တော ခေါ ၀စ္ဆတထာဂတော ဂမ္ဘီရော အပ္ပမေယျော ဒုပ္ပရိယောဂါဠှော၊ သေယျထာပိမဟာသမုဒ္ဒေါ ဥပပဇ္ဇတီတိ န ဥပေတိ၊ နုပပဇ္ဇတီတိ န ဥပေတိ၊ ဥပပဇ္ဇတိ စ နစ ဥပပဇ္ဇတီတိ န ဥပေတိ၊ နေ၀ဥပပဇ္ဇတိ နန ဥပပဇ္ဇတီတိ နဥပေတိ။

ဟူ၍ ပထမဖြေဆိုသော စကား (၄) ချက်ကို အကြောင်း ယုတ္တိနှင့်တကွ ပြဆိုတော်မူပြန်သည်။

အကြင်ခန္ဓာ (၅) ပါး ရုပ် နာမ်တရားတို့ကို စွဲမှီ၍ ရဟန္တာပုဂ္ဂိုလ်ဟူသော ပညတ်သည် ဖြစ်၏။ စုတိကမ္ဘဇရုပ် ချုပ်ပြီးသောအခါ ထိုခန္ဓာ (၅) ပါး ရုပ် နာမ်

http://www.dhammadownload.com



တရားတို့သည် အကြွင်းအကျန်မရှိ ချုပ်ငြိမ်းကြကုန်သဖြင့် ထိုရဟန္တာပုဂ္ဂိုလ်ဟူသော ပုဂ္ဂိုလ်၏ ပညတ်သည်လည်း ပျောက်ကွယ်လေ၏။

၁။ ရူပက္ခန္ဓာအစဉ်ကို မှီ၍ဖြစ်ရသော ပညတ်မျိုးသည် ရူပက္ခန္ဓာအစဉ်ချုပ်ငြိမ်းလျှင် ကွယ်ပျောက်လေတော့သည်။

၂။ ဝေဒနာက္ခန္ဓာအစဉ်ကို မှီ၍ဖြစ်ရသော ပညတ်မျိုးသည် ဝေဒနာက္ခန္ဓာအစဉ် ချုပ်ငြိမ်းလျှင် ကွယ်ပျောက်လေတော့သည်။

၃။ သညာက္ခန္ဓာအစဉ်ကို မှီ၍ဖြစ်ရသော ပညတ်မျိုးသည် သညာက္ခန္ဓာအစဉ် ချုပ်ငြိမ်းလျှင် ကွယ်ပျောက်လေတော့သည်။

၄။ သင်္ခါရက္ခန္ဓာအစဉ်ကိုမှီ၍ ဖြစ်ရသော ပညတ်မျိုးသည် သင်္ခါရက္ခန္ဓာအစဉ် ချုပ်ငြိမ်းလျှင် ကွယ်ပျောက်လေတော့သည်။

၅။ ဝိညာဏက္ခန္ဓာအစဉ်ကို မှီ၍ဖြစ်ရသောပညတ်မျိုးသည် ဝိညာဏက္ခန္ဓာအစဉ် ချုပ်ငြိမ်းလျှင် ကွယ်ပျောက်လေတော့သည်။ ။

မီးစာကိုစွဲမှီ၍ ဖြစ်ရသော မီးသည် မီးစာကုန်ဆုံးလျှင် ကုန်ဆုံးလေသကဲ့သို့ တည်း။

ထိုသို့ စုတိကမ္မဇရုပ်အချုပ်တွင် ခန္ဓာ (၅) ပါးကုန်ဆုံးသဖြင့် ခန္ဓာ (၅) ပါးမှ လည်းကောင်း၊ ထိုခန္ဓာ (၅) ပါးကို စွဲမှီသော ဘုရားဟူသော ပညတ်၊ ရဟန္တာဟူသော ပညတ်၊ သတ္တဝါဟူသော ပညတ်မှလည်းကောင်း၊ ကျွတ်လွတ်လေပြီးသော ရဟန္တာ ပုဂ္ဂိုလ်သည် မဟာသမုဒ္ဒရာကဲ့သို့ အလွန်နက်နဲ၏။ နှိုင်းယှဉ်စရာ ဥပမာပင်မရှိ၊ ဉာဏ်ဖြင့် သက်ဝင်၍ သိမြင်စေခြင်းငှာ အလွန်ခဲယဉ်းလှ၏။ လောကီလူတို့ ပြောဆိုကြသော ဥပပဇ္ဇတိ၊ နုပပဇ္ဇတိ အစရှိသော ဝေါဟာရမျိုး၏ အရာမဟုတ်ပြီ ဆိုလိုသည်။

ဤကမ္ဘာမှ ပြန်၍ ရေသည်ရှိသော် လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်းအတွင်းမှာ ပွင့်တော်မူကြကုန်သော ဘုရားတို့၏ တဏှင်္ကရာ၊ မေဓင်္ကရာ၊ သရဏင်္ကရာ၊ ဒီပင်္ကရာ အစရှိသော အမည်ပညတ်မျှတို့သည်သာ ယခုရှိကြကုန်တော့သည်။ ထိုမှ ရှေး- အနမတဂ္ဂသံသရာ၌ ပွင့်တော်မူကြကုန်သော ဘုရားတို့၏ ခန္ဓာအစဉ်ကို မှီ၍ဖြစ်သော ပညတ်တို့သည်ကား မရှိကြကုန်ပြီ။ လူလောက၊ နတ်လောက၊ ဗြဟ္မာလောကအလယ်မှာ မပေါ်လာကြကုန်ပြီ၊ အတိတ်ဝတ္ထုအနေနှင့်မျှ ပြောဆိုစရာ မရှိကြကုန်ပြီ။

ထိုဘုရားတို့၏ တစ်ဆူတစ်ဆူလက်ထက်တွင် ၂၄ သင်္ချေနှင့် ကုဋေ ၆၀ ဗိုလ်ခြေ တစ်သိန်း တစ်သိန်းစီ ပရိနိဗ္ဗာန် စံလွန်တော်မူကြကုန်ပြီးသော ရဟန္တာပုဂ္ဂိုလ်တို့၏ အသီးအသီးသော ခန္ဓာအစဉ်တို့သည်လည်းကောင်း၊အသီးအသီးသော ပညတ်တို့သည်

http://www.dhammadownload.com



လည်းကောင်း အကုန်လုံးကွယ်ဆုံးကြလေကုန်၏။ လူ့လောက၊ နတ်လောက၊ ဗြဟ္မာ့လောက အလယ်မှာ မပေါ်လာကြကုန်ပြီ။

အနမတဂ္ဂ သံသရာမှာ ပုထုဇဉ်အဖြစ်နှင့် ကျင်လည်ကြကုန်သော သတ္တဝါတို့၏ အသီးအသီးသော ခန္ဓာအစဉ် အသီးအသီးသော ပညတ်အစဉ်တို့သည်မူကား ယနေ့ထက်တိုင် လူ့အလယ်မှာ တဘွားဘွား၊ နတ်အလယ်မှာ တဘွားဘွား၊ ဗြဟ္မာ့အလယ်မှာ တဘွားဘွား၊ ငရဲဘုံမှာ တဘွားဘွား၊ တိရစ္ဆာန်ဘုံမှာ တဘွားဘွား၊ ပြိတ္တာဘုံမှာ တဘွားဘွား၊ အသူရကာယ်ဘုံမှာ တဘွားဘွား ဖြစ်ပေါ်၍ နေကြကုန်၏။ ထိုသို့ တဘွားဘွား ဖြစ်ပေါ်၍ နေကြကုန်သော သတ္တဝါတို့၏ ခန္ဓာအစဉ်၊ ပညတ် အစဉ်များနှင့် နှိုင်းယှဉ်ကြည့်မှသာလျှင် လွန်လေပြီးသော အနမတဂ္ဂ သံသရာ၌ ဂင်္ဂါသဲလုံးမက ပွင့်တော်မူကြ၊ ကျွတ်တော်မူကြ၊ ပရိနိဗ္ဗာန်စံတော်မူကြ ကုန်ပြီးသော သူတို့၏ ဂမ္ဘီရဖြစ်ပုံ၊ အပ္ပမေယျဖြစ်ပုံ၊ ဒုပ္ပရိယောဂါဋ္ဌ[၁] ဖြစ်ပုံကို မြင်နိုင်ရာသည်။

သဗ္ဗညုဘုရားရှင်တို့သည်သာလျှင် ထိုလွန်လေပြီးသော အနမတဂ္ဂသံသရာ၌ ပရိနိဗ္ဗာန်စံလွန် ကွယ်ဆုံးကြလေကုန်ပြီးသော ပုဂ္ဂိုလ်တို့၏ အသီးအသီးသော ခန္ဓာ၊ အသီးအသီးသောအမည်ပညတ်တို့ကို သိနိုင်ကုန်တော့သည်။ ဘုရားရှင်တို့မှ တစ်ပါးတစ်စုံတစ်ယောက်သော ပစ္စေကဗုဒ္ဓါ၊ ရဟန္တာ၊ ဗြဟ္မာ၊ နတ်၊ လူ သိနိုင်သူဟူ၍ မရှိပြီ။

**(ဤကား ဂမ္ဘီရ၊ အပ္ပမေယျ၊ ဒုပ္ပရိယောဂါဋ္ဌ ဖြစ်ပုံတည်း။)**

ဤဝစ္ဆသုတ် ဒေသနာတော်၌ မီးဥပမာနှင့်တကွ ရဟန္တာတို့၏ အသီးအသီးသော ရုပ်၊ ဝေဒနာ အစရှိသော ပရမတ္ထဓမ္မအစဉ်၊ ပညတ္တိဓမ္မအစဉ်တို့၏ အကြွင်းအကျန်မရှိ ကွယ်လွန်ပုံကို ပြတော်မူသောကြောင့် ပရိနိဗ္ဗာနစုတိ ကမ္မဇရုပ်ချုပ်ပြီးသောနောက်၌ ထိုရဟန္တာတို့၏ ခန္ဓာမှ နိဗ္ဗာန်သို့ ကူးတက်ဆက်နွှယ်၍ သွားသော ပရမတ္ထတရားဟူ၍ အမြွက်လေသံမျှ မရှိပြီ၊ ပညတ်တရားဟူ၍ အမြွက်လေသံမျှ မရှိပြီဟု သိအပ်လေသည်။

အဘယ်ကြောင့် ထိုရဟန္တာပုဂ္ဂိုလ်တို့၏ခန္ဓာမှ နိဗ္ဗာန်သို့ ကူးတက်ဆက်နွှယ်၍ သွားသော တရားဟူ၍ တစ်စုံတစ်ရာ အမြွက်လေသံမျှမရှိလေသနည်းဟူမူကား–

ထိုရဟန္တာအဖြစ်သို့ ရောက်ကြကုန်သော ပုဂ္ဂိုလ်သတ္တဝါ ခန္ဓာအစဉ်၊ ပရမတ္ထဓမ္မအစဉ်တို့၏ အသစ်ဖြစ်ပေါ်ခြင်းဟူသော ဇာတိမှု၏ အကုန်အစင်ရုပ်သိမ်းချုပ်ငြိမ်းကုန်ဆုံးခြင်းကိုပင် နိဗ္ဗာန်ဆိုပေသည်။ ပရမတ္ထဓမ္မအစဉ်တို့၏ အသစ်တစ်ဖန် ဖြစ်ပေါ်ခြင်းဟူသော ဇာတိမှု၏ အကုန်အစင်ရုပ်သိမ်းခြင်း၊ ချုပ်ငြိမ်းခြင်း၊ ကုန်ဆုံးခြင်းအမှုသို့ ဆိုက်ရောက်သည်ကိုပင် နိဗ္ဗာန်သို့ ရောက်သည်ဟု ဆိုပေသည်။ ထို့ကြောင့်

---

၁။ ဒုပ္ပရိယောဂါဋ္ဌ–သက်ဝင်နိုင်ခဲသည်။

http://www.dhammadownload.com



ပရိနိဗ္ဗာန်စံတော်မူသည်။ နိဗ္ဗာန်သို့ရောက်တော်မူသည်၊ နိဗ္ဗာန်သို့ ကြွသွားတော်မူသည် ဟူသော စကားတို့မှာပင် နိဗ္ဗာန်ဘက်သို့ ကူးတက်ဆက်နွယ်၍ သွားသောတရား ဟူ၍ တစ်စုံတစ်ရာမျှ မရှိပြီ ဟူသော အနက်သည် တစ်ချက်တည်းပါလေသည်-ဟု သိအပ်၏။

မဇ္ဈိမပဏ္ဏာသဒ္ဒလည်းကောင်း၊ ဒိဋ္ဌိသံယုတ်ဒွလည်းကောင်း "ဟောတိ တထာဂတော ပရံ မရဏာ"ဟူ၍လာသော ကောသလမင်းကြီးအမေး ခေမာဘိက္ခုနီ အဖြေ၊ မြတ်စွာဘုရားတို့မှ ဤ၀စ္ဆသုတ်နှင့်အတူတူပင်။

ဟောတိနှင့် ဥပေတိ - အတူတူ။

နဟောတိနှင့် န ဥပေတိ - အတူတူ။

ဟောတိ စ၊ န စ ဟောတိနှင့် ဥပေတိ စ၊ န စ ဥပေတိ - အတူတူ။

နေ၀ ဟောတိ၊ နန ဟောတိနှင့် နေ၀ ဥပေတိ- န န ဥပေတိ - အတူတူ။

သုတ္တန်နိပါတ်ပါဠိတော် ပါရာယနသုတ် ဥပသိ၀ပုစ္ဆာဂါထာတို့၏ အနက်အဓိပ္ပာယ် လိုရင်းကို အကျဉ်းမျှ ထုတ်ပြပေအံ့-

**ဥပသီ၀ပြဿနာ**။ ။ ဥပသိ၀ အမည်ရှိသော ရသေ့ပုဏ္ဏားကား အာကိဉ္စညာယတနစျာန်ကို ရသောစျာနလာဘီပုဏ္ဏားပေတည်း။ ထို့ကြောင့် အာကိဉ္စညာယတနစျာန်ကို အရင်းပြု၍ ၀ဋ်ဒုက္ခမှ ကျွတ်လွတ်ခွင့်ကို မြတ်စွာဘုရားအား မေးလျှောက်လေ၏။ မြတ်စွာဘုရားလည်း ဖြေတော်မူ၏။

မေးပုံ၊ ဖြေပုံ၊ အမေး (၄)ဂါထာ၊ အဖြေ (၄)ဂါထာ လာ၏။ ထိုအနက် နောက် အမေး (၂)ဂါထာ၊ အဖြေ (၂)ဂါထာကို ပြဆိုအံ့-

တိဋ္ဌေ စေ သော တတ္ထ အာနာနု၀ါယီ၊
ပူဂံပိ၀ဿာနိ သမန္တစက္ခု၊
တတ္ထေ၀ သော သီတိ သိယာ ၀ိမုတ္တော၊
စ၀ေ-ထ ၀ိညာဏံ တထာ၀ိဒဿ၊ ။ (အမေး။)

သမန္တစက္ခု၊ မျက်စိအမြင် ထက်၀န်းကျင်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။ သော၊ ထိုအာကိဉ္စညာယတနဘုံသို့ ရောက်လေသောသူသည်။ တတ္ထ၊ ထိုဘုံ၌။ အနာနု၀ါယီ၊ အစဉ်မပြတ်သည်ဖြစ်၍။ ပူဂံပိ၀ဿာနိ၊ များစွာသော နှစ်အစုတို့ပတ်လုံး။ စေတိဋ္ဌေ၊ အကယ်၍ တည်ငြားအံ့။ သော၊ ထိုပုဂ္ဂိုလ်သည်။ တတ္ထေ၀၊ ထိုဘုံ၌သာလျှင်။ ၀ိမုတ္တော၊ တစ်ဖန်ပြောင်းရွေ့ခြင်းဟူသော စုတိမရဏဒုက္ခမှ လွတ်သည်ဖြစ်၍။ သီတိ၊ အစဉ်အမြဲ အေးငြိမ်းခြင်းသို့ ရောက်သည်။ သိယာ၊ ဖြစ်ပါသလော။ အထ၊ ထိုသို့ မဟုတ်။ တထာ၀ိဒဿ၊ ထိုသို့သဘောရှိသော ပုဂ္ဂိုလ်၏။ ၀ိညာဏံ၊ ၀ိညာဉ်သည်။

http://www.dhammadownload.com



စဝေ၊ ရွှေ့လျောပြောင်းသွား ဘုံတစ်ပါးသို့ ကျင်လည်မြဲ ကျင်လည် ရသေးသလော။ (ဤကားအနက်။)

အစ္စိ ယထာ ဝါတဝေဂေန ခိတ္တာ၊
အတ္ထံ ပလေတိ န ဥပေတိ သင်္ချံ။
ဧဝံ မုနိ နာမကာယာ ဝိမုတ္တော၊
အတ္ထံ ပလေတိ န ဥပေတိ သင်္ချံ။ ။ (အဖြေ။)

ဝါတဝေဂေန၊ လေဟုန်သည်။ ခိတ္တာ၊ မြှောက်လွှင့်အပ်သော။ အစ္စိ၊ မီးတောက်မီးလျှံသည်။ အတ္ထံ၊ ကွယ်ပျောက်ခြင်းသို့။ ပလေတိယထာ၊ ရောက်လေသကဲ့သို့။ သင်္ချံ၊ အဘယ်အရပ်သို့ သွားလေ၏ ဟူသော အရေအတွက်သို့။ န ဥပေတိယထာ၊ မရောက်လေသကဲ့သို့။ ဧဝံ၊ ဤအတူ။ နာမကာယာ၊ နာမ်တရားအပေါင်းမှ။ ဝိမုတ္တော၊ ကျွတ်လွတ်ပြီးသော။ မုနိ၊ ရဟန်းသည်။ အတ္ထံ၊ ကွယ်ပျောက်ချုပ်ငြိမ်းခြင်းသို့။ ပလေတိ၊ ရောက်လေ၏။ သင်္ချံ၊ ပညတ်တင်၍ ခေါ်ဝေါ်စရာ တစ်စုံတစ်ရာအဖြစ်သို့။ န ဥပေတိ၊ မရောက်လေ။ (ဤကားအနက်။)

ဥပသိဝပုဏ္ဏားသည်သာ အာကိဉ္စညာယတနစျာန်ဖြင့် ရူပကာယမှ ကျွတ်လွတ်ပြီးသောသူဖြစ်ပေ၏။ မဂ်ဉာဏ်ဖြင့် နာမကာယမှ ကျွတ်လွတ်ရန်လိုသေး၏။ ထို့ကြောင့် နာမကာယ၌ သာယာသော အရူပတဏှာမှ ကျွတ်လွတ်မှုကို နည်းပေးလို၍ "နာမကာယာ ဝိမုတ္တော" ဟု ဟောတော်မူသည်။ အရူပတဏှာကို မစွန့်နိုင်၍ နာမကာယမှ မလွတ်ခဲ့လျှင် ထိုဘုံ၌ တည်နေပြီးနောက် ထိုဘုံမှ စုတေ၍ သံသရာမှာ ကျင်လည်မြဲ ကျင်လည်ရလိမ့်ဦးမည်။ အရူပတဏှာကုန်၍ နာမကာယမှ ကျွတ်လွတ် ပေမူကား လေအဟုန်ဖြင့် လွင့်၍ ပါလေသော မီးတောက်သည် မကြာမီကွယ်ပျောက် ခြင်းသို့ ရောက်လေသကဲ့သို့ ထိုဘုံမှာပင် စိတ်အစဉ်ချုပ်ငြိမ်းကွယ်ပျောက်ခြင်းသို့ ရောက်လေ၏။ ဘဝတစ်ပါးပြောင်းလဲ၍ ပညတ်တစ်ပါးနှင့် ခေါ်ဝေါ်ရန် တစ်စုံတစ်ရာ သို့ မရောက်လေပြီ ဟူလိုသည်။

ဤဂါထာမှာ "အတ္ထံ ပလေတိ"ပုဒ်၌ အတ္ထံ၊ နိဗ္ဗာန်သို့။ ပလေတိ၊ ရောက်လေ၏။ ဟူသော အနက်မှာ လူ့ပြည်မှ ကွယ်လွန်၍ နတ်ပြည်သို့ ရောက်လေ၏ဟူရာ၌–

၁။ ရောက်အပ်သောနတ်ပြည်။
၂။ ရောက်တတ်သော ပုဂ္ဂိုလ်။
၃။ လူ့ပြည်မှ ကွယ်ပျောက်၍ နတ်ပြည်မှာ ဖြစ်ပေါ်ခြင်းတည်းဟူသော ရောက်ခြင်း ကြိယာ။

http://www.dhammadownload.com



ဤသို့ (၃)ထွေ၊ (၃)ပါးထင်ရှားသိမြင်ရသကဲ့သို့၊ ထို့အတူ–

၁။ ရောက်အပ်သော နိဗ္ဗာန်ဌာန။

၂။ ရောက်တတ်သော ပရိနိဗ္ဗုတပုဂ္ဂိုလ်။

၃။ ခန္ဓာ (၅)ပါးအဖြစ်မှ ကွယ်ပျောက်၍ နိဗ္ဗာန်တည်းဟူသော လောကုတ္တရာ ဘုံဌာနမှာ ထိုပုဂ္ဂိုလ်၏ ဖြစ်ပေါ်လာခြင်းကြီးယာ။

ဤသို့ (၃)ထွေ၊ (၃)ပါး ထင်ရှားသိမြင်ရန် ကြံယူကြကုန်၏။ ၎င်းပုဒ်ကို ဖွင့်ပြသော နိဒ္ဒေသပါဠိတော်၌ကား–

အတ္ထံ ပလေတီတိ အတ္ထံ ပလေတိ၊ အတ္ထံ ဂမေတိ၊ အတ္ထံ ဂစ္ဆတိ၊ နိရုဇ္ဈိတိ၊ ဝူပသမ္မတိ၊ ပဋိပဿမ္ဘတိ။

ဟူ၍ ဖွင့်ပြတော်မူ၏။

အတ္ထံ ပလေတီ အတ္ထံ ပလေတိ၊ ဟူသည်ကား။ အတ္ထံ၊ နိဗ္ဗာန်သို့။ ဝါ၊ ကွယ်ပ ခြင်းသို့။ ပလေတိ၊ ရောက်လေ၏။ အတ္ထံ၊ နိဗ္ဗာန်သို့။ ဂမေတိ၊ ရောက်လေ၏။ အတ္ထံ၊ နိဗ္ဗာန်သို့။ ဂစ္ဆတိ၊ ရောက်လေ၏။ နိရုဇ္ဈိတိ၊ ချုပ်လေ၏။ ဝူပသမ္မတိ၊ ငြိမ်းလေ၏။ ပဋိပဿမ္ဘတိ၊ ငြိမ်းလေ၏။ (ဤကားအနက်။)

ဤအဖွင့် (၆)ပုဒ်တို့တွင်–

ရှေ့(၃)ပုဒ်ဖြင့် အနက်သက်သက်ကို ဖွင့်ပြတော်မူသည်။ နိရုဇ္ဈတိ–အစရှိသော နောက် (၃)ပုဒ်ဖြင့် အတ္ထံ ပလေတိ ဟူသော စကား၏ အဓိပ္ပာယ်လိုရင်းကို အကျဉ်းချုပ်အုပ်၍ ပြတော်မူသည်။

အတ္ထံ ပလေတိ ဟု ပုဒ် (၂)ခု၊ အသံ (၂)ခု ဆိုသော်လည်း လိုရင်းအဓိပ္ပာယ်မှာ ခန္ဓာချုပ်မှု တစ်ခုပင်တည်း ဟု ပြခြင်းငှာ နိရုဇ္ဈတိ ဟု တစ်ပုဒ်တည်းနှင့် ဖွင့်ပြတော်မူသည်။

ခန္ဓာဟူသည် ပူလောင်သော ဒုက္ခတရားသာ ဖြစ်၏။ ပူလောင်သော တရား၏ ချုပ်ခြင်းမည်သည် ငြိမ်းမှုစင်စစ် ဖြစ်၏ဟုပြခြင်းငှာ နိရုဇ္ဈတိပုဒ်ကို ဝူပသမ္မတိ၊ ပဋိပဿမ္ဘတိ ဟု ဆင့်ပြန်သည်။ ထို့ကြောင့် ကိလေသာခန္ဓာတို့၏ ချုပ်ငြိမ်းမှု တစ်ခုတည်းကိုပင် "အတ္ထံပလေတိ" ဆိုသည်ဟု မှတ်ရမည်။

အတ္ထံ၊ နိဗ္ဗာန်သို့။ ပလေတိ၊ ရောက်လေ၏–ဟူသော အနက်မှာလည်း နိဗ္ဗာန် ဆိုသည်ကား အပူအလောင် တရားတို့၏ ချုပ်ငြိမ်းခြင်းအမှုကိုပင် ဆိုသည်။ ထို့ကြောင့် အတ္ထံ၊ နိဗ္ဗာန်သို့ ဟု ဆိုသည်နှင့် အတ္ထံ၊ ကွယ်ပခြင်း၊ ချုပ်ငြိမ်းခြင်းသို့ ဟု ဆိုသော စကားသည် အတူတူပင် ဖြစ်သည်။

http://www.dhammadownload.com



လောကဒ္ဓ မရဏံ၊ သေခြင်းသို့။ နိဂစ္ဆတိ၊ ရောက်လေ၏ ဟူသည်နှင့် မရတိ၊ သေ၏ ဟူသည်အတူတူပင် ဖြစ်သကဲ့သို့တည်း။

ဘေဒံ၊ ပျက်စီးခြင်းသို့။ ဂစ္ဆတိ၊ ရောက်လေ၏။ ဘိဇ္ဇတိ၊ ပျက်စီးလေ၏။ ဇရံ၊ အိုခြင်းသို့။ ဂစ္ဆတိ၊ ရောက်လေ၏။ ဓိယျတိ၊ အိုလေ၏။ ပါကံ၊ ကျက်ခြင်းသို့။ ဂစ္ဆတိ၊ ရောက်လေ၏။ ပစ္စတိ၊ ကျက်လေ၏ ဟူသော စကားမျိုးတို့၌ (၂)ခွန်းနှင့် (၁)ခွန်း အဓိပ္ပာယ်တူကြသကဲ့သို့တည်း။

အတ္ထင်္ဂတော သော ဥဒ ဝါ သော နတ္ထိ၊
ဥဒါဟု ဝေ သဿတိယာ အရောဂေါ။
တံ မေ မုနိ သာဒု ဝိယာကရောဟိ၊
တထာ ဟိ တေ ဝိဒိတော ဧသ ဓမ္မော။ (အမေး။)

သော၊ ထိုပုဂ္ဂိုလ်သည်။ အတ္ထင်္ဂတော၊ ခန္ဓာကွယ်ပခြင်းသို့ ရောက်၏ဆိုသော်။ သော၊ ထိုခန္ဓာ ကွယ်ပခြင်းသို့ ရောက်သော ပုဂ္ဂိုလ်သည်။ ဥဒ၊ စင်စစ်။ နတ္ထိ ဝါ၊ မရှိခြင်းပင် ဖြစ်လေသလော။ ဥဒါဟု၊ ထိုသို့မဟုတ်။ ဝေ၊ စင်စစ်။ သဿတိယာ၊ အမြဲနိစ္စအားဖြင့်။ အရောဂေါ၊ ပျက်စီးခြင်းမရှိ တည်လေသလော။ မုနိ၊ မြတ်စွာဘုရား။ တံ၊ ထိုအကြောင်းကို။ မေ၊ ကျွန်ုပ်အား။ သာဒု၊ ကောင်းစွာ။ ဝိယာကရောဟိ၊ ဖြေကြားပါလော့။ ဟိ၊ လျှောက်သင့်စွ။ တေ၊ အရှင်ဘုရားသည်။ ဧသဓမ္မော၊ ဤတရားကို။ တထာ၊ ဟုတ်မှန်သောအတိုင်း။ ဝိဒိတော၊ သိတော်မူအပ်၏။ (ဤကား အနက်။)

လောကဒ္ဓ ထင်ရှား၍ နေသော အယူမှာ ခန္ဓာလည်းတခြား၊ ခန္ဓာ၏အရှင်ဖြစ်သော အတ္တလည်း တခြား၊ ပုဂ္ဂိုလ်၊ သတ္တဝါဟူသည် ထိုအတ္တကို ဆိုလိုရင်းတည်း။

ပရိနိဗ္ဗာန်အစ် ခန္ဓာချုပ်ဆုံးရာတွင် ထိုခန္ဓာ၏ အရှင်ဖြစ်သော ပုဂ္ဂိုလ်သတ္တဝါတွင်လည်း ပြတ်တောက်လေတော့သည်–ဟူသော အယူကား "နတ္ထိ"အယူတည်း။ (ဥစ္ဆေဒဒိဋ္ဌိ– ဆိုလိုသည်။)

ဘုရားလက်ထက်တော်မှာ ယမက အမည်ရှိသော ရဟန်း၏ အယူမျိုးတည်း၊ "န ဟောတိ တထာဂတော ပရံမရဏာ"ဟူသော အယူလည်း ဤနတ္ထိ အယူပင်တည်း။

ခန္ဓာသည်သာ ချုပ်ဆုံးသည်၊ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ဟူသော အတ္တသည်မူကား ချုပ်ဆုံးသည်မရှိ–ဟူသော အယူကား "အတ္ထိ"အယူတည်း။ (သက္ကာယဒိဋ္ဌိ–ဆိုလိုသည်။) "ဟောတိ တထာဂတော ပရံမရဏာ"ဟူသော အယူပင်တည်း။

ဥပသီဝ ပုဏ္ဏားသည်ကား –ရှေ့ဂါထာမှာ "အတ္ထံ ပလေတိ"ဟူသောပါဌ်ဖြင့် ခန္ဓာ၏ ချုပ်ဆုံးခြင်းကို ဖြေကြားတော်မူသည်။ ။ ခန္ဓာ၏ အရှင်ဖြစ်သော ပုဂ္ဂိုလ်

http://www.dhammadownload.com



သည်ကား ထိုခန္ဓာ ချုပ်ဆုံးရာမှာပင် ပြတ်တောက်ကွယ်ပ၍ သွားလေသလော သို့မဟုတ် ခန္ဓာမှ ကျွတ်လွတ်၍ တစ်ပုံတစ်မျိုးဖြစ်၍ အမြဲတည်နေလေသလော ဟု ယုံမှားရှိ၍ ဤနောက်အမေးကို မေးပြန်သည်။ ။ မြတ်စွာဘုရားသည်ကား ဤ "အတ္ထိ နတ္ထိ"ဟူသော အယူနှစ်ပါးကို ပယ်တော်မူ၏။

အတ္ထီတိ ခေါ ကစ္စာန အယံ ဧကော အန္တော၊ နတ္ထီတိ ခေါ ကစ္စာန ဒုတိယော အန္တော။

## (ကစ္စာနဂေါတ္တသုတ်။)

အတ္ထိ ဟူသော အယူလည်းအယုတ်တရား (၁) ပါး။ နတ္ထိ-ဟူသော အယူလည်း အယုတ်တရား (၁)ပါး ဟူလိုသည်။

ဘုရားဒေသနာတော်၌မူကား ပုဂ္ဂိုလ်၊ သတ္တဝါ၊ အတ္တ၊ ဇီဝ ဟူ၍မှုချအားဖြင့် မရှိ။ ရုပ်၊ နာမ်တရားသည်သာ မှုချအားဖြင့် ရှိသည်။ ထိုရုပ်၊ နာမ်တရားသည်လည်း အဝိဇ္ဇာ၊ တဏှာ အစရှိသော အကြောင်းတရား ထင်ရှားရှိနေသမျှ ကာလပတ်လုံး နတ္ထိ သဘော၊ ဥစ္ဆေဒသဘောသို့ ရောက်သည် ဟူ၍ မရှိ။ အကြောင်းတရားကို ပယ်ရှားလျှင် ချုပ်ငြိမ်းခြင်းသို့ ရောက်မြဲဖြစ်၍ သံသရာ၌ အမြဲရှိ၍နေသော အတ္ထိသဘောလည်းမရှိ။ ထို့ကြောင့် ထိုသို့သော အတ္ထိသဘော၊ နတ္ထိသဘောနှင့် ဥပသိဝပုဏ္ဏား မေးလျှောက် သည်ကို အတ္ထိ၊ နတ္ထိ မှ အလွတ်ဖြစ်သော တစ်ပါးသော ပရိယာယ်ဖြင့် ဖြေတော် မူပေ၏။

အတ္ထင်္ဂတဿ န ပမာဏမ-တ္ထိ၊
ယေန နံ ဝဇ္ဇုံ တံ တဿ နတ္ထိ။
သဗ္ဗေသု ဓမ္မေသု သမူဟတေသု၊
သမူဟတာ ဝါဒပထာပိ သဗ္ဗေ။ ။ (အဖြေ။)

အတ္ထင်္ဂတဿ၊ ရုပ် နာမ်ခန္ဓာ ကွယ်ပခြင်းသို့ ရောက်လေသော ပရိနိဗ္ဗုတ ပုဂ္ဂိုလ်အား။ ပမာဏံ၊ ရှိသည်။ မရှိသည်-ဟူ၍ ဆိုနိုင်ရန် ပမာဏသည်။ နအတ္ထိ၊ မရှိ။ ယေန၊ အကြင်တစ်စုံတစ်ခုသော ပရမတ္ထဓမ္မဖြင့်။ နံ၊ ထိုပုဂ္ဂိုလ်ကို။ ဝဇ္ဇုံ၊ ပညတ်တင်၍ ခေါ်ဝေါ်ပြောဆိုကြကုန်ရာ၏။ တဿ၊ ထိုပုဂ္ဂိုလ်အား။ တံ၊ တစ်စုံတစ်ခုသော တရားသည်။ နတ္ထိ၊ မရှိ။ သဗ္ဗေသု၊ အလုံးစုံကုန်သော။ ဓမ္မေသု၊ ပရမတ္ထဓမ္မတို့ သည်။ သမူဟတေသု၊ ပယ်နုတ် ချုပ်ငြိမ်းကုန်ပြီးသည်ရှိသော်။ သဗ္ဗေ၊ အလုံးစုံကုန်သော။ ဝါဒပထာပိ၊ ခေါ်ဝေါ်ပြောဆိုစရာ နည်းလမ်းတို့သည်လည်း။ သမူဟတာ၊ ပယ်နုတ် ချုပ်ငြိမ်းကြလေကုန်ပြီ။ (ဤကားအနက်။)

http://www.dhammadownload.com



ဤဂါထာ၌ ပထမပါဒ၏ အဓိပ္ပာယ်ကို ဒုတိယပါဒနှင့် ဖွင့်ပြတော်မူသည်။ ဒုတိယပါဒ၏ အဓိပ္ပာယ်ကိုလည်း "သဗ္ဗေသု ခန္ဓေသု သမူဟတေသု၊ သမူဟတာ ဝါဒပထာပိ သဗ္ဗေ"ဟူသော တတိယ၊ စတုတ္ထပါဒတို့နှင့် ဖွင့်ပြတော်မူသည်။

(အဓိပ္ပာယ်အကျယ်မှာ ပစ္စပရိဗိုဇ်ကို ဖြေတော်မူသော နည်းလမ်းအတိုင်းပင်။)

**အကျဉ်းမှာမူကား။** ။ ခန္ဓာ (၅)ပါး ပရမတ္ထတရားမျိုးရှိမှသာလျှင် သတ္တဝါနှင့် စပ်သော ပညတ်ဝေါဟာရမျိုးရှိနိုင်သည်။ ခန္ဓာ (၅) ပါး ပရမတ္ထတရားမျိုး မရှိရာမှာ သတ္တဝါနှင့်စပ်သော ပညတ်ဝေါဟာရမျိုး မရှိနိုင်။ ပရိနိဗ္ဗာန်စံကြသောအခါ၌ ထိုခန္ဓာ (၅)ပါး ပရမတ္ထတရားမျိုးတို့သည် အကြွင်းအကျန်မရှိ အကုန်အစင် ကွယ်ပျောက် ချုပ်ငြိမ်းကြလေကုန်၏။ ထိုတရားတို့ ချုပ်ငြိမ်းကြကုန်လျှင်လည်း ထိုပုဂ္ဂိုလ်တို့၏ သန္တာန်နှင့်စပ်သော ပညတ်တရားတို့သည်လည်း ကွယ်ပျောက်ကြလေကုန်၏။ ပရိနိဗ္ဗာန် စုတိကမ္မဇရုပ် ချုပ်သည်မှ နောက်ကာလ၌ နိစ္စထာဝရဖြစ်သော အသင်္ခတနိဗ္ဗာန်ကြီး သို့ ရောက်၍နေသော တစ်စုံတစ်ခုသော ပရမတ်တရား ပညတ်တရား ဟူ၍ အမြွက်လေသံမျှ မရှိပြီ ဆိုလိုသည်။

ဤဂါထာ၌ "သဗ္ဗေသု ခန္ဓေသု သမူဟတေသု၊ သမူဟတာ ဝါဒပထာပိ သဗ္ဗေ" ဟူသော (၂)ပါဒတို့၌–

"သဗ္ဗေသု ခန္ဓေသု သမူဟတေသူတိ သဗ္ဗေသု ခန္ဓေသု၊ သဗ္ဗေသု အာယတနေသု၊ သဗ္ဗာသု ဓာတူသု"။

ဟူ၍ အရှင်သာရိပုတ္တရာ ဖွင့်တော်မူသောကြောင့် ပရိနိဗ္ဗာန စုတိကမ္မဇရုပ် အချုပ်တွင် ထိုပုဂ္ဂိုလ် သန္တာန်၌ ခန္ဓာ ဟူသမျှ၊ အာယတန ဟူသမျှ၊ ဓာတ်ဟူသမျှ အကုန်ချုပ်ငြိမ်းကုန်ဆုံးလေကုန်၏။ တစ်စုံတစ်ရာ အမြွက်လေသံမျှ အကြွင်းအကျန် မရှိပြီ ဟူသော အနက်သည် ထင်ရှားပေ၏။

> သမူဟတာ ဝါဒပထာပိ သဗ္ဗေတိ ဝါဒပထာ ဝုစ္စန္တိ ကိလေသာ စ ခန္ဓာ စ အဘိသင်္ခါရာ စ၊ တဿ ဝါဒ၊ ဝါဒပထာ စ၊ အဓိဝစနာ စ၊ အဓိဝစနပထာ စ၊ နိရုတ္တိ စ၊ နိရုတ္တိပထာ စ၊ ပညတ္တိ စ၊ ပညတ္တိပထာ စ၊ ဥဟတာ၊ သမူဟတာ၊ ဥဒ္ဓဋ္ဌာ၊ သမုဒ္ဓဋ္ဌာ၊ ဥပ္ပါဋိတာ၊ သမုပ္ပါဋိတာ၊ ပဟီနာ၊ သမုစ္ဆိန္နာ၊ ဝူပသန္တာ၊ ပဋိပဿဒ္ဓါ၊ အဘဗ္ဗုပ္ပတ္တိကာ၊ ဉာဏဂ္ဂိနာ၊ အဟာတိ သမူဟတာ ဝါဒပထာပိ သဗ္ဗေ။

ဟူ၍ အရှင်သာရိပုတ္တရာ ဖွင့်ပြတော်မူသောကြောင့် ပရိနိဗ္ဗာန စုတိကမ္မဇရုပ် ချုပ်ပြီးသည်မှ နောက်ကာလ၌ ထိုပုဂ္ဂိုလ်နှင့်စပ်သော တစ်စုံတစ်ခုသော ပရမတ်တရား တစ်စုံတစ်ခုသော ပညတ်တရား ဟူ၍ အမြွက်လေသံမျှ မရှိပြီဟု သိသာပေ၏။

http://www.dhammadownload.com



"ပရိနိဗ္ဗုတပုဂ္ဂိုလ်၊ ပရိနိဗ္ဗုတပုဂ္ဂိုလ်"ဟူ၍ ပြောဆိုခေါ်ဝေါ်ကြသည်မှာ ပရိနိဗ္ဗာန စုတိကမ္မဇရုပ် မချုပ်မီ ရှေးအဖို့၌ ထင်ရှားရှိသော ခန္ဓာ(၅)ပါး၊ ရုပ် နာမ် တရားတို့ကို အတိတ်စကားဖြင့် ပြောဆိုခေါ်ဝေါ်ကြသော အရာသာတည်း။

နိဗ္ဗာန်၌ ထိုပုဂ္ဂိုလ်သန္တာန်နှင့်စပ်သော ပရမတ် အခက် အနက်၊ ပညတ် အခက် အနက် အမြွက်လေသံ ရှိနေ၍ ထိုပရမတ်၊ ထိုပညတ်ကို ခေါ်ဆိုကြသော အရာမဟုတ်၊ ထို့ကြောင့် "သင်္ချံ့နောပေတိ"ဟူ၍လည်းကောင်း၊ "အတ္ထံပလေတိ၊ န ဥပေတိ သင်္ချံ" ဟူ၍လည်းကောင်း၊ "သမူဟတာ ဝါဒ ပထာပိ သဗ္ဗေ"ဟူ၍လည်းကောင်း ဟောတော် မူသည်။

၁။ ဤသို့လျှင် ဤဥပသိဝပြဿနာ၌ လေထဲသို့ ပြတ်၍ ပါလေသော မီးတောက်၏ ပျောက်ပျက်ကွယ်ဆုံးပုံကို ဥပမာ ပြတော်မူသည် တစ်ရပ်။

၂။ "သမူဟတာ ဝါဒပထာပိ သဗ္ဗေ"ဟု ဟောတော်မူသည်တစ်ရပ်။

ဤသို့သော အချက်များကို ထောက်ထား၍ ပရိနိဗ္ဗာန စုတိကမ္မဇရုပ်ချုပ်ရာ၌ ထိုပုဂ္ဂိုလ်သန္တာန်နှင့်စပ်သော ပရမတ်၊ ပညတ် အကုန်အစင် ချုပ်ငြိမ်းကွယ်ပျောက် လေကြောင်း။ လူရဟန္တာ ဖြစ်ခဲ့လျှင် သရီရဓာတ်တော်မျှသာ အကျန်ရှိကြောင်း၊ နတ်ရဟန္တာ၊ ဗြဟ္မာရဟန္တာ-ဖြစ်ခဲ့လျှင် သရီရဓာတ်တော်မျှမှ အကျန်မရှိကြောင်းကို သိအပ်၏။

ဤဥပသိဝပြဿနာ၌ အာကိဉ္စညာယတန အရူပဘုံမှ ပရိနိဗ္ဗာန်စံမှုကို ဟောတော် မူသောကြောင့် ထိုအမှုအားလျော်စွာ လေထဲသို့ ပြတ်၍ ပါလေသော မီးတောက်ကို ဥပမာပြတော်မူလေသည်။

## (ဤကား ဥပသိဝ ပြဿနာတည်း။)

**ဝေဒနာသံယုတ်လာအဓိပ္ပာယ်**။ ။ သဠာယတန သံယုတ်ပါဠိတော်ဝေဒနာ သံယုတ်၌လာသော-

သော ဝေဒနာ ပရိညာယ၊ ဒိဋ္ဌေဓမ္မေ အနာသဝေါ။

ကာယဿ ဘေဒါ ဓမ္မဋ္ဌော၊ သင်္ချံ နောပေတိ ဝေဒဂူ။ ။

ဟူသော ဂါထာ၌လည်း "သင်္ချံ နောပေတိ" ပုဒ်အရကို "အတ္ထံပလေတိ န ဥပေတိ သင်္ချံ" ပုဒ်အတိုင်းသိလေ။ ။ ထိုဂါထာ၌-

သော၊ ထိုဝေဒနာ ကမ္မဋ္ဌာန်းကို အားထုတ်သော ပုဂ္ဂိုလ်သည်။ ဝေဒနာ၊ ၃ ပါးသော ဝေဒနာတို့ကို။ ပရိညာယ၊ အပိုင်အနိုင်သိ၍။ ဒိဋ္ဌေဓမ္မေ၊ မျက်မှောက်ဘဝ၌။ အနာသဝေါ၊ အာသဝေါကင်းသော ရဟန္တာပုဂ္ဂိုလ်သည်။ ဟောတိ၊ ဖြစ်နိုင်၏။

http://www.dhammadownload.com



ကာယဿ၊ ကိုယ်ခန္ဓာ၏။ ဘေဒါ၊ စုတိကမ္မဇရုပ် ချုပ်သည်မှ။ ပရံ၊ နောက်၌။ ဓမ္မဋ္ဌော၊ နိဗ္ဗာန်၌ တည်သော။ သော ဝေဒဂူ၊ ထိုရဟန္တာပုဂ္ဂိုလ်သည်။ သင်္ချံ၊ ခေါ်ဝေါ်စရာ တစ်စုံတစ်ရာ အဖြစ်သို့။ နောပေတိ မရောက်။ (ဤကား အနက်။)

"ဓမ္မဋ္ဌောတိ အသေက္ခဓမ္မေသု၊ နိဗ္ဗာနေ ဧဝ ဝါဌိတော" ဟု အဋ္ဌကထာဖွင့်၏။ ဓမ္မဋ္ဌော၊ အသေက္ခတရားတို့၌တည်သော။ ။ ဝါ၊ နိဗ္ဗာန်၌တည်သော။ ။ (၂-နက်။)

**အသေက္ခဓမ္မ။** ။ အသေက္ခဓမ္မဆိုသည်ကား- အရဟတ္တဖိုလ်ပေတည်း။ အရဟတ္တဖိုလ်၌ တည်သော ဟု ဆိုလိုသည်။ အရဟတ္တဖိုလ်၌ တည်မှုသည် ကိုယ်ခန္ဓာ ပျက်သည်မှ နောက်၌ တည်သည်မဟုတ်၊ မပျက်မီကပင် တည်ပေသည်။ ထို့ကြောင့် "ကာယဿ၊ ကိုယ်ခန္ဓာ၏။ ဘေဒါ၊ စုတိကမ္မဇရုပ်ချုပ်သည်မှ။ ပရံ၊ နောက်၌။ သင်္ချံ၊ ခေါ်ဝေါ်စရာ တစ်စုံတစ်ရာအဖြစ်သို့။ နောပေတိ၊ မရောက်"ဟုစပ်၍ ယူရမည်။

ဓမ္မဋ္ဌော၊ ပုဒ်၊ ဝေဒဂူ၊ ပုဒ်တို့ကား ပရိနိဗ္ဗာန် မစံမီရှိသော ဂုဏ်တို့ဖြင့် ချီးမွမ်းသော ပုဒ်တို့သာတည်း။ ဓမ္မဋ္ဌော၊ နိဗ္ဗာန်၌ တည်သော ဟူသော အနက်မှာမူကား "ကာယဿ၊ ကိုယ်ခန္ဓာ၏၊ ဘေဒါ၊ စုတိကမ္မဇရုပ်ချုပ်သည်မှ။ ပရံ၊ နောက်၌။ ဓမ္မဋ္ဌော၊ အနုပါဒိသေသ နိဗ္ဗာန်၌တည်နေသော"ဟူ၍လည်း စပ်နိုင်ပါ၏။

နိဗ္ဗာန်၌တည်သော ဟူရာမှာလည်း ခန္ဓာချုပ်ငြိမ်းခြင်းအမှု၌ တည်သော ဟု ဆိုသည်နှင့် အတူတူပင်။ ခန္ဓာချုပ်ငြိမ်းခြင်းအမှု၌ တည်သည်ဆိုသည်ကား ပျောက်ငြိမ်းပြီးသော အချို့သော အနာရောဂါသည် တစ်ဖန်လှန်၍ တစ်ဖန်မြဲ၍ ပေါ်လာပြန်သကဲ့သို့ နိဗ္ဗာန်အနေအားဖြင့် ချုပ်ငြိမ်းပြီးသော ခန္ဓာသုခ၊ ခန္ဓာအနာ၊ ခန္ဓာရောဂါတို့သည် တစ်ဖန်လှန်၍ တစ်ဖန်မြဲ၍ ပေါ်လာပြန်သည်ဟု မရှိကြကုန်ပြီ၊ အမြဲထာဝရ နိစ္စဓုဝအားဖြင့် ချုပ်ငြိမ်းမှုအတိုင်း ကုန်ဆုံးမှုအတိုင်းသာ တည်လေကုန်တော့သည်။ ထိုပုဂ္ဂိုလ်သည်လည်း ခန္ဓာတို့၏ချုပ်ငြိမ်း ကုန်ဆုံးမှု၌ ဆိုက်တည်လေတော့သည်။ ထိုချုပ်ငြိမ်း ကုန်ဆုံးမှုမှ တစ်ဖန်ပြန်၍လာသည်ဟု မရှိပြီ ဆိုလိုသည်။

(ဤကား ဝေဒနာသံယုတ်လာ အဓိပ္ပာယ်တည်း။)

ဤတွင်ရွေ့ကား နိဿရဏနိဗ္ဗာန်သို့ ဆိုက်ရောက်ပုံ ပြီး၏။

■

http://www.dhammadownload.com



# နိဗ္ဗာန်၏ချမ်းသာပုံ

ယခုအခါ နိဗ္ဗာန်၏ ချမ်းသာပုံကို ဟောတော်မူသော ပါဠိများ၏ အဓိပ္ပာယ်ကို အတန်ငယ် ပြလိုက်ဦးအံ့–

"ပဋ္ဌမေ အာနန္ဒ ကာမဂုဏာ၊ ကတမေ ပဉ္စ၊ စက္ခုဝိညေယျာ ရူပါ"

အစရှိသည်ဖြင့် ဝေဒနာသံယုတ် ပါဠိတော် ရဟောဂတဝဂ် နဝမသုတ်၌ လာ၏။

**ချမ်းသာ ၁၀ ပါး။** ။ ၁။ ကာမဂုဏ် ချမ်းသာ (၁)ပါး။
၂။ ပဌမဈာန် ချမ်းသာ (၁)ပါး။
၃။ ဒုတိယဈာန်ချမ်းသာ (၁)ပါး။
၄။ တတိယဈာန်ချမ်းသာ (၁)ပါး။
၅။ စတုတ္ထဈာန်ချမ်းသာ (၁)ပါး။
၆။ အာကာသာနဉ္စာ ယတနဈာန်ချမ်းသာ (၁)ပါး။
၇။ ဝိညာဏဉ္စာယတနဈာန်ချမ်းသာ (၁)ပါး။
၈။ အာကိဉ္စညာယတနဈာန်ချမ်းသာ (၁)ပါး။
၉။ နေဝသညာနာသညာတန ဈာန်ချမ်းသာ (၁)ပါး။
၁၀။ နိရောဓသမာပတ်ဈာန်ချမ်းသာ (၁)ပါး။

**ကာမဂုဏ်ချမ်းသာ။** ။ ကာမဂုဏ် ချမ်းသာဆိုသည်ကား လူ့ပြည်၌ သူဌေး၊ သူကြွယ်၊ ပဒေသရာဇ်မင်း၊ ကေရာဇ်မင်း၊ စကြာမန္တတ်မင်း၊ နတ်ပြည်ခြောက်ထပ်၌ နတ်မင်း၊ သိကြားမင်းတို့၏ ချမ်းသာကို ဆိုသတည်း။ ဤကာမဂုဏ်ချမ်းသာသည် အယုတ်ညံ့ဆုံးပေတည်း။ ထိုကာမဂုဏ်ချမ်းသာထက် တောချုံ အတွင်း၌ ပဌမဈာန်ကို ဝင်စား၍နေသော ရဟန်း၏ ချမ်းသာသည် အဘိက္ကန္တတရဖြစ်၏။ ပဏီတတရ ဖြစ်၏။ (အဘိက္ကန္တတရံ၊ အလွန်နှစ်သက်ဖွယ်ရှိ၏။ ပဏီတတရံ၊ အလွန်မွန်မြတ်၏ ဟု အနက်ပေး။) ။ (အထက်ကိုလည်း ဤနည်းနှင့် အစဉ်အတိုင်းဆိုလေ။)

**ပရမဒိဋ္ဌဓမ္မနိဗ္ဗာန်။** ။ စိတ်၊ စေတသိက်၊ စိတ္တဇရုပ် အကုန်ချုပ်၍ ကမ္မဇရုပ်၊ ဥတုဇရုပ်၊ အာဟာရဇရုပ် သက်သက်နှင့် နေသည်ကို နိရောဓသမာပတ္တိ ချမ်းသာဆိုသည် ထိုနိရောဓသမာပတ္တိ ချမ်းသာသည် "ပရမဒိဋ္ဌဓမ္မ နိဗ္ဗာန်"မည်၏။

ဤနိရောဓသမာပတ္တိ ချမ်းသာကို ဟောတော်မူသည်၏အဆုံး၌–

ဌာနံ ခေါ ပနေတံ အာနန္ဒ ဝိဇ္ဇတိ၊ ယံ အညတိတ္ထိယာ ပရိဗ္ဗာဇကာ ဧဝံ ဝဒေယျုံ၊ သညာဝေဒယိတ နိရောဓံ သမဏော ဂေါတမော အာဟ၊ တဉ္စ သုခသ္မိံ ပညပေတိ ပဏီတတရံ၊ တယိဒံ ကထံသု တယိဒံ ကထံသူတိ၊ ဧဝံဝါဒိနော

http://www.dhammadownload.com



အညတိတ္ထိယာ ပရိဗ္ဗာဇကာ ဧဝမဿုဝစနီယာ 'နခေါ အာဝုသော ဘဂဝါ သုခညေဝ ဝေဒနံ သန္ဓာယ သုခသ္မိံ ပညပေတိ၊ ယတ္ထ ယတ္ထ အာဝုသော သုခံ ဥပလဗ္ဘတိ၊ ယဟိံ ယဟိံ သုခံ၊ တံ တံ တထာဂတော သုခသ္မိံ ပညပေတီ'တိ။

ဤသို့ ဟောတော်မူ၏။

**အဓိပ္ပာယ်ကား**။ ။ စိတ် စေတသိက်တို့၏ ချုပ်ခြင်းတည်းဟူသော နိရောဓသမာပတ်ကို ရှင်ဂေါတမသည် ဟော၏။ ထို နိရောဓသမာပတ်ကိုလည်း အလွန်မွန်မြတ်သော ချမ်းသာ၌ ပညတ်၏။ ထိုအမှုသည် အဘယ်သို့နည်း၊ စိတ် စေတသိက်မရှိက မခံစားနိုင်၊ မခံစားနိုင်က အဘယ်မှာ ချမ်းသာဟုတ်တော့အံ့နည်း ဟု သာသနာမှ အပဖြစ်သော တိတ္ထိပရိဗိုဇ်တို့သည် ဆိုကြကုန်ရာ၏။ ထို တိတ္ထိပရိဗိုဇ်တို့ကို ဤသို့ ဆိုအပ်ကုန်၏။ ငါတို့မြတ်စွာဘုရားသည် ခံစားခြင်းရှိသော သုခဝေဒနာကိုသာ ချမ်းသာဟူ၍ ပညတ်သည်မဟုတ်၊ အကြင် အကြင်တရား၌ ချမ်းသာကို ရ၏။ ထိုထိုတရားကိုလည်း ချမ်းသာသုခဟူ၍ ပညတ်တော်မူ၏။ ဤသို့ ဆိုအပ်ကုန်၏ ဟူလိုသည်။

ဤပါဠိတော်ဖြင့် ခံစားမှု၊ စံစားမှုသည် ယုတ်ညံ့သော ချမ်းသာဖြစ်၏။ မွန်မြတ်သော ချမ်းသာမဟုတ်၊ အဇ္ဈတ္တသန္တာန်၌ မငြိမ်သက်သော တရား မသိမ်မွေ့သောတရား လှုပ်ရှားသောတရား ရန့်ရင်းသောတရားတို့၏ ကင်းငြိမ်းခြင်းသည်သာ အထွတ်အမြတ် ချမ်းသာအစစ်ဖြစ်၏ ဟု ပြတော်မူသည်။

**နဝနိပါတ်အင်္ဂုတ္တိုရ်လာ အဓိပ္ပာယ်**။ ။ နဝနိပါတ်အင်္ဂုတ္တိုရ် ပါဠိတော်၌လည်း ဤသို့ လာ၏။ တစ်ရံရောအခါ အရှင်သာရိပုတ္တရာသည် ရဟန်းတို့အား–

သုခမိဒံ အာဝုသော နိဗ္ဗာနံ။

သုခမိဒံ အာဝုသော နိဗ္ဗာနံ။

ဟူသော စကားကို ဆိုပေ၏။

အာဝုသော၊ ငါ့ရှင်တို့။ ဣဒံနိဗ္ဗာနံ၊ ဤနိဗ္ဗာန်သည်။ သုခံ၊ ချမ်းသာပေစွတကား။ ။ (နောက်ဝါကျ၌လည်း ဤနည်းတူပေးလေ။)

ထိုအခါ အရှင်မဟာကောဋ္ဌိက မထေရ်သည် အရှင်သာရိပုတ္တရာအား–

ကိံ ပနေတ္ထ အာဝုသော သာရိပုတ္တ သုခံ၊ ယဒေတ္ထ ဝေဒယိတံ နတ္ထိ။

ဟူသော စကားကို ဆိုလေ၏။

အာဝုသော သာရိပုတ္တ၊ ငါ့ရှင် သာရိပုတ္တရာ။ ယဒေတ္ထ–ယသ္မိံ ဧတ္ထနိဗ္ဗာနေ၊ အကြင်နိဗ္ဗာန်၌။ ဝေဒယိတံ၊ ခံစားမှု စံစားမှုသည်။ နတ္ထိ၊ မရှိ။ ဧတ္ထ၊ ဤခံစားမှု၊ စံစားမှုမရှိသော နိဗ္ဗာန်၌။ သုခံ၊ ချမ်းသာမည်သည်။ ကိံ ပန၊ အဘယ်မှာရှိအံ့နည်း။ ။ (ဤကား အနက်။)

http://www.dhammadownload.com



ထိုအခါ အရှင်သာရိပုတ္တရာသည်–

တေနေဝေတ္ထာဝုသော သုခံ၊ ယဒေတ္ထ နတ္ထိ ဝေဒယိတံ–

ဟူ၍ ဟောတော်မူ၏။

အာဝုသော ကောဋ္ဌိက၊ ငါ့ရှင်ကောဋ္ဌိက။ ဧတ္ထ၊ ဤနိဗ္ဗာန်၌။ ဝေဒယိတံ၊ ခံစားမှု၊ စံစားမှုမည်သည်။ ယံ နတ္ထိ၊ အကြင်မရှိ။ တေနေဝ၊ ထို ခံစားမှု၊ စံစားမှု မရှိခြင်းသည်သာလျှင်။ ဧတ္ထ၊ ဤနိဗ္ဗာန်၌။ သုခံ၊ ချမ်းသာမှုပေတည်း။ ။ (ဤကား အနက်။)

**ချမ်းသာပုံယုတ္တိ**။ ။ ထိုနောက်မှ ချမ်းသာပုံယုတ္တိကို ဤသို့ ဟောတော်မူ၏။ လောဘနှင့်တကွ ခံစား၊ စံစားအပ်သော ကာမဂုဏ်ချမ်းသာသည်ရှိ၏။ ထိုကာမဂုဏ် ချမ်းသာသည် ပထမဈာန်ကို ပွားများသော ပုဂ္ဂိုလ်မှာ အနာဆိုး၊ ရောဂါဆိုးကြီး မည်၏။ ထိုပထမဈာန်ကို ပွားများသော ပုဂ္ဂိုလ်ကို ဆင်းရဲဒုက္ခရောက်လေအောင် လွှန်စွာနှိပ်စက်နိုင်၏–ဟူလိုသည်။

**ဥပမာကား**။ ။ အလွန်ယားယံသော နူနာမျိုးစွဲကပ် ထကြွ၍နေသော ပုဂ္ဂိုလ်သည် အလွန်ပူလှ၊ အိုက်လှသော နွေရာသီမှာပင် ရဲရဲညီသော တစ်ကိုယ်လုံး ရွှဲရွှဲစို ရှားမီးခဲတို့ကို ကြီးစွာသော မီးအိုးခင်း၌ ထည့်၍ ကိုယ်အင်္ဂါတို့ကို မီးကင်ရသည် ရှိသော် အယား အယံ ပြေပျောက်၍ အလွန်ကောင်းသော ဖောဋ္ဌဗ္ဗသုခကို ရလေ၏။ မီးနှင့် ကင်းကွာခဲ့သည်ရှိသော် ယားယံခြင်း ပြင်းစွာ နှိပ်စက်၍ ရပ်တည်မရ ဖြစ်ရ လေ၏။ ထိုကဲ့သို့သော အနာရောဂါ မရှိသောသူတို့မှာ ထိုကဲ့သို့ ပူလှ၊ အိုက်လှသော အခါ၌ မီးကို မြင်ရလျှင်ပင် ဆင်းရဲဒုက္ခ ရောက်ကြကုန်၏။ မြင်ခြင်းကိုမျှ အလိုမရှိကြကုန်။

ဤဥပမာ၌ ထိုရာသီမှာ အနိဋ္ဌစင်စစ်၊ ဒုက္ခစင်စစ် ဖြစ်ကုန်သော ရှားမီးခဲ တို့ သည် ထိုကဲ့သို့သော နူနာကြီးရှင်မှာ အနာငြိမ်းမန်းထ၍ ရပ်တည်မရ ယားယံလှသော အတွက်ကြောင့် အလွန်ကောင်းသော ဣဋ္ဌာရမ္မ ဖောဋ္ဌဗ္ဗ ဖြစ်ရကုန်၏။

ထို့အတူ ပူပန်မှုအမျိုးမျိုးနှင့်တကွ ဖြစ်ကုန်သော လူ့ချမ်းသာ၊ လူ့ကာမဂုဏ်၊ နတ်ပြည် ၆ ထပ် နတ်ချမ်းသာ နတ်ကာမဂုဏ်တို့သည် ကာမတဏှာတည်း ဟူသော နူနာကြီးစွဲကပ်သဖြင့် ရွှဲရွှဲစို ကျိုက်ကျိုက်ဆူ စိတ်နူနာကြီး ရှိကြကုန်သော သတ္တဝါတို့အား ကာမတဏှာ အနာငြိမ်းမန်းထ၍ ရပ်တည်မရ ယားယံလှသည့်အတွက်ကြောင့် အကောင်းအမွန် အထွတ်အမြတ်တွေ ဖြစ်ရလေကုန်၏။

ထိုရှားမီးကျီးတို့သည် ထိုကဲ့သို့သော နူနာကြီးမျိုး ကင်းရှင်းကုန်သော သူတို့ အား အနိဋ္ဌစင်စစ်၊ ဒုက္ခစင်စစ် ဖြစ်ကြကုန်သကဲ့သို့၊ ပထမဈာန်ကို ရ၍ကာမတဏှာ စိတ်နူနာကြီး ကင်းရှင်းပြီးဖြစ်သော သူတို့အား ထိုလူ့ကာမဂုဏ် နတ်ကာမဂုဏ်တို့

http://www.dhammadownload.com



သည် ရွံ့ဖွယ်၊ ကြောက်ဖွယ်၊ စက်ဆုပ်ဖွယ်သော အနိဋ္ဌဓမ္မ၊ ဒုက္ခဓမ္မတို့သာ ဖြစ်ကြကုန်၏။ ဤနွားနာကြီး ဥပမာကို "မဇ္ဈိမပဏ္ဏာသ မာဂဏ္ဍိယသုတ်"၌ ဟောတော်မူသည်။

ဤသို့လျှင် ထိုလူ့ကာမဂုဏ်၊ နတ်ကာမဂုဏ်တို့သည် ကာမတဏှာ နွားနာကြီးစွဲကပ်၍ ရွှဲရွှဲစို ကျိုက်ကျိုက်ဆူ စိတ်နွားနာကြီး အကြိုက်အားဖြင့်သာ လ္ဍဋ္ဌသုခ ထင်မှတ်ရကုန်သည်။ စင်စစ် အမှန်အားဖြင့်မူကား ပူပန်စေတတ်၊ နှိပ်စက်တတ်ကုန်သော ဒုက္ခဓမ္မတို့သာတည်း။

ပထမဈာန်ကိုရ၍ ထိုကာမတဏှာ၊ ကာမသညာ၊ အနာဆိုး၊ ရောဂါဆိုးတို့၏ ကင်းငြိမ်းခြင်းသည် အလွန်အေးမြ ငြိမ်းချမ်းသော သန္တိဋ္ဌိက နိဗ္ဗာန် ၁ ပါးမည်၏။

**(ဤကား နဝနိပါတ် အင်္ဂုတ္တိုရ် ပါဠိတော်လာ ပထမဝါရ အဓိပ္ပာယ်တည်း။)**

**ဒုတိယဝါရအဓိပ္ပာယ်။** ။ ဝိတက်၊ ဝိစာရနှင့်တကွ ဖြစ်သော ပထမဈာန်ချမ်းသာသည်ရှိ၏။ ထိုပထမဈာန်၌ရှိသော ဝိတက်၊ ဝိစာရတို့သည် ဒုတိယဈာန်ကို ပွားများသောသူမှာ အနာဆိုး၊ ရောဂါဆိုးကြီး မည်ကုန်၏။ ဒုတိယဈာန်ကို ပွားများသော သူကို ဆင်းရဲဒုက္ခ ဖြစ်လေအောင် လွန်စွာ နှိပ်စက်နိုင်ကုန်၏။

ဥပမာ နွားနာကြီးနှင့် ဝိတက်၊ ဝိစာရရှိသော ပထမဈာန်သုခကို သာယာသော ဈာနနိကန္တိတဏှာသည် တူ၏။ ရှားမီးကျီးခဲနှင့် ပထမဈာန်သုခသည် တူ၏။ နွားနာကြီး ကင်းရှင်းသော သူနှင့် ပထမဈာန နိကန္တိတဏှာ ကင်းရှင်းပြီးသော ယောဂီပုဂ္ဂိုလ်သည် တူ၏။ ထိုပုဂ္ဂိုလ်မှာ ပထမဈာန်သုခ၌ သာယာသော ဈာနနိကန္တိတဏှာ ကင်းငြိမ်းခြင်းသည် အလွန်အေးမြ ငြိမ်းချမ်းသော သန္တိဋ္ဌိက နိဗ္ဗာန်၁ ပါးမည်၏။

(ဤကား ဒုတိယဝါရ အဓိပ္ပာယ်တည်း။)

ဤနည်းအတိုင်း နွားနာကြီးဥပမာနှင့်တကွ နေဝသညာနာသညာယတနဈာန်တိုင်အောင် အဆင့်ဆင့်ဆိုလေ၊ နိရောဓသမာပတ်သည်ကား နှိပ်စက်ညှဉ်းပန်းမှုကို ပြုတတ်သောတရား မဟုတ်ပေ၍ ကေဝလ သုခ ဒိဋ္ဌဓမ္မ နိဗ္ဗာန်မည်၏။

**အဓိပ္ပာယ်ချုပ်။** ။ ဤပါဠိတော်ဝယ် အဓိပ္ပာယ်အချုပ်ကား ဆိုခဲ့ပြီးသော ကာမဂုဏ်ချမ်းသာ၊ ပထမဈာန်ချမ်းသာ အစရှိသည်တို့သည် အသီးအသီးသူတို့ကို သာယာသော တဏှာရောဂါရှိခိုက်၌သာ ကေဝလ သုခထင်ရကုန်၏။ အထက်အထက်တရားကို ရောက်လိုသော သူတို့မှာမူကား ဘောက်သောက်တရား ဖြစ်ပေါ်၍ နေသည်ရှိသော် ကေဝလ ဒုက္ခဖြစ်၏။ ဘောက်သောက်တရား၏ ကင်းပြတ်ချုပ်ငြိမ်းခြင်းသည်သာလျှင် ကေဝလ သုခဖြစ်၏။

http://www.dhammadownload.com



ဘောက်သောက်တရား၏ ချုပ်ငြိမ်းခြင်းမည်သည်လည်း ထိုတရားတည်း ဟူသော ခံစားဖွယ်၊ စံစားဖွယ်၏ ကင်းရှင်းခြင်း၊ ထိုတရားကို ခံစား၊ စံစားသော ပီတိသောမနဿ သုခဝေဒနာတို့၏ ကင်းရှင်းခြင်းပင် ဖြစ်ခဲ့၍ ခံစားဖွယ်၊ စံစားဖွယ် ချုပ်ကွယ်ကင်းငြိမ်းမှုဟူသော သန္တိသဘောမျိုးသည်လည်း ကေန်ချမ်းသာသော သဘောမျိုး ဖြစ်ပေ သတည်း ဟု သိသာထင်ရှားလေသောကြောင့် ခံစား၊ စံစားမှု မရှိသော နိဗ္ဗာန်၏လည်း ကေဋ္ဌ သုခမျိုးမှန်ကြောင်းကို ယုံကြည်လေးမြတ် မှတ်သားအပ်သည်- ငါ့ရှင် မဟာ ကောဋ္ဌိက ဟူလိုသည်။

(ဤကား နဝက အင်္ဂုတ္တိုရ်လာ အဓိပ္ပာယ်တည်း။)

**ဝေဒနာသံယုတ်လာအဓိပ္ပာယ်**။ ။ ဝေဒနာသံယုတ်ပါဠိတော်၌ ရဟန်းတစ်ပါး သည် အကြံဖြစ်၏။ မြတ်စွာဘုရားသည် သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ အဒုက္ခမသုခဝေဒနာ ဟူ၍ ဝေဒနာ ၃ ပါးကိုလည်း ဟောတော်မူသည်။

ယံကိဉ္စိ ဝေဒယိတံ၊ သဗ္ဗံ တံ ဒုက္ခသ္မိံ။

ဟူ၍လည်း ဟောတော်မူသည်။

ယံကိဉ္စိ၊ အလုံးစုံသော။ ဝေဒယိတံ၊ ခံစားခြင်း၊ စံစားခြင်းအမှုသည်။ အတ္ထိ၊ ရှိ၏။ သဗ္ဗံ၊ အလုံးစုံသော။ တံ၊ ထိုခံစားခြင်း၊ စံစားခြင်း ဟူသမျှသည်။ ဒုက္ခသ္မိံ၊ ဒုက္ခချည်းသာတည်း။ ။ (ဤကား အနက်။)

အဘယ်ကို ရည်၍ ဤ "ယံကိဉ္စိ ဝေဒယိတံ၊ သဗ္ဗံ တံ ဒုက္ခသ္မိံ"ဟူသော စကားကို ဟောတော်မူလေသနည်း ဟု အကြံဖြစ်၏။ ။ မြတ်စွာဘုရားကို လျှောက် ထားလေရာ-

သာဓု သာဓု ဘိက္ခု တိသော ဣမာ ဘိက္ခဝေ ဝေဒနာ ဝုတ္တာ မယာ သုခါ ဝေဒနာ၊ ဒုက္ခာ ဝေဒနာ၊ အဒုက္ခမသုခါ ဝေဒနာ၊ ဣမာ တိသော ဝေဒနာ ဝုတ္တာ မယာ၊ ဝုတ္တံ ခေါ ပနေ တံ ဘိက္ခု မယာ ယံ ကိဉ္စိ ဝေဒယိတံ၊ သဗ္ဗံ တံ ဒုက္ခသ္မိန္တိ။

တံ ခေါပနေတံ ဘိက္ခုမယာ သင်္ခါရာနံယေဝ အနိစ္စတံ သန္ဓာယ ဘာသိတံ ယံကိဉ္စိ ဝေဒယိတံ၊ သဗ္ဗံ တံ ဒုက္ခသ္မိန္တိ။

တံ ခေါ ပနေတံ ဘိက္ခု မယာ သင်္ခါရာနံ ခယဓမ္မတံ၊ ဝယဓမ္မတံ၊ ဝိရာဂဓမ္မတံ၊ နိရောဓဓမ္မတံ၊ ဝိပရိဏာမဓမ္မတံ သန္ဓာယ ဘာသိတံ ယံကိဉ္စိ ဝေဒယိတံ၊ သဗ္ဗံ တံ ဒုက္ခသ္မိန္တိ။

ဟူ၍ ဟောတော်မူသည်။

**အဓိပ္ပာယ်ကား**။ ။ ချစ်သားရဟန်း...ကောင်းစွ၊ ကောင်းစွ၊ ငါဘုရားသည် ဝေဒနာ ၃ ပါးကို ဟောသည်လည်းမှန်၏။ "ယံကိဉ္စိ ဝေဒယိတံ၊ သဗ္ဗံ တံ ဒုက္ခသ္မိံ"

http://www.dhammadownload.com



ဟူသော စကားကို ဟောသည်လည်း မှန်၏။ ထို(၂)ပါးတို့တွင် ဝေဒနာကို (၃)ပါး ဟူ၍ ဟောသည်မှာ ခံစားခြင်း အနုဘဝန အပြားမျှကို ရည်၍ ငါဟောသည်။ အလုံးစုံသော ခံစားခြင်း၊ စံစားခြင်းဟူသမျှသည် ဒုက္ခချည်း ဟူ၍ ဟောသည်မှာ သင်္ခါရတရားတို့ ၏ အနိစ္စသဘော၊ ခယသဘော၊ ဝယ သဘော၊ ဝိရာဂသဘော၊ နိရောဓသဘော၊ ဝိပရိဏာမ သဘောကို ရည်၍ ငါဟောသည် ဟူလိုသတည်း။

**လိုရင်းအချုပ်။** ။ လိုရင်းအချုပ်ကား သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာ ဝေဒနာဟူရာ၌ ဒုက္ခချည်း မဟောမူ၍ သုခ၊ ဥပေက္ခာ ပါရှိသည်မှာ ခံစားမှု အထူးအပြားကို ရည်၍ ဟောတော်မူသည်။ ။ "ယံကိဉ္စိ ဝေဒယိတံ၊ သဗ္ဗံ တံ ဒုက္ခသ္မိံ" ဟူ၍ သုခ၊ ဥပေက္ခာ တို့ကိုလည်း ဒုက္ခ–ဟု ဟောတော်မူသည်မှာ ထိုသုခ၊ ဥပေက္ခာ တို့သည် သင်္ခါရဓမ္မမျိုးဖြစ်ကြကုန်၍ အနိစ္စသဘောရှိကြကုန်၏။ အနိစ္စသဘော ဟူသည်လည်း သုခမဟုတ်၊ ဒုက္ခဖြစ်ခဲ့၏။ ဤသို့သော ဒုက္ခသဘောကို ရည်၍ ခံစားမှု၊ စံစားမှု ဟူသည် သုခဟူ၍ တစ်စုံတစ်ခုမျှ မရှိ၊ ဒုက္ခချည်းသာ ဖြစ်သည်ဟု ဟောတော်မူလေသည်။

မှချကေန် တကယ်အမှန်ကို ပြဆိုတော်မူသော သစ္စာ(၄)ပါးအရာ၌ကား သုခ ဝေဒနာ၊ ဥပေက္ခာဝေဒနာ ဟူ၍ မရှိ ဝေဒနာ ဟူသမျှသည် ဒုက္ခသာအမှန်စင်စစ် ဖြစ် သတည်း။ ဒုက္ခသစ္စာ အမှန်အစစ် ကေန်ဖြစ်သော ခံစားမှု၊ စံစားမှုဟူသော ဝေဒယိတသဘော ဝေဒနာသဘော ဟူ၍ အမြွက်လေသံမျှ မရှိသောအတွက်ကြောင့် အသင်္ခတ မဟာနိဗ္ဗာန် ကြီးကို "ပရမသုခ"ဟူ၍ ဆိုရသည်။ ချမ်းသာသော ခံစားမှု၊ စံစားမှု ဟူသော ဝေဒယိတသဘောရှိခဲ့သည် ဖြစ်အံ့၊ ထိုအသင်္ခတမဟာနိဗ္ဗာန်ကြီးသည် ပရမသုခမျိုး မဟုတ်၊ ဒုက္ခမျိုးသာ ဖြစ်လတ္တံ့။

နိဗ္ဗာန်စကားကို ပြောဆိုကြရာ၌ ခံစား၊ စံစား ဟူသော အသံကို ထည့်၍ ပြောဆိုကြသောသူတို့သည် နိဗ္ဗာန်ကို ကဲ့ရဲ့ရှုံ့ချသည် မည်ကုန်၏။ နိဗ္ဗာန်ဟူသည် သုခမဟုတ်၊ ဒုက္ခသာ အမှန်ဖြစ်၏ဟု ဆိုရာရောက်ကြလေကုန်၏။ အရှင် သာရိပုတ္တရာ ဟောတော်မူသော ဒေသနာစုနှင့်တကွ ဤ "ယံကိဉ္စိ ဝေဒယိတံ၊ သဗ္ဗံ တံ ဒုက္ခသ္မိံ" ဟူ၍ ဟောတော်မူသော ဒေသနာတော်ကို မြင်ကြသဖြင့် ပထမကဏ္ဍာ၌ ပြဆိုခဲ့သော ဝေဒယိတသုခ၊ သန္တိသုခ ၂မျိုးတွင် ဝေဒယိတသုခမျိုး ဟူသမျှသည် ကေန်စင်စစ် အားဖြင့် သုခပင်မဟုတ်၊ ဒုက္ခချည်းသာ ဖြစ်သတည်း။ သန္တိသုခမျိုးသာလျှင် ကေန်စင်စစ် အားဖြင့် သုခမျိုးအမှန်ဖြစ်သတည်းဟု ယုံကြည်လေးမြတ် မှတ်သားအပ်၏။

**(ဤကား ဝေဒနာသံယုတ်လာ အဓိပ္ပာယ်တည်း။)**

**ဤတွင် ရွှေကား နိဗ္ဗာန်၏ ချမ်းသာပုံ ပြီး၏။**

http://www.dhammadownload.com



# ပရမသုခသဘော

**ဘာဝနာ၄၀။** ။ ယခုအခါ ခံစား၊ စံစားမှု မရှိသော နိဗ္ဗာန်၏ ပရမသုခသဘော ထင်ရှားစေခြင်းငှာ ဘာဝနာ (၄၀) ၏ အနက်အဓိပ္ပာယ်ကို အမြွက်မျှ ပြဆိုလိုက်အံ့။

ပဉ္စက္ခန္ဓာ အနိစ္စာ ဒုက္ခာ ရောဂါ ဂဏ္ဍာ သလ္လာ အဃာ အာဗာဓာပရေ ပလောကာ ဣတိ။ ။ (၁၀)

ဥပဒ္ဒဝါ ဘယာ ဥပသဂ္ဂါ စလာ ပဘင်္ဂ အဒုဝါ အတာဏာ အလေဏာ အသရဏာ ရိတ္တာ။ ။ (၂၀)

တုစ္ဆာ သုညာ အနတ္တာ အာဒီနဝါ ဝိပရိဏာမဓမ္မာ အသာရကာ အဃမူလာ ဝဓကာ ဝိဘဝါ သာသဝါ။ ။ (၃၀)

သင်္ခတာ မာရာမိသာ ဇာတိဓမ္မာ ဇရာဓမ္မာ ဗျာဓိဓမ္မာ မရဏဓမ္မာ သောကဓမ္မာ ပရိဒေဝဓမ္မာ ဥပါယာသဓမ္မာ သံကိလေသိကဓမ္မာ။ ။ (၄၀)

ပဉ္စက္ခန္ဓာ၊ ခန္ဓာ ၅ ပါးတို့သည်။ အနိစ္စာ၊ အနိစ္စတရားတို့သာတည်း။ ဒုက္ခာ၊ ဒုက္ခတရားတို့သာတည်း။ ရောဂါ၊ ရောဂါတို့သာတည်း။ ဂဏ္ဍာ၊ အိုင်းအနာတို့သာ တည်း။ သလ္လာ၊ ငြောင့်တို့သာတည်း။ အဃာ၊ အကျိုးမဲ့တို့သာတည်း။ အာဗာဓာ၊ အနာတို့သာတည်း။ ပရေ၊ အစိမ်းပြင်ပတို့သာတည်း။ ပလောကာ၊ ဖရိဖရဲ ပြိုကွဲပျက်ပြား မျိုးတို့သာတည်း။ ဣတိ၊ ဘေးရန်တို့သာတည်း။ ။ (၁၀)

ဥပဒ္ဒဝါ၊ အပြင်းအထန် နှိပ်စက်တတ်သော ဥပဒ္ဒဝေါတို့သာတည်း။ ဘယာ၊ ကြောက်လန့်ဖွယ်သော ဘေးတို့သာတည်း။ ဥပသဂ္ဂါ၊ တွယ်တာကပ်ငြိတတ်သော အန္တရာယ်တို့သာတည်း။ စလာ၊ လှုပ်ရှားတတ်သော တရားတို့သာတည်း။ ပဘင်္ဂု၊ ပျက်စီးခြင်း အလေ့ရှိသော တရားတို့သာတည်း။ အဒုဝါ၊ မခိုင်မမြဲသော တရားတို့သာ တည်း။ အတာဏာ၊ ခိုကိုးရာ မဟုတ်သော တရားတို့သာတည်း။ အလေဏာ၊ ပုန်းအောင်းရာ မဟုတ်သော တရားတို့သာတည်း။ အသရဏာ၊ ကိုးကွယ်ရာမဟုတ်သော တရားတို့သာတည်း။ ရိတ္တာ၊ အနှစ်သာရမှ ဆိတ်သောတရားတို့တည်း။ ။ (၂၀)

တုစ္ဆာ၊ အချည်းနှီးသာတည်း။ သုညာ၊ အသုဉ်းအသွန်၊ အခွံ၊ အကာတို့သာတည်း။ အနတ္တာ၊ ငါ၏ကိုယ် ဟု အတွင်းမပြုထိုက်သော တရားတို့သာတည်း။ အာဒီနဝါ၊ ကိုးကွယ်ရာမရှိသော တရားတို့သာတည်း။ ဝိပရိဏာမဓမ္မာ၊ ဖောက်လဲဖောက်ပြန် ဖြစ်ခြင်း သဘောရှိသော တရားတို့သာတည်း။ အသာရကာ၊ အနှစ်မရှိသော တရားတို့သာ တည်း။ အဃမူလာ၊ မကောင်းမှုဖြစ်ပွားရန် အကြောင်းရင်းတို့သာတည်း။ ဝဓကာ၊ သူသတ်ယောက်ျား အာဏာသားတို့သာတည်း။ ဝိဘဝါ၊ ပျက်ပြုန်းဆုံးပါးတတ်သော

http://www.dhammadownload.com



တရားတို့သာတည်း။ အာသဝ၊ အာသဝတရား (၄)ပါးနှင့်တကွ ဖြစ်သော တရားတို့သာတည်း။

သစ်တာ၊ ပြုစုပျိုးထောင်မှ ဖြစ်နိုင်တည်နိုင်သော တရားတို့သာတည်း။ မာရာ မိသာ၊ သူသတ်ယောက်ျား မာရ် (၅)ပါးတို့၏ စားဖတ်၊ ဝါးဖတ် သုံးသပ်နင်းနယ်ရာ တို့သာတည်း။ ဇာတိဓမ္မာ၊ ခဏချင်းမှာပင် အကောင်းအဆိုး အမျိုးမျိုးဖြစ်ပေါ်ခြင်း သဘောရှိသော တရားတို့သာတည်း။ ဇရာဓမ္မာ၊ ဟောင်းနွမ်းရင့်ဆွေးခြင်းသဘောရှိသော တရားတို့သာတည်း။ ဗျာဓိဓမ္မာ၊ ဖျားခြင်း နာခြင်းသဘောရှိသော တရားတို့သာတည်း။ မရဏဓမ္မာ၊ သေဆုံးခြင်းသဘောရှိသော တရားတို့သာတည်း။ သောကဓမ္မာ၊ စိုးရိမ်ပူဆွေးမှုကို ဖြစ်စေခြင်း သဘောရှိသော တရားတို့သာတည်း။ ပရိဒေဝဓမ္မာ၊ ငိုကြွေးခြင်းဒုက္ခကို ဖြစ်စေခြင်းသဘောရှိသော တရားတို့သာတည်း။ ဥပါယာသဓမ္မာ၊ သက်ကြီးရှူရှိုက် အလှိုက်အလှဲ ပင်ပန်းခြင်းဒုက္ခကိုဖြစ်စေခြင်းသဘောရှိသော တရားတို့သာတည်း။ သံကိလေ သိကဓမ္မာ၊ ညစ်နွမ်းသော အကုသိုလ်တရားတို့ကို ဖြစ်ပွားစေခြင်း သဘောရှိသော တရားတို့ သာတည်း။ ။ (၄၀) (ဤကား အနက်။)

**ခန္ဓာ၅ပါး။** ။ ပဥ္စက္ခန္ဓာ ဟူသော ပါဠိ၌ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ် ဤ (၅)ပါးသည် ပဥ္စက္ခန္ဓာ မည်၏။ ။ ထိုတွင်–

၁။ ရုပ်ဆိုသည်ကား...အဝိစိငရဲမှ စ၍ အကနိဋ္ဌ ဗြဟ္မာ့ဘုံတိုင်အောင် ဤအတွင်းဝယ် ကြီးကြီး ငယ်ငယ် ကိုယ်ထည်သဏ္ဍာန်ဖြစ်၍ နေကုန်သော မြေ၊ ရေ၊ လေ၊ မီး ဓာတ်ကြီး (၄)ခု၊ စက္ခု၊ သောတ၊ ဃာန၊ ဇိဝှာ၊ ကာယ၊ ရူပ၊ သဒ္ဒ၊ ဂန္ဓ၊ ရသ၊ အစရှိသော ရုပ်ငယ်၊ ရုပ်သေးတို့ကို ရူပက္ခန္ဓာ ဆိုသည်။

၂။ ဝေဒနာဆိုသည်ကား...အကောင်း၊ အဆိုး အမျိုးမျိုးသော ခံစားမှု၊ စံစားမှုကို ဆိုသည်။

၃။ သညာဆိုသည်ကား...မွေးဖွားစ ကာလမှစ၍ ဤကား အမိ၊ ဤကား အဘ အစရှိသည်ဖြင့် အမှတ်သညာထားမှုကို ဆိုသည်။

၄။ သင်္ခါရဆိုသည်ကား ...ကြံစည်မှု၊ ပြောဆိုမှု၊ လုပ်ဆောင်မှုအလုံးစုံကို ဆိုသည်။

၅။ ဝိညာဉ်ဆိုသည်ကား...စိတ်ကိုဆိုသည်။

(ဤကား ခန္ဓာ (၅) ပါး အကြမ်းအားဖြင့် ပိုင်းခြားချက်တည်း။)

(နောက် ခန္ဓာ (၄)ပါးတို့မှာ အဝိစိငရဲမှစ၍ နေဝသညာနာသညာဘုံတိုင်အောင် ယူလေ။)

http://www.dhammadownload.com



**အနိစ္စအတွက် ကြောက်မက်ဖွယ်။** ။ ထိုခန္ဓာ (၅) ပါးတို့သည် သေဆုံးခြင်းဟူသော အနိစ္စဘေး၊ ထက်ကြပ်မကွာ အပြီးပါ၍ နေကုန်သောကြောင့် လူ့ခန္ဓာစုလည်း အနိစ္စသာတည်း။ နတ်ခန္ဓာစုလည်း အနိစ္စသာတည်း။ ဗြဟ္မာ့ခန္ဓာစုလည်း အနိစ္စသာ တည်း။ လူဖြစ်လျှင်လည်း တစ်ခဏသာ၊ နတ်ဖြစ်လျှင်လည်း တစ်ခဏသာ၊ ဗြဟ္မာ ဖြစ်လျှင်လည်း တစ်ခဏသာ၊ သံသရာရှည်လျားပုံနှင့် နှိုင်းယှဉ်သည်ရှိသော် ကမ္ဘာ ၈သောင်း ၄ထောင် အသက်ရှည်သော နေဝသညာနာသညာယတနဘုံရှိ ခန္ဓာစု သည်လည်း တစ်ခဏမျှသာတည်း။

လူ့ဘဝမှာတစ်လှည့်၊ အပါယ်မှာ ဘဝအရာ၊ အထောင်၊ နတ်ဘဝမှာတစ်လှည့်၊ အပါယ်မှာ ဘဝအသောင်း အသိန်း၊ ဗြဟ္မာ့ပြည်မှာ တစ်လှည့်၊ အပါယ်မှာ ဘဝအသိန်း အသန်း၊ အမြဲမဟုတ်သည့်အတွက်ကြောင့် ကြောက်မက်ဖွယ် တရကြမ်း အထက် အောက် လွင့်ပါး၍ နေကြရပုံတည်း။ အမြဲမဟုတ်သည့်အတွက်ကြောင့် လူဖြစ်၍ နေသော်လည်း အပါယ်ငရဲသို့ ရှေးရှုလျက်ပင်၊ နတ်ဖြစ်၍နေသော်လည်း အပါယ်ငရဲ ရှေးရှုလျက်ပင်၊ ရူပဗြဟ္မာ၊ အရူပဗြဟ္မာဖြစ်၍နေသော်လည်း အပါယ်ငရဲကို ရှေးရှုလျက် ပင်၊ လူဖြစ်၍ နေသော်လည်း အပါယ်ငရဲကို ကြောက်ရလျက်ပင်၊ ဗြဟ္မာဖြစ်၍ နေသော်လည်း အပါယ်ငရဲဘေးကို ကြောက်ရလျက်ပင်။

**(ဤကား အနိစ္စအတွက်ကြောင့် ဖြစ်ရသော ကြောက်မက်ဖွယ်မှုကြီးပေတည်း။)**

ဤသို့သော အနိစ္စဘေးကြီးကို ဆင်ခြင်နိုင်ကြပါလျှင် လူ့ခန္ဓာ၊ လူ့ဘဝ၊ နတ်ခန္ဓာ၊ နတ်ဘဝ၊ ဗြဟ္မာ့ခန္ဓာ၊ ဗြဟ္မာ့ဘဝတို့၌ ခံစား စံစားရသော ဝေဒယိတ သုခမျိုးစုံသည် ကြောက်ဖွယ်၊ လန့်ဖွယ်၊ ငြီးငွေ့ဖွယ်သော ဒုက္ခမျိုး အစစ်အမှန် ဖြစ်ကြောင်းကို သိမြင်နိုင်ကြရာသည်။

လူ့ဘဝကို သာယာသောတဏှာနှင့် လူ့ခန္ဓာမျိုး အဖြစ်ငြိမ်းမှ အပါယ်ငရဲဘေး ငြိမ်း၏။ နတ်ဘဝကို သာယာသောတဏှာနှင့် နတ်ခန္ဓာမျိုးအဖြစ်ငြိမ်းမှ အပါယ်ငရဲ ငြိမ်းသည်။ သက္ကာယဒိဋ္ဌိနှင့် ဗြဟ္မာ့ခန္ဓာမျိုးအဖြစ်ငြိမ်းမှ အပါယ်ငရဲဘေး ငြိမ်းသည်။

ထို့ကြောင့် ထိုတဏှာ၊ ဒိဋ္ဌိတို့နှင့်တကွ လူ့ခန္ဓာ (၅) ပါး၊ နတ်ခန္ဓာ (၅) ပါး၊ ဗြဟ္မာ့ ခန္ဓာ (၅) ပါး၊ (၄) ပါး၊ (၁) ပါး အကုန်လုံး အဖြစ်ငြိမ်းမှု၊ ဇာတ်သိမ်းမှုဟူသော မဟာအသင်္ခတဓာတ် နိဗ္ဗာန်ကြီးသည် အလွန်တရာ ကြီးမြတ်လှစွာသော "ပရမသုခကြီး" ဖြစ်ပေသည်ဟု ထင်နိုင်ရာသည်။ အဝီစိ ငရဲဘေးကြီးကို ကြောက်သောသူသည်

http://www.dhammadownload.com



အဝိစိငရဲဘေးကြီးမှ လွတ်ကင်းရန် ထိုအဖြစ်ငြိမ်းမှု ဓာတ်သိမ်းမှု တစ်ခုသည်သာ ကိုးကွယ်ရာ ရှိတော့သည်။

**ငရဲ၏အပင်းအသင်း။** ။ ထိုလူ့ခန္ဓာ၊ လူ့ချမ်းသာ၊ နတ်ခန္ဓာ၊ နတ်ချမ်းသာ၊ ဗြဟ္မာ့ခန္ဓာ ဗြဟ္မာ့ချမ်းသာစသည်ကား အဝိစိငရဲကြီး၏ အပင်းအသင်းတစ်ခုသာလျှင် တည်း။

**ဖြစ်ပုံကား။** ။ ၁။ လူဖြစ်သောသူသည် မိမိကိုယ်ခန္ဓာ ဖြစ်၍နေသော စက္ခုကို ငါ၏စက္ခုဟူ၍လည်းကောင်း၊ စက္ခုသည်ပင် ငါ ဟူ၍လည်းကောင်း၊ ငါမြင်သည်ဟူ၍ လည်းကောင်း၊ တဏှာ၊ ဒိဋ္ဌိနှင့်သာယာခဲ့အံ့၊ ထိုသာယာမှုထဲမှာ အဝိစိငရဲအတွင်းသို့ ဝင်လေ၏။

၂။ ထို့အတူငါ၏သောတ ဟူ၍လည်းကောင်း၊ ငါကြားသည်ဟူ၍လည်းကောင်း။

၃။ ငါ၏ဃာနဟူ၍လည်းကောင်း၊ ငါနံသည်ဟူ၍လည်းကောင်း။

၄။ ငါ၏ဇိဝှါဟူ၍လည်းကောင်း၊ ချိုသည်၊ ချဉ်သည်ကို ငါသိသည်ဟူ၍လည်းကောင်း။

၅။ ငါ၏ကိုယ်၊ ငါ၏အင်္ဂါဟူ၍လည်းကောင်း၊ အပူ၊အချမ်း၊ အကြမ်းအနု စသည် ကို တွေ့ထိ၍ သိသောအခါ ငါသိသည် ဟူ၍လည်းကောင်း။

ဤသို့ အစရှိသည်ဖြင့် ရူပက္ခန္ဓာကို တဏှာ၊ ဒိဋ္ဌိနှင့်သာယာခဲ့အံ့၊ ထိုသာယာမှု ထဲမှာ ငရဲဘေးအပြီး ပါဝင်လေ၏။ အဘယ့်ကြောင့်နည်းဟူမူ- မိမိကိုယ်ခန္ဓာကို သာယာသော တဏှာ၊ ဒိဋ္ဌိရှိနေခဲ့လျှင် အပါယ်ဘေးမှ မလွတ်ရသောကြောင့်တည်း။

ဝေဒနာက္ခန္ဓာမှာ မျက်စိအာရုံကို ခံစားမှု၌ ကောင်းသည် မကောင်းသည်ဟု ရှိကြရာ၌ ငါကောင်းသည်၊ ငါဝမ်းမြောက်သည် ဟု သာယာမှုကား စက္ခုသမ္ဖဿဇာဝေဒနာ ကို သာယာစွဲလမ်းမှုတည်း။ ထိုသာယာစွဲလမ်းမှုထဲမှာ ငရဲဘေးကြီးအပြီး ပါဝင်လေ ၏။ ။ **(နားအာရုံ စသည်တို့၌လည်း ဤနည်းတူသိလေ။)**

သညာက္ခန္ဓာမှာ ဘယ်သင်း၊ ဘယ်ဟာကို ငါသိ၏။ ငါမှတ်မိ၏။ ငါမမေ့ဟု သာယာစွဲလမ်းမှုသည် သညာက္ခန္ဓာ၌ သာယာစွဲလမ်းမှုတည်း။ သင်္ခါရက္ခန္ဓာကား အလွန်များပြား၏။ ထင်ရှားရာမျှကို ဆိုပေအံ့။

၁။ ငါ့စိတ်မှာတွေ့သည်။ ။ (ဖဿ၌သာယာမှု)

၂။ ငါစေ့ဆော်သည် ငါစေတနာရှိသည်၊ ငါစေတနာမရှိ။ ။ (စေတနာ၌သာယာမှု)

၃။ ငါ့စိတ်ငြိမ်သက်သည်။ ။ (ဧကဂ္ဂတာ၌သာယာမှု)

၄။ ငါနှလုံးသွင်းသည်။ ။ (မနသိကာရ၌ သာယာမှု)

၅။ ငါကြံဖန်သည်၊ ငါဝိတက်များသည်။ ။ (ဝိတက်၌သာယာမှု)

၆။ မည်သည့်အာရုံ၌ ငါ၏စိတ် တရစ်ဝဲဝဲနေသည်။ ။ (ဝိစာရ၌ သာယာမှု)

http://www.dhammadownload.com



၇။ ငါနှစ်သက်သည်၊ ငါအားရသည်။ ။ (ပီတိဒ္ဓိသာယာမှု)

၈။ ငါအားထုတ်သည်၊ ငါကြောင့်ကြစိုက်သည်။ ။ (ဝီရိယဒ္ဓိသာယာမှု)

၉။ ဘယ်သင်း၊ ဘယ်ဟာကို ငါအလိုရှိသည်၊ ငါပြုလိုသည်၊ ငါပြောလိုဆိုလိုသည်။ ငါမြင်လိုသည်၊ ငါကြားလိုသည်၊ ငါသွားလိုသည် စသည်ကား။ ။(ဆန္ဒဒ္ဓိသာယာမှု)

၁၀။ ငါလိုချင်သည်၊ ငါခင်မင်သည်၊ ငါတောင့်တသည်၊ စသည်ကား။ ။ (လောဘဒ္ဓိ သာယာမှု)

၁၁။ ငါစိတ်ဆိုးသည်။ ။ (ဒေါသဒ္ဓိသာယာမှု)

၁၂။ ငါမသိနိုင်၊ ငါမထင်နိုင် မမြင်နိုင်သည်။ ။ (မောဟဒ္ဓိသာယာမှု)

၁၃။ ငါကြည်ညိုသည်။ ။ (သဒ္ဓါဒ္ဓိသာယာမှု)

၁၄။ ငါအောက်မေ့သည်။ ။ (သတိဒ္ဓိသာယာမှု)

၁၅။ မကောင်းမှုဌ ငါရှက်သည်၊ ငါစက်ဆုပ်သည်၊ ငါရွံ့သည်။ ။ (ဟိရိဒ္ဓိသာယာမှု)

၁၆။ ငါကြောက်သည်၊ ငါထိတ်လန့်သည်။ ။ (ဩတ္တပ္ပဒ္ဓိသာယာမှု)

၁၇။ ငါလှူသည်၊ ငါပေးကမ်းစွန့်ကြဲသည်။ ။ (ဒါနဒ္ဓိစွဲလမ်းမှု)

၁၈။ ငါစောင့်ထိန်းသည်၊ ငါစောင့်စည်းသည်။ ။ (သီလဒ္ဓိစွဲလမ်းမှု)

၁၉။ ငါသိသည်၊ ငါတတ်သည်၊ ငါလိမ္မာသည်၊ ငါမြော်မြင်နိုင်သည်။ ။ (ပညာဒ္ဓိစွဲလမ်းမှု)။ ။ ဤစွဲလမ်းမှုအလုံးစုံသည် အပါယ်ဘေးငရဲဘေး အပြီးပါဝင်လေ၏။

ဝိညာဏက္ခန္ဓာမှာ (ငါကြံသည် ငါသိသည် ငါ၏စိတ် ငါ့မနောဟု စွဲလမ်းသည်။) ။ ။ ဤစွဲလမ်းမှု အလုံးစုံသည် အပါယ်ဘေးအတွင်း ဝင်လျက် ပါလေသည်ချည်း။

နတ်ဖြစ်သောသူတို့ မိမိကိုယ်ခန္ဓာကို တဏှာ၊ ဒိဋ္ဌိဖြင့် စွဲလမ်းမှု၊ ဗြဟ္မာဖြစ်သောသူတို့ မိမိကိုယ်ခန္ဓာကို တဏှာ၊ ဒိဋ္ဌိဖြင့် စွဲလမ်းမှုတို့ဌလည်း အပါယ်ဘေး သံသရာဘေး အပြီးပါဝင်မှုကို သိလေ။

(ဤကား လူ့ခန္ဓာ လူ့ချမ်းသာ၊ နတ်ခန္ဓာ နတ်ချမ်းသာ၊ ဗြဟ္မာခန္ဓာ ဗြဟ္မာချမ်းသာစသည် ငရဲ၏အပင်းအသင်းသာ ဖြစ်သည်ဟူသော စကားဌ အကျယ်ယုတ္တိတည်း။)

ဤသို့လျှင် အပါယ်ဘေး၊ သံသရာဘေးကို ကြောက်သောသူသည် လူအဖြစ်၊ နတ်အဖြစ်၊ ဗြဟ္မာအဖြစ်ထဲမှာ ကိုးကွယ်ရာကို ရှာ၍၊ ထို လူ့ခန္ဓာ၊ နတ်ခန္ဓာ၊ ဗြဟ္မာ့ခန္ဓာတို့ အကုန်အဖြစ်ငြိမ်းမှု၊ ဓာတ်သိမ်းမှု တစ်ခုသည်သာလျှင် ကိုးကွယ်ရာအစစ် ဖြစ်လေသတည်း။

**(ဤကား စံစား၊ စံစားမှု၊ သုခ၊ သောမနဿ ဝေဒနာမရှိသော သန္တိသုခမျိုးသည်သာ ကေဝလ သုခမျိုးမှန်ကြောင်းကို အနိစ္စပုဒ်နှင့် စပ်၍ ပြဆိုသော အခန်းတည်း။)**

http://www.dhammadownload.com



"ပဥ္စက္ခန္ဓာဒုက္ခာ"ပုဒ်၌ နှိပ်စက်ခြင်း၊ ညှဉ်းပန်းခြင်းအမှုကို ဒုက္ခကို ဆိုသည်။ ထိုခန္ဓာ ၅ ပါးသည် သတ္တဝါကို ဒုက္ခ ဒုက္ခဒဏ်ချက်နှင့် နှိပ်စက်ညှဉ်းပန်း၏။ သင်္ခါရဒုက္ခ ဒဏ်ချက်နှင့် နှိပ်စက်ညှဉ်းပန်း၏။ ဝိပရိဏာမအတွက်နှင့် နှိပ်စက်ညှဉ်းပန်း၏။

**ဥပမာ။** ။ ဥပမာကား ယခုနှစ် စပါး အသီးအဆန်၊ ပြောင်းအသီးအဆန်၊ ပဲအသီးအဆန်၊ နှမ်းအသီးအဆန်တို့ကို ရလိုသောသူသည် ယမန်နှစ်ကပင် မျိုးထားမှု နှင့် စပ်သော လုပ်မှု၊ ဆောင်မှုတွေကို များစွာ ဒုက္ခစိုက်ရ၏။

နောက်နှစ်၌ ထွန်ရန်၊ ယက်ရန်၊ ကျွဲ၊ နွားနှင့်စပ်သော ဒုက္ခမှု၊ မိုးကျသောအခါ လယ်ယာလုပ်ခင်း ရှင်းလင်းသုတ်သင်မှု၊ ထွန်မှု၊ ယက်မှု၊ စိုက်မှု၊ ကြဲမှုနှင့်စပ်သော ဒုက္ခစု၊ စောင့်ရှောက်ခြင်းနှင့်စပ်သော ဒုက္ခစု၊ မိုးရေချောမော၍ အသီးအနှံမှည့်သော အခါ ရိတ်မှု၊ ကောက်မှုနှင့် စပ်သော ဒုက္ခမှုစု၊ နယ်မှု၊ နင်းမှု၊ လှေ့မှု တိုက်သွင်း ကျီတွင်းသွင်းမှုနှင့် စပ်သော ဒုက္ခမှုစုကို များစွာဒုက္ခစိုက်ရ၏။

ယမန်နှစ်က မျိုးထားမှုနှင့်စပ်သော ဒုက္ခမှုတို့မှစ၍ တိုက်တွင်း၊ ကျီတွင်းသို့ သွင်းထားမှုနှင့်စပ်သော ဒုက္ခမှုတို့တိုင်အောင် အလုံးစုံသော ဒုက္ခစိုက်ရမှုသည် တိုက်တွင်း ကျီတွင်းသို့ ရောက်ပြီးသော စပါး၊ ပြောင်း၊ ပဲ၊ နှမ်းတို့၏ သင်္ခါရမှုတို့ချည်းပင်တည်း။

တစ်ဖန် တိုက်ထဲ၊ ကျီထဲမှ ထုတ်၍ နေလှန်းမှု၊ ထောင်းမှု၊ ဖွပ်မှု၊ ချက်ရေး ပြုတ်ရေးနှင့် စပ်သော ဒုက္ခမှုစု၊ ခံတွင်းထဲ လည်ချောင်းထဲ ဝမ်းထဲသို့ ရောက်သည့် တိုင်အောင် ဒုက္ခစိုက်ရသော အမှုစုသည်လည်း ထမင်း၏ သင်္ခါရဒုက္ခမှုတို့သာတည်း။

ခံတွင်းသို့ ရောက်သောထမင်းတို့၌ တစ်ခုတစ်ခုသော ထမင်းလုံးသည် မျိုးထား မှုမှစ၍ အထောင်၊ အသောင်းမကသော သင်္ခါရဒုက္ခမှုတို့ကို လုပ်ဆောင်မှုမှ ထမင်းလုံး အဖြစ်သို့ ရောက်သည်။ ထို့ကြောင့် ထိုတစ်ခုတစ်ခုသော ထမင်းလုံးသည် ထမင်းနှင့် မကင်းနိုင်သော သတ္တဝါကို အထောင်၊ အသောင်းမကသော သင်္ခါရဒုက္ခ ဒဏ်ချက်တို့ နှင့် နှိပ်စက်ညှဉ်းပန်းလေ၏။

**(ဤကား ထမင်း၌ သင်္ခါရဒုက္ခတည်း။)**

ယမန်နှစ်၌ ထားသော မျိုးမှစ၍ စပါးသီး စပါးဆန်၊ ပြောင်းသီး ပြောင်းဆန်၊ ပဲသီး ပဲဆန် ဖြစ်လာရန် အလုံးစုံသော ကြိယာစု၊ အဆောက်အဦစုသည် ပျက်ခွင့် ဆိုက်လျှင် ပျက်စီးတတ်သော ကြိယာစု၊ အဆောက်အဦစုချည်းသာတည်း။

ခံတွင်းသို့ မရောက်မီ ရှေးအဖို့၌ ပျက်စီး၍ သွားရန် အချက်စုသည် အထောင်၊ အသောင်းမက များပြား၏။ တစ်ခုခုသော အချက်၌ မီးဘေး၊ ရေဘေး၊ ခိုးသူဘေး စသည်နှင့် တွေ့ကြုံခဲ့၍သော်လည်းကောင်း၊ မိုးရေး လေရေး၊ မချောမွေ့ခဲ့၍သော်

http://www.dhammadownload.com



လည်းကောင်း၊ တစ်ခုခုသော အချက်၌ ပျက်ကွက်၍ သွားသည်ရှိသော် များစွာသော ကာယိကဒုက္ခ၊ စေတသိကဒုက္ခသည် ဖြစ်ရ၏။

**(ဤသည်ကား ထမင်းအတွက်နှင့် ခံရသော ဝိပရိဏာမ ဒုက္ခတွေတည်း။)**

မျိုးစပါးစသည်တို့၏ ပျက်စီးခွင့်ဆိုက်လျှင် ပျက်စီးတတ်သော သဘောကို လည်းကောင်း၊ ပျက်စီးရန် အခွင့်အလမ်းစု၊ ပျက်စီးရန် အချက်စုကိုလည်းကောင်း၊ သိရင်း မြင်ရင်းရှိသောကြောင့် မပျက်မစီးပါစေခြင်း အကျိုးငှာ သိမ်းဆည်းမှုနှင့် စပ်သော ဒုက္ခစိုက်ရမှု၊ စောင့်ရှောက်ထိန်းကျောင်းခြင်းနှင့်စပ်သော ဒုက္ခစိုက်ရမှု၊ ပျက်စီးခွင့်ဆိုက်လာအံ့ထင်၍ ပူပင်ကြောင့်ကြစိုးရိမ်ရသော ဒုက္ခမှု။

**(ဤသည်လည်း ထမင်းအတွက်နှင့် တွေ့ကြုံရသော ဝိပရိဏာမ ဒုက္ခချည်းတည်း။)**

ထိုထမင်းသည် ဝါးလိုက်သည်မှစ၍ မလှမပ ဖောက်ပြန်ပျက်ပြားလေ၏။ ဝမ်းထဲသို့ ရောက်၍ အစာမကြေ ရှိခဲ့လျှင် အနာရောဂါနှင့် စပ်သော ဒုက္ခအမျိုးမျိုးကို ဖြစ်စေ၏။ အစာကြေကျက်ခဲ့လျှင် ကျင်ကြီး၊ ကျင်ငယ်နှင့်စပ်သော ဒုက္ခအမျိုးအမျိုး၊ ချွဲခန်းသလိပ်၊ တံတွေးစသည်နှင့် စပ်သော ဒုက္ခအမျိုးမျိုး။

**(ဤသည်ကား အဆုံးသတ်ဖြစ်သော ထမင်း၏ ဝိပရိဏာမ ဒုက္ခချည်းတည်း။)**

ဒုက္ခ ဒုက္ခသည်မှုကား မျိုးထားမှုမှစ၍ ခံတွင်း၌ ထမင်းလုတ် ရောက်သည် တိုင်အောင် ထိုထမင်း၏ သင်္ခါရဒုက္ခမှုတို့နှင့်လည်းကောင်း ဆိုခဲ့အပ်ပြီးသော ဝိပရိဏာမ ဒုက္ခ (၃)မျိုးတို့နှင့်လည်းကောင်း ရောနှောလျက် ပါလေ၏။

ဤသို့လျှင် ထိုထမင်းနှင့် မကင်းနိုင်သော သတ္တဝါကို ထိုထမင်းသည် ဒုက္ခဒုက္ခ ဒဏ်ချက်နှင့်လည်း နှိပ်စက်ညှဥ်းပန်းလေ၏။ သင်္ခါရဒုက္ခဒဏ်ချက်နှင့်လည်း နှိပ်စက် ညှဥ်းပန်းလေ၏။ ဝိပရိဏာမ ဒုက္ခဒဏ်ချက်နှင့်လည်း နှိပ်စက်ညှဥ်းပန်းလေ၏။ ထမင်းနှင့်မကင်းနိုင်သမျှ ဘဝအဆက်ဆက်၌ ထိုဒုက္ခဒဏ်ချက် (၃)မျိုးအပြီးစွပ်လျက် ပါလေ၏။ ထမင်းမှုကင်းပြတ်သည်နှင့် တစ်ပြိုင်နက် ထိုဒုက္ခဒဏ်ချက် ၃ မျိုး ကျွတ်လွတ် လေ၏။

**(ဤကား ဥပမာတည်း၊ ဥပမာဆိုသော်လည်း ရုပက္ခန္ဓာမှာ အပါအဝင်ပင် ဖြစ်သတည်း။)**

(က) ဥပမေယျမှာ သံသရာ၌ ကျင်လည်သော ပုထုဇဥ်သတ္တဝါနှင့် တောင်သူယောက်ျား။

(ခ) တစ်ခုတစ်ခုသော ဘဝခန္ဓာနှင့် တစ်နှစ်တစ်နှစ် လုပ်စာ စပါး၊ ပြောင်း၊ ပဲ၊ ထမင်း။

http://www.dhammadownload.com



(ဂ) နောက်နောက်ဘ၀၌ အသစ်အသစ်သော ခန္ဓာကို အလိုရှိ၍ ရှေးရှေးသော ဘ၀၌ ဒါန၊ သီလ၊ ဘာ၀နာ ကုသိုလ်မှုမျိုးနှင့် စပ်သော လုပ်ဆောင်မှု၊ ပွားများမှု–ဟူသော သင်္ခါရဒုက္ခမှုမျိုးနှင့် ရှေးရှေးနှစ်က မျိုးထားမှုနှင့်စပ်သော ဒုက္ခမှုမျိုး။

(ဃ) နောက်နောက် ဖြစ်ရာဘ၀၌ အသက်မွေးမှု ဒုက္ခမျိုး။

၁။ အနမတဂ္ဂသံသရာတွင် တစ်ကြိမ်တစ်ကြိမ်သော လူ့ခန္ဓာ လူ့ဘ၀၊ တစ်ကြိမ် တစ်ကြိမ်သော နတ်ခန္ဓာ နတ်ဘ၀၊ တစ်ကြိမ် တစ်ကြိမ်သော ဗြဟ္မာ့ခန္ဓာ ဗြဟ္မာ့ဘ၀နှင့် တစ်နှစ်တစ်ကြိမ်၊ တစ်နှစ်တစ်ကြိမ် ဖြစ်ပွားသော ကောက်ပင်၊ ပြောင်းပင်၊ ပဲပင်တူသည်။

၂။ နောက်နောက်ဘ၀၌ ထိုခန္ဓာအသစ်ကို ရလို၍ ရှေးရှေးဘ၀၌ ဒါနကုသိုလ်ကို အားထုတ်ရမှု ဟူသော သင်္ခါရဒုက္ခ၊ သီလကုသိုလ်ကို အားထုတ်ရမှုဟူသော သင်္ခါရဒုက္ခ၊ ဈာန်သမာပတ်ကို ပွားများအားထုတ်ရမှုဟူသော သင်္ခါရဒုက္ခစုနှင့် ရှေးရှေးနှစ်၌ စပါးမျိုး၊ ပြောင်းမျိုး၊ ပဲမျိုးကို ပြုပြင်ရာမှစ၍ ထွန်မှု၊ ယက်မှု၊ မျိုးကြဲမှု တူသည်။

၃။ နောက်နောက်ဘ၀၌ လူ့ပဋိသန္ဓေ၊ နတ်ပဋိသန္ဓေ၊ ဗြဟ္မာ့ပဋိသန္ဓေဖြစ်ပေါ်သည်နှင့် ကောက်ပင်၊ ပြောင်းပင်၊ ပဲပင်အညှောက်ပေါ်ပေါက်မှု တူသည်။

၄။ နောက်နောက်ဘ၀၌ ပဋိသန္ဓေခန္ဓာ ဖြစ်ပေါ်ပြီးနောက် အသက်တမ်းစေ့နေရရန် အသက်မွေးမှုဟူသော သင်္ခါရဒုက္ခကြီးနှင့် ကောက်ခင်း၊ ပြောင်းခင်း၊ ပဲခင်းမှာ ရေဥတုအပြတ်အလပ် မရှိရအောင် ကြောင့်ကြစိုက်မှု တူသည်။

၅။ ပဝတ္တိအခါ၌ ရရှိသော စည်းစိမ်စုနှင့် ကောက်၊ ပြောင်း၊ ပဲ အသီးအနှံတူသည်။

၆။ ထိုဘ၀၌ ခံစား၊ စံစားရသော ပီတိ သောမနဿ သုခဝေဒနာစုနှင့် ထမင်းအိုးဘောဇဉ် အမြိန်အရသာစု တူသည်။

၇။ ထိုဘ၀၌ ထိုထမင်းမှု ဟူသော ဝိပရိဏာမ ဒုက္ခနှင့်ခံတွင်းမှာ ဝါး၍ အဆင်း၊ အနံ့၊ အရသာ ပျက်ပြီးသော ထမင်း၊ ဟင်းစု တူသည်။

၈။ သေဆုံးမှုနှင့် ကျင်ကြီး ကျင်ငယ်မှု တူသည်။

ပဋိသန္ဓေခန္ဓာ တည်ပြီးနောက် ပျက်ဆုံးရန် အခွင့်ဆိုက်ခဲ့လျှင် ဘယ်အခါ ဘယ်ခဏမဆို ပျက်ဆုံးတတ်သော ဝိပရိဏာမသဘော အမြဲမကွာ အစဉ်ပါ၍ နေ၏။

ထို့ကြောင့် ပျက်ဆုံးရန် အခွင့်ဆိုက်၍ ပျက်ဆုံးမှုနှင့် အနာရောဂါဖြစ်ပွားမှုဟူသော ဝိပရိဏာမဒုက္ခ၊ ပျက်ဆုံးအံ့သော အရေးအခွင့်မှ ကင်းလွတ်ပါရခြင်း

http://www.dhammadownload.com



ငှာ ကြောင့်ကြစိုက်ကြရသော ဝိပရိဏာမဒုက္ခ၊ ဤသို့စသော ဝိပရိဏာမဒုက္ခ တို့ကိုလည်း ဥပမာနှင့် အလားတူသိလေ။

သင်္ခါရဒုက္ခတို့မှာ ထက်ကြပ်ပါသော ဒုက္ခဒုက္ခ၊ ဝိပရိဏာမဒုက္ခမှုတို့မှာ ထက် ကြပ်ပါသော ဒုက္ခဒုက္ခ၊ ဤဒုက္ခဒုက္ခကိုလည်း သိလေ။

ထမင်းကို သာယာသောသူကို ထိုထမင်းသည် ဒုက္ခ ၃ မျိုးတို့နှင့် နှိပ်စက်ညှဉ်းပန်း သကဲ့သို့၊ လူ့ခန္ဓာ၊ နတ်ခန္ဓာ၊ ဗြဟ္မာ့ခန္ဓာကို သာယာသော သူကို ထိုခန္ဓာ ၅ ပါးစုသည် ဒုက္ခ (၃) မျိုးနှင့် ဘဝတိုင်း ဘဝတိုင်း နှိပ်စက်ညှဉ်းပန်း၏။

မကောက်၊ ပဲ၊ ပြောင်း၊ နှမ်းကို သာယာခြင်း မကင်းသောသူကို အနှစ်အသချေ ပင် တိုင်သော်လည်း သာယာခြင်းမကင်းသမျှ ကာလပတ်လုံး ထို ကောက်၊ ပဲ၊ ပြောင်း နှမ်းသည် ဒုက္ခ (၃) မျိုးတို့ဖြင့် နှစ်စဉ်ထာဝရ နှိပ်စက်ညှဉ်းပန်း၍ သွားလေသကဲ့သို့ ထိုခန္ဓာစုကို သာယာသော ပုထုဇဉ်သတ္တဝါကို ကမ္ဘာဘဝ အနန္တ အနမတဂ္ဂတိုင်အောင် ပင် ထိုခန္ဓာစုသည် ဒုက္ခ (၃) မျိုးတို့ဖြင့် ဘဝတိုင်း ဘဝတိုင်းနှိပ်စက်ညှဉ်းပန်းလေ၏။ ခန္ဓာကို သာယာခြင်း ပြတ်ကင်းသောအခါမှ ထိုဒုက္ခ (၃) မျိုး ကျွတ်လွတ်လေ၏။

ထို့ကြောင့် ထိုဒုက္ခ (၃) မျိုးကို ကြောက်သောသူအား ထိုဒုက္ခ (၃) မျိုးမှ လွတ်ကင်းစေခြင်းငှာ လူ့ဘဝ၊ လူ့ခန္ဓာစုထဲမှာလည်း ခိုကိုးရာမရှိ၊ နတ်ဘဝ၊ နတ်ခန္ဓာစု ထဲမှာလည်း ခိုကိုးရာမရှိ၊ ဗြဟ္မာ့ဘဝ ဗြဟ္မာ့ခန္ဓာစုထဲမှာလည်း ခိုကိုးရာမရှိ၊ ထိုလူ့ဘဝ၊ နတ်ဘဝ၊ ဗြဟ္မာဘဝတို့၏ ချုပ်ငြိမ်းမှု၊ ဇာတ်သိမ်းမှုဟူသော အသင်္ခတနိဗ္ဗာန်တစ်ခု သည်သာလျှင် ထိုဒုက္ခ (၃) မျိုးတို့မှ လွတ်လိုသောသူ၏ ခိုကိုးရာအစစ် ဖြစ်ပေ သတည်း။

**(ဤကား ခံစားမှု၊ စံစားမှု ပီတိ သောမနဿ သုခဝေဒနာမရှိသော သန္တိသုခ မျိုးသည်သာလျှင် ဧကန္တသုခမှန်ကြောင်းကို ပဉ္စက္ခန္ဓာဒုက္ခာဟူသော ပုဒ်နှင့် စပ်၍ ပြချက်တည်း။)**

နောက်နောက်ပုဒ်တို့၌လည်း ဤနည်းနှင်နှင် အကျယ်ကို သိလေ။

**ပဉ္စက္ခန္ဓာရောဂါ။** ။ လူ၊ နတ်၊ ဗြဟ္မာ ခန္ဓာ (၅) ပါးတို့သည် ဇရာ၊ မရဏ တည်းဟူ သော ကျင်နာကိုက်ခဲမှု တစ်ရံမစဲအမြဲရှိနေသောကြောင့် ရောဂါသည် ရောဂါဆိုး တို့သာတည်း။ ထို့ကြောင့် ထိုခန္ဓာတို့၏ ချုပ်ငြိမ်းမှု၊ ဇာတ်သိမ်းမှုသည် ဧကန္တသုခ မှန်ပေသတည်း။

ဇီဝကဝတ္ထုတွင် ရာဇဂြိုဟ်သူဌေးအတ္တုပ္ပတ္တိကဲ့သို့ ရောဂါဆိုး ကပ်ရောက်သော သူသည် မိမိလက်ရှိဖြစ်သော သူဌေး၊ သူကြွယ်၊ စည်းစိမ်၊ ပဒေသရာဇ်ဧကရာဇ် စကြာမင်္ဂလာမင်းစည်းစိမ် ဟူသော ဝေဒယိတ သုခမျိုးကို စွန့်လွှတ်၍ ထိုရောဂါဆိုး

http://www.dhammadownload.com



ပျောက်ငြိမ်းမှု ဟူသော သန္တိသုခတစ်ခုကို အရယူရသော ယုတ္တိကို ထောက်လေ။ ။ ထို့ကြောင့်–

ယံကိဉ္စိ ဝေဒယိတံ၊ သဗ္ဗံ တံ ဒုက္ခသ္မိံ။

ဟူ၍ ဟောတော်မူပေသည်။

ယံကိဉ္စိ၊ အလုံးစုံသော။ ဝေဒယိတံ၊ ခံစားမှု၊ စံစားမှုသည်။ အတ္ထိ၊ ရှိ၏။ သဗ္ဗံ၊ အလုံးစုံသော။ တံ၊ ထိုခံစားမှု၊ စံစားမှုဟူသမျှသည်။ ဒုက္ခသ္မိံ၊ ဒုက္ခထဲကချည်း ပေတည်း။ ။ (ဤကားအနက်။)

ခံစားဖွယ်၊ စံစားဖွယ်၊ ခံစားမှု၊ စံစားမှု ဟူသော ဝေဒယိတသဘောအမြွက် လေမျှ မရှိခြင်းသည်သာ သုခအမှန် ဖြစ်သည်ဟူလိုသည်။ ။ (နောက် (၃၇)ပုဒ်တို့၌ လည်း ဤနည်းနှင်နှင်သိလေ။ နိဗ္ဗာန်နကထာ စကားကျယ်ပွားလွန်းမည်ကြောင့် နောက်ပုဒ်တို့ကို မဆိုလိုက်ပြီ။)

လူ့ဘဝ၊ နတ်ဘဝ၊ ဗြဟ္မာ့ဘဝ ဟူသော ခန္ဓာ (၅)ပါး ရုပ်နာမ်တရားတို့၏ ချုပ်ငြိမ်းမှု၊ ဓာတ်သိမ်းမှု ဟူသော နိဗ္ဗာန်၏ အနန္တဂုဏ်ကို ရိပ်မိလိုကြလျှင် ဤ (၄၀) သော ဘာဝနာပုဒ်တို့၏ အနက်အဓိပ္ပာယ် အကျယ်ကို ထင်နိုင်၊ မြင်နိုင်အောင် အားထုတ်ကြရမည်။

လောက၌ ဣဋ္ဌသမ္ပတ္တိဓမ္မတစ်မျိုး၊ အနိဋ္ဌဝိပတ္တိဓမ္မတစ်မျိုးဟူ၍ (၂)မျိုးရှိကြ သည်တွင် ဣဋ္ဌဓမ္မ[1] သမ္ပတ္တိဓမ္မ[2] မျိုးတို့မှာ ဖြစ်ထွန်းပွားများမှုသည် အမြတ်သုခဖြစ်၏။ ဆုတ်ယုတ်ကွယ်ပမှုသည် အယုတ်ဒုက္ခဖြစ်၏။ အနိဋ္ဌဓမ္မ[3] ဝိပတ္တိဓမ္မ[4] မျိုးတို့မှာ ဆုတ်ယုတ် ကွယ်ပမှုသည် အမြတ်သုခဖြစ်၏။ ဖြစ်ထွန်းပွားများမှုသည် အယုတ်ဒုက္ခ ဖြစ်၏။

လူ့ဘဝ၊ နတ်ဘဝ၊ ဗြဟ္မာ့ဘဝဟူသော ခန္ဓာ (၅) ပါးတို့သည် ဤဘာဝနာပုဒ် (၄၀)အရ အပြစ်ဒေါသ အာဒီနဝပေါင်း၊ အကျဉ်းချုပ်အားဖြင့် (၄၀)၊ အကျယ်အားဖြင့် အနန္တအပ္ပမေယျ ရှိကုန်ကြသည်ဖြစ်၍ ကေဝလ အနိဋ္ဌဓမ္မ၊ ကေဝလ ဝိပတ္တိဓမ္မတို့သည် သာ အမှန်ဖြစ်ကုန်၏။ ထို့ကြောင့် ထိုတရားတို့၏ ရှိခြင်းသည်သာလျှင် အယုတ် ဒုက္ခဖြစ်၏။ မရှိခြင်းသည်သာလျှင် အမြတ်သုခဖြစ်၏။ မရှိခြင်းထက် ပိုမို၍ အားထုတ် ဖွယ်ကိစ္စမရှိ။

---

၁။ ဣဋ္ဌဓမ္မ–အလိုရှိအပ်သောသဘောမျိုး။

၂။ သမ္ပတ္တိဓမ္မ– ပြည့်စုံမှုသဘောမျိုး။

၃။ အနိဋ္ဌဓမ္မ – အလိုမရှိအပ်သောသဘောမျိုး။

၄။ ဝိပတ္တိဓမ္မ– မပြည့်မစုံ ပျက်စီးမှု သဘောမျိုး။

http://www.dhammadownload.com



**ဥပမာ**။ ။ ဥပမာကား တစ်ယောက်သောသူသည် အနမတဂ္ဂသံသရာတွင် တစ်နာရီ၊ တစ်ခဏမျှ သက်သာရာမရသော နူနာကြီး၊ ပန်းနာကြီးစွဲ၍ အနမတဂ္ဂ ဘဝကမ္ဘာပတ်လုံး၊ တလူးလဲလဲ တညည်း ညူညူနှင့်သာ နေရရာ၏။ ထိုနူနာကြီး၊ ပန်းနာကြီးအကုန်အစင် ပျောက်ငြိမ်းလျှင်လည်း ခန္ဓာကိုယ်လည်း အပြီးကွယ်ပျောက်တော့မည်။ နောက်ကို တစ်စုံတစ်ရာမျှ ဖြစ်ရတော့မည်မဟုတ်၊ ကေဝလ ဥစ္ဆိန္နဖြစ်၍ ကွယ်ဆုံးလေတော့မည် ဟူရာ၏။

၁။ ဤသူမှာ နူနာကြီး၊ ပန်းနာကြီး မပြတ်မစဲအမြဲနှိပ်စက်မှုနှင့် ရက်ရှည်၊ လရှည်၊ နှစ်ရှည်၊ ဘဝရှည်၊ ကမ္ဘာရှည် တည်၍ နေမှု (၁)ပါး။

၂။ နူနာကြီး၊ ပန်းနာကြီး ချုပ်ငြိမ်းလျှင် ချုပ်ငြိမ်းသည်နှင့် တစ်ပြိုင်နက် အပြီးပြတ်တောက် ကွယ်ပျောက်၍ ဥစ္ဆိန္နဖြစ်၍ သွားမှု (၁)ပါး။

**မေး**။ ။ ဤ (၂)ပါးတွင် ထိုသူမှာ အဘယ်အမှုသည် သုခဖြစ်မည်နည်း။ အဘယ် အမှုသည် ဒုက္ခဖြစ်မည်နည်း။ ထိုသူသည် အဘယ်အမှုကို ရလိုလိမ့်မည်နည်း။ အဘယ်အမှုကို စွန့်လိုလိမ့်မည်နည်း။ အဘယ်အမှုကို အထွတ်အမြတ်ပြု၍ ချီးမွမ်းအပ်သနည်း။

**ဖြေ**။ ။ ဥစ္ဆိန္နဖြစ်၍ တစ်စုံတစ်ခုသော ဒုက္ခမည်သည် အမြွက်လေသံမျှ မရှိ၊ ခံစားမှု၊ စံစားမှု ဟူ၍လည်း အမြွက်လေသံမျှ မရှိ၊ ပူပန်ပင်ပန်းမှု ခပ်သိမ်းလည်း မရှိ။ ခံစားမှု၊ စံစားမှု ခပ်သိမ်းလည်းမရှိ၊ ထို့ကြောင့် ထိုရောဂါကြီးသည် ဥစ္ဆိန္နအဖြစ်ကို သာ အထွတ်အမြတ် ချီးမွမ်းအပ်သတည်း။ (ဥပမာ)

**ပဋိသမ္ဘိဒါမဂ်**။ ။ ပဋိသမ္ဘိဒါမဂ်ပါဠိတော်၌ "ပဉ္စက္ခန္ဓေအနိစ္စတော၊ ဒုက္ခတော။ လ။ သံကိလေသိကဓမ္မတော"ဟူ၍လည်း ဟောတော်မူအပ်သော (၄၀) အတိုင်းအရှည် ရှိသော အကြီးအကျယ် ကြောက်ဖွယ်၊ လန့်ဖွယ်ဖြစ်သော အပြစ်ဒေါသ အာဒီနဝ တို့သည် ရှိကုန်၏။ လူ့ဘဝ၊ နတ်ဘဝ၊ ဗြဟ္မာ့ဘဝ ဟု ဆိုအပ်သော ထိုခန္ဓာ ၅ပါး တို့သည် ထိုအပြစ်ဒေါသ အာဒီနဝ[1] တို့နှင့် ပြည့်စုံကုန်၏။ ထိုနူနာကြီး၊ ပန်းနာကြီး နှင့် နေရသောသူမှာ အနာရောဂါ ဒုက္ခတစ်မျိုးမျှသာ ခံစားရသည်။ သံသရာ၌ ကျင်လည် မျောပါ၍ နေကြရသောခန္ဓာ (၅) ပါးတရားရှင်တို့မှာမူကား အနိစ္စမှုကြောင့် လူ့ဘဝတွင် အမြဲနေခွင့်မရ၊ နတ်ဘဝတွင် အမြဲနေခွင့်မရ။ ဗြဟ္မာ့ဘဝတွင် အမြဲနေခွင့် မရ၊ အပါယ်ငရဲသို့ အဖန် တလဲလဲကျရောက်ရလေ၏။ အသက်တစ်ရှူမျှ သက်သာရာမရ ဘဲ မီးငရဲ၌ အနှစ်တစ်သိန်း စသည်အဖန်ဖန် ခံစားရလေ၏။ ငရဲမီးမှာ တစ်နာရီနေ

---

၁။ အာဒီနဝ – အပြစ်။

http://www.dhammadownload.com



ရသည်ထက် နွားကြီးနှင့် လူ့ဘောင်မှာ အနှစ်တစ်ရာနေရခြင်းသည် ကောင်းမြတ်သေး၏။

တေမိဇာတ်၌ ငါတို့ဘုရားအလောင်းတော်သည် ဗာရာဏသီပြည်မှာ အနှစ်(၂၀)မျှ မင်းလုပ်ခဲ့သည့်အတွက် ဥဿဒငရဲမှာ အနှစ် ၈သောင်းခံရသည်ဟု လာ၏။ သူသူ၊ ငါငါ သတ္တဝါတို့မှာ ဆိုဖွယ်ရာမရှိ၊ ဤသို့ ဖြစ်ရခြင်းသည် အနိစ္စအတွက်ပေတည်း။

ဤသို့လျှင် ထို (၄၀)သော အပြစ်ဒေါသ အာဒီနဝတို့တွင် အနိစ္စအတွက် တစ်ခု နှင့်ပင် ထိုလူ၊ နတ်၊ ဗြဟ္မာခန္ဓာ (၅)ပါးသည် အလွန်ကြောက်မက်ဖွယ်ကောင်းလေစွ။ ထိုသို့ အကြီးအကျယ် ကြောက်မက်ဖွယ်ဖြစ်သော ထိုခန္ဓာ (၅)ပါးတို့၏ ချုပ်ငြိမ်းခြင်း ဇာတ်သိမ်းခြင်းအမှု ဟူသော မဟာအသခ်တနိဗ္ဗာန်ကြီးမည်သည် ဘယ်ဟာတစ်ခုမျှ ချိုးမွမ်းစရာမရှိသော အဘာဝမတ္တာ[၁]မျှသာဖြစ်သည် ဟု မရှု့ချထိုက်၊ အချည်းနှီးသာ ဖြစ်သည်ဟု မရှု့ချထိုက်၊ ထိုချုပ်ငြိမ်းမှု ဇာတ်သိမ်းမှုသည် ကျမ်းဂန်တို့၌လာသော ဂမ္ဘီရ၊ ဒုဒ္ဒသ၊ ဒုရနုဗောဓ[၂] သန္တ[၃] ပဏီတ[၄]၊ ပရမသုခ အစရှိသော နိဗ္ဗာန်၏ ဂုဏ်ကျေးဇူးတို့နှင့် မထိုက်မတန်ဟု မရှု့ချထိုက်။

အနမတဂ္ဂသံသရာဝဋ် အကြင်မျှလောက် ခန္ဓာ (၅)ပါး၏ အပြစ်ဒေါသအာဒီနဝတို့သည် ကြီးကျယ်ကုန်၏။ ထိုမျှလောက် ချုပ်ငြိမ်းမှု၏ ဂုဏ်ကျက်သရေတို့သည် ကြီးကျယ်ကုန်၏။ အကြင်မျှလောက် ခန္ဓာ (၅)ပါးတို့၏ ဒုက္ခနယ်သည် ကြီးကျယ်၏။ ထိုမျှလောက် ထိုချုပ်ငြိမ်းမှု၏ သုခနယ်သည် ကြီးကျယ်၏။

**(ဤကား ခံစားမှု၊ ခံစားမှုမရှိသော သန္တိသဘော၏ ပရမသုခအမှန် ဖြစ်ကြောင်းကို ထင်ရှားသိသာစေခြင်းငှာ ဘာဝနာ (၄၀)နှင့်စပ်ပက်၍ ပြဆိုလိုက်သော အခန်းတည်း။)**

**ဤတွင်ရွှေ့ကား ပရမသုခသဘော ပြီး၏။**

**ဤတွင် ဝိဇ္ဇာရကဏ္ဍပြီး၏။**

■

---

၁။ အဘာဝမတ္တ – မရှိခြင်းမျှ။

၂။ ဒုရနုဗောဓ – သိနိုင်ခဲသည်။

၃။ သန္တ – ငြိမ်သက်သည်။

၄။ ပဏီတ – မြတ်သည်။

http://www.dhammadownload.com



## နာနာဂန္တ နာနာဝါဒဝိသောဓနေကထာ
## ဣတိဝုတ်ပါဠိတော်အရ – နာနာဝါဒပြဆိုပုံ

ယခုအခါ နာနာဂန္တ နာနာဝါဒ ဝိသောဓနေ ကထာ ဟူသော တတိယကထာကို ပြဆိုအံ့။ ။ အကြင် ပါဠိတော်တို့၌ ဆရာတို့သည် အထူးထူး အထွေထွေ ယူကြ ပြောဆို ရေးသားကြကုန်၏။ ထို ပါဠိတော်တို့ကို ထုတ်ပြ၍ ဆရာတို့ယူကြပုံကိုလည်း ပြဆိုအံ့။ ငါတို့ ယူပုံကိုလည်း ပြဆိုအံ့၊ နှစ်သက်ရာ ယူကြလေကုန်။

ဒွေမာ ဘိက္ခဝေ နိဗ္ဗာနဓာတုယော၊ ကတမာ ဒွေ၊ သဉပါဒိသေသာ စ နိဗ္ဗာန ဓာတု၊ အနုပါဒိသေသာ စ နိဗ္ဗာနဓာတု။

ကတမာ ဘိက္ခဝေ သဉပါဒိသေသာ နိဗ္ဗာနဓာတု။

ဣဓ ဘိက္ခဝေ ဘိက္ခု အရဟံ ဟောတိ ခီဏာသဝေါ၊ တဿတိဋ္ဌန္တေဝ ပဉ္စိန္ဒြိယာနိ၊ ယေသံ အဝိဃာတတ္တာ မနာပမ္ပိ ပစ္စနုဘောတိ၊ အမနာပမ္ပိ ပစ္စနုဘောတိ၊ မနာပါမနာပမ္ပိ ပစ္စနုဘောတိ၊ တဿ ယောရာဂက္ခယော ဒေါသက္ခယော မောဟက္ခယော၊ အယံ ဝုစ္စတိ ဘိက္ခဝေ သဉပါဒိသေသာ နိဗ္ဗာနဓာတု။

ကတမာစ ဘိက္ခဝေ အနုပါဒိသေသာ နိဗ္ဗာနဓာတု။

ဣဓ ဘိက္ခဝေ ဘိက္ခု အရဟံ ဟောတိ ခီဏာသဝေါ၊ တဿ ဣဓေဝ သဗ္ဗဝေဒယိတာနိ သီတိဘဝိဿန္တိ၊ အယံ ဝုစ္စတိ ဘိက္ခဝေ အနုပါဒိသေသာ နိဗ္ဗာနဓာတု။

ဒွေ ဣမာ စက္ခုမတာ ပကာသိတာ နိဗ္ဗာနဓာတု–အနိဿိတေန တာဒိနာ၊ ဧကာ ဟိ ဓာတု ဣဓ ဒိဋ္ဌဓမ္မိကာ သဉပါဒိသေသာ ဘဝနေတ္တိ သင်္ခယာ၊ အနုပါဒိသေသာ သမ္ပရာယိကာ ယမှိ နိရုဇ္ဈန္တိ ဘဝါနိ သဗ္ဗသော။

(လိုရင်းမဟုတ်သော ပုဒ်ကိုချ၍ ထုတ်ပြအပ်သော ဣတိဝုတ် ပါဠိတော်။)

(က) ယော ရာဂက္ခယောတိ ရာဂဿ ခယော၊ ခီဏာကာရော၊ အဘာဝေါ၊ အစ္စန္တ မနုပ္ပါဒေါ။

(ခ) သီတိ ဘဝိဿန္တီတိ အစ္စန္တ ဝူပသမေန သင်္ခါရ ဒရထ ပဋိပဿဒ္ဓိယာ သီတလီ ဘဝိဿန္တိ၊ အပ္ပဋိသန္ဓိကနိရောဓေန နိရုဇ္ဈိဿန္တိ တိ အတ္ထော။

(ဂ) ဒိဋ္ဌဓမ္မိကာတိ ဣမသ္မိံ အတ္တဘာဝေ ဘဝါ ဝတ္တမာနာ။

(ဃ) သမ္ပရာယိကာတိ သမ္ပရာယေ ခန္ဓဘေဒတော ပရဘာဂေ ဘဝါဝတ္တမာန။

**(ငင်း အဋ္ဌကထာ လိုရင်းပါဌ်စု။)**

မိခင်ရောဝတီ

http://www.dhammadownload.com



**အချို့ဆရာတို့အယူ**။ ။ ဤပါဠိတော်၌ အချို့သောဆရာတို့သည် "ကေ ဟိ စာတု ဣဓဒိဋ္ဌဓမ္မိကာ သဉပါဒိသေသာ၊ အနုပါဒိသေသာ သမ္ပရာယိကာ" ဟူသော ပါဠိတော်ပုဒ်များကို ထောက်၍လည်းကောင်း။

"ယော ရာဂက္ခယောတိ ရာဂဿ ခယော၊ ခီဏာကာရော၊ အဘာဝေါ၊ အစ္စန္တံ မနုပ္ပါဒေါ။ ။ ဒိဋ္ဌဓမ္မိကာတိ ဣမသ္မိံ အတ္တဘာဝေ ဘဝါ ဝတ္တမာနာ။ ။ သမ္ပရာယိကာတိ သမ္ပရာယေ ခန္ဓဘေဒတော ပရဘာဂေ ဘဝါ ဝတ္တမာနာ" ဟူသော အဋ္ဌကထာပါဌ်များကို ထောက်၍လည်းကောင်း။

ဤပါဠိတော်မှာ လာသော နိဗ္ဗာန် (၂)ပါးကား အသင်္ခတဖြစ်သော အဘာဝပညတ် (၂)ပါးသာတည်း။ ကိလေသာတို့၏ တစ်ဖန် မဖြစ်ခြင်းဟူသော အဘာဝပညတ်ကို သဉပါဒိသေသနိဗ္ဗာန်ဆိုသည်။ ခန္ဓာတို့၏ တစ်ဖန် မဖြစ်ခြင်းဟူသော အဘာဝပညတ်ကို အနုပါဒိသေသ နိဗ္ဗာန်ဆိုသည်။

သဂြိုဟ်ကျမ်းမှာကဲ့သို့ ပရမတ် အစစ်အမှန်ဖြစ်သော နိရောဓသစ္စာဟု ဆိုအပ် သော အသင်္ခတနိဗ္ဗာန် (၂)ပါးကို ဆိုသည်မဟုတ်။ ထိုပရမတ် အစစ်အမှန်ဖြစ်သော နိရောဓသစ္စာ ဟု ဆိုအပ်သော အသင်္ခတနိဗ္ဗာန်သည်ကား– အစဉ်ထာဝရ တစ်ပါးတည်း အမြဲတည်နေသော တရားဖြစ်ပေ၍ "ဒိဋ္ဌဓမ္မိကာ" ဟူ၍လည်းကောင်း "သမ္ပရာယိကာ" ဟူ၍လည်းကောင်း ဆိုထိုက်သော အခွင့်မရှိ။ ပရမတ္ထဓမ္မ အနေအားဖြင့် ထင်ရှား ရှိနေသော ဘာဝတရားဖြစ်ပေ၍ "ရာဂဿ ခယော ခီဏာကာရော အဘာဝေါ" ဟူ၍ လည်း ဆိုထိုက်သော အခွင့်မရှိ။

**(ဤကား ဤပါဠိတော်၌ အချို့သောဆရာတို့၏ အယူပေတည်း။)**

**အချို့ဆရာတို့အယူတစ်မျိုး**။ ။ အချို့သော ဆရာတို့ကား ဤပါဠိတော်မှာ လာသော နိဗ္ဗာန် (၂) ပါးတွင် သဉပါဒိသေသ နိဗ္ဗာန်ဆိုသည်ကား – ကိလေသာတို့၏ ကုန်ခန်းခြင်းတည်းဟူသော ခီဏာကာရပညတ်မျှကိုလည်းကောင်း၊ ကိလေသာတို့၏ မရှိခြင်းတည်းဟူသော အဘာဝပညတ်မျှကိုလည်းကောင်း သဉပါဒိသေသနိဗ္ဗာန် ဆိုသည်။ ထို့ကြောင့် အဋ္ဌကထာ၌ "ရာဂဿ ခယော ခီဏာ ကာရော အဘာဝေါ" ဟူ၍ ဖွင့်တော်မူသည်။

အနုပါဒိသေသ နိဗ္ဗာန်သည်မူကား – ပရမတ္ထ အစစ်အမှန်ဖြစ်သော အသင်္ခတ နိဗ္ဗာန်ကြီးပင်တည်း။ ထိုနိဗ္ဗာန်ကြီးကို "သမ္ပရာယိကာ"ဟူ၍ ဟောတော်မူသည်။ ။ အဋ္ဌကထာ၌လည်း–

"သမ္ပရာယိကာတိ သမ္ပရာယေ ခန္ဓဘေဒတော ပရဘာဂေ ဘဝါဝတ္တမာနာ"ဟု ဖွင့်သည်။

http://www.dhammadownload.com



သမ္ပရာယိကာတိ၊ သမ္ပရာယိကာ ဟူသည်ကား။ ခန္ဓဘေဒတော၊ ခန္ဓာချုပ်ပျက်သည်မှ။ သမ္ပရာယေ ပရဘာဂေ၊ နောက်အဖို့၌။ ဘဝါဝတ္ထမာနာ၊ ဖြစ်သော နိဗ္ဗာန်တည်း။ **(ဤကားအနက်။)**

ဤ ပါဠိ အဋ္ဌကထာတို့ကို ထောက်၍ ပရမတ္ထ အစစ်အမှန်ဖြစ်သော နိဗ္ဗာန်သည် ရှေးရှေး သံသရာ ကမ္ဘာ ကမ္ဘောက တစ်ခုတည်း တစ်ပါးတည်းဖြစ်၍ အစဉ်ထာဝရ ရှိနေသည်မဟုတ်။ ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာပုဂ္ဂိုလ်တို့ တစ်ပါးတစ်ပါး ပရိနိဗ္ဗာန်စံရာတွင်မှ သူ့နိဗ္ဗာန်နှင့်သူ အသီးအသီး စုတိစိတ် ချုပ်သည်မှနောက်၌ အလွန်သိမ်မွေ့သော အခြင်းအရာအားဖြင့် ဖြစ်ပေါ်၍လာသော အသင်္ခတဓာတ်ကြီးပေတည်း။ ဖြစ်ပေါ်သည်မှ နောက်၌ အစဉ်ထာဝရမြဲ၍ နေသောကြောင့် နိစ္စဓုဝ သဿသ ဟူ၍ ဆိုအပ်သတည်း။

(ဤကား ပါဠိတော်၌ အချို့သော ဆရာတို့၏ အယူပေတည်း။)

**ငါတို့အယူ။** ။ ငါတို့အယူကား ဤပါဠိတော် သဉပါဒိသေသ နိဗ္ဗာန်မှာလည်း "တဿယောရာဂက္ခယော"ဟူ၍လာသည်။ အနုပါဒိသေသနိဗ္ဗာန်မှာလည်း "တဿယောရာဂက္ခယော"ဟူ၍ လာသည်။ ထိုသို့ လာသည်တွင် အဋ္ဌကထာ၌ ရှေ့ပုဒ်ကိုသာ "ယောရာဂက္ခယောတိ ရာဂဿ ခယော၊ ခီဏာကာရော၊ အဘာဝေါ၊ အစ္စန္တမနုပ္ပါဒေါ"ဟူ၍ ဖွင့်သည်။ နောက်ပုဒ်ကို မဖွင့်ပြီ။

၁။ ရှေ့ပုဒ်၊ နောက်ပုဒ် အထူးရှိခဲ့လျှင် အသီးအသီး ခြားနားစွာ ဖွင့်ရာသည်။ မဖွင့်ခဲ့ပါ။ ဤလည်းတစ်ကြောင်း။

၂။ "ရာဂဿ ခယော၊ ခီဏာကာရော၊ အဘာဝေါ၊ အစ္စန္တမနုပ္ပါဒေါ" ဟူရာ၌ "အစ္စန္တမနုပ္ပါဒေါ" ဟူသော နောက်ဆုံးပုဒ်သည် ပရမတ္ထ အသင်္ခတနိဗ္ဗာန်ကြီး၏ အမည်ဖြစ်ပေသည်တစ်ကြောင်း။

၃။ ထိုနိဗ္ဗာန်ကြီးသည် ရဟန္တာပုဂ္ဂိုလ်၏ ခန္ဓာ (၅)ပါးထင်ရှား ရှိစဉ်လည်းရှိလျက် တည်လျက်ပင် ရှိလေသည်။ ခန္ဓာပျက်ဆုံးသည်မှ နောက်၌လည်း ရှိလျက် တည်လျက်ပင်ရှိလေသည်။ ထို့ကြောင့် "ဒိဋ္ဌဓမ္မိကာ သမ္ပရာယိကာ"ဟူ၍ ဆိုထိုက်ပေသည် တစ်ကြောင်း။

၄။ အဋ္ဌကထာမှာလည်း ရှိခြင်းအနက် တည်ခြင်းအနက်တို့နှင့် ဆက်ဆံသော ဘဝသဒ္ဒါဝတ္တမာနာသဒ္ဒါတို့နှင့်သာ ဖွင့်ဆိုသည်။ ဥပ္ပန္န သဒ္ဒါ ဇာတသဒ္ဒါ တို့နှင့် မဖွင့်လေသည် တစ်ကြောင်း။

ဤသို့သော အကြောင်းများကြောင့် ဤပါဠိတော်မှာ လာသော နိဗ္ဗာန် ၂ ပါးသည်လည်း သမ္မောဟဝိနောဒနီ အဋ္ဌကထာ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ သင်္ဂြိုဟ်ကျမ်းတို့

http://www.dhammadownload.com



မှာလာသော နိဗ္ဗာန် (၂)ပါးနှင့်ထပ်တူ ထပ်မျှ ပရမတ္ထအသင်္ခတ နိဗ္ဗာန်ကြီးပင် ဖြစ်သည်ဟု ငါတို့ယူပေသည်။

**ဆရာတို့အယူ။** ။ အကြင် ဆရာတို့သည် ထိုထိုရဟန္တာ ပုဂ္ဂိုလ်တို့ ခန္ဓာကမ္ဘာဇရုပ် ချုပ်ပြီးသော နောက်မှသာ ပရမတ္ထအသင်္ခတ နိဗ္ဗာန်ကြီး၏ ဖြစ်ပေါ်ခြင်းကို အလိုရှိကြကုန်၏။ ထိုဆရာတို့၏ အယူ၌ ရဟန္တာအဖြစ်သို့ပင် ရောက်သော်လည်း စုတိကမ္မဇရုပ် မချုပ်မိအတွင်း နိဗ္ဗာန်မရှိသေး၍ နိဗ္ဗာန်သို့ ရောက်သည် ဟူ၍ မဆိုရသေး။ နိဗ္ဗာန်သို့ ဆိုက်သည်ဟူ၍ မဆိုရသေး။ နိဗ္ဗာန်ကို ရသောသူ ဟူ၍ မဆိုရသေး။ စုတိကမ္မဇရုပ် ချုပ်သည်၏ အခြားမဲ့မှာ ဖြစ်ပေါ်လာလတ္တံ့သော အနာဂတ် ကို လှမ်း၍ မြင်ရရုံမျှသာ ရှိသေးသည် ဟု ဆိုလို၏။

ကိလေသာတို့၏ ချုပ်ငြိမ်းမှု၊ ခန္ဓာတို့၏ ချုပ်ငြိမ်းမှု (၂) ပါး ရှိသည်တွင် မဂ် ခဏ၊ ဖိုလ်ခဏတို့၌ ကိလေသာတို့သည် ချုပ်ငြိမ်းလေကုန်၏။ ထိုအခါ ပရမတ္ထ အသင်္ခတနိဗ္ဗာန်ကြီးရှိပင် မရှိသေး။ ထိုရဟန္တာပုဂ္ဂိုလ်သည် မိမိကိုယ်ခန္ဓာမှာရောဂါတို့၏ ဖြစ်ပေါ်လာခြင်း၊ အနာတို့၏ ဖြစ်ပေါ်လာခြင်း၊ အထူးထူးသော အနိဋ္ဌရုပ် ဒုက္ခဝေဒနာတရားတို့၏ ဖြစ်ပေါ်ခြင်း ဟူသော ဇာတိဒုက္ခမှလည်း မလွတ်သေး။ အိုရခြင်းတည်းဟူသော ဇရာဒုက္ခမှလည်း မလွတ်သေး။ သေရခြင်းတည်းဟူသော မရဏဒုက္ခမှလည်း မငြိမ်းသေး။ ခန္ဓာကိုယ်ကြီးကို မွေးမြူမှုဒုက္ခ၊ ဆောင်ရွက်မှုဒုက္ခ တို့မှလည်း မလွတ်သေး။ မီးဘေး၊ ရေဘေး၊ မင်းဘေး၊ သူခိုး၊ ဓားပြဘေးအစရှိသော ဘေးတို့မှလည်း မလွတ်သေး။

ပရမတ္ထ အသင်္ခတနိဗ္ဗာန်ကြီးမည်သည် တစ်စုံတစ်ခုသော ဒုက္ခဘယမရှိပြီ၊ ရဟန္တာပုဂ္ဂိုလ်မှာ ဆိုခဲ့ပြီးသော ဒုက္ခဘယအနန္တ တင်းလင်း၌နေ၏။ စုတိကမ္မဇရုပ် ချုပ်၍ ထိုခန္ဓာကြီးကွယ်ပျောက်မှ ထိုဒုက္ခဘယခပ်သိမ်း ကင်းငြိမ်းလေ၏။ ထိုအခါမှ နိဗ္ဗာန်ကြီးပေါ်လာ၍ နိဗ္ဗာန်သို့ရောက်သည်။ နိဗ္ဗာန်ကို ရသည်ဟု ဆိုအပ်ပေသတည်း။

**(ဤကား ဆရာတို့၏ အယူတည်း။)**

ဤတွင်ရွှေကား ဣတိဝုတ်ပါဠိတော်အရ နာနာဝါဒ ပြဆိုပုံ ပြီး၏။

■

http://www.dhammadownload.com



## ကိလေသာချုပ်ငြိမ်းမှုသာ ပဓာနဖြစ်ပုံ။

ကိလေသာတို့၏ ချုပ်ငြိမ်းမှု၊ ခန္ဓာတို့၏ ချုပ်ငြိမ်းမှု (၂)ပါးရှိသည်တွင် ကိလေသာတို့၏ ချုပ်ငြိမ်းမှုသည်သာလျှင် မုချပဓာနပေတည်း။ ခန္ဓာတို့၏ ချုပ်ငြိမ်းမှုမှာကား ကိလေသာချုပ်ငြိမ်းမှု၏ အမြဲတစိုက် နောက်လိုက်နောက်ပါသာလျှင်တည်း။

အဆိပ်ပင်ကို သတ်သောသူသည် အမြစ်ကို မတူးမဖြတ်မူ၍ အပင်၊ အကိုင်း အခက်ကိုသာ ဖြတ်ခဲ့အံ့၊ အဆိပ်ပင်ကို သတ်သောသူဟူ၍ မဆိုလောက်။ အပင်၊ အကိုင်းအခက်တို့ကိုမူကား မထိပါးမူ၍ အမြစ်ဟူသမျှတို့ကို တူးဖော်ဖြတ်တောက် မီးရှို့ ပြာပြု၍ ပစ်သောသူသည်သာ အဆိပ်ပင်ကို သတ်သောသူ စင်စစ်ဖြစ်သည်။ အမြစ်တို့၏ ပျက်ဆုံးမှုသည်သာ ပဓာနဖြစ်၏။ အပင်၊ အကိုင်း၊ အခက်တို့၏ ပျက်ဆုံးမှုသည် အမြစ်ပျက်ဆုံးမှု၏ အမြဲတစိုက် နောက်လိုက်နောက်ပါသည်သာ ဖြစ်၏။

ဒုတိယကဏ္ဍ၌ နိဒါနဝဂ္ဂသံယုတ် သုတ်ပေါင်း (၁၀) တို့၌ ကိလေသာ ဟူသော အမြစ်အရင်း ပြတ်ခြင်းသည်သာ မုချပဓာနဖြစ်ကြောင်းကို သစ်ပင်ဥပမာ အမျိုးမျိုး၊ မီးပုံကြီးဥပမာ ဆီမီးဥပမာတို့ဖြင့် ဟောတော်မူသော အရာကို ထင်ရှားစွာပြဆိုခဲ့ပြီ။

ထိုမှတစ်ပါး အဘိဓမ္မာသစ္စဝိဘင်းပါဠိတော် နိရောဓသစ္စာ၏ ဝိဘင်း၌လည်း–

စက္ခုံ လောကေ ပိယရူပံ၊ သာတရူပံ၊ ဧတ္ထေသာ တဏှာ ပဟီယမာနာ ပဟီယတိ၊ နိရုဇ္ဈမာနာ နိရုဇ္ဈတိ။

အစရှိသည်ဖြင့် ဝါကျ ဝါရပေါင်း (၆၀) မျှ နိရောဓသစ္စာဝိဘင်းလာသည်မှာလည်း ကိလေသာတို့၏ ချုပ်ငြိမ်းမှုကိုသာ ပဓာနပြု၍ လာသည်။

ထို့အတူ ဒီဃနိကာယ် မဟာသတိပဋ္ဌာနသုတ်၊ မဇ္ဈိမနိကာယ် မဟာသတိပဋ္ဌာနသုတ်၊ သတိပဋ္ဌာနသံယုတ် အစရှိသည်တို့မှာလည်း ထို့အတူ ကိလေသာတို့၏ ချုပ်ငြိမ်းမှုကိုသာ ပဓာနပြု၍ လာသည်။ ထိုမှတစ်ပါး ဓမ္မစကြာသုတ် နိရောဓသစ္စာ၏ နိဒ္ဒေသတို့မှာလည်း–

(က) တတ္ထ ကတမံ ဒုက္ခနိရောဓာ အရိယသစ္စံ။

(ခ) ယော တဿာယေဝ တဏှာယ အသေသဝိရာဂနိရောဓော၊ စာဂေါ၊ ပဋိနိဿဂ္ဂေါ၊ မုတ္တိ၊ အနာလယော။

ဟူ၍ ကိလေသာတို့၏ ချုပ်ငြိမ်းမှုကိုသာ ပဓာနပြု၍လာသည်။ ထိုထို သုတ္တန် တစ်လျှောက်တို့မှာလည်း–

http://www.dhammadownload.com



(က) နိဗ္ဗာနံ နိဗ္ဗာနန္တိ အာဝုသော ဝုစ္စတိ၊ ကတမံ တံ နိဗ္ဗာနန္တိ။
(ခ) ယော ခေါ အာဝုသောရာဂက္ခယော၊ ဒေါသက္ခယော၊ မောဟက္ခယော၊ ဣဒံ ဝုစ္စတိ အာဝုသော နိဗ္ဗာနံ။

အစရှိသည်ဖြင့် နိဗ္ဗာန်ကို ဟောတော်မူရာ၌ ကိလေသာတို့၏ ချုပ်ငြိမ်းမှုကို ပဓာနပြု၍ လာသောအရာ အလွန်ပေါများလှ၏။

ထို့ကြောင့် ရဟန္တာတို့၏ စုတိခန္ဓာချုပ်ငြိမ်းမှုမှာသာ ပရမတ္ထအသင်္ခတ နိရောဓ သစ္စာ မဟာနိဗ္ဗာန်ကြီးကို ကောန်စင်စစ် ရထိုက်သည်သာလျှင်တည်း။

၁၅၀၀–ကိလေသာတို့၏ တစ်ခုမကျန် အကုန်ချုပ်ငြိမ်းမှုမှသာ ရထိုက်သည် မဟုတ်သေး။ သောတာပတ္တိမဂ်ကို ရ၍ သက္ကာယဒိဋ္ဌိအစရှိသော အချို့သော ကိလေသာ တို့၏ နောက်တစ်ဖန် ဖြစ်ပေါ်ခြင်းမရှိ။ အကြွင်းမဲ့ ချုပ်ငြိမ်းမှုသည်လည်း ပရမတ္ထအသင်္ခတ နိရောဓသစ္စာ မဟာနိဗ္ဗာန်ကြီး အဝင်အပါပင်တည်း။

သောတာပန်ပုဂ္ဂိုလ်အား အပါယ်ခန္ဓာစုနှင့်တကွ ၇ ဘဝမှ အထက်၌ အနမတဂ္ဂ ဘဝခန္ဓာ သံသရာဝဋ်ကြီး၏ အပြီးချုပ်ငြိမ်းမှုသည်လည်း ထိုသက္ကာယဒိဋ္ဌိ အစရှိသော အချို့သော ကိလေသာတို့၏ ချုပ်ငြိမ်းမှုတွင် တစ်ချက်တည်း တစ်လုံးတည်း ပါလေ၏။ ထိုအနမတဂ္ဂ ဘဝခန္ဓာ သံသရာဝဋ်ကြီး၏ အပြီးချုပ်ငြိမ်းမှုသည်လည်း ပရမတ္ထ အသင်္ခတ နိရောဓသစ္စာ မဟာနိဗ္ဗာန်ကြီးပင်တည်း။

အမေး ။ ။ ထို တစ်ချက်တည်း တစ်ကြိမ်တည်း ပြီးစီးကြသော ချုပ်ငြိမ်းမှု (၂) ပါးသည် အဘယ်ပုဂ္ဂိုလ်သန္တာန်မှာ ရောက်လေသနည်း။

အဖြေ ။ ။ သောတာပန် ပုဂ္ဂိုလ်သန္တာန်မှာ ရောက်လေသည်။

အမေး ။ ။ ထိုချုပ်ငြိမ်းမှု (၂) ပါးကို အဘယ်သူသည် ရလေသနည်း။

အဖြေ ။ ။ သောတာပန်ပုဂ္ဂိုလ်သည် ရလေသည်။

အမေး ။ ။ ထိုချုပ်ငြိမ်းမှု (၂) ပါးဟူသော အလွန်ခက်ခဲနက်နဲလှစွာသော စခန်းသို့ အဘယ်သူသည် ဆိုက်ရောက်လေသနည်း။

အဖြေ ။ ။ သောတာပန်ပုဂ္ဂိုလ်သည် ဆိုက်ရောက်လေသည်။

## ကြွင်းကျန်သောဒုက္ခနှင့် ချုပ်ပြီး ဒုက္ခနှိုင်းယှဉ်ပုံ

သောတာပန်အဖြစ်သို့ ရောက်သောအခါ တွေ့ရန်၊ ကြုံရန် ကြွင်းကျန်သေးသော ဝဋ်ဒုက္ခနှင့် တွေ့ကြုံဖွယ်ကိစ္စမရှိ။ ချုပ်ငြိမ်းလေပြီးသော ဝဋ်ဒုက္ခ၏အနည်း၊ အများနှိုင်းယှဉ်ပုံကို ဉာဏ်ပြဆိုလတ္တံ့သော သုတ္တန်တို့ကို ထောက်၍ သိအပ်၏။ နိဒါနဝဂ္ဂ သံယုတ်ပါဠိတော် အဘိသမယဝဂ်၌ သုတ်ပေါင်း (၁၀) လာ၏။ ။

http://www.dhammadownload.com



လာပုံကား-

**ပထမသုတ်** – **အမေး**။ ။ မြတ်စွာဘုရားသည် တစ်ခုသော လက်သည်းပေါ်၌ မြေမှုန့်ကို တင်ထားပြီးလျှင် ရဟန်းတို့ကို ဤသို့ မိန့်တော်မူ၏။ ချစ်သားရဟန်းတို့ ငါ၏လက်သည်းပေါ်၌ရှိသော မြေမှုန့်နှင့် ဤမဟာပထဝီမြေကြီး အားလုံး၌ ရှိသော မြေမှုန့်တို့သည် အဘယ်ကသာ၍ များကြကုန်သနည်းဟု မိန့်တော်မူ၏။

**အဖြေ**။ ။ ဤမဟာပထဝီမြေကြီး၌ရှိသော မြေမှုန့်တို့ကို နှိုင်းယှဉ်သည်ရှိသော် လက်သည်းပေါ်မှာရှိသော မြေမှုန့်စုသည် အလွန်ပင် နည်းပါးလှပါ၏။ နှိုင်းယှဉ်ခြင်းငှာ မထိုက်တန်ပါ ဟု လျှောက်ထားကြလေ၏။

ချစ်သားရဟန်းတို့ – ဤအတူပင် သတ္တက္ခတ္တုပရမ သောတာပန်ပုဂ္ဂိုလ်အား ကျန်ရှိသေးသော (၇) ဘဝ ဝဋ္ဋဒုက္ခနှင့် ကုန်ငြိမ်းပြီးသော အနမတဂ္ဂအနာဂတ် ဝဋ္ဋဒုက္ခတို့ကို နှိုင်းယှဉ်သည်ရှိသော ကျန်ရှိသေးသော (၇)ဘဝ ဝဋ္ဋဒုက္ခသည် အလွန်နည်းပါး၏။ နှိုင်းယှဉ်ခြင်းငှာပင် မထိုက်တန်လေ ဟူ၍ ဟောတော်မူသည်။

ဧဝံ မဟတ္ထိကော ခေါ ဘိက္ခဝေ ဓမ္မာဘိသမယော ဧဝံ မဟတ္ထိကော ဓမ္မစက္ခုပဋိလာဘော။ ။ (ပထမသုတ် အချုပ်ပါဠိတော်။)

ဘိက္ခဝေ၊ ရဟန်းတို့။ ဓမ္မာဘိသမယော၊ သစ္စာ (၄) ပါးထိုးထွင်း၍ သိခြင်းအမှုသည်။ ဧဝံမဟတ္ထိကော၊ သို့စဉ်မျှလောက် တန်ခိုးကြီးလှ၏။ ဓမ္မစက္ခုပဋိလာဘော၊ သောတာပတ္တိမဂ်ဉာဏ်ဟူသော ဓမ္မစက္ခုကို ရခြင်းအမှုသည်။ ဧဝံမဟတ္ထိကော၊ သို့စဉ်မျှလောက် တန်ခိုးကြီးလှ၏။ (ဤကား အနက်။)

ဤသို့လျှင် သောတာပန် ဖြစ်သည်နှင့် တစ်ပြိုင်နက် သောတာပန်ပုဂ္ဂိုလ်သည် ရအပ်သော ရောက်အပ်သော အနမတဂ္ဂ အနာဂတ်ဝဋ္ဋဒုက္ခငြိမ်းခြင်းဟူသော အကျိုးကို ဟောတော်မူ၏။ ထိုငြိမ်းခြင်းအကျိုးသည် ပရမတ္ထ အသင်္ခတနိရောဓသစ္စာ မဟာနိဗ္ဗာန်ကြီးပင်တည်း။ ထိုအနမတဂ္ဂ အနာဂတ်ဝဋ္ဋဒုက္ခ ငြိမ်းခြင်းသည် ထိုပုဂ္ဂိုလ်မှာ ဆိုက်ရောက်လာသော ငြိမ်းခြင်းပင် ဖြစ်၏။

ဘဝများစွာ ကမ္ဘာများစွာ ပါရမီတို့ကို ဖြည့်ကျင့်၍ လာခဲ့သော သူသည် ထိုအခါမှ မိမိစိတ်သန္တာန်မှ သက္ကာယဒိဋ္ဌိ အစရှိသော ကိလေသာအချို့တို့၏ ချုပ်ငြိမ်းခြင်းကို ရလေ၏။ ရောက်လေ၏။ အနမတဂ္ဂ အနာဂတ် ဝဋ္ဋဒုက္ခ၏ ချုပ်ငြိမ်းခြင်းကို ရပေပြီ၊ ရောက်ပေပြီ။ ဤမျှလောက်သော ဝဋ္ဋဒုက္ခတို့၏ချုပ်ငြိမ်းခြင်းကို ရပေပြီ ရောက်ပေပြီ ဟု အတုမရှိ ကြီးမြတ်သော ပီတိသောမနဿကို ဖြစ်စေ၍ နေရလေ၏။

http://www.dhammadownload.com



**ဥပမာ။** ။ ဥပမာကား– အစိုးရက တစ်ယောက်သောသူအား ထောင်တစ်သက် လွတ်ရက်မရှိ ထောင်ဒဏ်ပေးလေ၏။ (၄) ရက်၊ (၅) ရက်နေမိသော် ယခုနေ့ နေထွက် မှ (၇) ရက်မျှသာ ထောင်မှာနေစေ၊ ၇ ရက်ပြည့်လျှင် လွတ်စေ ဟူသောအမိန့်ကို ရပြန်၏။ (၇) ရက်မှအထက် အသက်ထက်ဆုံး ခံရလတ္တံ့သော ထောင်ဒဏ်သည် ထိုအမိန့် ထုတ်သည်နှင့် တစ်ပြိုင်နက် တစ်ချက်တည်း ငြိမ်းလေ၏။ ထိုသူသည် ထိုငြိမ်းချက်ကို ရလေ၏။ ရောက်လေ၏။ ၇ ရက်မှအထက် ငြိမ်းချက်ကို (၇) ရက်စေ့မှရသည်မဟုတ်။ ငါ့မှာ (၇) ရက် ဒုက္ခသာရှိတော့သည်။ (၇) ရက်မှအထက် ဒုက္ခငြိမ်းပေ ပြီဟု အလွန်ဝမ်းမြောက်ရ၏။

**(ဤဥပမာအတိုင်းမှတ်လေ။)**

**ဥပမာတစ်နည်း။** ။ တစ်နည်း – လူတစ်ယောက်မှာ တစ်ကျပ်တန်ပြစ်မှု အတွက် (၇) ရက် ထောင်ဒဏ်ပေးလေ၏။ တစ်ဖန် ထိုနေ့မှာပင် တစ်ယောက်သော သူ၏ စွဲဆိုချက် တစ်ရာတန်ပြစ်မှုအတွက်နှင့် (၇) လထောင်ဒဏ်ပေးပြန်လေ၏။ တစ်ဖန် တစ်ယောက်သောသူ၏စွဲဆိုချက် တစ်ထောင်တန်ပြစ်မှုအတွက်(၇) နှစ် ထောင် ဒဏ် ပေးရပြန်လေ၏။ ထိုနေ့မှာပင် ထောင်သို့ချလေ၏။ ထိုနေ့မှာပင် တစ်ရာတန်မှု၊ တစ်ထောင်တန်မှု လွတ်ငြိမ်းစေဟူသော စီရင်ချက်ကို ရပြန်လေ၏။ ရသည်နှင့်တစ်ပြိုင် နက် (၇) လ၊ (၇) နှစ် ထောင်ဒဏ်မှု ငြိမ်းလေ၏။ (၇) ရက် ထောင်ဒဏ်မှုသာ မငြိမ်းဘဲကျန်ရှိ လေ၏။

ဤဥပမာ၌လည်း ထို (၇) လ၊ (၇) နှစ် ထောင်ဒဏ်ဒုက္ခသည် လွတ်စေအမိန့် ရသည်နှင့် တစ်ပြိုင်နက် ငြိမ်းလေ၏။ ငြိမ်းခြင်းကို ထိုသူရလေ၏။ ရောက်လေ၏။

**ဥပမာတစ်နည်း။** ။ တစ်နည်း– တစ်ယောက်သောသူမှာ ကြေးငွေ တစ်သိန်း ကြွေးတင်လေ၏။ ကြံဖန်၍ ဆပ်ပေးလေသော် (၇) ကျပ်မျှ ကျန်ရှိလေ၏။ ၇ ကျပ် တွက်သာ ပူပန်ရတော့သည်။ (၉၉၉၉၃)ကိုးသောင်းကိုးထောင် ကိုးရာကိုးဆယ့်သုံးကျပ် တွက် အေးပြီး ငြိမ်းပြီး ဖြစ်လေ၏။ ထိုအေးမှု၊ ငြိမ်းမှုကို ရလေ၏။ ရောက်လေ၏။ တစ်ယောက်သောသူမှာ အနာအပေါင်း တစ်ထောင်၊ တစ်ကိုယ်လုံးပေါက်၍ အလူးအလဲ ခံနေရ၏။ ဆေးတွေ့၍ အနာပေါင်း (၉၉၃)ကိုးရာကိုးဆယ့်သုံးလုံး ပျောက်ငြိမ်းလေ၏။ ခြေမှာ ကျန်ရှိသော အနာငယ်ပေါင်း (၇) လုံး အတွက်သာ ခံရတော့သည်။

ဤသို့သော ဥပမာများကဲ့သို့ သောတာပန်ပုဂ္ဂိုလ်သည်လည်း အပါယ်မှ ဒုက္ခ ၏ အပြီးငြိမ်းခြင်း (၇) ဘဝမှ အထက် အနမတဂ္ဂ ဝဋ်ဒုက္ခ၏ အပြီးငြိမ်းခြင်းဟူသော အကျိုးထူး အခွင့်ထူးကို အပြီးရလေ၏။ အလွန်ဝမ်းမြောက်ဝမ်းသာခြင်း သောမနဿ နှင့် ခံစားရလေ၏။ စံစားရလေ၏။

http://www.dhammadownload.com



**ဒုတိယသုတ်**။ ။ ဒုတိယသုတ်၌ အလျား အနံ၊ အစောက် ယူဇနာ (၅၀) ရှိသော အကုန်ပြည့်သော ရေရှိသော ရေအိုင်ကြီးမှာ သမန်းမြက်ဖျားဖြင့် ထုတ်ယူသော ရေပေါက်ငယ် တစ်ခုနှင့် တစ်အိုင်လုံးရှိ ရေကို နှိုင်းယှဉ်သော ဥပမာလာ၏။

**တတိယသုတ်**။ ။ တတိယသုတ်မှာ မြစ်ကြီး၅သွယ်ရှိရေနှင့် ထိုမြစ်ကြီး (၅) သွယ်မှ ထုတ်ယူအပ်သော (၂) ခု၊ (၃) ခုသော ရေပေါက်ငယ် ဥပမာလာ၏။

**စတုတ္ထသုတ်**။ ။ စတုတ္ထသုတ်မှာ (၂) ခု၊ (၃) ခုသော ရေပေါက်ငယ်ကို ချန်လှပ် ၍ မြစ်ကြီး (၅) သွယ်ရှိ အကုန်ခန်းခြောက်လေရာ ကျန်သော ရေပေါက်ငယ် (၂) ခုနှင့် (၃) ခုနှင့် ကုန်ခန်းလေသော ရေစုဥပမာလာ၏။

**ပဉ္စမသုတ်**။ ။ ပဉ္စမသုတ်မှာ ဆီးစေ့ခန့်ရှိသော မြေလုံးငယ် (၇) ခုနှင့် မဟာပထဝီမြေကြီး ဥပမာလာ၏။

**ဆဋ္ဌမသုတ်**။ ။ ဆဋ္ဌမသုတ်မှာ ဆီးစေ့ခန့်ရှိသော မြေလုံးငယ် ၇ ခုကို ချန်လှပ်၍ မဟာပထဝီမြေကြီးကုန်လေရာ ကျန်သောမြေနှင့် ကုန်သောမြေ ဥပမာလာ၏။

**သတ္တမသုတ်**။ ။ သတ္တမသုတ်မှာ မဟာသမုဒ္ဒရာ ၄ စင်းရေနှင့် ထိုမှထုတ်ယူအပ်သော ရေပေါက်ငယ် (၂) ခု၊ (၃) ခု ဥပမာလာ၏။

**အဋ္ဌမသုတ်**။ ။ အဋ္ဌမသုတ်မှာ (၂) ခု၊ (၃) ခုသော ရေပေါက်ငယ်ကို ချန်လှပ်၍ သမုဒ္ဒရာ (၄) စင်းရေ ကုန်ခန်းလေသော ဥပမာလာ၏။

**နဝမသုတ်**။ ။ နဝမသုတ်မှာ မုန်ညင်းစေ့ခန့်ရှိသော ကျောက်သားငယ် (၇) ခု နှင့် ယူဇနာ (၃၀၀၀) ရှိသော ဟိမဝန္တာတောင် ဥပမာလာ၏။

**ဒသမသုတ်**။ ။ ဒသမသုတ်မှာ ထိုကျောက်သားငယ် (၇) ခုကို ချန်လှပ်၍ ဟိမဝန္တာတောင် ကုန်ခြင်းရောက်လေရာ ထိုကျန်သော ကျောက်သားငယ် (၇) ခုနှင့် ကုန်ခြင်းရောက်လေရာ ဟိမဝန္တာရှိ ကျောက်စု ဥပမာလာ၏။

ဤဒေသနာတော်စုကား - သောတာပတ္တိမဂ်သို့ အဆိုက်တွင် အနာဂတ်သံသရာ ခန္ဓာဒုက္ခ အနမတဂ္ဂတို့၏ ချုပ်ငြိမ်းမှုကို ပဓာနပြု၍ ဟောတော်မူသော သုတ္တန်ဒေသနာစုပေတည်း။

**ဤတွင် ရှေ့ကား ကြွင်းသောဒုက္ခနှင့် ချုပ်ပြီးဒုက္ခ နှိုင်းယှဉ်ပုံပြီး၏။**

http://www.dhammadownload.com



# ခန္ဓာချုပ်ငြိမ်းမှုမှာ အပဓာနဖြစ်ပုံ

ရှေး၌ပြဆိုခဲ့သော နိရောဓသစ္စာ၏ နိဒ္ဒေသတို့၌ ကိလေသာတို့၏ ချုပ်ငြိမ်းခြင်းဟူသော သဉပါဒိသေသနိဗ္ဗာန်ကို ပဓာနပြု၍ ဟောတော်မူသည်။ ဤနိဒါနဝဂ္ဂသံယုတ် သုတ်ပေါင်း (၁၀)တို့၌ကား အကျိုးဖြစ်သော ခန္ဓာတို့၏ ချုပ်ငြိမ်းခြင်းဟူသော အနုပါဒိသေသ နိဗ္ဗာန်ကို ပဓာနပြု၍ ဟောတော်မူသည်။

ထို(၂)ပါးတို့တွင် နိရောဓသစ္စာ၏ နိဒ္ဒေသတို့၌လာသော ကိလေသာတို့၏ ချုပ်ငြိမ်းမှုသည်သာ ပဓာနဖြစ်သည်။ ခန္ဓာတို့၏ ချုပ်ငြိမ်းမှုသည်ကား ကိလေသာတို့၏ ချုပ်ငြိမ်းမှုမှာ တစ်ချက်တည်း တစ်လုံးတည်း ပါလေတော့သည်။ ထို့ကြောင့် အဘိဓမ္မာ ပါဠိတော်တို့၌ ကိလေသာတို့ကိုသာ မဂ်ဖြင့် ပယ်ခြင်းငှာထိုက်သော "ပဟာတဗ္ဗဓမ္မ"တို့ ဟူ၍ ဟောတော်မူသည်။ အကျိုးခန္ဓာတို့ကိုမူကား မဂ်ဖြင့် ပယ်ခြင်းငှာ မထိုက်သော "အပဟာတဗ္ဗဓမ္မ"တို့ ဟူ၍ ဟောတော်မူသည်။

ထို့ကြောင့် စတုသစ္စဒေသနာတို့၌ နိရောဓ အရိယသစ္စာ၏ နိဒ္ဒေသတွင် ပဓာနပြု၍ ဟောတော်မူသော ကိလေသာတို့၏ ချုပ်ငြိမ်းမှုဟူသော ကိလေသနိဗ္ဗာန်ဟု ဆိုအပ်သော သဉပါဒိသေသနိဗ္ဗာန်ကို နိရောဓအရိယ သစ္စာထိုက်သော အသင်္ခတဓာတ် ပရမတ်နိဗ္ဗာန်ကြီးမဟုတ်ဟု မဆိုထိုက်။

သောတာပတ္တိမဂ်ခဏ၌ ချုပ်ငြိမ်းကြကုန်သော ကိလေသာတို့သည်လည်း ဘယ်အခါမှာ မြို၍လာလိမ့်ဦးမည်။ တစ်ဖန်ဖြစ်ပေါ်လာလိမ့်ဦးမည်ဟု မရှိပြီ။ အပြီးအဆုံး ချုပ်ငြိမ်းကြလေကုန်၏။ အနုပါဒိသေသနိဗ္ဗာန်နှင့် တစ်ဆက်တည်း တစ်ပြင်တည်း တစ်ပေါင်းတည်း တစ်ခုတည်း ဆက်လေတော့သည်။ ချုပ်ငြိမ်းမှုအတိုင်း အနမတဂ္ဂ သံသရာနှင့်အမျှ အမြဲတည်လေတော့သည်။ ဘယ်အခါမှ ချုပ်ငြိမ်းမှု မြဲပြန်၍ သက္ကာယဒိဋ္ဌိ ဖြစ်ပေါ်လာပြန်သည်။ ဝိစိကိစ္ဆာဖြစ်ပေါ်လာပြန်သည်ဟု မရှိပြီ။ ထို့အတူ သောတာပတ္တိမဂ်ခဏ၌ ချုပ်ငြိမ်းကြလေကုန်သော အပါယဒုက္ခဝဋ္ဋဒုက္ခတို့ သည်လည်း နောင်တစ်ဖန် ချုပ်ငြိမ်းမှု ပျက်ပြန်၍ ပေါ်လာပြန်သည်ဟု မရှိကုန်ပြီ။

ဤသို့သော ချုပ်ငြိမ်းခြင်းအခွင့်ကို ရခြင်းငှာ ရောက်ခြင်းငှာ၊ ဘဝများစွာ၊ ကမ္ဘာများစွာ ပါရမီတရားတို့ကို ဖြည့်ကျင့်၍လာရသည်။ တစ်ဘဝနှင့်လည်း မရနိုင်သေး။ မရောက်မပေါက်နိုင်သေး။ ၂ ဘဝနှင့်လည်း မရနိုင်၊ မရောက်နိုင်သေး။ ဘဝများစွာ ကြာလှ၍ သောတာပတ္တိမဂ်ကို ရမှ ရနိုင်လေသည်။ သောတာပတ္တိမဂ်သို့ ရောက်မှ ရောက်နိုင်လေသည်။ ထို့ကြောင့် သောတာပန်အဖြစ်သို့ ရောက်သောအခါ အချို့သော ကိလသာတို့၏ အပြီးချုပ်ငြိမ်းမှုဟူသော သဉပါဒိသေသ အမည်ရသော

http://www.dhammadownload.com



အသခ်တဓာတ် ပရမတ်နိဗ္ဗာန်ကြီးသို့ တစ်စိတ်တစ်ဒေသအားဖြင့် ကေန္တ ရောက်သည်သာ ဖြစ်သတည်း။

တစ်ကိုယ်လုံးမှာ မီးလောင်၍ အလွန်အေးမြသော ရေရှိသော မြစ်ကြီးတွင်း၊ အိုင်ကြီးတွင်းသို့ ဆင်းသောသူသည် ကမ်းနားအစ လက်တစ်သစ်ခန့်ရှိ ရေသို့ရောက်သည်မှစ၍ ကိုယ်လုံးမြုပ်အောင် ဆင်းလေ ငုပ်လေ၍ မီးပူ အကုန်လုံးငြိမ်းလေရာ၌ ကိုယ်မှာ လက်တစ်သစ်ခန့်ကစ၍ မီးပူငြိမ်းလေ၏။ တစ်ကိုယ်လုံးငြိမ်းသည်နှင့် တစ်ဆက်တည်း ဆက်မိ၍ အငြိမ်းတစ်ခုတည်းဖြစ်လေသကဲ့သို့ မှတ်လေ။

(ဤကား သဉပါဒိသေသ နိဗ္ဗာန်သည်လည်း အသခ်တဓာတ် ပရမတ်အစစ်အမှန်ဖြစ်၏။ ထိုနိဗ္ဗာန်သို့လည်း သောတာပန်အဖြစ်မှစ၍ ရ၏၊ ရောက်၏ ဟု ဆိုလိုက်သော ငါတို့၏ အယူပေတည်း။ နှစ်ခြိုက်ရာယူလေ။)

**ခန္ဓာချုပ်ငြိမ်းမှုမှာ အပဓာနဖြစ်ပုံပြီး၏။**

■

## "ဒွေမာ"စသောပါဠိတော်အရ စိစစ်ပုံ"

**ပရိနိဗ္ဗုတ ပုဂ္ဂိုလ်အပြား။** ။ ဤအရာ၌ ပရိနိဗ္ဗာန်စံပြီး၊ ငြိမ်းပြီးဟု ဆိုအပ်သော ပရိနိဗ္ဗုတ ပုဂ္ဂိုလ်အပြားကို ပြဆိုဦးအံ့ –

၁။ ကိလေသာတို့၏ အကုန်ချုပ်ငြိမ်းခြင်း ဟူသော သဉပါဒိသေသ နိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန်စံပြီးသော ပရိနိဗ္ဗုတ (၁)ပါး။

၂။ ခန္ဓာတို့၏ အကုန်ချုပ်ငြိမ်းခြင်း ဟူသော အနုပါဒိသေသ နိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန်စံပြီးသော ပရိနိဗ္ဗုတ (၁)ပါး၊ ဤသို့အားဖြင့် (၂)ပါးရှိ၏။

ထို(၂)ပါးတို့တွင် အရဟတ္တမဂ်ကိုရ၍ သဉပါဒိသေသ နိဗ္ဗာနဓာတ်ဖြင့် ကိလေသ ပရိနိဗ္ဗာန်စံပြီးသော ရဟန္တာပုဂ္ဂိုလ်ကိုလည်း ကျမ်းဂန်တို့၌ ပရိနိဗ္ဗုတပုဂ္ဂိုလ်ဟူ၍ လာ၏။ အရိယာပုဂ္ဂိုလ်အဖြစ်သို့ရောက်လျှင်ပင် နိဗ္ဗာန်ကိုရသည်။ နိဗ္ဗာန်သို့ ရောက်ပြီ၊ ရဟန္တာအဖြစ်သို့ ရောက်လျှင်ပင် နိဗ္ဗာန်၌ တည်နေပြီ။

(ဤကား – အရိယာပုဂ္ဂိုလ်အဖြစ်သို့ ရောက်လျှင်ပင် နိဗ္ဗာန်ကို ရသောသူ၊ နိဗ္ဗာန်သို့ ရောက်သောသူ ဆိုရကြောင်းကို ယုတ္တိဥပမာတို့ဖြင့် ပြဆိုချက်တည်း။)

**ကျမ်းဂန်တို့၌ဆိုရိုး။** ။ ကျမ်းဂန်တို့၌ပင် ဆိုရိုးဆိုစဉ် ထင်ရှားစွာလာရှိသည်ကို အမြွက်မျှ ပြဆိုဦးအံ့ –

http://www.dhammadownload.com



အနုကမ္ပကဿ ကုသလဿ၊ ဩဝါဒမှိ အဟံ ဋ္ဌိတာ။
အဇ္ဈဂါ အမတံ သန္တိံ၊ နိဗ္ဗာနံ ပဒမစ္စုတံ။ ။
(ဝိမာနဝတ္ထု ပါဠိတော်။)

အဇ္ဈဂါအဓိဂစ္ဆိံ။ ။ ၎င်းအဋ္ဌကထာ။

အဟံ၊ ငါသည်။ အနုကမ္ပကဿ၊ လူ့ဥပါးကို သနားတော်မူပေသော။ ကုသလဿ၊ အရာခပ်သိမ်း၌ အတုမရှိ လိမ္မာတော်မူသော မြတ်စွာဘုရား၏။ ဩဝါဒမှိ၊ ဩဝါဒ၌။ ဋ္ဌိတာ – ပတိဋ္ဌိတာ၊ တည်ရသည်ဖြစ်၍။ အစ္စုတံ၊ ရွေ့ခြင်းမရှိသော။ အမတံ၊ သေခြင်း ကင်းသော။ သန္တိံ၊ ငြိမ်းသော။ ပဒံ၊ ရောက်အပ်သော။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ အဇ္ဈဂါ၊ ရပြီ၊ ရောက်ပြီ။ ။ (ဤကား – အနက်။)

(ဤကား သောတာပန် နတ်သမီး၏ မိမိကိုယ်ကို နိဗ္ဗာန်သို့ ရောက်ကြောင်း၊ နိဗ္ဗာန်ကို ရကြောင်းကို အရှင်မောဂ္ဂလာန်အား လျှောက်ထားသောဂါထာပေတည်း။)

အဘယ်နိဗ္ဗာန်ကို ရသနည်း ဟူကြားအံ့၊ မိမိသန္တာန်၌ ရှိ၍နေသော သက္ကာယဒိဋ္ဌိ၊ ဝိစိကိစ္ဆာတို့၏ မိမိသန္တာန်၌ ချုပ်ငြိမ်းခြင်းကို ကိုယ်တွေ့၊ ဉာဏ်တွေ့– အတွေ့ (၂)မျိုး ထင်ရှားရှိပေသောကြောင့် သဉပါဒိသေသနိဗ္ဗာန်ဟု ဆိုအပ်သော ကိလေသနိဗ္ဗာန်ကိုလည်း ရ၏။ ရောက်၏။ အပါယ်ခန္ဓာတို့၏ ချုပ်ငြိမ်းမှု (၇) ဘဝမှအထက် အနမတဂ္ဂဘဝခန္ဓာတို့၏ ချုပ်ငြိမ်းမှု၊ ဤခန္ဓာတို့၏ ချုပ်ငြိမ်းမှုသည် ကိလေသာချုပ်ငြိမ်းမှုနှင့် (၂)ထွေမပြား တစ်ပါးတည်း တစ်ခုတည်းပင် ဖြစ်လေရကား ထိုခန္ဓာတို့၏ ချုပ်ငြိမ်းမှုအတွက်နှင့် ခန္ဓနိဗ္ဗာန်ကိုလည်း ရ၏။ ရောက်၏။

**(ဤကား သောတာပန်အဖြစ်သို့ ရောက်လျှင်ပင် နိဗ္ဗာန်ရ၊ နိဗ္ဗာန်ရောက်ဆိုရသော သာဓက ပါဠိတည်း။)**

သကဒါဂါမ်၊ အနာဂါမ်တို့၌ ဆိုဖွယ်မရှိ၊ ရဟန္တာအဖြစ်သို့ ရောက်သော ပုဂ္ဂိုလ် ကိုမူကား အရဟတ္တမဂ်ခဏ၌ ပရိနိဗ္ဗာန်စံဆဲ ပုဂ္ဂိုလ် ဟူ၍ ဆိုရိုးဆိုစဉ်လာ၏။ အရဟတ္တဖိုလ်သို့ ရောက်သောအခါ၌ ပရိနိဗ္ဗာန်စံပြီး ပရိနိဗ္ဗုတပုဂ္ဂိုလ် – ဟူ၍ ဆိုရိုးဆိုစဉ်လာ၏။

သန္တိ ခေါ ဒေဝါနမိန္ဒ စက္ခုဝိညေယျာ ရူပါ ဣဋ္ဌာ ကန္တာ မနာပါ ပိယ ရူပါ ကာမူပသဉှိတာ ရဇနိယာ၊ တဉ္စေ ဘိက္ခု န အဘိနန္ဒတိ၊ န အဘိဝဒေတိ၊ န အဇ္ဈောသာယ တိဋ္ဌတိ၊ တဿ တံ န အဘိနန္ဒတော န အဘိဝဒတော န အဇ္ဈောသာယ တိဋ္ဌတော နတံ နိဿိတံ ဝိညာဏံ ဟောတိ၊ တဒုပါဒါနံ အနုပါဒါနော ဒေဝါနမိန္ဒ ဘိက္ခု ပရိနိဗ္ဗာယတိ။

http://www.dhammadownload.com



ဏ္ဍဇဖြစ်သော အဆင်း ဟူသော ရူပါရုံကို သာယာခြင်း စွဲလမ်းခြင်းရှိသောသူသည် ပရိနိဗ္ဗာန်မစံ၊ ဏ္ဍဇ ဖြစ်သော အဆင်း ဟူသော ရူပါရုံကို သာယာခြင်း စွဲလမ်းခြင်း ပြတ်ကင်းသောသူသည် ဤမျက်မှောက်ဘဝ၌ပင် ပရိနိဗ္ဗာန်စံ၏။ ရူပါရုံ၌ အပြန်အလှန် (၂)ဝါရ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ၊ ဓမ္မာရုံ တို့၌လည်း (၂)ဝါရစီ၊ ပေါင်း (၁၂)ဝါရ။

ဤလောက၌ အချို့သော ဆရာတို့သည် မျက်မှောက်၌ပင် ငြိမ်းကြကုန်၏။ အချို့သော ဆရာတို့သည် မငြိမ်းကြကုန်။ အကြောင်းအဘယ်သို့နည်း ဟု သိကြားမင်း လျှောက်ထားချက်၊ ပဉ္စသိခ နတ်သား လျှောက်ထားချက်အရ ဟောတော်မူသော သဠာယတန သံယုတ်ပါဠိတော် (အင်္ဂုတ္တိုရ် ပါဠိတော်၌ကား–အရှင်အာနန္ဒာ ဟောသော အရာ လာ၏။) ဤ ပါဠိတော်မှာ အရဟတ္တမဂ်သို့ ရောက်သော် ဥပါဒန် ပြတ်ကင်းသော ပုဂ္ဂိုလ်ကို ပရိနိဗ္ဗာယတိ–ဆိုသည်။ ။

(ပရိနိဗ္ဗာယတိ၊ ကိလေသာမီးငြိမ်း၏။ ဝါ၊ ကိလေသာ ပရိနိဗ္ဗာန်စံ၏။) (ဤကား အနက်။)

(ဤကား– အရဟတ္တမဂ္ဂဋ္ဌာန်ကို ပရိနိဗ္ဗာန်စံ ပုဂ္ဂိုလ်ဆိုရသော သာဓကပါဠိတော်တည်း။)

**နိဗ္ဗာန်၌ တည်နေသော ပုဂ္ဂိုလ်။** ။ ရဟန္တာ ပုဂ္ဂိုလ်ကိုကား နိဗ္ဗာန်၌ တည်နေသော ပုဂ္ဂိုလ် ဟူ၍လည်းကောင်း၊ ကိလေသနိဗ္ဗာန်ဖြင့် ပရိနိဗ္ဗာန်စံပြီးသော ပရိနိဗ္ဗုတ ပုဂ္ဂိုလ် ဟူ၍လည်းကောင်း၊ များစွာလာရှိ၏။

ကထဥ္စ ပုဂ္ဂလော ဥမ္မုဇ္ဇိတွာ တိဏ္ဏော ဟောတိ ပါရင်္ဂတော ထလေ၊ တိဋ္ဌတိ ဗြာဟ္မဏော။

သော အာသဝါနံ ခယာ အနာသဝံ စေတောဝိမုတ္တိံ ပညာဝိမုတ္တိံ ဒိဋ္ဌေဝ ဓမ္မေ သယံ အဘိညာ သစ္ဆိကတွာ ဥပသမ္ပဇ္ဇ ဝိဟရတိ၊ ဧဝံ ပုဂ္ဂလော ဥမ္မုဇ္ဇိတွာ တိဏ္ဏော ဟောတိ ပါရင်္ဂတော၊ ထလေ တိဋ္ဌတိ ဗြာဟ္မဏော။

ကထဥ္စ၊ အဘယ်သို့လျှင်။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်။ ဥမ္မုဇ္ဇိတွာ၊ ဝဋ်မှပေါ်၍။ တိဏ္ဏော၊ ကူးမြောက်ပြီးမည်သည်။ ပါရင်္ဂတော၊ နိဗ္ဗာန် တည်းဟူသော ကမ်းတစ်ဖက်သို့ ပေါက်ရောက်ပြီး မည်သည်။ ထလေ၊ နိဗ္ဗာန် တည်းဟူသော ကြည်းသောင်ထက်၌။ တိဋ္ဌတိ၊ တည်နေသော။ ဗြာဟ္မဏော၊ သူမြတ်မည်သည်။ ဟောတိ၊ ဖြစ်သနည်း။

သော၊ ထိုပုဂ္ဂိုလ်သည်။ အာသဝါနံ၊ အာသဝေါတရားတို့၏။ ခယာ၊ ကုန်ခြင်းကြောင့်။ အနာသဝံ၊ အာသဝေါ ကင်းရှင်းသော။ စေတောဝိမုတ္တိံ၊ စိတ်၏ ကျွတ်လွတ် ခြင်းကိုလည်းကောင်း။ ပညာဝိမုတ္တိံ၊ ပညာဖြင့် ကျွတ်လွတ်ခြင်းကို

http://www.dhammadownload.com



လည်းကောင်း။ ဒိဋ္ဌေဝ ဓမ္မေ၊ မျက်မှောက်သောဘဝ၌သာလျှင်။ သယံ၊ ကိုယ်တိုင်။ အဘိညာ၊ သိ၍။ သစ္ဆိကတွာ၊ မျက်မှောက်ပြု၍။ ဥပသမ္ပဇ္ဇ၊ ဆိုက်ရောက်၍။ ဝိဟာရတိ၊ နေ၏။ ဓဝံ၊ ဤသို့။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်။ ဥမ္မုဇ္ဇိတွာ၊ ဝဋ်မှပေါ်၍။ တိဏ္ဏော၊ ကူးမြောက်ပြီး မည်သည်။ ပါရင်္ဂတော၊ နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ပေါက်ရောက်ပြီး မည်သည်။ ထလေ၊ နိဗ္ဗာန် တည်းဟူသော ကြည်းသောင်ထက်၌။ တိဋ္ဌတိ၊ တည်နေ သော။ ဗြာဟ္မဏော၊ သူမြတ်မည်သည်၊ ဟောတိ၊ ဖြစ်၏။

ထလေ တိဋ္ဌတိ ဗြာဟ္မဏောတိ ဗြာဟ္မဏော ထလေ တိဋ္ဌတိ၊ ဒီပေ တိဋ္ဌတိ၊ တာဏေ တိဋ္ဌတိ၊ လေဏေ တိဋ္ဌတိ၊ ပရာယနေ တိဋ္ဌတိ၊ သရဏေ တိဋ္ဌတိ နိဗ္ဗာနေ တိဋ္ဌတိ။

**(မဟာနိဒ္ဒေသပါဠိတော်။)**

ဤသို့လာသော အင်္ဂုတ္တိုရ် ပါဠိတော်၊ ပုဂ္ဂလပညတ် ပါဠိတော်၊ မဟာနိဒ္ဒေသ ပါဠိတော်များကို ထောက်၍ အရဟတ္တဖိုလ်သို့ ရောက်ပြီးသော ရဟန္တာပုဂ္ဂိုလ်ကို နိဗ္ဗာန် ဟူသော တစ်ဖက်ကမ်းသို့ ရောက်ပြီးသော ပုဂ္ဂိုလ်၊ သဉပါဒိသေသ၌ နိဗ္ဗာန် စံနေသော ပုဂ္ဂိုလ် ဟူ၍ ကျမ်းဂန်ဆိုရိုးအစဉ်ရှိကြောင်းကို သိအပ်သည်။

**ရဟန္တာပရိနိဗ္ဗုတပုဂ္ဂိုလ်။** ။ ထိုရဟန္တာပုဂ္ဂိုလ်ကိုပင်လျှင် သဉပါဒိသေသ နိဗ္ဗာန ဓာတ်ဖြင့် ကိလေသ ပရိနိဗ္ဗာန်စံပြီး ဖြစ်သည်ကို အစွဲပြု၍ "ပရိနိဗ္ဗုတပုဂ္ဂိုလ်" ခေါ်ဆိုသော အရိုးအစဉ်သည်ကား ကျမ်းဂန်တို့၌ အလွန်များစွာလာ၏။

ဒဗ္ဗော သော ပရိနိဗ္ဗုတော ဌိတတ္တော။

ဒဗ္ဗော၊ ဒဗ္ဗ အမည်ရှိသော။ ဝါ၊ ပညာနှင့် ပြည့်စုံသော။ သော အဟံ၊ ထိုငါ သည်။ ပရိနိဗ္ဗုတော၊ ကိလေသာမီးငြိမ်းပေပြီ။ ဝါ၊ ပရိနိဗ္ဗာန်စံရပေပြီ။ ဌိတတ္တော၊ မရွေ့မယိုင် ခိုင်ခံ့တည်တံ့သော သဘောသို့ ရောက်ပေပြီ။ (ဒဗ္ဗမထေရ် မိမိကိုယ်ကို မိမိဆိုသော ပါဠိအနက်။) ဤဒဗ္ဗထေရ ဂါထာ၌ ရဟန္တာပုဂ္ဂိုလ်ကို ပရိနိဗ္ဗုတပုဂ္ဂိုလ် ဆိုသည်။

ဒန္တော သော ပရိနိဗ္ဗုတော ဌိတတ္တော။
(အလ္လိယထေရ ဂါထာ ပါဠိတော်။)

ဝိရော သော ပရိနိဗ္ဗုတော ဌိတတ္တော။
(ဝိရထေရ ဂါထာ ပါဠိတော်။)

သီတိ ဘူတောသ္မိ နိဗ္ဗုတော။
(ရက္ခိတထေရဂါထာပါဠိတော်။)

http://www.dhammadownload.com



သေသကေနမှိ နိဗ္ဗုတော။

(ဒဏ္ဍသုမနထေရဂါထာ ပါဠိတော်။)

ဤသို့ အစရှိသည်ဖြင့် ရဟန္တာအဖြစ်သို့ ရောက်ပြီးသော ပုဂ္ဂိုလ်ကို သဥပါဒိသေသနိဗ္ဗာနဓာတ်ဖြင့် ကိလေသ ပရိနိဗ္ဗာန်စံပြီးဖြစ်ပေသည်နှင့် ပရိနိဗ္ဗုတ ပုဂ္ဂိုလ်ခေါ်ဆိုသော အရိုးအစဉ်သည် ကျမ်းဂန်တွင် အထင်အရှား အများအပြားလာရှိပါ၏။ ထိုမှတစ်ပါးလည်း နဝနိပါတ်အင်္ဂုတ္တိုရ်ပါဠိတော်၌-

ခေမပ္ပတ္တော ခေမပ္ပတ္တောတိ အာဝုသော ဝုစ္စတိ၊ ကိတ္တာဝတာ နုခေါ အာဝုသော ခေမပ္ပတ္တော ဝုတ္တော ဘဂဝတာတိ။

ဣဓာဝုသော ဝိဝိစ္စေဝ ကာမေဟိ ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟိ သဝိတက္ကံ သဝိစာရံ ဝိဝေကဇံ ပီတိသုခံ ပဌမံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ၊ ဧတ္တာဝတာ ခေါ အာဝုသော ခေမပ္ပတ္တော ဝုတ္တော ဘဂဝတာ ပရိယာယေနာတိ။

အစရှိသည်ဖြင့် ပဌမဈာန်ကိုရသော ပုဂ္ဂိုလ်မှစ၍ နိရောဓသမာပတ်ကို ဝင်စား သော ပုဂ္ဂိုလ်၊ ရဟန္တာအဖြစ်သို့ ရောက်သော ပုဂ္ဂိုလ်တိုင်အောင် ဝါရပေါင်း(၉)ဝါရ၊ ခေမပ္ပတ္တပုဂ္ဂိုလ်ပေါင်း တစ်ကျိပ်လာ၏။ ။ (ခေမပ္ပတ္တော၊ ဘေးကင်းရာနိဗ္ဗာန်သို့ ရောက် ပေါက်ပြီးသော ပုဂ္ဂိုလ်ဆိုလိုသည်။)

ထိုခေမပ္ပတ္တပုဂ္ဂိုလ် တစ်ကျိပ်တွင် ရှေ့ (၇) ယောက်ကား ဝိက္ခမ္ဘနနိဗ္ဗာန်သို့ရောက်သည်။ ထို့ကြောင့် 'ပရိယာယေန'ဟု ဟောတော်မူသည်။ နောက်(၂)ယောက်ကား အနာဂါမ်ပုဂ္ဂိုလ်၊ ရဟန္တာပုဂ္ဂိုလ်ပေတည်း။ နိရောဓ သမာပတ်နှင့် သဥပါဒိသေသ နိဗ္ဗာန်သို့ရောက်သည်ကို "ခေမပ္ပတ္တ" ဆိုပေသည်။ ထို့ကြောင့် နောက်ဝါရ၌ "နိပ္ပရိယာယေန" ဟု ဟောတော်မူသည်။

ထို့အတူ"အမတပ္ပတ္တော အမတပ္ပတ္တောတိ အာဝုသော ဝုစ္စတိ" ချီ၍ ဝါရပေါင်း (၉) အမတပ္ပတ္တပုဂ္ဂိုလ်ပေါင်း တစ်ကျိပ်လာ၏။ ။ (အမတပ္ပတ္တော၊ အမြိုက်နိဗ္ဗာန်သို့ ရောက်သောပုဂ္ဂိုလ် ဆိုလိုသည်။)

ထို့နောက် "အဘယပ္ပတ္တော အဘယပ္ပတ္တောတိ အာဝုသော ဝုစ္စတိ"ချီ၍ ဝါရပေါင်း (၉) အဘယပ္ပတ္တပုဂ္ဂိုလ်ပေါင်း တစ်ကျိပ်လာ၏။ ။ (အဘယပ္ပတ္တော၊ ဘေးကင်းရာ နိဗ္ဗာန်သို့ရောက်သော ပုဂ္ဂိုလ်ဆိုလိုသည်။)

ဤသို့လျှင် ပါဠိတော်၌ နိဗ္ဗာန်ရောက် ပုဂ္ဂိုလ်ပေါင်း (၃)ကျိပ်လာ၏။ ထို(၃)ကျိပ် တွင်လည်း (၂)ကျိပ် (၄)ယောက်မှာ ဝိက္ခမ္ဘနနိဗ္ဗာန်သို့ ရောက်သည်ကို ဆိုသည်။ (၆) ယောက်မှာ နိရောဓသမာပတ်တည်းဟူသော မုချနိဗ္ဗာန်၊ သဥပါဒိသေသ နိဗ္ဗာနဓာတ်တည်းဟူသော မုချနိဗ္ဗာန်သို့ ရောက်သည်ကို ဆိုသည်။

http://www.dhammadownload.com



ဝိက္ခမ္ဘနနိဗ္ဗာန်သို့ရောက်သည်ကိုပင် နိဗ္ဗာန်ရောက် ပုဂ္ဂိုလ်ဟု ဆိုရိုးဆိုစဉ် ရှိပေ တပြီးကား သမုစ္ဆေဒနိဗ္ဗာန်သို့ရောက်သော သောတာပန်ပုဂ္ဂိုလ်၊ သကဒါဂါမ်ပုဂ္ဂိုလ် တို့ကို နိဗ္ဗာန်ရောက်ပုဂ္ဂိုလ်ဟု မဆိုသင့်ဘဲ ရှိပါချေအံ့နည်း။

[ဤသည်ကား သဉပါဒိသေသ နိဗ္ဗာန်သည်လည်း အသခ်တဓာတ် ပရမတ် အစစ်အမှန်ဖြစ်၏ 'ဟူ၍ လည်းကောင်း၊ ထိုသဉပါဒိသေသနိဗ္ဗာန်သို့ ရောက်သော ရသောအရိယာပုဂ္ဂိုလ်စုကိုလည်း နိဗ္ဗာန်ရ ပုဂ္ဂိုလ်၊ နိဗ္ဗာန်ရောက်ပုဂ္ဂိုလ်ဟူ၍ လည်းကောင်း ဆိုသင့်ဆိုထိုက်ကြောင်း ကျမ်းဂန်ဆိုရိုးအများအပြား ထင်ရှားရှိကြောင်းကို ပြဆိုလိုက် သော ငါတို့အယူပေတည်း။ ။ နှစ်ခြိုက်ရာယူကြလေ။]

ဤတွင်ရွေ့ကား "ဒွေမာ"စသော ပါဠိတော်အရ စိစစ်ပုံ ပြီး၏။

## ဥဒါန်းပါဠိတော်အရ နာနာဝါဒ ပြဆိုပုံ

ယခုအခါ ဥဒါန်းပါဠိတော်တို့ကို ထုတ်ပြပေအံ့။

(က) အတ္ထိ ဘိက္ခဝေ အဇာတံ အဘူတံ အကတံ အသခ်တံ။

(ခ) နောစေတံ ဘိက္ခဝေ အဘဝိဿ အဇာတံ အဘူတံ အကတံ အသခ်တံ၊ န ယိဓ ဇာတဿ ဘူတဿ ကတဿ သခ်တဿ နိဿရဏံ ပညာယေထ။

(ဂ) ယသ္မာ စ ခေါ ဘိက္ခဝေ အတ္ထိ အဇာတံ အဘူတံ အကတံ အသခ်တံ၊ တသ္မာ ဇာတဿ ဘူတဿ သခ်တဿ နိဿရဏံ ပညာယတီတိ။

(က) ဘိက္ခဝေ၊ ရဟန်းတို့။ အဇာတံ၊ မဖြစ်ခြင်းသည်လည်း။ ဝါ၊ ဇာတိ၏ ချုပ်ငြိမ်းခြင်းသည်လည်း။ အတ္ထိ၊ ရှိ၏။ အဘူတံ၊ မဖြစ်ပေါ်ခြင်းသည် လည်း။ ဝါ၊ ဖြစ်ပေါ်မှုချုပ်ငြိမ်းခြင်းသည်လည်း။ အတ္ထိ၊ ရှိ၏။ အကတံ၊ မပြုရခြင်းသည်လည်း။ ဝါ၊ ပြုမှု လုပ်မှု၏ ကင်းငြိမ်းခြင်း သည်လည်း။ အတ္ထိ၊ ရှိ၏။ အသခ်တံ၊ အဖန်ဖန်မပြုရခြင်းသည်လည်း။ ဝါ၊ အဖန်ဖန် ပြုပြင်မှု ဟူသော သခ်ါရဒုက္ခမှ ကင်းခြင်းသည်လည်း။ အတ္ထိ၊ ရှိ၏။

(ခ) ဘိက္ခဝေ၊ ရဟန်းတို့။ ဧတံ အဇာတံ၊ ဤမဖြစ်ခြင်းသည်။ ဧတံ အဘူတံ၊ ဤမဖြစ်ပေါ်ခြင်းသည်။ ဧတံ အကတံ၊ ဤမပြုရခြင်းသည်။ ဧတံ အသခ်တံ၊ ဤအဖန်ဖန် မပြုပြင်ရခြင်းသည်။ နောစေအဘဝိဿ၊ အကယ်၍မရှိငြားအံ့။ ဝေံ၊ ဤသို့ မရှိခဲ့သည်ရှိသော်။ ဣဓ၊ ဤလောက

http://www.dhammadownload.com



ၔ်၌။ ဇာတဿ၊ ဖြစ်မှု၏။ ဘူတဿ၊ ပွားမှု၏။ ကတဿ၊ ပြုမှု၏။ သင်္ခတဿ၊ ပြုပြင်မှု၏။ နိဿရဏံ၊ ကျွတ်လွတ်ခြင်း မည်သည်။ နပညာယေထ၊ မထင်လေရာ။

(ဂ) ဘိက္ခဝေ၊ ရဟန်းတို့။ ယသ္မာ စ ခေါ၊ အကြင်ကြောင့်လျှင်။ အဇာတံ၊ မဖြစ်ခြင်းသည်။ အတ္ထိ၊ ရှိ၏။ အဘူတံ၊ မဖြစ်ပေါ်ခြင်းသည်။ အတ္ထိ၊ ရှိ၏။ အကတံ၊ မပြုရခြင်းသည်။ အတ္ထိ၊ ရှိ၏။ အသင်္ခတံ၊ အဖန်ဖန် မပြုပြင်ရခြင်းသည်။ အတ္ထိ၊ ရှိ၏။ တသ္မာ၊ ထိုကြောင့်။ ဇာတဿ၊ ဖြစ်ခြင်း၏။ ဘူတဿ၊ ဖြစ်ပေါ်ခြင်း၏။ ကတဿ၊ ပြုရခြင်း၏။ သင်္ခတဿ၊ အဖန်ဖန်ပြုပြင်ရခြင်း၏။ နိဿရဏံ၊ ကျွတ်လွတ်ခြင်းသည်။ ပညာယတိ၊ ထင်၏။ (ဤကား အနက်။)

**ပါဠိတို့အယူ**။ ။ ဤပါဠိတော်၌ ပါဠိတို့၏ အယူကို ရှေးဦးစွာ ပြဆိုအံ့-

"အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ"အစရှိသော အနုလောမ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်နှင့်အညီအဝိဇ္ဇာ ဟူသော အကြောင်းတရားထင်ရှားရှိခဲ့သည် ရှိသော် သင်္ခါရတို့သည် ဧကန္တဖြစ်ကုန်၏။ သင်္ခါရတို့သည် ထင်ရှားရှိခဲ့သည် ရှိသော် ဝိညာဉ်သည် ဧကန္တဖြစ်၏။ ဝိညာဉ်သည် ထင်ရှားရှိခဲ့သည်ရှိသော် နာမ်၊ ရုပ်သည် ဧကန္တဖြစ်၏။ ဤသို့အစရှိသည်ဖြင့် အလုံးစုံသော တေဘုမ္မက ဝဋ်တရားတို့သည် မိမိတို့ကို ဖြစ်ပေါ်အောင် ကျေးဇူးပြုနိုင်သော အကြောင်းတရား ထင်ရှားရှိနေသမျှ ကာလပတ်လုံး အနမတဂ္ဂ ဘဝသံသရာ၌ ဖြစ်ပေါ်၍သာ နေကုန်၏။

**(ဤကား ဇာတ[1]၊ ဘူတ[2]၊ ကတ[3]၊ သင်္ခတ[4] လမ်းပေတည်း။)**

**အသင်္ခတလမ်း**။ ။ "အဝိဇ္ဇာနိရောဓာ သင်္ခါရနိရောဓော၊ သင်္ခါရနိရောဓာ ဝိညာဏ နိရောဓော" အစရှိသော ပဋိလောမ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်နှင့်အညီ အကြင်အခါ၌ ဝိဇ္ဇာဉာဏ်ကို ရအောင် အားထုတ်၍ ဝိဇ္ဇာဉာဏ်ကို ရ၏။ ထိုအခါ၌ အဝိဇ္ဇာသည် အကြွင်းမရှိ ကုန်ဆုံး ချုပ်ငြိမ်း၏။ အဝိဇ္ဇာမရှိသည်ရှိသော် သင်္ခါရတို့ သည် မဖြစ်ကုန်ပြီ၊ သင်္ခါရ မရှိသောကြောင့် ဝိညာဉ်မဖြစ်ပြီ၊ ဝိညာဉ်မရှိသောကြောင့် နာမ်၊ ရုပ် မဖြစ်ပြီ၊ ဤသို့ အစရှိသည်ဖြင့် အလုံးစုံသော တေဘုမ္မက ဝဋ်တရားတို့ သည် မိမိတို့ကို ဖြစ်ပေါ်အောင် ကျေးဇူးပြုနိုင်သော အကြောင်းတရား အကြွင်းအကျန် မရှိ ချုပ်ပျောက်ကွယ်ဆုံးခဲ့သည်ရှိသော် မဖြစ်ကြကုန်ပြီ။

**(ဤကား အဇာတ၊ အဘူတ၊ အကတ၊ အသင်္ခတ လမ်းပေတည်း။)**

---

၁။ ဇာတ - ဖြစ်ပေါ်ခြင်း။
၂။ ဘူတ - ဖြစ်ပေါ်ခြင်း။
၃။ ကတ - ပြုခြင်း။
၄။ သင်္ခတ - ပြုပြင်ခြင်း။

http://www.dhammadownload.com



**ဇာတာ၊ အဇာတသဘော**။ ။ ဤသို့လျှင် တေဘုမ္မက ဝဋ္ဋတရားတို့အား မိမိကို ဖြစ်ပေါ်အောင် ထူထောင်၍ ပေးနိုင်သောအကြောင်းတရားရှိနေခဲ့လျှင် ကေန္တ ဖြစ်ပေါ်ခြင်းတည်းဟူသော ဇာတသဘောလည်းရှိ၏။ မိမိကို ဖြစ်ပေါ်အောင် ထူထောင်၍ ပေးနိုင်သော အကြောင်းတရား မရှိခဲ့လျှင် ကေန္တ မဖြစ်ဘဲနေခြင်းဟူသော အဇာတသဘောလည်းရှိ၏။

ဤသို့လျှင် တေဘုမ္မက ဝဋ္ဋတရားတို့အား ဇာတ သဘောတစ်ခုသာရှိသည် မဟုတ်၊ အဇာတသဘောလည်း ကေန်ရှိ၏ဟု ပြတော်မူခြင်းငှာ –

အတ္ထိ ဘိက္ခဝေ အဇာတံ အဘူတံ အကတံ အသင်္ခတံ။

ဟူ၍ ဟောတော်မူသည်။

ဘိက္ခဝေ၊ ရဟန်းတို့။ ဓမ္မာနံ၊ တေဘုမ္မက ဝဋ္ဋတရားတို့အား။ အဇာတံ၊ အဖြစ် ငြိမ်းခြင်း၊ ဇာတ်သိမ်းခြင်းမည်သည်။ အတ္ထိ၊ ရှိသည်သာလျှင်တည်း။ ။

(နောက်ပုဒ်တို့၌ ရှေးအတိုင်း အနက်ပေးလေ။)

မဖြစ်ဟူသော အဇာတ သဘောကား မရှိ၊ ဖြစ်ဟူသော ဇာတသဘောတစ်ခု သည်သာ ရှိခဲ့ငြားအံ့၊ သတ္တဝါတို့၏ သန္တာန်၌ လောဘသည် အမြဲဖြစ်၍သာ နေရာ၏။ မဖြစ်သောအခါ မဖြစ်သောအခိုက်ဟူ၍ မရှိရာ၊ ဒေါသသည် အမြဲဖြစ်၍သာ နေရာ၏။ မဖြစ်သောအခါ မဖြစ်သောအခိုက်ဟူ၍ မရှိရာ၊ မောဟသည် အမြဲဖြစ်၍ သာ နေရာ၏။ မဖြစ်သောအခါ မဖြစ်သောအခိုက်ဟူ၍ မရှိရာ။

အကယ်၍ မဖြစ်ဟူသော အဇာတသဘောမရှိ၊ ဖြစ် – ဟူသော ဇာတသဘော တစ်ခုသာ ရှိခဲ့ငြားအံ့၊ အဝိဇ္ဇာသည် အနမတဂ္ဂ သံသရာနှင့်အမျှ သတ္တဝါတို့သန္တာန်၌ တစ်ရံမစဲအမြဲဖြစ်၍သာ နေလေရာ၏။ မဖြစ်သောအခါ မဖြစ်သောအခိုက်ဟူ၍ မရှိလေရာ။ အဝိဇ္ဇာသည် တစ်ရံမစဲအမြဲဖြစ်၍သာ နေခဲ့သော်ကုသိုလ်၊ အကုသိုလ် စေတနာတည်းဟူသော သင်္ခါရတို့သည်လည်း သံသရာနှင့် အမျှ တစ်ရံမစဲအမြဲဖြစ်၍ သာ နေကုန်ရာ၏။ သင်္ခါရဖြစ်လျှင်လည်း ဝိညာဉ်သည် သံသရာ၌ အမြဲဖြစ်၍သာ နေလေရာ၏။ ထိုသို့ ဖြစ်၍နေခဲ့သည်ရှိသော် တေဘုမ္မက ဝဋ္ဋတရားတို့၏ ချုပ်ငြိမ်း ခြင်း ကျွတ်လွတ်ခြင်းမည်သည် တစ်ရံတစ်ဆစ်မျှမရှိလေရာ။

**တစ်နည်း**။ ။ တေဘုမ္မက တရားတို့အား မဖြစ်ခြင်းဟူသော အဇာတသဘော မရှိ၊ ဖြစ်ခြင်းဟူသော ဇာတသဘော တစ်ခုတည်းသာရှိခဲ့ငြားအံ့၊ အကုသိုလ် ဒုစရိုက် တရားတို့သည် ခပ်သိမ်းသော သတ္တဝါတို့၏ သန္တာန်၌ တစ်ရံမစဲ အမြဲဖြစ်၍သာ နေကုန်ရာ၏။ ဤသတ္တဝါတို့သည် အပါယ် (၄)ပါး၌သာ အမြဲနေကြကုန်ရာ၏။ အကုသိုလ်တရားတို့၏ ပြတ်စဲမှု၊ ဒုစရိုက်တရားတို့၏ ကင်းရှင်းမှု၊ အပါယ်ဒုက္ခမှ

http://www.dhammadownload.com



လွတ်ငြိမ်းမှုဟူ၍ တစ်ရံတစ်ဆစ်မျှ မရှိလေရာ။ ။ ဤသို့သော အနက်ကို ပြဆိုခြင်းငှာ

နော စေတံ ဘိက္ခဝေ အဘဝိဿ အဇာတံ အဘူတံ အကတံ အသင်္ခတံ၊ နယိဓ ဇာတဿ ဘူတဿ ကတဿ သင်္ခတဿ နိဿရဏံ ပညာယေထ။

ဟူ၍ ဟောတော်မူသည်။

တေဘုမ္မက ဝဋ္ဋတရားတို့အားမူကား ဖြစ်ခြင်း ဟူသော ဇာတသဘောတစ်ခုသာ ရှိသည်မဟုတ်၊ မဖြစ်ခြင်းဟူသော အဇာတသဘောလည်း ကေန်စင်စစ် ရှိသည်သာလျှင် ဖြစ်၏။ သတ္တဝါ၏ သန္တာန်၌ အဝိဇ္ဇာသည် အစဉ်ဖြစ်ပွား၍ နေ၏။ အကြင်အခါ၌ ဝိဇ္ဇာဉာဏ်ကို ရ၏။ ထိုအခါ၌ အဝိဇ္ဇာသည် မဖြစ်ခြင်းဟူသော အဇာတသဘောသို့ ရောက်လေ၏။ ချုပ်ငြိမ်းလေ၏။ သင်္ခါရအစရှိသော သံသရာဝဋ္ဋတရားတို့သည် မဖြစ်ခြင်းဟူသော အဇာတသဘောသို့ ရောက်ကြလေကုန်၏။ ချုပ်ငြိမ်းကြလေကုန်၏။ ကျွတ်လွတ်ကြလေကုန်၏။ ။ ဤသို့သော အနက်ကို ပြခြင်းငှာ -

ယသ္မာ ခေါ ဘိက္ခဝေ အတ္ထိ အဇာတံ အဘူတံ အကတံ အသင်္ခတံ၊ တသ္မာ ဇာတဿ ဘူတဿ ကတဿ အသင်္ခတဿ နိဿရဏံ ပညာယတိ။

ဟူ၍ ဟောတော်မူသည်။

အဇာတံ၊ အဖြစ်ငြိမ်းခြင်း ဇာတ်သိမ်းခြင်းဆိုသည်ကား ပရမတ္ထအသင်္ခတ မဟာနိဗ္ဗာန်ကြီးပင်တည်း။ ။ (အဘူတံ-ပုဒ်လည်း အဇာတံပုဒ်နှင့် အနက်တူ၏။) အကတံ၊ တေဘုမ္မက ဝဋ္ဋဒုက္ခတို့ကို ပြုခြင်းမှ ကင်းငြိမ်းခြင်းသည်။ အတ္ထိ၊ ရှိ၏။ အသင်္ခတံ၊ တေဘုမ္မက ဝဋ္ဋဒုက္ခတို့ကို အဖန်ဖန် ပြုပြင်ရခြင်းဟူသော သင်္ခါရဒုက္ခမှ ကင်းလွတ်ခြင်းသည်။ အတ္ထိ၊ ရှိ၏။ ။ (မဟာနိဗ္ဗာန်ကြီးဆိုသော စကားချည်းပင်။)

(ဤကား အတ္ထိဘိက္ခဝေ အဇာတံ ဟူသော သုတ္တန်ပါဠိတော်၌ ငါတို့၏ အကြိုက်ဖြစ်သော အနက်အဓိပ္ပာယ်ပေတည်း။)

**ဆရာတို့အယူ**။ ။ အလွန်သိမ်မွေ့သော ဇာတိဖြင့် နိဗ္ဗာန်၏ဖြစ်ပေါ်ခြင်းကို အလိုရှိကြကုန်သော ဆရာတို့သည်ကား ထိုပါဠိတော်မှာ ထိုအနက်အဓိပ္ပာယ်မျိုးကို မယူကြကုန်။ နိဗ္ဗာန်မှာ တေဘုမ္မက သင်္ခတတရားတို့မှာကဲ့သို့ ရုန့်ရင်းကြမ်းတမ်းသော ဇာတိမရှိသည်ကို ရည်သန်တော်မူ၍ "အဇာတံ၊ အဘူတံ"ဟူ၍ ဟောတော်မူကြသည်ဟု ယူကြကုန်၏။

၁။ ဝေဒနာတော ဝိယ ဟေတုပစ္စယ သမဝါယသင်္ခါတာယ ကာရဏသာမဂ္ဂိယာ န ဇာတံ နိဗ္ဗတ္တန္တိ အဇာတံ။

၂။ ကာရဏေန ဝိနာ သယမေဝ န ဘူတံ န ပါတုဘူတံ န ဥပ္ပန္နန္တိ အဘူတံ။

http://www.dhammadownload.com



ဟူသော အဋ္ဌကထာပါဠိ၌လည်း

၁။ အကြောင်းတရားတို့၏ ညီညွတ်မှုကြောင့် ဖြစ်သော တရားမဟုတ်၍ အဇာတ။

၂။ အကြောင်းနှင့်ကင်း၍ မိမိအလိုအလျောက်ဖြစ်သော တရားမဟုတ်၍ အဘူတ။

ဤ(၂)ရပ်တွင် အကြောင်းနှင့်ကင်း၍ဖြစ်သော တရားမဟုတ်ဟု ဖွင့်ဆိုသဖြင့် အကြောင်းနှင့်မကင်းမှု၍ဖြစ်သော တရားသာတည်း ဟူသော အနက်ကို ယူကြကုန်၏။

**ငါတို့အယူ** ။ ။ မြတ်စွာဘုရားအလိုတော်အားဖြင့် ဖြစ်ခြင်းဟူသမျှသည် အကြောင်းနှင့်မကင်းရကား အကြောင်းတရားကြောင့် ဖြစ်သည်ဟူသော ဖြစ်တစ်မျိုး။

အဟေတုကဒိဋ္ဌိ၊ အဓိစ္စသမုပ္ပန္နိကဒိဋ္ဌိတို့ အလိုအားဖြင့် ခပ်သိမ်းသော တရားတို့၏ ဖြစ်ခြင်းမှာ အကြောင်းဟူ၍ မရှိရကား အကြောင်းနှင့်ကင်း၍ ဖြစ်ခြင်းဟူသော ဖြစ်တစ်မျိုး၊ ဤသို့ လောက၌ ဖြစ်(၂)မျိုးရှိသည်။

ထို(၂)မျိုးတွင် နိဗ္ဗာန်မှာ အကြောင်းတရားတို့၏ ပေါင်းဆုံညီညွတ်ခြင်းကြောင့် ဖြစ်သော ဖြစ်မျိုးလည်း မရှိ၊ အကြောင်းတရားနှင့်ကင်း၍ အလိုအလျောက်ဖြစ်သော ဖြစ်မျိုးလည်းမရှိ၊ ဤသို့ ဖြစ် ဟူသမျှကို ပယ်ခြင်းငှာ "အဇာတံ၊ အဘူတံ"ဟု ဟောတော်မူသည်။

(ဤကား ထုတ်ပြအပ်သော အဋ္ဌကထာပါဠိလာ အဓိပ္ပာယ်တည်း။)

ဤအဋ္ဌကထာပါဠိဖြင့်ပင်လျှင် နိဗ္ဗာန်သည် ဖြစ် ဟူ၍ ဆိုဖွယ် အချင်းခပ်သိမ်းမှ ကင်းလွတ်၏။ ရုန့်ရင်းသော ဖြစ်ခြင်း ဟူ၍လည်း မရှိ၊ အလွန်သိမ်မွေ့သော ဖြစ်ခြင်းဟူ၍လည်းမရှိ ဟူသော အနက်ကို အဋ္ဌကထာဆရာပြဆိုတော်မူသည်။

(ဤကား ငါတို့အယူတည်း၊ နှစ်ခြိုက်ရာယူလေ။)

ဥဒါန်းပါဠိတော် "အတ္ထိ ဘိက္ခဝေ တဒါယတနံ"ချီသော သုတ်၌ "တဒါယတနန္တိ တံ ကာရဏံ"ဟု ဖွင့်၍ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်တို့၏ အာရုံအကြောင်းဖြစ်သည်ကို "တဒါယတန"ဆိုသည်ဟု အဋ္ဌကထာဆရာပြပေ၏။

**ဆရာတို့အယူ**။ ။ ပရိနိဗ္ဗုတ ပုဂ္ဂိုလ်တို့၏ အမြဲထာဝရတည်နေရာ လောကုတ္တရာ ဘုံဌာနအသီးကို "တဒါယတန"ဆိုသည်ဟု ယူကြကုန်၏။ ဆရာတို့ ယူသောအတိုင်း အာယတန သဒ္ဒါသည် တည်ရာဌာန ဟူသော အနက်ကို ဟောသည်ဟု ယူသော် လည်း သင့်မြတ်ပါ၏။

**တည်ရာဌာနဖြစ်ပုံ**။ ။ အပတိဋ္ဌေ အနာလမ္ဗေ၊ ကော ဂမ္ဘီရေ နသီဒတိ။ (သံယုတ်ပါဠိတော် အမေးဂါထာ။)

အပတိဋ္ဌေ၊ ထောက်ရာ၊ တည်ရာလည်း မရှိထသော။ အနာလမ္ဗေ၊ ဆွဲကိုင်တွယ်တာစရာလည်း မရှိထသော။ ဂမ္ဘီရေ၊ ဘဝဂ်မှ အဝီစိကျအောင် နက်လှစွာသော

http://www.dhammadownload.com



သံသရာသမုဒ္ဒရာကြီး၌။ ကော၊ အဘယ်သို့သော သူများသည်။ နသီဒတိ၊ မနစ်လေသနည်း။

အပတိဋ္ဌေ အနာလမ္ဗေ၊ သေကျော ဂမ္ဘီရ နသီဒတိ။ ။ သေက္ခပုဂ္ဂိုလ်များသည်သာ မနစ်လေသည်။ (အဖြေဂါထာ။)

တိဋ္ဌော ပါရင်္ဂတော၊ ထလေ တိဋ္ဌတိ ဗြာဟ္မဏော။ (ပါဠိတော်)

ဤပါဠိတော်များကို ထောက်၍ တည်ရာဌာန ဖြစ်ပုံကို သိအပ်၏။

**ငါတို့အယူ**။ ။ သက္ကာယဒိဋ္ဌိ၏ ချုပ်ငြိမ်းခြင်းသို့ မရောက်သေးသော သူသည် အထက်ကို ဘဝဂ်၊ အောက်ကို မဟာအဝီစိ၊ ဤမျှလောက် နက်နဲသော ချောက်ကြီး၌ အောက်သို့ မကျလေအောင် ထောက်တည်ရာလည်းမရှိ၊ ဆွဲကိုင်တွယ်တာစရာလည်း မရှိ၊ စုတိမှ ပဋိသန္ဓေအကူးတွင် ဝသဝတ္တီနတ်ပြည်မှ မဟာအဝီစိ ငရဲကြီးသို့ မျက်တောင် တစ်ခတ်အတွင်း ကျရောက်နိုင်လေ၏။ ဘယ်နေရာ ဘယ်ဌာန ပေါ်မှာနေ၍ သေလျှင် အောက်မဟာအဝီစိသို့ ပဋိသန္ဓေ ကျရောက်၍ မသွားနိုင်ဟု ထောက်ရာ တည်ရာ ဌာနလည်းမရှိ။

ဘယ်ဟာကို ကိုင်ဆွဲဖက်၍ သေလျှင် အောက်မဟာအဝီစိသို့ ပဋိသန္ဓေကျရောက်၍ မသွားနိုင်ဟု ဆွဲကိုင်တွယ်တာစရာလည်းမရှိ။

တစ်ခုတစ်ခုသော ခန္ဓာပျက်ဆုံး၍ ပဋိသန္ဓေ လှမ်းကမ်းရာအခွင့်မှာ ဘဝဂ်မှ မဟာအဝီစိတိုင်အောင် ကောင်းကင်ဟင်းလင်း ချောက်တွင်း နက်ကြီးအလား ထောက်ရာ တည်ရာ၊ ကိုင်ဆွဲရာမရှိ။

ဤကဲ့သို့သော ပုထုဇဉ်အလားကို ကောင်းကောင်းကြီး မြင်၍ လွန်စွာကြောက်လန့်ခြင်း ဖြစ်ကြကုန်သော သူတို့မှာ အောက်သို့ကျ၍ မသွားဘဲ အမြဲထာဝရ စိတ်ချရသော ထောက်ရာ၊ တည်ရာ၊ ဌာနသည်ကား ဘဝဂတိ[၁]အားဖြင့် တစ်စုံတစ်ခုမျှ မရှိ။

**မဂ္ဂဂတိအားဖြင့်ကား**။ ။ ကိလေသာ၏ ချုပ်ငြိမ်းမှု တစ်ခုသာရှိ၏။ မိမိတို့ သန္တာန်၌ အစဉ်ပါရှိနေသော ကိလေသာတို့၏ ချုပ်ငြိမ်းမှုဟူသော အခွင့်ထူး စခန်းထူးသို့ ဆိုက်ရောက်ကြကုန်မှသာ အောက်သို့မကျဘဲ အမြဲထာဝရစိတ်ချရသော အခွင့်ကို ရကြလေကုန်၏။ ကိလေသာတို့၏ ချုပ်ငြိမ်းခြင်း၊ ခန္ဓာတို့၏ ချုပ်ငြိမ်းခြင်းဟူသော အခွင့်ထူးမှ တစ်ပါး ထိုကျမှုမှ လွတ်ငြိမ်းရန် ထောက်ရာ၊ တည်ရာ၊ ကိုးကွယ်ရာဌာန ဟူ၍ တစ်စုံတစ်ခုမျှ မရှိပြီ။

---

၁။ ဘဂဝတိ -ဘဝ အလားအလာ။

http://www.dhammadownload.com



ကိလေသာတို့၏ ချုပ်ငြိမ်းမှု၊ ခန္ဓာတို့၏ ချုပ်ငြိမ်းမှု ဟူသော သဘောတရား ၁ ပါးသည်သာ အောက်သို့ ကျခြင်းကို ပယ်ရှားပြတ်ကင်းစေနိုင်သော သဘောအမှန် ဖြစ်၏။ ဤသို့သော ထောက်ရာ၊ တည်ရာ ဓမ္မဂတိ[၁] ထင်ရှားရှိသည်ကို "အတ္ထိ ဘိက္ခဝေ တဒါယတနံ" ဟူ၍ ဟောတော်မူသည်။

**(ဤကား ငါတို့အယူမဲ့တည်း။ နှစ်ခြိုက်ရာယူလေ။)**

**ဤတွင်ရွေ့ကား ဥဒါန်းပါဠိတော်အရ နာနာဝါဒပြဆိုပုံပြီး၏။**

## ကထာဝတ္ထုပါဠိတော်အရ – နာနာဝါဒပြဆိုပုံ

ယခုအခါ အဘိဓမ္မ ကထာဝတ္ထုပါဠိတော်ကို ပြဆိုအံ့ –

၁။ သမ္မာဝါဒီဆရာအမေး မိစ္ဆာဝါဒီဆရာ – အဖြေ။

၂။ မိစ္ဆာဝါဒီဆရာ အမေး၊ သမ္မာဝါဒီဆရာ– –အဖြေ– ဤသို့သမ္မာ မိစ္ဆာ၊ အမေး၊ အဖြေ အပြန်အလှန်လာသည်။

ပရိနိဗ္ဗုတော ပုဂ္ဂလော အတ္ထတ္ထမှိတိ၊ အာမန္တာ။

ပရိနိဗ္ဗုတော ပုဂ္ဂလော သဿတောတိ၊ န ဟေဝံ ဝတ္တဗ္ဗေ။

(အမေး – သမ္မာ၊ အဖြေ – မိစ္ဆာ။)

ပရိနိဗ္ဗုတော၊ ကိလေသာမီး၊ ခန္ဓာမီးချုပ်ငြိမ်းပြီးဟူသော။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်။ အတ္ထမှိ၊ နိဗ္ဗာန်၌။ ဝါ၊ ရုပ် နာမ်ခန္ဓာကွယ်ပျောက်ရာ၌။ အတ္ထိ၊ ကျန်ရှိ၍ နေရစ်သလော။ ဣတိ၊ ဤကားအမေး။ အာမန္တာ၊ ကျန်ရှိ၍ နေရစ်သည်မှန်ပါ၏။ ။ (ဤကားအဖြေ။)

**မိစ္ဆာဆရာကား** – ပုဂ္ဂိုလ်မည်သည် ပရိနိဗ္ဗာန်မစံမီကပင် အစဉ်ရှိခဲ့၍ လာခဲ့သည်။ ပရိနိဗ္ဗာန်စံသောအခါ၌လည်း ခန္ဓာ၊ နာမ်၊ ရုပ်စုသာ ချုပ်ကွယ်လေသည်။ ပုဂ္ဂိုလ်မူကား ချုပ်ကွယ်သည်ဟူ၍မရှိ၊ နာမ်၊ ရုပ်တို့၏ ချုပ်ငြိမ်းရာနိဗ္ဗာန်မှာ တည်ရှိ၍ နေသည်ဟု မိစ္ဆာဆရာအယူရှိသောကြောင့် "အာမန္တာ"ဟု ဖြေဆိုသည်။

ပရိနိဗ္ဗုတော၊ ကိလေသာမီး၊ ခန္ဓာမီး ချုပ်ငြိမ်းပြီးဟူသော။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်။ သဿတော၊ မြဲ၍နေသလော။ ဣတိ၊ ဤကား – အမေး။ ဧဝံ၊ ဤသို့ မြဲ၍နေသည်ဟူ၍ကား။ နဝတ္တဗ္ဗေ၊ မဆိုအပ်။ ။ (ဤကားအဖြေ။)

---

၁။ ဓမ္မဂတိ – သဘာဝအလားအလာ။

http://www.dhammadownload.com



မိစ္ဆာဆရာသည် မိမိ၏အလိုအားဖြင့် ပရိနိဗ္ဗုတပုဂ္ဂိုလ်သည် နိဗ္ဗာန်၌ မြဲ၍ နေသည်ဟု ဖြေဆိုခွင့်ဆိုက်ပါလျက် သဿတဒိဋ္ဌိနှင့် ငြိသွားမည်ကို စိုး၍ "နဟေဝံ ဝတ္တဗ္ဗေ" ဟု ဖြေလေ၏။

ရှေ့အဖြေနှင့် နောက်အဖြေ မညီသောကြောင့် "အာဇာနာဟိ နိဂ္ဂဟံ" အစ ရှိသည်ဖြင့် သမ္မာဆရာက ကြိတ်နှိပ်သော စကားတို့သည် များစွာလာရှိကုန်၏။ ။ အဓိပ္ပာယ်မှာ အထူးမဟုတ်ပြီ။

ပရိနိဗ္ဗုတော ပုဂ္ဂလော နတ္ထတ္တ မှိတိ၊ အာမန္တာ။

ပရိနိဗ္ဗုတော ပုဂ္ဂလော ဥစ္ဆိန္နောတိ၊ နဟေဝံ ဝတ္တဗ္ဗေ။

(အမေး - မိစ္ဆာ၊ အဖြေ - သမ္မာ။)

ပရိနိဗ္ဗုတော၊ ကိလေသာမီး၊ ခန္ဓာမီး ချုပ်ငြိမ်းပြီးဟူသော။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်။ အတ္တမှိ၊ နိဗ္ဗာန်၌။ ဝါ၊ ရုပ်၊ နာမ်ခန္ဓာချုပ်ငြိမ်းရာ၌။ နတ္ထိ၊ မရှိသလော။ ဣတိ၊ ဤကား အမေး။ အာမန္တာ၊ မရှိပေ။

(ဤကားအဖြေ။)

**သမ္မာဆရာကား**။ ။ ပုဂ္ဂိုလ်မည်သည် ပရိနိဗ္ဗာန်မစံမီကပင် ရှိသည်မဟုတ်။ ပရိနိဗ္ဗာန်စံပြီးသောအခါ နိဗ္ဗာန်၌ ရှိနေသည်ဟု ယူခွင့်မရှိလေသောကြောင့် "အာမန္တာ" ဟု ဖြေပေ၏။

ပရိနိဗ္ဗုတော၊ ကိလေသာမီး၊ ခန္ဓာမီးချုပ်ငြိမ်းပြီး ဟူသော။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်။ ဥစ္ဆိန္နော၊ နာမ်၊ ရုပ်ချုပ်ရာတွင် ပြတ်တောက်ကွယ်ပျောက်၍ သွားလေသလော။ ဣတိ၊ ဤကား အမေး။ ဧဝံ၊ ဤသို့။ ပြတ်တောက်ကွယ်ပျောက်သွား၍ ဟူ၍။ နဝတ္တဗ္ဗေ၊ မဆိုသင့်။ ။ (ဤကားအဖြေ။)

နဂိုကမှ မရှိသော ပုဂ္ဂိုလ်သည် ပြတ်သည်ဟူ၍ ဆိုဖွယ်မရှိသောကြောင့် "နဟေဝံ ဝတ္တဗ္ဗေ"ဟု ဖြေပေ၏။ ပရိနိဗ္ဗာန်အစံတွင် ပြတ်၍သွားပါသည် ဆိုခဲ့လျှင် ပရိနိဗ္ဗာန်မစံမီကား ပုဂ္ဂိုလ်ရှိ၏ ဟု ယူရာရောက်သည်။

ရှေ့ပုစ္ဆာ၌ နိဗ္ဗာန်၌ ထိုပုဂ္ဂိုလ်မရှိဟု ဖြေသည်မှာ ပရိနိဗ္ဗာန်မစံမီလည်းမရှိ၊ ပရိနိဗ္ဗာန်စံပြီးသောအခါ၌လည်း မရှိသောကြောင့် "အာမန္တာ"ဟု ဖြေသတည်း။ ဤသမ္မာဆရာအယူကား - နေရာကျအယူပေတည်း။

**မိစ္ဆာဆရာကား**။ ။ ပရိနိဗ္ဗုတပုဂ္ဂိုလ်သည် နိဗ္ဗာန်၌ မရှိဘူးလောဟု မေးသော ပုစ္ဆာ၌ မရှိဘူးဟု ဖြေပြီးလျက် မရှိလျှင် ပရိနိဗ္ဗာန်စံရာတွင် ထိုပုဂ္ဂိုလ်လည်း ပြတ်၍ သွားသလော - ဟု မေးပြန်ရာ ပြတ်၍သွားသည်ဟု မဆိုအပ်ဟု သမ္မာဆရာ ဖြေပြန်၏။

http://www.dhammadownload.com



နိဗ္ဗာန်၌ မရှိလျှင်လည်း ပြတ်ရမည်။ မပြတ်လျှင်လည်း နိဗ္ဗာန်၌ ရှိရမည်။ သမ္ဗာဆရာ အဖြေသည် ရှေ့ နောက်မညီဟု သမ္ဗာဆရာကို ကြိတ်နှိပ်သောစကားတို့သည် များစွာလာရှိကုန်သေး၏။ ။ အဓိပ္ပာယ်မှာ အထူးမဟုတ်ပြီ။

**ငါတို့အယူ။** ။ ဤပါဠိတော်ကို ထောက်သော် ပရိနိဗ္ဗုတပုဂ္ဂိုလ်သည် ပရိနိဗ္ဗာန် စံပြီးနောက် နိဗ္ဗာန်မှာ အမြဲတည်၍ နေသည်ဟု ယူခဲ့သော် သဿတဒိဋ္ဌိ၌ သက်ဝင်သည် ဟု သိအပ်၏။

"ပရိနိဗ္ဗုတော ပုဂ္ဂလော ဥစ္ဆိန္နောတိ၊ နဟောဝံ ဝတ္တဗ္ဗေ"ဟု သမ္ဗာဆရာဖြေချက် လာသောကြောင့် ပရိနိဗ္ဗာန်အစံတွင် ပြတ်၍သွားသည် ဟု ယူခဲ့သော်ဥစ္ဆေဒဒိဋ္ဌိ၌ သက်ဝင်သည် မဟုတ်လော-ဟူငြားအံ့။

ပကတိပင် ပုဂ္ဂိုလ် သတ္တဝါရှိ၏-ဟု ယူသော သူတို့မှာသာ နိဗ္ဗာန်အစံတွင် ပြတ်၍သွားသည်ဟု ယူလျှင် ဥစ္ဆေဒဒိဋ္ဌိ ဖြစ်သည်။ ပြတ်၍မသွား နိဗ္ဗာန်၌ အမြဲတည်ရှိ၍ နေသည်ဟု ယူလျှင် သဿာတဒိဋ္ဌိဖြစ်သည်။

ပကတိကပင် ပုဂ္ဂိုလ်၊ သတ္တဝါ ဟူ၍မရှိ၊ ရုပ်၊ နာမ် သက်သက်သာရှိသည်ဟု ယူသော သူတို့မှာ သံသရာစက်ပြတ်လေ၏။ ရုပ်၊ နာမ် အဆက်ပြတ်လေ၏-ဟု ယူ၍ ဥစ္ဆေဒဒိဋ္ဌိ မဖြစ်။ သမ္မာဒိဋ္ဌိသာ ဖြစ်သတည်း။

(ဤကား - ငါတို့၏ အယူပေတည်း။)

**ဆရာတို့ကား။** ။ ဤပါဠိတော်ကို ထောက်လျှင်ပင် ပရိနိဗ္ဗာန်စံရာတွင် အကြွင်းအကျန် အဆက်အလက်မရှိ၊ အကုန်ပြတ်တောက် တုစ္ဆ၊ အဘာဝသို့ ရောက်၍ သွားသည်ဆိုခဲ့လျှင် ဥစ္ဆေဒဒိဋ္ဌိ ဖြစ်သည်ဟု ယူကုန်၏။ သင့်မြတ်ရာ ယူကြလေကုန်။

**ပရိနိဗ္ဗုတပုဂ္ဂိုလ် မရှိပုံ။** ။ နိဗ္ဗာန်၌ နိဗ္ဗာန်သက်သက်သာရှိသည်။ နိဗ္ဗာန်ချမ်းသာ ခံစား၊ စံစား၍ နေရသော ပရိနိဗ္ဗုတပုဂ္ဂိုလ်ဟူ၍ နိဗ္ဗာန်၌မရှိကြောင်းကိုကား - ကထာဝတ္ထု ပါဠိတော်မှာပင် အထပ်ထပ် လာပါ၏။ လာပုံကား -

ကလျာဏပါပကာနံ ကမ္မာနံ ဝိပါကော ဥပလဗ္ဘတီတိ ကလျာဏ ပါပကာနံ ကမ္မာနံ ဝိပါကဿ ပဋိသံဝေဒီ ဥပလဗ္ဘတီတိ၊ အာမန္တာ။

နိဗ္ဗာနံ ဥပလဗ္ဘတီတိ နိဗ္ဗာနဿ ပဋိသံဝေဒီ ဥပလဗ္ဘတီနဟောဝံ ဝတ္တဗ္ဗေ။

အာပါယိကံ ဒုက္ခံ ဥပလဗ္ဘတီတိ အာပါယိကဿ ဒုက္ခဿ ပဋိသံဝေဒီ ဥပလဗ္ဘတီတိ၊ အာမန္တာ။

နိဗ္ဗာနံ ဥပလဗ္ဘတီတိ နိဗ္ဗာနဿ ပဋိသံဝေဒီ ဥပလဗ္ဘတီတိ၊ နဟောဝံ ဝတ္တဗ္ဗေ။

နေရယိကံ ဒုက္ခံ ဥပလဗ္ဘတီတိ နေရယိကဿ ဒုက္ခဿ ပဋိသံဝေဒီ ဥပလဗ္ဘတီတိ၊ အာမန္တာ။

http://www.dhammadownload.com



နိဗ္ဗာနံ ဥပလဗ္ဘတီတိ နိဗ္ဗာနဿ ပဋိသံဝေဒီ ဥလဗ္ဘတီတိ၊ နဟေဝံ ဝတ္တဗ္ဗေ။

ဝိပါကော အတ္ထီတိ ဝိပါကဿ ပဋိသံဝေဒီ အတ္ထီတိ၊ အာမန္တာ။

နိဗ္ဗာနံ အတ္ထီတိ နိဗ္ဗာနဿ ပဋိသံဝေဒီ အတ္ထီတိ၊ နဟေဝံ ဝတ္တဗ္ဗေ။

**မိစ္ဆာဆရာကား**။ ။ ကုသိုလ်ကံ၊ အကုသိုလ်ကံ၊ ဟူ၍ရှိသောကြောင့် ထိုကံတို့၏ အကျိုးကို ခံစား၊ စံစားသော ပုဂ္ဂိုလ်သည်ရှိ၏ – ဟု ယူသည်။

**သမ္မာဆရာကား**။ ။ နိဗ္ဗာန်သည်သာ ရှိ၍ နိဗ္ဗာန်ချမ်းသာကို ခံစား၊ စံစား၍ နေသော ပရိနိဗ္ဗုတ ပုဂ္ဂိုလ်မရှိသည်ကို ထုတ်ပြ၍ ထိုမိစ္ဆာဝါဒကို ပယ်တော်မူသည်။

ကလျာဏပါပကာနံ ကမ္မာနံ၊ ကောင်းမှုကံ၊ မကောင်းမှုကံတို့၏။ ဝိပါကော၊ အကျိုးကို။ ဥပလဗ္ဘတိ၊ ရအပ်၏။ ဣတိ၊ ထို့ကြောင့်။ ကလျာဏ ပါပ ကာနံ ကမ္မာနံ၊ ကောင်းမှုကံ၊ မကောင်းမှုကံတို့၏။ ဝိပါကဿ၊ အကျိုးကို။ ပဋိသံဝေဒီ၊ ခံစား စံစားသော ပုဂ္ဂိုလ်ကိုလည်း။ ဥပလဗ္ဘတိ၊ ရအပ်သလော။ ဣတိ (ဤကား သမ္မာအမေး)။

အာမန္တာ၊ ရအပ်၏၊ ဣတိ။ (ဤကား မိစ္ဆာအဖြေ။)

နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ ဥပလဗ္ဘတိ၊ ရအပ်၏။ ဣတိ၊ ထို့ကြောင့်။ နိဗ္ဗာနဿ၊ နိဗ္ဗာန်ကို။ ပဋိသံဝေဒီ၊ ခံစား၊ စံစားသော ပရိနိဗ္ဗုတပုဂ္ဂိုလ်ကိုလည်း။ ဥပလဗ္ဘတိ၊ ရအပ်သလော။ ဣတိ (ဤကား – သမ္မာအမေး။)

ဧဝံ၊ ဤသို့ ရအပ်၏ – ဟူ၍။ န ဝတ္တဗ္ဗေ၊ မဆိုအပ်။ ဣတိ၊ (ဤကား မိစ္ဆာအဖြေ။)

နိဗ္ဗာန်ချမ်းသာကို ခံစား၊ စံစား၍နေသော ပရိနိဗ္ဗုတပုဂ္ဂိုလ် – ဟူ၍ နိဗ္ဗာန်၌ မရှိဟူသော အယူကိုကား ဤမိစ္ဆာဆရာသည် သမ္မာဆရာနှင့် ထပ်တူယူ၏။ (နောက် ပါဠိတို့၌လည်း ဤနည်းတူသိလေ။)

**ဤတွင်ရွေ့ကား – ကထာဝတ္ထု ပါဠိတော်အရ နာနာဝါဒပြဆိုပုံပြီး၏။**

## ခန္ဓသံယုတ် ပါဠိတော်အရ နာနာဝါဒပြဆိုပုံ

ဤကား ကထာဝတ္ထုပါဠိတော်၌လာသော "ဥစ္ဆိန္နော" ဟူသော ပုဒ်နှင့် စပ်လျဉ်း၍ ခန္ဓသံယုတ် ပါဠိတော်မှာ လာသော ယမကသုတ်၏ အဓိပ္ပာယ်ကို ပြဆိုပေအံ့ –

ခီဏာသဝေါ ဘိက္ခု ကာယဿ ဘေဒါ ဥစ္ဆိဇ္ဇတိ၊ ဝိနဿတိ၊ နဟောတိ ပရံ မရဏာ။ ။ (ယမက ရဟန်း၏ မိစ္ဆာအယူ။)

ခီဏာသဝေါ၊ ကုန်ခန်းပြီးဖြစ်သော အာသဝေါရှိသော။ ဘိက္ခု၊ ရဟန္တာသည်။ ကာယဿ၊ ကိုယ်ခန္ဓာ၏၊ ဘေဒါ၊ ပျက်စီးချုပ်ဆုံးသည်မှ။ ပရံ၊ နောက်၌။ ဥစ္ဆိဇ္ဇတိ၊

http://www.dhammadownload.com



ပြတ်လေ၏။ ဝိနဿတိ၊ ကွယ်ပျောက်လေ၏။ မရဏာ၊ သေသည်မှ။ ပရံ၊ နောက်၌။ နဟောတိ၊ မဖြစ်ပြီ။ (ဤကားအနက်။)

ဤရဟန်းသည် ပုဂ္ဂိုလ် ဟူ၍ အဟုတ်ရှိ၏။ သတ္တဝါ ဟူ၍ အဟုတ်ရှိ၏။ ရဟန္တာပုဂ္ဂိုလ် ဟူ၍ အဟုတ်ရှိ၏ ဟု ယူသောကြောင့် မသေမီ ထင်ရှားရှိ၍နေသော ရဟန္တာပုဂ္ဂိုလ်သည် ခန္ဓပရိနိဗ္ဗာန်စံသောအခါ ဥစ္ဆိန္နဖြစ်၍ သွား၏ ဟု မိစ္ဆာအယူဖြစ်လေ၏။ ထိုအယူကို ကျွတ်လွတ်စေခြင်းငှာ အရှင်သာရိပုတ္တရာ စစ်ဆေးတော်မူသော တရားအချက်ကို ကြပ်ကြပ်စဉ်းစားကြပါလျှင် ယမကရဟန်းယူပုံ အခြင်းအရာလည်း ထင်ရှားလိမ့်မည်။ ကျွတ်လွတ်ပုံလည်း ထင်ရှားလိမ့်မည်။

**အမေး**။ ။ ငါ့ရှင် ယမကရဟန်း၊ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ် ဟူသော ခန္ဓာ (၅) ပါးသည် နိစ္စ လော၊ အနိစ္စ လော၊ မေးတော်မူ၏။

**အဖြေ**။ ။ အနိစ္စ–ပါဟု လျှောက်၏။

**အမေး**။ ။ အနိစ္စမျိုးစင်စစ်ဖြစ်သော ခန္ဓာ (၅) ပါးသည် သုခမျိုးလော၊ ဒုက္ခမျိုးလော။

**အဖြေ**။ ။ ဒုက္ခ–မျိုးပါဟု လျှောက်၏။

**အမေး**။ ။ ဒုက္ခ မျိုးစင်စစ်ဖြစ်သော ခန္ဓာ (၅)ပါးသည် ငါ၏ကိုယ်ဟု သိမ်းပိုက် ခြင်းငှာ ထိုက်သော အတ္တ မျိုးဟုတ်၏လော။

**အဖြေ**။ ။ မယူထိုက်ပါ ဟု လျှောက်၏။

**အမေး**။ ။ ဒုက္ခမျိုး စင်စစ်မှန်သည်အတွက် ငါ၏ကိုယ်ဟု သိမ်းပိုက်လိုက်သော အတ္တမျိုး မဟုတ်သော ထိုခန္ဓာ (၅) ပါးကို ပုဂ္ဂိုလ်၊ သတ္တဝါဟု ယူထိုက်မည်လော။

**အဖြေ**။ ။ မယူထိုက်ပါဟု လျှောက်၏။

**အမေး**။ ။ ခန္ဓာ ၅ ပါးသည် ပုဂ္ဂိုလ်၊ သတ္တဝါမဟုတ်၊ ပုဂ္ဂိုလ်၊ သတ္တဝါတခြား၊ ခန္ဓာ (၅)ပါး တခြား၊ ထိုခန္ဓာ (၅)ပါး၌ ပုဂ္ဂိုလ်၊ သတ္တဝါတည်၍ နေသည်ဟူ၍ လည်းကောင်း၊ ခန္ဓာ (၅)ပါးမှ အလွတ်၌ တည်၍နေသည် ဟူ၍လည်းကောင်း ယူထိုက်မည်လော။

**အဖြေ**။ ။ မယူထိုက်ပါဟု လျှောက်၏။

**အမေး**။ ။ ခန္ဓာ (၅) ပါးသည် လည်း ပုဂ္ဂိုလ် သတ္တဝါမဟုတ်၊ ခန္ဓာ (၅)ပါးမှ အလွတ် ပုဂ္ဂိုလ် သတ္တဝါဟူ၍လည်းမရှိ၊ ထိုသို့ ပုဂ္ဂိုလ်၊ သတ္တဝါဟူ၍ အမှန်အားဖြင့် မရှိသည်သာ စင်စစ်ဖြစ်ပါလျှင် ရဟန္တာပုဂ္ဂိုလ်သေလျှင် ပြတ်၏ဟု သင်ယူခြင်းသည် သင့်လျော်ပါမည်လော မေးတော်မူရာ –

http://www.dhammadownload.com



**အဖြေ**။ ။ မလိမ္မာ၍ ယူမိပါသည်။ ယခုမှ အရှင်ဟောသော တရားကို ကြားနာရ၍ ထိုမိစ္ဆာအယူလည်း ပျောက်ကင်းပါပြီ၊ သစ္စာ (၄)ပါးတရားကိုလည်း သိပါ ပြီ ဟုလျှောက်လေ၏။

**အမေး**။ ။ တစ်ဖန်ရဟန္တာပုဂ္ဂိုလ်သေလျှင် အသို့ဖြစ်သနည်းဟု သူတစ်ပါးတို့က သင့်အားမေးခဲ့သော် အသို့ပြောမည်နည်းဟု မေးတော်မူပြန်၏။

**အဖြေ**။ ။ ခန္ဓာ(၅)ပါးသည် အနိစ္စမျိုးသာ အမှန်ဖြစ်၏။ အနိစ္စမျိုးဟူသမျှသည် ဒုက္ခမျိုးအမှတ်ဖြစ်၏။ ရဟန္တာပုဂ္ဂိုလ်ဟူ၍ပင် မရှိလေရကားရဟန္တာပုဂ္ဂိုလ်သေသည် ဟူ၍လည်း မရှိ။ သေသည်မှ နောက်၌ ပြတ်သည်ဟူ၍လည်းကောင်း၊ မပြတ်ဟူ၍ လည်းကောင်း ဆိုခွင့်မရှိ၊ ဒုက္ခမျိုးအမှန် ဖြစ်သောခန္ဓာ(၅)ပါးသည်သာ ချုပ်လေ၏။ ကွယ်ပျောက်ခြင်းသို့ ရောက်လေ၏ဟူ၍ ဖြေပါမည်ဟု လျှောက်လေ၏။

အရှင်သာရိပုတ္တရာကား သာဓု၊ သာဓု ခေါ်တော်မူ၏။

**လိုရင်းအဓိပ္ပာယ်**။ ။ ဤသို့ စစ်တမ်းထုတ်တော်မူချက်ကို မြင်သဖြင့် ခန္ဓာ (၅)ပါး၌ အနိစ္စအချက်ကို မမြင်၍ ပုဂ္ဂိုလ်၊ သတ္တဝါဟူသော အတ္တဒိဋ္ဌိဖြစ်ရသည်။ အတ္တ ဒိဋ္ဌိဖြစ်ရင်းရှိသောကြောင့် ရဟန္တာပုဂ္ဂိုလ်သည် သေလျှင်ပြတ်၏ဟူသော ဥစ္ဆေဒဒိဋ္ဌိ ဖြစ်ရသည်။

အနိစ္စ အချက်ကို မြင်လျှင် ဒုက္ခအချက်ကို မြင်၏။ ဒုက္ခအချက်ကို မြင်လျှင် အနတ္တအဖြစ်ကို မြင်၏။ အနတ္တအဖြစ်ကို မြင်လျှင် အတ္တဒိဋ္ဌိ၊ ပုဂ္ဂလဒိဋ္ဌိပျောက်ကင်း၏။ အတ္တဒိဋ္ဌိပျောက်ကင်းလျှင် ရဟန္တာပုဂ္ဂိုလ်ဟူ၍ အဟုတ်အားဖြင့် မရှိကြောင်းကို မြင်၏။ ရဟန္တာပုဂ္ဂိုလ်ဟူ၍ အဟုတ်မရှိကြောင်းကို မြင်လျှင်သေသည်မှ နောက်၌ ပြတ်၏ ဟူသော ဒိဋ္ဌိသည် ပျောက်ကင်းလေ၏။ နဂိုကပင် ရဟန္တာပုဂ္ဂိုလ်ဟူ၍ အဟုတ်ရှိမှသာ သေလျှင်ပြတ်သည်၊ မပြတ်သည်ဟု ဖြစ်ခွင့်ရှိသည်။ အဟုတ်မရှိပါဘဲကို အဟုတ်ရှိပြု၍ သေလျှင်ပြတ်သည်ဟု ယူလျှင်ဥစ္ဆေဒဒိဋ္ဌိ၊ မပြတ်ဟုယူလျှင် သဿတဒိဋ္ဌိ ဖြစ်လေသည်။ ပုဂ္ဂိုလ် သတ္တဝါဟူသည် တစ်ဘဝလုံးမှ တစ်ယောက်သာဟု ယူသည်။ ဘဝအဆက်ဆက်ကိုပင် တစ်ယောက်တည်းသာ ဟု ယူသည်။

ခန္ဓာ ၅ ပါးသည်မူကား မျက်တောင်တစ်ခတ် အတွင်းမှာပင် အကြိမ်တစ်ရာမက အသစ်၊ အဟောင်း ပြောင်းလဲ၏။ ထို့ကြောင့် ခန္ဓာ (၅)ပါးသည် လူတို့မှတ်ယူသော ပုဂ္ဂိုလ်သတ္တဝါဟူသော နိစ္စ အလားမဟုတ်၊ မျက်တောင်တစ်ခတ်အတွင်းမှာပင် အကြိမ်တစ်ရာမက ပျောက်ဆုံး၍နေသော အနိစ္စတရားသာ ဖြစ်၏။ ခန္ဓာ (၅)ပါးအပြင် တစ်စုံတစ်ခုမျှမရှိ၊ ထိုကဲ့သို့ အပျောက်အပျက် အပြောင်းအလဲမြန်လှသော ခန္ဓာ(၅)ပါး

http://www.dhammadownload.com



သည် မွေးမြူဆောင်ရွက်သောသူအား များစွာသော ဒုက္ခကို ပေးနိုင်၏။ များစွာသော ဒုက္ခကို ပေးသော တရားစုကို ငါ၏အတ္တဟု မသိမ်းပိုက်ထိုက်။

**အတ္တဟူသည်ကား။** ။ စွဲလမ်းသော မိစ္ဆာစိတ်ရှိမှ အတ္တဟုရှိသည်။ စွဲလမ်းသော မိစ္ဆာစိတ်မရှိလျှင် အတ္တ ဟူ၍မရှိ၊ အတ္တမရှိလျှင်လည်း ပုဂ္ဂိုလ် သတ္တဝါဟူ၍ ထင်မှတ် ဖွယ်မရှိ။ ပုဂ္ဂိုလ်၊ သတ္တဝါဟူ၍ မရှိလျှင် ပုဂ္ဂိုလ်သေသည်၊ ရှင်သည်၊ သတ္တဝါသေသည်၊ ရှင်သည်ဟူ၍ပင်မရှိ။ သေသည်၊ ရှင်သည်ဟူ၍ မရှိလျှင် သေလျှင် ပြတ်သည်၊ မပြတ်သည်ဟုမရှိ။ ထိုသို့ မရှိဘဲလျက် အရှိပြု၍ ယူခဲ့လျှင် ဥစ္ဆေဒဒိဋ္ဌိ သဿတဒိဋ္ဌိဖြစ်၏။ မဂ်လမ်းဖိုလ်လမ်းမှ ဖီလာဖြစ်၏။ ထိုအယူရှိ၍ နေလျှင် မဂ်၊ ဖိုလ်ကို မဆိုထားဘိ၊ ဝိပဿနာဉာဏ်မျှပင် မသိနိုင်ပြီ။ ဘုရားနှင့်တွေ့ရသော သူ၊ တရားနှင့်တွေ့ရသောသူ၊ သာသနာနှင့်တွေ့ရသောသူဟူ၍ မဆိုထိုက်ပြီ။ [သတိရှိကြလေကုန်။]

**[ဤကား — ယမကသုတ် ပါဠိတော်အရ ငါတို့၏ အယူပေတည်း။]**

**ဆရာတို့ကား။** ။ ဤယမကသုတ်ကို ထောက်၍ပင်လျှင် ရဟန္တာပုဂ္ဂိုလ်သေလျှင် ပြတ်၏ ဟု ယူသောသူတို့အား ဥစ္ဆေဒဒိဋ္ဌိဖြစ်ရာ၏။ မပြတ်ဟုယူမှ ဥစ္ဆေဒဒိဋ္ဌိ လွတ်ကင်းရာသည်ဟု အယူရှိကြကုန်၏။ ။ သင့်မြတ်ရာကို ယူကြလေကုန်။

ဤမျှလောက်သော သုတ္တန်၊ အဘိဓမ္မာ ပါဠိတော်ကြီးတို့ကို ထုတ်ပြ၍ အာစရိယဝါဒနှင့်တကွ နေရာတကျရှင်းလင်း၍ ပြလိုက်သဖြင့် ကြွင်းကျန်သမျှသော ပါဠိတော် အရပ်ရပ်တို့မှာလည်း နေရာတကျ သိနိုင်ကြကုန်ရာပြီဖြစ်၍ ရဟန္တာပုဂ္ဂိုလ်တို့၏ ခန္ဓာချုပ်ငြိမ်းမှုနှင့် စပ်လျဉ်းသော ကြွင်းကျန်သော သုတ္တန်ပါဠိတော်၊ အဘိဓမ္မာ ပါဠိတော်တို့ကို မပြမဆိုပြီ။

အဖွင့်သံဝဏ္ဏနာကို စီရင်ကြကုန်သော အဋ္ဌကထာဆရာ၊ အထက်ဋီကာ ဆရာတို့ကား အလွန်ဆန်းကြယ်သော သဘောဉာဏ်ရှိတော်မူကြကုန်သည်ဖြစ်၍ အလွန် ဆန်းကြယ်စွာ ဖန်တီး၍ ဖွင့်တော်မူကြကုန်၏။ ယခုကာလ၌ အဓိပ္ပာယ်လိုရင်း အကျဉ်းချုပ်အချက်ကို သိနိုင်ရန် ဉာဏ်အနက်အနဲလိုကြ၍ ထိုအဋ္ဌကထာ ဋီကာတို့ စကား၌ အယူဝါဒအထွေအပြား များကြလေကုန်၏။ နောက်ဖြစ်ဋီကာကျမ်း၊ ဂန္ထန္တရ ကျမ်းတို့မှာလည်း သင့်၊ မသင့်ကို ချင့်ချိန်စဉ်းစားဖွယ် အလွန်များပြား၏။ ဘုရားဟော ပါဠိတော်ရင်းများကို အနှံ့အပြား အားထုတ်ကြံဖန်၍ ဘုရားအလိုတော်ကို အတော် အလျော်ကြံမိ၊ သိမိရှိသောသူတို့မှသာ အထက်ကျမ်းတို့၌ အဆန်းတကြယ် ဖွင့်ဆိုကြ ရာမှာလည်း ပဓာနအကျဉ်း လိုရင်းအနက်ကို အချက်ကျယူနိုင်ကုန်ရာသည်။ နောက်ဖြစ် ကျမ်းဂန်တို့မှာ ယုတ္တာယုတ္တိရှိ၊ မရှိကို ရွေးကောက်နိုင်ကုန်ရာသည်။

http://www.dhammadownload.com



ထို့ကြောင့် ဤနိဗ္ဗာနကထာဝယ် အဋ္ဌကထာ၊ ဋီကာ၊ ဂဏ္ဌိ ရစကားတို့ကို များစွာ မပြမူ၍ ဘုရားမုခပါဠ်၊ ရဟန္တာတို့၏ မုခပါဠ်ပါဠိတော်ရင်းတို့ကိုသာ ထုတ်ဆောင်ရှင်းလင်း၍ နိဗ္ဗာန်၏ အခြင်းအရာကို ထင်လင်းစွာ ပြဆိုလိုက်ပေသည်။

**ဤတွင်ရွေ့ကား**

**ဓနသံယုတ်ပါဠိတော်အရ နာနာဝါဒပြဆိုပုံပြီး၏။**

■

## အချို့ကျမ်းအလို ထုတ်ဆိုရှင်းလင်းချက်

ယခုအခါ ထိုထိုပါဠိတော်အစိတ်၊ အဋ္ဌကထာ၊ ဋီကာအစိတ်၊ ဂဏ္ဌိ ရအစိတ်တို့ကို အနည်းငယ်မျှ ထုတ်ပြရှင်းလင်းဦးအံ့။

ယထာပစ္စယံ ဟိ ပဝတ္တိမတ္တမေဝ ယဒိဒံ သဘာဝ ဓမ္မာ နာမ။ ။ (ဋီကာကျော်။)

ယဒိဒံ၊ ယောအယံ သဘာဝဓမ္မာ နာမ၊ အကြင် ပရမတ္ထ သဘောတရားမည်သည်။ အတ္ထိ၊ ရှိ၏။ သော၊ ထိုပရမတ္ထသဘောတရားမည်သည်၊ ယထာ–ပစ္စယံ၊ အကြောင်းအားလျော်စွာ။ ပဝတ္တိမတ္တမေဝ၊ ဖြစ်ခြင်းအမူအရာမျှသာ လျှင်တည်း။ (ဤကားအနက်။)

သဗ္ဗေပိ ဟိဓမ္မာ တံ တံ ကြိယာမတ္တာဝ ဟောန္တိ၊ န တေသု ဒဗ္ဗံ ဝါ သဏ္ဌာနံ ဝါ ဝိဂ္ဂဟော ဝါ ဥပလဗ္ဘတိ။

**(သဂြိုဟ်အဖွင့် ပရမတ္ထဒီပနီဋီကာသစ်။)**

ဟိ သစ္စံ၊ မှန်၏။ သဗ္ဗေပိ၊ အလုံးစုံသည် ဖြစ်ကုန်သော။ ဓမ္မာ၊ ပရမတ္ထ သဘောတရားတို့သည်။ တံ တံ ကြိယာမတ္တာဝ၊ ထိုထို ကြခြင်း၊ သိခြင်း၊ တွေ့ထိခြင်း အစရှိသော အမူအရာမျှတို့သည်သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တေသု၊ ထိုပရမတ္ထ တရားတို့၌။ ဒဗ္ဗံ ဝါ၊ အထည်ဒြပ်ကိုလည်းကောင်း။ သဏ္ဌာနံ ဝါ၊ သဏ္ဌာန်ကို လည်းကောင်း။ ဝိဂ္ဂဟော ဝါ၊ အကောင်အထည်ကို လည်းကောင်း။ န– ဥပလဗ္ဘတိ၊ မရပ်အပ်။ ။ (ဤကားအနက်။)

**အဓိပ္ပာယ်ကား**။ ။ မှန်ထဲမှာနေသော လူရိပ်၊ မျက်နှာရိပ်များသည် မျက်မြင် အားဖြင့် လူပကတိ၊ မျက်နှာပကတိ ထင်ရ၏။ အသာထုတ်၍ ယူခြင်းငှာမူကား အဏုမြူ[၁]မျှ ယူစရာ၊ ရစရာမရှိ၊ အလွန်ကြည်လှစွာသော ရေထဲမှာထင်သော လူရိပ်၊

၁။ အဏုမြူ–နံရံပေါက်စသည်၌ နေရောင်တွင် မြင်ရသောမြူ။

http://www.dhammadownload.com



နေရိပ်၊ လရိပ်၊ တိမ်ရိပ်၊ သစ်ရိပ်တို့သည် မျက်မြင်အားဖြင့် လူပကတိစသည်ထင်ရကုန်၏။ အသာထုတ်၍ ယူခြင်းငှာ မူကား အဏုမြူမျှ ယူစရာ၊ ရစရာမရှိ။

**သစ်တာပရမတ်**။ ။ ဤအတူစိတ်ဟူသော ပရမတ္ထ တရားသည်လည်း ကြံမှု၊ သိမှု၊ ကြိယာအမူအရာမျှသာတည်း။ သတ္တဝါ အနန္တတို့၏ စိတ်ကို အကုန်လုံးကို ပေါင်းစုသော်လည်း အဏုမြူမျှ အကျိတ်အခဲရစရာမရှိ။ (စေတသိက် ၌ေပညာသတို့ကို ဤနည်းအတိုင်းသိလေ။)

ရုပ် (၂၈) ခုတို့၌ ပထဝီ ဟူသော မြေဓာတ်သည်လည်း ပရမတ်သဘောအားဖြင့် ခက်မာမှု၊ နူးညံ့မှု၊ ခက်မာခြင်း ကြိယာ၊ နူးညံ့ခြင်းကြိယာ၊ ခက်မာသောအမူအရာ၊ နူးညံ့သောအမူအရာမျှသာတည်း။ အဏုမြူမျှ ယူစရာ ရစရာ မရှိ။ သို့သော်လည်း ရုပ်တရား ဖြစ်ပေ၍ အကုဋ္ဌေမက စုပေါင်းမိကြလျှင် အဏုမြူမျှစသည် ဖြစ်လာ၏။ ကြွင်းသောရေဓာတ်၊ မီးဓာတ်၊ လေဓာတ်တို့ကိုလည်း ဤနည်းအတိုင်းသိလေ ကြွင်းသောဥပါဒါရုပ် (၂၄)ခုတို့သည်ကား ဘယ်မျှလောက်ပင် ပေါင်းစုသော်လည်း အထည်ဝတ္ထုအဏုမြူမျှ ရကောင်းသော ရုပ်မဟုတ်ကြကုန်။

ဤသို့လျှင် စိတ်၊ စေတသိက်ဟူသော နာမ်တရား(၂)မျိုးသည်အကုဋ္ဌေမကပင် ပေါင်းစုသော်လည်း အထည်ဝတ္ထုဟူ၍ အဏုမြူမျှ မရထိုက်။ ရေ၊ မြေ၊ မီး၊ လေ ဟူသော ရုပ်ဓာတ်ကြီး (၄)ပါးတို့တွင် တစ်ပါးပါးသည်လည်း ပရမတ္ထသဘာဝ သက်သက်အားဖြင့် အထည်ဝတ္ထုဟူ၍ အဏုမြူမျှမရထိုက်၊ ဥပါဒါ ခေါ်သော ရုပ်သေးတို့မှာ ဆိုဖွယ်ရာမရှိ။

နိဗ္ဗာန်ခေါ်သော ချုပ်ငြိမ်းမှု၊ ချုပ်ငြိမ်းခြင်း ကြိယာ[၁] ချုပ်ငြိမ်းခြင်းအမူအရာသည် မူကား ဖြစ်ပေါ်သော အမူအရာမျိုးပင် မဟုတ်၊ အစဉ်ဖြစ်ပေါ်၍နေသော စိတ်၊ စေတသိက်၊ ရုပ်တရားတို့၏ အဖြစ်ငြိမ်းမှု၊ ဓာတ်သိမ်းမှု၊ ပျောက်ကွယ်မှု၊ ချုပ်ဆုံးမှုသာ ဖြစ်ပေ၍ တလူလူဖြစ်ပေါ်သောစိတ်၊ စေတသိက် နာမ်တရားတို့ထက် အဆ အသိန်း၊ အသိန်းမက သိမ်မွေ့လှ၏။ စိတ်၊ စေတသိက်၊ ရုပ်ဟူသော သစ်တာပရမတ်မျိုးတို့မှာ တလူလူ တဖွားဖွား ဖြစ်ပေါ်သောအနေအားဖြင့် ထင်ရှားရှိ ကြကုန်၏။

**အသစ်တာပရမတ်**။ ။ နိဗ္ဗာန်ဟူသော အသစ်တာပရမတ်မျိုးမှာ ထိုသစ်တာပရမတ်မျိုးတို့၏ အဖြစ်ငြိမ်းခြင်း၊ ဓာတ်သိမ်းခြင်းဟူသော သန္တိအနေအားဖြင့် ထင်ရှားရှိပေ၏။ ထိုအဖြစ်ငြိမ်းမှု၊ ဓာတ်သိမ်းမှုကို မရှိဟူ၍ ဆိုခဲ့ငြားအံ့၊ လောက (၃)ပါး၌ ကိလေသာတို့၏ အဖြစ်ငြိမ်းမှု၊ ဓာတ်သိမ်းမှုဟူ၍ မရှိလေရာ၊ ကိလေသာတို့၏ အဖြစ်

---

၁။ ကြိယာ – ဖြစ်ခြင်းစသောအမှု၊ အမူအရာ။

http://www.dhammadownload.com



ငြိမ်းမှု၊ ဓာတ်သိမ်းမှုဟူ၍ မရှိကလည်း ဘုရားဟူ၍ မရှိရာ၊ ပစ္စေကဗုဒ္ဓါ ဟူ၍ မရှိရာ၊ ရဟန္တာဟူ၍မရှိရာ၊ အရိယာဟူ၍ မရှိရာ။

**သင်္ခတပရမတ်ကြိယာ**။ ။ ဤမျှသော စကားရပ်တို့ဖြင့် အလုံးစုံသော ပရမတ္ထ ဓမ္မမျိုး ဟူသမျှသည် အဟုတ်အမှန်အားဖြင့် အထည်ဝတ္ထုဟူ၍ အဏုမြူမျှ မရှိကြ၊ အမှုမျှ သက်သက်၊ ကြိယာမျှ သက်သက်၊ အခြင်းအရာမျှ သက်သက်သာ ဖြစ်ကြ၏။ ထိုသို့ ကြိယာမျှသက်သက် ဖြစ်ကြသော်လည်း သင်္ခတပရမတ် ကြိယာမျိုးတို့မှာ ဖြစ်ပေါ်သော ကြိယာမျိုးပေတည်း။

**အသင်္ခတပရမတ်ကြိယာ**။ ။ အသင်္ခတ ပရမတ်ကြိယာမှာ ထိုသင်္ခတကြိယာ တို့၏ ချုပ်ငြိမ်းမှု၊ ပျောက်ကွယ်မှုကို ကြိယာဆိုပေသည်။ ထို့ကြောင့် နိဗ္ဗာန်ဟူသော အသင်္ခတ ကြိယာမျိုးသည် ပရမတ္ထသဘောအားဖြင့် ထင်ရှားရှိ၏လော၊ မရှိလောဟု ရှာကြံလိုလျှင် သင်္ခတ ကြိယာမျိုးအနေနှင့် မရှာကြံအပ်။ ကိလေသာ အဖြစ်ငြိမ်းမှု ဟူ၍ ကေန္တ ရှိ၏လော၊ ခန္ဓာအဖြစ် ငြိမ်းမှုဟူ၍ ကေန္တ ရှိ၏လောဟု ရှာကြံရမည်။

လောက (၃)ပါး၌ ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ အရိယာဟူ၍ ရှိမှုကို ယုံကြည်ခဲ့လျှင် ကိလေသာတို့၏ အဖြစ်ငြိမ်းမှု၊ ဓာတ်သိမ်းမှုလည်း ကေန္တ ရှိသင့်ပေသည်။ ရှိထိုက်ပေ သည်ဟု ယုံကြည်လေးမြတ် သိမြင်အပ်၏။ ထိုသို့ သိမြင်မှုသည်ကား ပစ္စက္ခသိ[၁]၊ ဒိဋ္ဌသိ[၂] မျိုး မဟုတ်၊ အနုမာန သိမျှသာတည်း။ မိမိသန္တာန်မှာရှိ၍နေသော ကိလေသာ တို့သည် မိမိသန္တာန်မှာ ချုပ်ငြိမ်း၍သွားသည်ကို ကိုယ်တွေ့ဒိဋ္ဌသိမြင်ရသော သူတို့မှာ သာ ပစ္စက္ခသိ၊ ဒိဋ္ဌသိမျိုးနှင့် သိနိုင်၊ မြင်နိုင်ကြကုန်သည်။

အချို့သော သူတို့သည်ကား ကိလေသာတို့၏ အဖြစ်ငြိမ်းမှုဟူသည် ကိလေသာ တို့၏ မရှိခြင်း အဘာဝမျှသာတည်း။ ခန္ဓာတို့၏ အဖြစ်ငြိမ်းမှုဟူသည်ခန္ဓာတို့၏ မရှိ ခြင်း အဘာဝမျှသာတည်း။ အဘာဝဟူသည်လည်း မရှိခြင်းမျှသာ ဖြစ်၍ အချည်းနှီး မျိုးသာသာဖြစ်၏။ နက်နဲသော သဘောမျိုးမဟုတ်၊ သိနိုင်ခဲ၊ မြင်နိုင်ခဲသော သဘောမျိုး မဟုတ်၊ ဂုဏ်ကျက်သရေရှိသော သဘောမျိုးမဟုတ်၊ တစ်စုံတစ်ရာမျှ မရှိသော အဘာဝတုစ္ဆသည် အဘယ်သူ၏ထောက်ရာ၊ တည်ရာ၊ မှီခိုရာ၊ ပုန်းအောင်းရာ၊ လဲလျောင်းရာ ဖြစ်နိုင်ပေချေအံ့နည်း ဟု ဆိုကြကုန်၏။

[ဤအဆိုမျိုးကို ရှေး၌ ရှင်းလင်းခဲ့ပြီ။]

---

၁။ ပစ္စက္ခ သိ – မျက်မှောက်သိ။
၂။ ဒိဋ္ဌသိ – မျက်မြင်သိ။

http://www.dhammadownload.com



အချို့သော ဋီကာဆရာတို့လည်း ထိုသို့သော ကိလေသာတို့၏ အဖြစ်ငြိမ်းမှု၊ ခန္ဓာတို့၏ အဖြစ်ငြိမ်းမှုကို နိဗ္ဗာန်ဟူ၍ မဆိုလိုကြကုန်။

ထိုအဖြစ်ငြိမ်းမှုအား ကျေးဇူးပြု၍ တည်နေသော တစ်မျိုးသောဓာတ်သဘာဝကြီးသည် အသီးအခြားရှိ၏။ ထိုဓာတ်သဘာဝကြီးသည်သာ ဂမ္ဘီရ၊ ဒုဒ္ဒသအစရှိသော အနန္တဂုဏ်နှင့်ပြည့်စုံသော နိဗ္ဗာန်ကြီးအစစ်ပေတည်း။ ပြဆိုခဲ့ပြီးသော အဖြစ်ငြိမ်းမှုသည်ကား ထိုနိဗ္ဗာန်ကြီး၏ အကျိုးဆက်မျှသာတည်းဟု အယူရှိကြကုန်၏။

ဆရာတို့၏ အယူသည် ဒုတိယကဏ္ဍ၌ ထုတ်ပြခဲ့ပြီးသော ပါဠိတော်လာ ဥပမာအရပ်ရပ်နှင့် မညီလေ။ ကိလေသာတရား ခန္ဓာတရားတို့မည်သည် အတုမရှိ၊ အလွန်ကြီးကျယ်လှသော ဒုက္ခအစု၊ ဘေးအစုတို့သာတည်း။ ကိလေသဒုက္ခ၊ ခန္ဓဒုက္ခကြီးကျယ်သမျှသည် ထိုကိလေသာ ခန္ဓာတို့၏ အဖြစ်ငြိမ်းမှု၌ ဂုဏ်ကျက်သရေကြီးကျယ်ဖို့ချည်းသာတည်း။

ဤသတ္တဝါတို့၏ သန္တာန်မှာ ရှိနေသော လောဘ (၁)ခု၏ အကျိုးမဲ့၊ အကျိုးယုတ်၊ ဒုက္ခနယ်ကြီးသည် အဘယ်မျှလောက် ကြီးကျယ်သည်ဟု မြော်နိုင်ပါလျှင် ထိုလောဘ (၁) ခု၏ ကျွတ်လွတ်မှု၊ ချုပ်ငြိမ်းမှုသည် အဘယ်မျှလောက်အကျိုးကြီးမြတ်သည်ဟု မြော်နိုင်ရာသည်။ ဒေါသ (၁)ခု၏ အကျိုးမဲ့ အကျိုးယုတ်၊ ဒုက္ခနယ်ကြီး၊ မောဟ(၁) ခု၏ အကျိုးမဲ့၊ အကျိုးယုတ်၊ ဒုက္ခနယ်ကြီး၊ ဒိဋ္ဌိ ၁ ခု၏ အကျိုးမဲ့၊ အကျိုးယုတ်၊ ဒုက္ခနယ်ကြီးစသည်ဖြင့် ၁၅၀၀ ကိလေသာတို့ကို အသီးအသီး တစ်ခုစီ၊ တစ်ခုစီ ထုတ်၍ မြော်လေ။

ထင်းမီးစာသည် မီး၏ပွားစီးရာ အစာအာဟာရဖြစ်၏သို့၊ အလုံးစုံသော တေဘုမ္မကရုပ်၊ နာမ်ခန္ဓာ ဟူသမျှတို့သည် ထို ၁၅၀၀ ကိလေသာမီးတို့၏ပွားစီးရာ အစာအာဟာရတွေသာ ဖြစ်ကုန်၏။

လတ်တလော သေစေတတ်သောအဆိပ်စေးတို့နှင့် ကိလေသာတို့သည် တူကုန်၏။ အဆိပ်ပင်ကြီးတို့နှင့် ထိုတေဘုမ္မကခန္ဓာတို့သည် တူကုန်၏။ အဆိပ်ပင်ကြီးတို့သည် အဆိပ်စေးတို့၏ ပွားစီးရာ ဖြစ်ကုန်သကဲ့သို့၊ ထိုတေဘုမ္မက ခန္ဓာတို့သည် ကိလေသာတို့၏ ပွားစီးရာ ဖြစ်ကုန်၏။ ခပ်သိမ်းသော ဘေးဘယတို့၏ ပွားစီးရာဖြစ်ကုန်၏။ ထို့ကြောင့်လောကီစိတ် (၈၁) ခုတို့တွင် တစ်ခုတစ်ခုသော စိတ်မှာ ပွားစီးသောကိလေသာပေါင်း အကျိုးမဲ့ အကျိုးယုတ် ဒုက္ခပေါင်းအဘယ်မျှကြီးကျယ်ရှည်လျားသည်ဟု မြော်နိုင်ပါလျှင် ထိုတစ်ခုတစ်ခုသော စိတ်၏ကျွတ်လွတ်ချုပ်ငြိမ်းမှုသည် အဘယ်မျှလောက် ကောင်းကျိုးချမ်းသာကြီးမြတ်သည်ဟု မြော်နိုင်ရာသည်။

(ကြွင်းသော ရုပ်နာမ်တရားတို့၌လည်း ဤနည်းတူသိလေ။)

http://www.dhammadownload.com



**ဘာဝ အဘာဝ၊** ။ သင်္ခတတရားတို့၏ ဖြစ်မှု ရှိမှုကား ဘာဝတည်း။ မဖြစ်မှု၊ မရှိမှုကား အဘာဝတည်း။ ၁၅၀၀ ကိလေသာတရားတို့မှာ ဖြစ်မှု ရှိမှုဟူသော ဘာဝပက္ခ[၁] သည် အကျိုးမဲ့ အကျိုးယုတ် ဒုက္ခနယ်ကြီးဖြစ်၏။ မဖြစ်မှု မရှိမှုဟူသော အဘာဝပက္ခ[၂] သည် ကျက်သရေမင်္ဂလာ ကြီးလှစွာသော သုခနယ်ကြီးဖြစ်၏။ အဘာဝ ဟူ၍ မထိမဲ့မြင်မမှတ်အပ်၊ ကြီးကျယ် လှစွာသော ဘေးကြီး ရန်ကြီး အန္တရာယ်ကြီးတို့၏ လွတ်ကင်းခြင်း အဘာဝမည်သည် ကြီးကျယ်လှစွာသော သုခမင်္ဂလာကြီးဖြစ်၏။

**ဘာဝ ပင်။** အဘာဝဆိုသော်လည်း ကိလေသာ ခန္ဓာတို့၏ မရှိမှုကို ရည်၍ အဘာဝဆိုရသည်၊ ရှေး၌ ပြဆိုခဲ့ပြီးသော အတိုင်း အသင်္ခတ ပရမတ္ထဓမ္မအနေအားဖြင့် မူကား ထင်ရှားကောန်ရှိရိုးမှန်သော ဘာဝပင်တည်း။

အကယ်၍ ထိုဘာဝသည် မရှိခဲ့သည်ဖြစ်အံ့၊ လောက (၃)ပါး၌ ဘုရား ပစ္စေကဗုဒ္ဓါ အရိယာဟူ၍ မရှိရာပြီ။ လူ့ချမ်းသာ နတ်ချမ်းသာ ဗြဟ္မာ့ချမ်းသာမည်သည် ကိလေသာ တင်းလင်း၊ ဇရာဘေးတင်းလင်း၊ မရဏဘေးတင်းလင်း၊ အပါယ်ဘေး တင်းလင်း ထက်ကြပ်ပါရှိ၍နေ၏။ ရရှိ၍နေသော လူ့ချမ်းသာသည် မကြာမီကွယ်ပ အဘာဝသို့ ရောက်၍အပါယ်ငရဲမှာ ဆင်းရဲကြီးပင်လယ်ဝေနှင့် ခံနေရလေ၏။

ထို့အတူ ရရှိ၍နေသော နတ်ချမ်းသာသည် မကြာမီ ကွယ်ပ အဘာဝသို့ ရောက်၍ အပါယ်ငရဲမှာ ဆင်းရဲကြီး ပင်လယ်ဝေနှင့် ခံနေရလေ၏။ ရရှိ၍နေသော ဗြဟ္မာ့ချမ်းသာသည် မကြာမီ ကွယ်ပအဘာဝသို့ရောက်၍ အပါယ်ငရဲမှာ ဆင်းရဲကြီး ပင်လယ်ဝေနှင့် ခံနေရ၏။ ဤသို့လျှင် တေဘုမ္မက သုခသည် ဘာဝသုခဟု ဆိုရသော် လည်း အနိစ္စဓမ္မဖြစ်၍ ခဏချင်း ခဏချင်း ကွယ်ပသော အဘာဝပြဒ္ဒါန်းလျက် မျက်လှည့်သည်ပြသော ဝတ္ထုကဲ့သို့သာ ဖြစ်၏။

**ဘာဝအမှန်။** ။ သန္တိဘာဝတစ်ပါးသည်သာလျှင် နိစ္စထာဝရဖြစ်သော ဘာဝမှန်ဖြစ်၏။ သန္တိဘာဝသည် ဘယ်အခါ ဖောက်ပြန်၍ ချုပ်ငြိမ်းမှုကွယ်ပသော အဘာဝသို့ ရောက်ပြန်သဖြင့် ကိလေသဒုက္ခဖြစ်ပေါ်၍ လာပြန်ပြီ၊ ခန္ဓဒုက္ခဖြစ်ပေါ် ၍ လာပြန်ပြီဟု မရှိပြီ။

ဤမျှသော စကားရပ်တို့ဖြင့် ဒုတိယကဏ္ဍ၌ ထုတ်ပြခဲ့သော ပါဠိတော် အရပ်ရပ်အတိုင်း ကိလေသာခန္ဓာတို့၏ အဖြစ်ငြိမ်းမှုသည်ပင် နိဗ္ဗာန်ဖြစ်၏။ ထိုအဖြစ်ငြိမ်းမှုမျှကို လွန်၍ အသားထုတ်ဖွယ်၊ အစွန်းထုတ်ဖွယ် မရှိပြီ၊

---

၁။ ဘာဝပက္ခ – အဖြစ်ဖက်။

၂။ အဘာဝပက္ခ – မဖြစ်ဖက်။

http://www.dhammadownload.com



ထုတ်သော်လည်း အနမတဂ္ဂ ကြီးကျယ်လှသော ဝဋ်ဒုက္ခ ချုပ်ငြိမ်းမှု ဟူသော သန္တိသုခကြီးထက် ပိုမိုလွန်ကဲသော သုခဟူ၍ မရှိပြီ၊ ဝဋ်ဒုက္ခတို့၏ ချုပ်ငြိမ်းမှု ဟူသော အေးငြိမ်းခြင်း၊ အေးချမ်းခြင်း၊ အေးမြခြင်းထက် ပိုမိုလွန်ကဲသော သန္တိသုခ၊ သီတလသုခဟူ၍ မရှိပြီဟူသော အနက်ကို ပြဆိုသည်။

**ဥပမာ။** ။ တစ်ကိုယ်လုံး၌ ကျောက်ဆိုးရောဂါ ဖြစ်ပွားနှိပ်စက်၍ နေသော သူတို့သည် ထိုရောဂါဟူသော မိမိကိုယ်ခန္ဓာတစ်စိတ် ချုပ်ငြိမ်းကွယ်ပျောက်မှုသို့ ရောက်ကုန်မှသာလျှင် ထိုရောဂါဒုက္ခမှ လွတ်နိုင်ကုန်၏။ ထိုကြောင့် ထိုသူတို့၏ ကိုးကွယ်ရာကား ရောဂါဟူသော မိမိကိုယ်ခန္ဓာတစ်စိတ်၏ ချုပ်ငြိမ်းမှုသည်သာလျှင်တည်း၊ သည်မှတစ်ပါး ကိုးကွယ်ရာမရှိပြီ။

ထိုသူတို့ကို ထိုဒုက္ခမှ ကယ်ဆယ်နိုင်သော တရားအစစ်ကား ထိုရောဂါ၏ ချုပ်ငြိမ်းခြင်း(၁)ခုသာတည်း။ ထိုမှတစ်ပါး ကယ်ဆယ်နိုင်သော တရားအစစ်မရှိ၊ ထို့ကြောင့် ထိုသူတို့၏ ကိုးကွယ်ရာအစစ်ကား ထိုရောဂါ၏ ချုပ်ငြိမ်းခြင်းသာတည်း။ သည်မှ တစ်ပါး ကိုးကွယ်ရာမရှိ။

ထိုသူတို့၏ ထိုဒုက္ခဘေးမှ လွတ်ကင်းရာ တရားကား ထိုရောဂါ၏ ချုပ်ငြိမ်းမှု (၁)ခုသည်သာတည်း။ ထို့ကြောင့် ထိုသူတို့၏ ပုန်းအောင်းရာ၊ လဲလျောင်းရာ၊ အားထားရာ၊ မှီခိုရာတရားကား ထိုရောဂါ၏ ပျောက်ငြိမ်းမှုသာတည်း။

ဤသို့လျှင် ရောဂါ၏ ချုပ်ငြိမ်းမှုဟူသော အဘာဝသည် ရောဂါဘေး သင့်သော သူတို့၏။ ဒီပံ၊ မှီခိုရာကျွန်းကြီးသဖွယ် ဖြစ်ပေ၏။ နာထော၊ ကိုးကွယ်ရာဖြစ်ပေ၏။ ပတိဋ္ဌာ၊ အားထားရာဖြစ်ပေ၏။ တာဏံ၊ ကယ်တင်ရာ ဖြစ်ပေ၏။ လေဏံ၊ ပုန်းအောင်းရာဖြစ်ပေ၏။ ဂတိ၊ ထောက်ရာ တည်ရာ ဖြစ်ပေ၏။ ပရာယနံ၊ လဲလျောင်းရာ ဖြစ်ပေ၏။

**အဘာဝသာ အားထားရာ။** ။ ထို့အတူ မိမိသန္တာန်၌ ဖြစ်၍နေသော ခန္ဓာ ၅ပါး ရုပ် နာမ်တရားစုသည် "ပဉ္စက္ခန္ဓေ အနိစ္စတော၊ ဒုက္ခတော၊ ရောဂတော၊ ဂဏ္ဍတော၊ သလ္လတော၊ အဃတော၊ အာဗာဓတော" ဟူ၍ ဟောတော်မူသည်နှင့်အညီ အနာဆိုး၊ ရောဂါဆိုးမည်၏။ ကိလေသာဟူသော ငန်းမန်းထန်လှစွာသော ခန္ဓာ (၅)ပါးဟူသော ရောဂါဘေး၊ အနာဘေးသင့်၍ နေကုန်သော သူတို့အား မိမိသန္တာန်၌ ဖြစ်၍ နေကုန် သော ထိုကိလေသာ ခန္ဓာတို့၏ ချုပ်ငြိမ်းမှုဟူသော အဘာဝသည် အားကိုးအားထား ပြုသောအားဖြင့် ထောက်ရာ၊ တည်ရာ၊ မှီခိုရာ၊ ပုန်းအောင်းရာ၊ လဲလျောင်းရာ၊ စင်စစ် ဖြစ်ပေသတည်း။

http://www.dhammadownload.com



(ဤကား ကိလေသာခန္ဓာတည်းဟူသော ကြီးကျယ်လှစွာသော ဒုက္ခဘေး ကြီး၏ အငြိမ်ငြိမ်းခြင်းဟူသော အဘာဝကိုပင် သန္တိအနေအားဖြင့် ဧကန္တဘာဝ၊ နိစ္စဘာဝ၊ ဓုဝဘာဝ၊ ထာဝရဘာဝ၊ သစ္စဘာဝ နိဗ္ဗာန်အစစ်ဖြစ်၏ ဟု ယူသော ငါတို့အလိုကို ပြဆိုချက်တည်း။)

**မဏိဒီပကျမ်းဆရာကား။** ။ ရဟန္တာပုဂ္ဂိုလ်သည် ခန္ဓပရိနိဗ္ဗာန်မစံမီ ကာလ၌ လည်း ခန္ဓဒုက္ခတရား ထင်ရှားရှိနေသောကြောင့် နိဗ္ဗာန်သို့ ရောက်သည်၊ နိဗ္ဗာန်ကို ရသည်ဟု မဆိုနိုင်သေး။ ခန္ဓာချုပ်ပြီးသော နောက်၌လည်း အကြွင်းအကျန်မရှိ ချုပ် လေ၍ နိဗ္ဗာန်သို့ရောက်သည်၊ နိဗ္ဗာန်ကို ရသည်ဟု ပြောဆိုရန် အခွင့်မရှိပြီ။ ထို့ကြောင့် နိဗ္ဗာန်သို့ ရောက်သည်ဟူသော စကား၌ ဉာဏ်ဖြင့် အာရုံပြုသည်ကိုပင် အရောက် ဆိုရသည်။ အာရုံပြုမှုမှတစ်ပါးအရောက်ဟူ၍ မရှိပြီဟု ဆိုတော်မူသည်။ (မသင့်။)

ခန္ဓပရိနိဗ္ဗာန်သည် မစံမီကာလ၌လည်း မိမိသန္တာန်မှာ အစဉ်ပါရှိ၍နေသော ကိလေသာတို့၏ မိမိသန္တာန်မှာပင် ချုပ်ငြိမ်းမှုဟူသော ကိလေသနိဗ္ဗာန်သို့ ကာယသက္ခိ ကိရိယကိစ္စအားဖြင့် ဧကန္တရောက်၏။ ရ၏၊ ခန္ဓပရိနိဗ္ဗာန်စံသောအခါ၌လည်း ခန္ဓာ (၅)ပါးတို့၏ ချုပ်ငြိမ်းမှုဟူသော ခန္ဓပရိနိဗ္ဗာန်သို့ ကေန်ဆိုက်၏။ ရောက်၏။ ရ၏ မှတ်၊ ရှေး၌လည်း ပြဆိုခဲ့လှပြီ။

မိလိန္ဒပဉှာ၌ နိဗ္ဗာန်နှင့်စပ်သော ကထာပေါင်း (၇)လာ၏။ အဆုံးကထာ၌–

**အမေး။** ။ နိဗ္ဗာန်၏တည်ရာအရပ်သည် ရှိပါသလောဟု မိလိန္ဒမင်းက မေး၏။

**အဖြေ။** ။ နိဗ္ဗာန်၏တည်ရာအရပ်မည်သည် မရှိဟု ဖြေ၏။

**အမေး။** ။ တည်ရာအရပ်မရှိခဲ့သော် နိဗ္ဗာန်လည်းမရှိ၊ နိဗ္ဗာန်ကို မျက်မှောက် ပြုသည်ဟူသော စကားသည်လည်း အမှားသာဖြစ်၏ဟု မင်းကြီးက ဆိုလေ၏။

**အဖြေ။** ။ တည်ရာအရပ်မရှိသော်လည်း နိဗ္ဗာန်သည်ရှိ၏။ နိဗ္ဗာန်ကို မျက်မှောက်ပြုသည်ဟူသော စကားသည်လည်း အမှန်ပင်ဖြစ်၏။

**ဥပမာ။** ။ ဥပမာကားမီးပွတ်သော ယောက်ျားသည် (၂)ခုသော သစ်သားကို ပွတ်သည်ရှိသော် မီးကိုရ၏။ ထိုမီး၏ တည်ရှိ၍ နေနှင့်သော တည်ရာအရပ်ဟူ၍ မရှိ၊ စကြာမင်း၏ အကျင့်ဝတ်တို့ကို ကျင့်သော စကြာမင်းလောင်းအား စကြာရတနာသည် ဆိုက်ရောက်လာ၏။ စကြာရတနာတည်ရှိ၍ နေနှင့်သော တည်ရာ အရပ်ဟူ၍ မရှိ၊ ဤအတူတည်ရာအရပ် မရှိသော်လည်း နိဗ္ဗာန်သည် ရှိ၏။ ဝိပဿနာတရားကို အားထုတ်သောသူသည် နိဗ္ဗာန်ကို မျက်မှောက်ပြုရသည်အမှန်ပင်ဖြစ်၏ဟု ဖြေပေ၏။

http://www.dhammadownload.com



ဤစကား၌ စကြာမင်းလောင်း၏ စက္ကဝတ္တိ အကျင့်ဝတ်ကို ကျင့်သောအခါ စကြာရတနာသည် ဖြစ်ပေါ်ဆိုက်လာသည်ဟူသော ဥပမာ၊ မီးပွတ်သော ဥပမာများကို ထောက်၍ နိဗ္ဗာန်သည်လည်း ရဟန္တာပုဂ္ဂိုလ် ပရိနိဗ္ဗာန်မစံမီက အမြဲထာဝရ ရှိ၍နေနှင့်သည်မဟုတ်။ ထိုပုဂ္ဂိုလ် စံနေရန် နိဗ္ဗာန်သည် ထိုပုဂ္ဂိုလ်ပရိနိဗ္ဗာန်စုတိချုပ်သည်၏ အခြားမဲ့၌ ဖြစ်ပေါ်၍ လာသည်ဟု ယူကြကုန်၏။

မိလိန္ဒပဉှာ ပါဠိတော်၌ကား မီးဥပမာ၊ စကြာရတနာဥပမာတို့၌သာ ယခုမှ ဖြစ်ပေါ်လာသော အခြင်းအရာကို ဆိုပေသည်။ နိဗ္ဗာန်ဟူသော ဥပမေယျဘက်၌ကား ဖြစ်ပေါ်လာသော အခြင်းအရာကို မဆိုပေ။ "သမ္မာ ပဋိပန္နော နိဗ္ဗာနံ သစ္ဆိကရောတိ" ဟူ၍ မျက်မှောက်ပြုရကြောင်းကိုသာ ဆိုပေသည်။ ထို့ကြောင့် ဤမိလိန္ဒပဉှာ၌ နိဗ္ဗာန်၏ တည်ရာ ဒိသာ[၁]၊ ဒေသ[၂] မရှိငြားသော်လည်း နိဗ္ဗာန်သည် ကောန်ရှိ၏။ ကောင်းစွာ ကျင့်နိုင်ပါလျှင် နိဗ္ဗာန်ကို ကောန်မျက်မှောက်ပြုရ၏။ ဤမျှသော အနက်ကိုသာသိရ၏။

ဤနိဗ္ဗာန်နှင့် စပ်လျဉ်းသော အရာဌာနတို့၌ ပဋိဝေဓဉာဏ်[၃] ဖြင့် နိဗ္ဗာန်ကို ပစ္စက္ခဒိဋ္ဌ မြင်တော်မူကြကုန်ပြီးသော အရိယာတို့၏ နှုတ်ထွက်စကားတော်များသည်သာ ပမာဏဖြစ်သည်။ နိဗ္ဗာန်ကို ပစ္စက္ခဒိဋ္ဌ မမြင်ဖူးကြကုန်သော ပုဂ္ဂိုလ်တို့၏ စကားဖြစ်ခဲ့လျှင် ကျမ်းရေးဆရာတို့၏ ကျမ်းဂန်စကားပင် ဖြစ်သော်လည်း စိတ်ချသာသည် မဟုတ်သေး။ သို့သော်လည်း နိဗ္ဗာန်စကားမှာ မှားမည်၊ တိမ်းမည်ကို အလွန်ကြီးကြောင့်ကြ စိုးရိမ်ဖွယ်မရှိ။

ဗောဓိပက္ခိယတရား (၃၇)ပါးတို့မှာသာ မှားမည်၊ တိမ်းမည်ကို အလွန်ကြောင့်ကြ စိုးရိမ်ခွင့်ရှိသည်။ ဗောဓိပက္ခိယတရား (၃၇)ပါးတို့ကို အားထုတ်ခြင်းမှ ကင်းလွတ်သော သူတို့သည် နိဗ္ဗာန်စကား၌ ဘယ်လိုအမှန်ကိုပင် ပြောဆို၍ နေကြကုန်သော်လည်း ထိုနိဗ္ဗာန်နှင့်အလွန်ဝေးကွာကြကုန်၏။

**ဥပမာ**။ ။ ခိုင်မြဲစွာသော ကြိုးလွန်တို့ဖြင့် ခြေ၊ လက်တို့ကို အကျပ်အတည်း တုပ်ချည်၍ သစ်ဖောင်ကြီးပေါ်တင်၍ မြစ်ပြင်၌ မျှောအပ်ကုန်သော သူတို့သည် မျက်တောင်တစ်ခတ်မျှ မရပ်မနားကြကုန်မူ၍ အောက်တစ်ခွင် ပင်လယ်ရှိရာ ရေကြောင်းအလိုက်သာ မျောကြလေကုန်ရာ၏။ ထိုသူတို့သည် အညာစကားကို အမှန်အကန် ပြောဆိုကြကုန်သော်လည်း သူတို့ပြောဆိုရာ အညာအရပ်နှင့်မူကား ကြာလေဝေးလေသာ ဖြစ်ကြကုန်၏။

---

၁။ ဒိသာ – အရပ်မျက်နှာ။ ၂။ ဒေသ – အရပ်ဌာန။
၃။ ပဋိဝေဓဉာဏ် – ထိုးထွင်း၍သိသောဉာဏ်။

http://www.dhammadownload.com



ဤအတူ ဗောဓိပက္ခိယတရား (၃၇)ပါးတို့ကို အားမထုတ်ကြကုန်မူ၍ အစားကာမ ဂုဏ်၊ အဝတ်အာရုံကာမဂုဏ်၊ နေရာ၊ ထိုင်ရာ၊ အိပ်ရာ၊ ကျောင်း၊ ကန်၊ အရိပ်အာဝါသ ကာမဂုဏ် ကြီးလွန်တို့ဖြင့် အကျပ်အတည်းတုပ်ချည်၍ အဝိဇ္ဇာတရား၏ ပွားများရာ၊ ပွားများကြောင်း ပုညာဘိသင်္ခါရ[၁] အပုညာဘိသင်္ခါရ[၂] တရားတို့ကိုသာ နေ့စဉ်လိုက်စား အားထုတ်ကြကုန်သဖြင့် အပါယ်(၄)ပါးတည်းဟူသော အောက်တစ်ခွင် ဝဋ်(၃)ပါးတည်း ဟူသော ပင်လယ်ရှိရာသို့သာ ရေကြောင်းလိုက်နေ့စဉ်မျောပါ၍ နေကြကုန်သော သူတို့သည် နိဗ္ဗာန်စကားကို အမှန်အကန် ရံဖန်ရံခါ ပြောဆိုကုန်ငြား သော်လည်း သူတို့ပြောဆိုရာ အညာနိဗ္ဗာန်နှင့်မူကား ကြာလေဝေးလေသော ဖြစ်ကြ ကုန်သည်။

နိဗ္ဗာန်စကားကို အမှားအတိမ်း ပြောဆိုကြကုန်ငြားသော်လည်း ဗောဓိပက္ခိယ တရားတို့ကို အမှန်အကန်သိ၍ နေရာတကျ အားထုတ်ကြကုန်၍ မိမိကိုယ်ခန္ဓာ၌ ကြီးကျယ်စွာ ဖုံးလွှမ်းမိုက်မဲ၍ နေသော အဝိဇ္ဇာ မှောင်တိုက်ကြီး၏ပြယ်ပျောက်ရာ၊ ပြယ်ပျောက်ကြောင်း အပါယ်ဗီဇ[၃]၊ ဝဋ္ဋဗီဇ၊ ဒုက္ခဗီဇ၊ ဘဝဗီဇ၊ သံသရာဗီဇ ဖြစ်ကြကုန် သော ကုသိုလ်၊ အကုသိုလ် ကံဟောင်း၊ ကံသစ်တို့၏ ဆုတ်နစ်ရာ၊ ဆုတ်နစ်ကြောင်း ကိုသာ နေ့စဉ်လိုက်စား အားထုတ်ကြကုန်သဖြင့် ဝိသုဒ္ဓိ(၇)ပါးတည်းဟူသော အထက် တစ်ခွင် နိဗ္ဗာန်တည်းဟူသော ဝိဝဋ္ဋမွေရှိရာသို့သာ ပဋိပတ္တိအစဉ်လိုက် လှော်ခတ် ဆန်တက်၍ နေကြကုန်သောသူတို့သည် နိဗ္ဗာန်စကားကို အတိမ်းအမှား ပြောဆို မိကြကုန်ငြားသော်လည်း စင်စစ်ကေန်တကယ်မှန်သော နိဗ္ဗာန်သို့သာ ရောက်ကြပေ ကုန်လတ္တံ့။

သံသရာတည်းဟူသော အနမတဂ္ဂ မဟာသြဃ[၄] ကြီးသည်ရှိ၏။ ထိုသံသရာ မဟာသြဃကြီး၌ ကမ်းရှိရာသို့ ဆန်တက်သော လမ်းလည်း ရှိ၏။ ကမ်းမရှိရာ မဟာသြဃအလယ်သို့ စုန်မျောသော လမ်းလည်းရှိ၏။

**သြဃ(၆)ပါး။**။ မိမိယခုရှိနေသော ကိုယ်ခန္ဓာ၌ စက္ခုသည် အနမတဂ္ဂသံသရာ မဟာသြဃကြီး (၁)ပါး၊ သောတ၊ ဃာန၊ ဇိဝှာ၊ ကာယ၊ မနောတို့သည်လည်း

---

၁။ ပုညာဘိသင်္ခါရ – ပြုပြင်စီရင်တတ်သော ကောင်းမှု။
၂။ အပုညာဘိသင်္ခါရ – ပြုပြင်စီရင်တတ်သော မကောင်းမှု။
၃။ ဗီဇ – မျိုးစေ့။
၄။ မဟာသြဃ = ကြီးစွာသောရေယဉ်

http://www.dhammadownload.com



အနမတဂ္ဂ သံသရာ မဟာသြဃကြီး တစ်ပါး တစ်ပါးစီ၊ ဤသို့လျှင် အဇ္ဈတ္တိကာယတန တရား ၆ ပါး သည် အနမတဂ္ဂသံသရာ မဟာ သြဃကြီး (၆) ပါးဖြစ်၏။

ထို (၆) ပါးတို့တွင် မိမိ၏အဇ္ဈတ္တသန္တာန်၌ စက္ခုသည် အနမတဂ္ဂသံသရာတွင် အဘယ်အခါက စ၍ ဖြစ်သည်ဟု အစဖြစ်ရာကာလပင်မရှိ၊ အလွန်ရှည်လျား၏။ နယ်အားဖြင့် စက္ခု၏ဖြစ်ရာနယ်သည် မဟာအဝီစိသို့ ဆိုက်လေ၏။ အကျယ်အားဖြင့် ဤစက္ခု၏ ဖြစ်ရာနယ်သည် အရှေ့၊ အနောက်၊ တောင်၊ မြောက်အဆုံးမရှိ၊ စကြဝဠာ အနန္တ နံ့ပြားနိုင်၏။

မိမိ၏ အဇ္ဈတ္တဖြစ်သော စက္ခု၌ ငါ၏စက္ခု ဟုထင်မှတ်စွဲလမ်းမှု၊ ငါမြင်သည်ဟု ထင်မှတ်စွဲလမ်းမှု၊ ငါ၏ကိုယ် ဟု ထင်မှတ်စွဲလမ်းမှုသည် စက္ခုသံသရာမဟာသြဃကြီး၌ နစ်မှုမြုပ်မှုပေတည်း။ မိမိ၏အဇ္ဈတ္တစက္ခုဖြင့် မြင်ရသော အာရုံဝတ္ထုတို့ကို သာယာမှု၊ လိုက်စားမှုတို့သည် ကမ်းမရှိရာ မဟာသြဃကြီး အလယ်၌ စုန်မျောနေခြင်းပေတည်း။

ဤသတ္တဝါအပေါင်းတို့သည် အသီးအသီး မိမိ မိမိတို့၏ စက္ခုသံသရာ မဟာသြဃကြီး၌ အနမတဂ္ဂ သံသရာ ကာလပတ်လုံး နစ်မြုပ်၍ ကမ်းမရှိရာ မဟာသြဃကြီး၏ အလယ်၌သာ ယနေ့ထက်တိုင် အတွင်စုန်မျော၍ နေကြကုန်၏။

ယခုမိမိ၏ အဇ္ဈတ္တအင်္ဂါဖြစ်၍နေသော စက္ခု၌ ငါ၏စက္ခုဟု ထင်မှတ်စွဲလမ်းမှု ငါမြင်သည်ဟု ထင်မှတ်စွဲလမ်းမှု၊ ငါ၏ကိုယ်ဟု ထင်မှတ်စွဲလမ်းမှုသည် ရှိ၏။ ထို စွဲလမ်းမှု၏ ပျောက်ကင်း ချုပ်ငြိမ်းခြင်းသည် စက္ခုသံသရာ မဟာသြဃကြီး၏ တစ်ဖက်ကမ်းပေတည်း။

မိမိ၏ကိုယ်အင်္ဂါဖြစ်သော စက္ခုသမုဒ္ဒရာ၌ နစ်မြုပ်မျောပါ၍ နေရသော သူသည် မိမိ၏စက္ခု၌ မိမိ၏စွဲလမ်းခြင်း ပြတ်ကင်းသောအခါ စက္ခုသံသရာ မဟာသြဃကြီး၏ ကမ်းသို့ဆိုက်လေ၏။

မျက်စိဖြင့်မြင်ရသော အာရုံဝတ္ထုသာယာမှု၊ လိုက်စားမှုတို့ကို ရုပ်သိမ်းပယ်ရှား၍ ယခုရှိနေသော မိမိစက္ခု၌ တွယ်တာစွဲလမ်းခြင်းကို ပြတ်ကင်းစေခြင်းငှာ ထိုစက္ခုမှာ ဖုံးလွှမ်း၍နေသော အဝိဇ္ဇာမှောင်လုံးကြီး၊ မှောင်ခဲကြီး၊ မှောင်တိုက်ကြီးကို ပယ်ရှား မှုတ်လွှင့်ခြင်းပယောဂကို ပြုကြကုန်ရာ၏။ ထိုပယောဂမှုသည် မိမိစက္ခုသံသရာ မဟာသြဃကြီး၏ တစ်ဖက်ကမ်းရှိရာ အညာသို့ ဆန်တက်လှော်ခတ်သော အမှုစု ပေတည်း။

**(ဤကား ဘာဝ၊ အဘာဝနှင့်စပ်သော စကားစုတည်း။)**

**ပယောဂသမ္ပတ္တိ**။ ။ မိမိ၏စက္ခု၌ရှိနေသော အဝိဇ္ဇာ မှောင်တိုက်ကြီးကို ပယ်ရှားမှုတ်လွှင့်ခြင်း ပယောဂမှုဆိုသည်ကား – မိမိစက္ခု၏ အနိစ္စအဖြစ်၊ ဒုက္ခအဖြစ်၊

http://www.dhammadownload.com



ရောဂအဖြစ်၊ ဂဏ္ဍအဖြစ် အစရှိသော၊ ဘာဝနာ ၄၀ မှာ လာသော အပြစ်ဒေါသ အာဒီနဝတို့ကို အတပ်မြင်နိုင်၊ ထင်နိုင်အောင် ကြည့်ရှုပွားများခြင်းပယောဂမှုကို ဆိုသတည်း။ စက္ခုဋ္ဌ အနိစ္စဝိဇ္ဇာဉာဏ်၊ ဒုက္ခဝိဇ္ဇာဉာဏ်၊ အနတ္တဝိဇ္ဇာဉာဏ်ကို ရအောင် အားထုတ်မှုပေတည်း။

**ဥပမာ။** ။ ဥပမာကား – မိမိ၏ကိုယ်အင်္ဂါမှာ အနာတစ်ခုသည်ရှိရာ၏။ ထိုအနာမှာ အလွန်သိမ်မွေ့သေးငယ်လှစွာသော သံသေဒဇ ပိုးလောက်ငယ်တို့သည် ကျ၍ တရှုရှု နေကုန်၏။ ထိုသူသည်မူကား မျက်စိမှာ ပါဒရက်အခိုးကြီးလှ၍ ပကတိ မျက်စိနှင့် ကြည့်ရှုလေရာ ထိုပိုးလောက်ငယ်တို့ကို မိမိကိုယ်အသားကောင်းပင် ထင်လေ၍ ထိုအသား၏ ပွားများပြည့်ဖြိုးခြင်းကိုသာ အလိုရှိ၏။ အသားနုတက်ပေပြီဟု ဝမ်းမြောက် ဝမ်းသာရှိ၏။ ပိုးလောက်ငယ်တို့ ကိုက်၍ ယားယံသည်ကို အသားနုတက်၍ ယားယံသည် ဟု ထင်လေ၏။

တစ်ရံသောအခါ ကြည်လှစွာသော မှန်ဘီလူးနှင့်ကြည့်လေရာ ပိုးလောက်တို့ကို အကုန်မြင်လေ၏။ ထိုအခါမှ သံတုန်၊ အူတုန် ကြောက်ရွံ့ခြင်းပြင်းစွာ ဖြစ်လေ၏။ စိတ်ချ၍ မအိပ်နိုင်၊ မစားနိုင် ရှိလေ၏။ ထိုပိုးလောက်တို့ မပျောက်ဘဲ တာရှည် နေခဲ့လျှင် အတွင်းရေ အတွင်းသားတို့ကို အတွင်စား၍ အထဲသို့ အသည်းနှလုံးတိုင် မကြာမီ ပေါ်၍ သွားအံ့သောအခွင့်ကို မြော်မြင်၍ အလွန်လျှင်စိုးရိမ်ခြင်း ဖြစ်လေ၏။ ဤဥပမာ၌–

၁။ အနာနှင့် ဤကိုယ်ခန္ဓာတူ၏။
၂။ ပိုးလောက်ငယ်တို့နှင့် စက္ခုပသာဒရုပ်စုတူ၏။
၃။ ပါဒရက်မျက်စိနှင့် ပကတိသော ပုထုဇဉ်၏ ဉာဏ်မျက်စိတူ၏။
၄။ အဝိဇ္ဇာနှင့် ပါဒရက်ခိုးစုတူ၏။
၅။ မှန်ဘီလူးကို စီရင်သောဆရာနှင့် ဘာဝနာ (၄၀)ကို ဟောတော်မူသော အရှင်သာရိ ပုတ္တရာမဟာထေရ်ကြီးတူ၏။
၆။ မှန်ဘီလူးကြီးနှင့် အနိစ္စဝိဇ္ဇာဉာဏ်၊ ဒုက္ခဝိဇ္ဇာဉာဏ်၊ အနတ္တဝိဇ္ဇာဉာဏ်တူ၏။
၇။ ပိုးလောက်တို့ကို မိမိ၏ကိုယ်သွေး၊ ကိုယ်သားကောင်း ထင်မှတ်သည်နှင့် မိမိကိုယ်အင်္ဂါဖြစ်၍နေသော စက္ခုကို ငါ၏စက္ခုဟု ထင်မှတ်စွဲလမ်းမှု၊ ထိုထို ဝတ္ထုကို မြင်သောအခါ ငါမြင်သည်ဟု ထင်မှတ်စွဲလမ်းမှု၊ စက္ခုကိုပင် အသက်ရှင်သော အတ္တဇီဝဟု စွဲလမ်းမှုတူ၏။
၈။ မှန်ဘီလူးနှင့် ကြည့်သောအခါမှ မိမိ၏အသားမဟုတ်၊ အသက်၏အန္တရာယ်ကို ပြုနိုင်သော ပိုးလောက်တွေ တရှုရှု မြင်ရလေသည်နှင့် ခဏချင်း ခဏချင်း

http://www.dhammadownload.com



ဖြစ်မှု၊ ချုပ်မှု တရှုရှုနေသော ဓာတ်ပကတိ္တယတရားကို ပွားများသဖြင့် အနိစ္စဝိဇ္ဇာဉာဏ်၊ ဒုက္ခဝိဇ္ဇာဉာဏ်၊ အနတ္တဝိဇ္ဇာဉာဏ်နှင့် မိမိ၏စက္ခုကို ကြည့်ရှုသောအခါမှ ခဏချင်း ခဏချင်း ဖြစ်မှု၊ ပျက်မှု တရှုရှုနေသော စက္ခုဓာတ်ငယ်မှုတို့ကို မြင်ရမှုတည်း။

၉။ ပိုးလောက်တို့ကို မြင်ရ၍ ပိုးလောက်မှန်းသိသည်နှင့် တစ်ပြိုင်နက် ထိုပိုးလောက်တို့အတွက် ဖြစ်ပွား၍ သွားရန် အမျိုးမျိုးသော ဒုက္ခကြီးငယ် ကြောက်မက်ဖွယ်တွေကို မြင်၍ သွားသည်နှင့် ထိုစက္ခုဒြရှိသော (၄၀) သော ကြောက်မက်ဖွယ်တွေကို မြင်၍ သွားမှုတည်း။

အလွန်သိမ်မွေ့သော ပိုးလောက်ငယ်တို့မှာလည်း ရှုရှုရှုရှု လှုပ်ရှားမှုကို မြင်မှုပင် မိမိကိုယ်က အင်္ဂါမဟုတ်၊ ပိုးလောက်တွေဖြစ်ကြောင်းကို ထင်ရှားလေသကဲ့သို့၊ မိမိ၏ မျက်စိ (၂) လုံးမှာရှိသော စက္ခုဓာတ်ငယ်တို့မှာလည်း ရှုရှုရှုရှု ခဏချင်း ခဏချင်း ဖြစ်မှု၊ ပျက်မှုဟူသော ဉဒယဗ္ဗယမှုတို့ကို မြင်မှုသာစက္ခုသည် ပုဂ္ဂိုလ်မဟုတ်၊ စက္ခုသည် သတ္တဝါမဟုတ်၊ စက္ခုသည် ငါမဟုတ်၊ ဒုက္ခအစုမျှသာ ဖြစ်သည်ဟု ထင်ရှားလေသည်။

(ဤကား အနမတဂ္ဂသံသရာနှင့်အမျှ အနိစ္စဝိဇ္ဇာဉာဏ်၊ ဒုက္ခဝိဇ္ဇာဉာဏ်၊ အနတ္တဝိဇ္ဇာဉာဏ် ဟူသော မှန်ဘီလူးကို မရသည့်အတွက် ယနေ့ထက်တိုင် မိမိနစ်မွန်းမျောပါ၍ လာခဲ့သော မိမိ၏စက္ခုသံသရာမဟာသြဃကြီး၏ ကမ်းတစ်ဘက်သို့ မိမိဆန်တက်ရသော ပယောဂသမ္ပတ္တိကို ပြဆိုသော စကားရပ်တည်း။)

မိမိ၏ အဇ္ဈတ္တအင်္ဂါဖြစ်၍နေသော သောတသံသရာ မဟာသြဃ၊ ဃာနသံသရာ မဟာသြဃ၊ ဇိဝှာသံသရာ မဟာသြဃ၊ ကာယသံသရာ မဟာသြဃ၊ မနသံသရာ မဟာသြဃ–တို့၌လည်း စက္ခုသံသရာ မဟာသြဃ၌ကဲ့သို့ ရှည်လျားပုံ၊ နက်ရှိုင်းပုံ၊ ကျယ်ဝန်းပုံ စသည်များကို စေ့စုံစွာ ဝေဖန်၍ သိလေ။

**အထူးကား–** ၁။ မိမိ၏ သောတ၌ ငါ၏နားဟူ၍လည်းကောင်း၊ တစ်စုံတစ်ခုသော အသံကို ကြားသောအခါ ငါကြားသည်ဟူ၍လည်းကောင်း၊ ငါ၏နားသည် ကြားတတ်သော ငါ့အတ္တပေတည်း။ အရှင်ဖြစ်သော ဇီဝပေတည်းဟူ၍ လည်းကောင်း၊ တွယ်တာစွဲလမ်းခြင်းသည် မိမိ၏ သောတသံသရာ မဟာသြဃ၌ မိမိ နစ်မွန်း မျောပါခြင်းမည်၏။ ထိုတွယ်တာ စွဲလမ်းခြင်း၏ ပြတ်ကင်းချုပ်ငြိမ်းခြင်းသည် ထိုသောတသံသရာ မဟာသမုဒ္ဒရာကြီး၏ တစ်ဖက်ကမ်းပေတည်း။

http://www.dhammadownload.com



၂။ မိမိ၏ဃာနဌ် ငါ၏နှာခေါင်းဟူ၍လည်းကောင်း၊ တစ်စုံတစ်ခုသော အနံ့ကို နံသောအခါ ငါနံသည်ဟူ၍လည်းကောင်း၊ ငါ၏ဃာနသည် နံတတ်သော ငါ့အတ္တပေတည်း၊ အရှင်ဖြစ်သော ဇီဝပေတည်း ဟူ၍ လည်းကောင်း၊ တွယ်တာစွဲလမ်းခြင်းသည် မိမိ၏ဃာနသံသရာ မဟာ ဩဃ၌ မိမိနစ်မွန်း မျောပါခြင်းမည်၏။ ထိုတွယ်တာစွဲလမ်းခြင်း၏ ပြတ်ကင်းချုပ်ငြိမ်းခြင်းသည် ထိုဃာနသံသရာ မဟာသမုဒ္ဒရာကြီး ၏ တစ်ဖက်ကမ်းပေတည်း။

၃။ မိမိ၏ဇိဝှာ၌ ငါ၏လျှာဟူ၍လည်းကောင်း၊ တစ်စုံတစ်ခုသော ရသာရုံကို သုံးဆောင်၍ အချို အချဉ်စသည်ကို သိသောအခါ ငါသိသည်ဟူ၍ လည်းကောင်း၊ ငါ၏လျှာသည် အရသာကို သိတတ်သော ငါ့အတ္တပေ တည်း၊ အရှင်ဖြစ်သော ဇီဝပေတည်းဟူ၍လည်းကောင်း၊ တွယ်တာ စွဲလမ်းခြင်းသည် မိမိ၏ဇိဝှါသံသရာ မဟာဩဃ၌ မိမိနစ်မွန်းမျောပါ ခြင်းမည်၏။ ထိုတွယ်တာစွဲလမ်းခြင်း၏ ပြတ်ကင်းချုပ်ငြိမ်းခြင်းသည် ထိုဇိဝှာသံသရာ မဟာသမုဒ္ဒရာကြီး၏ တစ်ဖက်ကမ်းပေတည်း။

၄။ မိမိ၏ကိုယ်အင်္ဂါကာယ၌ ငါ၏ကိုယ်အင်္ဂါဟူ၍ လည်းကောင်း၊ တစ်စုံ တစ်ခုသော ဖဋ္ဌဗ္ဗာရုံကို ထိ၍ သိသောအခါ ငါထိသည်၊ ငါသိသည် ဟူ၍လည်းကောင်း၊ ငါ၏ကိုယ်အင်္ဂါကြီးငယ်သည် ထိ၍ သိတတ်သော ငါ့အတ္တပေတည်း။ အရှင်ဖြစ်သော ဇီဝပေတည်း ဟူ၍လည်းကောင်း၊ တွယ်တာစွဲလမ်းခြင်းသည် မိမိ၏ကာယသံသရာ မဟာဩဃ၌ မိမိနစ်မွန်း မျောပါခြင်းမည်၏။ ထိုတွယ်တာစွဲလမ်းခြင်း၏ ပြတ်ကင်းချုပ်ငြိမ်း ခြင်းသည် ထိုကာယသံသရာ မဟာသမုဒ္ဒရာကြီး၏ တစ်ဖက်ကမ်း ပေတည်း။

၅။ မိမိ၏မနော၌ ငါ၏စိတ် ငါ၏မနောဟူ၍လည်းကောင်း၊ မိမိကြံသမျှ သိသမျှကို ငါကြံသည် ငါသိသည်ဟူ၍လည်းကောင်း၊ ငါ၏စိတ်၊ ငါ၏မနောသည် ကြံတတ်၊ သိတတ်သော ငါ့အတ္တပေတည်း၊ အရှင်ဖြစ် သော ဇီဝပေတည်းဟူ၍လည်းကောင်း၊ တွယ်တာစွဲလမ်းခြင်းသည် မိမိ၏စိတ်ဟူသော မန ဟူသော အနမတဂ္ဂသံသရာ မဟာဩဃ၌ မိမိနစ်မွန်းမျောပါခြင်း မည်၏။ ထိုတွယ်တာစွဲလမ်းခြင်း၏ ပြတ်ကင်း ချုပ်ငြိမ်းခြင်းသည် ထိုမနသံသရာ မဟာသမုဒ္ဒရာကြီး၏ တစ်ဖက် ကမ်းပေတည်း။

http://www.dhammadownload.com



ဤသို့ သံသရာ ဝဲသြဃကိုလည်းကောင်း၊ သံသရာဝဲသြဃ၏ တစ်ဖက်ကမ်း ဖြစ်သော နိဗ္ဗာန်ကိုလည်းကောင်း၊ မိမိ၏ဝဲသြဃ၏ တစ်ဖက်ကမ်းဖြစ်သော နိဗ္ဗာန် ကိုလည်းကောင်း၊ မိမိ၏ဝဲသြဃ၌ မိမိနစ်မွန်း၍ နေကြပုံကိုလည်းကောင်း၊ မိမိ၏ ဝဲသြဃမှ ကျွတ်လွတ်၍ ကမ်းတစ်ဖက်သို့ ရောက်ကြပုံကိုလည်းကောင်း၊ အသေအချာ နေရာတကျ သိမှတ်အပ်၏။ ။ (ကြွင်းသော အချက်စုကိုကား စက္ခုဒွါ ဆိုခဲ့ပြီးသော အတိုင်း စေ့စုံစွာသိလေ။)

(က) သမုဒ္ဒေါ၊ သမုဒ္ဒေါတိ ဘိက္ခဝေ အဿုတဝါ ပုထုဇ္ဇနော ဘာသတိ၊ နေသော ဘိက္ခဝေ အရိယဿ ဝိနယေ သမုဒ္ဒေါ၊ မဟာ ဧသော ဘိက္ခဝေ ဥဒကရာသိ မဟာ ဥဒကဏ္ဏဝေါ။

(ခ) စက္ခု ဘိက္ခဝေ ပုရိသဿ သမုဒ္ဒေါ၊ တဿ ရူပမယော ဝေဂေါ၊ ယော တံ ရူပမယံ ဝေဂံ သဟတိ၊ အယံ ဝုစ္စတိ ဘိက္ခဝေ အတ္တနိ စက္ခုသမုဒ္ဒံ သဥမိံ သာဝဋ္ဋံ သဂါဟံ သရက္ခသံ တိဏ္ဏော ပါရင်္ဂတော ထလေ တိဋ္ဌတိ ဗြာဟ္မဏော။

(ဂ) သောတံ ဘိက္ခဝေ ပုရိသဿ သမုဒ္ဒေါ၊ တဿ သဒ္ဒမယော ဝေဂေါ၊ ယော တံ သဒ္ဒမယံ ဝေဂံ သဟတိ၊ အယံ ဝုစ္စတိ ဘိက္ခဝေ အတ္တနိ သောတသမုဒ္ဒံ သဥမိံ သာဝဋ္ဋံ သဂါဟံ သရက္ခသံ တိဏ္ဏော ပါရင်္ဂတော ထလေ တိဋ္ဌတိ ဗြာဟ္မဏော။

(ဃ) ဃာနံ ဘိက္ခဝေ ပုရိသဿ သမုဒ္ဒေါ၊ တဿ ဂန္ဓမယော ဝေဂေါ၊ ယော တံ ဂန္ဓမယံ ဝေဂံ သဟတိ၊ အယံ ဝုစ္စတိ ဘိက္ခဝေ အတ္တနိ ဃာနသမုဒ္ဒံ သဥမိံ သာဝဋ္ဋံ သဂါဟံ သရက္ခသံ တိဏ္ဏော ပါရင်္ဂတော ထလေ တိဋ္ဌတိ ဗြာဟ္မဏော။

(င) ဇိဝှါ ဘိက္ခဝေ ပုရိသဿ သမုဒ္ဒေါ၊ တဿ ရသမယော ဝေဂေါ၊ ယော တံ ရသမယံ ဝေဂံ သဟတိ၊ အယံ ဝုစ္စတိ ဘိက္ခဝေ အတ္တနိ ဇိဝှါသမုဒ္ဒံ သဥမိံ သာဝဋ္ဋံ သဂါဟံ သရက္ခသံ တိဏ္ဏော ပါရင်္ဂတော ထလေ တိဋ္ဌတိ ဗြာဟ္မဏော။

(စ) ကာယော ဘိက္ခဝေ ပုရိသဿ သမုဒ္ဒေါ၊ တဿ ဖောဋ္ဌဗ္ဗမယော ဝေဂေါ၊ ယော တံ ဖောဋ္ဌဗ္ဗမယံ ဝေဂံ သဟတိ၊ အယံ ဝုစ္စတိ ဘိက္ခဝေ အတ္တနိ ကာယသမုဒ္ဒံ သဥမိံ သာဝဋ္ဋံ သဂါဟံ သရက္ခသံ တိဏ္ဏော ပါရင်္ဂတော ထလေ တိဋ္ဌတိ ဗြာဟ္မဏော။

http://www.dhammadownload.com



(ဆ) မနော ဘိက္ခဝေ ပုရိသဿ သမုဒ္ဒေါ၊ တဿ ဓမ္မမယော ဝေဂေါ၊ ယော တံ ဓမ္မမယံ ဝေဂံ သဟတိ၊ အယံ ဝုစ္စတိ ဘိက္ခဝေ အတ္တာနိ မနောသမုဒ္ဒံ သဥမိံ သာဝဋ္ဋံ သဂါဟံ သရက္ခသံ တိဏ္ဏော ပါရင်္ဂတော ထလေ တိဋ္ဌတိ ဗြာဟ္မဏော။

### (သဠာယတနသံယုတ် ပါဠိတော်။)

(က) ဘိက္ခဝေ၊ ရဟန်းတို့။ အဿုတဝါ၊ ငါဘုရား၏ တရားကို မကြားဖူးသော။ ပုထုဇ္ဇနော၊ ပုထုဇဉ်အပေါင်းသည်။ သမုဒ္ဒေါ သမုဒ္ဒေါတိ၊ သမုဒ္ဒရာ သမုဒ္ဒရာ ဟူ၍။ ဘာသတိ၊ ပြောဆိုကြ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ အရိယဿ၊ မြတ်သော အကျင့်ရှိသော ငါဘုရား၏။ ဝိနယေ၊ အဆုံးအမဖြစ်သော သာသနာ၌။ သော၊ ဤပုထုဇဉ်တို့ခေါ်ဝေါ်ကြသော သမုဒ္ဒရာသည်။ နသမုဒ္ဒေါ၊ သမုဒ္ဒရာ အစစ်မဟုတ်။ ဘိက္ခဝေ၊ ရဟန်းတို့။ သော၊ ဤပုထုဇဉ်တို့ ခေါ်ဝေါ်ကြသော သမုဒ္ဒရာသည်။ မဟာဥဒကရာသိ၊ များစွာသော ရေအစု သာတည်း။ မဟာဥဒကကဏ္ဏဝေါ၊ များစွာသော ရေအဏ္ဏဝါသာတည်း။

(ခ) ဘိက္ခဝေ၊ ရဟန်းတို့။ ပုရိသဿ၊ တစ်ယောက် တစ်ယောက်သော သတ္တဝါ၏။ စက္ခု၊ မျက်စိ ဟူသော စက္ခုဓာတ် (၁) ခုသည်။ သမုဒ္ဒေါ။ သမုဒ္ဒရာ အစစ်ပေတည်း။ တဿ၊ ထိုစက္ခုသမုဒ္ဒရာအား။ ရူပမယော၊ ရူပါရုံ၏ထင်ခြင်း ကြောင့် ဖြစ်သော။ ဝေဂေါ၊ လှိုင်းဟုန်သည်။ အတ္ထိ၊ ရှိ၏။ ယော၊ အကြင် သူသည်။ ရူပမယံ၊ ရူပါရုံ၏ထင်ခြင်းကြောင့်ဖြစ်သော။ တံဝေဂံ၊ ထိုလှိုင်းဟုန် ကို။ သဟတိ၊ နှိပ်နင်းပယ်ရှားနိုင်၏။ အယံ၊ ဤသူကို။ သဥမိံ၊ လှိုင်းတံပိုး နှင့် တကွသော။ သာဝဋ္ဋံ၊ ဗလဝါမုခ ဝဲကြီးနှင့်တကွသော။ သဂါဟံ၊ အတင်းဖမ်းတတ်သော ငါးမန်း၊ ငါးဆင်နှင့်တကွသော။ သရက္ခသံ၊ ရေဘီလူးနှင့် တကွသော။ အတ္တာနိ၊ မိမိကိုယ်၌။ စက္ခုသမုဒ္ဒံ၊ စက္ခုသံသရာ မဟာသမုဒ္ဒရာကြီး ကို။ တိဏ္ဏော၊ ကူးမြောက်ပြီးသော သူဟူ၍။ ပါရင်္ဂတော၊ နိဗ္ဗာန်တည်း ဟူသော ကမ်းတစ်ဖက်သို့ ရောက်ပြီးသောသူ ဟူ၍။ ထလေ၊ နိဗ္ဗာန်တည်း ဟူသော ကြည်းကုန်းထက်၌။ တိဋ္ဌတိ၊ တည်ပေသော။ ဗြာဟ္မဏော၊ သူမြတ် ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

(ဂ) ဘိက္ခဝေ၊ ရဟန်းတို့။ ပုရိသဿ၊ တစ်ယောက်သော သတ္တဝါ၏။ သောတံ၊ နားဟူသော သောတဓာတ် (၁) ခုသည်။ သမုဒ္ဒေါ၊ သမုဒ္ဒရာ အစစ်ပေတည်း။ တဿ၊ ထိုသောတသမုဒ္ဒရာအား။ သဒ္ဒမယော၊ သဒ္ဒါရုံ၏ထင်ခြင်းကြောင့် ဖြစ်သော။ ဝေဂေါ၊ လှိုင်းဟုန်သည်။ အတ္ထိ၊ ရှိ၏။ ယော၊ အကြင်သူသည်။

http://www.dhammadownload.com



သဒ္ဒမယံ၊ သဒ္ဒါရုံ၏ထင်ခြင်းကြောင့်ဖြစ်သော။ တံဝေဂံ၊ ထိုလှိုင်းဟုန်ကို။ သဟတိ၊ နှိပ်နင်းပယ်ရှားနိုင်၏။ အယံ၊ ဤသူကို။ သဨမိ၊ လှိုင်းတံပိုးနှင့်တကွသော။ သာဝဋ္ဋံ၊ ဗလဝါမုခဝဲကြီးနှင့်တကွသော။ သဂါဟံ။ အတင်းဖမ်းတတ်သော ငါးမန်း၊ ငါးဆင်နှင့်တကွသော။ သရက္ခသံ၊ ရေဘီလူးနှင့်တကွသော။ အတ္တနိ၊ မိမိကိုယ်၌။ သောတသမုဒ္ဒံ၊ သောတသံသရာ မဟာသမုဒ္ဒရာကြီးကို။ တိဏ္ဏော၊ ကူးမြောက်ပြီးသော သူဟူ၍။ ပါရင်္ဂတော၊ နိဗ္ဗာန်တည်း ဟူသော ကမ်းတစ်ဖက်သို့ ရောက်ပြီးသောသူ ဟူ၍။ ထလေ၊ နိဗ္ဗာန်တည်း ဟူသော ကြည်းကုန်းထက်၌။ တိဋ္ဌတိ၊ တည်ပေသော။ ဗြာဟ္မဏော၊ သူမြတ် ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

(ဃ) ဘိက္ခဝေ၊ ရဟန်းတို့။ ပုရိသဿ၊ တစ်ယောက်သော သတ္တဝါ၏။ ဃာနံ၊ နှာခေါင်း ဟူသော ဃာနဓာတ် (၁) ခုသည်။ သမုဒ္ဒေါ၊ သမုဒ္ဒရာ အစစ်ပေတည်း။ တဿ၊ ထိုဃာနသမုဒ္ဒရာအား။ ဂန္ဓမယော၊ ဂန္ဓာရုံ၏ထင်ခြင်းကြောင့် ဖြစ်သော။ ဝေဂေါ၊ လှိုင်းဟုန်သည်။ အတ္ထိ၊ ရှိ၏။ ယော၊ အကြင်သူသည်။ ဂန္ဓမယံ၊ ဂန္ဓာရုံ၏ထင်ခြင်းကြောင့်ဖြစ်သော။ တံဝေဂံ၊ ထိုလှိုင်းဟုန်ကို။ သဟတိ၊ နှိပ်နင်းပယ်ရှားနိုင်၏။ အယံ၊ ဤသူကို။ သဨမိ၊ လှိုင်းတံပိုးနှင့် တကွသော။ သာဝဋ္ဋံ၊ ဗလဝါမုခ ဝဲကြီးနှင့်တကွသော။ သဂါဟံ၊ အတင်းဖမ်းတတ်သော ငါးမန်း၊ ငါးဆင်နှင့်တကွသော။ သရက္ခသံ၊ ရေဘီလူးနှင့် တကွသော။ အတ္တနိ၊ မိမိကိုယ်၌။ ဃာနသမုဒ္ဒံ၊ ဃာနသံသရာ မဟာသမုဒ္ဒရာကြီးကို။ တိဏ္ဏော၊ ကူးမြောက်ပြီးသော သူဟူ၍။ ပါရင်္ဂတော၊ နိဗ္ဗာန်တည်း ဟူသော ကမ်းတစ်ဖက်သို့ ရောက်ပြီးသောသူ ဟူ၍။ ထလေ၊ နိဗ္ဗာန်တည်း ဟူသော ကြည်းကုန်းထက်၌။ တိဋ္ဌတိ၊ တည်ပေသော။ ဗြာဟ္မဏော၊ သူမြတ် ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

(င) ဘိက္ခဝေ၊ ရဟန်းတို့။ ပုရိသဿ၊ တစ်ယောက်သော သတ္တဝါ၏။ ဇိဝှါ၊ လျှာ-ဟူသော ဇိဝှါဓာတ် (၁) ခုသည်။ သမုဒ္ဒေါ၊ သမုဒ္ဒရာ အစစ်ပေတည်း။ တဿ၊ ထို ဇိဝှါသမုဒ္ဒရာအား။ ရသမယော၊ ရသာရုံ၏ထင်ခြင်းကြောင့်ဖြစ်သော။ ဝေဂေါ၊ လှိုင်းဟုန်သည်။ အတ္ထိ၊ ရှိ၏။ ယော၊ အကြင်သူသည်။ ရသမယံ၊ ရသာရုံ၏ထင်ခြင်းကြောင့်ဖြစ်သော။ တံဝေဂံ၊ ထိုလှိုင်းဟုန်ကို။ သဟတိ၊ နှိမ်နင်းပယ်ရှားနိုင်၏။ အယံ၊ ဤသူကို။ သဨမိ၊ လှိုင်းတံပိုး နှင့် တကွသော။ သာဝဋ္ဋံ၊ ဗလဝါမုခ ဝဲကြီးနှင့်တကွသော။ သဂါဟံ၊ အတင်းဖမ်းတတ်သော ငါးမန်း၊ ငါးဆင်နှင့်တကွသော။ သရက္ခသံ။ ရေဘီလူးနှင့် တကွသော။

http://www.dhammadownload.com



အတ္တနိ၊ မိမိကိုယ်၌။ ဇိဝှာသမုဒ္ဒံ၊ ဇိဝှာသံသရာ မဟာသမုဒ္ဒရာကြီးကို။ တိဏ္ဏော၊ ကူးမြောက်ပြီးသော သူဟူ၍။ ပါရင်္ဂတော၊ နိဗ္ဗာန်တည်း ဟူသော ကမ်းတစ်ဖက်သို့ ရောက်ပြီးသောသူ ဟူ၍။ ထလေ၊ နိဗ္ဗာန်တည်း ဟူသော ကြည်းကုန်းထက်၌။ တိဋ္ဌတိ၊ တည်နေသော။ ဗြာဟ္မဏော၊ သူမြတ်-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

(စ) ဘိက္ခဝေ၊ ရဟန်းတို့။ ပုရိသဿ၊ တစ်ယောက်သော သတ္တဝါ၏။ ကာယော၊ ကိုယ် -ဟူသော ကာယဓာတ် (၁)ခုသည်။ သမုဒ္ဒေါ၊ သမုဒ္ဒရာ အစစ်ပေတည်း။ တဿ၊ ထို ကာယသမုဒ္ဒရာအား။ ဖောဋ္ဌဗ္ဗမယော၊ ဖောဋ္ဌဗ္ဗာရုံ၏ ထင်ခြင်း ကြောင့်ဖြစ်သော။ ဝေဂေါ၊ လှိုင်းဟုန်သည်။ အတ္ထိ၊ ရှိ၏။ ယော၊ အကြင်သူသည်။ ဖောဋ္ဌဗ္ဗမယံ၊ ဖောဋ္ဌဗ္ဗာရုံ၏ထင်ခြင်းကြောင့်ဖြစ်သော။ တံဝေဂံ၊ ထိုလှိုင်းဟုန်ကို။ သဟတိ၊ နှိမ်နင်းပယ်ရှားနိုင်၏။ အယံ၊ ဤသူကို။ သဉ္ဇမိံ၊ လှိုင်းတံပိုးနှင့် တကွသော။ သာဝဋ္ဋံ၊ ဗလဝါမုခ ဝဲကြီးနှင့်တကွသော။ သဂါဟံ၊ အတင်းဖမ်း တတ်သော ငါးမန်း၊ ငါးဆင်နှင့်တကွသော။ သရက္ခသံ။ ရေဘီလူးနှင့် တကွသော။ အတ္တနိ၊ မိမိကိုယ်၌။ ကာယသမုဒ္ဒံ၊ ကာယသံသရာ မဟာသမုဒ္ဒရာကြီးကို။ တိဏ္ဏော၊ ကူးမြောက်ပြီးသော သူဟူ၍။ ပါရင်္ဂတော၊ နိဗ္ဗာန်တည်း ဟူသော ကမ်းတစ်ဖက်သို့ ရောက်ပြီးသောသူ ဟူ၍။ ထလေ၊ နိဗ္ဗာန်တည်း ဟူသော ကြည်းကုန်းထက်၌။ တိဋ္ဌတိ၊ တည်နေသော။ ဗြာဟ္မဏော၊ သူမြတ်-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

(ဆ) ဘိက္ခဝေ၊ ရဟန်းတို့။ ပုရိသဿ၊ တစ်ယောက်သော သတ္တဝါ၏။ မနော၊ စိတ် ဟူသော မနောဓာတ် (၁)ခုသည်။ သမုဒ္ဒေါ၊ သမုဒ္ဒရာ အစစ်ပေတည်း။ တဿ၊ ထိုမနော သမုဒ္ဒရာအား။ ဓမ္မမယော၊ ဓမ္မာရုံ၏ထင်ခြင်းကြောင့်ဖြစ်သော။ ဝေဂေါ၊ လှိုင်းဟုန်သည်။ အတ္ထိ၊ ရှိ၏။ ယော၊ အကြင်သူသည်။ ဓမ္မမယံ၊ ဓမ္မာရုံ၏ထင်ခြင်းကြောင့်ဖြစ်သော။ တံဝေဂံ၊ ထိုလှိုင်းဟုန်ကို။ သဟတိ၊ နှိမ်နင်းပယ်ရှားနိုင်၏။ အယံ၊ ဤသူကို။ သဉ္ဇမိံ၊ လှိုင်းတံပိုး နှင့် တကွသော။ သာဝဋ္ဋံ၊ ဗလဝါမုခ ဝဲကြီးနှင့်တကွသော။ သဂါဟံ၊ အတင်းဖမ်းတတ်သော ငါးမန်း၊ ငါးဆင်နှင့်တကွသော။ သရက္ခသံ၊ ရေဘီလူးနှင့် တကွသော။ အတ္တနိ၊ မိမိကိုယ်၌။ မနောသမုဒ္ဒံ၊ မနောသံသရာ မဟာသမုဒ္ဒရာကြီးကို။ တိဏ္ဏော၊ ကူးမြောက်ပြီးသော သူဟူ၍။ ပါရင်္ဂတော၊ နိဗ္ဗာန်တည်း ဟူသော ကမ်းတစ်ဖက်သို့ ရောက်ပြီးသောသူ ဟူ၍။ ထလေ၊ နိဗ္ဗာန်တည်း ဟူသော

http://www.dhammadownload.com



ကြည်းကုန်းထက်၌။ တိဋ္ဌတိ၊ တည်ပေသော။ ဗြာဟ္မဏော၊ သူမြတ်-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ (ဤကား - အနက်။)

**အဓိပ္ပာယ်**။ ။ အဓိပ္ပာယ်ကား - အကြီးအကျယ်ဆုံးဖြစ်သော ရေအစုံကို လောက၌ သမုဒ္ဒရာဟူ၍ ခေါ်ဆိုကြ၏။ ထိုသမုဒ္ဒရာသည် အကျယ်အနက်ယူဇနာ ၈ သောင်း ၄ ထောင်မျှသာရှိ၏။ အလျားမှာလည်း စကြဝဠာအဝန်း ယူဇနာမျှသာ ရှိ၏။ စက္ခု၏ အနက်ကား အောက်ကို မဟာအဝီစိ၊ အထက်ကိုအကနိဋ္ဌတိုင်အောင် နက်၏။ အနံမှာ စကြဝဠာအနန္တ၊ အလျားမှာ အနမတဂ္ဂသံသရာ။

ကောဓ၊ ဥပနာဟ တည်းဟူသော လှိုင်းတံပိုး၊ ရူပတဏှာတည်းဟူသော ဗလဝါမုခဝဲကြီး၊ ဥပါဒန်တရား ၄ ပါးတည်းဟူသော ဂါဟ၊ ဇရာ၊ မရဏတည်းဟူသော ရက္ခိုသ်ဘီလူး၊ ဤမျှသော ဘေးရန်တို့သည် စက္ခုသမုဒ္ဒရာ၌ တည်ရှိကုန်၏။

အကြင်မျှလောက်သော ဘဝသံသရာကာလပတ်လုံး ငါ၏စက္ခု ဟု စွဲလမ်းခြင်း ရှိ၏။ ထိုမျှလောက်သော ဘဝသံသရာ ကာလပတ်လုံး ထိုစက္ခုသမုဒ္ဒရာ၌ နစ်လေ၏။ စက္ခုဟု စွဲလမ်းခြင်း ပြတ်ကင်းသောအခါ စက္ခုသမုဒ္ဒရာမှ ကူးတတ်၍ ဤနိဗ္ဗာန်တည်း ဟူသော ကမ်းပေါ်၌ တည်လေ၏။ ။

**(သောတသမုဒ္ဒရာ စသည်တို့၌လည်း ဤနည်းတူ သိလေ။)**

ဤသို့လျှင် "စက္ခု လောကေ ပိယရူပံ သာတရူပံ၊ ဧတ္ထေသာပဟီယမာနာ ပဟီယတိ နိရုဇ္ဈမာနာ နိရုဇ္ဈတိ"အစရှိသော နိရောဓသစ္စဝိဘင်းပါဠိတော်နှင့်အညီ "မိမိ၏ အဇ္ဈတ္တအင်္ဂါဖြစ်၍နေသော စက္ခုမှာ တွယ်တာသောတဏှာ၏ ပြတ်ကင်းခြင်းသည် မိမိ၏စက္ခု၌ရအပ်သော နိဗ္ဗာန်မည်၏။"

"မိမိ၏ အဇ္ဈတတအင်္ဂါဖြစ်၍နေသော မနောမှာ တွယ်တာသော တဏှာ၏ ပြတ်ကင်းခြင်းသည် မိမိ၏မနော၌ ရအပ်သောနိဗ္ဗာန်မည်၏"၊ ဤသို့သော အဓိပ္ပာယ်ကို ရည်တော်မူ၍-

ဣမသ္မိံ ဗျာမမတ္တေ မဠေဝရေ သသညမှိ သမနကေ လောကဉ္စပညပေမိ

လောကသမုဒယဉ္စ လောကနိရောဓဉ္စ လောကနိရောဓဂါမိနိဉ္စ ပဋိပဒံ-

ဟူ၍ ဟောတော်မူသည်။

ဗျာမမတ္တေ၊ တစ်လံမျှလောက်သော။ သသညမှိ၊ သညာရှိသော။ သမနကေ၊ စိတ်နှင့်တကွသော။ ဣမသ္မိံကဠေဝရေ၊ ဤအကောင်ပုပ်၌။ လောကဉ္စ၊ ဒုက္ခသစ္စာ - ဟူသော လောကကိုလည်း။ ပညပေမိ၊ ငါဘုရားပညတ်တော်မူ၏။ လောကသမုဒယဉ္စ၊ ဒုက္ခသစ္စာ ဟုဆိုအပ်သော လောက၏ဖြစ်ပွားကြောင်းကိုလည်း။ ပညပေမိ၊ ငါဘုရားပညတ် တော်မူ၏။ လောကနိရောဓဉ္စ၊ ဒုက္ခသစ္စာ -ဟု ဆိုအပ်

http://www.dhammadownload.com



သော လောက၏ချုပ်ဆုံးရာ နိဗ္ဗာန်ကိုလည်း။ ပညပေမိ၊ ငါဘုရားပညတ်တော်မူ၏။ လောကနိရောဓဂါမိနိဥ္စ ပဋိပဒံ၊ ဒုက္ခသစ္စာ–ဟုဆိုအပ်သော လောက၏ချုပ်ဆုံးရာ နိဗ္ဗာန်သို့ရောက်ကြောင်း ဖြစ်သော အကျင့်ကိုလည်း။ ပညပေမိ၊ ငါဘုရား ပညတ်တော်မူ၏။ ။ (ဤကား အနက်။)

**အဓိပ္ပာယ်။** ။ ဒုက္ခသစ္စာကိုလည်း ဤ ကိုယ်ခန္ဓာမှာပင် ငါဘုရားပညတ်တော်မူ၏။ သမုဒယသစ္စာကိုလည်း ဤကိုယ်ခန္ဓာမှာပင်၊ နိဗ္ဗာန်တည်းဟူသော နိရောဓသစ္စာကိုလည်း ဤကိုယ်ခန္ဓာမှာပင်၊ မဂ္ဂသစ္စာကိုလည်း ဤကိုယ်ခန္ဓာမှာပင် ငါဘုရားပညတ်တော်မူ၏ – ဟူလိုသည်။

ဒုက္ခသစ္စာ –ဟူသည် ပြဆိုခဲ့ပြီးသော စက္ခုစသော ကိုယ်အင်္ဂါစုပင်တည်း။

သမုဒယသစ္စာ –ဟူသည် ကိုယ်အင်္ဂါတွင် ပါဝင်သော တဏှာပင်တည်း။

မဂ္ဂသစ္စာ ဟူသည်လည်း ကိုယ်အင်္ဂါတွင် ပါဝင်သော သမ္မာဒိဋ္ဌိ အစရှိသော မဂ္ဂင်(၈)ပါးပင်တည်း။ ထို့ကြောင့် ဤကိုယ်ခန္ဓာမှာပင် ထိုသစ္စာ ၃ ပါးကို မုချအားဖြင့် ရ၏။

နိရောဓသစ္စာသည် ချုပ်ငြိမ်းမှုဖြစ်၍ ကိုယ်အင်္ဂါမှာ ပါဝင်သော အားဖြင့် ကိုယ်ခန္ဓာ၌ ရထိုက်သည်မဟုတ်၊ ကိုယ်အင်္ဂါနှင့်စပ်နွှယ်၍ သိအပ်သည်ကို အကြောင်းပြ၍သာ ကိုယ်အင်္ဂါ၌ ပညတ်တော်မူသည်ဟု ဟောတော်မူသည်။

**ဆရာတို့ကား။** ။ ဤပါဠိတော်ကို ထောက်၍ နိဗ္ဗာန်သည် ပရိနိဗ္ဗာန်စံသော ပုဂ္ဂိုလ်၏ခန္ဓာအသီးသီးကို အစွဲပြု၍ နိဗ္ဗာန်အသီးအသီးဖြစ်ကြောင်းကို အယူရှိကြကုန်၏။

ဤမျှသော စကားရပ်တို့ဖြင့် စက္ခုစသော မိမိကိုယ်အင်္ဂါ၌ သာယာစွဲလမ်းမှုကို သံသရာ၌ နစ်မွန်းမှုဆိုသည်။ ထိုစွဲလမ်းမှု ပြတ်ကင်းသည်ကို သံသရာ၏ ကမ်းတစ်ဖက်သို့ ကူးမြောက်သည် ဟု ဆိုသည်။ စက္ခုစသည်တို့၏ အလိုသို့ လိုက်စား၍နေသော သူကို ထိုကမ်းတစ်ဖက်နှင့် ဝေးကွာသောသူ ဟု ဆိုသည်။ စက္ခုစသည်တို့၌ သာယာစွဲလမ်းမှုကို ပြတ်ကင်းရန် အလုပ်ကို အားထုတ် ကြိုးစား၍ နေသောသူကိုသာ ထိုကမ်းတစ်ဖက်နှင့် နီးသောသူ ဟု ဆိုသည်။

**နိဗ္ဗာန်နှင့်နီးသူ။** ။ နိဗ္ဗာန်စကားကို ပြောဆိုကြသောအခါ၌ အမှန်ကို ပြောဆိုမိကြသည်ဖြစ်စေ၊ မမှန်ကို ပြောဆိုမိကြသည်ဖြစ်စေ၊ ထိုအလုပ်ကို အားထုတ်ကြိုးစားသောသူဖြစ်ပေလျှင် ဟုတ်မှန်သော နိဗ္ဗာန်နှင့် တစ်နေ့တခြားနီး၍ သွားသောသူမည်၏။ သာသနာတော်တွင်း၌ လူ့အဖြစ်ကို ရနေသော ယခုဘဝသည် နိဗ္ဗာန်၏ အနီးအပါးသို့ ဆိုက်၍နေသော ဘဝပေတည်း။

http://www.dhammadownload.com



**နိဗ္ဗာန်နှင့်ဝေးသူ**။ ။ သေလွန်၍ သာသနာမရှိသော လူမျိုး၌ ဖြစ်ခဲ့သော်လည်းကောင်း၊ အပါယ်၌ ဖြစ်ခဲ့သော်လည်းကောင်း ယခုဆိုက်တိုက်နိုးပါး၍ နေသော နိဗ္ဗာန်နှင့် ကြာလေ ကြာလေ ကွာလှမ်း၍ သွားပြန်လေ၏။ ထို့ကြောင့် မိမိ၏ ကိုယ်အင်္ဂါဖြစ်၍နေသော စက္ခုစသည်တို့၌ သာယာစွဲလမ်းမြဲအတိုင်းနှင့်နေ၍ သေကြလတ္တံ့သော သူတို့သည် ယခုအခါ အမှန်နိဗ္ဗာန်ကိုပင် ပြောဆို၍ နေကြသော်လည်း နိဗ္ဗာန်နှင့် တစ်နေ့တခြား ကွာဝေး၍ သွားသော သူတို့မည်ကုန်၏ဟူသော အဓိပ္ပာယ်ကို ပြဆိုလိုက်သည်။ (ဤကား- ပယောဂ သမ္ပတ္တိနှင့် စပ်နွယ်၍ ပြချက်တည်း။)

**ဤတွင် ရွှေ့ကား အချို့ကျမ်းအလို ထုတ်ဆိုရှင်းလင်းချက်ပြီး၏**။

**ဤတွင် နာနာဂန္ထန ဝါဒ ဝိသောဓနကဏ္ဍပြီး၏**။

■

http://www.dhammadownload.com



# နိဂုံး

## ဝတ္ထုဝတာ စ

(က) ခေတ္တပါဠိဂါမေ သန္တေ၊ ကာရိတေ ဂါမဘောဇိနာ။
သုဝိဘတ္တေ သုဝိသာလေ၊ ဓမ္မိကာရာမနာမကေ။ ။

(ခ) ဓမ္မနန္ဒေ ဝိဟာရမှိ၊ သုဝိစိတ္တေ မနောရမေ။
ဝသတာ မဟတော ဘိက္ခု၊ ဂဏဿ ဓမ္မဝါစိနာ။ ။

(ဂ) ဓမ္မစ္ဆန္ဒေတိ သာဓုဟိ၊ ယာစိတေန မယာ ကတာ။
နိဗ္ဗာနဒီပနီ သော၊ နေကသုတ္တသမောသဋ္ဌာ။ ။

(ဃ) ပုညေနေ တေန နိဗ္ဗာနံ၊ လဒ္ဓါ သန္တိဠ္ဌိကံ ဣခ။
ပရမတ္ထံ အာရာဓေန္တု၊ ဇနာ သဗ္ဗေပိ သုဗ္ဗတာ – တိ။ ။

စ၊ ဆက်၍ဆိုဦးအံ့။ ဝတ္ထုဝတာ၊ ဤမှူအတိုင်းအရှည်ရှိသော စကားအစဉ်ဖြင့်

(က) ခေတ္တပါဠိဂါမေ၊ မုံရွာမြို့နယ် “လယ်စဉ်”အမည်ရှိသော ရွာ၌။ သေန္တေ၊ အရှေ့မြောက်စပ် ထောင့်အရပ်၌။ ဂါမဘောဇိနာ၊ လယ်စဉ် ရွာစား တရားပျော်မှီး တိုက်သူကြီးသည်။ ကာရိတေ၊ ၁၂၆၀ ပြည့်နှစ် သက္ကရာဇ်တွင် အသစ်တည်ထောင် အပ်သော။ သုဝိဘတ္တေ၊ ပရိဝုဏ်မျဉ်းတား ဘုရားသိမ်ကျောင်း အပေါင်းသစ်ပင် ဥယျာဉ်ရေတွင်း နတ်ဖန်ဆင်းသကဲ့သို့ ခင်းကျင်းဖွယ်ရာ ကောင်းစွာ ဝေဖန်အပ်သော။ သုဝိသာလေ၊ ကျယ်ဝန်းပြန့်ပြူးစွာထသော။ ဓမ္မိကာရာမနာမကေ၊ ဓမ္မိကာရုံအမည်ရှိသော ကျောင်းတိုက်၌။

(ခ) သုဝိစိတ္တေ၊ စမွယ်ယွန်းတပ် ခြယ်မှုန်းလတ်၍ နတ်ဝိသုကံ စီမံခဲ့ယမ်း ပျံ့ဘနန်းလျှင် ဆန်းကြယ် ထူးမြတ်သော အပြောက်အပြိန်းလည်း ရှိထသော။ မနောရမေ၊ ရှုသူ မြင်သူ အများလူတို့ ကြည်ဖြူရွှင်ပြုံး နှလုံးမွေ့လျော်ရာ လည်း ဖြစ်ထသော။ ဓမ္မနန္ဒေ ဝိဟာရမှိ၊ “ဓမ္မနန္ဒ”အမည်ရှိသော ကျောင်းကြီး ၌။ ဝသတာ၊ သီတင်းသုံးနေထသော။ မဟတော၊ များစွာသော။ ဘိက္ခုဂဏဿ၊ ရဟန်းသံဃာ အပေါင်းအား၊–

(ဂ) ဓမ္မဝါစိနာ၊ ကျမ်းဂန်ဓမ္မ ပို့ချသင်ကြားကာနေသော။ မယာ၊ မုံရွာမြို့ **“လယ်တီတောကျောင်းဆရာ”**ငါသည်။ ဓမ္မစ္ဆန္ဒေဟိ၊ နိဗ္ဗာန်စကား မြတ်တရား ကို ကြားနာလိုလှ လွန်တောင့်တသော ဓမ္မဆန္ဒနှင့် ပြည့်စုံကြပေကုန်သော။ သာဓုဟိ၊ သူတော်ကောင်းတို့သည်။ ယာစိတေန၊ ချေချောင်ငံ အတန်တန်လျှင် တောင်းပန်လျှောက်ထားအပ်သည်ဖြစ်၍၊ နေကသုတ္တသမောသဋ္ဌာ၊ များစွာသော

http://www.dhammadownload.com



သုတ္တန်ပါဠိတော်အပေါင်းတို့၏ စုဆောင်းသက်ဝင်ရာဖြစ်သော။ သောနိဗ္ဗာန ဒီပနိ၊ **"နိဗ္ဗာနဒီပနီ"**အမည်ရှိသော ဤကျမ်းကို။ ကတာ၊ ရေးသားစီရင်အပ် သတည်း။

(ဃ) တေန ပုညေန၊ နိဗ္ဗာန်ကျမ်းပြု ဤကောင်းမှုကြောင့်။ သဗ္ဗေပိ၊ အလုံးစုံ လည်း ဖြစ်ကုန်သော။ နရာ၊ သတ္တဝါ အပေါင်းတို့သည်။ သုဗ္ဗတာ၊ ကောင်းသော အကျင့် ရှိကုန်သည်ဖြစ်၍။ ဣဓ၊ ယခုဘဝပစ္စက္ခ၌။ သန္ဒိဋ္ဌိကံ၊ မျက်မှောက် ဒိဋ္ဌ တွေ့ကြုံရသော။ နိဗ္ဗာနံ၊ သမ္မုတိ နိဗ္ဗာန်၊ တဒင်္ဂနိဗ္ဗာန်ကို။ လဒ္ဓါ၊ ရကြကုန်သည်ဖြစ်၍။ ပရမတ္ထံ၊ အတုမရှိ ကြီးမြတ်လှသော ပရမတ္ထနိဗ္ဗာန်ကို။ အာရာမေန္တု၊ ဆောလျင်ထုတ်ခြောက် ရောက်ပေါက် ပြီးစီးကြပါစေကုန် သတည်း။ ဣတိ၊ ဤတွင် ရွှေ့ နိဗ္ဗာနဒီပနီ စကားရပ် အပြီးသတ်၏။

**နိဂုံးပြီး၏။**

**ဤတွင် ရွှေ့ – နိဗ္ဗာနဒီပနီပြီး၏။**

■

http://www.dhammadownload.com



## ဝန်ထောက်မင်း ဦးရွှေစံအောင်လျှောက်ထားစာ

ဘုရားတပည့်တော် မောင်ရွှေစံအောင် ရှိခိုးလျှောက်ထားပါသည် ကျေးဇူးရှင်ဘုရား

**"တေနာဟ ဧကဉ္စ သန္တံ န ဒုတိယ မတ္တီတိ"** –

ဟူ၍ ဝိသုဒ္ဓိမဂ်ဋီကာ ဥပသမာနုဿတိအဖွင့်တွင် ပါရှိပါကြောင်း။

မြစ်ရေယဉ်ကဲ့သို့ တစ်သန်တည်း စီးလျက်နေသော ရဟန္တာ၏ ပရမတ္ထခန္ဓာအစဉ်တစ်ခုကို အပြင်ဖက်ကနေ၍ရှုသော ဉာဏ်အား ၎င်းခန္ဓာသည် ခဏတ္တယသို့ ရောက်တတ်သော တရားဟု ထင်လိမ့်မည်။ မြစ်ထဲ၌စီးနေသော ရေတစ်ပေါက်သည် တစ်နေရာမှ တစ်နေရာသို့ ရွေ့သည်တွင် ပထမနေရာ၌ ဖြစ်သော ရေပေါက်သည် ဒုတိယနေရာသို့ရောက်သော် ရှေးရေပေါက်ချုပ်၍ နောက်ရေပေါက် ဥပါဒ်သည်ဟု ပြောဆိုရဘိသကဲ့သို့၊ ခန္ဓာအစဉ်ကိုလည်း ပရမတ္ထတရားသို့ အစဉ်မပြတ် ပြောင်းလဲရွေ့သွားနေသည်တွင် ရှေးခဏ၌ဖြစ်သော ပရမတ္ထတရားတို့သည် ချုပ်ပြီးမှ နောက်ခဏ၌ တရားသစ်ဥပါဒ်သည်ဟု ပြောဆိုကြ၏။

ဤအရာ၌ သမနန္တရပစ္စည်းဆက်ပုံကို ကောင်းစွာနားလည်လျှင် ဥပါဒ်, ဌီ, ဘင်ဟူသော အခိုက်အတန့် ခဏယ်တို့သည်လည်း မဟာကာလကြီးကို စိတ်ဖြင့် ခွဲစိတ်၍ရအပ်သော ကာလပညတ်ပင်ဖြစ်ကြောင်းကို သိရလတ္တံ့။ ဤသို့ ပညတ်ဖြင့် တင်၍ ဥပါဒ်သည်ဟု ဆိုရသောကြောင့် ခန္ဓာအစဉ်ကို ဇာတိဓမ္မဟူ၍လည်းကောင်း, ဝိပရိဏာမဓမ္မဟူ၍လည်းကောင်း ခေါ်ဝေါ်ရပြန်၏။ ထို့ကြောင့် ထိုခန္ဓာအစဉ်သည် အကြောင်းနှင့်စပ်ဖြစ်သည်ဟု ထင်မြင်ရသောကြောင့် သခ်တဓမ္မဟူ၍လည်းကောင်း, ပစ္စည်းတို့နှင့်စပ်လျက်ဖြစ်မည်ဟု ထင်မြင်ရသောကြောင့် သပစ္စယဓမ္မဟူ၍လည်းကောင်း ခေါ်ဝေါ်ပြောဆိုရပြန်၏။ ၎င်းပရမတ္ထခန္ဓာသည် သံဝိဇ္ဇမာနတရားဖြစ်သောကြောင့် ကောင်းစွာဖြစ်ဆဲဖြစ်သော ပစ္စုပ္ပန္နဓမ္မဟု ထင်ရမည်။

သို့ရာတွင် ထိုခန္ဓာအစဉ်ကိုပင် အတွင်းကနေ၍ ဝါ၊ ထိုးထွင်း၍သိသော ပဋိဝေဓဉာဏ်အား အဇာတိ, အဝိပရိဏာမ, အသခ်တ, အပစ္စယ, ကာလဝိမုတ်ဟု ထင်လိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ရဟန္တာတစ်ပါးသည် ဖိုလ်ဝင်၍ နိဗ္ဗာန်ဟု ဆိုအပ်သော အရဟတ္တဖိုလ်ကို အာရုံပြုခိုက် ကာလပညတ်, အာကာသပညတ်စသော ပညတ်ဟူသမျှကိုလွတ်၍၊ ဝါ၊ လွန်၍ အတွင်းကနေ၍ သိလိမ့်မည်။ ဤသို့ မိမိအာသဝေါကုန်ပြီးသော ခန္ဓာကို မိမိအတွင်းကဝင်၍ ဝါ၊ ထိုးထွင်း၍ သိသည့်အခိုက်

http://www.dhammadownload.com



သင်္ခါရ၏ အကြောင်းနိမိတ် တစ်စုံတစ်ရာကို အာရုံမပြုပေပြီ။

ထို့ကြောင့် အပြင်ကသိမှု, အတွင်းကသိမှုဟု ဆိုအပ်သော သိပုံနှစ်မျိုးကို လိုက်၍ ပရမတ္ထတရားတစ်ခုတည်းပင် သင်္ခတ, အသင်္ခတဟု ပရိယာယ်နှစ်မျိုးကို ရသည်။ ထိုနည်းအတူ နိဗ္ဗာန်သည် တစ်ခုသော တရားဖြစ်ပါလျက် သိပုံနှစ်မျိုးကို လိုက်၍ သဉပါဒိသေသနိဗ္ဗာန်, အနုပါဒိသေသနိဗ္ဗာန်ဟု ပရိယာယ်နှစ်မျိုးထွက်ပြန်သည်။ ထို့ကြောင့် ပရိယာယ်ဝေဝုစ်ကိုလွှတ်၍ ပရမတ်ဆတ်ဆတ်ကို ပြောဆိုရမည် ဆိုလျှင် ရဟန္တာ၏ ခန္ဓာသည်ပင် နိဗ္ဗာန်၊ နိဗ္ဗာန်သည်ပင် ခန္ဓာဖြစ်တော့သည်။ ဤသို့ ယူမှသာလျှင်–

(က) **နိဗ္ဗာနမ္ပိ ခန္ဓပဋိဗဒ္ဓမေဝ**– ဟူ၍ ဝိသုဒ္ဓိမဂ် ဋီကာ၌လာသော စကားရပ်။

(ခ) **နိဗ္ဗာနမ္ပိ ဟိ ခန္ဓေ ပဋိစ္စ ပညာပနတော သရီရသ္မိံယေဝ ပညပေသိ**– ဟူ၍ သာရတ္ထဒီပနီ၌လာသော စကားရပ်။

(ဂ) **အညေ ခန္ဓာ၊ အညံ နိဗ္ဗာနံ၊ အညော ပုဂ္ဂလောတိ၊ နယာဝံ ဝတ္တဗ္ဗေ**– ဟူ၍ ကထာဝတ္ထု၌လာသော စကားရပ်။

(ဃ) **ဣမသ္မိံယေဝ ကဠေဝရေ ဗျာမမတ္တေ သမနကေ သဝိညာဏကေ လောကဉ္စ ပညပေမိ၊ လောကသမုဒယဉ္စ၊ လောကနိရောဓဂါမိနိပဋိပဒဉ္စ**– ဟူ၍ သဂါထာဝဂ္ဂသံယုတ် ပါဠိတော်၌လာသော စကားရပ်တို့နှင့် ညီညွတ်မည်။ ၎င်းစကားတို့၌ သဉပါဒိသေသ နိဗ္ဗာန်ဟူ၍ မဆိုပဲ နိဗ္ဗာန်ဟူ၍သာဆိုသည်။ ထို့ကြောင့် ပရိယာယ် နိဗ္ဗာန်တစ်စိတ်ဒေသကိုသာ မမှတ်သင့်။

ဤသို့ ယူသည်ရှိသော် အနုပါဒိသေသနိဗ္ဗာန်၌ ခန္ဓာရှိရာ ရောက်သောကြောင့် ခန္ဓပရိနိဗ္ဗာန်ဟူသောစကားနှင့် မဆန့်ကျင်ပြီလော ဟူငြားအံ့။ ဆန့်ကျင်မည်မထင်၊ အဘယ်ကြောင့်ဆိုသော် ခန္ဓပရိနိဗ္ဗာန်ဟူသော စကားသည် အပြင်ဖက်က သိကြရုကြသော သူအပေါင်းအတွက် ပြောဆိုသော စကားဟု မှတ်ရန်ရှိ၏။ အပြင်ဖက်က သိရှိရကြပြီးသော ဥပမိဟုဆိုအပ်သော ခန္ဓာကြမ်းကြီးသည် ချုပ်ငြိမ်းလေငြားသော်လည်း အလွန်သိမ်မွေ့နက်နဲလှ၍ အတွင်းကသာ သိထိုက်သိအပ်သော သန္တိဝန္တခန္ဓာနှ၏ အစဉ်သည်ကား ထင်ရှားရှိသည်သာဟု ယူရန်သင့်၏။ ဤသို့ထင်ရှားရှိသော်လည်း ခန္ဓာဟူသော ပညတ်ဟောင်းကိုစွန့်၍ "ရူပါဒိသင်္ခါဝိမုတ္တိ"– ဟု မြတ်စွာဘုရားကိုယ်တော်မြတ်သည် ကောသလမင်းကြီးအား ဟောတော်မူလေသည်။ ဤသို့ဟောခြင်းမှာ အပြင်ဖက်ကသိသောသူတို့အဖို့ ဖြစ်ပေသည်။

**"ရူပသင်္ခါဝိမုတ္တော"**ဆိုသော်လည်း အနုဋီကာဆရာက **"နိဗ္ဗာနံသုခုမရူပဂတိ ကန္တိ ဝိညာယတိ"** ဆိုသောကြောင့် **"သညာသင်္ခါ ဝိမုတ္တော။ လ။ ဝိညာဏသင်္ခါဝိမုတ္တော"**

http://www.dhammadownload.com



ဟု ဆိုသော်လည်း မူလယမိုက် အဋ္ဌကထာဆရာအလိုအားဖြင့် **“နာမမွှာတိ စတ္တာရော အရူပိနော ခန္ဓာနိဗ္ဗာနဉ္စ”**- ဟု ဆိုသောကြောင့် နိဗ္ဗာန်ကို နာမ်ဖက်သို့ဆွဲ၏။ ထို့ကြောင့် ရုပ်နာမ်ကြမ်း မဟုတ်သော်လည်း ရုပ်နာမ်အလားရှိသော၊ ဝါ၊ ခန္ဓာဟု မခေါ်ဆိုအပ်သော်လည်း ခန္ဓာအလားရှိသော အသင်္ခတဓာတ် ပရမတ္ထတရားကို နိဗ္ဗာန်ဟူ၍လည်းကောင်း၊ နိဗ္ဗာန်၏ ပရိယာယ်အသွယ်သွယ်ဖြင့် တန်ဆာဆင်၍ အပြင်ဖက်က သိကြသော ပုထုဇဉ်လောကီသားတို့အဖို့ ဟောရပေသည်။

ဤသို့ဆိုအပ်ပြီးသော သန္တိဝဏ္ဏခန္ဓာအစဉ်သည် သဿတလည်းမဟုတ်, ဥစ္ဆေဒလည်းမဟုတ်ဖြစ်ပါလျက် အဘယ့်ကြောင့် သဿတစုတိ-ဟု ဆရာတို့ ဆိုကြပြန်သနည်းဟူမူ အတွင်းကဝင်၍ သိသောသူ၏ အသိဉာဏ်မှာ ဥပါဒ်, ဋ္ဌီ, ဘင်ဟူသော ပညတ် မထင်သော်လည်း အစဉ်မပြတ်ဖြစ်ဖြစ်နေသောကြောင့် **“စုဝန္တိ နိဗ္ဗာနဿေဝ အဝိဝစနံ ဘာဝိတုံ အရဟာတိ”** ဟူသော သံဒ္ဒနိတိဆရာ စကားအရ စုဝ-ဟု ခေါ်ထိုက်သည်။ ဤသို့ အတွင်းအပြင် သိခြင်းဖြင့် ပရမတ်တစ်ခုတည်းသည် သင်္ခတ, အသင်္ခတ ဟု နှစ်မျိုးကွဲနေပုံကိုယူလျှင် သင့်မည်, မသင့်မည်ကို သိလိုပါသည်ဘုရား။

http://www.dhammadownload.com

# နိဗ္ဗာနဝိသဇ္ဇနာကျမ်း

http://www.dhammadownload.com



# နိဗ္ဗာနဝိသဇ္ဇနာကျမ်း

**နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ။**

နိုင်ငံခြား ဗုဒ္ဓဘာသာ သာသနာပြု အသင်းကြီးတွင် အကြီးအချုပ် ဖြစ်တော်မူသော လယ်တီဆရာတော်ထံမှ ပေးစာ။

၁၂၇၉–ခု၊ တန်ဆောင်မုန်းလဆန်း ၄ ရက်နေ့။

မောင်ရွှေစံအောင် လျှောက်လွှာပါ တေနာပဟကေဥ္စိသစ္စံ န ဒုတိယမတ္ထီတိ ဟူသော ဝိသုဒ္ဓိမဂ်ဋီကာ၊ ဥပသမာနုဿတိ အဖွင့် စာမျက်နှာနံပါတ် ၂၉၂၊ စာကြောင်းရေ ၂၃ ၌ အဓိပ္ပာယ်ကား။ တဏှာ၏ အကြွင်းအကျန်မရှိ ချုပ်ငြိမ်းခြင်းတစ်ခု သည်သာလျှင် ဒုက္ခ၏ချုပ်ငြိမ်းခြင်း အမှန်အစစ်ဖြစ်၏။ ဤမှတစ်ပါးတိတ္ထိဆရာတို့ ဟောအပ်သော (၂)ခုမြောက်ဖြစ်သော ဒုက္ခချုပ်ငြိမ်းခြင်း အမှန်အစစ်မည်သည် မရှိဟု ဆိုလိုသည်။

ပြင်သိ၊ အတွင်းသိဟူသော သိခြင်းနှစ်ပါး၌ ပြင်သိ ဆိုသည်ကား ပုထုဇဉ်အဖို့၌ တည်ရှိကြကုန်သော ဝိပဿနာ ယောဂီပုဂ္ဂိုလ်တို့၏ အနုဗောဓဉာဏ်ကို ဆိုသတည်း။ အနုဗောဓဉာဏ်ဆိုသည်ကား မဂ်ဉာဏ်၏ ကိစ္စဖြစ်သော ပဋိဝေဓခေါ်သော ထိုးထွင်းခြင်းသို့ မရောက်မီရှေးအဖို့၌ လက္ခဏာရေးသုံးပါးကိုအာရုံပြု၍ ဖြစ်သော ဝိပဿနာဉာဏ် သုံးပါးကို အနုဗောခေါ်သည်။

**အတွင်းဆိုသည်ကား။** ။ မဂ်ဉာဏ်၏ ကိစ္စဖြစ်သော ထိုးထွင်း၍သိခြင်းသို့ ရောက်သောအရိယာပုဂ္ဂိုလ်တို့၏ ပဋိဝေဓဉာဏ်ကို ဆိုသတည်း။

အရိယာ ပုဂ္ဂိုလ်တို့သည် အရိယာ မဂ်ဉာဏ်၏ ခဏ၌ သစ္စာလေးပါးကို ထိုးထွင်း၍ သိခြင်းတည်းဟူသော ပဋိဝေဓဉာဏ်သို့ ရောက်ကြလေကုန်၏။

ထိုတွင် ဒုက္ခသစ္စာကို ထိုးထွင်း၍ သိခြင်းဆိုသည်ကား ဒုက္ခသစ္စာကို ဖုံးလွှမ်း လျက်ရှိနေသော မောဟတရားကို ပယ်သတ်ခြင်းတည်း။

သမုဒယသစ္စာကို ထိုးထွင်း၍ သိခြင်းဆိုသည်ကား တဏှာကို ပယ်ခြင်းတည်း။

နိရောဓသစ္စာကို ထိုးထွင်း၍ သိခြင်းဆိုသည်ကား ထိုတဏှာ၏ ချုပ်ငြိမ်းခြင်း ဟူသော နိဗ္ဗာန်ကို အာရုံပြုခြင်းတည်း။

မဂ္ဂသစ္စာကို ထိုးထွင်း၍ သိခြင်းဆိုသည်ကား မဂ္ဂင်ရှစ်ပါးတို့ကို တလုံးတစည်း တည်း ဖြစ်ပေါ်စေခြင်းတည်း။ ။ ဤသို့ ကိစ္စလေးပါးသည် မဂ်ခဏ၌ တစ်ပြိုင်နက်

http://www.dhammadownload.com



တစ်ချက်တည်းပြီးစီး၍ သွားသည်ရှိသော် ထိုပုဂ္ဂိုလ်သန္တာန်မှာ ထိုခဏမှစ၍ သစ္စာလေးပါးကို ဖုံးလွှမ်းတတ်သော အမိုက်တရားသည် ပျောက်ကင်း၍ ထိုပုဂ္ဂိုလ်မှာ သစ္စာလေးပါးတရားတို့သည် အခါခပ်သိမ်း အထင်အလင်းဖြစ်၍ တည်လေကုန်၏။ ထိုပုဂ္ဂိုလ်သည် ဘယ်အခါမဆို အလိုရှိသောအခါ အလိုရှိသော သစ္စာကို လွယ်ကူစွာ အာရုံပြု၍ ကြည့်ရှုနိုင်၏။ ။ ဤသို့ ဖြစ်သည်ကို သစ္စာလေးပါးကို ထိုးထွင်း၍ သိခြင်းဟု ဆိုသတည်း။

**ဥပမာကား။** ။ တစ်ယောက်သော သူမှာ မျက်စိနှစ်ဖက်တို့၌ တိမ်သလာတွေ ထူထပ်စွာ ဖုံးလွှမ်း၍ နေ၏။ တစ်ခုသော အဆင်းကိုမျှ မမြင်ရ ရှိနေ၏။ တစ်ရံသော အခါ ထိုသူမှာ ဝိဇ္ဇာမယ ပညာလမ်းမှ ဖြစ်သော အလွန်ကောင်းမြတ်သော မျက်စဉ်း ဆေး တစ်ခုကို ရလေ၏။ ထိုသူသည် အိပ်ရာ၌ လျောင်း၍ ထိုမျက်စဉ်းကို မျက်စိ နှစ်ဖက်၌ ခတ်၍အိပ်လေ၏။ ထိုသူသည် မျက်စိနာဒုက္ခဖြင့် နေ့ရက်များစွာ မအိပ် ရရှိသည်နှင့် ထိုမျက်စဉ်းအတွက် ချမ်းသာသုခရသဖြင့် အိပ်စက်၍ အပျော်ကြီး ပျော် လေ၏။ ထိုမျက်စဉ်း၏ အာနိသင်ကြောင့် တိမ်သလာတို့သည် ခဏချင်း အကုန်ကင်းပျောက်၍ မျက်စိတို့သည် မိမ္မေးတိုင်း ဘမ္မေးတိုင်း အလင်းရကုန်၏။ ထိုသူသည်မူကား အိပ်ပျော်ကြူးသည်ဖြစ်၍ နံနက်မိုးသောက်မှ နိုးလေ၏။ မျက်လုံးတို့သည်မူကား ထိုညဉ့်သန်းခေါင် မတိုင်မီကပင် အလင်းရကြကုန်၏။ အလင်းရသည်နှင့် တစ်ပြိုင်နက် ထိုသူသည် သူအများကဲ့သို့ အဆင်းတို့ကို မြင်စွမ်းနိုင်သောအဖြစ်သို့ ရောက်လေ၏။ ထိုသူမျက်စိမြင်ပြီဟူ၍ ဆိုထိုက်လေ၏။ အိပ်ပျော်၍နေသည့်အတွက်ကြောင့် မူကားဘယ်အဆင်းကိုမျှ အာရုံမပြုရသေး။ ဤဥပမာအတိုင်း မှတ်လေ။

ထိုအတွင်းသိ၊ အပြင်သိနှစ်ပါးတို့တွင် အပြင်သိခေါ်သော အနုဗောဓဉာဏ်၏ သိခြင်းသည် ခန္ဓာတို့၏ ဖြစ်မှု၊ ရင့်မှု၊ ပျက်မှုတို့ကို ပဋိဝေဓဉာဏ်ပေါက်ရောက်နိုင်ရန် လျော်ကန်စွာမျှသာ သိနိုင်လေ၏။ ဟုတ်မှန်သည့်အတိုင်း အလင်းပေါက်အောင် ထိုးထွင်း၍ သိနိုင်သည်မဟုတ်သေး။ အတွင်းသိခေါ်သော ပဋိဝေဓဉာဏ်၏ သိခြင်းသည်ကား ခန္ဓာတို့၏ ဖြစ်မှု၊ ရင့်မှု၊ ပျက်မှုတို့ကို ဟုတ်မှန်သလောက် အလင်းပေါက်အောင် ထိုးထွင်း၍ သိနိုင်လေ၏။

ထို့ကြောင့် မြစ်ရေအလျဉ်ကဲ့သို့ တသွင်တည်းစီးလျက်နေသော ရုပ်ခန္ဓာ၏ ပရမတ္ထ ခန္ဓာအစဉ်တစ်ခုကို အပြင်ကနေ၍ ရှုသော ပုထုဇ္ဇဉာဏ်အား၊ ၎င်းခန္ဓာသည် ခဏတ္တယသို့ ရောက်တတ်သော တရားဟု လျော်ကန်စွာ ထင်မြင်လေ၏။

အတွင်းကနေ၍ ရှုသော အရိယာဉာဏ်အား ထိုခန္ဓာသည် ခဏတ္တယသို့ ရောက်မှုနှင့် တကွ အလင်းပေါက်အောင် ထိုးထွင်း၍ သိမြင်လေ၏။

http://www.dhammadownload.com



ထိုအတူ မြစ်ရေ၌ စီးသွားသော ရေပေါက်ဥပမာကဲ့သို့ ထိုခန္ဓာအစဉ်၌လည်း ပရမတ္ထတရားတို့ အစဉ်မပြတ် ပြောင်းလဲရွေ့သွားနေသည်တွင် ရှေးခဏ၌ ဖြစ်သော ပရမတ္ထတရားတို့သည် ချုပ်ပြီးမှ နောက်ခဏ၌ တရားသစ်ဥပါဒ်သည်ဟု ဝိပဿနာ ယောဂီပုထုဇဉ်တို့၏ ဉာဏ်၌သာလျှင် ရှေးခဏ၌ဖြစ်သော ပရမတ္ထတရားတို့ ချုပ်ငြိမ်း သည်မှ နောက်ခဏ၌ တရားသစ် ဥပါဒ်သည်ဟု ဟုတ်မှန်သည့်အတိုင်း အလင်းပေါက် အောင် ထိုးထွင်းထင်မြင်နိုင်လေ၏။

ၔင်းနောက် "ဤအရာ-ဥပါဒ်၊ ဌီ၊ ဘင်ဟူသော အခိုက်အတန့် ခဏငယ်တို့ သည်လည်း၊ မဟာကာလကြီးကို စိတ်ဖြင့် ခွဲစိတ်၍ ရအပ်သော ကာလပညတ်ပင် ဖြစ်ကြောင်းကို သိရလတ္တံ့"ဟူသော စကား၌၊ ဥပါဒ်၊ ဌီ၊ ဘင်ဟူသော အခိုက်အတန့် ခဏငယ်တို့သည် အသီးအသီး ပရမတ္ထတရားအထူးကို အစွဲပြု၍ ခေါ်ဝေါ်ရသော ကာလပညတ်တရားတို့ပေတည်း။

ထိုတွင် ပရမတ္ထတရားအထူးဆိုသည်ကား စ၍ ဖြစ်ပေါ်မှုကို ဇာတိဟု ခေါ်၏။ စ၍ ဖြစ်ပေါ်မှုသည်ကား ပရမတ္ထတရားအထူးပေတည်း၊ ဇာတိဆိုသည်ကား နာမပညတ် အထူးပေတည်း။ ဖြစ်ပေါ်ပြီးလျှင် ချုပ်ခြင်းသို့မရောက်မီ တည်နေမှုကို ဌီဟု ခေါ်၏။ တည်နေမှုသည်ကား ပရမတ္ထတရား အထူးပေတည်း။ ဌီဆိုသည်ကား နာမပညတ် အထူးပေတည်း။ ဤတည်နေမှု၌ ရင့်ခြင်းတည်းဟူသော ဇရာတရားကို ပရမတ္ထတရား အထူးဟုယူလေ။ တည်နေမှုအဆုံး၌ ချုပ်ပျက်ကွယ်ပျောက်ခြင်းသို့ ရောက်သည်ကို ဘင်ဟု ခေါ်၏။ ချုပ်ပျက် ကွယ်ပျောက်ခြင်းသည်ကား ပရမတ္ထတရားအထူးပေတည်း၊ ဘင်ဆိုသည်ကား နာမပညတ် အထူးပေတည်း။

ဤသို့လျှင် ဥပါဒ်၊ ဌီ၊ ဘင်ဟူသော နာမပညတ်၊ ခဏငယ်ဟူသော ကာလ ပညတ်တို့သည် ဇာတိ၊ ဇရာ၊ မရဏဟူသော ပရမတ္ထတရားအထူးတို့ကို အစွဲပြု၍ ခေါ်ဝေါ်ပိုင်းခြားကြရကုန်၏။ ဤအရာ၌လည်း ပုထုဇဉ်တို့သည် ထိုဇာတိ၊ ဇရာ၊ မရဏတို့ကို အကြမ်းအားဖြင့်သာ မြင်နိုင်ကြကုန်၏။ အရိယာပုဂ္ဂိုလ်တို့သည်သာလျှင် ထိုဇာတိ၊ ဇရာ၊ မရဏတို့ကို မျက်တောင်တစ်ခတ် လျှပ်တစ်ပြက်အတွင်းမှာပင် များစွာ မြင်နိုင်ကြကုန်၏။

ၔင်းနောက် "ပညတ်ဖြင့် တင်၍ ဥပါဒ်သည် ဟု ဆိုရသောကြောင့်၊ ခန္ဓာအစဉ် ကို ဇာတိဓမ္မဟူ၍လည်းကောင်း၊ ဌီဘင်တို့ဖြင့် ရင့်ရော်ပျက်စီးသည်ဟု ဆိုရသောကြောင့် ဝိပရိဏာမဓမ္မဟူ၍လည်းကောင်း ခေါ်ဝေါ်ရပြန်၏။ ထိုခန္ဓာအစဉ်သည် အကြောင်းနှင့် စပ်၍ ဖြစ်သည်ဟု ထင်မြင်ရသောကြောင့် သင်္ခတဓမ္မဟူ၍လည်းကောင်း၊ ပစ္စည်းတို့နှင့် စပ်လျက်ဖြစ်သည်ဟု ထင်မြင်ရသောကြောင့် သပစ္စယဓမ္မဟူ၍လည်းကောင်း

http://www.dhammadownload.com



ခေါ်ဝေါ် ပြောဆိုရပြန်၏ ”ဟူသော စကား၌၊ ခန္ဓာအစဉ်၌ အသစ်အသစ်ဖြစ်ပေါ်ခြင်းတည်း ဟူ သော ပရမတ္ထသဘောသည် ကေန္တ ရှိသည်ဖြစ်၍၊ ထိုသဘောအားလျော်သော ဥပါဒ် ဟူသော ပညတ်၊ ဇာတိဓမ္မဟူသော ပညတ်တို့သည် ဉာဏ်၌ပေါ်လာရကုန်၏။

ထို့အတူ ထိုခန္ဓာအစဉ်၌ ရင့်ရော်ပျက်စီးခြင်းဟူသော ပရမတ္ထသဘောသည် ကေန္တ ရှိသည်ဖြစ်၍ ထိုသဘောအားလျော်စွာ ဝိပရိဏာမဓမ္မဟူသော ပညတ်သည် ကေန္တ ဉာဏ်၌ ပေါ်လာရ၏။ ထိုခန္ဓာအစဉ်သည် အကြောင်းစပ်၍ ကေန္တ စင်စစ် ဖြစ်သည်ဖြစ်၍ ထိုသဘောအားလျော်စွာ သင်္ခတဓမ္မ ဟူ၍လည်းကောင်း၊ သပစ္စယဓမ္မ ဟူ၍လည်းကောင်း ခေါ်ဆိုရပြန်၏။

ငင်းနောက် “ပရမတ္ထခန္ဓာသည်၊ သံဝိဇ္ဇမာနတရားဖြစ်သောကြောင့်၊ ကောင်းစွာ ဖြစ်ဆဲဖြစ်သော ပစ္စုပ္ပန္နဓမ္မဟု ထင်ရမည်”ဟူသော စကား၌၊ သံဝိဇ္ဇမာန ဟူသော ဝေါဟာရသည် ကောင်းစွာ ဖြစ်ဆဲဖြစ်သော ပစ္စုပ္ပန္နဓမ္မကိုသာ ဆိုလိုရင်း မဟုတ်၊ အတိတ်အနာဂတ်ဖြစ်သော ကာလသုံးပါး၌ပင် ပရမတ္ထသဘောအားဖြင့် ထင်ရှားရှိသည်ကို ဆိုသော ဝေါဟာရဖြစ်သည်။

ငင်းနောက် “ထိုခန္ဓာအစဉ်ကိုပင် အတွင်းကနေ၍ ဝါ၊ ထိုးထွင်း၍ သိသော ပဋိဝေဓဉာဏ်အား အဇာတ၊ အဝိပရိဏာမ၊ အသင်္ခတ၊ အပစ္စယ၊ ကာလဝိမုတ်ဟု ထင်လိမ့်မည်”ဟူသော စကား၌ ဗာလပုထုဇဉ်တို့၏ စိတ်မှာသာ သန္တတိပညတ်ဖုံးလွှမ်း မှုကြောင့် အဇာတ၊ အဝိပရိဏာမ၊ အသင်္ခတ၊ အပစ္စယဟု ထင်ရ၏။ အရိယာတို့၏ ဉာဏ်၌မူကား ထိုသန္တတိပညတ်ကို ဖောက်ထွင်းနိုင်သော ပဋိဝေဓသို့ ရောက်သည် ဖြစ်၍ ထိုခန္ဓာအစဉ်သည် အမြဲလျှင် ဇာတိဓမ္မ၊ ဝိရိဏာမဓမ္မ၊ သင်္ခတဓမ္မ၊ သပစ္စယဓမ္မ ဟု ဟုတ်မှန်တိုင်းထင်ရ၏။

ငင်းနောက် “အဘယ်ကြောင့်ဆိုသော် ရဟန္တာတစ်ပါးသည် ဖိုလ်ဝင်၍ နိဗ္ဗာန် ဟု ဆိုအပ်သော အရဟတ္တဖိုလ်ကို အာရုံပြုခိုက်ကာလပညတ်၊ အာကာသပညတ် စသော ပညတ် ဟူသမျှကို လွှတ်၍၊ ဝါ၊ လွန်၍ အတွင်းကနေ၍ သိလိမ့်မည်၊ ဤသို့ မိမိ အာသဝေါကုန်ပြီးသော ခန္ဓာကို မိမိအတွင်းဝင်၍။ ဝါ၊ ထိုးထွင်း၍ သိသည် အခိုက် သင်္ခါရ၏အကြောင်းနိမိတ်တစ်စုံတစ်ရာကို အာရုံမပြုပေပြီ”ဟူသောစကား၌ ဖိုလ်ဝင်သော ရဟန္တာသည် ဖိုလ်ဝင်စားစဲခဏ၌ နိဗ္ဗာန်ကိုသာ အာရုံပြု၏။ အရဟတ္တဖိုလ် ကို အာရုံမပြု။ နိဗ္ဗာန်သည်ကား အသင်္ခတတရားတည်း။ အရဟတ္တဖိုလ်သည်ကား၊ စိတ် စေတသိက်တရားအစုဖြစ်သော သင်္ခတတရားပေတည်း။

ထိုပုဂ္ဂိုလ်သည် ထိုခဏ၌ ကာလပညတ်၊ အာကာသပညတ် စသော ပညတ် ဟူသရွေ့တို့ကိုလည်းကောင်း၊ အရဟတ္တဖိုလ်စသော ခန္ဓာဟူသော သင်္ခတပရမတ်တရား

http://www.dhammadownload.com



တို့ကိုလည်းကောင်း လွှတ်၍၊ ဝါ၊ လွန်၍ ပဋိဝေဓဉာဏ်ဖြင့် နိဗ္ဗာန်ကိုသာ အာရုံပြုလေ၏။ အာသဝေါကုန်ပြီးသော ရဟန္တာပုဂ္ဂိုလ်သည် ဖိုလ်ဝင်စားဆဲခဏ၌ မိမိခန္ဓာမှ အလွတ်ဖြစ်သော နိဗ္ဗာန်ကိုသာ အာရုံပြု၏။ မိမိခန္ဓာကို အာရုံမပြု။

ငင်းနောက် "အပြင်က သိမှု၊ အတွင်းက သိမှုဟု ဆိုအပ်သော သိပုံနှစ်မျိုးကို လိုက်၍ ပရမတ္ထတရားတစ်ခုတည်းပင် သင်္ခတ၊ အသင်္ခတဟု ပရိယာယ်နှစ်မျိုးကို ရသည်"ဟူသောစကား၌ အပြင်သိမှု အတွင်းသိမှုနှစ်ပါးကို ရှေး၌ ထင်ရှားစွာ ပြဆိုခဲ့ပြီ။ ထိုသိမှုနှစ်ပါးသည် သင်္ခတ တရားတို့ကို လျော်ကန်စွာသိမှု၊ ထိုးထွင်း၍ သိမှု ဤမျှသာ ခြားနားကြကုန်သည်။

ထို့ကြောင့် ပရမတ္ထတရားတစ်ခုသည် သိပုံနှစ်မျိုးကိုလိုက်၍ သင်္ခတတရား၊ အသင်္ခတတရားဟု ပရိယာယ်နှစ်မျိုးမရှိ။ သင်္ခတတရားမျိုးသည် ဘယ်အခါမှာမှ အသင်္ခတဟူသော ပရိယာယ်ကို မရနိုင်။ အသင်္ခတတရားမျိုးသည်လည်း ဘယ်အခါမှာမှ သင်္ခတာဟူသော ပရိယာယ်ကို မရနိုင်လေ၊ အဘယ်ကြောင့် ဤသို့ ဆိုနိုင်ပါသနည်းဟူမူ၊ ဓမ္မသင်္ဂဏီ။ ဒုကမာတိကာ၌။ သပစ္စယာ ဓမ္မာ၊ အပစ္စယာ ဓမ္မာဟူ၍လည်းကောင်း။ သင်္ခတဓမ္မာ၊ အသင်္ခတာဓမ္မာဟူ၍လည်းကောင်း နှစ်ဖို့နှစ်စုသာ လာရှိချေသည်။ သင်္ခတ အသင်္ခတ နှစ်မည်ရသော တတိယအဖို့အစု မလာချေ။ "အဘိဓမ္မေ အဘာဝေါပိ၊ နိသေဓာယေဝ သဗ္ဗထာ" ဟူသော ဋီကာကျော် စကားနှင့်အညီ၊ အဘိဓမ္မာတွင် တစ်စုံ တစ်ခုသော နေရာမှာမှ မဟောသည်ရှိသော် ထိုတရားသည် မရှိပြီဟု မြစ်ပယ်ခြင်း ဖြစ်လေသောကြောင့် သင်္ခတ အသင်္ခတ နှစ်မည်ရသော တစ်ခုသော တရားမျှမရှိဟု မြစ်ပယ်အပ်ပေသည်။

**သုတ္တန်၌လည်း။** ။ ဒွေမာဘိက္ခဝေ ဓာတုယော သင်္ခတာစဓာတု အသင်္ခတာစ ဓာတု။ ဣမာခေါဘိက္ခဝေ ဒွေဓာတုယော။ ။ ဟူ၍ နှစ်ဖို့ နှစ်စုသာ လာရှိချေသည်။ သင်္ခတ အသင်္ခတ နှစ်မည်ရသော တတိယအဖို့ဟူ၍ မလာချေ။ ။ ဤအရာ၌ ကထာဝတ္ထု ပါဠိတော်ပုဂ္ဂလကထာကြီး ရှိလေပြီ။

ငင်းနောက် "ပရိယာယ်ဝေဝုစ်ကို လွှတ်၍ ပရမတ်ဆတ်ဆတ်ကို ပြောဆိုရမည် ဆိုလျှင် ရဟန္တာ၏ ခန္ဓာသည်ပင် နိဗ္ဗာန်၊ နိဗ္ဗာန်သည်ပင် ခန္ဓာဖြစ်တော့သည်"ဟူသော စကား၌၊ ပရိယာယ်ဝေဝုစ်ဆိုသည်ကား အပြင်သိတွင် ပြဆိုခဲ့သော ဥပါဒ်၊ ဌီ၊ ဘင်၊ ခဏငယ်အစဉ်၊ ဇာတိဓမ္မ၊ ဝိပရိဏာမဓမ္မ၊ သင်္ခတဓမ္မ၊ သပစ္စယဓမ္မတို့ကို ဆိုလိုသည်။

ပရမတ်ဆတ်ဆတ် ဆိုသည်ကား အတွင်းသိတွင် ပြဆိုခဲ့သော အဇာတ၊ အဝိပရိဏာမ၊ အသင်္ခတ၊ အပစ္စယ၊ ကာလဝိမုတ်တို့ကို ဆိုလို၏။ ဤအဖြေတွင် ရှေ့၌

http://www.dhammadownload.com



ရှင်းလင်းခဲ့ပြီးဖြစ်၍ ရဟန္တာ၏ခန္ဓာသည် နိဗ္ဗာန်မဟုတ် နိဗ္ဗာန်သည် ရဟန္တာ၏ ခန္ဓာ မဟုတ်ဟု ထင်ရှားလေပြီ။

ငင်းနောက် "ဤသို့ယူမှသာလျှင်၊ "နိဗ္ဗာနနမ္ပိခန္ဓပဋိဗဒ္ဓမေဝ" ဟူ၍ ဝိသုဒ္ဓိမဂ် ဋီကာ၌ လာသောစကားရပ်။ ။ "နိဗ္ဗာနမ္ပိဟိခန္ဓေ ပဋိစ္စပညာပနတော သရီရသ္မိံ ယေဝ ပညပေသိ" ဟူ၍ သာရတ္ထဒီပနီ၌လာသော စကားရပ်။ ။ အညေခန္ဓာ။ အညံနိဗ္ဗာနံ၊ အညောပုဂ္ဂလောတိ။ နဟောဝံဝတ္တဗ္ဗေ။ ဟူ၍ ကထာဝတ္ထု၌ လာသော စကားရပ်။ ။ "ဣမသ္မိံ ယေဝ ကဠေဝ ရေဗျာမမတ္တေ သမနကေသ ဝိညာဏကေ လောကဥ္စေဝ ပညာပေမိ လောက သမုဒယဥ္စေဝ လောကနိရောဓဥ္စ လောက နိရောဓဂါမိနိပဒဥ္စ။ ဟူ၍ သဂါထာဝဂ္ဂသံယုတ်ပါဠိတော်၌ လာသော စကားရပ်တို့နှင့် ညီညွတ်မည်" ဟူသော စကား၌ ခန္ဓာသည်ပင်လျှင် နိဗ္ဗာန်၊ နိဗ္ဗာန်သည်ပင်လျှင် ခန္ဓာဟု ယူခဲ့သည် ရှိသော်၊ "နိဗ္ဗာနမ္ပိခန္ဓပဋိဗဒ္ဓမေဝ" ဟူသော မိမိကိုးကားရင်း ဝိသုဒ္ဓိမဂ်ဋီကာနှင့်ပင် မညီညွတ်လေ။

မညီညွတ်ပုံကား၊ ကာယပဋိဗဒ္ဓဟူသော စကားမျိုး၌၊ ကာယဟူသောစကားဖြင့် ခြေလက်စသော ကိုယ်အင်္ဂါကို ယူရမည်။ ကာယပဋိဗဒ္ဓဟူသော စကားဖြင့် ကိုယ်အင်္ဂါ မဟုတ်သော၊ ကိုယ်အင်္ဂါနှင့် စပ်သောအဝတ်သက်န်းစသည်ကို ယူရမည်။ ထိုအတူ ဤ၌လည်း၊ ခန္ဓပဋိဗဒ္ဓမေဝ ဟူသော စကားဖြင့် ခန္ဓာမဟုတ်သော ခန္ဓာနှင့်စပ်သော တရားကို နိဗ္ဗာန်ဟု ယူရသည်။

ခန္ဓာနှင့် စပ်သောတရားဆိုသည်ကား၊ အဝိဇ္ဇာ၏ ချုပ်ငြိမ်းခြင်း၊ တဏှာ၏ ချုပ်ငြိမ်းခြင်း၊ ကိလေသာတို့၏ ချုပ်ငြိမ်းခြင်း၊ နာမ်ရုပ်တရားတို့၏ ချုပ်ငြိမ်းခြင်း ဟူသော စကားမျိုး၌၊ ချုပ်ငြိမ်းခြင်းဟူသော နိဗ္ဗာန်ကို အဝိဇ္ဇာ တဏှာ ကိလေသာ၊ နာမ်ရုပ်ဟူသော ခန္ဓာတို့နှင့် ဖက်စပ်၍ သိရပြောဟောရသောကြောင့် "နိဗ္ဗာနမ္ပိပဋိဗဒ္ဓမေဝ" ဟူသော စကားကို ဆိုပေသတည်း။

ထိုစကားဖြင့်ပင်လျှင် ခန္ဓာသည် နိဗ္ဗာန်မဟုတ် နိဗ္ဗာန်သည် ခန္ဓာမဟုတ်ဟု ထင်ရှားလေသတည်း။ ။ "နိဗ္ဗာနမ္ပိဟိခန္ဓေ ပဋိစ္စပညာပနတော သရီရသ္မိံယေဝပညပေသိ" ဟူသော ဒုတိယစကားသည် ခန္ဓပဋိဗဒ္ဓမေဝဟူသော ပထမစကားနှင့် တစ်ထပ်တည်းပင် တည်း။

အညေခန္ဓာ၊ အညံနိဗ္ဗာနံ၊ အညော ပုဂ္ဂလောတိ၊ နဟောဝံဝတ္တဗ္ဗေ ဟူသော တတိယစကားမှာလည်း၊ အညေခန္ဓာ၊ အညံနိဗ္ဗာနံဟူသော စကားနှစ်ရပ်ကား အမှန်ပင် ဖြစ်၏။ အညောပုဂ္ဂလော ဟူသော စကားသည်ကား အမှန်မဟုတ်၊ ထို့ကြောင့် နဟောဝံဝတ္တဗ္ဗေဟု ပယ်ချက်ထွက်ရလေသတည်း။ ထို့ကြောင့် ရဟန္တာ၏ ခန္ဓာသည်

http://www.dhammadownload.com



နိဗ္ဗာန်မဟုတ်။ နိဗ္ဗာန်သည် ရဟန္တာ၏ ခန္ဓာမဟုတ်ဟု ယူသော်လည်း ဤပါဠိနှင့် မဆန့်ကျင်လေ။

ဣမသ္မိံယေဝ ကဠေဝရေ ဗျာမမတ္တေ သမနကေ သဝိညာဏကေ လောကဉ္စပညာပေမိ လောကသမုဒယဉ္စ လောကနိရောဓဉ္စ လောကနိရောဓ ဂါမိနိပဋိပဒဉ္စ ဟူသော စတုက္ကစကားမှာလည်း ဣမသ္မိံ ယေဝကဠေဝရေ ဟူသော အာဓာရပုဒ်နှင့် လောကဉ္စ ဟူသော ပုဒ်၊ လောကသမုဒယဉ္စဟူသောပုဒ်၊ လောကနိရောဓ ဂါမိနိပဋိပဒဉ္စဟူသော ပုဒ်တို့သည် အပေါင်းအစိတ် အာဓာရအာဓာရ်ဖြစ်ကြကုန်၏။

လောကနိရောဓဉ္စပုဒ်သည်ကား၊ ခန္ဓပဋိဗဒ္ဓမေဝ ဟူသော ပုဒ်၌ ပြဆိုခဲ့သည့် အတိုင်း အဝိဇ္ဇာ၏ ချုပ်ငြိမ်းခြင်း၊ တဏှာ၏ချုပ်ငြိမ်းခြင်းစသည်ဖြင့် ခန္ဓာနှင့်စပ်လျက်ရှိ သောကြောင့် ဣမသ္မိံယေဝကဠေဝရေ လောကနိရောဓဉ္စ ပညပေမိဟူ၍ ဟောတော် မူပေ၏။

ထို့ကြောင့် ခန္ဓာသည် နိဗ္ဗာန်မဟုတ်၊ နိဗ္ဗာန်သည် ခန္ဓာမဟုတ်ဟု ယူသော်လည်း ဤပါဠိနှင့်မဆန့်ကျင်လေ။

ၚင်းနောက် "ၚင်းစကားတို့၌ သဉပါဒိသေသ နိဗ္ဗာန်ဟူ၍ မဆိုဘဲ နိဗ္ဗာန်ဟူ၍ သာ ဆိုသည်။ ထို့ကြောင့် ပရိယာယ်နိဗ္ဗာန် တစ်စိတ်တစ်ဒေသကိုသာ မမှတ်သင့်" ဟူသော စကား၌ ပရိယာယ်နိဗ္ဗာန် တစ်စိတ်တစ်ဒေသဆိုသည်ကား၊ သဉပါဒိသေသ နိဗ္ဗာန်ကို ဆိုလို၏။ ထိုသဉပါဒိသေသနိဗ္ဗာန်သည် ပရိယာယ်နိဗ္ဗာန်မဟုတ်၊ မုချ ဆတ်ဆတ် ပရမတ်နိဗ္ဗာန်ပင် ဖြစ်သတည်း။

ဖြစ်ပုံကား အရဟတ္တမဂ်ခဏ၌ အဝိဇ္ဇာစသော ကိလေသာတို့၏ ချုပ်ငြိမ်းခြင်း သည် ပရိယာယ်ချုပ်မဟုတ်။ တစ်ဖန်ဖြစ်ပေါ်ခြင်း အကြွင်းအကျန်မရှိသော ပရမတ္ထ ချုပ်ကြီးပင် ဖြစ်ပေသတည်း။ ထိုနိဗ္ဗာန် တစ်စိတ်တစ်ဒေသကို မမှတ်သင့်၊ အနုပါဒိသေသ နိဗ္ဗာန်နှင့်တကွ အကုန်လုံးကို နိဗ္ဗာန် ဆိုသည်ဟု မှတ်သင့်သည်ဟု ဆိုလို၏။

ထိုစကားမှန်လှပေ၏။ ရဟန္တာ၏ ခန္ဓပရိနိဗ္ဗာန် စံပြီးသည်မှနောက်၌၊ အနန္တ ရ ဘဝမှစ၍ နောင်အနမတဂ္ဂသံသရာ၌ အနာဂတ်ခန္ဓာတို့၏ ချုပ်ငြိမ်းမှုသည်လည်း ထိုရဟန္တာ၏ သန္တာန်တွင် အဝိဇ္ဇာချုပ်ငြိမ်းမှုနှင့် တစ်ခုတည်းပင် ဖြစ်လေသောကြောင့် ထိုအနုပါဒိသေသနိဗ္ဗာန်ကို ပြောဆိုရာ၌လည်း အဝိဇ္ဇာ၊ တဏှာ၊ ကိလေသာ၊ နာမ်ရုပ် ဟူသော ခန္ဓာတို့နှင့် ဖက်စပ်၍ပင် ပြောဆိုရလေသတည်း။

နောင်အနာဂတ်ကိုမြော်၍ ပြောရာ၌လည်း အနန္တရဘဝမှစ၍ နောင်ဘဝ အဆက်ဆက်တို့သည် ထိုရဟန္တာပုဂ္ဂိုလ်၏ သန္တာန်မှာ အကြွင်းအကျန်မရှိ ချုပ်ငြိမ်းလေ ကုန်၏ ဟု။ ဘဝအဆက်ဆက်ဟူသော ခန္ဓာနှင့် စပ်လျဉ်း၍ ပြောဆိုရလေသတည်း။

http://www.dhammadownload.com



ဤသို့ ပြောဆိုမှု၌ ခန္ဓာနှင့် အမြဲစပ်လျဉ်းလျက်ရှိသောကြောင့် နိဗ္ဗာနမ္ပိခန္ဓ ပဋိဗဒ္ဓမေဝ ဟူသောစကား နိဗ္ဗာနမ္ပိ ဟိခန္ဓေပဋိစ္စပညာပနတော ဟူသော စကားတို့ကို ဆိုကြပေကုန်၏။

ခန္ဓပရိနိဗ္ဗာန်စံပြီးသည်မှ နောက်၌၊ ကိလေသာ အာသဝေါကုန်ပြီးသော ထိုရဟန္တာ ၏ အလွန်သိမ်မွေ့သော ခန္ဓာအစဉ်သည် နောင်အနမတဂ္ဂ သံသရာနှင့်အမျှ အနုပါဒိ သေသနိဗ္ဗာန်နှင့်တူတကွ နိစ္စဓုဝအဖြစ်ဖြင့် ပါရှိ၍နေသောကြောင့် ဆိုသည်မဟုတ်ပေ။

ဤမျှသော စကားရပ်တို့ဖြင့် "ဤသို့ယူသည်ရှိသော် အနုပါဒိသေသနိဗ္ဗာန်ခန္ဓာ ရှိရာ ရောက်သောကြောင့် ခန္ဓပရိနိဗ္ဗာန်ဟူသော စကားနှင့် မဆန့်ကျင်ပြီလော ဟူငြား အံ့၊ ဆန့်ကျင်မည်မထင်။ အဘယ်ကြောင့်ဆိုသော် ခန္ဓပရိနိဗ္ဗာန်ဟူသော စကားသည်၊ အပြင်ဘက်က သိကြ ရှုကြသောသူအပေါင်းအတွက် ပြောဆိုသောစကားဟု မှတ်ရန် ရှိ၏။

အပြင်ဘက်က သိရှိရကြပြီးသော ဥပစာဟု ဆိုအပ်သော ခန္ဓာကြမ်းကြီးသည် ချုပ်ငြိမ်းလေငြားသော်လည်း အလွန်သိမ်မွေ့ နက်နဲလှ၍ အတွင်းကသာ သိအပ် သိထိုက်သော သန္တိဝန္တ ခန္ဓာန၏ အစဉ်သည်ကား ထင်ရှားရှိသည်သာ ဟု ယူရန်သင့် ၏"ဟူသော စကားတို့ကို ဖြေဆိုခြင်းကိစ္စပြီးလေ၏။

၎င်းနောက်၌။ ရူပသင်္ခါဝိမုတ္တောခေါ မဟာရာဇတထာဂတော အပ္ပမေယျော ဂမ္ဘီရော၊ သေယျထာပိ မဟာသမုဒ္ဒေါ၊ ဝေဒနာသင်္ခါဝိမုတ္တော။ လ။ သညာသင်္ခါဝိမုတ္တော။ လ။ သင်္ခါရသင်္ခါဝိမုတ္တော။ လ။ ဝိညာဏသင်္ခါဝိမုတ္တော။ လ။ သေယျထာပိ မဟာသမုဒ္ဒေါ ဟူသော ကောသလသံယုတ်ပါဠိတော်၌ အဓိပ္ပာယ်ကား၊ ရဟန္တာပုဂ္ဂိုလ် ၏ သန္တာန်၌ သတ္တဝါဟူသော ပညတ်သည် သဘောအားဖြင့် ရှိသည်မဟုတ်။ သဘောအားဖြင့်ရှိသော၊ ပရမတ္ထတရားကို အမှီပြု၍ သိအပ်ခေါ်ဝေါ်အပ်သောပညတ် တရားမျှသာ ဖြစ်၏။

ထိုပညတ်လည်း ခန္ဓပရိနိဗ္ဗာန်မစံမီရှေးအဖို့၌ သင်္ခတဖြစ်သော ရုပ်နာမ် ခန္ဓာ တို့၏အပေါ်၌သာလျှင် ထင်မြင်နိုင်၏။ ပညတ်နိုင်၏။ ခန္ဓပရိနိဗ္ဗာန်စံပြီးသည် နောက် အသင်္ခတဖြစ်သော နိဗ္ဗာန်ဟူသော ပရမတ္ထတရားသည်ကားအလွန်သိမ်မွေ့သော တရား ဖြစ်ချေ၍၊ ထိုတရား၏ အပေါ်၌ မထင်မြင်နိုင်။ မပညတ်နိုင်။ မဟာသမုဒ္ဒရာတွင်းသို့ သက်ဆင်းသော သူသည် ထောက်ရာ၊ တည်ရာဟူ၍ တစ်စုံတစ်ခုမျှ မရနိုင်သကဲ့သို့ ထိုနိဗ္ဗာန်သို့ ဆိုက်ရောက်သောသတ္တဝါသည်။ ထိုနိဗ္ဗာန်၌ ပုဂ္ဂိုလ်သတ္တဝါဟူသော ပညတ်၏ တည်ရာ၊ မှီရာ တစ်စုံတစ်ခုသော ထောက်ရာ၊ တည်ရာကို မရလေပြီ။

http://www.dhammadownload.com



နိဗ္ဗာန်သည် မဟာသမုဒ္ဒရာသဖွယ် နက်နဲသကဲ့သို့ ထိုပညတ်သည်လည်း၊ မဟာသမုဒ္ဒရာသဖွယ် နက်နဲလေ၏။ ထို့ကြောင့် အပ္ပမေယျောဂမ္ဘီရောသေယျထာပိ၊ ဟူ၍ ဟောတော်မူသည်ဟု မှတ်ရမည်။ ပြင်ဘက်သိသော သူတို့အဖို့ဟု မမှတ်ရာ။ ။

နိဗ္ဗာနသုခမ ရူပဂတိကန္တိ ဝိညာယတိဟူသော အနုဋီကာပါဌ်မှာလည်း၊ နိဗ္ဗာန်ကို သုခုမရုပ် (၁၆) ခုနှင့် ဓမ္မာယတန၊ ဓမ္မဓာတ်၌ အကျုံးဝင်ခြင်းတူသောကြောင့် သုခုမ ရူပဂတိကံဟု ဆိုလိုသည်။ နိဗ္ဗာန်သည် အလွန်သိမ်မွေ့သောရုပ်နှင့် အလားတူသော ကြောင့်ဆိုသည်မဟုတ်။

နိဗ္ဗာန်ကို နာမ်ဟုခေါ်ရသည်မှာလည်း စိတ်နာမ်၊ စေတသိက်နာမ်မျိုးဖြစ်၍ ခေါ်ရသည်မဟုတ်။ ရုပ်တရားကဲ့သို့ စမ်းသပ်တွေ့ထိ၍ သိနိုင်သောတရားမျိုးမဟုတ်။ အမည်နာမကို အစဉ်မှီးလျက် အနက်သဘောကို ဆင်ခြင်၍ သိရသောကြောင့် နာမ်ဟူ ၍ ခေါ်လေသည်။

ငင်းနောက် "ထို့ကြောင့်၊ ရုပ်နာမ်ကြမ်း မဟုတ်သော်လည်း ရုပ်နာမ်အလားရှိ သော ဝါ၊ ခန္ဓာဟု မခေါ်ဆိုအပ်သော်လည်း၊ ခန္ဓာအလားရှိသော အသခ်တဓာတ် ပရမတ္ထတရားကို နိဗ္ဗာန်ဟူ၍ ငင်းနိဗ္ဗာန်၏ ပရိယာယ်အသွယ်သွယ်တို့ဖြင့် တန်ဆာဆင်၍ အပြင်က သိကြသော ပုထုဇဉ်လောကီသားတို့အဖို့ ဟောရပေသည်"ဟူသော စကား၌ နိဗ္ဗာန်သည် ရုပ်နာမ်ကြမ်းတည်းမဟုတ်၊ ရုပ်နာမ်အလားလည်းမရှိ၊ ရုပ်နာမ်ကြမ်းတို့ နှင့်အလွန်ဝေးကွာသော သဘောရှိ၏။ ခန္ဓာဟူ၍လည်းမဆိုအပ်။ ခန္ဓာအလားလည်းမရှိ၊ ခန္ဓာအလားနှင့်အလွန်ဝေးကွာ သောသဘောရှိ၏။ ရုပ်နာမ်အလားရှိသော၊ ခန္ဓာအလား ရှိသောအသခ်တဓာတ် ပရမတ်ဟူ ၍လည်းမရှိ၊ ငင်းနိဗ္ဗာန်ကို ပရိယာယ်အသွယ်သွယ် တို့ဖြင့် တန်ဆာဆင်၍ ဟောတော်မူခြင်းသည်၊ အပြင်ဘက်က သိကြသော ပုထုဇဉ် လောကီသားတို့အဖို့ ဟောရသည်မဟုတ်။ ပစ္စတ္တံဝေဒိတဗ္ဗောဝိညူဟိ ဟူသော တရားဂုဏ်တော်ပုဒ်နှင့်အညီ ကလျာဏပုထုဇဉ် ပုဂ္ဂိုလ်တို့နှင့်တကွ ပဋိဝေဓဉာဏ်သို့ ပေါက်ရောက်ပြီးသော အရိယာပုဂ္ဂိုလ်တို့၏အဖို့ ဟောရပေသည်။

ငင်းနောက် "ဤသို့ဆိုအပ်ပြီးသော သန္တိဝန္တ ခန္ဓာအစဉ်သည် သဿတ လည်း မဟုတ်၊ ဥစ္ဆေဒလည်းမဟုတ် ဖြစ်ပါလျက် အဘယ်ကြောင့် သဿတ၊ ဓုဝဟု ဆရာတို့ဆိုကြပြန်သနည်း ဟူမူ။ အတွင်းကဝင်၍ သိသောသူ၏ အသိဉာဏ်မှာ ဥပါဒ် ဌီ ဘင် ဟူသော ပညတ်မထင်သော်လည်း အစဉ်ဖြစ်နေသောကြောင့် ဓုဝန္တိ နိဗ္ဗာနသဿ ဝ အဓိဝစနံ ဘဝိတုံအရဟာတိ ဟူသောသဒ္ဒနီတိဆရာစကားအရ၊ ဓုဝဟု ခေါ်ထိုက်သည်" ဟူသော စကား၌၊ သန္တိဝန္တ ခန္ဓာအစဉ်ဆိုသည်ကား မိမိ၏အလိုအားဖြင့် အနုပါဒိသေသ နိဗ္ဗာန်၌တည်ရှိသော၊ အလွန်သိမ်မွေ့သော ရုပ်ဝိသေသ၊ နာမ်ဝိသေသ ဟူသော

http://www.dhammadownload.com



ခန္ဓာအစဉ်ကို ဆိုလို၏။ ထိုခန္ဓာအစဉ်သည် ဝဋ်ဒုက္ခဘေးတို့မှ ငြိမ်းအေးခြင်းဟူသော သန္တိဂုဏ်နှင့် ပြည့်စုံသောကြောင့် သန္တိဝန္တခန္ဓာမည်၏။ ထိုခန္ဓာသည်ပင်လျှင် နိဗ္ဗာန်ဖြစ်၏။ ထိုခန္ဓာသည်ပင်လျှင် ပရိနိဗ္ဗုတ ပုဂ္ဂိုလ်လည်းဖြစ်၏ဟု ဆိုလိုသည်။

ဤစကား၌ အမှန်အားဖြင့် ဝဋ်ဒုက္ခဘေးတို့မှ ငြိမ်းအေးခြင်းတည်းဟူသော သန္တိသဘောသည်သာလျှင် အသခ်တနိဗ္ဗာန်အမှန်ဖြစ်၏။ ထိုနိဗ္ဗာန်မှာ တည်ရာမှီရာ ခန္ဓာဟူ၍ တစ်စုံတစ်ခုမျှမရှိပြီ။ ခန္ဓာမရှိသည့်အတွက်ကြောင့် ပရိနိဗ္ဗုတဟူ၍လည်း ခေါ်စရာ ပညတ်မရှိပြီ။ အကယ်၍ ထိုနိဗ္ဗာန်မှာ ထိုခန္ဓာသည်လည်းကောင်း၊ ထိုပရိနိဗ္ဗုတ ပုဂ္ဂိုလ်သည်လည်းကောင်း ကေန်ရှိသည် ဆိုငြားအံ့၊ သဿတဒိဋ္ဌိအမှန်ဖြစ်၏။

သဿတဒိဋ္ဌိဆိုသည်ကား ထိုခန္ဓာကိုပင် ထိုပုဂ္ဂိုလ်၏ အတ္တပြု၍ ထိုအတ္တနှင့် ထိုပုဂ္ဂိုလ်သည် ခန္ဓပရိနိဗ္ဗာန်စံရာ၌ ချုပ်ဆုံးခြင်းမရှိမူ၍ အနုပါဒိသေသနိဗ္ဗာန်ဘက်သို့ ကူးပြောင်းတည်နေသည်ဟု ယူခြင်းသည် သဿတဒိဋ္ဌိမည်၏။

ဤလျှောက်လွှာ၌ "အတွင်းက ဝင်၍ သိသောသူ၏ အသိဉာဏ်တွင် ထင်မြင်ချက် ဆိုသမျှသည် သဿတဒိဋ္ဌိအခြင်းအရာချည်းပေတည်း။ ။ ဥစ္ဆေဒဒိဋ္ဌိဆိုသည်ကား ခန္ဓပရိနိဗ္ဗာန်မစံမီ ရှေးအဖို့၌ ထိုခန္ဓာကိုပင် ထိုပုဂ္ဂိုလ်၏ အတ္တဟူ၍ စွဲယူခဲ့ပြီးလျှင် ထိုအတ္တနှင့် ထိုပုဂ္ဂိုလ်သည် ခန္ဓပရိနိဗ္ဗာန်စံရာတွင် အကုန်ချုပ်ဆုံးလေ၏ဟု ယူခြင်းသည် ဥစ္ဆေဒဒိဋ္ဌိ မည်၏။

ဤအရာ၌ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိဟူသော အယုတ်တရားနှစ်ပါးနှင့် သမ္မာဒိဋ္ဌိဟူသော မဇ္ဈိမပဋိပဒါတို့၏ အထူးကို ပြဆိုရာ၏။ အထူးဆိုသည်ကား ခန္ဓပရိနိဗ္ဗာန်စံခြင်းသို့ မရောက်မီရှေးကာလ၌ ခန္ဓာကိုပင် ပုဂ္ဂိုလ်သတ္တဝါပြု၍ ပုဂ္ဂိုလ်သည် အမှန်ရှိ၏။ သတ္တဝါသည် အမှန်ရှိ၏။ အတ္တသည် အမှန်ရှိ၏ဟု ခိုင်မြဲစွာ ယူကြသော သူတို့၏ အယူမှာ ခန္ဓပရိနိဗ္ဗာန်နှင့် စပ်လျှင် သဿတဒိဋ္ဌိသော်လည်း ဖြစ်ရမည်။ သို့မဟုတ် ဥစ္ဆေဒဒိဋ္ဌိသော်လည်း ဖြစ်ရမည်။ ထိုအယုတ်တရားနှစ်ပါးဟူသော လမ်းလွဲလမ်းမှားကို ဘယ်လိုနည်းနှင့်မှ မရှောင်သာ ပြီ။

အဘယ်ကြောင့် နည်းဆိုသော် ခန္ဓပရိနိဗ္ဗာန်မစံမီ ရှေးကာလကပင် ခန္ဓာကိုယ်ကို ပုဂ္ဂိုလ်သတ္တဝါ၏ အတ္တပြု၍ ပုဂ္ဂိုလ်သည် အမှန်ရှိ၏၊ သတ္တဝါသည် အမှန်ရှိ၏၊ အတ္တသည် အမှန်ရှိ၏ဟု ခိုင်မြဲစွာ ယူခြင်းဟူသော အတ္တဒိဋ္ဌိကြီးအရင်းခံရှိနေသော ကြောင့်တည်း။

ထိုအတ္တဒိဋ္ဌိအရင်းရှိနေသောသူတို့မှာ သေသောအခါနှင့်စပ်လျှင်။ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိနှစ်ပါးတွင် တစ်ပါးပါးသို့ ရောက်လေတော့သည်။ ထိုကြောင့် ကထာဝတ္ထုပါဠိတော်၌ ပရိနိဗ္ဗုတော ပုဂ္ဂလော အတ္ထတ္ထမှိတိ။ အာမန္တာ၊ ပရိနိဗ္ဗုတော ပုဂ္ဂလောသဿတ

http://www.dhammadownload.com



တောတိ။ နဟေဝံဝတ္တဗ္ဗေဟူ၍လည်းကောင်း၊ နတ္ထတ္ထမိတိ၊ အာမန္တာ၊ ပရိနိဗ္ဗုတော ပုဂ္ဂလော ဥစ္ဆိန္နောတိ၊ နဟေဝံသတ္တဗ္ဗေ ဟူ၍လည်းကောင်း၊ အစွန်းနှစ်ဖက် မလွတ်နိုင်ချက်ကို ဟောတော်မူပေ၏။

ခန္ဓပရိနိဗ္ဗာန်မစံမီ ရှေးကာလကပင် ထိုခန္ဓာသည် ပုဂ္ဂိုလ်သတ္တဝါမဟုတ်၊ ပုဂ္ဂိုလ်သတ္တဝါ၏ အတ္တလည်း မဟုတ်၊ သဘာဝဓမ္မ သက်သက်သာဖြစ်၏။

ထိုခန္ဓာမှ အလွတ်ပုဂ္ဂိုလ်ဟူ၍၊ သတ္တဝါဟူ၍၊ အတ္တဟူ၍ သဘောအားဖြင့် မရှိ ပြီဟု သိမြင်သော ဉာဏ်သည် သမ္မာဒိဋ္ဌိမည်၏။ ထိုသမ္မာဒိဋ္ဌိဉာဏ်အမြင်ရှိသော သူတို့မှာ၊ အတ္တဒိဋ္ဌိအရင်းခံမရှိသည် အတွက် ကြောင့် ခန္ဓပရိနိဗ္ဗာန်နှင့်စပ်၍ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိသို့ ရောက်ဖွယ်မရှိပြီ၊ မဇ္ဈိမ ပဋိပဒါ၌တည်လေ၏။

မဇ္ဈိမပဋိပဒါဆိုသည်ကား အဝိဇ္ဇာရှိသည်ရှိသော်၊ သင်္ခါရစသော ဝဋ်တရားတို့သည် ဘဝအဆက်ဆက် ဆက်လက်ဖြစ်ပွား၍သာ နေကုန်၏။ ဥစ္ဆေဒသို့ရောက်သည် မရှိ၊ အရဟတ္တမဂ်သို့ရောက်၍ အဝိဇ္ဇာအကုန်ချုပ်ငြိမ်းလျှင် သင်္ခါရစသော ဝဋ်တရားတို့သည် ထိုဘဝမှ နောက်၌ ဖြစ်ပေါ်ခြင်း မရှိကြကုန်ပြီ။ ဤကား၊ မဇ္ဈိမပဋိပဒါလမ်းပေတည်း။

ဤမဇ္ဈိမပဋိပဒါလမ်း၌၊ အတ္တဒိဋ္ဌိ ဟူသောအရင်းခံမရှိသည့်အတွက်ကြောင့် သေကြသောအခါနှင့် စပ်လျဉ်း၍လည်းကောင်း၊ ခန္ဓပရိနိဗ္ဗာန်စံမှုနှင့် စပ်လျဉ်း၍လည်းကောင်း သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိဟူသော အကိုင်းအခက်ဒိဋ္ဌိနှစ်မျိုး ဖြစ်ပွားဖွယ်မရှိပြီ။ ။ ဤအချက်၌ ကြွင်းကျန်သောစကားရပ်မှာ အထူးဖြေဆိုဖွယ်မရှိလှပြီ။

"ဤသို့အတွင်း အပြင်သိခြင်းဖြင့် ပရမတ်တစ်ခုတည်းသည် သင်္ခတ၊ အသင်္ခတဟု နှစ်မျိုးကွဲနေပုံကို ယူလျှင်သင့်မည်။ မသင့်မည်"ဟူသော နောက်ဆုံးစကား၌ ပရမတ္ထဓမ္မ တစ်ခုတည်းသည်ပင်လျှင် အပြင်သိအစွမ်းဖြင့် သင်္ခတဖြစ်၏။ အတွင်း သိအစွမ်းဖြင့် အသင်္ခတဖြစ်၏ဟု ဆိုလို၏။

အမှန်မှုကား ခန္ဓာတရားတို့တွင် တစ်ခုခုသော တရားသည် အပြင်မှ သိကြသော လောကီဘုံသားတို့၏ ဘက်၌သာ ဥပါဒ်၊ ဌီ၊ ဘင်ကို မမြင်နိုင်ကြသည်ဖြစ်၍ နိစ္စသညာ စသောဝိပလ္လာသတရားတို့၏ ဖုံးလွှမ်းမှုကြောင့် အသင်္ခတအရိပ်အသွင် ထင်မြင်ကြလျက်ရှိ၏။ နိစ္စသညာဆိုသည်ကား ဤသတ္တဝါတို့မှာ မွေးတစ်နေ့ သေတစ်နေ့ဟု အဆိုရှိကြ၏။ မွေးတစ်နေ့ဆိုသည်ကား တစ်သက်လုံးတွင် အစအဆုံးနေ့၌ ဖြစ်ပေါ်ပေါက်ပွားမှု တစ်ကြိမ်သာ ရှိ၏။ သေတစ်နေ့ ဆိုသည်ကား ထိုဘဝတွင် နောက်ဆုံးနေ့တစ်နေ့၌ သေဆုံးမှုတစ်ကြိမ်သာ ရှိ၏။

http://www.dhammadownload.com



ထိုမွေးနေ့သေနေ့ နှစ်ပါးတို့၏အကြား၌ နှစ်အသချေ်ပင် ရှည်သော်လည်း အသစ်သစ်ဖြစ်ပေါ်ပေါက်ပွားမှု ဟူ၍လည်း မရှိပြီ။ သေဆုံးမှုဟူ၍လည်း မရှိလေပြီဟူ၍ ယခုလောကတွင် ဗဟုသုတ မရှိသောသူအများတို့ မှတ်ထင်သိမြင်၍နေကြသော အရာသည် နိစ္စသညာ၊ နိစ္စစိတ္တ၊ နိစ္စဒိဋ္ဌိမှုပေတည်း။ ပုဂ္ဂလ၊ သတ္တ၊ အတ္တ၊ ဇီဝများ သည် ပညတ်မျိုးဖြစ်၍ အသခ်ၤတမျိုးပေတည်း။

ခန္ဓာကို ပုဂ္ဂိုလ်ဟူ၍ စွဲလမ်းခြင်းသည် သခ်ၤတဖြစ်သော ခန္ဓာကို အသခ်ၤတဖြစ် သော ပုဂ္ဂိုလ်ပြုလုပ်၍ ယူခြင်းဖြစ်၏။ ထို့အတူ ခန္ဓာကို သတ္တဝါဟူ၍၊ အတ္တဟူ၍ ဇီဝဟူ၍ စွဲလမ်းခြင်းသည် သခ်ၤတ ဖြစ်သော ခန္ဓာကို အသခ်ၤတဖြစ်သော သတ္တဝါ၊ အတ္တ၊ ဇီဝဟု စွဲလမ်းခြင်းဖြစ်၏။ ခန္ဓာတရားတို့တွင် တစ်ခုခုသော တရားသည် အတွင်းမှသိကြသော ဝိပဿနာ ယောဂီဖြစ်သော ကလျာဏပုထုဇဉ်ပုဂ္ဂိုလ် အရိယာ ပုဂ္ဂိုလ်တို့ဘက်၌မူကား ဥပါဒ်၊ ဌီ၊ ဘင် တို့ကို အလင်းမြင်နိုင်ကြကုန်သည် ဖြစ်၍ နိစ္စသညာစသော ဝိပလ္လာသတရားတို့ကို တဒင်္ဂပဟာန်၊ ဝိက္ခမ္ဘနပဟာန်၊ သမုစ္ဆေဒပဟာန် အားဖြင့် ပယ်ရှားနိုင်သောကြောင့် သခ်ၤတအသွင် အလင်းထင်မြင်ကြလျက်ရှိ၏။

ဤသို့လျှင် ဥပါဒ်၊ ဌီ၊ ဘင်တို့နှင့် အစဉ်အဆက် ဖြစ်တုံပျက်တုံနေကြသော ခန္ဓာတရားတို့သည် ဝိပလ္လာသ အပြည့်အစုံရှိနေသော ပုထုဇဉ်တို့၏ ထင်မြင်ချက်၌ သာ အသခ်ၤတအရိပ်အသွင် ရှိနေကြကုန်၏။ မိမိတို့၏ သဘာဝအားဖြင့်မူကား ဘယ်အခါမှ အသခ်ၤတမဖြစ်နိုင်ကြကုန်၏။

အနုဗောဓဉာဏ်၊ ပဋိဝေဓဉာဏ်နှင့်ပြည့်စုံသော ပုဂ္ဂိုလ်တို့၏ ဉာဏ်၌မူကား ပုဂ္ဂိုလ် သတ္တဝါစသော အသခ်ၤတ အရိပ်အသွင်ထင်ချက် မရှိကြကုန်ပြီ၊ အခါခပ်သိမ်း ဖြစ်ခြင်း၊ ရင့်ခြင်း၊ ပျက်ဆုံးခြင်း ဟူသော ဇာတိမီး၊ ဇရာမီး၊ မရဏမီး အမြဲတောက် လောင်၍နေသော သခ်ၤတ အရိပ်အသွင်ထင်ရှားလျက်ရှိနေကြကုန်၏။

ထို့ကြောင့် အတွင်းအပြင် သိခြင်းဖြင့် ပရမတ်တစ်ခုတည်းသည် သခ်ၤတ၊ အသခ်ၤတနှစ်မျိုးကွဲရိုးမရှိ။ မိမိတို့၏ သဘာဝအားဖြင့် သာလျှင် ခန္ဓာတရားတို့သည် သခ်ၤတသာအမှန်ဖြစ်ကုန်၏။ ဘယ်အခါမှ အသခ်ၤတအဖြစ်သို့ မရောက်ကြကုန်။ ခန္ဓာတရားတို့နှင့် သဘောအားဖြင့် အလွန်ဝေးကွာလျက်ရှိသော ဝဋ္ဋဒုက္ခတို့၏ ချုပ်ငြိမ်းခြင်း ဟူသော နိဗ္ဗာန်တရားသည်မူကား နိစ္စဓုဝအားဖြင့် အသခ်ၤတအဖြစ်၌သာ အမြဲတည်၏။ ဘယ်အခါမှ သခ်ၤတအဖြစ်သို့ မရောက်လေပြီ။

ဤအရာ၌ ဝဋ္ဋဒုက္ခတို့၏ ချုပ်ငြိမ်းခြင်းဟူသော နိဗ္ဗာန်ဘက်၌ ခန္ဓာဟူသော ရုပ်တရား၊ နာမ်တရားမရှိကြောင်းကို ဤပါဠိတော်တို့ဖြင့် ပြဆိုရာ၏။

http://www.dhammadownload.com



ဝေဠုဓေါ သောဘိက္ခုပဥ္စာပုစ္ဆိတဗ္ဗော။ ။
ကတ္ထအာပေါစပထဝီ၊ တေဇောဝါယောနဂါဓတိ။
ကတ္ထဒီဃဥ္စ ရဿဥ္စ၊ အဏုံထူလံသုဘာသုဘံ။ ။
ကတ္ထနာမဉ္စရူပဉ္စ၊ အသေသံဥပရုဇ္ဈတီတိ။ ။
တတြဝေယျာကရဏံဘဝတိ။ ။
ဝိညာဏံအနိဒဿနံ၊ အနန္တံသဗ္ဗတောပဘံ။ ။
ဧတ္ထအာပေါစပထဝီ၊ တေဇောဝါယောနဂါဓတိ။ ။
ဧတ္ထဒီဃဥ္စရဿဥ္စ၊ အဏုံထူလံဘာသုဘံ။ ။
ဧတ္ထနာမဉ္စရူပဉ္စ၊ အသေသံဥပရုဇ္ဈတိ။ ။
ဝိညာဏဿနိရောဓေန၊ ဧတ္ထေတံဥပရုဇ္ဈတီတိ။

ဟူသော ဒီဃနိကာယ်၊ သုတ်သီလက္ခန်ပါဠိတော်၊ ကေဝဋ္ဋသုတ်၊ စာမျက်နှာ နံပါတ် ၁၈၁။

အတ္ထိ ဘိက္ခဝေ တဒါယတနံ၊ ယတ္ထနေဝ ပထဝီ၊ နအာပေါ၊ နတေဇော၊ နဝါယော၊ နအာကာသာနဉ္စာယတနံ၊ နဝိညာဏဉ္စာယတနံ၊ နအာကိဉ္စညာယတနံ၊ နနေဝသညာနာသညာယတနံ၊ နာယံလောကော၊ နပရလောကော၊ နဥဘောစန္ဒိမသူရိယာ၊ တတြာ ပါဟံဘိက္ခဝေနေဝအာဂတိံဝဒါမိ။ နဂတိံ၊ နဌိတိံ၊ နစုတိံ၊ နဥပပတ္တိံ။ အပတိဋ္ဌံ အပ္ပဝတ္တံ အနာရမ္မဏ မေဝတံ။ ဧသေဝန္တော ဒုက္ခဿတိ။ ။

ဟူသော ဥဒါန်းပါဠိတော်၊ ပါဋလိဂါမဝဂ်၊ တဒါယတနသုတ်၊ စာမျက်နှာနံပါတ် ၁၁၇၊ ဟံသာဝတီတိုက်ထွက် စာအုပ်နံပါတ်ဖြစ်သည်။

ဤပါဠိတော်များကို ထောက်၍ နိဗ္ဗာန်၌ အလွန်သိမ်မွေ့သော ခန္ဓာအလားရှိသော တစ်စုံတစ်ခုသော တရားမရှိဟု သိအပ်၏။

**ကေဝဋ္ဋသုတ်ပါဠိ၌အနက်ကား။** ။ ဘိက္ခု၊ ရဟန်း။ သောပဥ္စော၊ ဤပြဿနာကို။ ဝေဠုဓေါ၊ ဤသို့လျှင်။ ပုစ္ဆိတဗ္ဗော၊ မေးအပ်၏။ ။

ကတ္ထ အဘယ်၌။ အာပေါစ၊ ရေဓာတ်သည်လည်းကောင်း။ ပထဝီစ၊ မြေဓာတ် သည်လည်းကောင်း။ တေဇောစ၊ မီးဓာတ်သည်လည်းကောင်း။ ဝါယောစ၊ လေဓာတ် သည်လည်းကောင်း။ နဂါဓတိ၊ ထောက်ရာတည်ရာမရနိုင်သနည်း။

ကတ္ထ၊ အဘယ်၌။ ဒီဃဥ္စ၊ အရှည်သည်လည်းကောင်း။ ရဿဥ္စ၊ အတိုသည် လည်းကောင်း၊ အဏုံစ၊ အသေးသည်လည်းကောင်း။ ထူလဥ္စ၊ အကြီးသည်လည်းကောင်း၊ သုဘဥ္စ၊ တင့်တယ်သောဝတ္ထုသည်လည်းကောင်း။ အသုဘဥ္စ၊ မတင့်တယ်သော ဝတ္ထု သည်လည်းကောင်း။ နဂါဓတိ၊ ထောက်ရာတည်ရာ မရနိုင်သနည်း။

http://www.dhammadownload.com



ကတ္တု၊ အဘယ်၌။ နာမဥ္စ၊ နာမ်ခန္ဓာသည်လည်းကောင်း။ ရူပဥ္စ၊ ရုပ်ခန္ဓာသည်လည်းကောင်း၊ အသေသံ၊ အကြွင်းမရှိ။ ဥပရုဇ္ဈတိ၊ ချုပ်သနည်း။ ဣတိ၊ ဤသို့။ ပုစ္ဆိတဗ္ဗော၊ မေးအပ်၏။

တတြ၊ ထိုအမေး၌။ ဝေယျာကရဏံ၊ အဖြေသည်။ ဘဝတိ၊ ဖြစ်၏။

ယံ ဓမ္မဇာတံ၊ အကြင်တရားသဘောသည်။ ဝိညာဏံ၊ အရိယာတို့၏ဉာဏ်ဖြင့်သာ အထူးသိအပ်၏။ အနိဒဿနံ၊ ဤကဲ့သို့ဟု ညွှန်းပြစရာ ဥပမာလည်းမရှိ။ အနန္တံ၊ ဖြစ်ခြင်း၊ ပျက်ခြင်းမရှိသည်ဖြစ်၍ ရှေ့အစွန်းနောက်အစွန်းလည်းမရှိ။ သဗ္ဗတောပဘံ၊ ခပ်သိမ်းသော အရပ်တို့၌ ထွန်းတောက်ပလျက်ရှိ၏။

ဧတ္ထ၊ ဤတရားသဘော၌။ အာပေါစ၊ ရေဓာတ်သည်လည်းကောင်း။ ပထဝီစ၊ မြေဓာတ်သည်လည်းကောင်း။ တေဇောစ၊ မီးဓာတ်သည်လည်းကောင်း။ ဝါယောစ၊ လေဓာတ်သည်လည်းကောင်း။ နဂါဓတိ၊ ထောက်ရာတည်ရာ မရနိုင်။ ဧတ္ထ၊ ဤတရား၌။ ဒီဃဥ္စ၊ အရှည်သည်လည်းကောင်း။ ရဿဥ္စ၊ အတိုသည်လည်းကောင်း။ အဏုံစ၊ အသေးသည်လည်းကောင်း။ ထူလဥ္စ၊ အကြီးသည်လည်းကောင်း။ သုဘဥ္စ၊ တင့်တယ်သော ဝတ္ထုသည်လည်းကောင်း။ အသုဘဥ္စ၊ မတင့်တယ်သောဝတ္ထုသည်လည်းကောင်း၊ နဂါဓတိ၊ ထောက်ရာ၊ တည်ရာမရနိုင်။

ဧတ္ထ၊ ဤတရား၌။ နာမဥ္စ၊ နာမ်သည်လည်းကောင်း။ ရူပဥ္စ၊ ရုပ်သည်လည်းကောင်း။ အသေသံ၊ အကြွင်းမရှိ။ ဥပရုဇ္ဈတိ၊ ချုပ်၏။ ဝိညာဏဿ၊ ပဋိသန္ဓေဝိညာဏ်၏။ နိရောဓေန၊ ဖြစ်ပေါ်ခြင်း မရှိချုပ်ခြင်းဟူသော နိဗ္ဗာန်၌။ ဧတံ၊ ဤရေဓာတ် မြေဓာတ် အစရှိသော အလုံးစုံသည်။ ဥပရုဇ္ဈတိ၊ ချုပ်ငြိမ်းလေ၏။ ဣတိ၊ ဤသို့။ ဝေယျာကရဏံ၊ အဖြေသည်။ ဘဝတိ၊ ဖြစ်၏။

ဤပါဠိတော်၌ နိဗ္ဗာန်မှာ ရေဓာတ်၊ မြေဓာတ်၊ မီးဓာတ်၊ လေဓာတ်များသည် ထောက်ရာ၊ တည်ရာမရဆိုသောကြောင့် အလုံးစုံသောရုပ်ဟူသမျှသည်၊ နိဗ္ဗာန်မှာ မရှိဟု သိအပ်၏။ နိဗ္ဗာန်မှာ အရှည်၊အတို၊ အကြီး၊ အငယ်၊ တင့်တယ်သောဝတ္ထု၊ မတင့်တယ်သော ဝတ္ထုများသည် ထောက်ရာတည်ရာမရ ဆိုသောကြောင့် ပုဂ္ဂိုလ်၊ သတ္တဝါ၊ အတ္တ၊ ဇီဝ၊ စသော ပညတ်များသည်လည်း နိဗ္ဗာန်မှာ မရှိဟု သိအပ်၏။ နိဗ္ဗာန်မှာ နာမ်ခန္ဓာ၊ ရုပ်ခန္ဓာများသည် အကြွင်းမရှိ ချုပ်ငြိမ်းသည်ဟု ဆိုခြင်း ကြောင့် ရုပ်ကြမ်း၊ နာမ်ကြမ်းမဟုတ်သော်လည်း ရုပ်နာမ် အလားရှိသော အလွန်သိမ်မွေ့သောတရား အကြွင်းအကျန်ဟူ၍လည်း နိဗ္ဗာန်မှာမရှိ။

ခန္ဓာဟု မခေါ်ဆိုအပ်သော်လည်း ခန္ဓာအလားရှိသော အလွန်သိမ်မွေ့သောတရား အကြွင်းအကျန်ဟူ၍လည်း နိဗ္ဗာန်မှာမရှိဟု ဆိုအပ်၏။ ချုပ်ခြင်းဟူသော နိရောသည်

http://www.dhammadownload.com



နှစ်မျိုးရှိ၏။ အကြောင်းတို့၏ညီညွတ်ခြင်းကို စွဲ၍ ဖြစ်ပေါ်ပြီးသော တရား၏ ပျက်ဆုံးခြင်းဟူသော ဘင်္ဂနိရောဓလည်း တစ်ပါး၊ အကြောင်းတို့၏ ချုပ်ငြိမ်းခြင်းကြောင့် ဖြစ်ပေါ်ခြင်းဟူ၍ပင် မရှိခြင်းတည်းဟူသော အနုပ္ပါဒနိရောဓလည်းတစ်ပါး။ ထိုတွင် ဝိညာဏသနိရောဓေနဟူသော ပါဠ်၌၊ ဘင်္ဂနိရောဓကို မလိုအပ်၊ အနုပ္ပါဒ နိရောဓကိုသာ လိုအပ်၏။

ဤပါဠိတော်၌ ဝိညာဏသဒ္ဒါနှစ်ချက်ပါသည်တွင် ရှေ့ဝိညာဏသဒ္ဒါ၌ အာရုံကို သိခြင်းဟူသော အနက်ကို မယူအပ်။ အရိယာတို့၏ ဉာဏ်ဖြင့် အထူးသိအပ်၏ဟူသော အနက်ကိုသာ ယူအပ်၏။

**ဥဒါန်းပါဠိ၌အနက်ကား** ။ ။ ဘိက္ခဝေ၊ ရဟန်းတို့။ တဒါယတနံ၊ ထိုသို့သဘောရှိသော မှီခိုရာ၊ ခိုကိုးရာ တရားအထူးသည်။ အတ္ထိ၊ ရှိ၏။ ယတ္ထ၊ အကြင်တရား၌။ ပထဝီ၊ မြေဓာတ်သည်လည်း။ နေဝအတ္ထိ၊ မရှိ။ အာပေါ၊ ရေဓာတ်သည်လည်း။ နအတ္ထိ၊ မရှိ။ တေဇော၊ မီးဓာတ်သည်လည်း။ နအတ္ထိ၊ မရှိ။ ဝါယော၊ လေဓာတ်သည်လည်း။ နအတ္ထိ၊ မရှိ။ အာကာသာနဉ္စာယတနံ၊ အာကာသာနဉ္စာယတန နာမက္ခန္ဓာလေးပါးသည်လည်း။ နအတ္ထိ၊ မရှိ။ ဝိညာဏဉ္စာယတနံ၊ ဝိညာဏဉ္စာ ယတန နာမက္ခန္ဓာလေးပါးသည်လည်း။ နအတ္ထိ၊ မရှိ။ အာကိဉ္စညာယတနံ၊ အာကိဉ္စညာယတန နာမက္ခန္ဓာလေးပါးသည်လည်း။ နအတ္ထိ၊ မရှိ။ နေဝသညာန သညာယတနံ၊ နေဝသညာ နာသညာ ယတန နာမက္ခန္ဓာ လေးပါးသည်လည်း၊ နအတ္ထိ၊ မရှိ။ အယံ လောကော၊ ဤပစ္စုပ္ပန် လောကမည်သည်လည်း။ နအတ္ထိ၊ မရှိ။ ပရလောကော၊ တမလွန်လောက မည်သည်လည်း။ နအတ္ထိ၊ မရှိ။ ဥဘော၊ နှစ်ပါးကုန်သော။ စန္ဒိမ သူရိယာ၊ လ၊ နေတို့သည်လည်း။ နအတ္ထိ၊ မရှိကုန်။ ဘိက္ခဝေ၊ ရဟန်းတို့။ အပိ၊ စင်စစ်။ တတြ ထိုတရားအထူး၌။ အာဂတိံ၊ တခြားတစ်ပါးမှ လာရောက်ခြင်း ကိုလည်း။ အဟံ၊ ငါဘုရားသည်။ နေဝဝဒါမိ၊ မဟော။ ဂတိံ၊ ထိုမှဘဝတစ်ပါးသို့ လားခြင်းကိုလည်း။ နဝဒါမိ၊ ငါမဟော။ ဌိတိံ၊ ထိုတရား၌ တည်နေခြင်းကိုလည်း။ နဝဒါမိ။ ငါမဟော။ စုတိံ၊ ထိုမှ ဘဝတစ်ပါးသို့ ရွေ့ရှားခြင်း ကိုလည်းကောင်း။ နဝဒါမိ၊ ငါမဟော။ ဥပပတ္တိံ၊ ထိုမှရွေ့ရှား၍ ဘဝတစ်ပါးသို့ ကပ်ရောက်ခြင်းကိုလည်း။ နဝဒါမိ။ ငါမဟော။ တံ၊ ထိုတရားအထူးသည်။ အပတိဋ္ဌံ၊ မဟာသမုဒ္ဒရာကဲ့သို့ ထောက်တည်ရာသည်လည်း၊ နအတ္ထိ၊ မရှိ။ အပ္ပဝတ္တံ၊ အစဉ်မပြတ် ဖြစ်၊ ဖြစ်နေခြင်း သည်လည်း။ နအတ္ထိ၊ မရှိ။ အနာရမ္မဏမေဝ၊ စိတ်စေတသိက်တရားတို့ကဲ့သို့ တခြားတစ်ပါးသော တရားကို အာရုံပြုခြင်း မရှိသည်သာလျှင်တည်း။ သေဝသောဝေ၊

http://www.dhammadownload.com



ဤတရားအထူးသည်သာလျှင်။ ဒုက္ခသာ၊ သံသရာဝဋ္ဋ် ဒုက္ခ၏။ အန္တော၊ အဆုံးတရား ပေတည်း။ ။ အဓိပ္ပာယ်သိသာပြီ။

လျှောက်လွှာ၌ "ရုပ်နာမ်ကြမ်း မဟုတ်သော်လည်း ရုပ်နာမ်အလားရှိသော။ ဝါ၊ ခန္ဓာဟု မဆိုအပ်သော်လည်းခန္ဓာအလားရှိသော အသခ်တဓာတ်ပရမတ်ကို နိဗ္ဗာန်ဟူ၍ ဟောရပေသည်" ဟူသော စကားသည် အဘိဓမ္မာနှင့် ဆန့်ကျင်၏။

ဆန့်ကျင်ပုံကား အဘိဓမ္မာ၌ ရူပိနောဓမ္မာ၊ အရူပိနောဓမ္မာဟူ၍ ရုပ်ဟုတ် မဟုတ် နှစ်ဖို့ နှစ်စုလာသောကြောင့် ရုပ်ကြမ်းမဟုတ်သော်လည်း ရုပ်ကြမ်းအလားရှိသော နေဝရူပိနာရူပိဟူသော တတိယကောဋ္ဌိမရှိကြောင်းကို သိအပ်၏။

စိတ္တာဓမ္မာ၊ နောစိတ္တာဓမ္မာဟူ၍လည်းကောင်း၊ စေတသိကာဓမ္မာ၊ နောစေတသိကာဓမ္မာ ဟူ၍ လည်းကောင်း၊ စိတ်ခန္ဓာဟုတ်မဟုတ်။ စေတသိက်ခန္ဓာ ဟုတ်မဟုတ် နှစ်ဖို့ နှစ်စုသာ လာသောကြောင့် နာမ်ခန္ဓာကြမ်းမဟုတ်သော်လည်း နာမ်ခန္ဓာအလား ရှိသော နေဝစိတ္တနာစိတ္တ၊ နေဝစေတသိကနာစေတသိကဟူသော တတိယကောဋ္ဌိ မရှိကြောင်းကို သိအပ်၏။

**ဤတွင်ရှေ့ကား — မောင်ရွှေစံအောင်၏ လျှောက်လွှာကို ဖြေဆိုချက်ပြီး၏။**

■

## ဤဖြေဆိုချက်နှင့်မကျေမလည်ရှိသေးလျှင် ထပ်မံ၍ လျှောက်။ သတိပေးချက်။

ဤကဲ့သို့ နက်နဲသော တရားချုပ်ကြီးများကို ဆုံးဖြတ်ရာ၌ အစွန်အဖျားဖြစ်သော ဋီကာစကားအတိုအနှောင်းများကို အားကိုးအားထားမပြုရာ။ ပါဠိတော်ကြီးများကိုသာ အားကိုးအားထားပြုရာ၏။

အနိစ္စာဝတ၊ သခ်ါရာ၊
ဥပ္ပါဒဝယ၊ ဓမ္မိနော၊
ဥပ္ပဇ္ဇိတွာ၊ နိရုဇ္ဈန္တိ၊
တေသံ၊ သူပသမော၊ သုခေါ။ ။

**သုတ်မဟာဝါ ပါဠိတော်။**

http://www.dhammadownload.com



သခ်ါရာ၊ ကောင်းမှုဆိုးမှု ဝိညာဉ်စုနှင့် ဥတုပူအေး ကျွေးမွေးအစာလေးဖြာ ကြောင်းအင် ပြုပြင်နိုင်မှ ဖြစ်ပေါ်ကြသော သခ်ါရတရားတို့သည်။ အနိစ္စာဝတာ၊ ဖြစ်ပြီးသည့်နောင် တည်ထောင်ခိုင်စွဲမရှိဘဲကြောင့် မမြဲလုံးလုံး အသုံးမကျ အနိစ္စတို့ ချည်းပါတကား။

ဝါ၊ ပျက်ပြားချုပ်ဆုံး ဖြုန်းဖြုန်းပြိုကွဲ ကုန်သည့်နဲကြောင့် မမြဲလုံးလုံး အသုံး မကျ အနိစ္စတို့ချည်းပါတကား။

ဥပ္ပါဒဝယဓမ္မိနော၊ ဖြစ်ဖို့အကြောင်း ပျက်ဖို့အကြောင်း စုပေါင်းမိခါ သူ့သူ့ငါ ကို မညှာမငဲ့ အရွဲ့အစောင်း မကောင်းဆိုးညစ် ဖြစ်ချင်တတ်တိုင်း ပျက်ချင်တတ်တိုင်း မဆိုင်းမရပ် ဒီလှိုင်းခတ်သို့ ဖြစ်တတ်ပျက်တတ်သော သဘောရှိကုန်၏။

ဥပ္ပဇ္ဇိတွာ၊ အကြောင်းလေးအင် ပြုစီရင်သော် သင်နေပါဦး ဆိုင်းပါဦးဟု ညွှတ်နူးသွယ်သွယ် ဘယ်ဘယ်သူမှ တားမရဘဲ အစမွှအတင်း မငြင်းဆန်သာ ဖြုန်းခနဲ ဖြစ်ပေါ်လာကြကုန်၍။ နိရုဇ္ဈန္တိ၊ တည်တံ့ မြဲခိုင်မပျက်နိုင်အောင် စိုးပိုင်မရ ပျက်စီးချိန် ကာလ၌ ချုပ်ဆုံးကွယ်ပျောက်ပျက်စီးကြလေကုန်၏။

တေသံ၊ အလိုသို့မလိုက် စရိုက်သို့မပါ ဖြစ်ချင်ရာရာဖြစ် ပျက်ချင်ရာရာပျက် ကြကုန်သော တေဘုမ္မက သခ်ါရတရားဟူသမျှတို့၏။ ဝူပသမော၊ ကြွင်းမဲ့ရုပ်သိမ်း အကုန်ငြိမ်းရာ။ ခေမာအမတ အဘယပူရီ၊ နိဗ္ဗာန်ဆိုတဲ့ ဘေးမဲ့ပြည်ကြီးသည်သာ။ သုခေါ။ နှိပ်စက်ပူပန် ဖောက်ပြန်ပျက်စီး ကြောက်လန့်ဖွယ် စနက်မီးတွေနှင့် အပြီး ထက်ကြပ်စွဲကပ်ယှဉ်မှီ ခြောက်လီဖသာ ကြိတ်နယ်သမှာ ဖြစ်ပေါ်လာသည့် ဝေဒနာသုခ ဟူသမျှထက် အစအသချော်ရေတွက်၍မဆုံး ဆင်းရဲတွေလမ်းစတုံး၍ အချမ်းမြဆုံး အအေးဆုံးကြီးပါပေတည်း။ ။

**နိဗ္ဗာနဝိသဇ္ဇနာ ကျမ်းပြီး၏။**

■

http://www.dhammadownload.com



# လယ်တီနိဗ္ဗာန်

**နမော· တဿ· ဘဂဝတော· အရဟတော**
**သမ္မာသမ္ဗုဒ္ဓဿ။**

## ပဌမ မဟာနိဗ္ဗာန်

**တတ္ထ· ယဒါ· အတ္တဒိဋ္ဌိသဟဂတာ· တဏှာ· သမုစ္ဆိန္နာ· ဟောတိ၊ တဒါ· သဗ္ဗေ ဒုစ္စရိတဓမ္မာစ· အပါယဘဝါစ· သမုစ္ဆိန္နာ· ဟောန္တိ၊· တခ်ဏတော· ပဋ္ဌာယ· တဿ ပုဂ္ဂလဿ· ဘဝါဘဝေသု· ဒုစ္စရိတဘယေဟိစ· အပါယဒုက္ခေဟိစ· ဝိမောက္ခောဟောတိ၊ ဣဒံ· ဗုဒ္ဓသာသနေ· သဥပါဒိသေသံ· နာမ· အသင်္ခတံ· ပဌမ· မဟာနိဗ္ဗာနံ· ဟောတိ။ ။**

တတ္ထ= ထိုသစ္စာလေးပါးတို့တွင်၊ ယဒါ= အကြင်အခါ၌၊ အတ္တဒိဋ္ဌိသဟဂတာ= အတ္တဒိဋ္ဌိနှင့်တကွဖြစ်သော၊ တဏှာ= တဏှာ ဟူသော သမုဒယသစ္စာကို၊ သမုစ္ဆိန္နာ= အကြွင်းမဲ့ဖြတ်အပ်ပြီးသည်၊ ဟောတိ= ဖြစ်၏။ တဒါ= ထိုအခါ၌၊ သဗ္ဗေ= အလုံးစုံကုန်သော၊ ဒုစ္စရိတဓမ္မာစ= ဒုစရိုက်တရားတို့သည်လည်းကောင်း၊ အပါယ ဘဝါစ= အပါယ်ဘုံဘဝတို့သည်လည်းကောင်း၊ သမုစ္ဆိန္နာ= အကြွင်းမဲ့ပြတ်ငြိမ်းကုန်သည်၊ ဟောန္တိ= ဖြစ်ကုန်၏။ တခ်ဏတော= ထိုအတ္တဒိဋ္ဌိနှင့်တကွဖြစ်သော တဏှာချုပ်ငြိမ်းရာ ခဏမှ၊ ပဋ္ဌာယ= စ၍၊ တဿပုဂ္ဂလဿ= ထိုသက္ကာယဒိဋ္ဌိချုပ်ငြိမ်းပြီးသော ပုဂ္ဂိုလ်အား၊ ဘဝါဘဝေသု= ဘဝကြီးငယ် အသွယ်သွယ်တို့၌၊ ဒုစ္စရိတဘယေ ဟိစ= ဒုစရိုက် ဘေးကြီးတို့မှလည်းကောင်း၊ အပါယဒုက္ခေဟိစ= အပါယ်ဆင်းရဲတို့မှလည်းကောင်း၊ ဝိမောက္ခော= ကျွတ်လွတ် ကင်းရှင်းသည်၊ ဟောတိ= ဖြစ်၏။ ဣဒံ= ဤဒုစရိုက်ဘေး, အပါယ် ဘေးတို့မှ ကင်းဝေးလွတ်ငြိမ်းခြင်းသည်၊ ဗုဒ္ဓသာသနေ= မြတ်စွာ ဘုရား သာသနာတော်ကြီး၌၊ သဥပါဒိသေသံနာမ= သဥပါဒိသေသ အမည်ရှိသော၊ ဝါ= ကိလေသာနှင့် ခန္ဓာအကြွင်းရှိသေးသော၊ အသင်္ခတံ= ပြုပြင်စီရင်ရခြင်းကင်းဝေးသော၊ ပဌမမဟာနိဗ္ဗာန်= ပဌမမဟာနိဗ္ဗာန်ကြီးမည်သည်၊ ဟောတိ= ဖြစ်၏။

**ပဌမ· မဟာနိဗ္ဗာန်ပြီး၏။**

# လယ်တီနိဗ္ဗာန်

http://www.dhammadownload.com



## ဒုတိယမဟာနိဗ္ဗာန်

**ယဒါ ဒိဋ္ဌိဝိပ္ပယုတ္တာ ကာမတဏှာ သမုစ္ဆိန္နာ ဟောတိ၊ တဒါ သဗ္ဗေ ကာမပုညာဘိသင်္ခါရာစ ကာမသုဂတိဘဝါစ သမုစ္ဆိန္နာ ဟောန္တိ။ တဒ်ဏာတော ပဋ္ဌာယ တဿပုဂ္ဂလဿ အနာဂတေ ဘဝါ-ဘဝေသု ကာမပုညာဘိသင်္ခါရေဟိစ ကာမကိလေသဝိစိတရင်္ဂသင်္ခါ-ဘိတေဟိ ဒုစ္စရိတဒုရာစာရ ဒုရာဇီဝဗဟုလေဟိ အစ္စာသန္နအပါယ-ဒုဂ္ဂတိဝိနိပတနဓမ္မေဟိ ကာမသုဂတိဘဝေဟိစ ဝိမောက္ခော ဟောတိ၊ ဣဒံ ဗုဒ္ဓသာသနေ သဥပါဒိသေသံနာမ အသင်္ခတံ ဒုတိယမဟာနိဗ္ဗာနံ ဟောတိ။**

ယဒါ= အကြင်အခါ၌၊ ဒိဋ္ဌိဝိပ္ပယုတ္တာ= မိစ္ဆာဒိဋ္ဌိနှင့် မယှဉ်သော၊ ကာမတဏှာ= ကာမတဏှာသည်၊ ဝါ= ကာမတဏှာ ကို၊ သမုစ္ဆိန္နာ= အကြွင်းမဲ့ဖြတ်အပ်သည်၊ ဟောတိ= ဖြစ်၏။ တဒါ= ထိုကာမတဏှာ ပြတ်ငြိမ်းရာကာလ၌၊ သဗ္ဗေ= အလုံးစုံကုန်သော၊ ကာမပုညာဘိသင်္ခါရာစ= ကာမကုသိုလ်ဟုဆိုအပ်သော ပုညာဘိသင်္ခါရတို့သည်လည်းကောင်း၊ ကာမသုဂတိဘဝါစ= ကာမသုဂတိ ဘဝတို့သည် လည်းကောင်း၊ သမုစ္ဆိန္နာ= အကြွင်းမဲ့ပြတ်ငြိမ်းကုန်သည်၊ ဟောန္တိ= ဖြစ်ကုန်၏။ တဒ်ဏာတော= ထိုဒိဋ္ဌိဝိပ္ပယုတ္တတဏှာ ချုပ်ငြိမ်းရာ ခဏမှ၊ ပဋ္ဌာယ= စ၍၊ တဿပုဂ္ဂလဿ= ထိုကာမတဏှာ ကင်းကွာပြီးသော ပုဂ္ဂိုလ်အား၊ အနာဂတေ= နောင် အနာဂတ်ကာလ၌၊ ဘဝါဘဝေသု= ဘဝကြီးငယ်အသွယ်သွယ်တို့၌၊ ကာမပုညာဘိ သင်္ခါရေဟိစ= ကာမကုသိုလ်ဟုဆိုအပ်သော ပုညာဘိသင်္ခါရတို့မှ လည်းကောင်း၊ ကာမကိလေသဝိစိတရင်္ဂသင်္ခါဘိတေဟိ= ကာမဂုဏ် ကိလေသာ အဖြာဖြာသော လှိုင်းဂယက်တို့ဖြင့် သွက်သွက်ခုန်အောင် တုန်လှုပ်ချောက်ချားကုန်သော၊ ဒုစ္စရိတဒုရာစာရ ဒုရာဇီဝ ဗဟုလေဟိ= မကောင်းသောလေ့လာမှု, မကောင်းသောကျင့်ကြံမှု, မကောင်း သော အသက်မွေးမှု များပြားကုန်သော၊ ဝါ= များပြားသော ဒုစရိုက်မျိုး, ဒုရာစာရမျိုး, ဒုရာဇီဝမျိုး ရှိကုန်သော၊ အစ္စာသန္နအပါယ ဒုဂ္ဂတိဝိနိပတနဓမ္မေဟိ= အလွန်နီးသော အပါယ်ဘေး, ဒုဂ္ဂတိဘေး, ဝိနိပတနဘေးရှိကုန်သော၊ ဝါ= အပါယ်ဘေး, ဒုဂ္ဂတိဘေး, ဝိနိပတန ဘေးတို့နှင့် အလွန်ပင်နီးကုန်သော၊ ကာမသုဂတိဘဝေဟိစ= ကာမ သုဂတိဘဝတို့မှလည်းကောင်း၊ ဝိမောက္ခော= ကျွတ်လွတ်ငြိမ်းအေး တော့သည်၊ ဟောတိ= ဖြစ်၏။ ဣဒံ= ဤကာမသုဂတိဘဝတို့မှ ကျွတ်လွတ်ငြိမ်းအေးခြင်းသည်၊ ဗုဒ္ဓသာသနေ= မြတ်စွာဘုရား သာသနာတော်ကြီး၌၊ သဥပါဒိသေသံနာမ= ကိလေသာနှင့် ခန္ဓာ အကြွင်း ရှိသေးသည်အဖြစ်ကြောင့် သဥပါဒိသေသအမည်ရှိသော၊ အသင်္ခတံ= ပြုပြင်မှုမရှိသော၊ ဒုတိယမဟာနိဗ္ဗာနံ= ဒုတိယနိဗ္ဗာန်ကြီး မည်သည်၊ ဟောတိ= ဖြစ်၏။

**ဒုတိယ မဟာနိဗ္ဗာန်ပြီး၏။**

မိခင်ရောဝတီ

http://www.dhammadownload.com



# တတိယ မဟာနိဗ္ဗာန်

**ယဒါ ရူပရာဂ အရူပရာဂသင်္ခါတာ ဘဝတဏှာ သမုစ္ဆိန္နာ ဟောတိ၊ တဒါ သဗ္ဗေ မဟဂ္ဂတပုညာဘိသင်္ခါရာစ ရူပါရူပဖြပဟ္မ ဘဝါစ သမုစ္ဆိန္နာ ဟောန္တိ၊ တဉ္စဏတော ပဋ္ဌာယ တဿ ပုဂ္ဂလဿ ရူပါရူပပုညာဘိသင်္ခါရေဟိစ သဿတုစ္ဆေဒ ဂါဟမာနာတိမာန ဗဟုလေဟိ အနိစ္စအဓူဝဝိပရိမာဏဓမ္မေဟိ ရူပါရူပဘဝေဟိစ ဝိမောက္ခော ဟောတိ၊ ဣဒံ ဗုဒ္ဓသာသနေ အနုပါဒိသေသံနာမ အသင်္ခတံ တတိယ မဟာနိဗ္ဗာနံ ဟောတိ။**

ယဒါ= အကြင်အခါ၌၊ ရူပရာဂအရူပရာဂသင်္ခါတာ= ရူပရာဂ အရူပရာဂဟု ဆိုအပ်သော၊ ဘဝတဏှာ= ဘဝတဏှာကို၊ သမုစ္ဆိန္နာ= အကြွင်းမဲ့ဖြတ်အပ်သည်၊ ဟောတိ= ဖြစ်၏။ တဒါ= ထိုအခါ၌၊ သဗ္ဗေ= အလုံးစုံကုန်သော၊ မဟဂ္ဂတပုညာဘိသင်္ခါရာစ= မဟဂ္ဂုတ်ကုသိုလ်ဟု ဆိုအပ်သော ပုညာဘိသင်္ခါရတို့သည်လည်း ကောင်း၊ ရူပါရူပဗြဟ္မဘဝါစ= ရူပဗြဟ္မာ, အရူပဗြဟ္မာ ဘဝတို့သည် လည်းကောင်း၊ သမုစ္ဆိန္နာ= အကြွင်းမဲ့ပြတ်ငြိမ်းကုန်သည်၊ ဟောန္တိ= ဖြစ်ကုန်၏။ တင်္ခဏတော= ထိုရူပရာဂ အရူပရာဂ ချုပ်ငြိမ်းရာခဏမှ၊ ပဋ္ဌာယ= စ၍၊ တဿ ပုဂ္ဂလဿ= ထိုဘဝတဏှာ ချုပ်ငြိမ်းပြီးသော ပုဂ္ဂိုလ်အား၊ ရူပါရူပပုညာဘိသင်္ခါရေဟိစ= ရူပကုသိုလ် အရူပကုသိုလ်ဟု ဆိုအပ်သော ပုညာဘိသင်္ခါရတို့မှလည်းကောင်း၊ သဿတုစ္ဆေဒ ဂါဟမာနာတိမာန ဗဟုလေဟိ= သဿတအယူ, ဥစ္ဆေဒအယူ, မာန်မူခြင်း, အလွန်မာန်မူခြင်း များပြားကုန်သော၊ ဝါ= များပြားသော သဿတအယူ, ဥစ္ဆေဒအယူ, မာန်မူခြင်း, အလွန်မာန်မူခြင်း ရှိကုန်သော၊ အနိစ္စအဓူဝဝိပရိမာဏဓမ္မေဟိ= မမြဲခြင်းသဘော, မတည်တံ့ခြင်းသဘော, ဖောက်ပြန်ခြင်းသဘောရှိကုန်သော၊ ရူပါရူပဘဝေဟိစ= ရူပဘဝ, အရူပဘဝတို့မှလည်းကောင်း၊ ဝိမောက္ခော= ကျွတ်လွတ် ငြိမ်းအေးတော့သည်၊ ဟောတိ= ဖြစ်၏။ ဣဒံ= ဤရူပဘဝ အရူပ ဘဝတို့မှ ကျွတ်လွတ်ခြင်းသည်၊ ဗုဒ္ဓသာသနေ= မြတ်စွာဘုရား သာသနာတော်ကြီး၌၊ အနုပါဒိသေသံနာမ= ကိလေသာခန္ဓာ အကြွင်း မရှိသည်၏အဖြစ်ကြောင့်၊ တတိယ မဟာနိဗ္ဗာနံ= တတိယနိဗ္ဗာန်ကြီး မည်သည်၊ ဟောတိ= ဖြစ်၏။

**တတိယ မဟာနိဗ္ဗာန်ပြီး၏။**

http://www.dhammadownload.com



## ဘုရားရှင်လက်ထက်တော်၌ ပထမ မဟာနိဗ္ဗာန်သို့ ဆိုက်ရောက်ကြသော နတ်လူတို့သာ များပြားကြောင်းကို ပြဆိုချက်

**ဧတ္ထ စ အသင်္ခတဉ္စိ တဿ နိဗ္ဗာနဿ ဇရာမရဏာဘာဝေန နိစ္စဓုဝါဝိပရိဏာမဓမ္မတ္တာ တဒတ္ထာယ ပုနမဂ္ဂဘာဝနာ–ကိစ္စာဘာဝတော သင်္ခါရဒုက္ခရဟိတံ။ တတ္ထ ဗုဒ္ဓကာလေပိ ဒေဝ– မနုဿာ ပထမမဟာနိဗ္ဗာနပတ္တာဧဝ ဗဟုတရာ ဟောန္တိ၊ ဒုတိယ မဟာနိဗ္ဗာနပတ္တာ အပ္ပကာဝ ဟောန္တိ၊ တတိယ မဟာနိဗ္ဗာနပတ္တာပန အပ္ပကတရာဧဝ၊ ကသ္မာ ဣန္ဒြိယဓမ္မာနံ မုဒုတရဗဟုလတ္တာတိ။**

စ= ဆက်၍ဆိုဦးအံ့၊ ဧတ္ထ= ဤနိဗ္ဗာန်ဆိုရာစကားရပ်၌၊ အသင်္ခတဉ္စိ= အသင်္ခတံဟူသည်ကား၊ တဿ နိဗ္ဗာနဿ= ထိုနိဗ္ဗာန် ကြီး၏၊ ဇရာမရဏာဘာဝေန= အိုရခြင်း, သေရခြင်း အလျဉ်းမရှိ သည်၏ အဖြစ်ကြောင့်၊ နိစ္စဓုဝါဝိပရိဏာမဓမ္မတ္တာ= မြဲခြင်းသဘော, တည်တံ့ခြင်းသဘော, မဖောက်ပြန်ခြင်းသဘော ရှိသည်အဖြစ်ကြောင့်၊ တဒတ္ထာယ= ထိုနိဗ္ဗာန်အကျိုးငှာ၊ ပုနမဂ္ဂ ဘာဝနာကိစ္စာဘာဝတော= တစ်ဖန် မဂ်လေးပါးကို ပွားများရန်ကိစ္စ မရှိသည်၏အဖြစ်ကြောင့်၊ သင်္ခါရဒုက္ခရဟိတံ= ပြုပြင်ရခြင်းဟူသော သင်္ခါရဒုက္ခမှကင်းသည်၊ ဟောတိ= ဖြစ်၏။ တတ္ထ= ထိုသုံးမျိုးသော နိဗ္ဗာန်၌၊ ဗုဒ္ဓကာလေပိ= မြတ်စွာဘုရား ရှင်လက်ထက်တော်အခါ၌လည်း၊ ပထမမဟာနိဗ္ဗာန–ပတ္တာဧဝ= ပထမနိဗ္ဗာန်ကြီးသို့သာ ရောက်ကုန်သော၊ ဒေဝမနုဿာ= နတ်,လူတို့သည်၊ ဗဟုတရာ= အထူးသဖြင့် များကုန်သည်၊ ဟောန္တိ= ဖြစ်ကုန်၏။ ဒုတိယမဟာနိဗ္ဗာနပတ္တာ= ဒုတိယနိဗ္ဗာန်ကြီးသို့ ရောက်ကုန်သော၊ ဒေဝမနုဿာ= နတ်, လူတို့သည်၊ အပ္ပကာ= နည်းကုန်သည်၊ ဟောန္တိ= ဖြစ်ကုန်၏။ တတိယ မဟာနိဗ္ဗာနပတ္တာ= တတိယ နိဗ္ဗာန်ကြီးသို့ ရောက်ကုန်သော၊ ဒေဝမနုဿာ= နတ်, လူတို့သည်၊ အပ္ပကတရာ= အလွန်နည်းကုန်သည်၊ ဟောန္တိ= ဖြစ်ကုန်၏။ ကသ္မာ= အဘယ်ကြောင့်နည်းဟူမူကား၊ ဣန္ဒြိယ ဓမ္မာနံ= ဣန္ဒြေ တရားတို့၏၊ မုဒုတရဗဟု လတ္တာ= နုနယ်သူတို့က အလွန်ပေါများသည် အဖြစ်ကြောင့်တည်း။ ဣတိအယံ၊ ဤသည်ကား၊ ပရိဟာရော= အဖြေတည်း။

(သုံးပါးသော နိဗ္ဗာန်တို့တွင် ကိလေသာနှင့် ခန္ဓာကြွင်း ရှိသေးသောကြောင့် သဉပါဒိသေသ ပထမ မဟာနိဗ္ဗာန်ကြီးသို့ ဆိုက်ရောက်သောပုဂ္ဂိုလ်အား ထိုနိဗ္ဗာန်ကြီးသို့ ဆိုက်ရောက်သော ဘဝမှစ၍ ဘဝကြီးငယ်တို့၌ ကျင်လည်ရသည်ရှိသော် အလုံးစုံသော မိစ္ဆာဒိဋ္ဌိတို့သည်လည်းကောင်း၊ အလုံးစုံသော ဒုစရိုက်မျိုး အမိုက် မျိုးတို့သည် လည်းကောင်း မရှိကြတော့ပြီ။ နတ်ပြည်, လူ့ပြည်တို့၌ ကျင်လည်ရသည်ရှိသော်လည်း

http://www.dhammadownload.com



ယုတ်နိမ့်သောဘဝတို့ မရှိကြတော့ပြီ။ မြင့်မြတ်သောဘဝတို့သည်သာလျှင် ရှိကြကုန်တော့သည်။)

**တတ္ထ သဉပါဒိသေသံ ပဌမံ မဟာနိဗ္ဗာနံ ပတ္တဿ တတော ပဋ္ဌာယ ဘဝါဘဝေသု သံသရန္တဿ သဗ္ဗာ မိစ္ဆာဒိဋ္ဌိယောစ သဗ္ဗာနိ ဒုစ္စရိတာနိစ သဗ္ဗာနိ အပါယဒုက္ခာနိစ နတ္ထိ၊ ဒေဝမနုဿေသု သံသရန္တဿပိ ဟီနဘဝါနာမ နတ္ထိ၊ ပဏီတဘဝါဧဝ အတ္ထိ။ ။**

တတ္ထ= ထိုသုံးပါးသော နိဗ္ဗာန်တို့တွင်၊ သဉပါဒိသေသံ= ကိလေသာနှင့်ခန္ဓာ အကြွင်းရှိသေးသောကြောင့် သဉပါဒိသေသ အမည်ရှိသော၊ ပဌမ မဟာနိဗ္ဗာနံ= ပဌမနိဗ္ဗာန်ကြီးသို့၊ ပတ္တဿ= ရောက်သောပုဂ္ဂိုလ်အား၊ တတော= ထိုပဌမနိဗ္ဗာန်ကြီးသို့ ရောက်သော ဘဝမှ၊ ပဋ္ဌာယ= စ၍၊ ဘဝါဘဝေသု= ဘဝကြီးငယ် အသွယ်သွယ်တို့၌၊ သံသရန္တဿ= ကျင်လည်ရသည်ရှိသော်၊ သဗ္ဗာ= အလုံးစုံကုန်သော၊ မိစ္ဆာဒိဋ္ဌိယောစ= မိစ္ဆာဒိဋ္ဌိတို့သည်လည်းကောင်း၊ သဗ္ဗာနိ= အလုံးစုံကုန်သော၊ ဒုစ္စရိတာနိစ= ဒုစရိုက်မျိုး အမိုက်မျိုးတို့သည် လည်းကောင်း၊ သဗ္ဗာနိ= အလုံးစုံကုန်သော၊ အပါယဒုက္ခာနိစ= အပါယ်ဆင်းရဲတို့သည်လည်းကောင်း၊ နတ္ထိ= မရှိကုန်တော့ပြီ၊ ဒေဝ–မနုဿေသု= နတ်ပြည်, လူ့ပြည်တို့၌၊ သံသရန္တဿပိ= ကျင်လည် ရသည်ရှိသော်လည်း၊ ဟီနဘဝါနာမ= ယုတ်နိမ့်သောဘဝတို့ မည်သည်၊ နတ္ထိ= မရှိကုန်။ ပဏီတဘဝါဧဝ= မြင့်မြတ်သောဘဝတို့ သည်သာလျှင်၊ အတ္ထိ= ရှိကုန်၏။

## ဒုတိယမဟာနိဗ္ဗာန်နှင့် တတိယမဟာနိဗ္ဗာန်သို့ ဆိုက်ရောက်ကြသော ပုဂ္ဂိုလ်တို့၏အလားကို ပြဆိုချက်

**သဉပါဒိသေသံ ဒုတိယမဟာနိဗ္ဗာနံ ပတ္တဿ တတော ပဋ္ဌာယ ကာမဘဝေသု ပဋိသန္ဓိဧဝ နတ္ထိ၊ ဉပရိမဂ္ဂံ လဘိတွာ တသ္မိံ ဘဝေဝ ပရိနိဗ္ဗာယတိ၊ ဈာနံ ဘာဝေတွာ ဉပရိဗြဟ္မလောကံဝါ ဂစ္ဆတိ၊ အနုပါဒိသေသံ တတိယမဟာနိဗ္ဗာနံ ပတ္တဿ ပန ပုနဗ္ဘဝေါ–နာမ နတ္ထိ၊ တသ္မိံ ဘဝေဧဝ ပရိနိဗ္ဗာယတိ။ ။**

သဉပါဒိသေသံ= သဉပါဒိသေသ အမည်ရှိသော၊ ဒုတိယ မဟာနိဗ္ဗာနံ= ဒုတိယနိဗ္ဗာန်ကြီးသို့၊ ပတ္တဿ= ရောက်သောပုဂ္ဂိုလ်အား၊ တတော= ထိုဒုတိယနိဗ္ဗာန်သို့ ရောက်သောဘဝမှ၊ ပဋ္ဌာယ= စ၍၊ ကာမဘဝေသု= ကာမဘဝတို့၌၊ ပဋိသန္ဓိဧဝ= ပဋိသန္ဓေနေရခြင်းသည်သာလျှင်၊ နတ္ထိ= မရှိတော့ပြီ။ ဉပရိမဂ္ဂံ= အထက်မဂ်တရား

http://www.dhammadownload.com



ကို၊ လဘိတွာ= ရ၍၊ တသ္မိံဘဝေဝါ= ထိုဘဝ၌မှုလည်း၊ ပရိနိဗ္ဗာ ယတိ= ပရိနိဗ္ဗာန်စံရ၏။ ဈာနံ= ဈာန်ကို၊ ဘာဝေတွာ= ပွားများ၍၊ ဥပရိဗြဟ္မလောကံဝါ= အထက်ဗြဟ္မာဘုံသို့မူလည်း၊ ဂစ္ဆတိ= သွား ရလေ၏။ ပန= တတိယနိဗ္ဗာန်စံ ပုဂ္ဂိုလ်တို့ကို ဆိုဦးအံ့၊ အနုပါဒိ သေသံ= အနုပါဒိသေသ အမည်ရှိသော၊ တတိယ မဟာနိဗ္ဗာနံ= တတိယနိဗ္ဗာန်ကြီးသို့၊ ပတ္တဿ= ရောက်သောပုဂ္ဂိုလ်အား၊ ပုနဗ္ဘဝေါ- နာမ= တစ်ဖန် ဘဝသစ်၌ ဖြစ်ခြင်းမည်သည်၊ နတ္ထိ= မရှိတော့ပြီ။ တသ္မိံဘဝေဧဝ= ထိုဘဝ၌သာလျှင်၊ ပရိနိဗ္ဗာယတိ= ပရိနိဗ္ဗာန်စံရ၏။

## သံသရာသုံးကြောင်းသုံးသွယ်ကို ပြဆိုချက်

၁။ သံသရာသည် ရှိ၏၊

၂။ သံသရာဝဋ်သည် ရှိ၏၊

၃။ သံသရာဝဋ်ဒုက္ခသည် ရှိ၏၊

၄။ သံသရာဝဋ်ဒုက္ခမှ ကျွတ်ခြင်းသည် ရှိ၏၊

ထိုတွင်-

**၁။ သံသရာဆိုသည်ကား-** တစ်ယောက်,တစ်ယောက်သော သတ္တဝါဟုခေါ်ဝေါ်အပ်သော ခန္ဓာ, အာယတန, ဓာတ်တို့၏ အနမတဂ္ဂ သံသရာကာလ၌ ဘဝအဆက်ဆက်အားဖြင့် မပြတ်မလပ် ဆက်လက်ဖြစ်ပွားလျက်နေသော အစဉ်သည် သံသရာမည်၏။ ထိုသံသရာသည်-

အောက်သံသရာ,

အလယ်သံသရာ,

အထက်သံသရာ - ဟူ၍ သုံးကြောင်းသုံးသွယ်ရှိ၏။ ထိုတွင် **အောက်သံသရာ**။ ။ အပါယ်လေးဘုံ နယ်ပယ်ကြီးသည် အောက် သံသရာမည်၏။
**အလယ်သံသရာ**။ ။ လူ့ပြည်နှင့် နတ်ပြည်ခြောက်ထပ်သည် အလယ်သံသရာမည်၏။
**အထက်သံသရာ**။ ။ ဗြဟ္မာပြည်နှစ်ဆယ်သည် အထက်သံသရာ မည်၏။

## သံသရာဝဋ် ၃-ပါး

၁။ ကိလေသဝဋ်,

၂။ ကမ္မဝဋ်,

၃။ ဝိပါကဝဋ်,

http://www.dhammadownload.com



အောက်သံသရာ၏ဆိုင်ရာ ဝဋ် ၃-ပါး၊
အလယ်သံသရာ၏ဆိုင်ရာ ဝဋ် ၃-ပါး၊
အထက်သံသရာ၏ဆိုင်ရာ ဝဋ် ၃-ပါး၊

## အောက်သံသရာ၏ဆိုင်ရာ ဝဋ် ၃-ပါး

၁။ **ကိလေသဝဋ် ဆိုသည်ကား**- အတ္တဒိဋ္ဌိကြီးကို ဆိုသည်။

၂။ **ကမ္မဝဋ် ဆိုသည်ကား**- အကုသိုလ်ကံဟောင်း, ကံသစ်အနန္တကို ဆိုသည်။

၃။ **ဝိပါကဝဋ် ဆိုသည်ကား**- ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ်ဟု ဆိုအပ်သော အပါယ်လေးဘုံသားတို့၏ ခန္ဓာကိုယ်တွေကို ဆိုသည်။

အဘယ်ကြောင့် အတ္တဒိဋ္ဌိကို အပါယ်သံသရာ၏ဆိုင်ရာ ကိလေသာဝဋ်ဟူ၍ ဆိုသနည်းဟူမူကား-

ထိုအတ္တဒိဋ္ဌိ ရှိနေသောသူသည် လူ့ဘုံ, လူ့ဘဝမှာ ဖြစ်နေသော်လည်း အပါယ်ဘုံသို့ တလဲလဲသာ ကျရောက်ရ၏။ ထို့အတူ နတ်ဘုံ,နတ်ဘဝ၊ ဗြဟ္မာဘုံ, ပြဟ္မာဘဝမှာ ဖြစ်နေသော်လည်း အပါယ်ဘုံသို့ တလဲလဲသာ ကျရောက်ရ၏။ ထို့ကြောင့် အတ္တဒိဋ္ဌိကို အပါယ်သံသရာ၏ဆိုင်ရာ ကိလေသဝဋ်ဆိုသတည်း။

အဘယ်ကြောင့် အကုသိုလ် ကံဟောင်း, ကံသစ်အနန္တကို အပါယ်သံသရာ၏ ဆိုင်ရာ ကမ္မဝဋ်ဆိုသနည်း ဟူမူကား-

တစ်ယောက်သော သတ္တဝါ၏ သန္တာန်မှာ ရှေးရှေးသောဘဝ အနန္တတို့၌လည်းကောင်း၊ ယခုဘဝ၌လည်းကောင်း အမိုက်အမှား ဖြစ်ပွားခဲ့၍ အတ္တဒိဋ္ဌိ၏ သိမ်းပိုက်ချက်ဖြင့် အတ္တဒိဋ္ဌိ၏ လက်ဆုပ် ထဲတွင် ယနေ့ထက်တိုင် ပါရှိ၍ နေကြကုန်သော အပါယ်လားကြောင်း အကုသိုလ်ကံဟောင်း အနန္တတို့သည်လည်း ရှိကုန်၏။ နောင်အတ္တ ဒိဋ္ဌိရှိနေသမျှ ကာလပတ်လုံး ထိုအတ္တဒိဋ္ဌိမှ ဖြစ်ပွားလတ္တံ့ကုန်သော အပါယ်လားကြောင်း အကုသိုလ်ကံသစ်ပေါင်း အနန္တသည် ကမ္မဝဋ် ဆိုသတည်း။

## အလယ်သံသရာ၏ဆိုင်ရာ ဝဋ် ၃-ပါး

၁။ **ကိလေသာဝဋ် ဆိုသည်ကား**- ကာမတဏှာကြီးကို ဆိုသည်။

၂။ **ကမ္မဝဋ် ဆိုသည်ကား**- လူ့ချမ်းသာ, နတ်ချမ်းသာကို တောင့်တ၍ ပြုအပ်သော ဒါနမှု, သီလမှု, ဘာဝနာမှုတို့ကို ဆိုသည်။

၃။ **ဝိပါကဝဋ် ဆိုသည်ကား**- လူ့ဘုံသား, နတ်ပြည် ခြောက်ထပ် နတ်ဘုံသားတို့၏ ခန္ဓာတို့ကိုဆိုသည်။

http://www.dhammadownload.com



အဘယ်ကြောင့် ကာမတဏှာကြီးကို ကိလေသဝဋ်ဟူ၍ ဆိုသနည်းဟူမူကား-

ထိုကာမတဏှာနုသယကြီး ရှိနေသောသူသည် အထက် ဘဝဂ်ဘုံမှာ ဖြစ်နေသော်လည်း အောက်လူ့ဘုံ, နတ်ဘုံသို့ တလဲလဲ သာ ကျရောက်ရ၏။ ထို့ကြောင့် ကာမတဏှာနုသယကြီးကို အလယ် သံသရာ၏ဆိုင်ရာ ကိလေသဝဋ် ဆိုသတည်း။

ကာမတဏှာကြီး ဆိုသည်ကား-

မျက်စိအရသာ အကောင်းကြိုက်၊

နားအရသာ အကောင်းကြိုက်၊

နှာခေါင်းအရသာ အကောင်းကြိုက်၊

လျှာအရသာ အကောင်းကြိုက်၊

ကိုယ်အင်္ဂါအရသာ အကောင်းကြိုက်၊

ဤအကောင်းကြိုက်မှုကြီး ငါးပါးကို ကာမတဏှာဟု ဆိုသည်။ ကာမဂုဏ် ငါးပါးတို့၌ သာယာသော မက်မောမှုကြီး ငါးပါးတို့ပေတည်း။

## အထက်သံသရာဆိုင်ရာ ဝဋ် ၃-ပါး

၁။ **ကိလေသဝဋ် ဆိုသည်ကား-** ဘဝတဏှာကြီးကို ဆိုသည်။

၂။ **ကမ္မဝဋ် ဆိုသည်ကား-** မဟဂ္ဂုတ် ကုသိုလ်ကိုးပါးကို ဆိုသည်။

၃။ **ဝိပါကဝဋ် ဆိုသည်ကား-** ရူပဗြဟ္မာ၊ အရူပဗြဟ္မာတို့၏ ခန္ဓာကိုယ်ကို ဆိုသည်။

**ဘဝတဏှာ ဆိုသည်ကား-**

ဗြဟ္မာတို့၏ သန္တာန်၌ရှိသော ဈာန်အဘိညာဉ် သမာပတ်- ဟုဆိုအပ်သော ကမ္မဘဝ၌ သာယာသော တဏှာတစ်ပါး၊ ထိုကမ္မ ဘဝ၏အကျိုး တန်ခိုးဣဒ္ဓိပါဒ်တို့၌ သာယာသော တဏှာတစ်ပါး၊ ဤတဏှာနှစ်ပါးကို အထက်သံသရာ၏ဆိုင်ရာ ကိလေသ ဝဋ် ဆို၏။

**ကမ္မဝဋ် ဆိုသည်ကား-**

ပဌမဈာန်ကုသိုလ်, ဒုတိယဈာန်ကုသိုလ် အစရှိသော ရူပ ကုသိုလ်ငါးပါး၊ အရူပကုသိုလ်လေးပါး ဤမဟဂ္ဂုတ် ကုသိုလ်ကိုးပါးကို ကမ္မဝဋ် ဆို၏။

## သံသာရ ဝဋ္ဋဒုက္ခတော- သံသာရဝဋ်ဒုက္ခဆိုသည်ကား-

၁။ ဇာတိဒုက္ခ၊

၂။ ဇရာဒုက္ခ၊

http://www.dhammadownload.com



၃။ မရဏဒုက္ခ၊

၄။ သောကဒုက္ခ၊

၅။ ပရိဒေဝဒုက္ခ၊

၆။ ဒုက္ခ-ဒုက္ခ၊

၇။ ဒေါမနဿဒုက္ခ၊

၈။ ဥပါယာသဒုက္ခ၊

၉။ အပ္ပိယသမ္ပယောဂဒုက္ခ၊

၁၀။ ပိယဝိပ္ပယောဂဒုက္ခ၊

၁၁။ ဣစ္ဆာဝိဃာတဒုက္ခ။

ထိုဒုက္ခ၏အကျယ်ကိုမူကား- ဒုက္ခသစ္စာ မူလနိဒ္ဒေသတို့၌ ကြည့်လေ။

ထိုသံသရာဝဋ်ဒုက္ခသည်လည်း-

အောက်သံသရာ၏ဆိုင်ရာ သံသာရဝဋ်ဒုက္ခတစ်မျိုး၊

အလယ်သံသရာ၏ဆိုင်ရာ သံသာရဝဋ်ဒုက္ခတစ်မျိုး၊

အထက်သံသရာ၏ဆိုင်ရာ သံသာရဝဋ်ဒုက္ခတစ်မျိုး - ဟူ၍ ထိုက်သည်အားလျော်စွာ သုံးမျိုးစီ ရှိကြ၏။

## ဗုဒ္ဓဘာသာနိဗ္ဗာန်

သံသရာဝဋ်ဒုက္ခမှ ကျွတ်လွတ်ခြင်းဆိုသည်ကား နိဗ္ဗာန်ကို ဆိုသတည်း။

## နိဗ္ဗာန် ၃-မျိုး

ထိုနိဗ္ဗာန်သည်လည်း-

၁။ ပထမနိဗ္ဗာန်၊

၂။ ဒုတိယနိဗ္ဗာန်၊

၃။ တတိယနိဗ္ဗာန်-ဟူ၍ ၃ မျိုးရှိ၏။

ထိုတွင် ပထမနိဗ္ဗာန် ဆိုသည်ကား- အပါယ်သံသရာ၏ ဆိုင်ရာဝဋ်ဒုက္ခတို့၏ နောင်ဖြစ်ပေါ်ရန် အကြွင်းအကျန်မရှိ ချုပ်ငြိမ်းခြင်းကို ပထမနိဗ္ဗာန် ဆို၏။

ဒုတိယနိဗ္ဗာန် ဆိုသည်ကား - လူ့ဘဝ, နတ်ဘဝ အဆက်ဆက်ဟု ဆိုအပ်သော အလယ်သံသရာ၏ဆိုင်ရာ ဝဋ်ဒုက္ခတို့၏ နောင်ဖြစ်ပေါ်ရန် အကြွင်းအကျန်မရှိ ချုပ်ငြိမ်းခြင်းကို ဒုတိယနိဗ္ဗာန် ဆို၏။

http://www.dhammadownload.com



တတိယနိဗ္ဗာန် ဆိုသည်ကား- ရူပ, အရူပဗြဟ္မာဘဝ အဆက်ဆက်ဟု ဆိုအပ်သော အထက်သံသရာ၏ဆိုင်ရာ ဝဋ်ဒုက္ခ တို့၏ နောင်ဖြစ်ပေါ်ရန် အကြွင်းအကျန်မရှိ ချုပ်ငြိမ်းခြင်းကို တတိယ နိဗ္ဗာန် ဆို၏။

## ပထမမဟာနိဗ္ဗာန်

အတ္တဒိဋ္ဌိနှင့်တကွသော တဏှာကို အကြွင်းမဲ့ ပယ်သတ် အပ်သည်ရှိသော် အလုံးစုံသော ဒုစရိုက်တို့နှင့်တကွ အပါယ်ဘဝ တွေကို ပယ်သတ်ခြင်းကိစ္စ ပြီးစီးလေ၏။ ထိုဒိဋ္ဌိသမ္ပယုတ်တဏှာကို ပယ်သတ်သည်က အစပြု၍ ထိုပုဂ္ဂိုလ်သည် ဒုစရိုက်ဘေး, အပါယ် ဘေးတို့မှ ကျွတ်လွတ်လေ၏။ ဤဘေးကြီးနှစ်ပါးမှ ကျွတ်လွတ် ငြိမ်းအေးမှုကြီးကိုပင် ဗုဒ္ဓဘာသာ သာသနာတော်၌ သဥပါဒိသေသ အသင်္ခတ ပထမ မဟာနိဗ္ဗာန်ကြီးဟူ၍ ဆိုအပ်ပေသည်။ ဤပထမ နိဗ္ဗာန်ကြီးသည် ပထမအရိယာ သောတာပန်ပုဂ္ဂိုလ်, ဒုတိယအရိယာ သကဒါဂါမ်ပုဂ္ဂိုလ် ခံစားအပ်သော နိဗ္ဗာန်ကြီးပေတည်း။

မိမိခန္ဓာ၌ အနတ္တဉာဏ်အမြင် ပေါက်ရောက်၍ အတ္တဒိဋ္ဌိ အကြွင်းအကျန်မရှိ ချုပ်ငြိမ်းပြီးသောသူသည် ခပ်သိမ်းသော ဒိဋ္ဌိ အမှောက်အမှားတို့မှလည်း ကျွတ်လွတ်ကြလေ၏။ ခပ်သိမ်းသော အပါယ်လားကြောင်း မကောင်းမှုကံဟောင်း, မကောင်းမှုကံသစ်တို့မှလည်း ကျွတ်လွတ်ကြလေ၏။ နောင်အပါယ်သံသရာ၌ ဖြစ်လတ္တံ့သော အပါယ်ခန္ဓာ၊ အပါယ်ဘဝ အနန္တတို့မှာလည်း အတ္တဒိဋ္ဌိ ကျွတ်လွတ်သည်နှင့် တစ်ပြိုင်နက် အကြွင်းအကျန်မရှိ ကျွတ်လွတ်ကြလေ၏။ ထိုသူများ၏ ခန္ဓာအစဉ်မှာ အပါယ်ဘုံ, အပါယ်ဘဝ၊ အောက်ဘုံ,အောက်ဘဝသို့ လျှောကျမြဲ ဓမ္မတာလမ်းကြီးသည်လည်း ပျောက်ကွယ်လေ၏။ မိမိအလိုရှိရာ သုဂတိဘုံဘဝ မြင့်သည်ထက် မြင့်ရာ ဘဝ အဆက်ဆက်သို့ 'ဆန်တက်ခြင်းဟူသော ဓမ္မတာလမ်းသစ်ကြီးတစ်ခုသည်သာ တည်ရှိလေ၏။

လူ့ဘုံ, လူ့ဘဝတွင်လည်း သီလသိက္ခာ အလိမ္မာယုတ်ညံ့သော လူ့ဘဝ၊ စည်းစိမ်ချမ်းသာ ကိုယ်အင်္ဂါယုတ်ညံ့သော လူ့ဘဝတို့မှလည်း ကျွတ်လွတ်လေ၏။ သီလသိက္ခာ အလိမ္မာကြီးမြတ်သော လူ့ဘဝ၊ စည်းစိမ်ချမ်းသာ ကိုယ်အင်္ဂါမြင့်မြတ်သော လူ့ဘဝ၌သာ ဖြစ်ရလေ၏။ နတ်ဘုံ, နတ်ဘဝတို့၌လည်း ထို့အတူပင်တည်း။

ထိုပထမနိဗ္ဗာန်၌ တည်သောသူသည် ပုထုဇဉ်အဖြစ်မှ ကျွတ်လွတ်၍ အရိယာအဖြစ်၌ တည်လေ၏။ လောကီဘုံသားအဖြစ်မှ ကျွတ်လွတ်၍ လောကုတ္တရာဘုံသား ဖြစ်၍ တည်လေ၏။ ပထမနိဗ္ဗာန် ဘုံသားအဖြစ်၌ တည်လေ၏။ ထိုသူသည် လူ့ဘုံ၊

http://www.dhammadownload.com



နတ်ဘုံ၊ ဗြဟ္မာ့ဘုံတို့၌ ဘဝများစွာ, ကမ္ဘာများစွာ သံသရာ၌ ကျင်လည်ရငြားသော်လည်း သံသရာအလျဉ်၌ မြုပ်သောသွားခြင်း၊ မျောသောသွားခြင်းဟူ၍ မရှိလေပြီ။

အတ္တဒိဋ္ဌိ ရှိနေကြသောသူတို့၏ သံသရာ၌ ကျင်လည်ခြင်းသည် မြစ်ရေအလျဉ်၌ ကျရောက်ခြောက်သွေ့သော သစ်တုံးကဲ့သို့ မြုပ်သောကျင်လည်ခြင်း, မျောသောကျင်လည်ခြင်း ဖြစ်လေ၏။ အတ္တဒိဋ္ဌိ အကြွင်းအကျန်မရှိ၊ ကျွတ်လွတ်ကြကုန်သောသူတို့၏ ကျင်လည်ခြင်းမှာမူကား မြုပ်သောကျင်လည်ခြင်း, မျောသော ကျင်လည်ခြင်းလည်း မဟုတ်။ မြစ်ရိုးမြစ်စဉ်တစ်လျှောက်၌ သင်္ဘော ကြီးငယ်တို့သည် အလိုရှိရာ မြစ်စဉ်တစ်လျှောက် သွားလာ၍နေကြဘိသကဲ့သို့ မိမိတို့အလိုရှိရာ သုဂတိဘုံဘဝ တစ်လျှောက်သို့ သွားလာ၍သာ နေကြကုန်၏။ ဖြစ်လေရာဘုံဘဝ၌လည်း လောကီချမ်းသာ, လောကုတ္တရာချမ်းသာ နှစ်ပါးကို အစုံခံစားရလေ၏။ လူဖြစ်သော ဘဝ၌ လူချမ်းသာ, နိဗ္ဗာန်ချမ်းသာဟု ဆိုအပ်သော ချမ်းသာနှစ်ပါးကို စွယ်စုံခံစားရလေ၏။ ထိုတွင် လူ့ချမ်းသာကို ခံစားမှုကား ထင်ရှား သိသာပြီ။ နိဗ္ဗာန်ချမ်းသာကို အဘယ်သို့ ခံစားသနည်း ဟူမူကား–

## နိဗ္ဗာန်ချမ်းသာခံစားပုံ

ဒုစရိုက်မှုကို ပြုကျင့်၍နေသောသူများကို မြင်ရကြားရသည် ရှိသော် ဤသူများသည် ဒုစရိုက်အမှုကို ပြုကြပေ၏။ အပါယ်သို့ ကျရာကြရလိမ့်မည်။ ငါ့မှာ ဤကဲ့သို့သော ဒုစရိုက်မှ ဘဝ အဆက်ဆက် လွတ်ငြိမ်းပေပြီဟု ဝမ်းမြောက်ခြင်းကြီးစွာ ဖြစ်ရလေ၏။ ခွေး, ဝက်, ကြက်, ငှက်အစရှိသော အပါယ်ဘုံသား သတ္တဝါများကို တွေ့မြင်ရာ၌ ဤသတ္တဝါများသည် ဆင်းရဲတွင်းကြီး နက်နဲ လေစွ၊ ငါ့မှာ ဤကဲ့သို့သော အပါယ်ဆင်းရဲဒုက္ခမှ လွတ်ငြိမ်းပေပြီဟု ဝမ်းမြောက်ခြင်းကြီးစွာ ဖြစ်ရလေ၏။ ။ ဤကား နိဗ္ဗာန်ချမ်းသာကို ခံစားရပုံတည်း။

ဤ၌ လောကီချမ်းသာမှာ မျက်မြင်ဒိဋ္ဌဖြစ်ကြ၍ အလွန် ကြီးကျယ်ကောင်းမြတ်သည်ဟု ထင်ကြတတ်၏။ နိဗ္ဗာန်ချမ်းသာမှာ လွတ်ငြိမ်းမှုဖြစ်၍ အထည်ဝတ္ထုကို မမြင်ရသောကြောင့် ကြီးမြတ်သည်ဟု မထင်တတ်ကြ။ ထိုသို့ကားမဟုတ်၊ လောကီချမ်းသာတို့ထက် လွတ်ငြိမ်းမှုဟူသော နိဗ္ဗာန်ချမ်းသာသည် ကြီးကျယ်မြင့်မြတ်၏။ လေးကျွန်းလုံးကို အစိုးရသော စကြာမန္တာတ်မင်းတို့၏ စည်းစိမ် ချမ်းသာထက် ငရဲဘဝမှ အစဉ်ထာဝရလွတ်ငြိမ်းမှုသည် အဆ သိန်းသန်းကုဋေ မရေတွက်နိုင်အောင် ကြီးမြတ်၏။ ထို့အတူ နတ်မင်းကြီး, သိကြားမင်းကြီး, ဗြဟ္မာမင်းကြီးတို့၏ လောကီစည်းစိမ် ချမ်းသာထက် အဆသိန်းသန်းကုဋေ မရေတွက်နိုင်အောင် ကြီးမြတ်၏။ မြတ်စွာဘုရား

http://www.dhammadownload.com



သာသနာတော်ကြီးကို တွေ့ကြုံလိုသည်ဟု လွန်မင်းစွာ တောင့်တကြရာ၌ လောကီချမ်းသာအတွက်နှင့် တောင့်တ ကြရသည်မဟုတ်။ ဤလွတ်ငြိမ်းမှုဟူသော နိဗ္ဗာန်ချမ်းသာအတွက်နှင့်သာ တောင့်တကြရကုန်၏။

ဤကား ပထမနိဗ္ဗာန်ဘုံသူ, ပထမနိဗ္ဗာန်ဘုံသားတို့၏ ပထမနိဗ္ဗာန်ချမ်းသာကို ခံစားရပုံတည်း။

**ပထမမဟာနိဗ္ဗာန် ပြီး၏။**

## ဒုတိယမဟာနိဗ္ဗာန်

အကြင်အခါ၌ ဒိဋ္ဌိနှင့်မယှဉ်သော ကာမတဏှာကို အကြွင်းမဲ့ ပယ်သတ်အပ်၏။ ထိုအခါ ကာမသုဂတိဘုံတို့၌ အသစ်ဖြစ်ပေါ် လတ္တံ့သော ဘဝတို့ကို ပယ်သတ်ခြင်းကိစ္စ ပြီးစီးလေတော့၏။ ကာမတဏှာဟူသမျှတို့ကိုလည်း ပယ်သတ်ခြင်းကိစ္စ ပြီးစီးလေတော့၏။ ထိုပုဂ္ဂိုလ်သည် နောင်အနာဂတ်အခါ ကာမဂုဏ်နှင့်စပ်သော ကိလေသာ လှိုင်းတံပိုးတို့ဖြင့် ပြုံးပြွမ်းသော ဒုစရိုက် ဒုရာဇဝဘေး, အပါယ်လေးပါးဘေး ကာမသုဂတိဘဝတို့မှ ကျွတ်လွတ်လေ၏။ ဤကျွတ်လွတ်မှုကြီးကို ဗုဒ္ဓသာသနာတော်၌ သဉပါဒိသေသ ဒုတိယ နိဗ္ဗာန်ကြီးဟူ၍ ခေါ်ဆိုအပ်သည်။ (တတိယ အရိယာအနာဂါမ်ပုဂ္ဂိုလ်တို့ ခံစားအပ်သော နိဗ္ဗာန်ကြီးပေတည်း။)

ကာမတဏှာကြီးကို ပယ်ဖြတ်ခြင်းငှာ လူ့ခန္ဓာ, နတ်ခန္ဓာတို့၏ ဒုက္ခအချက်တို့ကို ထင်လင်းစွာကြည့်ရှုရာ အနာဂါမိမဂ်ကို ရသဖြင့် ထိုကာမတဏှာကြီးသည် အကြွင်းအကျန်မရှိ ချုပ်ငြိမ်းလေ၏။ ကာမတဏှာကြီး ချုပ်ငြိမ်းသည်နှင့် တစ်ပြိုင်နက် လူ့အဖြစ်, နတ်အဖြစ်ကို ပေးနိုင်သော ကုသိုလ်ကမ္မဘဝတို့သည်လည်းကောင်း၊ လူ့ခန္ဓာ, နတ်ခန္ဓာ အဆက်ဆက်တို့သည်လည်းကောင်း အကြွင်း အကျန်မရှိ ချုပ်ငြိမ်းကြလေကုန်၏။ လူ့ခန္ဓာ, နတ်ခန္ဓာတို့၏ ဒုက္ခအချက်ကို မြင်ရာ၌ ဥပမာကား-

### မစင်သေတ္တာ ဥပမာ

မစင်ဘင်ပုပ် သေတ္တာကြီးတစ်ခုသည် ရှိလေရာ၏။ ထိုသေတ္တာ၏ပြင်ပ၌ အနီ,အဝါစသော ဆေးအမျိုးမျိုး၊ ပိုး,ဖဲ,ကတ္တီပါ အစရှိသော အထည်အမျိုးမျိုး ခြယ်လှယ်လျက်ရှိ၏။ အတွင်း၌မူကား မစင်ဘင်ပုပ်တွေ အပြည့်ရှိ၏။ ဘီလူးကြီး, သရဲကြီး, သဘက်ကြီး သုံးကောင်လည်းရှိ၏။ အဆိပ်ထန်သော မြွေဆိုး, ကင်းဆိုး အမျိုးမျိုး လည်း ရှိလေ၏။ မစင်ဘင်ပုပ်ကို စားသောက်၍နေသော ပိုးလောက် တွေလည်း အပြည့်ရှိလေရာ၏။

http://www.dhammadownload.com



ဤဥပမာ၌– ကာမဘုံသားတို့၏ ခန္ဓာသည် မစင်,ဘင်ပုပ် တို့ဖြင့် ပြည့်သော သေတ္တာကြီးငယ်နှင့်တူ၏။ တဏှာ,မာန,ဒိဋ္ဌိ သုံးပါးသည် သေတ္တာတွင်း၌ရှိသော ဘီလူးကြီး,သရဲကြီး,သဘက်ကြီး သုံးကောင်နှင့်တူ၏။ ကျန်ရှိသော ကိလေသာ အများသည် ထိုသေတ္တာ တွင်း၌ ရှိနေသော အဆိပ်ထန်သော မြွေဆိုး, ကင်းဆိုး အမျိုးမျိုးနှင့်တူ၏။ ဇာတိ,ဇရာ,မရဏ,သောက,ပရိဒေဝစသော ဒုက္ခအချက်များသည် ထိုသေတ္တာ တွင်း၌ မစင်ဘင်ပုပ်တို့ကို စားနေကြသော ပိုးလောက်အများနှင့်တူ၏။

**ဤကား လူ့ခန္ဓာ၊ နတ်ခန္ဓာတို့၌ ဒုက္ခထင်မြင်ပုံတည်း။**
**ဒုတိယမဟာနိဗ္ဗာန်ပြီး၏။**

## တတိယမဟာနိဗ္ဗာန်

အကြင်အခါ ရူပဘုံ၌ တပ်မက်သော ရူပရာဂ၊ အရူပဘုံ၌ တပ်မက်သော အရူပရာဂ၊ ဤတဏှာနှစ်ပါးကို အကြွင်းမဲ့ ပယ်သတ် အပ်၏။ ထိုအခါ ရူပဗြဟ္မာဘဝ, အရူပဗြဟ္မာဘဝတို့ကို ပယ်ခြင်း ကိစ္စ ပြီးစီးလေ၏။ ထိုအခါမှစ၍ နောင်အနာဂတ်ကာလ၌ ထိုပုဂ္ဂိုလ်သည်–

သဿတဒိဋ္ဌိဘေးကြီး,

ဥစ္ဆေဒဒိဋ္ဌိဘေးကြီး,

မာနဘေးကြီး,

အနိစ္စဘေးကြီးတို့ဖြင့် နှိပ်စက်သော ရူပဘဝ, အရူပဘဝ တို့မှ ကျွတ်လွတ်လေ၏။ အလုံးစုံသော ကိလေသာဘေးကြီးတို့နှင့် တကွ အလုံးစုံသော ဘဝဘေးကြီး တွေမှ ကျွတ်လွတ်လေ၏။ ဤ ကျွတ်လွတ်မှုကြီးကို ဗုဒ္ဓသာသနာတော်၌ အနုပါဒိသေသ အသင်္ခတ မဟာနိဗ္ဗာန်ကြီးဟူ၍ ဆိုအပ်သည်။ (စတုတ္ထ အရိယာရဟန္တာအရှင်မြတ်တို့ ခံစားအပ်သော နိဗ္ဗာန်ကြီးပေတည်း။)

ဘဝတဏှာကြီးကို ပယ်ဖျောက်ခြင်းငှာ ဗြဟ္မာခန္ဓာတို့၏ ဒုက္ခအချက်ကြီးကို ထင်လင်းစွာ ကြည့်ရှုကြလေရာ၏။ အရဟတ္တ မဂ်ကို ရသဖြင့် ဘဝတဏှာကြီးသည် အကြွင်းအကျန်မရှိ ချုပ်ငြိမ်း လေ၏။ ဘဝတဏှာကြီး ချုပ်ငြိမ်းသည်နှင့် တစ်ပြိုင်နက် ဗြဟ္မာ အဖြစ်ကို ပေးနိုင်သော ကုသိုလ်ကမ္မဘဝတို့သည်လည်းကောင်း၊ ဗြဟ္မာခန္ဓာ အဆက်ဆက်တို့သည်လည်းကောင်း အကြွင်းအကျန်မရှိ ချုပ်ငြိမ်းကြလေကုန်၏။ ဗြဟ္မာခန္ဓာတို့၏ ဒုက္ခအချက်ကို မြင်ရာ၌ ဥပမာကား–

http://www.dhammadownload.com



## ဖွဲ့သေတ္တာ ဥပမာ

ဖွဲ့သေတ္တာကြီးတစ်ခုသည် ရှိလေရာ၏။ ထိုဖွဲ့သေတ္တာကြီး၏ အပြင်ပ၌ အနီ, အဝါ စသော ဆေးအမျိုးမျိုး၊ ပိုး,ဖဲ,ကတ္တီပါ အစရှိသော အထည်အမျိုးမျိုး ခြယ်လှယ်လျက်ရှိ၏။ အတွင်း၌မူကား ဖွဲ့ကြမ်းတွေလည်းရှိ၏။ ဘီလူးကြီး, သရဲကြီး, သဘက်ကြီး သုံးကောင်လည်းရှိ၏။ အဆိပ်ထန်သော မြွေဆိုး,ကင်းဆိုး အမျိုးမျိုးလည်း ရှိ၏။ ဖွဲ့ကြမ်းတွေကို စားသောက်၍နေသော ပိုးမျိုးလည်း အပြည့်ရှိ၏။

ဤဥပမာ၌– ဗြဟ္မာတို့၏ ခန္ဓာသည် ဖွဲ့နု,ဖွဲ့ကြမ်းတို့ဖြင့် ပြည့်သော သေတ္တာကြီးငယ်နှင့်တူ၏။ တဏှာ, မာန, ဒိဋ္ဌိသုံးပါးတို့သည် ထိုသေတ္တာတွင်း၌ရှိသော ဘီလူးကြီး, သရဲကြီး, သဘက်ကြီး သုံးကောင်နှင့်တူ၏။ ထိုမှတစ်ပါးသော ကိလေသာတရားများသည် သေတ္တာတွင်း၌ ရှိနေသော အဆိပ်ထန်သော မြွေဆိုး, ကင်းဆိုး အမျိုးမျိုးနှင့်တူ၏။ ဇာတိ, ဇရာ, မရဏဒုက္ခများသည် ထိုသေတ္တာတွင်း၌ ဖွဲ့နု, ဖွဲ့ကြမ်းတို့ကို စားနေကြသော ပိုးမျိုးနှင့်တူ၏။

ဗြဟ္မာခန္ဓာသည် ဖွဲ့နု, ဖွဲ့ကြမ်းတို့ဖြင့်ပြည့်သော သေတ္တာကြီး နှင့်တူပုံကား– ဖွဲ့ကြမ်းမည်သည် ဘယ်ဟာမျှ အသုံးမကျ၊ ပိုးစာ, မွှားစာ, မီးစာမျှသာ ဖြစ်လေ၏။

ထို့အတူ ဤသတ္တဝါများသည် အနမတဂ္ဂသံသရာ၌ ဘဝ ခန္ဓာကို ရခဲ့ကြသည်မှာ အနန္တရှိကြလေပြီ။ သို့သော် အပါယဒုက္ခ တစ်ခုကိုမျှသာဖြစ်၍ ကုန်ဆုံးခဲ့လေ၏။ ထို့ကြောင့် ဗြဟ္မာခန္ဓာသည် ဖွဲ့ကြမ်းသေတ္တာကြီးနှင့် တူလှ၏။

**ဤကား ဗြဟ္မာခန္ဓာတို့၌ ဒုက္ခထင်ပုံတည်း။**
**တတိယမဟာနိဗ္ဗာန်ပြီး၏။**

ဤနိဗ္ဗာန်သုံးရပ်တို့တွင် ယခုအခါ ဗုဒ္ဓဘာသာ သာသနာ အတွင်း၌ ပထမနိဗ္ဗာန်ကို ရခြင်းငှာ အလွန်အရေးကြီးလှ၏။ ထိုနိဗ္ဗာန်ကိုလည်း ယခုလူ့ဘဝ၌သော်လည်း ရနိုင်သော အခွင့်ကာလ ရှိနေ၏။ နတ်ပြည်သို့ရောက်၍ နတ်ဘဝ၌သော်လည်း ရနိုင်သော အခွင့်ကာလရှိနေ၏။ ဘုရားသာသနာကြီးနှင့် တွေ့ကြုံပါလျက် ဤပထမနိဗ္ဗာန်ကိုမျှ မရခဲ့သည်ရှိသော် ဗုဒ္ဓုပ္ပါဒဒုလ္လဘကို တွေ့ကြုံ ရပါလျက် လိုရင်းအကျိုးကို မရဘဲ ရှိရလေ၏။

ယခုကာလ၌ လူအများတို့သည် မိမိတို့ကိုယ်ကို ယခု ဘုရားသာသနာတွင်းမှာ နိဗ္ဗာန်ကို မရနိုင်ကြကုန်ပြီ။ နောက် အရိ မေတ္တေယျမြတ်စွာဘုရား သာသနာသို့ ရောက်မှ ရနိုင်ကြလိမ့်မည်ဟု မှတ်ထင်လျက် ရှိကြကုန်၏။ ထိုမှတ်ထင်ချက်သည် နိယတဗျာဒိတ် ရပြီးသော ပုဂ္ဂိုလ်တို့မှသာလျှင် မှတ်ထင်ချက်အတိုင်း ရနိုင်ကြကုန်

http://www.dhammadownload.com



လတ္တံ့။ နိယတဗျာဒိတ်ကို မရဖူးသော အနိယတပုဂ္ဂိုလ်တို့မှာမူကား မှတ်ထင်ချက်အတိုင်း ရနိုင်ကြရန် အလွန်ခဲယဉ်းလှ၏။

## ခဲယဉ်းပုံကား

ယခု ဘုရားသာသနာ ကွယ်လွန်ပြီးသည့်နောက် မေတ္တေယျ မြတ်စွာဘုရား ပွင့်တော်မူရာကာလသည် အလွန်ဝေးကွာလျက် ရှိသေး၏။ လူ့ဘဝပေါင်း၊ နတ်ဘဝ ပေါင်း သိန်းသောင်းများစွာ ကျင်လည်ကြရသော်လည်း ထိုမြတ်စွာဘုရား သာသနာသို့ ရောက် နိုင်ကြမည် မဟုတ်သေး။ စပ်ကြား၌လည်း သာသနာပ အမိုက်တောကြီးမှာ ကျင်လည်ကြရလိမ့်မည်။ အဋ္ဌဒိဋ္ဌိကြီး တင်းလင်းနှင့် ထိုအမိုက်တောကြီးအတွင်းမှာ ဘဝပေါင်းများစွာ ကျင်လည်ရသည်ရှိသော် အပါယ်ဘုံသို့ ဘဝပေါင်းမည်မျှ ကျရလိမ့်မည် မသိ၊ အပါယ်ဘုံသို့ တစ်ကြိမ်တစ်ခါ ကျခဲ့ပြန်လျှင်လည်း ပြဆိုခဲ့ပြီးသော ခန္ဓာ ဓမ္မတာလမ်းကြီးအတိုင်း အပါယ်နယ်မှာပင် ဘဝပေါင်း သိန်းသောင်း များစွာ ကျင်လည်၍နေသည်ရှိသော် ထိုမြတ်စွာဘုရား သာသနာတော်နှင့်တွေ့ကြုံရန် အဝေးကြီး ဝေးကွာ၍ နေကြရလိမ့်မည်မသိ။ ဤကား ပညာရှိတို့ အထူးစဉ်းစားကြရန် အချက်ကြီး ပေတည်း။

## ကြေကြေမွမွ နှုတ်တက်ရအောင် ကျက်မှတ်ကြရန်

စတ္တာရော= လေးပါးကုန်သော၊ မဟာဘူတာ= မဟာဘုတ်တို့ ဟူသည်ကား-

ပထဝီ= မြေလည်းတစ်ပါး။

အာပေါ= ရေလည်းတစ်ပါး။

တေဇော= မီးလည်းတစ်ပါး။

ဝါယော= လေလည်းတစ်ပါး-

ဣမေ= ဤလေးပါးတို့ပေတည်း။

တတ္ထ= ထိုလေးပါးတို့တွင်-

ကက္ခဠဘာဝေါ= ခက်မာသော သဘောသည်လည်းကောင်း၊ မုဒုဘာဝေါ= နူးညံ့သော သဘောသည်လည်းကောင်း၊ ပထဝီ= ပရမတ်နှစ် မြေအစစ်ပေတည်း။

အာဗန္ဓနံ= ဖွဲ့စေးမှုသည်လည်းကောင်း၊ ပဂ္ဃရဏံ= ယိုစီးမှု သည်လည်းကောင်း၊ အာပေါ= ပရမတ်နှစ် ရေအစစ်ပေတည်း။

http://www.dhammadownload.com



ဥဏှဘာဝေါ= ပူသောအဖြစ်သည်လည်းကောင်း၊ သီတ ဘာဝေါ= အေးသောအဖြစ်သည်လည်းကောင်း၊ တေဇော= ပရမတ် နှစ် မီးအစစ်ပေတည်း။

ဝိတ္ထမ္ဘနံ= ထောက်ကန်တောင့်တင်းမှုသည်လည်းကောင်း၊ သမုဒီရဏံ= လှုပ်ကြွရွေ့ရှားမှုသည်လည်းကောင်း၊ ဝါယော= ပရမတ် နှစ် လေအစစ်ပေတည်း။

မြေ, ရေ, လေ, မီး ဓာတ်ကြီးလေးပါးကို အသီးအသီး ပရမတ် ဓာတ်ဉာဏ် ပေါက်အောင် လင်းပြပေအံ့။

## ပရမတ်နှစ် မြေဓာတ်အစစ်

ပရမတ်နှစ်မြေဓာတ်စစ် ဆိုသည်ကား– ခက်မာသော အမူအရာ အခြင်းအရာ ကြိယာမျှသာတည်း၊ အဏုမြူကို အစိတ် တစ်သိန်းစိတ်၍ တစ်စိတ်စာမျှ အခဲအကျိတ် အဆန်အမာ အထည် ဒြပ်ဟူ၍မရှိ။ အလွန်ကြည်လင်လှစွာသော မြစ်ရေ, ချောင်းရေ, စိမ့်ရေ, စမ်းရေတို့၌လည်းကောင်း၊ နေရောင်,လရောင်,ကြယ်ရောင်,မီးရောင်, ပတ္တမြားရောင်တို့၌လည်းကောင်း၊ အနီးအဝေး ပျံ့နှံ့၍သွားသော ခေါင်းလောင်းသံ, ကြေးစည်သံ စသည်တို့၌လည်းကောင်း၊ လေပြည် လေညင်း, လေပြင်းမုန်တိုင်း တို့၌လည်းကောင်း၊ အဝေးအနီး ပျံ့နှံ့ လွင့်ပါး၍သွားသော အမွှေးနံ့, အပုပ်နံ့ တို့၌လည်းကောင်း ထိုပရမတ် ဓာတ်မြေသည် အပြည့်ပါရှိ၏။ အထည်ဝတ္ထုဟူ၍မရှိ။ ခက်မာသော အမူအရာသက်သက်မျှသာဖြစ်သော ထိုမြေဓာတ်သည်လည်း လွန်ကဲသော ခက်မာမှုကိုထောက်၍ နံ့သော ခက်မာမှုကို နူးညံ့သည်ဟု ဆိုရသည်။

ထို့ကြောင့် ဝရဇိန်ကျောက်သွား၌ရှိသော ခက်မာမှုကို အလွန်ဆုံးထား၍ လရောင်,ကြယ်ရောင် ကလာပ်၌ရှိသော ခက်မာမှုကို အနံ့ဆုံးထား၍ စပ်ကြား၌ ခက်မာမှု အဆင့်ဆင့် နူးညံ့မှု အဆင့်ဆင့် ဖြစ်၍နေသော ထိုမြေဓာတ်၏အလားကို သိရမည်။ ဤမြေဓာတ်၌ ခက်မာခြင်း လက္ခဏာဆိုသည်ကို ပရမတ်သဘောနှင့် ကြည့်ရမည်။ ပကတိလူတို့၏ အမှတ်သညာနှင့် မကြည့်ရ။ ။ ပကတိလူတို့၏ အမှတ်သညာနှင့် ကြည့်ခဲ့သော် လရောင်, ကြယ် ရောင်စသည်တို့၌ ခက်မာသောအမူကို မတွေ့နိုင် ရှိလိမ့်မည်။ ထိုခက်မာသော အခြင်းအရာ ကြိယာသဘော သက်သက်မျှသာ ဖြစ်သော ပရမတ်မြေဓာတ်သည် အာပေါဟူသော ပရမတ်စေး ဖွဲ့စည်းမှုကြောင့် မြေဓာတ်ပေါင်း ကုဋေသိန်းသောင်း ပေါင်းဖွဲ့မိသည်ရှိသော် အဏုမြူ တစ်ခုဟူသော ဝတ္ထုအထည်ဒြပ် ဖြစ်၏။ အဏုမြူပေါင်း ကုဋေသိန်း သောင်း ပေါင်းဖွဲ့မိသည်ရှိသော် ကြမ်းပိုးဖြစ်၏။

ထိုမှအဆင့်ဆင့်ပွား၍ သတ္တဝါတွင် ယူဇနာလေးထောင် ရှစ်ရာရှိသော အသူရိန်နတ်ကြီးတိုင်အောင်၊ ဗဟိဒ္ဓသန္တာန်တွင် ယူဇနာ ရှစ်သောင်းလေးထောင်

http://www.dhammadownload.com



နှစ်ပြန့်ဆောင်သော မြင့်မိုရ်တောင်ကြီး၊ နှစ်သိန်းလေးသောင်း အထုရှိသော မဟာပထဝီ မြေကြီးတိုင်အောင် သိလေ။ သန်းအစရှိသော အဏုမြူအစရှိသော သက်ရှိသက်မဲ့ ရုပ်စုခဲ ဟူသမျှတို့၌ ခက်မာခြင်းဟူသော ဤမြေဓာတ်သည် အထည်ခံ အမာခံ ဖြစ်သတည်း။ ဤမြေဓာတ်မှတစ်ပါး အထည်ဝတ္ထု ရကောင်းသော ဓာတ်မရှိ၊ ရေဓာတ်, မီးဓာတ်, လေဓာတ်တို့သည်လည်း မြေဓာတ်၌ တွယ်ကြရကုန်သည်။ ဤသို့ မြေဓာတ်၏ ကိစ္စကြီးကျယ်ဟန်ကို သိရမည်။

## မြင့်မိုရ်တောင်နှင့် မဟာပထဝီမြေ

မြင့်မိုရ်တောင်ကြီး တစ်ခုလုံး၌လည်းကောင်း၊ မဟာပထဝီ မြေကြီး တစ်ခုလုံး၌ လည်းကောင်း ပရမတ်မြေဓာတ်သက်သက်ကို ကြည့်လိုသည်ရှိသော် အဏုမြူမှု အထည်ဒြဗ်မရှိ၊ ခက်မာသော အခြင်းအရာ ကြိယာသဘောသက်သက်ကို ကွက်ခြား၍ ကြည့်ရသည်။ အဏုမြူမှု အထည်ဒြဗ်မရှိဘဲ မှန်ထဲ၌ထင်သော အရိပ်ကြီး ကဲ့သို့ မြင်လိမ့်မည်။ အဏုမြူမှုလောက် အရှည်အတို အကြီးအငယ် အခဲအမာ ထင်၍လာလျှင် ပရမတ်မြေအစစ် မဟုတ်ပြီ။ သဏ္ဌာန ပညတ်ဒြဗ် အထည်နှင့် ရောပြီ။ သဏ္ဌာန ပညတ်ဒြဗ် အထည်နှင့်ရောခဲ့လျှင် ဖြစ်မှုပျက်မှုကိုရှုသောအခါ မထင်နိုင်ဘဲ နေတတ်သည်။

မြင့်မိုရ်တောင် မဟာပထဝီမြေကြီးတို့ကို အကုန်ခြုံ၍ ကြည့်သောအခါ၌ပင် အခဲအကျိတ် အထည်ဝတ္ထု အဏုမြူမှု မရော မယှက်ဘဲ ပရမတ်အစစ်အမှန်ဖြစ်သော ခက်မာမှုဟူသော မြေဓာတ် သက်သက်ကို ထင်မြင်အောင် ရှုနိုင်သူအား ထိုအောက် ငယ်သော သက်ရှိသက်မဲ့တို့၌ ပရမတ်စစ်ဖြစ်သော မြေဓာတ်ကို ထင်မြင်အောင် ရှုမှု အလွန်လွယ်လှတော့သည်။ မှန်၌ထင်သောအရိပ်, ရေ၌ထင်သော အရိပ်, သစ်ပင်ရိပ်, တောင်ရိပ် အစရှိသော အရိပ်တို့သည် မြင့်မိုရ်တောင်မျှပင် ကြီးမားစွာ ထင်မြင်ရငြား သော်လည်း အဏုမြူမှု အထည်ဒြဗ် မရှိသည့်အတွက်ကြောင့် ပျောက်ခွင့်ပျက်ခွင့် ဆိုက်ခဲ့လျှင် မျက်တောင်တစ်ခတ် လျှပ်တစ်ပြက် အတွင်းမှာပင် အကြိမ်တစ်ရာ မက ပျောက်နိုင်ပျက်နိုင်သကဲ့သို့၊ ထို့အတူ မြင့်မိုရ်တောင်နှင့်အမျှ ပုံ့နှံ့ကြီးကျယ်၍နေသော ထိုပရမတ်မြေဓာတ်သည်လည်း တစ်ခုတည်းသော ပရမတ်ဆန် ပရမတ်ခဲဟူ၍ အဏုမြူမှု မရှိသည့်အတွက် မျက်တောင်တစ်ခတ် လျှပ်တစ်ပြက်အတွင်းမှာပင် အကြိမ် တစ်ရာ မက ပျောက်ပျက်ကွယ်ပနိုင်ရာသော အရိပ်နိမိတ် ထင်မြင်နိုင်လိမ့်မည်။ မိမိကိုယ်၌ ထိုပရမတ်စစ်ဖြစ်သော မြေဓာတ်ကို အလင်းပေါက်အောင် ကြည့်ရှုသောအခါ ဉာဏ်ငုံ နိုင်လောက်ရုံ၊ ဉာဏ်ဝါးနိုင်လောက်ရုံ ပိုင်း၍ ပိုင်း၍ကြည့်။

http://www.dhammadownload.com



## ဦးခေါင်းကို ပိုင်း၍ကြည့်ပုံ

ဦးခေါင်းကို ပိုင်း၍ကြည့်သောအခါ အတွင်းပြင် မခြားမနား ထုတ်ချင်းပေါက် အောင်ကြည့်။ မြေဓာတ်မဟုတ်သော အဆင်းဓာတ် ခုခံ၍နေတတ်သည်။ သဏ္ဌာန ပညတ်ဒြပ် အထည်ကြီးလည်း ခုခံ၍ နေတတ်သည်။ ဉာဏ်ကို ကြပ်ကြပ်လှုပ်၍ပေးလေ။ ခြေဖဝါးတိုင်အောင် အောက်အဖို့စုကိုလည်း ဉာဏ်နိုင်ရုံ နိုင်ရုံ ပိုင်း၍ကြည့်။ တစ်ကိုယ်လုံး စပ်မိသောအခါ ဉာဏ်ကို ဦးထိပ်ကနေ၍ ရွယ်လိုက်လျှင် ခြေဖဝါးတိုင်အောင် ထုတ်ချင်း ပေါက်ထွင်း၍ သွားလိမ့်မည်။ မိမိကိုယ်ခန္ဓာတစ်ခု၌ ဓာတ်ပေါက်အောင် မြင်ခဲ့လျှင် စကြဝဠာအနန္တ, ကမ္ဘာအနန္တ ရှိသမျှသော သတ္တဝါခန္ဓာစုအကုန်လုံး ဓာတ်ပေါက်ပြီး ဖြစ်တော့သည်။

ဤပရမတ် မြေဓာတ်တစ်ခုပေါက်၍သွားလျှင် ကြွင်းသော ရေဓာတ်, မီးဓာတ်, လေဓာတ်, စက္ခု, သောတစသော အဇ္ဈတ္တိက ဓာတ်၊ ရူပ, သဒ္ဒစသော ဗာဟိရဓာတ် စုရှုနည်း၊ ဖောက်နည်း အလွန် လွယ်ကုန်တော့သည်။

**ဤတွင်ရွေ့ကား ပထဝီဟူသော မြေဓာတ်ကို ဓာတ်ဉာဏ်ပေါက်အောင်ရှုနည်း အပြွက်ပြီး၏။**

## ပရမတ်နှစ် ရေဓာတ်အစစ်

ပရမတ်နှစ် ရေဓာတ်အစစ်ကား–

တွယ်မှု, ကပ်မှု, ဖွဲ့စေးမှုသည်သာလျှင် ပရမတ် ရေဓာတ် အစစ်တည်း။ ထိုတွယ်မှု, ကပ်မှု, ဖွဲ့စေးမှုဟူသော ပရမတ် ရေဓာတ် သည် ထက်သန်ခြင်းသို့ ရောက်သည်ရှိသော် စိုစွတ်ခြင်း, ယိုစီးခြင်း ဟူသော ပဂ္ဃရဏရေဓာတ် ဖြစ်လေ၏။ ထိုတွယ်မှု, ကပ်မှု, စေးမှု ဟူသော အာဗန္ဓနကြိယာ သက်သက်မျှသာဖြစ်သော ပရမတ်ရေအစစ် သည်လည်း အဏုမြူကို အစိတ်တစ်သိန်း စိတ်သော်လည်း တစ်စိတ်စာမျှ အခဲအကျိတ် အဆန်အမာ အထည်ဒြပ်ဟူ၍မရှိ။ တွယ်ကပ်ဖွဲ့စေးခြင်း ကြိယာအမူအရာ သက်သက်မျှသာတည်း။ ထိုတွယ်မှု, ကပ်မှု, ဖွဲ့စေးမှုဟူသော ပရမတ်ရေဓာတ်သည် မြေဓာတ်, မီးဓာတ်, လေဓာတ် သုံးပါးတို့ကို တစ်ခုတည်း တစ်သားတည်း ကဲ့သို့နေအောင် ဖွဲ့နှောင်စည်းကြပ်ပေးသည်ဖြစ်၍ ကလာပ်တူ မဟာဘုတ်တို့သည် တစ်ပါးကိုတစ်ပါး အားပြုခွင့်ရကြကုန်သည်။ တစ်ပါးကိုတစ်ပါး ထောက်ပံ့ခွင့်ရကြကုန်သည်။ ဖွဲ့နှောင်စည်းကြပ် ချုပ်ထိန်း၍နေသော ရေဓာတ်ချုပ်ကွယ် ပျောက်ပျက်ခဲ့သည်ရှိသော် ထိုဓာတ်ကြီးသုံးပါးတို့သည် အစည်းပြေပျက်၍ ခဏချင်း

http://www.dhammadownload.com



ပျောက် ပျက် ကွယ်ဆုံးကြလေကုန်၏။ ဤကား ကလာပ်တစ်ခုတည်း၌ ရေဓာတ်၏ ကျေးဇူးကိုဆိုသော စကားရပ်တည်း။

လောက၌ ပရမာဏုမြူမှုစ၍ သတ္တဝါ၌ အသူရိန်နတ်ကြီးဟု ဆိုအပ်သော ရုပ်တုံးရုပ်ခဲကြီးတိုင်အောင်၊ ဗဟိဒ္ဓ၌ မြင့်မိုရ်တောင် ကြီး၊ စကြဝဠာတောင်ကြီး၊ မဟာပထဝီမြေကြီးတိုင်အောင် သဏ္ဌာန် ကြီးငယ် အထည်ဒြဗ်အနေနှင့် ရုပ်တရားတို့ အကျိတ်အခဲ အတုံး အခဲဖြစ်၍ နေကြမှုသည်လည်း ဤရေဓာတ်၏ ကျေးဇူးပင်တည်း။ ဤရေဓာတ်မှတစ်ပါး အကျိတ်အခဲဖြစ်အောင် ဖွဲ့စည်းသောဓာတ် ဟူ၍ မရှိပြီ။

ရှစ်သောင်းလေးထောင် နှစ်ပြန်ဆောင်သော မြင့်မိုရ်တောင် ကြီး၌ရှိသော ဖွဲ့စည်းမှုသည် ယခုခဏချင်း ပျက်ဆုံးခဲ့သည်ဖြစ်အံ့၊ ထိုမြင့်မိုရ်တောင်ကြီးသည် ယခုခဏချင်း ကွယ်ပျောက်ရာ၏။ ရှစ်သောင်းနှစ်ထောင် နှစ်ပြန်ဆောင်သော စကြဝဠာ တောင်ကြီး၌ ရှိသော ဖွဲ့စည်းမှုသည် ယခုခဏချင်း ပျက်ဆုံးခဲ့သည်ဖြစ်အံ့၊ ထိုစကြဝဠာ တောင်ကြီးသည် ယခုခဏချင်း ကွယ်ပျောက်ရာ၏။ မဟာ ပထဝီမြေကြီး၌ရှိသော ဖွဲ့စည်းမှုသည် ယခုခဏချင်း ပျက်ဆုံးခဲ့သည် ဖြစ်အံ့၊ ဤမဟာပထဝီမြေကြီးသည် ယခုခဏချင်း ကွယ်ပျောက်၍ ကောင်းကင်အတိသာ ဖြစ်လေရာ၏။

အဘယ်ကြောင့်နည်းဟူမူ ဖွဲ့စည်းမှုဟူသော ချုပ်ထိန်းမှု မရှိခဲ့သည်ရှိသော် မြင့်မိုရ်တောင်, စကြဝဠာတောင်, သီလာပထဝီ ဖြစ်၍နေသော တစ်ခဲနက်သော ပရမတ်မြေ, ပရမတ်မီး, ပရမတ်လေတို့သည် တစ်ပါးကိုတစ်ပါး ထောက်ခံမှု, မှီတွယ်မှု အစည်းအရုံး ခဏချင်း ကင်းလွတ်ကြလေကုန်၏။ နိဗ္ဗာန်မှတစ်ပါးသော သင်္ခတ လက္ခဏာရှိသော ပရမတ္ထဓမ္မတို့မည်သည် ထောက်ခံမှု, မှီတွယ်မှုနှင့် ကင်း၍ မျက်တောင်တစ်ခတ် လျှပ်တစ်ပြက်မျှ အသက်ရှည်၍ တည်နေနိုင်သောမည်သည် မရှိ လေကုန်။ မြင့်မိုရ်တောင်ကြီး, စကြ ဝဠာတောင်ကြီး, မဟာပထဝီမြေကြီးတို့၌ ပရမတ် ရေဓာတ် သက်သက်ကို ကွက်ခြား၍ ကြည့်ရှုလိုသည်ရှိသော် ခက်မာမှုဟူသော မြေဓာတ်နှင့် မရောစေမူ၍ ဖွဲ့စည်းမှုဟူသော ရေဓာတ်မှုသက်သက်ကို ကွက်ခြား၍ ကြည့်ရသည်။ အဆင်းသဏ္ဌာန် အထည်ဒြဗ်စုလည်း ခုခံ၍နေတတ်သည်။ (ကြည့်ရှုသော ဓမ္မဝဝတ္ထာနဉာဏ်၌ အဆင်းသဏ္ဌာန် အထည်ဒြဗ်စု ခုခံ၍နေခဲ့လျှင် နောက်၌ ဖြစ်မှု ပျက်မှုကို ရှုသောအခါ မထင်နိုင်ဘဲ နေတတ်သည်။) ပရမတ်အစစ်ကို အမြင် စင်ကြယ်လှ ပါမှ အနိစ္စအစစ်၊ ဒုက္ခအစစ်၊ အနတ္တအစစ်ကို မြင်နိုင် သည်။

မြေဓာတ်၌ ဆိုခဲ့ပြီးသောအတိုင်း ဤရေဓာတ်၌လည်း ဖွဲ့စည်းမှုသက်သက်ဟု ဆိုအပ်သော ရေဓာတ်အမြင် စင်ကြယ်သော အခါ မြင့်မိုရ် မဟာပထဝီတစ်ခုလုံး၌ အကျိတ်အခဲ အဆန်အမာ မရှိသည့်အတွက် မှန်ထဲ, ရေထဲမှာ ထင်မြင်ရသော မိုးရိပ်,

http://www.dhammadownload.com



တိမ်ရိပ်, နေဝန်း, လဝန်း, အရိပ်သစ်ပင်တို့ကဲ့သို့ ဖွဲ့စည်းမှုဟူသော အာပေါ လက္ခဏာကြီး ထင်မြင်လိမ့်မည်။ မြင့်မိုရ်တောင်, မဟာပထဝီတို့၌ ထင်မြင်နိုင်သောအခါ လူ, နတ်, ဗြဟ္မာ သတ္တဝါခပ်သိမ်းတို့၌ ထင်မှု မြင်မှု အလွန်လွယ်လှတော့သည်။ သတ္တဝါ သဏ္ဍာန်မှာ ထင်မြင်မှုသာ လိုရင်းဖြစ်သည်။ မြင့်မိုရ်, မဟာပထဝီတို့က ချီ၍ပြလိုက်သည်မှာ သတ္တဝါသဏ္ဍာန်၌ ထင်လွယ်မြင်လွယ်အောင် ချီလိုက်သည်။ မိမိ သဏ္ဍာန်၌ ဦးခေါင်း ခြေဖဝါး ထုတ်ချင်းပေါက်အောင် ထင်လင်းပြီးမှ သူတစ်ပါး သဏ္ဍာန်စုကိုလည်း ထို့အတူ ထုတ်ချင်းပေါက်အောင် ရှုလေ။

**ဤတွင်ရွေ့ကား အာပေါဟူသော ရေဓာတ်ကို**
**ဓာတ်ပေါက်အောင် ရှုနည်းအမြွက်ပြီး၏။**

## ပရမတ်နှစ် မီးဓာတ်အစစ်

ပူမှု, အေးမှုဟူသော အမူအရာ ကြိယာမှုသက်သက်သည် ပရမတ်နှစ် မီးဓာတ်စစ်မည်၏။ ပူမှု, အေးမှုဟူသည်လည်း ကလာပ် တူ မဟာဘုတ်သုံးပါးတို့ကို ရင့်မာသန်စွမ်းအောင် ပေါင်းနွှေးမှုပေတည်း။ အပူစွမ်း, အအေးစွမ်း နှစ်ပါးစုံသည်ပင်လျှင် ကလာပ်တူ မဟာဘုတ်တို့ကို ရင့်မာအောင် ထက်သန်အောင် အသီးအသီး အစွမ်းသတ္တိနှင့် ပြည့်စုံကြအောင် ပေါင်းနွှေးမှုရှိသည်ချည်း ဖြစ်သည်။

အမိဝမ်းမှဥ၍ မြု၍တည်ရှိသော ကြက်ဥတို့သည် အမိ ဖြစ်သူ ကြက်မက မပြတ်ဝပ်၍ အငွေ့ပေးမှ အစဉ်အတိုင်း ရင့်မာ သန်စွမ်း၍ ကြက်သူငယ်အဖြစ်သို့ ရောက်သဖြင့် ပေါက်ဖွားနိုင်သည်။ အမိကြက်မက မဝပ်ဘဲ, အငွေ့မပေးဘဲ နေခဲ့သည် ရှိသော် ကြက် သူငယ်အဖြစ်သို့ မရောက်နိုင်ပြီ။ အမိဝမ်းတွင်းက ထုံခဲ့သော အငွေ့ အကုန်တွင် ပုပ်ခြင်းသို့ ရောက်လေတော့သည်။

ဤအတူ တေဇောဟူသော ဤမီးဓာတ်သည် အမိကြက်မ နှင့်တူသည်။ အတူတကွဖြစ်သော မြေဓာတ်, ရေဓာတ်, လေဓာတ် ဤဓာတ်ကြီးသုံးပါးတို့သည် ကြက်ဥနှစ်တို့နှင့် တူကြကုန်သည်။ မီးဓာတ်နှင့်အတူ တွဲဖက်ရမှ မြေဓာတ်ဟူသော ခက်မာမှုသည် အောင်မြင်စွာ ဖြစ်နိုင်သည်။ ရေဓာတ်ဟူသော ဖွဲ့စည်းမှုသည်လည်း အောင်မြင်စွာ ဖြစ်နိုင်သည်။ လေဓာတ်ဟူသော အဝှန်အဝါမှုသည် လည်း အောင်မြင်စွာ ဖြစ်နိုင်သည်။ မီးဓာတ်နှင့်ကင်း၍ အောင်မြင်စွာ မဖြစ်နိုင်ကြကုန်။

မဟာသမုဒ္ဒရာရေ၊ သီတာရေ၊ ကမ္ဘာကိုခံသောရေတို့သည်လည်း သီတဓာတ်မီး၏ အစီးအပွားတို့သာတည်း။ သီတဓာတ်မီး၏ အုပ်စိုးချက်နှင့် ဆက်လက်

http://www.dhammadownload.com



ဖြစ်ပွားကာ နေကြရကုန်သည်။ မြင့်မိုရ် တောင်၊ စကြဝဠာတောင်၊ သီလာပထဝီမြေကြီး တို့သည်လည်း သိတ ဓာတ်မီး၏ အစီးအပွားတို့သာတည်း။ တစ်ပါးသောဓာတ်တို့နှင့် မရောနှောစေဘဲ မီးဓာတ်သက်သက်ကိုရှုသောအခါ အေးသောဝတ္ထုတို့၌ အေးမှုသက်သက် ကို ရှုရမည်။ ပူသောဝတ္ထုတို့၌ ပူမှုသက်သက်ကို ရှုရမည်။ အဆင်း သဏ္ဌာန် အထည် ဒြဗ်ပညတ်နှင့် ရော၍မနေစေနှင့်။ ပူမှု၊ အေးမှုဟူသော ဤပရမတ် မီးဓာတ်၌ အဆန် အမာဟူ၍ အဏုမြူမျှ မရှိသည့်အတွက်ကြောင့် ဤမီးဓာတ်ကို အမြင်စင်ကြယ်သော အခါလည်း ရေကြည်၊ မှန်ကြည် စသည်တို့၌ နေဝန်း၊ လဝန်း အရိပ်၊ တိမ်ရိပ်၊ မိုးရိပ်တို့ကဲ့သို့ ဉာဏ်အမြင်မှာသာ ကြီးကျယ်၍ အထည်ဒြဗ်မရှိကြောင်း ထင်ရှား လိမ့်မည်။ မိမိကိုယ်ကို ရှုသောအခါ ဉာဏ်နိုင်ရုံ ပိုင်း၍ ပိုင်း၍ရှု၊ မိမိကိုယ်မှာ အလင်း ထင်မြင်နိုင်လျှင် သတ္တဝါအနန္တ မှာပင် ထင်တော့သည်။

**ဤတွင်ရွေ့ကား တေဇောဟူသော မီးဓာတ်ကို**
**ပရမတ်ဓာတ် ဉာဏ်ပေါက်အောင်ရှုနည်း အမြွက်မျှပြီး၏။**

## ပရမတ်နှစ် လေဓာတ်အစစ်

မီးတောက်မီးခိုး၏ အတွင်း၌ မီးဓာတ်၏ အာနုဘော်ကြောင့် မီးဓာတ်ကိုပင် အစဉ်ဖြစ်ပွား၍ သွားနိုင်အောင် လှုံ့ဆော်ချီးပင့်မှု ဟူသော ဝါယောဓာတ်သည် ပါရှိ၏။ ထိုဝါယောအတွက်ကြောင့် မီး၏ပြန့်ပွားခြင်း၊ မီးရှိန်၏ပြန့်ပွားခြင်း၊ မီးရောင်၏ ပြန့်ပွားခြင်း၊ မီးတောက်၏ လူလူတက်ပွားခြင်း၊ အခိုးထွက်ခြင်း၊ အဆင့်ဆင့် မီးကူးခြင်း အစရှိသော မီးဓာတ်၏ ပြန့်ပွားစည်ကားမှုတို့သည် ထင်ရှားဖြစ်ကုန်၏သို့။ ထို့အတူ ဝါယောမည်သည် ဤလေဓာတ်သည် ပူမှု၊ အေးမှုဟူသော မီးဓာတ်အရှိန်အဟုန် ပေတည်း။

မီးစာရှိရာ၌ အနည်းငယ်ချထားသောမီးသည် ထိုအရှိန်အဟုန်ကြောင့် မီးစာ ရှိသမျှ အကုန်ပြန့်ပွားနိုင်သည်။ မီး၌ အတွင်းအရှိန် အဟုန်ညံ့၍ မပွားတဲ့နိုင် မတောက်တဲ့နိုင်ရှိလျှင် ယပ်နှင့်ယပ်၍ ပြောင်းနှင့်မှုတ်၍ အပ–က အရှိန်အဟုန် ကူရသေးသည်။ ပူမှုရှိလျှင် ပူရှိန်ပူဟုန်ရှိမြဲ၊ အေးမှုရှိလျှင် အေးရှိန်အေးဟုန်ရှိမြဲ၊ ပူမှု၊ အေးမှုကား တခြား၊ အရှိန်အဟုန်ကား တခြား၊ ပူမှု၊ အေးမှုကား ပရမတ်မီးဓာတ် တည်း။ အရှိန်အဟုန်ကား ပရမတ်လေဓာတ်တည်း။

ထိုအရှိန်အဟုန်ဟူသော လေဓာတ်သည် ကလာပ်တူဖြစ်သော မြေဓာတ်၊ ရေဓာတ်၊ မီးဓာတ်တို့၏ အားခွန်ဗလလည်း မည်၏။ ထိုအရှိန်အဟုန်ပွားရာ ကလာပ်တူ မဟာဘုတ် ရုပ်ကလာပ်တို့သည် ဖြစ်ပေါ်၍ လိုက်ရကုန်၏။ ထိုအဟုန်အဟုန်သည်

http://www.dhammadownload.com



အလွန်ထက်သန် သည့်ရှိသော် လေပြင်းမုန်တိုင်း ဖြစ်လေ၏။ ထိုအဟုန်အဝှန်သည် လေမွှေ့ရာ, လေခေါင်းအုံး စသည်တို့ကဲ့သို့ ထောက်ကန်တောင့် တင်းမှု ချီးပင့် ထမ်းဆောင်မှု ဖြစ်၍ ဝိတ္ထမ္ဘနလက္ခဏာဟု ကျမ်းဂန်တို့၌ ဆိုပေသည်။ မြင့်မိုရ်တောင်, စကြဝဠာတောင်, သီလာပထဝီ စသည်တို့၌ရှိသော သိတဓာတ်မီးသည် ထိုအဟုန်အဝှန် ဟူသော လေဓာတ်၏အစွမ်းဖြင့် ခဏတိုင်း ခဏတိုင်း ပွားများ၍ ကမ္ဘာပျက်သည် တိုင်အောင် ရုပ်ကလာပ် အဆက်ဆက်တို့ကို ပွားများစေနိုင်သည်။ (မြင်အောင်ကြည့်။)

## ဝါယောလှုံ့ဆော်မှု

ဟဒယဝတ္ထုဌ် ဖြစ်ပေါ်သော တစ်ခု, တစ်ခုသောစိတ်ကြောင့် ခဏချင်း ခဏချင်း တစ်ကိုယ်လုံး စိတ္တဇရုပ်ကလာပ် ပျံ့နှံ့ဖြစ်ပွားမှု၊ ဝမ်းထဲသို့ ရောက်သော အစာအာဟာရဓာတ်တို့၏ တစ်ကိုယ်လုံး အနှံ့အပြား ပျံ့နှံ့ဖြစ်ပွားမှု၊ ကလလရေကြည်မှ စ၍ သတ္တဝါတို့၏ အစဉ်အတိုင်း တိုးပွားစည်ကားမှု၊ အညွန့်အညှောက် ပေါ်ပေါက်သည်မှစ၍ သစ်ပင်ချုံမြက်တို့ အစဉ်အတိုင်း တိုးပွားစည်ကားမှုတို့သည်လည်း ဝါယောလှုံ့ဆော်မှုနှင့် ဖြစ်ကြကုန်သည်သာတည်း။

မြင့်မိုရ်တောင်, စကြဝဠာတောင်, မဟာပထဝီမြေကြီးမှစ၍ သက်ရှိသက်မဲ့ အလုံးစုံတို့ကို ရှုရှု,ရှုရှု ထင်အောင်ကြည့်လေ။ မိမိ ကိုယ်မှစ၍ အကုန်လုံး နှံ့အောင်ကြည့်။ ဦးထိပ်မှစ၍ ခြေဖဝါးတိုင် အလင်းပေါက်အောင်ကြည့်။ ဤပရမတ်နှစ် လေဓာတ် စစ်သည်လည်း အဆန်အမာဟူ၍ အဏုမြူမျှ မရှိသည့်အတွက်ကြောင့် ရေထဲမှန်ထဲ၌ ထင်သော လူရိပ်စသည်တို့ကဲ့သို့ ထင်မြင်လိမ့်မည်။ မျက်စိတွင် မြင်နေကျဖြစ်သော အဆင်းသဏ္ဌာန် အထည်ဒြပ်ပညတ်ကြီး ခုခံ၍ နေတတ်သည်။ အဟုတ်မရှိသော ထို ပညတ်ကို ဉာဏ်ဖြင့် မှုတ်လွှင့်၍ ပစ်လေ။

**ဤတွင်ရွေ့ကား ဝါယောဟူသော လေဓာတ်ကို ဓာတ်ပေါက်အောင်ရှုနည်း ပြီး၏။**

## မြေ, ရေ, မီး, လေ-ဟူသော ဓာတ်ကြီးလေးပါးတို့၏ အချင်းချင်း မှီတွယ်ကြပုံ၊ တစ်ပါးပျက်လျှင် အကုန်လုံး ပျက်ကြပုံကို ပြဆိုလိုက်ဦးအံ့

ခက်မာမှု,ဖွဲ့စည်းမှု,ပေါင်းနွေးမှု, အရှိန်အဟုန်မှု၊ ဤလေးခု သော အခြင်းအရာ အမူအရာ ကြိယာကြီးတို့သည် သဘောလက္ခဏာ အားဖြင့် အသီးအသီး ထင်ရှားကြကုန်၏။ တည်ရာဌာနအားဖြင့် ခက်မာမှုကို မ,တည်ပြု၍ တစ်ခုတည်းကဲ့သို့ တည်ကြကုန်၏။ ဖြစ်အတူ ပျက်အတူ တည်အတူတို့သာတည်း။

http://www.dhammadownload.com



ခက်မာမှုဟူသော မြေဓာတ်ပျက်ဆုံးလျှင် တည်ရာမရှိသည် ဖြစ်၍ ကြွင်းသော ဓာတ်သုံးပါးလည်း ပျက်ဆုံးရတော့သည်။ ထို့အတူ ဖွဲ့စည်းမှုဟူသော ရေဓာတ် ပျက်ဆုံးလျှင် လည်း အဖွဲ့အစည်း ပျက်သဖြင့် တစ်ပါးနှင့်တစ်ပါး ထောက်ပံ့မှု ကင်းကြ၍ အကုန်လုံး ပျက်ဆုံးကြတော့သည်။ ပေါင်းနွေး၍ ထက်သန်အောင် ပြုမှု ဟူသော မီးဓာတ်ပျက်ဆုံးလျှင်လည်း ကြွင်းသော ဓာတ်သုံးပါးတို့သည် မိမိတို့ သဘော အတိုင်း ပြည့်စုံစွာ မတည်နိုင်ကြ၍ အကုန်လုံး ပျက်ဆုံးကြ တော့သည်။ ကြံ့ခိုင် တာန့်တင်းမှုဟူသော လေဓာတ်ပျက်ဆုံးလျှင်လည်း ကြွင်းသောဓာတ်တို့သည် အားပြတ်၍ ပျက်ဆုံးကြကုန်တော့ သည်။ မီးဟူသော ပူမှု၊ အေးမှုသည် လှုံ့ဆော်မှုတလှုလှု ဆောင်ရွက်ခြင်းဟူသော လေဓာတ်နှင့်တွဲရမှ ဖြစ်နိုင်သည်။ လေဓာတ်မရှိလျှင် အားပြတ် ၍ ခဏချင်း ကွယ်ဆုံးလေ၏။

ထို့အတူ ခက်မာမှုဟူသော မြေဓာတ်သည်လည်း ခက်မာ ခြင်းကြီးယာကို ကြံ့ယှံ့တင်းရင်းအောင် ချီးပင့်သော လေဓာတ်မရှိလျှင် အားပြတ်၍ ကွယ်ဆုံးလေ၏။ ဖွဲ့စည်းခြင်းဟူသော ရေဓာတ်သည် လည်း ဖွဲ့တွယ်ခြင်းကြီးယာကို ကြံ့ယှံ့တင်းရင်းအောင် ချီးပင့်သော လေဓာတ်မရှိလျှင် အားပြတ်၍ ကွယ်ဆုံးလေ၏။ ဤကား အခြင်း အရာကြီး လေးပါးတို့၏ အချင်းချင်း မှီတွယ်ကြပုံ၊ တစ်ပါးပျက်လျှင် အကုန်လုံး ပျက်ကြပုံကို ပြဆိုလိုက်သော အချက်တည်း။

ဤဓာတ်ကြီးလေးပါးကို သဘောပိုင်နိုင်စွာ ဉာဏ်အမြင် ပေါက်ရောက်ပါလျှင် ပထမ မဟာနိဗ္ဗာန်သို့ လွယ်ကူစွာ ဆိုက်ရောက် နိုင်ကြကုန်လတ္တံ့။ ထိုဓာတ်ကြီး လေးပါးတို့၌ အချုပ်အခြာ ဦးစီး ဦးကိုင်ကား တေဇောပေတည်း။ စကြဝဠာ ကမ္ဘာမြေ ရေနှင့်တကွ ရုပ်သဏ္ဌာန်နှင့်စပ်သော သက်ရှိသက်မဲ့ အလုံးစုံသည် တေဇော၏ အစီးအပွားချည်းတည်း။ ဓာတ်မီး၏ အစီးအပွားချည်းတည်း။ တေဇောဟူသော ဓာတ်မီး၏ ဣဒ္ဓိပါဒ်တန်ခိုး အကျိုးသွားကို ဘုရား သဗ္ဗညုတို့၏ ဉာဏ်တော်သည်သာ မှီနိုင်ရာသတည်း။

**ဓာတ်ဉာဏ်ပေါက်အောင် ရှုနည်းပြီး၏။**

## မြောက်မျိုးသော ဓာတ်ကြည်ဓာတ်လင်း၊
## မှန်ကြည်မှန်လင်း၊ ကိုယ်တွင်းအပြည့် ခြယ်လှယ်ပုံ ပြဆိုချက်

ပသာဒေါ= အကြည်၊ မဏ္ဍော= အကြည်၊ အစ္ဆော= အကြည်။ ။

(အကြည်ဟောသဒ္ဒါစု)

မိခင်ရောဝတီ

http://www.dhammadownload.com



ထိုသဒ္ဒါတို့တွင် မဏ္ဍာသဒ္ဒါ၏ နာမသတ်အနက်ကိုယူ၍ ဖန်မန်ဟူသောစကား၌ မန်ဟူ၍ ဆိုသည်။ ထိုမန်ကိုပင် ယခုကာလ မှန်ဟူ၍ ဆိုကြသည်။ ထိုမှန်သည်-

ဥတုဇဓာတ်မှန်၊

ကမ္မဇဓာတ်မှန်-ဟူ၍ နှစ်မျိုးရှိသည်။

ရန်ကုန်မြို့- မန္တလေးမြို့တို့၌ မှန်တန်းမှာ လုပ်အပ်သော မှန်စု၊ မျက်မှန်-မှန်ပြောင်း မှန်စုသည် ဥတုဇဓာတ်မှန်စုပေတည်း။ သတ္တဝါတို့၏ အဇ္ဈတ္တသန္တာန်အတွင်း၌ ဖြစ်သောမှန်စုသည် ကမ္မဇ ဓာတ်မှန်စုပေတည်း။

## ကမ္မဇဓာတ်မှန်

ထိုကမ္မဇဓာတ်မှန်သည်-

စက္ခုခေါ်သော ဓာတ်မှန်,

သောတခေါ်သော ဓာတ်မှန်,

ဃာနခေါ်သော ဓာတ်မှန်,

ဇိဝှါခေါ်သော ဓာတ်မှန်,

ကာယခေါ်သော ဓာတ်မှန်,

မနောခေါ်သော ဓာတ်မှန်-

ဟူ၍ ခြောက်မျိုး အပြားရှိ၏။

စက္ခုဓာတ်မှန်သည် မျက်လုံးအိမ်အတွင်း၌ တည်၏။ သောတဓာတ်မှန်သည် နားတွင်း၌ တည်၏။ ဃာနဓာတ်မှန်သည် နှာခေါင်းတွင်း၌ တည်၏။ ဇိဝှါဓာတ်မှန်သည် လျှာအပြင်၌ တည်၏။ ကာယဓာတ်မှန်သည် တစ်ကိုယ်လုံး အပြည့်အနှံ့ တည်၏။ မနော ဓာတ်မှန်သည် နှလုံးအိမ်၌ တည်၏။ ဤအကြည်ဓာတ် ၆-မျိုးကို ရှု၍ ထင်မြင်သော ယောဂီပုဂ္ဂိုလ်အား ဤခန္ဓာကိုယ်ကြီးသည် အလွန် ကြည်လှစွာသော ဖန်တုံးဖန်တိုင်ကြီး, မှန်တုံးမှန်တိုင်ကြီးနှင့် အလွန် တူလှ၏။ (ဤအကြည်ဓာတ် ၆-မျိုးကိုပင် သဂြိုဟ်ဒွါရ သင်္ဂဟ၌ ဒွါရဟုခေါ်သည်။)

ဒွါရဆိုသည်ကား-

အာကာသဒွါရ,

မဏ္ဍာဒွါရ-ဟူ၍ နှစ်မျိုးအပြား ရှိ၏။

ဘုန်းရှိသောသူတို့၏အိမ်၌ တံခါးနှစ်မျိုးရှိ၏။ အိမ်တွင်း အိမ်ပြင် ထွက်ဝင်ရန် အပေါက်တံခါး၊ လေဝင်ရန် လေသာ ပြူတင်းပေါက်တံခါးဟူ၍ အပေါက်တံခါးတစ်မျိုး။ အပေါက်ကားမရှိ၊ မှန်ချပ်တပ်၍ထားသော အကြည်တံခါး၊ အလင်းတံခါးတစ်မျိုး။

http://www.dhammadownload.com



ထို ၂-မျိုးတို့တွင် မှန်ချပ်တပ်၍ထားသော အကြည်တံခါး၊ အလင်းတံခါး၏ ကိစ္စမှုကား ထိုမှန်ချပ်မျက်နှာစာ၌ အဝေးအနီးတွင် ရှိရှိသမျှသော နေ၊ လ၊ နက္ခတ်၊ တာရာ၊ တိမ်တိုက်၊ တိမ်တောင်၊ ကောင်းကင်၊ မြေပြင်၊ ရေပြင်၊ တော၊ တောင်၊ သစ်ပင်၊ အိမ်ရာ၊ ကျောင်းကန်ဘုရား၊ စေတီ အစရှိသော အဆောက်အဦတို့သည် မိမိတို့သဏ္ဍာန်အတိုင်း မှန်ချပ်အပြင်မှာ ထင်လာရကုန်၏။

အိမ်တွင်း၌ နေကြကုန်သော အိမ်သူအိမ်သားတို့သည် အိမ်တွင်း၌နေလျက်ပင် ထိုမှန်ချပ်မှာ ထင်လာသမျှသော နေဝန်း သဏ္ဍာန်၊ လဝန်းသဏ္ဍာန်၊ နေရောင်၊ လရောင် အစရှိသော အလုံးစုံ တို့ကို အကုန်အစင် မြင်ရကုန်၏။ အိမ်ပြင်ကနေ၍ ထိုမှန်တံခါးဖြင့် အိမ်တွင်းသို့ ကြည့်ပြန်လျှင်လည်း အိမ်တွင်းရှိရှိသမျှ အကုန်မြင်ရ၏။ ထိုမှန်တံခါးမှာ နေရောင်၊ လရောင်၊ မီးရောင်တို့သည် မှန်၏ အဖော်သဟဲတို့ပေတည်း။ လူ့နတ်ခန္ဓာ၊ နွား၊ကျွဲ၊ဆင်၊မြင်းခန္ဓာတို့ မှာလည်း ထိုနည်းတူ မြင်အောင်ရှု။

ထိုတံခါးနှစ်မျိုး အပြည့်ရှိသော အိမ်ကြီးနှင့်အလားတူ ဉာဏ်တစ်ခုခုသော လူ့ခန္ဓာ၊နတ်ခန္ဓာ၊ နွား၊ကျွဲ၊ဆင်၊မြင်း၊ကြက်၊ငှက် စသော ခန္ဓာစုမှာလည်း အာကာသတံခါးတစ်မျိုး၊ မဏ္ဍာမှန်တံခါး တစ်မျိုးဟူ၍ နှစ်မျိုးစီ ရှိကြ၏။

## အာကာသတံခါး

အာကာသတံခါး ဆိုသည်ကား- ခံတွင်းပေါက်၊ လည် ချောင်းပေါက်၊ နှာရည်ထွက်သော နှာခေါင်းပေါက်၊ မျက်ရည်ထွက် သော မျက်စိပေါက် အစရှိသော ဒွါရကိုးပေါက်ဟူ၍ ဆိုအပ်သော အပေါက်စု၊ ကိုးသောင်းကိုးထောင်သော မွေးညင်း ပေါက်စုသည် အာကာသတံခါး မျိုးစုတည်း။

ဆိုခဲ့ပြီးသော-

စက္ခုအကြည်၊
သောတအကြည်၊
ဃာနအကြည်၊
ဇိဝှါအကြည်၊
ကာယအကြည်၊
မနောအကြည်-တည်းဟူသော အဇ္ဈတ္တကမ္မဇ ဓာတ်မှန်မျိုးတို့သည် ကား အာကာသတံခါးပေါက် မဟုတ်။ မှန်ချပ် တွေနှင့် အလားတူသော မှန်ပေါက်၊ အကြည်ပေါက်၊ အလင်းပေါက်တို့ပေတည်း။

မိခင်ရောဝတီ

http://www.dhammadownload.com



## နန်းအိမ် ဥပမာ

ကမ္ဘဇောတ်မှန် ခြောက်မျိုးတို့၏ကိစ္စ။ ။

ကမ္ဘဇောတ်မှန် ခြောက်မျိုးတို့၏ ကိစ္စမှုကား– အမိုးအကာ လေသာပြူတင်း အလုံးစုံ ဖန်မှန်အတိပြီးသော နန်းအိမ်ကြီးသည် ရှိ၏။ အလယ်၌ အတုမရှိ အလွန်ကြည်သော ဖန်လုံး မှန်လုံးတစ်ခု လည်းရှိ၏။ ထိုနန်းအိမ်ကြီးမှာ အထက်ကောင်းကင် တစ်ခွင်လုံး၌ ရှိနေကုန်သော တိမ်တိုက်တိမ်လွှာ, နေ, လ, နက္ခတ်, တာရာ အပေါင်းတို့သည်လည်းကောင်း၊ ကောင်းကင်၌ပျံသွားသော ငှက်တို့သည်လည်းကောင်း အထက်အမိုးရှိ မှန်ချပ်တို့မှဝင်၍ အိမ်တွင်းရှိ မှန်လုံးမှာ အကုန်ပေါ်ကြကုန်၏။ အထက်အမိုးမှန်ချပ်စုမှာ နေဝန်း, လဝန်းတစ်ခုစီ၊ အိမ်တွင်းရှိ မှန်လုံးမှာ နေဝန်းတစ်ခု, လဝန်းတစ်ခု ပေါ်၏။ ထို့အတူ အထက်ကောင်းကင်၌ ရှိသမျှသော ဝတ္ထုတို့သည် အမိုးမှန်ချပ်တို့၌လည်းကောင်း၊ အိမ်တွင်းမှန်လုံး၌လည်းကောင်း တစ်ပြိုင်နက် တစ်ချက်တည်း ပေါ်ကြကုန်၏။

ထို့အတူ အရှေ့အရပ်၌ ရှိသမျှသော ဝတ္ထုတို့သည် အရှေ့ နံရံ ပြူတင်းမှန်ချပ်တို့၌လည်းကောင်း၊ အိမ်တွင်းရှိ မှန်လုံး၌ လည်းကောင်း တစ်ပြိုင်နက် ပေါ်ကုန်၏။ အနောက်အရပ်၌ ရှိသမျှသော ဝတ္ထုတို့သည် အနောက်နံရံ ပြူတင်းမှန်ချပ်တို့၌ လည်းကောင်း၊ အိမ်တွင်းရှိ မှန်လုံး၌လည်းကောင်း တစ်ပြိုင်နက် ပေါ်ကုန်၏။ တောင်အရပ်၌ ရှိသမျှသော ဝတ္ထုတို့သည် တောင်နံရံ ပြူတင်းမှန်ချပ် တို့၌လည်းကောင်း၊ အိမ်တွင်းရှိ မှန်လုံး၌လည်းကောင်း တစ်ပြိုင်နက် ပေါ်ကုန်၏။ မြောက်အရပ်၌ ရှိသမျှသော ဝတ္ထုတို့သည် မြောက်နံရံ ပြူတင်းမှန်ချပ်တို့၌လည်းကောင်း တစ်ပြိုင်နက် ပေါ်ကုန်၏။ အောက်အရပ်၌ ရှိသမျှသော ဝတ္ထုတို့သည် အောက်ကြမ်းပြင် မှန်ချပ်စု၌လည်းကောင်း၊ အိမ်အလယ်၌ မှန်လုံးတစ်ခု၌လည်းကောင်း တစ်ပြိုင်နက် ပေါ်ကြကုန်၏။

## နန်းအိမ်ကြီးနှင့် ခန္ဓာကိုယ်တူပုံ

ဤနန်းအိမ်ကြီးအလားတူ ဤကိုယ်ခန္ဓာ၌လည်း မနောဟူ သော အကြည်ဓာတ် မှန်လုံးကြီးသည် နှလုံးအိမ်အတွင်း၌ တည်၏။ ထိုမနောဟူသော အကြည်သည်သာလျှင် တလျှမ်းလျှမ်း တလက် လက် ပြိုးပြိုးပြက် တောက်ထွန်း၏။

**"ဘိက္ခဝေ= ရဟန်းတို့၊ ပဘဿရံ= ပဘာဿရံ ... ဤစိတ်ဟူသော ဓာတ်သည်၊ ပဘာဿရံ= တထိန်ထိန် တလက်လက် ပြိုးပြိုးပြက် ရှိ၏။"**

http://www.dhammadownload.com



အပဟိတ်စိတ်ပင် ဖြစ်သော်လည်း အသက်ထက်ဆုံး တွေ့ဖူး သမျှ ကြုံဖူးသမျှကို အောက်မေ့လို၍ ရှေးရှုပြုလိုက်လျှင် အလိုရှိရာ အာရုံဝတ္ထုအမှုကိစ္စစုသည် ထိုစိတ်အကြည်မှာ ထင်လာပေါ်လာရ သည်။ အပဟိတ်ဟူသော မနောအကြည်ထက် ဒွိဟိတ်မနောက သာလွန်၍ ကြည်သည်။ ဒွိဟိတ်မနောအကြည်ထက် တိဟိတ် မနော အကြည်က သာလွန်၍ ကြည်သည်။

**ဘုံအားဖြင့်–**

ဘုံအားဖြင့် လူ့တိဟိတ်မနောထက် ဘုမ္မစိုးမနောက သာလွန်၍ ကြည်သည်။

ထို့ထက် တာဝတိံသာမနော၊

ထို့ထက် ယာမာမနော၊

ထို့ထက် တုသိတာမနော၊

ထို့ထက် နိမ္မာနရတိမနော၊

ထို့ထက် ပရနိမ္မိတဝသဝတ္တိမနော–စသည်ဖြင့် အထက် ဘဝဂ်တိုင်အောင် အဆင့်ဆင့်သိလေ။

**ပုဂ္ဂိုလ်အားဖြင့်–**

ပုထုဇဉ်သာမန်ထက် ပကတိသာဝကဗောဓိအလောင်းမနော။

ထို့ထက် မဟာသာဝကဗောဓိအလောင်းမနော။

ထို့ထက် အဂ္ဂသာဝကဗောဓိအလောင်းမနော။

ထို့ထက် ပစ္စေကဗောဓိအလောင်းမနော။

ထို့ထက် သဗ္ဗညုတဗောဓိအလောင်းတော်။ကီးများမနောက သာလွန်၍ ကြည်သည်။

ဘုရားအဖြစ်သို့ ရောက်တော်မူပြီးသော မနောအကြည်သည် အထွတ်အထိပ်သို့ ရောက်၏။ ထို့ထက် တိုးတက်ဖွယ်ကိစ္စ မရှိပြီ။ စကြဝဠာအနန္တ၊ ကမ္ဘာအနန္တ၊ သတ္တဝါအနန္တ၊ သင်္ခါရအနန္တ၊ ပညတ် အနန္တ၊ နိဗ္ဗာန်ကော၊ ဤအလုံးစုံသော တရားစုသည် သဗ္ဗညုမနော အကြည်တွင် မထင်သည်ဟူ၍ မရှိပေ။ အလုံးစုံ အကုန်ထင်ကြရပေ၏။

ဤမနောအကြည်သည် နန်းအိမ်ကြီးအလယ်၌ စိုက်ထား သော မှန်လုံးကြီးနှင့်တူ၏။ စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ ဟူသော အကြည်ငါးမျိုးတို့သည် နန်းအိမ်ကြီးမှာ ခြောက်မျက်နှာရှိ မှန်ချပ်တို့နှင့်တူ၏။ မျက်စိဖြင့်မြင်ကောင်းသော အဆင်းသဏ္ဌာန် အထည်ဝတ္ထု ဟူသမျှသည် စက္ခုအကြည်, မနောအကြည် နှစ်ဌာန၌ ဆိုက်ရသည်။ အသံဟူသမျှသည် သောတအကြည်, မနောအကြည် နှစ်ဌာန၌

http://www.dhammadownload.com



ဆိုက်ရသည်။ အနံ့ဟူသမျှသည် ဃာနအကြည်, မနောအကြည် နှစ်ဌာန၌ ဆိုက်ရသည်။ အရသာဟူသမျှသည် ဇိဝှါ အကြည်, မနောအကြည် နှစ်ဌာန၌ ဆိုက်ရသည်။ တွေ့၍ ထိ၍ သိကောင်းသော အပူအချမ်း, အကြမ်းအနု ဟူသမျှသည် တစ်ကိုယ် လုံးရှိ ကာယအကြည်နှင့် မနောအကြည် နှစ်ဌာန၌ ဆိုက်ရသည်။ ကြွင်းသော ဓမ္မာရုံ ဟူသမျှသည် မနောအကြည်သက်သက်၌ ဆိုက်ရသည်။

## အကြည် ၂-ခု တစ်ပြိုင်နက်ပေါ်ပုံ

မျက်စိဖြင့် လကိုကြည့်သောအခါ မျက်စိအကြည်မှာ လဝန်း သဏ္ဌာန်တစ်ခု၊ နှလုံးအိမ် မနောအကြည်မှာ လဝန်းသဏ္ဌာန်တစ်ခု။ ရောင်ခြည်ရွှန်းရွှန်း ထိန်ထိန်ထွန်း သော လဝန်းသဏ္ဌာန် နှစ်ခုတို့သည် မရှေးမနှောင်း တစ်ပြိုင်နက် တစ်ချက်တည်း ထိုနှစ်ဌာနမှာ ပေါ်ရ ကုန်သည်။

## ငှက်ရိပ်, လူရိပ် ဥပမာ

မရှေးမနှောင်း တစ်ပြိုင်နက်ကျပုံကား- ငှက်နှင့်ငှက်ရိပ်၊ သစ်ကိုင်းနှင့် သစ်ကိုင်းရိပ်မှာ မရှေးမနှောင်း တစ်ပြိုင်နက် နားဘိ သကဲ့သို့လည်းကောင်း၊ မှန်ကြည့်သောအခါ လူနှင့် လူရိပ် တစ်ပြိုင်နက် ပြုံးခြင်း၊ ရယ်ခြင်း၊ မဲ့ခြင်းစသည် ကဲ့သို့လည်းကောင်း မှတ်ရမည်။

## အရှေ့အရပ်မှ နေဝန်း

အရှေ့လောကဓာတ်မှ ထွက်ပေါ်၍လာသော နေဝန်း၏ အရိပ်သဏ္ဌာန်ကြီးသည် နန်းအိမ်ကြီးမှာ အရှေ့နံရံရှိ မှန်အကြည် ပေါက်မှ အိမ်လယ်ရှိ မှန်လုံးတိုင်အောင် ထိုးဝင်၍ မှန်လုံးထဲမှာ ထိန်ထိန်ရွှန်းရွှန်း နေဝန်းသဏ္ဌာန်ကြီး ထင်လေ၏။ အရှေ့အရပ် မျက်နှာကို မကြည့်ဘဲ ထိုမှန်လုံးကိုကြည့်၍ပင် နေဝန်းသဏ္ဌာန်ကြီး ကို မြင်နိုင်၏။

ဤအတူ မျက်စိဖြင့် လ,ကို ကြည့်လေရာ၏။ လ,၏ ရွှန်းရွှန်းဖိတ်ဖိတ် အရိပ်သဏ္ဌာန်ကြီးသည် စက္ခုဟူသော ကမ္ဘဇ ဓာတ်မှန် အကြည်ပေါက် နှလုံးအိမ်တွင်းရှိ မနောဟူသော ကမ္ဘဇ ဓာတ်မှန်တိုင်အောင် တိုးဝင်၍ နှလုံးအိမ်တွင်းမှာ ထိန်ထိန်ရွှန်းရွှန်း လဝန်းသဏ္ဌာန်တစ်ခု ပေါ်လေသည်။ စက္ခုအကြည်မှာ ပေါ်သည်နှင့် နှလုံးအိမ်တွင်းမှာ ပေါ်မှုသည် မရှေးမနှောင်း တစ်ပြိုင်နက် တစ်ချက်တည်းသာတည်း။ ။

ကွယ်ပျောက်မှုမှာမူကား- စက္ခုအကြည်မှာ လဝန်းသဏ္ဌာန် ကွယ်ပျောက်သော် လည်း မနောအကြည်မှာ ပျောက်တဲ့နိုင်သည် မဟုတ်။ (မြင်အောင်ကြည့်ပါလေ။) သည်တစ်ချက် ကောင်းကောင်း မြင်လျှင် အကြည်ခြောက်မျိုးအကုန် ဓာတ်ပေါက်အောင် မြင်နိုင်လိမ့် မည်။

http://www.dhammadownload.com



ထိုလဝန်းသဏ္ဌာန် အရိပ်ကြီး၏ စက္ခုမှန်ကြည်မှာ ထင်မှု၊ နှလုံးအိမ်တွင်း မနောမှန်ကြည်မှာ ထင်မှုပေါ်မှုသည် မိုးကြိုးမှန် သကဲ့သို့ ပြင်းထန်၏။ ထို့အတူ နေဝန်းကို ကြည့်ရှုရာ၌လည်း မျက်စိဟူသော စက္ခုအကြည်မှာ နေဝန်းသဏ္ဌာန် အရိပ်ကြီးတစ်ခု၊ မရှေးမနှောင်း တစ်ပြိုင်နက် တစ်ချက်တည်းသာတည်း။ သစ်ပင်ကို ကြည့်ရာ၌ စက္ခုမှာ သစ်ပင်သဏ္ဌာန် အရိပ်တစ်ခု၊ မနောမှာ သစ်ပင် သဏ္ဌာန် အရိပ်တစ်ခု တစ်ပြိုင်နက်ပေါ်သည်။ လူကိုကြည့်ရာ၌ စက္ခုမှာ လူသဏ္ဌာန် အရိပ်ကြီးတစ်ခု၊ မနောမှာ လူသဏ္ဌာန် အရိပ်ကြီးတစ်ခု တစ်ပြိုင်နက်ပေါ်သည်။ ထိုပေါ်မှုသည် မိုးကြိုးကြီးကျ သကဲ့သို့ ပြင်းထန်သည်။ မျက်စိနှင့် မြင်မြင်သမျှ ခပ်သိမ်းတို့၌ ဤနည်းအတူချည်းသိလေ။

**စက္ခုဝိညာဏ်စိတ်**

တိမ်တိုက်ချင်းချင်း ခွပ်ကြသောအခါ လျှပ်ရောင် ဖြစ်ပေါ် လာသကဲ့သို့ လည်းကောင်း၊ လေအချင်းချင်း တိုက်ကြသောအခါ ကြယ်ပျံသည်ဟု ခေါ်ကြသော ဥက္ကာလုံး ဖြစ်ပေါ်လာသကဲ့သို့ လည်းကောင်း၊ ခက်မာသော ဝတ္ထုတစ်ခုနှင့် ခက်မာသော ဝတ္ထုတစ်ခု ထိခိုက်ကြသောအခါ အသံဖြစ်ပေါ်လာသကဲ့သို့လည်းကောင်း၊ သံမီးခတ်နှင့် အနှစ်အဆီရှိသောကျောက် ထိခိုက်ကြသောအခါ မီးပွင့် မီးပွား ဖြစ်သကဲ့သို့ လည်းကောင်း၊ ထို့အတူ လဝန်းသဏ္ဌာန်စသော အရိပ်သည် စက္ခုအကြည်မှာ ထိခိုက်သော အခါ မိုးကြိုးကျသကဲ့သို့ ပြင်းထန်သော ထိခိုက်ချက်ဒဏ်အဟုန်ကြောင့် စက္ခုအကြည် ပေါ်မှာ ဝိညာဏ်စိတ် တဖွားဖွား ဖြစ်ပေါ်လာသည်။ ထိုဝိညာဏ်စိတ်ကို စက္ခုပေါ်မှာ ဖြစ်ခြင်းကြောင့် စက္ခုဝိညာဏ်စိတခေါ်သည်။ ထိခိုက် ချက်စဲပြန်လျှင် မီးပွားသေပျောက် သကဲ့သို့ ထိုဝိညာဏ် သေပျောက် ပြန်၏။

မနောအကြည်မှာ ထိခိုက်ချက်ဒဏ်အဟုန်ကြောင့် ထိုလဝန်း သဏ္ဌာန်ကိုသိသော ဝီထိစိတ်အစဉ် တဖွားဖွား ဖြစ်ပေါ်လေသည်။

ခေါင်းလောင်း, ကြေးစည်တို့ကို တုတ်တံနှင့် တစ်ချက် နှက်လိုက်လျှင် နှက်လိုက်သော ဒဏ်အဟုန်ကြောင့် အသံကလာပ် တွေ တဖွားဖွားပေါ်၍ နေသကဲ့သို့ တည်း။ ထိုဒဏ်ငြိမ်းပြန်လျှင် အသံပျောက်ဆုံးပြန်သကဲ့သို့ လဝန်းသဏ္ဌာန် ထိခိုက်ချက် ဒဏ်ဟုန် ငြိမ်းပြန်လျှင် ထိုဝီထိစိတ်အစဉ်သည် သေပျောက် ပျက်ဆုံးပြန်လေ၏။ (မျက်စိဖြင့် မြင်မြင်သမျှမှာ ဤနည်းအတူချည်း သိလေ။)

**စက္ခုအကြည်၊ ရူပါရုံ၊ စက္ခုဝိညာဏ်**

**ဓာတ်သုံးပါး တစ်ချက်တည်း ဓာတ်ဉာဏ်ပေါက်အောင် ရှုနည်းပြီး၏။**

http://www.dhammadownload.com



## သောတဝိညာဏ်စိတ်

မိုးသံလုံး,ရေသံလုံး,လေသံလုံး,စည်သံလုံး,ခေါင်းလောင်း သံလုံး, လူသံ, ခွေးသံ, ကြက်သံ, ငှက်သံ အစရှိသော အသံစုသည် နား ခေါ်သော သောတဓာတ်မှန်၌လည်းကောင်း၊ နှလုံးအိမ်တွင်းရှိ မနော ဓာတ်မှန်၌လည်းကောင်း ဤအကြည်ဓာတ်မှန်နှစ်ခု၌ မရှေးမနှောင်း တစ်ပြိုင်နက် တစ်ချက်တည်း ပေါ်သည် ခိုက်သည်။

ထိုထိခိုက်မှုသည်လည်း မိုးကြိုးကျသကဲ့သို့ ပြင်းထန်သည်။ သောတအကြည်မှာ အသံလုံးပေါ်ချက် ထိခိုက်ချက်ဒဏ်အဟုန်ကြောင့် သောတအကြည်ပေါ်မှာ ဝိညာဏ်စိတ် တဖွားဖွား ဖြစ်ပေါ်သည်။ ထိုဝိညာဏ်စိတ်ကို သောတအကြည်ပေါ်မှာ ဖြစ်ပေါ်ခြင်းကြောင့် သောတဝိညာဏ်စိတ် ခေါ်သည်။ အသံစဲပြန်လျှင် ထိုသောတ ဝိညာဏ်စိတ်သည် သေပျောက်ကွယ်ဆုံးပြန်၏။

မနောအကြည်မှာ ထိခိုက်ချက်ဒဏ်အဟုန်ကြောင့် ထိုအသံကိုသိသော ဝီထိစိတ်အစဉ် တဖွားဖွား ဖြစ်ပေါ်သည်။ အောက်က ပြဆိုခဲ့ပြီးသော ခေါင်းလောင်းပမာကဲ့သို့ ထိုအသံခိုက်ဒဏ်ငြိမ်း ပြန်လျှင် ထိုဝီထိစိတ်အစဉ် သေပျောက်ကွယ်ဆုံးပြန်၏။ (နားနှင့်ကြားကြားသမျှ ဤနည်းချည်းသိလေ။)

**သောတအကြည်၊ သဒ္ဒါရုံ၊ သောတဝိညာဏ်စိတ်**

**ဓာတ်သုံးပါးကို တစ်ချက်တည်း ဓာတ်ဉာဏ်ပေါက်အောင် ရှုနည်းပြီး၏။**

## ဃာနဝိညာဏ်စိတ်

ခွေးသေကောင်ပုပ်အနံ့, လူသေကောင်ပုပ်အနံ့, မြွေသေ ကောင်ပုပ်အနံ့, စံပယ်နံ့, နှင်းဆီနံ့, ဒေါနနံ့, ရေမွှေးနံ့ အစရှိသော အနံ့စုသည် နှာခေါင်းခေါ်သော ဃာနဓာတ်မှန်၌လည်းကောင်း၊ နှလုံးအိမ်တွင်းရှိ မနောဓာတ်မှန်၌လည်းကောင်း ဤအကြည်ဓာတ်မှန် နှစ်ခု၌ မရှေးမနှောင်း တစ်ပြိုင်နက် တစ်ချက်တည်း ပေါ်သည် ခိုက်သည်။

ထိုထိခိုက်မှုသည်လည်း မိုးကြိုးကျသကဲ့သို့ ပြင်းထန်သည်။ ဃာနအကြည်မှာ အနံ့လုံးပေါ်ချက် ထိခိုက်ချက်ဒဏ်အဟုန်ကြောင့် ဃာနအကြည်ပေါ်မှာ ဝိညာဏ်စိတ် တဖွားဖွား ဖြစ်ပေါ်သည်။ ထို ဝိညာဏ်စိတ်ကို ဃာနအကြည်ပေါ်မှာ ဖြစ်ပေါ်ခြင်းကြောင့် ဃာန ဝိညာဏ်စိတ် ခေါ်သည်။ အနံ့စဲပြန်လျှင် ထိုဃာနဝိညာဏ်စိတ်သည် သေပျောက်ကွယ်ဆုံးပြန်၏။

http://www.dhammadownload.com



မနောအကြည်မှာ ထိခိုက်ချက်ဒဏ်အဟုန်ကြောင့် ထိုအနံ့ ကိုသိသော ဝီထိစိတ်အစဉ် တဖွားဖွား ဖြစ်ပေါ်သည်။ ထိုအနံ့ခိုက် ဒဏ်ငြိမ်းပြန်လျှင် ထိုဝီထိစိတ်အစဉ် သေပျောက်ကွယ်ဆုံးပြန်၏။ (နှာခေါင်းနှင့်နံသမျှ ဤနည်းချည်းသိလေ။)

**နှာခေါင်းရှိ ဃာနအကြည်၊ အနံ့အမျိုးမျိုးဟူသော ဂန္ဓာရုံ၊ ထိုနှာခေါင်းအကြည်မှာ ဖြစ်ပေါ်သော ဃာနဝိညာဏ်စိတ် ဤသုံးပါးကို တစ်ချက်တည်း စိတ်ဉာဏ်ပေါက်အောင် ရှုနည်းပြီး၏။**

## ဇိဝှါဝိညာဏ်စိတ်

အချို၊ အချဉ်၊ အငန်၊ အစပ်၊ အဖန်၊ အခါး အစရှိသော အရသာစုသည် လျှာခေါ်သော ဇိဝှါစိတ်မှန်၌လည်းကောင်း၊ နှလုံး အိမ်တွင်းရှိ မနောစိတ်မှန်၌ လည်းကောင်း၊ ဤအကြည်စိတ်မှန် နှစ်ခု၌ မရှေးမနှောင်း တစ်ပြိုင်နက် တစ်ချက်တည်း ပေါ်သည် ခိုက်သည်။

ထိုထိခိုက်မှုသည်လည်း မိုးကြိုးကျသကဲ့သို့ ပြင်းထန်သည်။ ဇိဝှါအကြည်မှာ အရသာလုံးပေါ်ချက် ထိခိုက်ချက်ဒဏ်အဟုန်ကြောင့် ဇိဝှါအကြည်ပေါ်မှာ ဝိညာဏ်စိတ် တဖွားဖွား ဖြစ်ပေါ်သည်။ ထို ဝိညာဏ်စိတ်ကို ဇိဝှါအကြည်ပေါ်မှာ ဖြစ်ပေါ်ခြင်းကြောင့် ဇိဝှါ ဝိညာဏ်စိတ် ခေါ်သည်။ အရသာစဲပြန်လျှင် ထိုဇိဝှါဝိညာဏ်စိတ် သည် သေပျောက်ကွယ်ဆုံးပြန်၏။

မနောအကြည်မှာ ထိခိုက်ချက်ဒဏ်အဟုန်ကြောင့် ထို အရသာကိုသိသော ဝီထိစိတ်အစဉ် တဖွားဖွား ဖြစ်ပေါ်သည်။ ထို အရသာခိုက်ဒဏ် ငြိမ်းပြန်လျှင် ထိုဝီထိစိတ်အစဉ် သေပျောက် ကွယ်ဆုံးပြန်၏။ (လျှာနှင့်လျက်သမျှ ဤနည်းချည်း သိလေ။)

**လျှာအပြင် ဇိဝှါအကြည်၊ အချို့အချဉ် အစရှိသော ရသာရုံ၊ လျှာအကြည်ပေါ်မှာ ဖြစ်ပေါ်သော ဇိဝှါဝိညာဏ်စိတ်၊ ဤစိတ်သုံးပါးကို တစ်ချက်တည်း စိတ်ဉာဏ်ပေါက်အောင် ရှုနည်းပြီး၏။**

## ကာယဝိညာဏ်စိတ်

ကာယဟူသော မှန်အကြည်သည်ကား– ဦးခေါင်းဦးထိပ်မှ စ၍ ခြေဖဝါးအပြင် တိုင်အောင် ကိုယ်တွင်းကိုယ်ပ အသားအသွေး ရှိသမျှ အလုံးစုံကို အကုန်နှံ့ပြား၍ တည်၏။ မြမြထက်သော အပ်သွားနှင့် ထိုး၍စမ်းလျှင် နာမှန်းသိရာ အရပ်စုသည် ကာယ စိတ်ကြည် ရှိသည်ချည်းတည်း။

http://www.dhammadownload.com



ပထဝီကြမ်း, ပထဝီနုအမျိုးမျိုး၊ အပူအအေးဟူသော တေဇောအမျိုးမျိုး၊ အဟုန်ကြမ်း, အဟုန်နုဟူသော ဝါယောအမျိုးမျိုး စသည် ထိုကာယအကြည်မှာချည်း ဆိုက်ရသည်။ ခြေဖဝါးအပြင်ကို မီးနှင့်ကင်၍ ပူမှန်းသိရာ၊ ရေနှင့်ဆေး၍ အေးမှန်း သိရာတို့၌ ထိုပူမှု, အေးမှုတို့သည် ခြေဖဝါးအပြင်ရှိ ကာယဓာတ်ကြည်စုမှာ တစ်ချက်၊ နှလုံးအိမ်တွင်းရှိ မနောအကြည်ကြီးမှာ တစ်ချက် တစ်ပြိုင်နက် ပေါ်လေ၏၊ ခိုက်လေ၏၊ တိုက်လေ၏။

ထိုထိမှု,ခိုက်မှု,တိုက်မှုသည် မိုးကြိုးမှန်သကဲ့သို့ ပြင်းထန် ၏။ ပြင်းထန်သော ဒဏ်ချက်ကြောင့် ခြေဖဝါးအပြင် တစ်ခုလုံးမှာ ကာယဝိညာဏ်စိတ် အပြည့်ပေါ်လေ၏။ နှလုံးအိမ်အတွင်းမှာ ထိုအပူအအေးကိုသိသော ဝီထိစိတ်အစဉ် တတွေတွေ ဖြစ်ပေါ်လေ၏။ ထိုအပူ, ထိုအအေးစု ပျောက်စဲလျှင် ထိုဝိညာဏ်စု, ထိုဝီထိအစု ပျောက်ပျက် သေဆုံးလေ၏။

အတွင်းအပြင် တစ်ကိုယ်လုံး၌ ပူမှန်းသိရာဌာန၊ အေးမှန်း သိရာဌာန၊ နာမှန်းသိရာဌာန၊ ကျင်မှန်းသိရာဌာန၊ ကိုက်မှန်း, ခဲမှန်း, ညောင်းမှန်း, ညာမှန်း, ထုံမှန်း, အောင့်မှန်း, အင့်မှန်း, လှုပ်မှန်း, တုန်မှန်း သိရာဌာန စသည်တို့မှာ ဤနည်းချည်း တည်း။ (ကာယဝိညာဏ်ဓာတ် ပေါ်မှုကို သိလေ။)

**ကာယဓာတ်မှန်၊ ဖောဋ္ဌဗ္ဗာရုံ၊ ကာယဝိညာဏ်စိတ်**
**ဓာတ်သုံးမျိုးကို ဓာတ်ဉာဏ်ပေါက်အောင်ရှုနည်းပြီး၏။**

## မနောဝိညာဏ်စိတ်

နှလုံးအိမ်တွင်း၌ စမ်းရေပွက်သကဲ့သို့ တလက်လက် တလင်းလင်း တဖွားဖွား မပြတ်မစဲ အမြဲဖြစ်ပေါ်၍နေသော ဘဝင် စိတ်ကို မနောအကြည်ဆိုသည်။

ထိုဘဝင်စိတ်ဟု ဆိုအပ်သော မနောအကြည်သည် ရှေးဘဝ ဟောင်းနှင့်စပ်သော အာရုံကိုသာ အာရုံပြုသည်ဖြစ်၍လည်းကောင်း၊ ထိုသို့ပြုသော်လည်း ထင်လင်းသော ပြုခြင်းမဟုတ်။ မထင်မရှားသော ပြုခြင်းသာ ဖြစ်၍လည်းကောင်း၊ အဘယ်ကို အာရုံပြုသည်ဟု ပုဂ္ဂိုလ် သဏ္ဍာန်မှာ ပေါ်တော့သည်မဟုတ်။ တစ်ညဉ့်လုံး အိပ်၍နေရာ အိပ်မက်မှာကိုလွတ်၍ ဘဝင်စိတ်အာရုံပြုချက်နှင့် ငါသည် ဘယ်အာရုံကို တွေ့မြင်ရ သည်ဟု မသိလေ။ ထိုဘဝင်ဟူသော မနောအကြည်လည်း မြစ်ရေအစဉ်ကဲ့သို့ ဖြစ်၍ နေစဉ်အခါ ထိုပုဂ္ဂိုလ်သည် သေငယ် သေ၍နေသတည်း။

http://www.dhammadownload.com



အကြင်အခါ နေဝန်း, လဝန်းစသော အာရုံနိမိတ်သည် စက္ခုအကြည်စသော အကြည်ငါးမျိုးတို့မှဝင်၍ ထိုဘဝင်ဟူသော မနောအကြည်မှာ ပေါ်၏၊ ခိုက်၏။ ထိုအခါ ထိုဘဝင်အကြည်သည် တုတ်,လှံဒဏ်ထိသော မြွေကဲ့သို့လည်းကောင်း၊ တီကဲ့သို့လည်းကောင်း ဆတ်ဆတ်ခါထကြွ၍ ပြတ်စဲပြီးလျှင် ထိုနေရာမှာ ကြယ်ဥက္ကာလုံးတွေ ပေါ်ထွက်သကဲ့သို့ ထိခိုက်လာသော အာရုံကို သိသော ဝီထိစိတ်တွေ ပေါ်ထွက်လေ၏။ ထိုအခိုက်အတိုက် ပြယ်ပျောက်ပြန်လျှင် ကြယ်ဥက္ကာလုံးတွေ ကွယ်ပျောက်ပျက်ဆုံးသကဲ့သို့ သေပျောက်ပျက်ဆုံးလေ၏။

အကြင်အခါ၌ မြင်မှု, ကြားမှု, နံမှု, လျက်မှု, ကိုယ်မှာ တွေ့ထိမှုတို့မှ အလွတ်ဖြစ်၍ ခြောက်ပါးသော အာရုံတို့သည် မနော အကြည်သက်သက်မှာသာ ထင်လာကုန်၏။ ထိုအခါမှာလည်း ထိုဘဝင်ဟူသော မနောအကြည်သည် ဆတ်ဆတ်ခါခါ လှုပ်ကြွ၍ ပြတ်စဲပြီးလျှင် အာဝဇ္ဇန်းဇောတို့သည် ဖြစ်ပေါ်၍ ထိုအာရုံဝတ္ထုအမှုကိစ္စတို့ကို ကြံဖန်ကုန်၏။ အထင်အခိုက်စဲပြန်လျှင် ထိုအာဝဇ္ဇန်းဇောတို့သည် ပေါ်ထွက်သော ကြယ်ဥက္ကာလုံးတွေ ပျောက်ကွယ်သကဲ့သို့ ပျောက်ကွယ်သေဆုံးကြလေကုန်၏။

**ဘဝင်ဟူသော မနောအကြည်ဓာတ်၊ မနောရုံ၊**
**မနောဝိညာဏ် ဓာတ်သုံးပါးကို ဓာတ်ဉာဏ်ပေါက်အောင်ရှုနည်းပြီး၏။**

## အနိစ္စ, ဒုက္ခ, အနတ္တ
## လက္ခဏာရေးသုံးပါးကို ထင်ရှားအောင် ပြပေအံ့

လက္ခဏာရေးသုံးပါးကို ရှုလိုမြင်လိုသောသူသည် ထို လက္ခဏာရေးသုံးပါး၏ ခိုရာမှီရာဖြစ်သော ရုပ်ဓာတ်နာမ်တို့ကို တစ်ကိုယ်ကောင်လုံး အုန်းအုန်းဆူကြွ အကုန်ထအောင် ဆွရသည်။ တစ်ကိုယ်လုံး အုန်းအုန်းဆူကြွ အကုန်ထမှ မြင်ရသည်။

### ဆွပုံဆွနည်း

ဆွပုံဆွနည်းမှာ၊ ဤခန္ဓာကို-

နှစ်ပုံခွဲ၍ဆွနည်း၊
သုံးပုံခွဲ၍ဆွနည်း၊
လေးပုံခွဲ၍ဆွနည်း၊
ငါးပုံခွဲ၍ဆွနည်း၊
ခြောက်ပုံခွဲ၍ဆွနည်း- စသည်ဖြင့် များသော အပြားရှိ၏။

http://www.dhammadownload.com



## နှစ်ပုံခွဲ၍ဆွနည်း

ရုပ်တစ်စု, နာမ်တစ်စုပြု၍ ဆွနည်းသည် နှစ်ပုံခွဲ၍ဆွနည်း မည်၏။

## သုံးပုံခွဲ၍ဆွနည်း

ဝေဒနာသုံးပါးနှင့် သုံးပုံခွဲ၍ဆွနည်းသည် သုံးပုံခွဲ၍ဆွနည်း မည်၏။

## လေးပုံခွဲ၍ဆွနည်း

အာဟာရလေးပါးပြု၍ ဆွနည်းသည် လေးပုံခွဲ၍ဆွနည်း မည်၏။

## ငါးပုံခွဲ၍ဆွနည်း

ခန္ဓာငါးပါးပြု၍ ဆွနည်းသည် ငါးပုံခွဲ၍ဆွနည်း မည်၏။

## ခြောက်ပုံခွဲ၍ဆွနည်း

မြေတစ်စု, ရေတစ်စု, လေတစ်စု, မီးတစ်စု, ဝိညာဏ် တစ်စု, အာကာသတစ်စု ပြု၍ ခြောက်ပုံခွဲ၍ဆွနည်းမည်၏။ ။

**(အာယတနနှင့်ခွဲလျှင် ဆယ့်နှစ်ပုံဖြစ်၏။ ဓာတ်နှင့်ခွဲလျှင် ဆယ့်ရှစ်ပုံဖြစ်၏။ ကောဋ္ဌာသနှင့်ခွဲလျှင် သုံးဆယ့်နှစ်ပုံဖြစ်၏။ အဘိဓမ္မာနည်းနှင့်ခွဲမှုကား တရားသရုပ် အလွန်များပြား၏။)**

ဤခန္ဓာကို လက္ခဏာရေးနှင့် ကြိတ်နယ်လိုသောသူမှာ– အဘိဓမ္မာနည်းမလို၊ ပညာပါရမီပွားများဖို့, ပဋိသမ္ဘိဒါဉာဏ်ပွားများဖို့ အရာ၌သာ အဘိဓမ္မာနည်းလိုသည်။ တရားကိုယ် အစိတ်အလီ များပြားလွန်းလျှင် ခွဲမှုခြမ်းမှု ဝန်ကြီး၍ ခရီးမတွင်ရှိသည်။ အစိတ်များ လျှင် မမြင်နိုင်, မထင်နိုင်သော တရားစုအများ ပါရှိသည်။

မမြင်သောတရားကို လက္ခဏာရေးတင်၍လည်း ဘာဝနာ အစစ် မဖြစ်။ တရားကိုယ် တရားချက်ကို အတပ်မြင်၍တင်မှ ဘာဝနာအစစ်ဖြစ်သည်။

မြတ်စွာဘုရားသည်လည်း အဘိဓမ္မာနည်းကို တာဝတိံသာ၌ တစ်ခါ၊ စန္ဒကူးတောတွင် ရှင်သာရိပုတ္တရာကို တစ်ခါသာ ဟောလေ သည်။ သည့်ပြင် ဘယ်သုတ္တဝါကိုမျှ အဘိဓမ္မာနည်းနှင့် ဟော၍ ချုတ်သည်ဟု မရှိ။ တာဝတိံသာတွင် အဘိဓမ္မာဟောစဉ်အခါမှာ လည်း နတ်, ဗြဟ္မာတို့ကို သုတ္တန်နည်း ညှပ်၍ညှပ်၍ ချွတ်ရသည်။

ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို စီးဖြန်းလိုသောသူသည် ကျယ်ဝန်း နက်နဲလို၍ ရှာန်မရ။ စတုဓာတုဝဝတ္ထာန် ကမ္မဋ္ဌာန်းကို စီးဖြန်းသော သူသည် သိမ်မွေ့နက်နဲလို၍ ရှာန်မရ။ ဤအတူမှတ်။

http://www.dhammadownload.com



အရှင်သာရိပုတ္တရာသည် တရားအစိတ်အလီ ကျယ်ဝန်း များပြား၍ နေသောကြောင့် ဆယ့်ငါးရက်မှ ရဟန္တာဖြစ်သည်။ အရှင် မောဂ္ဂလ္လာန်မှာ တရားအစိတ်အလီ သင့်တင့်ရုံ ခွဲခြမ်း၍ရှုသောကြောင့် ခုနစ်ရက်နှင့် ရဟန္တာဖြစ်သည်။ (သက်သေ)

ဓာတ်ခြောက်ပါးခွဲ၍ ပက္ကုသာတိမင်းကျွတ်ရာမှာ ဓာတ်ကြီး လေးပါး၌ လက္ခဏာရေးသုံးပါးတင်လျှင် ဥပါဒါရုပ်စု ပြီးတော့သည်။ စိတ်၌ လက္ခဏာရေးသုံးပါး တင်လျှင် စေတသိက်စု ပြီးတော့သည်။ အာကာသဓာတ်မှာ ထင်ရှားလှ၍ အကူအပံ့မျှ ထည့်လေသည်။ ဘုံနန်းပြာသာဒ် ဆောက်လုပ်ရာ၌ သည်မတိုင်, ထုပ်လျှောက်, ရက်မ, ဆင့်, ကြမ်း, ဒိုင်းကျားတို့နှင့် သတ္တဝါမှာ အမာခံ အထည်ခံ ဓာတ်ကြီးလေးပါး တူသည်။ ပြာသာဒ်အမွမ်းအခြယ် ကြိယာစုနှင့် အကြည်ဓာတ်ခြောက်မျိုး တူသည်။

## သန္တတိရှုပုံ

အနိစ္စလက္ခဏာကို သန္တတိဖုံးလွှမ်းသည်။ သန္တတိကိုရှုမှ အနိစ္စလက္ခဏာ ပေါ်သည်ဟူသော ကျမ်းဂန်စကား၌ သန္တတိကို ရှုမှုသည် အာဟာရနှင့်စပ်၍ ရှုမှု, ဣရိယာပထနှင့်စပ်၍ ရှုမှု, အနာရောဂါနှင့်စပ်၍ ရှုမှု စသည်ဖြင့် များပြား၏။

## အာဟာရနှင့်စပ်၍ ရှုပုံ

အာဟာရနှင့်စပ်၍ ရှုမှုကို ဆိုပေအံ့။ ။

**"သဗ္ဗေသတ္တာ အာဟာရဋ္ဌိတိကာ။"**

သဗ္ဗေ= အလုံးစုံကုန်သော၊ သတ္တာ= သတ္တဝါတို့သည်၊ အာဟာရဋ္ဌိတိကာ= အာဟာရနှင့် တွဲဖက်၍ အသက်ရှည်ရ တည်ရ ကြကုန်၏။ **(ပါဠိတော်)**

တစ်ထပ်စာပြု၍ မျိုအပ်သောအစာ၌ ဓာတ်ဆီထက်ဝက်၊ ဓာတ်မီးထက်ဝက် ပါ၏။ ဆာလောင်နွမ်းလျ၍ နေသောသူ၌ ဆာလောင်မှုကား ပါစကဓာတ်မီးသည် အစာအိမ်မှာ အစာမရှိ၍ အထက်နလုံး,အသည်းသို့ မီးကူးလျှင် နလုံး,အသည်းစသော ရင်တွင်းသားတို့မှ ဓာတ်မီးထ၍ လောင်သည်ကို ဆာလောင်သည် ခေါ်သည်။ နွမ်းလျမှုကား တစ်ကိုယ်လုံးရှိ ရုပ်ဓာတ်တို့၏ လျော့ပါး မှုတည်း။

## ရေမြှုပ်ဆိုင် ဥပမာ

လေဟုန်,လှိုင်းဟုန်ကြောင့် ရေမှဖြစ်သော လူပမာဏရှိသော ရေမြှုပ်စုကြီးသည် ရေမှလွတ်၍ ကုန်းပေါ်သို့ရောက်လေရာ ရေနှင့် ကွာ၍ အာပေါ်အစေးခြောက်သဖြင့် အတွင်းတစ်ခွင်လုံး အပြင်တစ်ခွင်လုံး ရေပွက်တို့သည် ဖြုတ်ဖြုတ် ဖြုတ်ဖြုတ် ကျေပျက်

http://www.dhammadownload.com



ကြကုန်၏။ အတွင်းတစ်ခွင်လုံး ရေမှုက်ငယ်နှင့် ကျေပျက်ပုံကို အကုန်မြင်အောင် ကြည့်။ ထိုအခါ အတွင်းသားရေပွက်တို့ ကျေပျက်ကြသည့်အတွက် ရေမြှုပ်ခဲကြီး အတွင်းသား အားလုံးကျဲ၍ ဟာ၍ကုန်သဖြင့် တရွေ့ တရွေ့ ကြုံ၍သွား၏။ ကျန်ရှိသော ရေမြှုပ်သားတို့လည်း လျော့လျော့ ပါးပါး အားနဲ့အင်နဲ့ ဖြစ်ကြကုန်၏။ (မြင်အောင်ကြည့်။)

## မီးအိမ်ပျံ ဥပမာ

မီးအိမ်ပျံ မှိုင်းခံရာ၌ ရေနံတိုင်ကြီးကို မီးညှိ၍ အတွင်းသို့ သွင်းလိုက်လျှင် မီးတောက်များမှထွက်သော အခိုးတို့သည် အိမ်တွင်း တစ်ခွင်လုံး အပြည့်တိုးပွားကာ နေကုန်၏။

ဤကိုယ်တစ်ကောင်လုံးသည် မီးအိမ်ရှည်ကြီးနှင့်တူ၏။ တစ်ထပ်စာ မျိုလိုက်သော အစာစုသည် မီးအိမ်တွင် သွင်းလိုက်သော ရေနံတိုင်မီးတောက်ကြီးနှင့်တူ၏။ အစာသစ်တွင်ပါသော ဓာတ်ဆီ ဓာတ်မီးတို့မှထ၍ တစ်ကိုယ်လုံးအပြည့် တိုးပွားသော မြေ,ရေ,မီး, လေ, မဟာဘုတ်ရုပ်သစ် ကလာပ်သစ်တို့သည် မီးအိမ်တွင်း၌ မှိုင်းခိုး တိုးပွားပြည့်လျှမ်းသည်နှင့်တူ၏။

ဤဥပမာ၌ အစာအိမ်၌ ထမင်းအစာ ရောက်သောအခါ အတွင်းတစ်ခွင်လုံး အပ်သွားရာမျှ မလပ်ရအောင် ဘုတ်သစ်, ရုပ်သစ်, ကလာပ်သစ်တို့ တိုးတက်ဖြစ်ပွားပုံကို အတပ်မြင်အောင် ပြသည်။ (မြင်အောင်ကြည့်။)

## မှန်တုံး, ဖန်တုံး ဥပမာ

လူကောင်ပမာဏရှိသော မှန်တုံး, ဖန်တုံးကြီးဝယ် အလယ် အတွင်း၌ မီးတိုင်သွင်း၍ ထွန်းထားလျှင် မီးတောက်သည်နှင့် တစ်ပြိုင်နက် မှန်တုံး,ဖန်တုံးတစ်ခုလုံး မီးရောင်အပြည့်အနှံ့ဖြစ်၏။ ထွန်းထားသောမီး တရွေ့တရွေ့ သေ၍သေ၍ မှိန်၍မှိန်၍ သွားလျှင် ထိုမီးရောင်တို့လည်း ချုပ်ယုတ်နည်းပါး၍ သွားကုန်၏။ မီးတောက် သေလျှင် မီးရောင်တို့လည်း အကုန်ပျောက်ကုန်၏။ ဤဥပမာဖြင့်– ထိုရုပ်သစ်ကလာပ်သစ်တို့သည် အစာအိမ်မှ အာဟာရဆူလျှင် ဆူဆူတက် တိုးပွားကုန်၏။ အာဟာရကျလျှင် ကျကြကုန်၏။ အာဟာရကုန်လျှင် ကုန်ကြ၏ဟု ပြသည်။ (မြင်အောင်ကြည့်။)

http://www.dhammadownload.com



## သန္တတိစွာပုံကိုဆိုအံ့

ယခုနေ့ ညစာစားပြီးနောက် အစာရေစာ အပြီးဖြတ်လိုက်အံ့၊ ဤကိုယ်သည် အဘယ်သို့ ဖြစ်သွားမည်နည်း–ဟု ဉာဏ်နှင့်ကြည့်၊ ယခုစားသောအစာ မကြေမီအတွင်း ယင်းအစာတွင်ပါသော ဓာတ်ဆီ ဓာတ်မီးတို့၏ အဟုန်ကြောင့် တစ်ကိုယ်လုံးရှိ ဓာတ်ဆီဓာတ်မီးတို့ သည် လျှမ်းလျှမ်းတောက်မျှ အကုန်ထ၍ တစ်ကိုယ်လုံးဝယ် အထည် ခံ အမာခံဖြစ်သော ဓာတ်ကြီးလေးပါးတို့ကို အပြည့်အနှံ့ ပွားစေ ကုန်၏။

မြေ,ရေ,မီး,လေ ဓာတ်ကြီးလေးပါး အသစ်အသစ် ဖြစ်ပေါ် တိုးပွားလျှင် ကြာအိုင်ကြီး ဥပမာကဲ့သို့ စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ, မနဓာတ်ကြည် ခြောက်ပါးတို့လည်း လင်းလင်းတက် တိုးပွားကုန်၏။ နွေအခါ ခြောက်သွေ့ ကျဲချောင်၍နေသော တောကြီး မှာ မိုးကြီး ကြီးစွာယူ၍ ယခုအသစ် ဖြစ်ပေါ်ပေါက်ပွား သော အညွန့် အရွက်တို့ဖြင့် ထူထပ်ပိတ်ဆို့ ညို့ညို့မှိုင်းမှိုင်း ဖြစ်သကဲ့သို့တည်း။ (မီးအိမ်ပျံဥပမာနှင့်လည်း တူအောင်ကြည့်။)

မျက်လုံးနှစ်ခုသည် ထိုတောအုပ်၌ ချုံဖုတ်ငယ်နှစ်ခုနှင့်တူ၏။ ထိုချုံငယ်နှစ်ခု သည် အရွက်ကြွေ၍ ကျဲရရဲနေစဉ် မိုးကြီးရွာ၍ အတွင်း အပြင် အရွက်အညွန့်ပြည့်သဖြင့် တစ်ချုံလုံးစွဲ၍ ရှန်း၍ ပိတ်၍ ပိန်း၍ စိမ်းစိမ်းညို့ညို့ မို့မို့မှိုင်းမှိုင်း ဖြစ်ပြန်၏။ (ချုံဖြစ်ပုံကို မြင်အောင်ကြည့်။)

မျက်လုံးနှစ်လုံးမှာလည်း ဝမ်း၌အစာမရှိ၍ မျက်လုံးရုပ်ခဲ အတွင်းသား ကျဲရ ရဲနေပုံ၊ အစာမျိုသောအခါ မိုးကြီးရွာ၍ တစ်ချုံလုံး ပေါက်သော အရွက်အညွန့် ပြည့်သကဲ့သို့ အစာ၌ပါသော ဓာတ်ဆီ အခိုး ဓာတ်မီးအခိုးတက်၍ မျက်လုံးတွင်းရှိ ဓာတ်ဆီ ဓာတ်မီးတို့ကို လန်းလန်းရွှင်ဖြိုး ကြွအောင်နှိုး၍ ထိုဓာတ်ဆီ ဓာတ်မီးတို့၏ အစီး အပွား၊ ဓာတ်ဆီလေးပါး၊ အကြည်ဓာတ်သုံးပါးတို့၏ တဖွားဖွား ဖြစ်ပေါ်တိုးတက် ပြည့်လျှမ်းပုံများကို အတပ်မြင်အောင်ကြည့်။ ဤသို့သော အချက်သို့ဆိုက်မှ ဒွိဟိတ်, တိဟိတ် နှစ်ပါးကွဲပြားသည်။ ဒွိဟိတ်မှန်လျှင် မြင်အောင်မကြည့်နိုင်။ တိဟိတ်မှန်မှ အတပ်မြင် အောင် ကြည့်နိုင်သည်။

ထို့ကြောင့် ကျွတ်ထိုက်သော တိဟိတ်အင်္ဂါကို ပြရာ၌–

**"ဥဒယတ္ထဂါမိနိယာ ပညာယ သမန္နာဂတော"**–

ဟု ဟောတော်မူသည်။

ဥဒယတ္ထဂါမိနိယာ= ရုပ်ဓာတ်, နာမ်ဓာတ်တို့၏ အသစ် အသစ် တဖွားဖွား ဖြစ်ပေါ်တိုးတက်ချက်ကိုလည်းကောင်း၊ ဖြစ်ပေါ် တိုးတက်ပြီးသော် ထိုရုပ်ဓာတ်, နာမ်ဓာတ်တို့၏ အစဉ်အတိုင်း ဖြုတ်ဖြုတ် ဖြုတ်ဖြုတ်ချုပ် ပျက်ကွယ်ပျောက်ချက်

http://www.dhammadownload.com



ကိုလည်းကောင်း အတပ်သိနိုင် မြင်နိုင်သော၊ ပညာယ= ပညာနှင့်၊ သမန္နာဂတော= ပြည့်စုံ၏။

မျိုးအပ်သော တောဖြစ်, တောင်ဖြစ်, မြေဖြစ်, ရေဖြစ်, အစာရေစာ၌ပါသော ဗဟိဒ္ဓဓာတ်ဆီဓာတ်မီးတို့မှ ဆက်လက်ဖြစ်ပေါ် ကြသော ရုပ်သစ်, ကလာပ်သစ်တို့ ဖြစ်ခြင်းကြောင့်လည်း ထိုတဖွားဖွား ဖြစ်ပေါ်ကြကုန်သော ရုပ်သစ်, နာမ်သစ်, ကလာပ်သစ်တို့သည် အခိုက်အတန့် ဖြစ်ပေါ်လာသော အာဂန္တုတို့သာတည်း။ ငါနှင့် မဆိုင် ငါပိုင်မဟုတ်ကုန်။ အနာပုပ်ကြီး၌ မဲရိုင်းယင်မတို့ လွတ်၍ကျသော သိမ်မွေ့ သေးငယ်လှစွာသော လောက်ရှင်တွေနှင့် ထပ်တူတို့သာတည်း။ ကိုယ်တွင်း၌ပင် ဖြစ်ကုန်သော်လည်း ထိုလောက်ရှင်တို့ကို ငါ့ကိုယ်, ငါ့ကိုယ်-ဟု အတွင်းပြု၍ သိမ်းပိုက် ခြင်းငှာ မထိုက်ပေ။

ထိုမျက်စိနှစ်လုံး၌ ဥတုဇရုပ်ကြမ်းဖြစ်သော အသားကြမ်း, အသွေးကြမ်းစသည် အထည်ခံတည်း။ ထိုအထည်ခံ ရုပ်ကြမ်းစုကား သေသည်နောက်တိုင်အောင် ကျန်ရှိလေ၏။ အကာရုပ် အခွံရုပ်စု ပေတည်း။ သတ္တဝါဟု မှောက်မှားကြသော ရုပ်နှ, ဓာတ်နှ တို့မှုကား သေသည်နှင့်တစ်ပြိုင်နက် ချုပ်ကွယ်ကုန်၏။

ဖြစ်ပွားချက်ကို မြင်ရသည်ဆိုသော်လည်း ဝတ္ထုအထည်ဒြဗ် အနေနှင့် မမြင်စေနှင့်။ ရိပ်ရိပ် ရိပ်ရိပ် မာချက်တိုးတက်၍ လာသည်ကား ပထဝီတည်း၊ မြေဓာတ်တည်း စသည်ဖြင့် အမူအရာ ကြိယာမျှကို မျက်လုံးသားတစ်ခုလုံး ဉာဏ်နှင့် ကြည့်။ မြင်အောင်ကြည့်နိုင်လျှင် တိဟိတ်။ မကြည့်နိုင်လျှင် ဒွိဟိတ်။

ထိုသို့ တိုးတက်ဖြစ်ပွား၍ မျက်လုံးပြည့်သောအခါ ထိုသတ္တဝါအား ငါ, ငါ ဟူသော ငါလုံး၊ ငါ့, ငါ့ဟူသော ငါ့လုံးနှင့်တကွ ကြွရွတောင့်တင်းသော စိတ်သညာ သည် ဖြစ်ပေါ်လာ၏။ ဖြစ်ပေါ်လာသော ရုပ်သစ်တို့ကို ငါပြု၍ ကြည်ကြည်လင်လင် ငါ, ငါမြင်သည်ဟု မိစ္ဆာအယူဖြစ်၏။ ထိုရုပ်သစ် ကလာပ်သစ်တို့ကို အာဂန္တုက ပြင်ပစစ်စစ် လောက်ရှင်တို့နှင့်မခြား ထင်နိုင်မှသာ မိစ္ဆာအယူပျောက် ၍ သမ္မာအယူ ရောက်နိုင်မည်။

**ဥဒယကိုပြသော အချက်ပြီး၏။**

## တောချုံပိတ်ပေါင်း ဥပမာ

ထိုနေ့ညစာကိစ္စနှင့် မျိုးလိုက်သော အစာတို့သည် သန်းခေါင် ကျော်မျှသာ မပုပ်မနွမ်း တည်နိုင်ကုန်သည်။ သန်းခေါင်ကျော်ကို လွန်လျှင်ပင် မစင်ပုပ်အဖြစ်သို့ တရွေ့တရွေ့ရောက်လေ၍ ပုပ်သိုး ရိနွမ်း၍ ကျလေကုန်၏။

http://www.dhammadownload.com



ထိုအခါ မိုးဓာတ်ရေဓာတ်နှင့်ဝေး၍ တဖြည်းဖြည်း ရင့်ရော် လျော့ရဲသဖြင့် ထိုတောအုပ် ထိုချုံငယ်ရှိ သစ်ရွက်တို့သည် ဖြုတ်ဖြုတ် ဖြုတ်ဖြုတ် ကြွေကျ၍ တောအလုံး၊ ချုံအလုံး အရိုးကျဲကျဲ အခြင်ကျဲကျဲ မွဲခြောက်ခေါင်းပါးပြန်သကဲ့သို့ ထို့အတူ သန်းခေါင်ကျော်တိုင်အောင် ကိုယ်နှင့်အပြည့်၊ မျက်လုံးအိမ်နှင့်အပြည့် ဖြစ်ပွား တိုးတက်ကြသော ဓာတ်ကြီးလေးပါး အကြည်ဓာတ်အများတို့သည် ဓာတ်ဆီ ဓာတ်မီးတို့ တရွေ့တရွေ့ ဆုတ်ယုတ်သည်နှင့် ထက်ကြပ်တကွ ဆုတ်ယုတ် ကွယ်ပျောက်ကြပြန်ကုန်၏။

မျက်လုံးသားသည် အရိုးကျဲကျဲ အခြင်ကျဲကျဲ လျော့ရဲနွမ်းပါး ကြုံ၍သွားပြန်၏။ သတ္တဝါသည်လည်း ကြည့်မှု၊ မြင်မှု မရှင်မပျရှိ ပြန်၏။ တောချုံငယ်၌ အတွင်းပြင်တစ်ခွင် အရွက်တွေကြွေချက်နှင့် ထပ်တူထပ်မျှ မြင်အောင်ကြည့်။ (မြင်လျှင် တိဟိတ်၊ မမြင်လျှင် ဒွိဟိတ်။)

## မြစ်ချောင်း ဥပမာ

မြစ်နားတစ်လျှောက်ရှိ ချောင်းထဲ၊ မြောင်းထဲ၊ အင်းထဲ၊ အိုင်ထဲမှာ မြစ်ရေကြီးစွာ တက်သောအခါ အပြည့်အလျှမ်းရှိနေသော ချောင်းရေ၊ မြောင်းရေ၊ အင်းရေ၊ အိုင်ရေတို့သည် မြစ်မက ရေကျ၍ သွားလျှင် လျော့၍ပါလေကုန်သည်နှင့်လည်း အတန်ငယ် တူပါ၏။

## ငါမနိုင်–ငါမဆိုင်–ငါမပိုင်

အစာသစ်ဆိုရသော ဗဟိဒ္ဓဓာတ်ဆီ ဓာတ်မီးတို့မှ တွယ်၍ ဖြစ်ပွားရသော ထိုမျက်လုံးရှိ အဇ္ဈတ္တရုပ်နာမ်စုသည် ဗဟိဒ္ဓဓာတ်ဆီ ဓာတ်မီးတို့ ဆုတ်ယုတ်ကျလျော့လျှင် ဆုတ်ယုတ်ကျလေသောကြောင့် ဆိုခဲ့ပြီးသော အာဂန္တုအဖြစ်သည် ထင်ရှားလှ၏။ ငါမပိုင်၊ ငါမနိုင်၍ မဆိုင်မှုသည် ထင်ရှားလှ၏။ အကြောင်းတစ်ခုကြောင့် ထိုအနာပုပ် တွင်းမှာပင် သေပျောက်ကွယ်ဆုံးကြသော လောက်ငယ်တွေနှင့် တူလှပေ၏။ မြင်အောင်ကြည့်။ (မြင်လျှင် တိဟိတ်၊ မမြင်လျှင် ဒွိဟိတ်။)

## အစာအသက် ခုနစ်ရက်

အစာသစ်အိမ်မှာ ပါစကဓာတ်မီးအဆီ ထုတ်ပြီးသော ရသ ဓာတ်ရည်စုသည် ဖရဏဓာတ်လေကြောင့် ဆူဝေလျှောက်သွား၍ တစ်ကိုယ်လုံးအပြည့် ရှိနေသောအခါ ဥသ္မာဓာတ်မီးရှိန် စောင့်ရှောက် ချက်ကြောင့် ရုတ်တရက် အကုန် မပုပ်မရိ မကုန်မခန်း တဲ့မူ၍ တရွေ့တရွေ့သာ ရိကုန်ခန်းသဖြင့် တစ်ကြိမ်မျိုသော အစာအသက် ခုနစ်ရက် ဖြစ်ရလေသည်။

http://www.dhammadownload.com



ထို့ကြောင့် အစာသစ်အိမ်မှ အစာသစ်ကုန်ပြီးနောက် ထို အစာသစ်မှဖြစ်သော ဓာတ်ဆီညွန့်၊ ဓာတ်မိးညွန့်ဟု ဆိုအပ်သော ရသဓာတ်ဆီတို့ စောင့်ထိန်းချက်ကြောင့် တစ်ကိုယ်လုံးရှိ အတွင်း ဓာတ်နတို့သည် ခဏစဉ်အတိုင်း တဖြုတ်ဖြုတ် ချုပ်ကုန်ငြားသော် လည်း ရုတ်တရက် မကုန်တဲ့မူ၍ ခုနစ်ရက်တိုင်အောင် မြင့်၍သွား ကုန်၏။ ခုနစ်ရက်တိုင်လျှင် အကြွင်းမရှိကုန် ကုန်၏။ သတ္တဝါကို သေပြီဆိုရ၏။

## ကြာရုံကြီး ဥပမာ

ဤအချက်ကို ကြာရုံကြီးဥပမာနှင့် ထင်စွာပြဦးအံ့။ အိုင် တွင်း၌ ရေရှိသောအခါ ကြာရုံရှင်လန်း၏။ အိုင်တွင်း၌ ရေကုန်လျှင် ကုန်ချင်း ကြာရုံမသေတဲ့သေး၊ ရွှံ့စုပ်၍ နေသော ရေအစောင့်အရှောက်နှင့် မသေဘဲ နေနိုင်သေးသည်။ ရွှံ့စုပ်သော ရေကုန်၍ ရွှံ့ခြောက်မှ သေသည်။

## သေပုံ

**သေပုံကား–** ရွှံ့စုပ်သောရေသည် အားရှိတုန်းအခါ ကြာမြစ် မှလျှောက်၍ ကြာရွက်ဖျားတိုင်အောင် တက်သည်။ နေပူ၍ တစ်နေ့ တခြား ရေအားနည်းသောအခါ ကြာရွက်ဖျားမှစ၍ တရွေ့တရွေ့ ရေသက်ကုန်ခန်းသည်။ ရေသက်ကုန်ခန်းရာ ကုန်ခန်းရာမှ ခြောက် သွေ့သေဆုံး၍လိုက်သည်။ ရွှံ့စုပ်သော ရေသက်အကုန်လုံး ကုန်သော အခါ အပင်ရော အမြစ်ပါ သေဆုံးသည်။

ဝမ်း၌တည်သော အစာသစ်သည် ကြာအိုင်ရှိရေနှင့် တူ သည်။ ဝမ်း၌ အစာသစ်ကုန်ပြီးနောက် ထိုအစာသစ်မှ တစ်ကိုယ်လုံး ပျံ့နှံ့၍နေသော ရသဓာတ်ဆီသည် ရွှံ့စုပ်၍ထားသော ရွှံ့ထဲရှိရေနှင့် တူသည်။ ဝမ်း၌အစာကုန်သော်လည်း ထိုရသဓာတ်ဆီ စောင့်ရှောက် ချက်ကြောင့် ခုနစ်ရက် အသက်ရှည်မှုသည် ရွှံ့ထဲရှိ ရေစောင့်ရှောက် ချက်ကြောင့် ကြာရုံမသေဘဲ နေသေးသည်နှင့် တူသည်။

ထိုကြာရုံသည် မသေသေးသော်လည်း အိုင်တွင်းရှိ ရေလျော့ပါးလျှင် လျော့ပါးသည်။ အိုင်တွင်းရေကုန်လျှင် မသေရုံမျှ ကျန်ရှိသည်။ အိုင်တွင်းရေကုန်လျှင် ရွှံ့တွင်းရေလည်း တစ်နာရီတခြား၊ တစ်နေ့တခြား ခန်း၍သွားသကဲ့သို့ ဝမ်း၌ရှိသော အစာကုန်လျှင် ကိုယ်တွင်း၌ရှိသော ရသဓာတ်ဆီတို့လည်း တစ်နာရီတခြား၊ တစ်နေ့ တခြား ကုန်ခန်းကုန်သည်၊ ရွှံ့တွင်း ရေတစ်နာရီတခြား ခန်း၍သွား လျှင် ကြာရုံမှာလည်း ကြာရွက်ဖျားမှစ၍ တစ်နာရီတခြား အစေး ကုန်ခန်း၍ လျော့ပါး၍သွားသကဲ့သို့ ကိုယ်တွင်းရှိ ရသဓာတ်ဆီ ဓာတ်မိး ဓာတ်ကြီးဓာတ်ကြည်တို့ ခြေဖျားလက်ဖျား နားရွက်မျက်လုံး စသည်တို့မှစ၍ ကုန်ခန်းကြကုန်သည်။ ရွှံ့တွင်းရှိရေ အကြွင်းအကျန်

http://www.dhammadownload.com



မရှိကုန်၍ ခြောက်သွေ့သောအခါ အမြစ်ပါကြာပင် သေဆုံးသကဲ့သို့ အသည်းနှလုံးရှိ ရသဓာတ်ဆီတိုင်အောင် အကြွင်းအကျန်မရှိ ကုန်ခန်းသောအခါ အသည်းနှလုံးရှိ ဓာတ်နုတို့ အကုန်ချုပ်ဆုံး၍ သတ္တဝါ သေပြီဆိုရသည်။ (ဥပမာမှာ အမြင်လင်းအောင် ကြည့်။)

## မျက်လုံးတွင်းရှိ ဓာတ်ဆီ, ဓာတ်မီး, ဓာတ်ကြီး, ဓာတ်ကြည်တို့ ချုပ်ယုတ် ကွယ်ပျောက်ပုံ

အထက်၌ ဆိုခဲ့ပြီးသောအတိုင်း ဝမ်းတွင်းရှိ အစာကျသော အခါမှစ၍ မျက်လုံးတွင်းရှိ ဓာတ်ဆီ, ဓာတ်မီး, ဓာတ်ကြီး, ဓာတ် ကြည်တို့သည် အားအင် လျော့ပါးကုန်၏။ ထင်းအားမီးအားကောင်း၍ ခွင်ပေါ်ရှိ အိုးတွင်း၌ ဆူဝေပြည့်လျှမ်း၍ တက်သော ရေပွက်ရေမြှုပ် တို့သည် ထင်းအားမီးအားနည်းသောအခါ လျော့ပါး၍ ကျကုန်သကဲ့သို့ ထင်းကုန်မီးကုန်သည့်အခါ ဖြုတ်ဖြုတ် ဖြုတ်ဖြုတ် ကျေပျက် ချုပ်ဆုံး ကြကုန်သကဲ့သို့ အစာသစ်အိမ်တွင် အစာကုန်သောအခါမှစ၍ မျက်လုံးတွင်းရှိ ဓာတ်ဆီ, ဓာတ်မီး, ဓာတ်ကြီး, ဓာတ်ကြည်တို့သည် တရွေ့တရွေ့ အားနည်းကုန်၍ ဖြုတ်ဖြုတ် ဖြုတ်ဖြုတ် ချုပ်ကြပျက်ကြ ကွယ်ပျောက်ကြကုန်၏။ မျက်လုံးနှစ်ခုကို ခွက်ခြား၍ ဆိုသည်မှာ ဉာဏ်အမြင်လင်းတဲ့မည့် နေရာဖြစ်၍ ခွက်ခြားသည်။ မျက်လုံးနှစ်ခု၌ အတပ်မြင်ပြီးမှ တစ်ကိုယ်လုံး ဉာဏ်ဖြန့်ရမည်။

## အသက်ဟူသော ဇီဝိတရုပ်သည် အပိုင်းအပိုင်းပြတ်ပုံ

ထိုသို့ချုပ်သောအခါ ထိုသတ္တဝါသည်လည်း တရွေ့တရွေ့ နွမ်းပါးကြုံ၍ သွားတော့သည်။ ထိုဓာတ်နုတို့ ချုပ်ကုန်ရာသို့ ထို သတ္တဝါ၏အားသည်လည်း ရိတ်ရိတ် ရိတ်ရိတ် အပိုင်းပြတ်၍ ပါလေတော့သည်။ ထိုသတ္တဝါ၏ အသက်သည်လည်း အပိုင်းအပိုင်းပြတ်၍ ပါလေတော့သည်။

အားဟူသည်ကား– ဗလဓာတ်ပေတည်း။

အသက်ဟူသည်ကား– ဇီဝိတရုပ်စုတည်း။

အသက်အပိုင်းအပိုင်း ကြွေ၍ကြွေ၍ ပါလေသောအခါမှစ၍ ထိုသတ္တဝါ နည်းနည်း နည်းနည်း သေပြီ။ သို့သော်လည်း ဇီဝိတရုပ် အကြွင်းအကျန်များသေး၍ အသေမခေါ်ကြသေး။ ထိုသို့ တစ်နာရီ ထက် တစ်နာရီ တစ်ကိုယ်လုံးရှိ အတွင်းဓာတ်နု, အားနု, အသက်တို့ ဖြုတ်ဖြုတ် ဖြုတ်ဖြုတ် မစဲချုပ်၍ အတွင်းချုပ်၍ နှစ်ရက်, သုံးရက်,

http://www.dhammadownload.com



လေးရက်, ငါးရက်, ခြောက်ရက်တိုင် သေ၍သွားသဖြင့် အရွက်ဖျားမှစ၍ အစဉ်အတိုင်း သေ၍လာသော ကြာရုံကဲ့သို့ ထိုသတ္တဝါဝယ် ဦးခေါင်း, ခြေ, လက်, မျက်စိ, နား, နှာစသော ကိုယ်အင်္ဂါအဖျား အနားမှစ၍ အသက်ကုန်၍ ကုန်၍သွား၏။

## သတ္တဝါသေဆုံးပုံ

နောက်ဆုံး၌ နှလုံးအသည်းရှိ ဓာတ်ဆီနှ, ဓာတ်မီးနှ, ဓာတ်ကြီးနှ, ဓာတ်ကြည်နှတို့ အကြွင်းအကျန်မရှိ ကုန်ဆုံး ကွယ် ပျောက်သောအခါ အသက်လည်း အကြွင်းအကျန်မရှိ ကုန်ဆုံးလေ တော့သည်။ ထိုအခါ ထိုသတ္တဝါကို သေပြီဆိုကြသည်။

## ဇီရဏဓာတ်မီး၏သတ္တိ

အစာသစ်အိမ်၌ အစာပြတ်သောအခါမှစ၍ တစ်ကိုယ်လုံး အပြည့်ရှိသော ဇီရဏဓာတ်မီးတို့လည်း အခွင့်ကြီးရကြ၍ မျက်လုံးတွင်းရှိ ဇီရဏဓာတ်မီးတို့သည် မျက်လုံးတွင်းရှိ ဓာတ်ဆီ, ဓာတ်မီး, ဓာတ်ကြီး, ဓာတ်ကြည်တို့ကို အစဉ်အတိုင်း ကုန်အောင် ခန်းအောင် အမျှင်းမျှင်းလောင်ကုန်၏။ ထိုဓာတ်ဆီ, ဓာတ်မီး, ဓာတ်ကြီး, ဓာတ် ကြည်တို့သည် အသက်ခဲစုနှင့်တကွ တဖြစ်ဖြစ် ကွယ်ပျောက်ကုန်ဆုံး ကြကုန်၏။ ဤအတူ ဦးနှောက်ခဲကြီးတစ်ခုလုံးရှိ ဇီရဏဓာတ်မီးတို့သည် ထိုဦးနှောက်ခဲကြီး အပြည့် ရှိသော ဓာတ်ဆီအနှ, ဓာတ်မီးအနှ, ဓာတ်ကြီးအနှ, ဓာတ်ကြည်အနှတို့ကို အသက် ခဲစုနှင့်တကွ တမျှင်းမျှင်း ကုန်ခန်းစေကုန်၏။

ထို့အတူ အသည်းတွင်းရှိ, အဆုတ်တွင်းရှိ, နှလုံးတွင်းရှိ စသည်ဖြင့် "တစ်ကိုယ်လုံးကုန်အောင် ဉာဏ်နိုင်ရုံ ကွက်၍ကွက်၍ ကြည့်လေ" ရေမြှုပ်ခဲကြီးရှိ ရေပွက်ငယ်တို့ ချုပ်ကြကုန်သကဲ့သို့လည်းကောင်း၊ ကြာရုံတွင်းရှိ အစေးတို့ ချုပ်ကြကုန် သကဲ့သို့ လည်းကောင်း ထပ်တူထပ်မျှ မြင်အောင်ကြည့်။ တကယ်မြင်ပေလျှင် **"ဖေဏပိဏ္ဍူပမံရူပံ"** ဟု ဟောတော်မူသော ခန္ဓသံယုတ်ကို ဟုတ်လှ ပေသည်ဟု ဖြစ်လတ္တံ့။ ပြ

ရူပံ= ရုပ်ကောင်ကြီးသည်၊ ဖေဏပိဏ္ဍူပမံ= အထက်က ထုတ်ပြခဲ့သော ရေမြှုပ်ခဲကြီးနှင့် တစ်ထပ်တည်း တူလှ၏။

တစ်ကိုယ်လုံးရှိ မာချက်, မာမှုဟူသော မြေဓာတ်ကြီး။

ဖွဲ့မှု, စေးမှုဟူသော ရေဓာတ်ကြီး။

နွေးမှု, အေးမှုဟူသော မီးဓာတ်ကြီး။

တောင့်မှု, တင်းမှုဟူသော လေဓာတ်ကြီး။

http://www.dhammadownload.com



ဤဓာတ်။ကိုးလေးပါးတို့၏ ရိပ်ရိပ် ရိပ်ရိပ် ရွေ့ရွေ့ ရွေ့ရွေ့ ချုပ်ယုတ် ကုန်ခန်းချက်တို့ကို မြင်လတ္တံ့။

စိတ်စေတသိက်တို့နှင့်တကွသော ဓာတ်ကြည်မျိုးတို့သည်ကား မိုးတိမ်တိုက်ကြီး၏အပေါ်တွင် ဖြစ်ပေါ်ထင်မြင်ရသော သက်တန့်ရေးတို့နှင့် တူကုန်၏။ မြေ, ရေ, မီး, လေဟူသော မဟာဘုတ်ဓာတ်ကြီးစုသည် မိုးတိမ်တိုက်နှင့်တူ၏။ မိုးတိမ်တိုက် ထူထပ်လျှင် ထိုသက်တန့်ရေးတို့လည်း နတ်ဝတ်ပုဆိုးကို ဖြန့်တန်း၍ လှန်းထားသကဲ့သို့ ရှိကုန်၏။ မိုးတိမ်တိုက် ပါးလျားလျှင် ပါးလျားကုန်၏။ မိုးတိမ်တိုက် အပိုင်း အပိုင်း ပြတ်၍သွားလျှင် အပိုင်းအပိုင်း ပြတ်ကုန်၏။ မိုးတိမ်ကွယ်ပျောက်လျှင် ကွယ်ပျောက်ကုန်၏။ ဤ ဥပမာအတိုင်းပင်တည်း။ (အတပ်မြင်အောင်ကြည့်လေ။)

ဤသို့သောအချက်သို့ဆိုက်မှ ဒွိဟိတ်, တိဟိတ် နှစ်ပါး ကွဲသည်။ ဒွိဟိတ် မှန်လျှင် မြင်အောင်မကြည့်နိုင်၊ တိဟိတ်မှန်လျှင် အတပ်မြင်အောင် ကြည့်နိုင်သည်။ ဤသို့လျှင် ရိပ်ရိပ် ရိပ်ရိပ် တိုးတက်ဖြစ်ပွားမှုဟူသော ဥဒယသဘော, ရိပ်ရိပ် ရိပ်ရိပ် ဆုတ်ယုတ် ကုန်ခန်းမှုဟူသော ဝယသဘောကို တကယ်မြင်ပေမှုကား-

**ယောစ ဝဿသတံ ဇီဝေ၊**

**အပဿံ ဥဒယဗ္ဗယံ။**

**ဧကာဟံ ဇီဝိတံ သေယျော၊**

**ပဿတော ဥဒယဗ္ဗယံ။**

ဟု ချီးမွမ်းချက်နှင့် ထိုက်သက်ပေတော့သည်။

ယောစ= အကြင်သူသည်လည်း၊ ဥဒယဗ္ဗယံ= ရုပ်နာမ်ဓမ္မ တို့၏ ဥဒယဖြစ်ပုံ, ဝယဖြစ်ပုံကို၊ အပဿံ= အိပ်မက်တွင်မျှ မမြင် ဖူးဘဲ၊ ဝဿသတံ= အနှစ်တစ်ရာပတ်လုံး၊ ဇီဝေ= အသက်ရှည်၏။ တဿ= ထိုသူ၏၊ ဇီဝိတာ= အနှစ်တစ်ရာ အသက်ရှည်မှုထက်၊ ဥဒယဗ္ဗယံ= ရုပ်နာမ်ဓမ္မတို့၏ ဥဒယဖြစ်ပုံ, ဝယဖြစ်ပုံကို၊ ပဿတော= မြင်သောသူ၏၊ ဧကာဟံ= တစ်ရက်မျှ၊ ဇီဝိတံ= အသက်ရှည်ခြင်းသည်၊ သေယျော= မြတ်သေး၏။

ရိပ်ရိပ် ရိပ်ရိပ် ပြိုပျက်မှုကို အတပ်မြင်လျှင် အနိစ္စလက္ခဏာ ကိုလည်း အတပ်မြင်လတ္တံ့။ အနိစ္စဖြစ်၍ ထိုတရားတို့ နွမ်းပါးညှိုးချုံးမှု, သေဆုံးချုပ်ပျက်မှု သည်ပင် ဒုက္ခဖြစ်လေရကား ဒုက္ခလက္ခဏာကိုလည်း အတပ်မြင်လတ္တံ့။ အနှစ်မရှိ၍ သိရသော အနတ္တလက္ခဏာ၊ ထိုပုဂ္ဂိုလ်၏ အလိုရှိချက်သို့ မလိုက်၍ သိရသော အနတ္တလက္ခဏာ၊ ထိုတရားတို့ ဖြစ်မှု, တည်မှု, ပွားမှု, ဆုတ်ယုတ်မှု, ချုပ်ဆုံးမှုတို့မှာ အာဏာပေး၍ အရေးမရသောကြောင့် အစိုးမရ၍ သိရသော အနတ္တ လက္ခဏာ၊ ဤအရာကိုလည်း ကောင်းစွာ ထင်လင်းကုန်လတ္တံ့။

http://www.dhammadownload.com



## သန္တတိပညတ်၊ အတပ်မြင်ရန်

ဤသို့လျှင် တစ်နေ့တစ်နေ့လျှင် နှစ်ထပ်နှစ်ထပ်မျိုး၍ မြေဖြစ်ရေဖြစ် ဓာတ်ဆိ၊ ဓာတ်မီးတို့ကို အလျဉ်မပြတ်ရအောင် ဆက်သွင်းသဖြင့် အတွင်းဓာတ်ဆိ၊ အတွင်းဓာတ်မီး၊ အတွင်းဓာတ်ကြီး၊ အတွင်းဓာတ်ကြည်တို့၏ ချုပ်ချုပ်ဖြစ်ဖြစ် အသစ် အဟောင်း သောင်းပြောင်းရောထွေ အနေမပြတ် ဆက်လက်မြင့်ရှည် အစဉ်တည်မှုသည် သန္တတိပညတ် မည်၏။

ထိုသန္တတိပညတ် မြေးယှက်ဖုံးလွှမ်းမှုကြောင့် ခိုတောင်လဲ ရွက်အုပ်နှသစ်ပင်၌ အသစ်အသစ်နှသော အရွက်တို့၏ ဖုံးလွှမ်းချက် ကြောင့် အနေမပျက် စည်ကားလျက်သာ မြင်ရသဖြင့် တစ်နေ့မစဲ တဖွဲဖွဲကြွေချက်၊ အရွက်ဟောင်းကုန်၍ ကုန်၍သွားချက်များကို အပင် ကိုကြည့်၍ သိခွင့်မရှိ။

ဤအတူ လူတို့ခန္ဓာမှာလည်း ရှေးရှေးအနပ်က မျိုးအပ်သော ဓာတ်ဆိ ဓာတ်မီးတို့အတွက်နှင့် တိုးတက်ပြည့်လျှမ်းသော တစ်ကိုယ်လုံးရှိ ဓာတ်ဆိ, ဓာတ်မီး, ဓာတ်ကြီး, ဓာတ်ကြည်တို့သည် တစ်ဆယ့်ငါးနာရီမျှ တည်တံ့စွာနေကြ၍ တစ်ဆယ့်ငါး နာရီကို လွန်သောအခါမှစ၍ ထိုသစ်ပင်ရှိ သစ်ရွက်ဟောင်းတို့ကဲ့သို့ တရွေ့ တရွေ့ ချုပ်ပျက်ကွယ်ဆုံးကြကုန်၏။ ခုနစ်ရက်ခန့်တိုင်လျှင် မကြွင်းမကျန် ကွယ်ဆုံးကုန်၏။

ထိုအနပ်ဝယ် တစ်ဆယ့်ငါးနာရီကျော်၍ အဖော်လျော့ပါး အင်အား နည်းချိန်သို့ကျလျှင် ဒုတိယအနပ် ထောက်ရပြန်၏။ ပထမ အနပ်စား ယိုယွင်းရာကို ဒုတိယအနပ်က ဖြည့်ပေ၏။ ဒုတိယ အနပ်စား ယိုယွင်းရာကို တတိယအနပ်က ဖြည့်ပေ၏။ ဤသို့ ရှေးရှေးအနပ်စား ဆုတ်ယုတ်လျော့ပါး အင်အားချည့်နဲ့ရှိချိန်ကျလျှင် နောက်နောက် အနပ်ထောက်၍ ဖြည့်ကာဖြည့်ကာ လာခဲ့သောကြောင့် ရှေးရှေး အနပ်အတွက် တိုးတက်သမျှ တစ်ဆယ့်ငါးနာရီကျော်ကစ၍ တစ်ခုမကျန် ကုန်သည် တိုင်အောင် ကျေပျက်ကွယ်ဆုံး၍သွားသည်ကို မသိကြ မမြင်ကြ ရှိလေသည်။ မသိကြ သော်လည်း ပထမအနပ်က ဖြစ်ပေါ်သော မျက်လုံးသားစုသည် ခုနစ်ရက်တွင်ကုန်သည်။

ထို့အတူ ဦးနှောက်ခဲစု, အသည်းခဲစု, နှလုံးခဲစု, လျှာခဲစု, ကိုးရာသော သားတစ်ခဲစု, သလိပ်ရည် သလိပ်ခဲစု, သည်းခြေရည် သည်းခြေခဲစု, သွေးရည် သွေးခဲစု အလုံးစုံသည် ခုနစ်ရက်တွင် ကုန်ဆုံးသည်။ တစ်ဆယ့်ငါးနာရီကျော်၍ အတန်ငယ် ကွယ်ပျောက် လျော့ပါးသည်မှစ၍ ကွယ်ပျက်တိုင်း ကွယ်ပျက်တိုင်းမှာလည်း တစ်ကိုယ်လုံး ရှိ အားခဲ အသက်ခဲတို့လည်း ဖျက်ဖျက်ကြွေ၍ ပါလေ ကုန်သည်။

ယခုနေ့မှစ၍ အစာရေစာကို အပြီးဖြတ်ခဲ့သော်ဟု ကြံ၍ရှုမှ သန္တတိပညတ် ပြယ်ပျောက်၍ မြစ်ရေကိုကြည့်၍နေသော ယောကျ်ားသည် တွေတွေ တွေတွေ

http://www.dhammadownload.com



မျောသွားလေသော မြစ်ရေဟောင်းစုကို လည်း မျောလေမှန်း သိရလေသည်။ ထိုနေရာမှ ထပ်ကာထပ်ကာ နောက်ထပ်လာ၍ ဖြစ်လာသော ရေသစ်ကိုလည်း နောက်လာ သက်သက် ဖြည့်လျှောက်ချက်ဟု အတပ်မြင်သည်။

ဤအတူ ဖွားမြင်စမှစ၍ ယခုနေ့တိုင် တစ်နာရီမစဲ အသားခဲ, ဦးနှောက်ခဲ, အဆုတ်ခဲ, နှလုံးခဲ, အသည်းခဲ, မျက်လုံးခဲ, အားခဲ, အသက်ခဲ ထိုတစ်ကိုယ်လုံးမှ ခဏမစဲ ကြေပြုန်းကွယ်လွန်၍ သွားချက်တို့ကို မြင်သာသည်။ ထိုကိုမြင်ရလျှင် နောက်နောက်မျိုး အပ်သော အထပ်စုသည် ထိုယိုယွင်းကွယ်ဆုံးသော နေရာစုကို အခြေအနေ မဖောက်ပြားအောင် အစားစိုက်မှု, အစားသွင်းမှု, အစား ထူထောင်မှုသာဟု မြင်နိုင်မည်။ ထိုနှစ်ချက်ကို မြင်လျှင်လည်း တစ်နေ့လျှင် နှစ်ထပ်နှစ်ထပ် စားမှုသည် အသက်မပြတ်ရအောင် အသက်သစ် သွင်းမှုပင်တည်းဟု မြင်နိုင်မည်။

## စပါးဆန်ထဲမှာ အသက်နေပုံ

ထိုသို့မြင်ရလျှင် လဆန်းမှာနေခိုက် လပြည့်ကျော်တို့ အသက်စုသည် စပါးထဲ ဆန်ထဲမှာ ရှိသေးသည်ဟု မြင်နိုင်သည်။ အသစ်အသစ်မျိုးမှ ထိုအစာအတွက် အသစ်အသစ် ဖြစ်ပေါ်လာသော အသက်စု, ခန္ဓာစု, စိတ်စုကို ထိုအစာ ထိုဆန်စပါးမှာ အပါပြု၍ စပါးထဲ ဆန်ထဲမှာ ရှိသေးသည် ဟူသတည်း။ ထိုစပါး ထိုဆန်ကို မရ၍ မမျိုရလျှင် ထိုအသက် မပေါ်လာပြီ။

ဤသို့မြင်ရလျှင် တစ်လောကလုံး အသက်မွေးရန်ကိစ္စနှင့် ကြောင့်ကြစိုက်ကြ၊ အားထုတ်ကြသော ရောင်းမှု, ဝယ်မှု, လယ်ယာ ဥယျာဉ်လုပ်မှု, လက်မှုပညာ, နှုတ်ပညာနှင့် ပစ္စည်းဥစ္စာရှာမှု အလုံးစုံ သည် အသက်သစ်ဆက်ရန်၊ အသက်သစ်သွင်းရန် အမှုတို့သာဟု မြင်လတ္တံ့။ အနမတဂ္ဂ သံသရာတစ်လျှောက် ပေါက်အောင်ကြည့်။ စကြဝဠာအနန္တ နံ့အောင်ကြည့်။

ယခုနေ့ စကြဝဠာအနန္တသားတို့ တစ်ပြိုင်နက် အစာအပြီး ဖြတ်ကြကုန်အံ့၊ ရှစ်ရက်, ကိုးရက်, ဆယ်ရက်တိုင်လျှင် အနန္တ စကြဝဠာသည် မသာတော, အသေတော, အလောင်းကောင်တောကြီး အပြီး ဖြစ်လတ္တံ့။ နှစ်လ, သုံးလ, ကိုးလ, ဆယ်လကြာလျှင် စကြဝဠာအနန္တလုံး အရိုးတောကြီး အပြီးဖြစ်လတ္တံ့။ (မြင်အောင် ကြည့်။)

ဤတွင်ရွေ့ကား အနိစ္စလက္ခဏာကို ကွယ်ကာဖုံးပိတ်သော သန္တတိပညတ်ကို အစာအာဟာရနှင့် စပ်၍ ခွာ၍ အနိစ္စလက္ခဏာကို ထင်ရှားအောင် ပြဆိုချက်ပေတည်း။

http://www.dhammadownload.com



## သန္တတိပညတ်ကို ဣရိယာပထနှင့်စပ်၍ခွာပုံ

ထိုသန္တတိပညတ်ကို ဣရိယာပုတ်နှင့်စပ်၍ ခွာနည်းကို အမြွက်မျှ ဆိုလိုက်အံ့။

ဣရိယာပထကို ခွာမှုသည်ကား– ဣရိယာပုတ် အပြောင်း အလဲကို မပြုမူ၍ တစ်ခုတည်းသော ဣရိယာပုတ်၌ထား၍ ကြည့်ခြင်း တည်း။

ယခုအချိန်မှစ၍ ကိုယ်အင်္ဂါကြီးငယ်ကို အတန်ငယ်မျှ မလှုပ်မရှားပြီ။ မျက်တောင်မျှ မခတ်ပြီ။ တစ်စင်းတည်းစင်း၍အပြီး အိပ်တော့အံ့ဟုပြု၍ ဤကိုယ် ဘယ်ကိုသွားမည်ဟု ဉာဏ်နှင့်ကြည့်။ ထိုသို့ ကိုယ်ကိုအသေထားသောအခါ ကိုယ်မှာ အပေါ်ကျသော မြေဓာတ်, ရေဓာတ်တို့က အောက်ကျသော မြေဓာတ်, ရေဓာတ် တို့ကို တအိအိ ဖိနှိပ်ကြိတ်နင်း၍ သွားလတ္တံ့။ ဓာတ်ချင်း အနှိပ် အကြိတ်နာရာ အောက်ခံဓာတ်စုမှ ဓာတ်မီးထ၍ ထ၍ လာလတ္တံ့။

အလှုပ်အရှားမရှိ၍ အငွေ့အခိုး မထွက်ရသဖြင့် အမြဲထာဝရ အင်္ဂါကြီးငယ် လျှောက်သွား၍နေသော ဓာတ်မီး, ဓာတ်လေတို့လည်း အခိုးထုတ်ခွင့်မရ၍ အဆစ် အဖုစုတွင် စုမိစုရာစု၍ ထကြွသောင်းကျန်း လတ္တံ့။ ။ ထိုသို့ဖြစ်လာမှုကိုမြင်လျှင် ဤခန္ဓာသည် အပြုအပြင်မရှိဘဲ ဆယ်နာရီ, တစ်ဆယ့်ငါးနာရီကျော်လျှင် အောက်ခြမ်း တစ်ပြင်လုံး ပူလောင်၍ လာလတ္တံ့။

အောက်မှထသော ဓာတ်မီးတို့သည် ကိုယ်လုံးအနှံ့တက်၍ တစ်ကိုယ်လုံး ညောင်းမှု, ညာမှု, ထုံမှု, ကျင်မှုတွေ ဖြစ်လတ္တံ့၊ အခိုးထုတ်မှု, လှုပ်မှု, ရှားမှု မပြုသည့်အတွက်ကြောင့် ထိုဓာတ်မီးတို့သည် တရွေ့တရွေ့ တစ်နာရီတခြား တစ်နေ့ တခြား အတွင်း ဓာတ်နတို့ကို အတွင်းလောင်မြိုက်ကုန်လတ္တံ့။ ထိုအခါ တစ်ကိုယ်လုံး ရှိသော ဓာတ်ဆီန, ဓာတ်မီးန, ဓာတ်ကြီးန, ဓာတ်ကြည်နတို့သည် အားခဲတွေ အသက်ခဲတွေနှင့်တကွ ဖျစ်ဖျစ် ဖျစ်ဖျစ် ဖျက်ဖျက် ဖျက်ဖျက် ကျေပျက်ကွယ်ဆုံး ပိန်ချုံးလျော့ပါး၍ များမကြာမီ အသေကြီးသို့ ဆိုက်လတ္တံ့။ တရွေ့တရွေ့ အတွင်းဓာတ်န တို့ ကျေပျက်ရာ ကျေပျက်ရာတို့၌ ထိုထိုနေရာမှ အသက်ခဲ အားခဲတို့လည်း အဆုပ်ဆုပ် ပြိုကွဲကွယ်ဆုံး၍သွားပုံကို မြင်အောင်ကြည့်။

ဤသို့သောအဖြစ်ကို အတပ်မြင်ခဲ့လျှင် ကိုယ်ခန္ဓာတို့၏ ဓာတ်အမျိုး အရိုးဓာတ်မြစ် ဒုက္ခစစ်ကြောင်းကို သိလတ္တံ့။ အညာမှ စီးလာသော ရေတို့မည်သည် ခိုင်ခံ့သော ဆည်ရိုးဆည်ပေါင်နှင့် တားဆီးနိုင်ပါမှု တန့်ရပ်ပေါင်းဖွဲ့ကာ ရက်ကြာနေ့များ နေပါ၏။ ဆည်ရိုးဆည်ပေါင် မရှိခဲ့လျှင် မျက်စိတစ်မှိတ်မျှ ရပ်တန့်၍မနေ နိမ့်ရာ အကြေသို့ စီးသွားမြဲမွေ့တာအတိုင်းသာ စီးဆင်းမျောသွား၏။

http://www.dhammadownload.com



ဤအတူ ဤကိုယ်ခန္ဓာတို့သည် ပြုပြင်ထိန်းကျောင်းမှုနှင့် ထက်ကြပ်မကွာ စောင့်ရှောက်ပါမူ အတော်အတန် သဏ္ဌာန်ရုပ်ဆင်း အသင်းမပျက် သာရာဘက်၌ တန့်ရပ်ပေါင်းဖွဲ့ကာ နေပါသေး၏။ အပြင်အပြု အမှုမဖက် သက်သက်နေခဲ့လျှင် မျက်တောင်တစ်ခတ်မျှ တန့်ရပ်တည်နေခြင်းမရှိ။ ယိုင်ရိုညိုးနွမ်း ဒုက္ခလမ်းသို့သာ သွားမြဲ ဓမ္မတာ ဖြစ်သတည်း။

ထိုဒုက္ခဘက်သို့ တစ်သွန်ထဲလဲ၍ ကစဉ့်ကရဲ ပြိုကွဲကုန်ဆုံး သည်တိုင်အောင် မတန့်မနား သွားမြဲဓမ္မတာအတွက်ကြောင့် ပေါက် လွတ်လျောက်လျား သွားခွင့်မပေးမူ၍ ဒုက္ခမီးမကြီးမီ ပေါက်လွတ် လျောက်လျား ပြောင်းမှုလဲမှု လွဲမှုဖယ်မှု ပြုမှုပြင်မှုတို့ကို အစဉ်အမြဲ ကြောင့်ကြစိုက်ကြရကုန်၏။

အိပ်၍ကြာညောင်းလျှင် ထိုင်ရသည်။ မထိုင်လျှင် မကြာမီ ကိုးကွယ်ရာမဲ့ အဖြစ်သို့ရောက်၍ ပျက်ဆုံးမည်။ ကြွင်းသော ဣရိယာပုတ်တို့၌လည်း ဤနည်းချည်း မြင်လေ။ သို့သော်လည်း ဒုက္ခ ဘက်သို့ တစ်သွန်ထဲလဲ၍ အမြဲသွားမှုကြောင့် တင်ကူး၍ ပြုပြင်ကြ ကုန်သည်ဟု နက်နဲစွာ မသိကြ။ အရိုးအစဉ်အနေမျှ သိကြသည်။ ပြုပြင်နိုင်လှ၍ အခြေအနေ မပျက်နေသည်ကို သန္တတိဖုံးလွှမ်းချက် ခေါ်သည်။

**ဣရိယာပုတ်ကိုစွာ၍ ဒုက္ခသစ္စာမှုကို မြင်အောင်ကြည့်နည်း**
**အမြွက်ပြီး၏။**

ပြဆိုခဲ့ပြီးသော ဓာတ်ကြီးလေးပါး ဓာတ်ခြောက်ပါးတို့ကို ပေါက်ရောက်အောင် ကြည့်ရှုနိုင်ကြသော ယောဂီတို့သည် ဤဘုရား သာသနာတော်အတွင်း၌ ပထမနိဗ္ဗာန်ဘုံသူ ပထမနိဗ္ဗာန်ဘုံသား ဖြစ် ကြ၍ တစ်ဘဝထက် တစ်ဘဝ မြင့်သည်ထက် မြင့်ကြပြီးလျှင် အနုပါဒိသေသ တတိယနိဗ္ဗာန်သို့ ဝင်စံကြရမည်အမှန်ဖြစ်သည်။

ဤစကား၌ သဉပါဒိသေသ ပထမနိဗ္ဗာန်ဆိုသည်ကား–

ခပ်သိမ်းသော ဘုရားရှင်တို့၏ သာသနာ၌ ကျွတ်လွတ်ကြ ကုန်သော အရိယာပုဂ္ဂိုလ်အပေါင်းတို့တွင် သောတာပန်အဖြစ်နှင့် ကျွတ်ကြသူတို့သည် အများဆုံးဖြစ်ကုန်၏။ သောတာပန်ပုဂ္ဂိုလ်တို့ တွင်လည်း သိကြားမင်း, စူဠရထနတ်သား, မဟာရထနတ်သား, အနေကဝဏ္ဏနတ်သား, ဝိသာခါ, အနာထပိဏ်တို့ကဲ့သို့ ဝဋ္ဋာဘိရတ ဘုံစဉ်စံ သောတာပန်မျိုးတို့သည် အညံ့ဆုံးသော သောတာပန်မျိုး ဖြစ်၍ အများဆုံးဖြစ်ကြကုန်၏။

ယခုအခါ၌ နတ်ပြည်ခြောက်ထပ်တို့တွင် တစ်ခု, တစ်ခု သော နတ်ပြည်မှာပင် ဘုံစဉ်စံသော သောတာပန်အရိယာနတ်မျိုး အသင်္ချေယျ အနန္တ ရှိနေကြကုန်၏။ ယခုအခါ

http://www.dhammadownload.com



နတ်ပြည်ခြောက်ထပ်သည် အရိယာတို့ဖြင့် ပြည့်လျက်ရှိကြ၏။ ဘုရားသာသနာ၌ ကျွတ် ကြသူအပေါင်းတို့တွင် အညံ့ဆုံးဖြစ်၍ အများဆုံးဖြစ်ကြကုန်သော ဝဋ္ဋနိဿာသယ, ဝဋ္ဋာဘိရတဘုံစဉ်စံ သောတာပန်တို့၏အလားကို ပြဆို၍ ထိုအမေးနှစ်ချက်ကို ဖြေဆိုရာ၏။

သဥပါဒိသေသ ပထမမဟာနိဗ္ဗာန်ဆိုသည်ကား အဘယ်နည်းဟူသောအမေး၌–

သဥပါဒိသေသ ပထမမဟာနိဗ္ဗာန်သည်–

သောတာပတ္တိမဂ်ခဏ၌ ရောက်ရသောနိဗ္ဗာန်။

သကဒါဂါမိမဂ်ခဏ၌ ရောက်ရသောနိဗ္ဗာန်။

အနာဂါမိမဂ်ခဏ၌ ရောက်ရသောနိဗ္ဗာန်။

အရဟတ္တမဂ်ခဏ၌ ရောက်ရသောနိဗ္ဗာန်–

ဟူ၍ ရောက်ကြသူတို့၏ အခိုက်အတန့်အားဖြင့် လေးပါးရှိ၏။

ထိုလေးပါးတို့သည် သဥပါဒိသေသချည်းဖြစ်၍ ကျမ်းဂန် တို့၌ သဥပါဒိသေသ နိဗ္ဗာန်တစ်ခုသာ ဆိုကြကုန်၏။ ထိုလေးပါး တွင် သောတာပန်တို့ ရောက်ကြ, ရကြ, ခံစံကြရသောနိဗ္ဗာန်သည် သဥပါဒိသေသ ပထမမဟာနိဗ္ဗာန်ပေတည်း။

အင်္ဂုတ္တိုရ်ပါဠိတော်၌မူကား ဘင်္ဂဉာဏ်မှစ၍ ဗလဝဝိပဿနာ အခိုက်သို့ ရောက်၍နေသော ဝိပဿနာယုတ္တ ကလျာဏပုထုဇဉ် ပုဂ္ဂိုလ်ကိုလည်း သဥပါဒိသေသ ပုဂ္ဂိုလ်ဟူ၍ ဟောတော်မူ၏။

**တိဏ္ဏံ သံယောဇနာနံ ပရိက္ခယာ သောတာပန္နော ဟောတိ၊**

**အဝိနိပါတဓမ္မော နိယတော သမ္ဗောဓိပရာယနော။**

ဟူ၍ သုတ္တန်, အဘိဓမ္မာပါဠိတော် အရပ်ရပ်တို့၌ ဟောတော်မူ၏။

တိဏ္ဏံသံယောဇနာနံ= သက္ကာယဒိဋ္ဌိ, ဝိစိကိစ္ဆာ, သီလဗ္ဗတ ပရာ မာသ– ဟူသော သုံးပါးသော သံယောဇဉ်တို့၏၊ ပရိက္ခယာ= ကုန်ဆုံးချုပ်ငြိမ်း ရုပ်သိမ်းခြင်း ကြောင့်၊ သောတာပန္နော= မြင့်မြတ်ရာ သို့သာ တစ်ဖြောင့်တည်း ဆန်တက်သော သီလ, သမာဓိ, ပညာ ဟူသော ဓမ္မသောတ၊ မြင့်မြတ်သော ဘုံအစဉ်, ပဋိသန္ဓေအစဉ် ဟူသော ဘဝသောတသို့ အစစ္စာဆိုက်ရောက်သော သောတာပန် သည်၊ ဟောတိ= ဖြစ်၏။ အဝိနိပါတဓမ္မော= စုတေသည်၏ အခြား မဲ့၌ အလိုမရှိရာဘဝသို့ ပရမ်းပတာ ကျခြင်း ဝိနိပါတဘေးကြီးမှ အပြီးကင်းလွတ်ပြီ။ နိယတော= ဘဝအဆက်ဆက် ကမ္ဘာအဆက်ဆက် မပျက်မကွက်ဘဲ အစဉ်မြဲသော သီလ, သမာဓိ, ပညာနှင့် ပြည့်စုံ၏။ သမ္ဗောဓိပရာယနော= အထက်မဂ် အထက်ဖိုလ်လျှင် လိုခါရကြောင်း မတိမ်းစောင်း နိုင်သော လဲလျောင်းမှီခိုရာရှိသည်။ ဟောတိ= ဖြစ်၏။

http://www.dhammadownload.com



သံသရာဘေးအပေါင်းတို့တွင် အဆိုးဝါးဆုံး, အညစ်ညမ်း ဆုံး, အကြမ်းတမ်း ဆုံး, အယုတ်မာဆုံး ဘေးကြီးစုကား–

သက္ကာယဒိဋ္ဌိ, ဝိစိကိစ္ဆာ, သီလဗ္ဗတပရာမာသ ဟူသော ကိလေသာဝဋ်ဆိုးကြီး တစ်ပါး။

ဒုစရိုက်ဆယ်ပါးဟူသော ကမ္မဝဋ်ဆိုး။ကြီး တစ်ပါး။

အပါယ်ကျမှုဟူသော ဝိပါကဝဋ်ဆိုးကြီး တစ်ပါး။

ဤဝဋ်ဆိုးကြီးသုံးပါးသည် သံသရာ၌ အဆိုးဝါးဆုံး, အညစ်ညမ်းဆုံး, အကြမ်း တမ်းဆုံးဖြစ်၏။ ကြွင်းသော ကိလေသဝဋ်, ကမ္မဝဋ်, ဝိပါကဝဋ်တို့ကား မထောင်းတာ ရှိ၏။

ကြွင်းသောဝဋ်ဆိုသည်ကား– ကာမသုဂတိခုနစ်ဘုံ၌ ကျင်လည်ရန် ကာမ တဏှာ၊ ကာမကုသိုလ်၊ ကာမသုဂတိဘဝ ဟူသော ကာမဝဋ်သုံးပါး။ ။ ရူပ ၁၆ ဘုံ၌ ကျင်လည်ရန် ရူပ တဏှာ၊ ရူပကုသိုလ်၊ ရူပဘဝဟူ၍ ရူပဝဋ်သုံးပါး။ ။ အရူပဘုံ၌ ကျင်လည်ရန် အရူပတဏှာ၊ အရူပကုသိုလ်၊ အရူပဘဝဟူ၍ အရူပ ဝဋ်သုံးပါး။ ။ ဤဝဋ်စုကို ကြွင်းသောဝဋ် ဆိုသည်။

သောတာပတ္တိမဂ်ဉာဏ်၌ ဝဋ်ဆိုးကြီးသုံးပါး နောင်အကြွင်းမရှိ ကုန်ငြိမ်း၏။ ကာမသုဂတိ ခုနစ်ဘုံ၌လည်း အဟိတ်ဘဝ, ဒွိဟိတ် ဘဝ ကုန်ငြိမ်း၏။ စည်းစိမ်ချမ်းသာ အလိမ္မာ ဘုန်းတန်ခိုး ယုတ်ညံ့ သော လူမျိုး, နတ်မျိုးဖြစ်မှု ကုန်ငြိမ်း၏ ဟူလိုသည်။ ဗြဟ္မာဘုံမှာလည်း ဗြဟ္မာယုတ်, ဗြဟ္မာညံ့ဖြစ်မှု ကုန်ငြိမ်း၏။ သောတာပတ္တိမဂ် ဉာဏ်၌ ဤအလုံးစုံသော ကုန်ငြိမ်းမှုသည် သဉပါဒိသေသ ပထမ မဟာနိဗ္ဗာန်ကြီးပေတည်း။

## သဉပါဒိသေသ ခေါ်ပုံ

အဘယ်ကြောင့် သဉပါဒိသေသခေါ်သနည်း ဟူမူကား– ရှေ့သို့ ဘုံစဉ်စံစား၍ သွားရန် တဏှာကြွင်းနှင့်တကွ လူ့ဘဝ, နတ်ဘဝ, ဗြဟ္မာဘဝတွေ များစွာ ကြွင်းကျန်လျက် ရှိသေးသောကြောင့် သဉပါဒိသေသ ခေါ်သတည်း။ ဝဋ်ဆိုးကြီးသုံးပါး ငြိမ်းမှုကြောင့် နိဗ္ဗာန်ခေါ်သည်။ (ဝဋ်ကောင်တွေ ကျန်ရှိသေးသောကြောင့် သဉပါဒိ သေသ ခေါ်သည်ဟူလို။)

ဘုံစဉ်စံ သောတာပန်ပုဂ္ဂိုလ်တို့သည် ထိုနိဗ္ဗာန်ဘုံဌာနသို့ အဘယ်သို့ ရောက်ကြ ကုန်သနည်းဟူသော အမေး၌–

ဘုံဌာန ဆိုသည်ကား– အဝတ္ထာဘုံပေတည်း။ အခွင့်ထူး, အရာထူး, ဌာနန္တရ ထူးပေတည်း။

http://www.dhammadownload.com



ထိုဝဋ်ဆိုးကြီးသုံးပါး ရှိနေသော ပုထုဇဉ်၏အဖြစ်ကား တစ်ဌာနတည်း။ ပုထုဇ္ဇနဘူမိခေါ်၏။ လောကိယဘူမိလည်း ခေါ်၏။

ထိုဝဋ်ဆိုးကြီးသုံးပါး ကုန်ငြိမ်းသော အရိယာ၏အဖြစ် သည်ကား အရာထူး တစ်ပါး၊ ဌာနန္တရထူး တစ်ပါးတည်း။ အရိယဘူမိ ခေါ်၏။ လောကုတ္တရာဘူမိလည်း ခေါ်၏။

ဤသို့လျှင် သောတာပတ္တိမဂ်သို့ ရောက်သောအခါမှစ၍ နောက်အနာဂတ် သံသရာတစ်ခွင်လုံး ထိုဝဋ်ဆိုးကြီးသုံးပါး ကင်းရှင်း မှုနယ်ကြီးသည် အခွင့်ထူး၊ အရာထူး၊ ဌာနန္တရခေတ်အထူး၊ နယ် အထူးဖြစ်၍ နိဗ္ဗာန်ဘုံဌာန ဆိုသတည်း။

သောတာပတ္တိမဂ်သို့ မရောက်မီ အနမတဂ္ဂ အတိတ် သံသရာ ကာလ၌ ထိုဝဋ်ဆိုးကြီးသုံးပါး ရှိနေသော ပုထုဇဉ်အဖြစ် နှင့်သာ လာခဲ့ရ၏။ သောတာပတ္တိမဂ်သို့ ရောက်သည်နှင့်တစ်ပြိုင်နက် ထိုအဖြစ်မှ ကျွတ်လွတ်၍ ထိုဝဋ်ဆိုးကြီးသုံးပါး ကင်းငြိမ်းခြင်းဟူသော အခွင့်ထူး၊ အရာထူး၊ ဌာနန္တရထူးသို့ ရောက်သည်ကို သဉပါဒိသေသ ပထမမဟာနိဗ္ဗာန်သို့ ရောက်သည်ဟု ဆိုသတည်း။

ထိုဝဋ်ဆိုးကြီးသုံးပါး၏ ကင်းငြိမ်းမှုသည်လည်း အမြဲနိစ္စ ထာဝရတည်လေတော့ သည်ဖြစ်၍ အနုပါဒိသေသနိဗ္ဗာန်နှင့် တစ်ပြင် တည်း တစ်ဆက်တည်း တစ်ခုတည်း သာတည်း။ နှစ်ခုဆိုရန် အပိုင်း အခြား မရှိပြီ။ ထိုဘုံစဉ်စံ သောတာပန်တို့သည်လည်း သောတာ ပတ္တိမဂ်သို့ ဆိုက်သည်နှင့် တစ်ပြိုင်နက် လောကီဘုံသူ၊ လောကီဘုံ သားအဖြစ်မှ ကျွတ်လွတ်၍ နိဗ္ဗာန်ဘုံသူ၊ နိဗ္ဗာန်ဘုံသားအဖြစ်သို့ ရောက်ကြလေ ကုန်၏။ လောကုတ္တရာဘုံသူ၊ လောကုတ္တရာဘုံသား အဖြစ်သို့ ရောက်ကြလေကုန်၏။ အရိယာဘုံသူ၊ အရိယာဘုံသား အဖြစ်သို့ ရောက်ကြလေကုန်၏။ ထိုခဏမှစ၍ အဆုံးဘဝ၌ အနုပါဒိသေသနိဗ္ဗာန်သို့ ဆိုက်ရောက်သည်တိုင်အောင် ဘဝအဆက်ဆက် ကမ္ဘာအဆက်ဆက် ထိုပထမနိဗ္ဗာန်ဟူသော ဌာနန္တရ၌ တည်ကြကုန်၍ ဥပါဒိ–ကြွင်းဟု ဆိုအပ်သော လူ့ဘဝ,လူချမ်းသာ၊ နတ်ဘဝ,နတ် ချမ်းသာ၊ ဗြဟ္မာဘဝ, ဗြဟ္မာချမ်းသာ တို့ကို အစဉ်ခံစားစံစား၍ သွားကြရကုန်၏။ ထို့ကြောင့်–

**"တိဏ္ဏံ သံယောဇနာနံ ပရိက္ခယာ သောတာပန္နော ဟောတိ။"**

ဟူ၍ ဟောတော်မူ၏။

အဝိနိပါတဓမ္မော= စတေသည်၏ အခြားမဲ့၌ အလိုမရှိရာ ဘဝသို့ ပရမ်းပတာ ကျခြင်း ဝိနိပါတဘေးကြီးမှ အပြီးကင်းလွတ်ပြီ– ဟူသောစကား၌ ဝိနိပါတဘေးကြီး ဆိုသည်ကား– ပုထုဇဉ် သတ္တဝါ တို့သည် မိမိတို့ရင်တွင်း နှလုံးတွင်း၌ မြင့်မိုရ်တောင်ကြီး

http://www.dhammadownload.com



ကဲ့သို့ အလွန်ဝန်လေးလှစွာသော ဝဋ်ဆိုးကြီးသုံးပါးရှိ၍ နေသည့်အတွက် သေကြသော အခါ၌ ဘယ်ဘုံမှာ ငါဖြစ်မည်ဟု မိမိတို့ဖြစ်လိုရာဘုံ၌ ဖြစ်နိုင်ကြကုန်သည်မဟုတ်။ ကံပစ်ချရာဟု ကံတစ်ခု ကြမ္မာတစ်ခု ပေါက်လွှတ်ထားကြရကုန်၏။

## ထန်းသီးခိုင် ဥပမာ

ထန်းပင်ပေါ်၌ ရှိနေကြကုန်သော ထန်းသီးခိုင်တွေကို ခုတ် ချိုင်သောအခါ အခိုင်အညှာပြတ်သည်နှင့် တစ်ပြိုင်နက် ထန်းသီးခိုင်တို့သည် ဘယ်နေရာကို ငါကျမည်ဟု ရွေးချယ်၍ ကျနိုင်ကုန်သည် မဟုတ်။ ပေါက်လွှတ်တရကြမ်း ပရမ်းပတာ ကျကြလေကုန်သကဲ့သို့၊ ထို့အတူ လူ့ပြည်မှသေလျှင်လည်း ပေါက်လွှတ်ကျကြရကုန်၏။ နတ်ပြည် ခြောက်ထပ်တို့မှ သေလျှင်လည်း ပေါက်လွှတ်ကျကြရ ကုန်၏။ ဗြဟ္မာပြည်မှ သေလျှင် လည်း ပေါက်လွှတ်ကျကြရကုန်၏။ ကံပစ်ချရာ ကျရောက်ကြရကုန်၏။

ဤသို့သေသည့်နောက်၌ ပေါက်လွှတ်လျောက်လျား ပစ်၍ ထားကြရသောအမှု၊ ကမ္ဘာသကာ ကျချင်ရာရာ ပေါက်လွှတ်ကျရောက် ကြရသော ဓမ္မတာမှုကြီးကို ဝိနိပါတ ဘေးကြီး ဆိုသတည်း။ ဤ သံသရာ၌ ပညာရှိကြီးတို့သည် အလွန်စက်ဆုပ်ကြရသော သံသရာ ဘေးကြီးပေတည်း။ ပညာနည်းသော သူတို့သည်သာလျှင် အများ ဓမ္မတာပေဟု ကျေအေးကြကုန်၏။

သောတာပတ္တိမဂ်ဖိုလ်သို့ ရောက်ကြ၍ ဝဋ်ဆိုးကြီးသုံးပါး ကျွတ်လွှတ်ကြ သောအခါမှ ထိုဝိနိပါတဘေးကြီး အပြီးကင်းလွတ် ကြလေကုန်၏။ သေကြသည်နောက်၌ ရောက်လိုရာဘဝသို့ ရောက် နိုင်ကြကုန်၏။ အလိုဆန္ဒ အထူးမရှိဘဲ လွှတ်၍ထားပြန်လျှင် ယခု ဘဝထက် ကောင်းမြတ်သောဘဝသို့ တက်လမ်း၊ ဆန်လမ်း တစ်လမ်းသာ ရှိကြကုန်၏။ ရောက်လိုရာဘဝသို့ ရောက်နိုင်ကြကုန်၏ဟူရာ၌ ရှာန်ရ ရှာန်မရ စသည်တို့နှင့် လျော်စွာသိလေ။ ထို့ကြောင့် **"အဝိနိပါတဓမ္မော"** -ဟူ၍ ဟောတော် မူပေသည်။

နိယတော= ဘဝအဆက်ဆက်၊ ကမ္ဘာအဆက်ဆက် မပျက် ကွက်ဘဲ အစဉ်မြဲသော သီလ၊သမာဓိ၊ပညာနှင့် ပြည့်စုံ၏– ဟူရာ၌ ပုထုဇဉ်တို့၌ ရှိကြသော သီလ၊ သမာဓိ၊ ပညာမည်သည် အဟုန်နှင့်တကွ ပြေးသောမြင်း၏ ကျောက်ကုန်း၌ ပေါက်လွှတ်တင်ထားသော အုန်းသီးနှင့်တူ၏။ ဘဝပြောင်းမှုနှင့် တစ်ချက်လှုပ်လျှင် အကုန်ကျ၏။ ဘဝတွင်းမှာပင် ခုတင် ခုကျ၏။ သောတာပန်တို့၌ တည်ရှိသော နိစ္စသီလမျိုး၊ ကသိုဏ်းဓမ္မတို့၌ တည်ကြည်နိုင်သော သမာဓိမျိုး၊ သစ္စာလေးပါးကိုမြင်သော ဉာဏ်ပညာမျိုးသည် သံကြိုးသံလွန်တို့ဖြင့် ကောင်းစွာဖွဲ့အပ်သော မြင်းတန်ဆာနှင့်တူ၏။

http://www.dhammadownload.com



ဘဝကမ္ဘာ သံသရာအစဉ်မြဲ၏။ သီလ, သမာဓိ, ပညာတို့သည်သာ အစဉ်မြဲသည် မဟုတ်ကုန်။ ထိုဘုံစဉ်စံ သောတာပန်တို့အား ကိုးကွယ်ရာ ဘုရားလည်း အစဉ်မြဲ၏။ တရားလည်း အစဉ် မြဲ၏။ သံဃာလည်း အစဉ်မြဲ၏။ သာသနာလည်း အစဉ်မြဲ၏။ ဘဝများစွာ ကမ္ဘာအဆက်ဆက် ကျင်လည်၍ သွားကြကုန်သော်လည်း သဗ္ဗညုမြတ်စွာဘုရားတို့၏ ဂုဏ်တော် ကျေးဇူးတော်တို့သည် ထိုသူတို့မှာ တစ်ဘဝထက် တစ်ဘဝ ထင်လင်းထင်ရှား၍ သွားကုန်၏။ တရားဂုဏ်, သံဃာ့ဂုဏ်, သာသနာ့ဂုဏ် တို့လည်း ထို့အတူ ထင်ရှား ၍ သွားကုန်၏။ ထိုသူတို့မှာ သာသနာပသော ဘဝ၊ သာသနာပသော ကမ္ဘာဟူ၍ မရှိကြကုန်ပြီ။

ပုထုဇဉ်တို့မည်သည် သံသရာ၌ ရံခါရံခါ ရှေ့ဘဝဟူ၍ မသိ၊ နောက်ဘဝ ဟူ၍ မသိ။ မောဟတုံးဖြစ်၍ ကိုးကွယ်ရာမရှိဘဲ ဖြစ်ချင်တတ်တိုင်း ရိုင်းစိုင်းမိုက်မဲ၍ နေကြသော ဘဝတွေလည်း များစွာရှိကုန်၏။ ရံခါရံခါ ကိုးကွယ်ရာမဟုတ်သော အယုတ်တမာကြီးတွေကို ဘုရားပြုလုပ်၍ တစ်ဘဝတစ်မျိုး ကိုးကွယ်ရာပေါင်း ထောင်သောင်းမက ပြောင်းလဲ၍နေကြသော ဘဝတွေလည်း များစွာ ရှိကုန်၏။

ဤသံသရာ၌ ပညာရှိကြီးတို့သည် ဘုရားမဟုတ် ဘာမဟုတ်သော အယုတ် တမာကြီးတွေကို ဘုရားပြုလုပ်၍ တစ်ဘဝ တစ်မျိုး ကိုးကွယ်ရာ မှောက်မှားမှုကြီး ကိုလည်း အလွန်နာကြည်းကြ ကုန်၏။

အဘယ်ကြောင့်နည်းဆိုသော်– ကိုးကွယ်ရာမှောက်မှားလျှင် ထိုဘဝမှာ ရစရာ မရှိ၊ အကုန်လုံး မှောက်မှားလေတော့သည်။ ဂေါသီလ, ဂေါဝတ–အစရှိသည်ဖြင့် တရားမဟုတ် ဘာမဟုတ်သော အယုတ်တမာ အကျင့်တွေကို အထွတ်အမြတ် တရား ပြုလုပ်၍ တစ်ဘဝတစ်မျိုး ကိုးကွယ်ရာပေါင်း ထောင်သောင်းမက ပြောင်းလဲ၍ နေကြသော ဘဝတွေလည်း များစွာရှိကုန်၏။

ဤကဲ့သို့မဟုတ်သော လောကုတ္တရာဘုံသူ, လောကုတ္တရာ ဘုံသား ဖြစ်ကြ ကုန်သော ထိုဘုံစဉ်စံ အရိယာတို့မှာ ဘဝများစွာ ကမ္ဘာအဆက်ဆက်တို့၌ ဘုရား, တရား, သံဃာ ကိုးကွယ်ရာ ပြောင်းရွှေ့ခြင်း မရှိကြကုန်ပြီ ဟူလိုသည်။ ထို့ကြောင့် **"နိယတော"**– ဟူ၍ ဟောတော်မူပေ၏။

သမ္ဗောဓိပရာယနော= အထက်မဂ် အထက်ဖိုလ်လျှင် လိုခါ ရကြောင်း မတိမ်းစောင်းနိုင်သော လဲလျောင်းမှီခိုရာ ရှိသည်ဟူရာ၌–

မိမိတို့အတွက် အထက်မဂ် အထက်ဖိုလ် အထက်နိဗ္ဗာန် ဟူသော အကြောင်း ကြောင့် နောက်ဘုရား နောက်သာသနာကို မျှော်ဖွယ်ရာကိစ္စ မရှိကြကုန်ပြီဟူလို။ အဘယ်ကြောင့်နည်းဆိုသော်– ထိုသူတို့မှာ သောတအမည်ရှိသော ဗောဓိပက္ခိယ

http://www.dhammadownload.com



သုံးဆယ့်ခုနစ်ပါးတို့သည် အနုပါဒိသေသနိဗ္ဗာန်သို့ကျအောင် တစ်ဘဝထက် တစ်ဘဝ၊ တစ်ကမ္ဘာထက် တစ်ကမ္ဘာ တိုးပွားစည်ကား၍သာ သွားကြလေကုန် ၏။ ငါတို့မြတ်စွာဘုရား သာသနာတော်မြတ်ကြီး သုံးပါးတို့သည် ထိုသူတို့ သန္တာန်မှာ တစ်ဘဝထက် တစ်ဘဝ ထွန်းလင်းစည်ကား၍ သွားကြကုန်၏။

ထို့ကြောင့် ဤဘုရားသာသနာတော် ကွယ်သည့်နောက် အနမတဂ္ဂ သံသရာမှာ ဘုရားပွင့်မှုမရှိပြီ ဆိုသော်လည်း ထိုသူတို့ ပူဖွယ်မရှိကြကုန်ပြီ။ ထို့ကြောင့် **"သမ္ဗောဓိ ပရာယနော"**-ဟူ၍ ဟောတော်မူသည်။

(ဤမျှသော စကားရပ်တို့ဖြင့် ငါတို့ဘုရားသာသနာ၌ အကျွတ်ရကြသူ အပေါင်းတို့တွင် အညံ့ဆုံး အများဆုံးဖြစ်သော ဘုံစဉ်စံ သောတာပန်တို့၏ သောတာပတ္တိမဂ်သို့ ဆိုက်သည်နှင့် တစ်ပြိုင်နက် သဉပါဒိသေသ ပထမမဟာ နိဗ္ဗာန်သို့ ရောက်ကြောင်း၊ နိဗ္ဗာန်ကိုရကြောင်း အမျိုးအရိုးအားဖြင့် လောကီဘုံသူ လောကီဘုံသား အဖြစ်မှကျွတ်၍ လောကုတ္တရာဘုံသူ, လောကုတ္တရာဘုံသား၊ အရိယာ ဘုံသူ, အရိယာဘုံသား၊ နိဗ္ဗာန်ဘုံသူ, နိဗ္ဗာန်ဘုံသားအဖြစ်သို့ အမှန်ရောက်ကြောင်း၊ အကနိဋ္ဌဘုံသို့ ကျရောက်အောင် ဘဝများစွာ ကမ္ဘာ အဆက်ဆက် သဉပါဒိသေသနိဗ္ဗာန်၌တည်၍ ဝဋ်ဆိုးကြီးသုံးပါး ငြိမ်းခြင်းတည်းဟူသော လောကီ လောကုတ္တရာ ချမ်းသာနှစ်ပါးကို အစဉ်ခံစား စံစား၍ သွားကြရကြောင်းကို အကျဉ်းအားဖြင့် ထင်ရှားစွာ ပြဆိုလိုက်သည်။)

အကနိဋ္ဌဘုံသို့ကျအောင်ဟူသော စကား၌ အထက်မဂ် အထက်ဖိုလ်သို့ ရောက်ကြသည့်အခါ ဒုတိယ, တတိယ, စတုတ္ထ သဉပါဒိသေသနိဗ္ဗာန် သုံးပါးပါ ခြုံ၍ ဆိုလိုက်သည်။ ဤစကားရပ် ကိုလည်း လောက၌ နိဗ္ဗာန်စာအုပ် မလည်မပတ်တွေ များလှ၍ ပညာရှိတို့ ရိပ်မိရုံမျှ ပြဆိုလိုက်သည်။

✱. . . . . . . ✱. . . . . . . ✱

http://www.dhammadownload.com



## ကျေးဇူးတော်ရှင် ဆရာတော်မဟာထေရ်မြတ် ဘုရားကြီး၏ အာသီသပတ္ထနာ ဆုတောင်းတော်မူချက်။

**ပုညေနေ တေန နိဗ္ဗာနံ၊**
**လဒ္ဓါ သန္ဒိဋ္ဌိကံ ဣမ။**
**ပရမတ္ထံ အာရာဓေန္တု၊**
**ဇနာ သဗ္ဗေပိ သုဗ္ဗတာ။ ။**

ဧတေနပုညေန= နိဗ္ဗာန်အချက် တရားနက်ကို ပြက်ပြက် ထင်ထင် ဉာဏ်မြင် သန့်ရှင်း အလင်းပေါက်မှု ရေးသားပြုစုရသော ဤကောင်းမှုကြောင့်၊ ဣမ= မျက်မှောက် ဒိဋ္ဌ ဤဘဝ၌၊ သန္ဒိဋ္ဌိကံ= ကိုယ်တွေ့မျက်မြင် အထင်အရှားရှိနေသော၊ နိဗ္ဗာနံ= အန္တရာယ် ခပ်သိမ်း ဘေးခပ်သိမ်းတို့၏ ကင်းငြိမ်းခြင်းတည်းဟူသော သန္ဒိဋ္ဌိက နိဗ္ဗာန်ကို၊ လဒ္ဓါ= ကိုယ်တွေ့ဒိဋ္ဌ ရကုန်ကြ၍၊ သုဗ္ဗတာ= စင်ကြယ် ကောင်းမြတ် ချီးမွမ်းအပ်သော ပဋိပတ် ကိုယ်ကျင့်တရားကို မနေမနား အားထုတ်ကြကုန်၍၊ သဗ္ဗေပိ= အလုံးစုံလည်း ဖြစ်ကုန်သော၊ ဇနာ= လူ,နတ်,ဗြဟ္မာ သတ္တဝါတို့သည်၊ ဣမေ= ရှင်ချစ်ဂေါတမ ဘုရား သာသနာ ဤအခါ၌ပင်လျှင်၊ ပရမတ္ထံ= အထွတ်အမြတ် ပရမတ် ဖြစ်သော၊ နိဗ္ဗာနံ= နိဗ္ဗာန်ကို။ အာရာဓေန္တု= အလိုပြည့်၍ ကိုယ်တွေ့ ဉာဏ်မြင် အစဉ်ပေါက်ရောက် ပြီးမြောက်ခံစံကြပါစေကုန်သတည်း။

✸. . . . . . ✸. . . . . . . ✸

http://www.dhammadownload.com



# အသင်္ခတဓမ္မပကာသနီကျမ်း

## နမောတဿဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

သန္တံ သန္တံ ပဏာမျာဟံ။ ဒန္တံ ဒန္တံ အရူပဂ္ဂံ။ ဗုဒ္ဓံ ဗုဒ္ဓံသရဒ္ဒိသံ။ ဝရံဝရံ သုဒုဒ္ဒသံ ။ ။ ဝတ္တဂါထာ။ ။ အဟံ။ သည်။ သန္တံ။ အလွန်တုန်လှုပ်၊ ဥဒ္ဒစ္စစသော တရားတို့ကို ပယ်ရှားသတ်ဖြတ်သည့်ဖြစ်၍ ငြိမ်သက်တော်မူထသော။ သန္တံ၊ ငြိမ်သက်လှစွာ။ မဟာသိဝ။ ဓမ္မမြိုက်ဆေးကို။ တိုက်ကျွေး ချွေချွတ်တော်မူထသော။ ဒန္တံ။ အသက်ကို ပမာဏမမူ။ လှူအပ်သော ဒါနပါရမီ၏သိခါ ပတ္တဖြစ်တော်မူထသော။ ဒန္တံ။ မယဉ်ကျေး သေးသော သတ္တဝါ အပေါင်းတို့ကို ကောင်းစွာ ဆုံးမတော်မူ တတ်ထသော။ အရူပဂ္ဂံ။ အမည်းအဖြူအစရှိသော အဆင်း၏ကင်းရာ။ မဟာသိဝသို့ကြွသွားတော်မူတတ်ထသော။ ဗုဒ္ဓံ။ သစ္စာလေးဝ။ ဓမ္မဥသုံ။ အလုံးစုံကို။ အကုန်အစင်သိမြင်တော်မူတတ်ထသော။ ဗုဒ္ဓံ။ မြတ်စွာဘုရားကို။ ပမာမျ ပဏာမာမိ။ ရှိခိုးပါ၏။ ပဏာမျပဏာမိတွာ။ ရှိခိုးပြီး၍။ ဝရံ။ မြတ်စွာထသော။ ဝရံ။ ဘုရားအစရှိသော သူတော်ကောင်းတို့သည်။ ကောင်းစွာ တောင့်တအပ်ထသော။ သုဒုဒ္ဒသံ။ အလွန်မြင်နိုင်ခဲသော နိဗ္ဗာန်တရားမြတ်ကို။ သမုရဒ္ဒိသံ။ အကျဉ်းအားဖြင့် ညွှန်ကြားပေအံ့။

ဤသို့လျှင်။ သမယန္တ ရ။ ကာလထိုထိုက။ အကြိမ်များစွာ လေ့လာ အားထုတ်အပ်သော အကုသိုလ်တရားတို့၏ အကျိုးပေးရာအခွင့်ကို။ "သန္တံ သန္တံ ပဏာမျာဟံ။" စသော ရတနတ္တယ ပဏာမ ကုသိုလ် အဟုန်ဖြင့်။ ချက်ကုန် ဖဲကြဉ်။ ရှဲစင်စေပြီး၍။ ကျမ်းကြီးကျမ်းခိုင်တို့၌လာသော အဆုံးအဖြတ်ဟူသော ပကရဏဝိနိစ္ဆယ။ ဆရာမွန် ဆရာမြတ်တို့ထံ ကျိုးနွံဆည်းကပ်သဖြင့် ရအပ်သော အဆုံးအဖြတ်ဟူသော အာစရိယ ဟတ္ထရဒ္ဒိ လဒ္ဓေါပဒေသဝိနိစ္ဆယတို့ကို အမှီတံကဲသဟဲပြု၍။ အလွန်မြင်နိုင်ခဲသော နိဗ္ဗာန်တရားမြတ်ကို။ စိုးစဉ်းသော အဆုံးအဖြတ်နှင့်တကွ။ ပြရာပြကြောင်းဖြစ်သော။ အသင်္ခတဓမ္မပကာ သနီမည်သောကျမ်းကို ညွှန်ကြားပေအံ့ဟူလိုသည်။ ။ ဤ "သန္တံ သန္တံ ပဏာမျာဟံ" စသော ဗုဒ္ဓပဏာမသာပါရှိသည်ဖြစ်လျက်။ ရတနတ္တယ ပဏာမ ကုသိုလ် အဟုန်ဖြင့်ဟု တရားသံဃာပါ သကြိုဟ်ရေတွက်သည့်ကား။ တရားသံဃာတို့၏ မြတ်စွာဘုရား လျှင် အမွန်အကြောင်းရင်းရှိသောကြောင့် သင့်မြတ်သည်သာတည်း။

ဥပါဒါနက္ခန္ဓာဟုဆိုအပ်သော။ လောကမှ လွန်မြောက်တတ်သောကြောင့်။ လောကုတ္တရာဟူ၍ ဘုရားအစရှိသော သူတော်ကောင်းတို့သည် သိအပ်ခေါ်ဝေါ်အပ်သော။ သောတာပတ္တိမဂ်စသော လေးပါးသော အရိယမဂ်ဉာဏ်ဖြင့်။ သောတာပန် စသော ပုဂ္ဂိုလ်တို့သည် ထင်ရှားပြက်ပြက် မျက်မှောက်ပြုအပ်သော။ အရိယမဂ်လေးပါး။

http://www.dhammadownload.com

# အသင်္ခတ

# ဓမ္မပကာသနီကျမ်း

http://www.dhammadownload.com



ဖိုလ်လေးပါးတရားတို့၏ အာရုံဖြစ်၍ ဖြစ်သော နိဗ္ဗာန်ကို။ ဝါနဟုဆိုအပ်သော တဏှာမှ ထွက်မြောက်တတ်သောကြောင့် နိဗ္ဗာန်ဟူ၍ ဆိုအပ်၏။ ။ ထိုကြောင့်။ အဘိဓမ္မတ္ထသင်္ဂဟအမည်ရှိသော လက်သန်းအဋ္ဌကထာကျမ်း၌။ ။ နိဗ္ဗာနံ ပန လောကုတ္တရသင်္ခါတံ စတုမဂ္ဂဉာဏေနသစ္ဆိကာတဗ္ဗံ မဂ္ဂဖလာနမာလမ္ဗဏဘူတံ ဝါန သင်္ခါတာယတဏှာယနိက္ခန္တတ္တာ နိဗ္ဗာနန္တိပဝုစ္စတိ။ ။ ဟု မိန့်ပြီ။ ။ ပန။ အဖို့တစ်ပါးကို ဆိုဦးအံ့။ လောကုတ္တရသင်္ခါတံ။ လောကုတ္တရာဟုသိအပ်၊ ခေါ်ဝေါ်အပ်ထသော။ စတုမဂ္ဂဉာဏေန။ လေးပါးသော အရိယမဂ်ဉာဏ်ဖြင့်။ သစ္ဆိကာတဗ္ဗံ။ မျက်မှောက်ပြုအပ်ထသော။ မဂ္ဂဖလာနံ။ မဂ်ဖိုလ်တို့၏။ အာလမ္ဗဏဘူတံ။ ကျက်စားရာ အာရုံဖြစ်၍ ဖြစ်ထသော။ နိဗ္ဗာနံ။ နိဗ္ဗာန်ကို။ ဝါနသင်္ခါတာယ။ ဝါနဟုဆိုအပ်သော။ တဏှာယ။ တဏှာမှ။ နိက္ခန္တတ္တာ။ အာရုံကို လွန်သောအားဖြင့် ထွက်မြောက်တတ်သည်၏ အဖြစ်ကြောင့်။ နိဗ္ဗာနန္တိ။ နိဗ္ဗာန်ဟူ၍။ ပဝုစ္စတိ။ ဆိုအပ်၏။ ။ အနက်။ ။ ထိုပါဠိ အပေါင်းတို့တွင်။ လောကုတ္တရသင်္ခါတံ။ ဟူသော ပါဠိဖြင့်။ လောကိယဓမ္မ စသော တရား သုံးပါးတို့တွင်။ နိဗ္ဗာန်၏ လောကုတ္တရဓမ္မအဖြစ်ကို ပြတော်မူ၏။ ထိုစကားသည် မှန်၏။ ဓမ္မတို့သည်။ လောကိယဓမ္မ။ လောကုတ္တရဓမ္မ။ ။ နေဝလောကိယ၊ နလောကုတ္တရဓမ္မဟူ၍ သုံးပါးအပြားရှိကုန်၏။ ထိုသုံးပါးတို့တွင်။ လောကီစိတ် ၈၁။ စေတသိက် ၅၁။ ရုပ်အဋ္ဌဝီသ။ ဤတရားတို့သည် ဒုက္ခသစ္စာဟု ဆိုအပ်သော လောက၌ အကျုံးဝင်ကုန်သောကြောင့် လောကိယဓမ္မမည်ကုန်၏။ လောကုတ္တရာစိတ် ရှစ်ခု။ စေတသိက် ဆတ္တိံသ။ နိဗ္ဗာန်။ ဤတရားတို့သည် ဥပါဒါနက္ခန္ဓာ ဟူသော လောကကို မှီကုန်လျက်။ ထိုလောကနှင့် မလိမ်းကျံ။ ရွံ့နှစ်ညွှန်ရေ၌ မှီကုန်လျက်။ ရွံ့နှစ်ညွှန်ရေနှင့် မလိမ်းကျံ။ ရေပေါ်စွင့်စွင့်မြင့်၍ တည်သော ပဒုမာကြာပန်းကဲ့သို့။ ဥပါဒါက္ခန္ဓာဟူသော လောကမှ လွန်မြောက်၍ တည်တတ်သောကြောင့်။ လောကုတ္တရဓမ္မမည်ကုန်၏။ သမာပတ်ရှစ်ပါးကို ရကုန်သော အဋ္ဌသမာပတ္တိလာဘီ အနာဂါမ်၊ ရဟန္တာပုဂ္ဂိုလ်တို့၌ ရောက်အပ်၊ ဝင်စားအပ်သော။ စိတ်၊ စေတသိက်၊ စိတ္တဇရုပ်တို့၏ ချုပ်ခြင်းဟု ဆိုအပ်သော နိရောဓ သမာပတ်သည်။ နေဝလောကိယ၊ နလောကုတ္တရဓမ္မမည်၏။ ။ ယင်းအနက်ကိုရည်၍။ သမန္တပါသာဒိကာဝိနည်း အဋ္ဌကထာ၌။ ။ နိရောဓ သမာပတ္တိံ သမာပဇ္ဇာမိတိဝါ လာဘီမှိ ဝါဟံတသ္သာ တိဝဒတောနတ္ထိ ပါရာဇိကံ။ ကသ္မာ။ နိရောဓသမာပတ္တိယာနေဝ လောကိယတ္တာနလောကုတ္တရတ္တာတိ ။ ။ ဟုမိန့်အပ်သည်။ ။ နိရောဓသမာပတ္တိံ။ နိရောဓသမာပတ်ကို။ သမာပဇ္ဇာမိ။ ဝင်စား၏။ ဣတိဝါ။ ဤသို့လည်းကောင်း။ အဟံ။ သည်။ တဿာ။ ထို နိရောဓသမာပတ်ကို။ လာဘီ။ ရသည်။ အမှိ။ ဖြစ်၏။ ဣတိဝါ။ ဤသို့လည်းကောင်း။

http://www.dhammadownload.com



ဝဒတော။ ပြောဆိုသော ရဟန်းအား။ ပါရာဇိကံ။ ပါရာဇိက အာပတ်သည်။ နတ္ထိ။ မရှိ။ ကသ္မာ။ အဘယ်ကြောင့်။ နိတ္ထိ။ မရှိသနည်း။ နိရောဓသမာပတ္တိယာ။ နိရောဓသမာပတ်၏ နေဝလောကိယတ္တာစ။ လောကီတရား မဟုတ်သည်၏ အဖြစ်ကြောင့်လည်းကောင်း။ နလောကုတ္တရတ္တာစ။ လောကုတ္တရာတရား မဟုတ်သည်၏ အဖြစ်ကြောင်းလည်းကောင်း။ ပါရာဇိကံ။ ပါရာဇိကအာပတ်သည်။ နတ္ထိ။ မရှိ။ ။ အနက်။ ။ ဤနိရောဓသမာပတ်သည်။ အဘယ်ကြောင့် နေဝလောကိယ၊ နလောကုတ္တရ ဓမ္မမည်သနည်းဟူငြားအံ့။ ထိုနိရောဓသမာပတ်တရားသည်။ သမာဓိဘာဝနာ။ ဝိပဿနာဘာဝနာဟူသော နှစ်ပါးသော ဘာဝနာတို့၏ အစွမ်းအားဖြင့်။ စိတ်၊ စေတသိက်၊ စိတ္တဇရုပ်တို့၏ ချုပ်ခြင်း၊ ငြိမ်းခြင်းမျှ အဘာဝမတ္တ၏ အဖြစ်ကြောင့် ပရမတ္ထဓမ္မဖြင့် မသင်္ဂြိုဟ်အပ်သော။ အဘာဝပညတ်တရား ဖြစ်၍။ နေဝလောကိယ၊ နလောကုတ္တရဓမ္မ ဖြစ်သတည်းဟူပေ။ ။ ဤသမန္တပါသဒိကဝိနည်းအဋ္ဌကထာ၌။ နိရောဓ သမာပတ်ကိုသာ နေဝလောကိယ၊ နလောကုတ္တရဓမ္မအဖြစ်ဖြင့် ဆိုအပ်သည်ကား။ အရာသို့လိုက်၍သာ ဆိုအပ်သတည်း။ စင်စစ်အားဖြင့်ကား။ နိရောဓသမာပတ်နှင့် ပညတ်၏ အဖြစ်ဖြင့်တူသော အလုံးစုံသော သမ္မုတိဓမ္မကိုလည်း။ နေဝလောကိယ၊ နလောကုတ္တရဓမ္မအဖြစ်ဖြင့် သင်္ဂြိုဟ်ရေတွက်အပ်သည်သာတည်း။

ဤသို့လျှင်၊ လောကုတ္တရသင်္ခါတံဟူသော ဤပုဒ်ဖြင့်။ လောကိယဓမ္မ စသော တရားသုံးပါးတို့တွင်။ နိဗ္ဗာန်တရား၏ လောကုတ္တရဓမ္မအဖြစ်ကို ပြတော်မူသည်။ ယင်းတို့ပြသဖြင့်လည်း။ ရာဂဂ္ဂိအစရှိသော တစ်ဆယ့်တစ်ပါးသော မီးတို့၏ ငြိမ်းခြင်းမျှ။ အဘာဝမတ္တသည် နိဗ္ဗာန်မဟုတ်။မဂ်ဖိုလ်တရားတို့ကဲ့သို့ လောကကို လွန်မြောက်၍ တည်တတ်သော တရားအထူးသည်သာလျှင် နိဗ္ဗာန်တည်းဟု။ နိဗ္ဗာန်တရား၏ သီးသန့်ခြားနား ထင်ရှားရှိသောအဖြစ်ကိုလည်း ပြတော်မူ၏။ ထိုစကားသည်မှန်၏။ ရာဂ အစရှိသော တစ်ဆယ့်တစ်ပါးသော မီးတို့၏ ငြိမ်းခြင်းမျှ။ အဘာဝမတ္တသည် အကယ်၍ နိဗ္ဗာန်မည်ချေအံ့။ ဤနိဗ္ဗာန်တရားသည်။ မဂ်ဖိုလ်တို့ကဲ့သို့။ လောကုတ္တရာဓမ္မ၌ သင်္ဂြိုဟ်ရေတွက်ခြင်းသို့ မရောက်ရာ။ နိရောဓ်သမာမတ် ပညတ်တရားတို့ကဲ့သို့။ နေဝလောကိယ၊ နလောကုတ္တရဓမ္မတို့၌သာလျှင် သင်္ဂြိုဟ်ရေတွက်ခြင်းသို့ ရောက်ရာ၏။ ဤကား လောကုတ္တရသင်္ခါတံဟူသော ဝိသေသနပုဒ်၏ အဓိပ္ပာယ်တည်း။

စတုမဂ္ဂညာဏေနသစ္ဆိကာတဗ္ဗံ။ ။ ဟူသော ဤပါဌ်ဖြင့်။ ထိုထို အရိယာပုဂ္ဂိုလ်တို့အား နိဗ္ဗာန်တရား၏ မျက်မှောက်အားဖြင့်။ ထင်ရှားသောအဖြစ်ကို ပြတော်မူ၏။ ထိုစကားသည်မှန်၏။ စက္ခုဝိညာဏ်ဖြင့် မျက်မှောက်ပြုအပ်သော ရူပါရုံသည်။ မျက်စိအမြင်ရှိသောသူတို့အား မျက်မှောက်အားဖြင့် ထင်ရှားလေသကဲ့သို့။ ထိုအတူ

http://www.dhammadownload.com



လေးပါးသော အရိယမဂ်ဉာဏ်ဖြင့် မျက်မှောက်ပြုအပ်သော နိဗ္ဗာန်တရားသည်လည်း။ ရောက်အပ်၊ ရအပ်ပြီးသော အရိယမဂ်ရှိကုန်သော အရိယာပုဂ္ဂိုလ်တို့အား မျက်မှောက်အားဖြင့် ထင်ရှားလေသတည်း။

တစ်နည်းကား။ ။ ရအပ်ပြီးသော။ စိတ်၊ စေတသိက်၊ ရုပ်ရှိကုန်သော ပုထုဇဉ်ပုဂ္ဂိုလ်တို့အား။ မိမိတို့ရအပ်ကုန်သော စိတ်၊ စေတသိက်၊ ရုပ်တရားတို့သည်၊ မျက်မှောက်အားဖြင့် ထင်ရှားဖြစ်ကုန်သကဲ့သို့။ ထို့အတူ အရိယမဂ်၏ အစွမ်းဖြင့် ရောက်အပ်၊ ရအပ်ပြီးသော အမြိုက်နိဗ္ဗာန်ရှိကုန်သော အရိယာပုဂ္ဂိုလ်တို့အား၊ ထိုနိဗ္ဗာန်တရားသည် မျက်မှောက်အားဖြင့် ထင်ရှားလေသတည်း။ ။ ထို့ကြောင့် အဘိဓမ္မတ္ထဝိဘာဝနီဋီကာ၌။ ။ စတုမဂ္ဂညာဏေန သစ္ဆိကာတဗ္ဗန္တိ ဧတေနတံတံ အရိယပုဂ္ဂလာနံ၊ နိဗ္ဗာနဿပစ္စက္ခသိဒ္ဓိတံဒဿေတိ။ ။ ဟု မိန့်အပ်၏။

စတုမဂ္ဂညာဏေနသစ္ဆိကာ တဗ္ဗန္တိဧတေန။ စတုမဂ္ဂညာဏေနသစ္ဆိကာတဗ္ဗံဟူသော ဤပါဠိဖြင့်။ တံတံအရိယပုဂ္ဂလာနံ။ ထိုအရိယာ ပုဂ္ဂိုလ်တို့အား။ နိဗ္ဗာနဿ။ နိဗ္ဗာန်၏။ ပစ္စက္ခသိဒ္ဓိတံ။ မျက်မှောက်အားဖြင့် ထင်ရှားလေသောအဖြစ်ကို။ ဒဿေတိ။ ပြ၏။ အနက်။ ။ ဤအရာ၌။ မျက်စိအမြင်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်အား။ ရူပါရုံသည် မျက်မှောက်အားဖြင့် ထင်ရှားသကဲ့သို့။ လေးပါးသော အရိယမဂ်နှင့် ပြည့်စုံသော မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်တို့အား။ နိဗ္ဗာန်တရားသည်။ မျက်မှောက်အားဖြင့် ထင်ရှားသည် ဖြစ်စေကာ။ လေးပါးသော အရိယမဂ်မှကင်းပြီးသော။ ဖလဋ္ဌာန်ပုဂ္ဂိုလ်တို့အား နိဗ္ဗာန်တရားသည်။ အဘယ်ကြောင့် မျက်မှောက်အားဖြင့် ထင်ရှားနိုင်အံ့နည်းဟူငြားအံ့။ ဖလဋ္ဌာန် ပုဂ္ဂိုလ်တို့အား။ အရိယမဂ်ဖြင့် ပယ်အပ်ပြီးသော ကိလေသာတည်းဟူသော ပိတ်ပင်ခြင်း ရှိသည်၏ အဖြစ်ကြောင့်လည်းကောင်း။ အရိယမဂ်၏ အစွမ်းဖြင့်သာလျှင် ရောက်အပ်၊ ရအပ်ပြီးသော အမြိုက်နိဗ္ဗာန်ရှိသည်၏ အဖြစ်ကြောင့်လည်းကောင်း။ ထိုနိဗ္ဗာန်တရားသည် မျက်မှောက်အားဖြင့် ထင်ရှားနိုင်လေသတည်း။

ထိုစကားကို ချဲ့အံ့။ သာမညဖြစ်ကုန်သော ပုထုဇဉ်ပုဂ္ဂိုလ်တို့သည် မိမိတို့ သန္တာန်၌ ဖြစ်ကုန်သော မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် စသည်တို့ဖြင့်။ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်တရားတို့ကို မျက်မှောက်အားဖြင့် အာရုံပြုခြင်းငှာ မစွမ်းနိုင်ကုန်။ အဘယ်ကြောင့်နည်းဟူမူကား။ ထိုသာမညဖြစ်ကုန်သော ပုထုဇဉ်ပုဂ္ဂိုလ်တို့အား။ အားကြီးသော ကိလေသာတည်းဟူသော ပိတ်ပင်ခြင်းရှိသည်၏ အဖြစ်ကြောင့်လည်းကောင်း။ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်တရားတို့ကို မရအပ်သေးသည်၏ အဖြစ်ကြောင့် လည်းကောင်း တည်း။ သောတာပန်ပုဂ္ဂိုလ်တို့သည်။ မိမိတို့၏ သန္တာန်၌ရှိသော မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် စသည်တို့ဖြင့် ရအပ်ပြီးသော သောတာပတ္တိမဂ်၊ သောတာပတ္တိဖိုလ်၊

http://www.dhammadownload.com



နိဗ္ဗာန်တရားတို့ကို မျက်မှောက်အားဖြင့် အာရုံပြုနိုင်ကုန်၏။ မရအပ်သေးသော အထက်မဂ်သုံးပါး။ အထက်ဖိုလ်သုံးပါးတို့ကိုမျက်မှောက်အားဖြင့် အာရုံမပြုနိုင်ကုန်။ ထို့အတူ သကဒါဂါမ် ပုဂ္ဂိုလ်တို့သည်လည်း။ ရအပ်ပြီးသော အောက်မဂ်နှစ်ပါး၊ အောက်ဖိုလ်နှစ်ပါး၊ နိဗ္ဗာန်အားဖြင့် ငါးပါးသော လောကုတ္တရာတရားတို့ကို မျက်မှောက်အားဖြင့် အာရုံပြုနိုင်ကုန်၏။ မရအပ်သေးသော အထက်မဂ်နှစ်ပါး။ အထက်ဖိုလ်နှစ်ပါးအားဖြင့်။ လေးပါးသော လောကုတ္တရာတရားတို့ကို မျက်မှောက်အားဖြင့် အာရုံမပြုနိုင်ကုန်။အနာဂါမ် ပုဂ္ဂိုလ်တို့သည်လည်း။ ရအပ်ပြီးသော အောက်မဂ်သုံးပါး၊ အောက်ဖိုလ်သုံးပါး၊ နိဗ္ဗာန်အားဖြင့် ခုနစ်ပါးသော လောကုတ္တရာတရားတို့ကို မျက်မှောက်အားဖြင့် အာရုံပြုနိုင်ကုန်၏။ အရဟတ္တမဂ်၊ အရဟတ္တဖိုလ်တရားတို့ကို မျက်မှောက်အားဖြင့် အာရုံမပြုနိုင်ကုန်။ ရဟန္တာ ပုဂ္ဂိုလ်တို့သည်ကား။ အလုံးစုံသော လောကုတ္တရာတရား ကိုးပါးတို့ကို မျက်မှောက်အားဖြင့် အာရုံပြုနိုင်ကုန်၏။ အဘယ်ကြောင့် နည်းဟူမူကား။ ထိုရဟန္တာပုဂ္ဂိုလ်တို့အား။ အလုံးစုံသော လောကုတ္တရာတရားကိုးပါးတို့ကို ရအပ်ပြီးသည်၏ အဖြစ်ကြောင့်လည်းကောင်း။ ပယ်အပ်ပြီးသော ကိလေသာဟူသော ပိတ်ပင်ခြင်းရှိသည်၏ အဖြစ်ကြောင့်လည်းကောင်းတည်း။ ဤသို့လျှင်။ လေးပါးသော ဖလဋ္ဌာန်ပုဂ္ဂိုလ်တို့သည်။ ရအပ်ပြီးသော အမြိုက်နိဗ္ဗာန်ရှိခြင်းဟုဆိုအပ်သော အမတ အဓိဂတဘောဂုဏ်။ ကိလေသာတည်းဟူသော အပိတ်အပင်မရှိခြင်းဟု ဆိုအပ်သော အနာဝရဏဘော ဂုဏ်တို့၏အစွမ်းအားဖြင့် နိဗ္ဗာန်တရားမြတ်ကို ထင်ရှားစွာ မျက်မှောက်ပြုနိုင်ကုန်၏။ လေးပါးသော မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်တို့သည်။ ထိုးထွင်း၍သိခြင်းဟု ဆိုအပ်သော ပဋိဝေဓဘောဂုဏ်၊ နိရောဓသစ္စာကို မျက်မှောက်ပြုခြင်းဟုဆိုအပ်သော သစ္ဆိကရဏ ဘောဂုဏ်တို့၏ အစွမ်းအားဖြင့် နိဗ္ဗာန်တရားမြတ်ကို ထင်ရှားစွာ မျက်မှောက်ပြုနိုင်ကုန်၏။

ဤအရာ၌ အရိယာပုဂ္ဂိုလ်တို့အားသာ နိဗ္ဗာန်တရား၏ ပစ္စက္ခအဖြစ်ကို ဆိုအပ်သည်ကား။ အလွန်အားဖြင့် ရအပ်သော အတိဿယနည်းသာတည်း။ စင်စစ် အားဖြင့်ကား။ သောတာပတ္တိမဂ်၏ရှေး။ ဂေါတြဘူစိတ်နှင့် ပြည့်စုံသော ဝိသေသ ပုထုဇဉ်ပုဂ္ဂိုလ်တို့အားလည်း။ ထိုနိဗ္ဗာန်တရားသည်။ ပစ္စက္ခအားဖြင့် ထင်ရှားသည်သာ လျှင်တည်း။ ထိုစကားသည် မှန်၏။ နေမထွက်မီ အရုဏ်တက်သောအခါကပင်လျှင် နေ့ဟူသော ဒိဝသ အဖြစ်သို့ ရောက်သကဲ့သို့။ အရိယမဂ်မဖြစ်မီ ဂေါတြဘူခဏကပင်လျှင်။ ယောဂါဝစရပုဂ္ဂိုလ်သည် အမြိုက်နိဗ္ဗာန်သို့ ရောက်တော့သည်သာတည်း။ ယင်းအနက် ကိုကား။ နောက်မှသိအောင်ဆိုအံ့။ ဤကား စတုမဂ္ဂညာဏေနသစ္ဆိကာတဗ္ဗံ။ ဟူသော ဝိသေသနပုဒ်၏ အဓိပ္ပာယ်တည်း။

http://www.dhammadownload.com



မဂ္ဂဖလာနမာလမ္ဗဏာဘူထံ။ ။ ဟူသော ဤပါဠိဖြင့် များသောအကြားအမြင် အဆင်အခြင်ရှိကုန်သော ကလျာဏပုထုဇဉ် ပုဂ္ဂိုလ်တို့အား၊ နိဗ္ဗာန်တရား၏ ယမ်းဆသော အားဖြင့် ထင်ရှားသောအဖြစ်ကို ပြတော်မူ၏။ ထိုစကားသည်မှန်၏။ သင်္ခါရတရားလျှင် အာရုံရှိသော ကာမကုသိုလ်ဉာဏ်အစရှိသည် လည်းကောင်း။ ပညတ်တရားလျှင် အာရုံရှိသော မဟဂ္ဂုတ် ကုသိုလ်ဉာဏ်အစရှိသည်လည်းကောင်း၊ ကိလေသာတို့ကို အကြွင်းမဲ့ ပယ်ဖြတ်ခြင်း၊ တစ်ဖန်ငြိမ်းစေခြင်း၌ မစွမ်းနိုင်။ အကယ်၍ မဂ်ဖိုလ် တရားတို့သည်။ ကာမကုသိုလ်မဟဂ္ဂုတ်ကုသိုလ်တို့ကဲ့သို့ သင်္ခါရတရား ပညတ်တရားလျှင် အာရုံရှိကုန်သည်ဖြစ်အံ့။ ကာမကုသိုလ် မဟဂ္ဂုတ် ကုသိုလ်တရားတို့ကဲ့သို့။ ကိလေသာ တို့ကို အကြွင်းမဲ့ ပယ်ဖြတ်ခြင်း။ တစ်ဖန် ငြိမ်းစေခြင်းငှာ မစွမ်းနိုင်ရာ။ အရိယာ ပုဂ္ဂိုလ်ဟု ဆိုအပ်သော သတ္တလောက၌လည်း။ ကိလေသာတို့ကို အကြွင်းမဲ့ ပယ်ခြင်း။ တစ်ဖန်ငြိမ်းစေခြင်းတို့သည် ရှိကုန်၏။ ထိုကြောင့် သင်္ခတရား ပညတ်တရားတို့မှ။ အသင်္ခတအဖြစ်၊ ပရမတ္ထအဖြစ်ဖြင့်ဖြစ်သော ကိလေသာတို့ကို အကြွင်းမဲ့ ပယ်ဖြတ်ခြင်း။ တစ်ဖန်ငြိမ်းစေခြင်းတို့ကို ပြုတတ်ကုန်သော မဂ်ဖိုလ်တို့၏ အာရုံဖြစ်၍ဖြစ်သော နိဗ္ဗာန်မည်သော တစ်ခုသော တရားသည်ရှိ၏ဟု။ ယမ်းဆသောအားဖြင့် ထင်ရှား လေသတည်း။ ထိုကြောင့် အဘိဓမ္မတ္ထ ဝိဘာဝနိဋီကာ၌။ ။ မဂ္ဂဖလာ နမာလမ္ဗဏာ ဘူတတ္တိ ကလျာဏပုထုဇ္ဇနာနံ အနုမာနသိဒ္ဓိတံ။ အသင်္ခတ ဓမ္မာရမ္မဏံဟိပညတ္တာ ရမ္မဏံဝါဉာဏံ ကိလေသာနံ သမုစ္ဆေဒ ပဋိပဿမ္ဘနေအသမတ္ထံ။ အတ္ထိစလောကေ ကိလေသသရစ္ဆေဒါဒီ။ တသ္မာသင်္ခတသမ္မုတိဓမ္မဝိပရီတော ကိလေသာနံသမုစ္ဆေ ဒပဋိပဿဒ္ဒိကရာနံ မဂ္ဂဖလာ နမာလမ္ဗဏာ ဘူတော နိဗ္ဗာနံနာမ ဧကောဓမ္မော တိ သိဒ္ဓံ။ ။ ဟု မိန့်အပ်သည်။ ။ မဂ္ဂဖလာ နမာလမ္ဗဏာဘူတတ္တိကလျာ။ မဂ္ဂဖလာနမာ လမ္ဗဏာဘူတံဟူသော ဤပါဠိဖြင့်။ ကလျာဏပုထုဇ္ဇနာနံ။ ကောင်းသောအကြားအမြင်၊ အဆင်အခြင်ရှိကုန်သော ကလျာဏပုထုဇဉ်တို့အား။ နိဗ္ဗာနဿ။ နိဗ္ဗာန်၏။ အနုမာနသိဒ္ဓိတံ။ ယမ်းဆသောအားဖြင့် ထင်ရှားသောအဖြစ်ကို။ ဒဿေတိ၊ ပြတော်မူ၏။ ဟိသစ္စံ။ မှန်၏။ သင်္ခတဓမ္မာရမ္မဏံ။ သင်္ခတရားလျှင် အာရုံရှိသော။ ဉာဏံဝါ။ ဉာဏ် သည်လည်းကောင်း။ သမ္မုတိဓမ္မာရမ္မဏံ။ ပညတ်တရားလျှင် အာရုံရှိသော။ ဉာဏံဝါ။ ဉာဏ်သည်လည်းကောင်း၊ ကိလေသာနံ။ ကိလေသာတို့ကို။ သမုစ္ဆေဒ ပဋိပဿမ္ဘနေ။ အကြွင်းမဲ့ပယ်ဖြတ်ခြင်း။ တစ်ဖန်ငြိမ်းစေခြင်း၌။ အသမတ္ထံ။ မစွမ်းနိုင်။ လောကေ။ အရိယာပုဂ္ဂိုလ်ဟုဆိုအပ်သော သတ္တလောက၌။ ကိလေသသမုစ္ဆေဒါဒီ။ ကိလေသာကို အကြွင်းမဲ့ ပယ်ဖြတ်ခြင်း အစရှိသည် သည်လည်း။ အတ္ထိစ။ ရှိလည်းရှိ၏။ တသ္မာ။ ထိုကြောင့်။ သင်္ခတသမ္မုဘိဓမ္မဝိပရီတော။ သင်္ခတတရား ပညတ်တရားတို့မှ အသင်္ခတ

http://www.dhammadownload.com



အဖြစ်၊ ပရမတ္ထအဖြစ်ဖြင့် ပြန်သော။ ကိလေသာနံ။ ကိလေသာတို့ကို။ သမုစ္ဆေဒ ပဋိပဿဒ္ဓိကရာနံ။ အကြွင်းမဲ့ ပယ်ဖြတ်ခြင်း။ တစ်ဖန်ငြိမ်းစေခြင်းကို ပြုတတ်ကုန်သော။ မဂ္ဂဖလာနံ။ မဂ်ဖိုလ်တို့၏။ အာလမ္ဗဏဘူတော။ အာရုံဖြစ်၍ဖြစ်သော။ နိဗ္ဗာနံ နာမ။ နိဗ္ဗာန်မည်သော။ ဧကောဓမ္မော။ တရားတခုသည်။ အတ္ထိ။ ရှိ၏။ ဣတိ။ ဤသို့ ယမ်းဆသဖြင့်။ သိဒ္ဓံ။ ဉာဏ်၌ ထင်ရှားသည်။ ဟောတိ။ ၏။ ။ အနက်။

ဤအရာ၌။ အနုမာနသိဒ္ဓိသည်။ သုတမယအနုမာနသိဒ္ဓိ။ စိန္တာမယ အနုမာန သိဒ္ဓိ။ ဘာဝနာမယ အနုမာန သိဒ္ဓိအားဖြင့် သုံးပါးအပြားရှိ၏။ ထိုသုံးပါးတို့တွင်။ သာသနာတော် မြတ်၌ ကြုံကြိုက်တွေ့ရှိရသဖြင့်။ သဗ္ဗညုဘုရား၏ တရားတော်ဒေသနာကို ကြားနာရ၍။ နိဗ္ဗာန်တရား၏ ထင်ရှားရှိသောအဖြစ်ကို စိစစ်ဆင်ခြင်ကုန်သော ကလျာဏ ပုထုဇဉ် ပုဂ္ဂိုလ်တို့အား။ သုတမယ အနုမာနသိဒ္ဓိသည်ဖြစ်၏။ သုမေဓာပညာရှိ အစ ရှိသည်တို့ကဲ့သို့ တစ်စုံတစ်ခုသော တရားကို မကြားနာရဘဲလျက်။ သက်သက် နိဗ္ဗာန် တရား၏ ထင်ရှားရှိသောအဖြစ်ကို ဆင်ခြင်ကုန်သော ကလျာဏပုထုဇဉ်ပုဂ္ဂိုလ် တို့အား။ စိန္တာမယ အနုမာနသိဒ္ဓိသည်ဖြစ်၏။ ထိုစကားသည် မှန်၏။ သုမေဓာ ပညာရှိသည် ဆိတ်ငြိမ်ရာ အရပ်သို့ ချဉ်းကပ်၍ ဒုက္ခမည်သော တရားသည်ရှိသော်။ ထိုဒုက္ခမှ တစ်ပါးသာလျှင်ဖြစ်သော သုခမည်သော တရားသည် ရှိသည်သာလျှင် ဖြစ်သကဲ့သို့။ ထိုအတူ ဘဝသုံးပါးတည်းဟူသော သံသရာသည်ရှိသည်ရှိသော်။ ထိုဘဝ သုံးပါးမှ တစ်ပါးသာလျှင်ဖြစ်သော နိဗ္ဗာန်မည်သော တရားသည် ရှိသည်သာလျှင်ဖြစ်ရာ၏။ လောက၌အပူဟူသော တရားသည် ရှိသည်ရှိသော်။ ထိုအပူမှ တစ်ပါးသာလျှင်ဖြစ်သော အချမ်း မည်သော တရားသည်လည်း ရှိပြန်သကဲ့သို့။ ဇာတိ၊ ဇရာ၊ မရဏဟူသော သုံးပါးသော မီးသည်ရှိသော်။ ထိုမီးသုံးပါးတို့၏ ငြိမ်းရာဖြစ်သော နိဗ္ဗာန်တရား သည်လည်း ထင်ရှားရှိသည်သာလျှင်ဖြစ်ရာ၏ဟု ကြံဆင်ခြင်တော်မူကြောင်းနှင့် "ဗုဒ္ဓဝင် ပါဠိတော်၌ ဟောတော်မူအပ်၏။ ဥပါဒါနက္ခန္ဓာငါးပါးသည် ဒုက္ခသစ္စာ။ ထိုဥပါဒါ နက္ခန္ဓာငါးပါး၌ သာယာခင်မွတ်။ ကပ်ငြိစွဲလမ်းတတ်သော တဏှာသည် သမုဒယ သစ္စာ။ ထိုတရားနှစ်ပါး၏မရှိရာ အမြိုက်နိဗ္ဗာန်တရားသည် နိရောဓသစ္စာ။ ထို နိရောဓသစ္စာသို့ ရောက်ကြောင်းဖြစ်သော မဂ္ဂင်တရားကိုယ်ရှစ်ပါးသည် မဂ္ဂသစ္စာ မည်၏ဟု။ စတုသစ္စကမ္မဋ္ဌာန်းကို စီးဖြန်းသော ယောဂီပုဂ္ဂိုလ်အား ကွင်းသော သုံးပါး သော သစ္စာတရားတို့ကဲ့သို့ နိဗ္ဗာန်ဟူသော နိရောဓသစ္စာတရား၏လည်း ပရမတ္ထအားဖြင့် ထင်ရှားရှိသောအဖြစ် ကို ဆင်ခြင်ခြင်းသည် ဘာဝနာမယ အနုမာနသိဒ္ဓိမည်၏။ ဤသို့လျှင် ကလျာဏပုဂ္ဂိုလ်တို့အား ရသင့်သော သုံးပါးသော အနုမာနသိဒ္ဓိတို့ကို ရည်၍။ ။ မဂ္ဂဖလာနမာလမ္ဗဏဘူတန္တိ ဧတေန ကလျာပုထုဇ္ဇနာနံ အနုမာနသိဒ္ဓိတံ။ ။

http://www.dhammadownload.com



ဟု မိန့်အပ်သည်။ ဤကားမဂ္ဂဖလာနမာလမ္ဗဏာဘူတံ။ ဟူသော ဝိသေသနပုဒ်၏ အဓိပ္ပာယ်တည်း။

ဤသို့လျှင် အရိယာ ပုဂ္ဂိုလ်တို့အား။ မျက်မှောက်အားဖြင့် နိဗ္ဗာန်တရား၏ ထင်ရှားသောအဖြစ်။ ကလျာဏပုထုဇဉ် ပုဂ္ဂိုလ်တို့အား ယမ်းဆသောအားဖြင့် ထင်ရှားသောအဖြစ်ကို ပြသဖြင့်။ ရာဂ အစရှိသော တရားတို့၏ မရှိခြင်းမျှ အဘာဝမတ္တသည်။ နိဗ္ဗာန်မည်၏ဟု ပျက်သော အယူရှိကုန်သော ဝိပ္ပဋိပန္နပုထုဇဉ် ပုဂ္ဂိုလ်တို့၏ မိစ္ဆာဉာဏ်ကို ပယ်လှန်တားမြစ် တော်မူရ၏။ ထိုမိစ္ဆာဉာဏ်ကို ပယ်လှန်တားမြစ်တော်မူ၍။ ဤနိဗ္ဗာန် ဟူသော တရားသည်လည်း။ စိတ်၊ စေတသိက်၊ ရုပ်ဟူသော ပရမတ္ထ တရားတို့ကဲ့သို့ သီးသန့်ခြားနား။ ပရမတ္ထအားဖြင့် ထင်ရှားရှိသောတရားပင်တည်းဟူသော အနုမာန သုတမယဉာဏ်ကိုဖြစ်စေ၍။ ကလျာဏပုထုဇဉ်အဖြစ်ကို ပြုတော်မူ၏ဟူလိုသည်။ ။ ထိုကြောင့် အဘိဓမ္မတ္ထဝိဘာဝနီဋီကာ၌။ ပစ္စက္ခာနုမာန သိဒ္ဓိတာသံ ဒဿနေနစအဘာဝ မတ္တံ နိဗ္ဗာနန္တိ ဝိပ္ပဋိပန္နာနံ ဝါဒံနိသေဓေတိ။ ။ ဟုမိန့်အပ်သည်။။ စ။ ဆက်၍ ဆိုဦးအံ့။ ပစ္စက္ခာနုမာန သိဒ္ဓိတာ သံဒဿနေန။ အရိယာ၊ ကလျာဏပုထုဇဉ် ပုဂ္ဂိုလ်တို့အား ပစ္စက္ခ အနုမာနအားဖြင့် နိဗ္ဗာန် တရား၏ ထင်ရှားသောအဖြစ်ကိုပြသဖြင့်။ အဘာဝမတ္တံ။ ရာဂစသည်တို့၏ မရှိခြင်းမျှသည်။ နိဗ္ဗာနံ။ နိဗ္ဗာန်တည်း။ ဣတိ။ ဤသို့။ ဝိပ္ပဋိပန္နာနံ။ ပျက်သော အယူရှိကုန်သော ပုထုဇဉ်ပုဂ္ဂိုလ်တို့၏ ဝါဒံ။ မိစ္ဆာဉာဏ်ကို။ နိသေဓေတိ။ တားမြစ်တော်မူ၏။ ။အနက်။

ဤအရာ၌။ ဝိပ္ပဋိပန္နပုထုဇဉ် ပုဂ္ဂိုလ်တို့အား၊ မရှိခြင်းမျှ အဘာဝမတ္တသည် နိဗ္ဗာန်မည်၏ဟူသော မိစ္ဆာဉာဏ်သည်။ အဘယ်ကြောင့် ဖြစ်ရလေသနည်းဟူငြားအံ့။ ထိုဝိပ္ပဋိပန္န ပုထုဇဉ်ပုဂ္ဂိုလ်တို့သည်။ အရိယာ၊ ကလျာဏ ပုထုဇဉ်ပုဂ္ဂိုလ်တို့ကဲ့သို့။ ပစ္စက္ခ အနုမာနအားဖြင့်။ နိဗ္ဗာန်တရားကို ထင်ရှားစွာ အာရုံမပြုနိုင်သည်၏ အဖြစ်ကြောင့် လည်းကောင်း။ ။ နိဗ္ဗုတ္တိ မိရာယထယံ ပဒီပေါ။ ။ စသော ပါဠိတော်မြတ်တို့၌။ အဟုတ်အမှန်ဖြစ်သော ဝိနိစ္ဆာယကို မရသော ပုဂ္ဂိုလ်၏။ နိဗ္ဗာန်ဟူသည် မီးတောက် ငြိမ်းသကဲ့သို့။ တစ်ဆယ့်တစ်ပါးသော မီးငြိမ်းခြင်းပင်တည်းဟု ပြောဆိုမိန့်ကြားသော စကားအစဉ်ကို အကယ်ထင်မှတ်မိခြင်းကြောင့်လည်းကောင်း။ မရှိခြင်းမျှ အဘာဝပင် နိဗ္ဗာန်မည်၏ဟု မှားသော မိစ္ဆာဝါဒသည် ဖြစ်ရလေသတည်း။ ။ ဤ (နိဗ္ဗုတ္တိ မိရာယထယံပဒီပေါ) ဟူသော ပါဠိတော်၌ကား။ ကုန်ပြီးသော မီးစာ၊ ဆီရှိသော မီးလျှံသည်။ အကြွင်းမဲ့ ငြိမ်းသကဲ့သို့။ ထက်ဝန်းကျင်ကုန်ပြီးသော ကံကိလေသာ ရှိတော်မူကုန်သော ရဟန္တာအရှင်မြတ်တို့သည်။ တစ်ဖန်မဖြစ်သောအားဖြင့် ငြိမ်းတော်မူကုန်၏ဟု အနုပါဒိသေသပရိနိဗ္ဗာန် စံယူတော်မူခြင်းကိုရည်၍ ဟောတော်မူအပ်၏။

http://www.dhammadownload.com



ပရမတ္ထဓမ္မဖြစ်သော နိဗ္ဗာန်ကိုရည်၍ ဟောတော်မမူအပ်။ ထိုစကားသည် မှန်၏။ နိဗ္ဗာန်။ ပရိနိဗ္ဗာန်။ ဤတရားနှစ်ပါးတို့သည် မတူသော သဘောလက္ခဏာရှိကုန် ၏။ ထိုနှစ်ပါးတို့တွင် နိဗ္ဗာန်သည်။ စိတ်၊ စေတသိတ်၊ ရုပ်တို့ကဲ့သို့ တရားကိုယ်ရစကောင်းသော ပရမတ္ထဓမ္မနှင့်နှင်တည်း။ ပရိနိဗ္ဗာန်သည်၊ ခန္ဓာကမ္မဇရုပ်တို့၏ အကြွင်းမဲ့ချုပ်ခြင်း။ မရှိခြင်းဟုဆိုအပ်သော ပရမတ္ထဓမ္မ မရစကောင်းသော ပညတ္တိဓမ္မနှင့်နှင်တည်း။ ယင်းအနက်ကိုရည်၍။ သာရတ္ထဒီပနီဋီကာ၌။ ။ အနုပါဒိသေသာယနိဗ္ဗာနဓာတုယာ ပရိနိဗ္ဗုတေဟူသော ပုဒ်အဖွင့်၌။ ။ နိဗ္ဗာနဓာတူဘိစေတ္ထ နိဗ္ဗုဘိမတ္တံ အဓိပ္ပေတံဟု မိန့်အပ်ပြီ။ ။ စဆက်၍ ဆိုအံ့။ ။ ဧတ္ထ။ ဤအနုပါဒိသေသ နိဗ္ဗာန ဓာတုယာ ဟူသောပုဒ်၌။ နိဗ္ဗာနဓာတူတိ။ နိဗ္ဗာဓာတ်ဟူ၍။ နိဗ္ဗုတိမတ္တံ။ ခန္ဓာငါးပါးတို့၏ ငြိမ်းခြင်းမျှကို။ အဓိပ္ပေတံ။ အလိုရှိအပ်၏။ ။ အနက်။ ။ ဤသို့လျှင် ပညတ္တိဓမ္မဖြစ်သော ပရိနိဗ္ဗာန်ကို။ ပရမတ္ထဓမ္မဖြစ်သော နိဗ္ဗာန်ပြု၍ ပြောဆို မိန့်ကြားသော စကားအလျဉ်ကို အကယ်ထင်မှတ်မိ၍ မရှိခြင်းမျှ။ အဘာဝသည်ပင် နိဗ္ဗာန်မည်၏ ဟူသော မိစ္ဆာဝါဒသည် ဖြစ်ရလေသတည်း။ ထိုကြောင့်။ နိဗ္ဗာန်။ ပရိနိဗ္ဗာန်။ ဤတရားနှစ်ပါးတို့ကို သီးသန့်ခြားနား မှတ်သား သိမ်းဆည်းအပ်ကုန်၏။

တစ်နည်းကား။ ဆောင်၍ သိအပ်သော နေယျတ္ထ အနက်ရှိသော သုတ္တန်ပါဠိတို့၌။ ယထာတုစ္ဆဝိနိစ္ဆယကို မရခြင်းကြောင့် အဘာဝသည်ပင် နိဗ္ဗာန်မည်၏ ဟူသော မိစ္ဆာဝါဒသည်ဖြစ်ရလေသတည်း။ ရင်းအနက်ကို ရည်၍။ သမ္မောဟဝိနောဒနီအဋ္ဌကထာ။ ဓမ္မာယတန အဖွင့်၌။ ၊ ဝိတဏ္ဍာဝါဒီပနာဟပါဠိယေဝ နိဗ္ဗာနံနာမနတ္ထိ။ ကိလေသက္ခယောဝနိဗ္ဗာနန္တိ။ ။ ဟု မိန့်ပြီ။ ။ ဝိတဏ္ဍာဝါဒီပန။ ပညာရှိတို့ နှလုံးကို တုန်လှုပ်စေတတ်သော အယူရှိသော ဝိတဏ္ဍာဝါဒီ ပုဂ္ဂိုလ်သည်ကား။ အာဟ။ ဆို၏။ ကိံ အာဟ။ အသို့ ဆိုသနည်းဟူမူကား။ ပါဠိယေတ္တံ။ အသီးအခြား။ နိဗ္ဗာနံနာမ။ နိဗ္ဗာန်မည်သော တရားသည်။ နတ္ထိ။ မရှိ။ ကိလေသက္ခယောဝ။ ကိလေသာ၏ ကုန်ခြင်းသည်သာလျှင်။ နိဗ္ဗာနံ။ နိဗ္ဗာန်မည်၏။ ဣတိ။ ဤသို့။ အာဟ။ ဆို၏။ ။ အနက်။ ။ ဤသို့လျှင် ဝိတဏ္ဍာဝါဒီ ပုဂ္ဂိုလ်တို့သည် နိဗ္ဗာန်ဟူသည် အသီးအခြားမရှိ။ ကိလေသာ၏ ကုန်ခြင်းပင် တည်းဟု ပြောဆိုလတ်သည်ရှိသော်။ အနာကိုသိပြီးသော ဆရာသည်။ အနာ၏ ဖြစ်ကြောင်း သမုဋ္ဌာန်ကို ရှာကြံ စိစစ်ပြန်သကဲ့သို့။ ဝိတဏ္ဍာဝါဒီ၏ အဓမ္မဝါဒကို သိပြီးသော ဆရာမြတ်တို့သည်။ ထိုဝါဒ၏ ဖြစ်ကြောင်း သမုဋ္ဌာန်ကို ရှာကြံ စိစစ်တော်မူပြန်ခြင်းဌာ။ ငါ့ရှင် ဝိတဏ္ဍာဝါဒီ။ သင်သည်။ ကိလေသက္ခယကိုပင် နိဗ္ဗာန်ဟူ၍ ဆိုအပ်၏။ ထိုစကားအားလျော်သော သုတ္တန်ပါဠိတော်ကို ဆောင်ဦးလောဟု ဆိုတော်မူကုန်၏။ ဝိတဏ္ဍာဝါဒီသည်။ ။ နိဗ္ဗာနံ နိဗ္ဗာနန္တိ ခေါ် အာဝုသော သာရိ

http://www.dhammadownload.com



ပုတ္တံဝုစ္စတိ။ ကတမံ နုခေါ အာဝုသော နိဗ္ဗာနန္တိ။ ယောခေါ အာဝုသော ရာဂက္ခယော။ ဒေါသက္ခယော။ မောဟက္ခယော။ ဣဒံဝုစ္စတိ အာဝုသော နိဗ္ဗာနန္တိ။ ။ ဟူသော ဇမ္ဗုခါဒကသုတ်ကိုဆောင်၍။ ဤသုတ်ဖြင့်လျှင် နိဗ္ဗာန်ဟူသော တရားသည် အသီးအခြား ထင်ရှားမရှိ။ ကိလေသာ၏ ကုန်ခြင်းပင်လျှင်တည်း ဟူသောအနက်ကို သိအပ်၏ဟု ဆို၏။ ။ အာဝုသော သာရိပုတ္တ။ ငါ့ရှင်သာရိပုတ္တရာ။ နိဗ္ဗာနံ။ ကို။ နိဗ္ဗာနန္တိ။ နိဗ္ဗာန်ဟူ၍။ ဝုစ္စတိ။ ဆိုအပ်၏။ အာဝုသော။ ငါ့ရှင်။ ကတမံ။ အဘယ်တရားသည်လျှင်။ နိဗ္ဗာနံနုခေါ။ နိဗ္ဗာန်မည်သနည်း။ ဣတိ။ ဤသို့။ ဝုတ္တိ။ မေး၏။ အာဝုသော။ ငါ့ရှင်။ ယောရာဂက္ခယော။ အကြင်ရာဂ၏ ကုန်ခြင်းသည်။ ယောဒေါသက္ခ ယော၊ အကြင် ဒေါသ၏ ကုန်ခြင်းသည်။ အကြင်ဒေါသ၏ ကုန်ခြင်းသည်။ ယောမောဟက္ခယော။ အကြင်မောဟ၏ ကုန်ခြင်းသည်။ အတ္ထိ။ ရှိ၏။ အာဝုသော။ ငါ့ရှင်။ ဣဒံ။ ဤရာဂ ဒေါသမောဟတို့၏ ကုန်ခြင်းကို၊ နိဗ္ဗာနန္တိ။ နိဗ္ဗာန်ဟူ၍။ ဝုစ္စတိ။ ဆိုအပ်၏။ ။ (ဤကား၊ ဝိတဏ္ဍ ဝါဒီပုဂ္ဂိုလ်၏ အလိုအားလျော်စွာ ပေးအပ်သောအနက်တည်း)။ ။ ဤသို့လျှင် ဝိတဏ္ဍဝါဒီပုဂ္ဂိုလ်သည် ပြောဆိုလတ်သည်ရှိသော်။ အဋ္ဌကထာ ဆရာမြတ်တို့သည်။ ဤသို့ စိစစ်ကုန်၏။ ငါ့ရှင် ဝိတဏ္ဍဝါဒီ။ သင်ထုတ်ဆောင်အပ်သော ဤဇမ္ဗုခါဒက သုတ်သည်။ တိုက်ရိုက် သိအပ်သော နီတတ္ထအနက်ရှိလော။ ရင်းသို့ မဟုတ်ဆောင်၍ သိအပ်သော နေယျတ္ထ အနက်ရှိသလောဟု ဆိုတော်မူကုန်၏။ ဝိတဏ္ဍဝါဒီလည်း။ ဤသုတ်သည် တိုက်ရိုက် သိအပ်သော နီတတ္ထအနက် ရှိသည်သာ လျှင်တည်းဟု ဆို၏။ ထိုသို့ တပြီးကား။ ထိုသုတ်၏ အခြားမဲ့ဖြစ်သော သုတ်ကို ဆောင်ဦးလော့ဟုဆိုတော်မူကုန်လတ်သော်။ ။ အရဟတ္တံ အရဟတ္တန္တိဝေါအာဝုသော သာရိပုတ္တဝုစ္စတိ ကတမံနုခေါ အာဝုသော အရဟတ္တန္တိ။ ယောခေါ အာဝုသော ရာဂက္ခ သော ဒေါသက္ခယော မောဟက္ခယော။ ဣဒံဝုစ္စတိ အာဝုသော အရဟတ္တန္တိ။ ။ ဟူသော ဤသုတ်ကို ဝိတဏ္ဍဝါဒီ ပုဂ္ဂိုလ်သည်ဆောင်၏။ ။ အာဝုသော သာရိပုတ္တ။ ငါ့ရှင် သာရိပုတ္တရာ။ အရဟတ္တံ။ အရဟတ္တဖိုလ်ကို။ အရဟတ္တန္တိ။ အရဟတ္တဖိုလ်ဟူ၍။ ဝုစ္စတိ။ ဆိုအပ်၏။ အာဝုသော။ ငါ့ရှင်။ ကတမံ။ အဘယ်တရားသည်။ အရဟတ္တံနုခေါ။ အရဟတ္တဖိုလ်မည်သနည်း။ ဣတိ။ ဤသို့။ ပုစ္ဆိ။ မေး၏။ အာဝုသော။ ငါ့ရှင်။ ယောရာဂက္ခယော။ အကြင်ရာဂ၏ ကုန်ခြင်းသည်။ ယောဒေါသက္ခယော။ အကြင် ဒေါသ၏ ကုန်ခြင်းသည်။ ယောမော ဟက္ခယော။ အကြင်မောဟ၏ ကုန်ခြင်းသည်။ အတ္ထိ။ ရှိ၏။ ဣဒံ ဤရာဂ ဒေါသမောဟတို့၏ ကုန်ခြင်းကို။ အရဟတ္တန္တိ။ အရဟတ္တ ဖိုလ်ဟူ၍။ ဝုစ္စတိ။ ဆိုအပ်၏။ ။ အနက်။ ။ ဤသို့လျှင် အခြားမဲ့ဖြစ်သော ဤသုတ်ကို ဆောင်အပ်သည်ရှိသော်။ အဋ္ဌကထာဆရာမြတ်တို့သည်။ ထိုဝိတဏ္ဍဝါဒီ

http://www.dhammadownload.com



ပုဂ္ဂိုလ်ကို။ ဤသို့ဆိုတော်မူကုန်၏။ ငါ့ရှင် ဝိတဏ္ဍဝါဒီ။ နိဗ္ဗာန်ဟူသော တရားသည်။ မဗ္ဗာယတန။ ဓမ္မာယတန်၌ အကျုံးဝင်သော အသင်္ခတဓမ္မအထူးတည်း။ အရဟတ္တဖိုလ်ဟူသော တရားသည်။ နာမက္ခန္ဓာလေးပါးတို့၌ အကျုံးဝင်သော အသင်္ခတဓမ္မ အထူးတည်း။ နိဗ္ဗာန်ကို မျက်မှောက်ပြု၍ နေတော်မူသော အရှင်သာရိ ပုတ္တရာသည်။ နိဗ္ဗာန်ကို မေးသည်ရှိသော်လည်း။ ရာဂက္ခယစသည်ကိုပင် ဟောတော်မူအပ်၏။ အရဟတ္တဖိုလ်ကို မေးသည်ရှိသော်လည်း။ ရာဂက္ခယ စသည်ကိုပင် ဟောတော်မူအပ်၏။ ယင်းသို့ ဟောတော်မူခဲ့သော်။ အရဟတ္တဖိုလ်၊ နိဗ္ဗာန် ဤတရားနှစ်ပါးတို့သည် တူသော သဘောရှိကုန်သလော။ ထူးသော သဘောရှိကုန်သလောဟု မေးစိစစ်တော်မူကုန်၏။ ဝိတဏ္ဍဝါဒီ ပုဂ္ဂိုလ်သည်။ ထိုမှ ဤမှ လှည့်ပတ် ပြောဆိုခြင်းငှာ မစွမ်းနိုင်သည်ဖြစ်၍။ ရာဂဒေါသ မောဟတို့ ကုန်သော အဆုံး၌ဖြစ်သောကြောင့်။ အရဟတ္တဖိုလ်ကို။ ရာဂက္ခယ၊ ဒေါသက္ခယ၊ မောဟက္ခယဟူ၍ ဟောတော်မူအပ်၏ဟု ဆို၏။ ထိုနောက်မှ ဝိတဏ္ဍဝါဒီ ပုဂ္ဂိုလ်ကို။ အဋ္ဌကထာ ဆရာမြတ်တို့သည်။ ဤသို့ဆိုတော် မူပြန်ကုန်၏။ သင်သည်။ ရာဂက္ခယစသည်ဖြင့် ဟောတော်မူအပ်သော အရဟတ္တဖိုလ်ကို။ ရာဂစသည်တို့၏ ကုန်ခြင်းမျှဟု နီတတ္ထအားဖြင့် မယူ။ ရာဂစသည်တို့၏ ကုန်သော အဆုံး၌ဖြစ်သော တရားအထူးဟု နေယျတ္ထအားဖြင့် ဝေဖန်၍ ယူသကဲ့သို့။ ထိုအတူ။ ရာဂက္ခယစသည်ဖြင့် ဟောတော်မူအပ်သော နိဗ္ဗာန်ကိုလည်း။ ရာဂစသည်တို့၏ ကုန်ခြင်းမျှဟု နီတတ္ထအားဖြင့် မယူမူ၍။ ရာဂစသည်တို့၏ ကုန်ကြောင်းဖြစ်သော တရားအထူးဟု နေယျတ္ထအားဖြင့် ဝေဖန်၍ယူလော့ဟု ဆုံးဖြတ်တော်မူကြပြီး၍။ ဤမျှတည်းဖြင့် သိခြင်းသို့ မရောက်သေးသော ဝိတဏ္ဍဝါဒီပုဂ္ဂိုလ်အား။ ထိုထက်အလွန် နိဗ္ဗာန်၏ များသောအဖြစ်ဟူသော။ ဗဟုနိဗ္ဗာန။ ရန့်ရင်းသောအဖြစ်ဟူသော သြဠာရိက။ သောတာပတ္တိမဂ်၏ ရှေး၌ ဖြစ်သော တရားအထူးဟူသော ဂေါတြဘူ။ နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ဟူသော အရိယမဂ်ဟုဆိုအပ်သော များစွာသော အကြောင်းတို့ဖြင့် နိဗ္ဗာန်တရား၏ သီးသန့်ခြားနား ထင်ရှားရှိသောအဖြစ်ကို။ ဆုံးဖြတ်တော်မူကုန်၏။

ထိုအကြောင်းတို့တွင်။ ဤအရာ၌ 'ဂေါတြဘူဖြင့်' ဆုံးဖြတ်သော အစီအရင်မျှကို ဆိုပေအံ့။ နိဗ္ဗာန်တရား၏ သီးသန့်ခြားနား ထင်ရှားရှိသောအဖြစ်ကို။ ဂေါတြဘူဖြင့် ဆုံးဖြတ်အပ်၏။ ။ ထိုကြောင့်။ ။ သမ္မောဟဝိနောဒနီအဋ္ဌကထာ၌။ ။ ဂေါတြဘုနာဝိကာရေ တဗ္ဗော။ ။ ဟု မိန့်အပ်ပြီ။ ။ ဤ၌ ဂေါတြဘူဟူသော တရားသည်။ သောတာပတ္တိမဂ်၏ ရှေး၌ နိဗ္ဗာန်ကို အာရုံပြု၍ဖြစ်သော။ မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် လေးခုတို့တွင်။ တစ်ခုခုသော တရားတည်း။ ထိုကြောင့် ထိုတရားကို ထင်ရှားစေခြင်းငှာ။ ဓမ္မသင်္ဂဏီ အဋ္ဌကထာ၌လာသော မဂ္ဂဝီထိစကားအစဉ်ကို ပြဆိုပေအံ့။ ။ ဟိကထံကထေတဗ္ဗံ။

http://www.dhammadownload.com



အဘယ်ကဲ့သို့ ဆိုအပ်သနည်းဟူမူကား။ ယသ္မိံဝါရေ။ အကြင်အလှည့်၌။ မဂ္ဂဝုဋ္ဌာနံ။ မဂ်ဟုဆိုအပ်သော ထမြောက်ခြင်းသည်။ ဟောတိ။ ဖြစ်၏။ တသ္မိံဝါရေ။ ထိုအလှည့်၌။ ကြိယာဟေတုကမနော ဝိညာဏဓာတု ဥပေက္ခာသဟဂတ မနောဒွါရာဝဇ္ဇနံ။ ကြိယာဖြစ်သောအဟိတ်။ မနောဝိညာဏဓာတ်၊ ဥပေက္ခာသဟဂုတ်၊ မနောဒွါရာဝဇ္ဇန်းသည်။ ဟုတွာ။ ဖြစ်၍။ ဝိပဿနာဂေါစရေ။ ဝိပဿနာ၏ အာရုံဖြစ်ကုန်သော။ ခန္ဓေ။ ခန္ဓာတို့ကို။ အာရမ္မဏံကတွာ။ အာရုံပြု၍။ ဘဝင်္ဂံ။ ဘဝင်ကို။ အာဝဋ္ဋေတိ။ လည်စေ၏။ တဒနန္တရံ။ ထိုမနောဒွါရာဝဇ္ဇန်း၏ အခြားမဲ့၌။ တေနေဝအာဝဇ္ဇနေန။ ထိုမနောဒွါရာဝဇ္ဇန်းသည်လျှင်။ ဂဟိတက္ခန္ဓေ။ ယူအပ်ပြီးသော ခန္ဓာတို့ကို။ ဂဟေတွာ။ ယူ၍။ ပဌမံ။ ရှေးဦးစွာသော။ ဇဝနံ။ ဇောဟုဆိုအပ်သော။ အနုလောမဉာဏံ။ အနုလောမဉာဏ်သည်။ ဥပ္ပဇ္ဇတိ။ ဖြစ်၏။ တံအနုလောမဉာဏံ။ ထိုအနုလောမဉာဏ်သည်။ ပဉ္စသု။ ငါးပါးကုန်သော။ ခန္ဓေသု။ ခန္ဓာတို့၌။ အနိစ္စာတိဝါ။ အနိစ္စဟူ၍လည်းကောင်း။ ဒုက္ခာတိဝါ။ ဒုက္ခဟူ၍လည်းကောင်း။ အနတ္တာတိဝါ။ အနတ္တဟူ၍လည်းကောင်း။ ပဝတ္တိတွာဖြစ်၍။ ဩဠာရိကံဩဠာရိကံ။ ရုန့်ရင်းရုန့်ရင်းသော။ သစ္စစ္ဆာဒကတမံ။ သစ္စာလေးပါးကို ဖုံးလွှမ်းတတ်သော မောဟကို။ ဝိနောဒေတွာ။ ဖျောက်၍။ တီဏိ။ သုံးပါးကုန်သော။ လက္ခဏာနိ။ လက္ခဏာတို့ကို။ ဘိယျောဘိယျော။ လွန်စွာလွန်စွာ။ ပါကဋာနိ။ ထင်သည်တို့ကို။ ကတွာ။ ပြု၍။ နိရုဇ္ဈတိ။ ချုပ်၏။ တဒနန္တရံ။ ထိုပဌမအနုလုံ၏ အခြားမဲ့၌။ ဒုတိယံ။ နှစ်ကြိမ်မြောက်သော။ အနုလောမံ။ အနုလုံသည်။ ဥပ္ပဇ္ဇတိ။ ဖြစ်၏။ တေသံ။ ထိုနှစ်ပါးကုန်သော အနုလုံတို့တွင်။ ပုရိမံ။ ရှေးဖြစ်သော အနုလုံသည်။ အနာသေဝနံ။ အာသေဝနပစ္စည်းကို မရသည်။ ဟု တွာ။ ဖြစ်၍။ ပုရိမံ။ ရှေးအနုလုံသည်။ ဒုတိယဿ၊ ဒုတိယ အနုလုံအား။ အာသေဝနံ။ အာသေဝနပစ္စည်းတပ်သည်။ ဟောတိ။ ဖြစ်၏။ တံ။ ထိုဒုတိယအနုလုံသည်။ တိက္ခံ။ ထက်သည်။ သူရံ။ ရဲရင့်သည်။ ပသန္နံ၊ ကြည်သည်။ ဟုတွာ။ ဖြစ်၍။ တသ္မိံဝါရမ္မဏေ။ ထိုပဌမအနုလုံသည် ယူအပ်သော အာရုံ၌သာလျှင်။ တေနေဝါကာရေန။ ထိုအနိစ္စ အစရှိသော အခြင်းအရာအားဖြင့်သာလျှင်။ ပဝတ္တိတွာ။ ဖြစ်၍။ မဇ္ဈိမပ္ပမာဏံ။ အထက်သော ပမာဏရှိသော။ သစ္စစ္ဆာဒကတမံ။ သစ္စာလေးပါးကို ဖုံးလွှမ်းတတ်သော မောဟကို။ ဝါနောဒေတွာ။ ဖျောက်၍။ တီဏိ။ သုံးပါးကုန်သော။ လက္ခဏာနိ။ လက္ခဏာတို့ကို။ ဘိယျောဘိယျော။ လွန်စွာလွန်စွာ။ ပါကဋာနိ။ ထင်သည်တို့ကို။ ကတွာ။ ပြု၍။ နိရုဇ္ဈတိ။ ချုပ်၏။ တဒနန္တရံ။ ထိုဒုတိယအနုလုံ၏ အခြားမဲ့၌။ တတိယံ။ သုံးကြိမ်မြောက်သော။ အနုလောမံ။ အနုလုံသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ တံဿ။ ထိုတတိယအနုလုံအား။ ဒုတိယံ။ နှစ်ကြိမ်မြောက်သော။ အနုလောမံ။

http://www.dhammadownload.com



အနုလုံသည်။ အာသေဝနံ။ အာသေဝနပစ္စည်း တပ်သည်။ ဟောတိ။ ဖြစ်၏။ တံပိ။ ထိုတတိယအနုလုံသည်လည်း။ လဒ္ဓါသေဝနတ္တာ။ ရအပ်သော အာသေဝနပစ္စည်း ရှိသည်၏အဖြစ်ကြောင့်။ တိက္ခ၊ ထက်သည်။ သူရံ။ ရဲရင့်သည်။ ပသန္နံ။ ကြည်သည်။ ဟုတွာ။ ဖြစ်၍။ တဒဝသေသံ။ ထိုမှ ကြွင်းသော။ အနုသဟဂတံ။ သိမ်မွေ့စွာသော။ သစ္စစ္ဆာဒကတမံ။ သစ္စာလေးပါးကို ဖုံးလွှမ်းတတ်သော မောဟကို။ ဝိနောဒေတွာ။ ဖျောက်၍။ နိရဝသေသံ။ အကြွင်းမရှိသည်ကို။ ကတွာပြု၍။ တီဏိ။ သုံးပါးကုန်သော။ လက္ခဏာနိ။ လက္ခဏာတို့ကို။ ဘိယျောဘိယျော။ လွန်စွာလွန်စွာ။ ပါကဋာနိ။ ထင်သည်တို့ကို။ ကတွာပြု၍။ နိရုဇ္ဈတိ။ ချုပ်၏။ ဧဝံ။ ဤသို့။ တီဏိ။ သုံးပါးကုန်သော။ အနုလောမာနိ။ အနုလုံတို့သည်။ သစ္စစ္ဆာဒကတမမေဝ။ သစ္စာလေးပါးကို ဖုံးလွှမ်းတတ်သော မောဟကိုသာလျှင်။ ဝိနောဒိတော။ ဖျောက်အပ်ပြီးသော်။ တဒနန္တရံ။ ထိုတတိယအနုလုံ၏ အခြားမဲ့၌။ ဂေါတြဘုဉာဏံ။ ဂေါတြဘူဉာဏ်သည်။ နိဗ္ဗာနံ။ နိဗ္ဗာန်ကို။ အာရမ္မဏံ။ အာရုံကို။ ကုရုမာနံ။ ပြုလျက်။ ဥပ္ပဇ္ဇတိ။ ဖြစ်၏။ တတြိတသ္မိံ ဥပ္ပဇ္ဇနေ။ ထိုသို့ဖြစ်ခြင်း၌။ အယံ။ ဤဆိုလတ္တံ့သည်ကား။ ဥပမာ။ လောကူပမာတည်း။ ဧကော။ တစ်ယောက်သော။ စက္ခုမာ။ မျက်စိအမြင်နှင့် ပြည့်စုံသော။ ပုရိသော။ ယောကျ်ားသည်။ နက္ခတ္တယောဂံ။ နက္ခတ်၏လနှင့် ယှဉ်ခြင်းကို။ ဇာနိဿာမိ။ သိအံ့။ ဣတိမနသိကတွာ။ ဤသို့နှလုံးသွင်း၍။ ရတ္တိဘာဂေ။ ညဉ့်အဖို့၌။ နိက္ခမိတွာ။ ထွက်၍။ စန္ဒံ။ လကို။ ပဿိတုံ၊ ကြည့်အံ့သောငှာ။ ဥဒ္ဓံ။ အထက်သို့။ ဩလောကေသိ ကိရ။ မျှော်၍ကြည့်သတတ်။ တဿပုရိသဿ။ ထိုယောက်ကျားအား။ ဝလာဟကေတိ။ တိမ်တိုက်တို့ဖြင့်။ ပဋိစ္ဆန္နတ္တာ။ ဖုံးလွှမ်းအပ်သည်၏အဖြစ်ကြောင့်။ စန္ဒော။ လသည်။ နပညာယိတ္ထ။ မထင်လေ။ အထတသ္မိံကာလေ။ ထိုအခါ၌။ ဧကော။ တစ်ကြိမ်သော။ ဝါတော။ လေသည်။ ဥဋ္ဌဟိတွာ။ ထ၍။ ထူလေထူလေ။ ရုန့်ရင်း ရုန့်ရင်းကုန်သော။ ဝလာဟကေ။ တိမ်တိုက်တို့ကို။ ဝိဒ္ဓံသေတိ။ ဖျက်ဆီး၏။ အပရော။ တစ်ပါးသော။ ဝါတော။ လေသည်။ မဇ္ဈိမေ။ အလတ်ဖြစ်ကုန်သော။ ဝလာဟကေ။ တိမ်တိုက်တို့ကို။ ဝိဒ္ဓံသေတိ။ ဖျက်ဆီး၏။ အပရော။ တစ်ပါးသော။ ဝါတော။ လေသည်။ သုခုမေ။ နုးညံ့ကုန်သော။ ဝလာဟကေ။ တိမ်တိုက်တို့ကို။ ဝိဒ္ဓံသေတိ။ ဖျက်ဆီး၏။ တတော။ ထိုနောက်မှ။ သောပုရိသော။ ထိုယောကျ်ားသည်။ ဝိဂတဝလာဟကေ။ ကင်းပြီးသော တိမ်တိုက်ရှိသော။ နဘေ။ ကောင်းကင်၌။ စန္ဒံ။ လကို။ ဒိသွာ။ မြင်၍။ နက္ခတ္တယောဂံ။ နက္ခတ်၏လနှင့် ယှဉ်ခြင်းကို။ အညာသိ။ သိ၏။ တတ္ထ။ ထိုဥပမာစကား၌။ တယော။ သုံးပါးကုန်သော။ ဝလာဟကာဝိယ။ တိမ်တိုက်တို့ကဲ့သို့။ သစ္စစ္ဆာဒက ထူလမဇ္ဈိသုခုမ ကိလေသန္ဓကာရာ။ သစ္စာလေးပါးကို ဖုံးလွှမ်းတတ်သော ရုန့်ရင်းသော အလတ်

http://www.dhammadownload.com



ဖြစ်သော သိမ်မွေ့စွာသော ကိလေသာတည်းဟူသော အမိုက်တိုက်တို့ကို။ ဒဋ္ဌဗ္ဗာ။ မှတ်အပ်ကုန်၏။ တယော။ သုံးပါးကုန်သော။ ဝါတာဝိယ။လေတို့ကဲ့သို့။ တီဏိ။ သုံးပါးကုန်သော။ အနုလောမစိတ္တာနိ။ အနုလောမစိတ်တို့ကို။ ဒဋ္ဌဗ္ဗာနိ။ မှတ်အပ်ကုန်၏။ စက္ခုမာ။ မျက်စိအမြင်ရှိသော။ ပုရိသောဝိယ။ ယောကျ်ားကဲ့သို့။ ဂေါတြဘုဉာဏံ။ ဂေါတြဘူဉာဏ်ကို။ ဒဋ္ဌဗ္ဗံ။ မှတ်အပ်၏။ စန္ဒောဝိယ။ ကဲ့သို့။ နိဗ္ဗာနံ။ နိဗ္ဗာန်ကို။ ဒဋ္ဌဗ္ဗံ။ မှတ်အပ်၏။ ဝါတဿ။ လေ၏။ ယထာက္ကမေန။ အစဉ်အားဖြင့်။ ဝလာဟကတ္တယ ဝိဒ္ဓံသနံဝိယ။ တိမ်တိုက်သုံးပါးအပေါင်းကို ဖျက်စီးခြင်းကဲ့သို့။ ဧကေကါ။ တစ်ခု တစ်ခုသော။ အနုလောမစိတ္တဿ။ အနုလောမစိတ်၏။ သစ္စပဋိစ္ဆာဒကတမဝိနောဒနံ။ သစ္စာလေးပါးကို ဖုံးလွှမ်းတတ်သော မောဟကို ဖျက်ဆီးခြင်းကို။ ဒဋ္ဌဗ္ဗံ။ မှတ်အပ်၏။ ဝိဂတဝလာဟကေ။ ကင်းသော တိမ်တိုက်ရှိသော။ နဘေ။ ကောင်းကင်၌။ တဿ ပုရိသဿ။ ထိုယောကျ်ား၏။ ဝိသုဒ္ဓစန္ဒဒဿနံဝိယ။ စင်ကြယ်သောလကို မြင်ခြင်း ကဲ့သို့။ သစ္စပဋိစ္ဆာဒကတမေ။ သစ္စာလေးပါးကို ဖုံးလွှမ်းတတ်သော မောဟသည်။ ဝိဂတေ။ ကင်းပြီးသော်။ ဂေါတြဘုဉာဏဿ။ ဂေါတြဘူဉာဏ်၏။ ဝိသုဒ္ဓနိဗ္ဗာန အာရမ္မဏကရဏံ။ စင်ကြယ်သော နိဗ္ဗာန်ကို အာရုံပြုခြင်းကို။ ဒဋ္ဌဗ္ဗံ။ မှတ်အပ်၏။ တယော။ သုံးပါးကုန်သော။ ဝါတာ။ လေတို့သည်။ စန္ဒပဋိစ္ဆာဒကေ။ လကို ဖုံးလွှမ်း တတ်ကုန်သော။ ဝလာဟကေယေဝ။ တိမ်တိုက်တို့ကိုသာလျှင်။ ဝိဒ္ဓံသေတုံ။ ဖျက်စီးခြင်းငှာ။ သက္ကောန္တိ။ စွမ်းနိုင်ကုန်၏။ စန္ဒံ။ လကို။ ဒဋ္ဌုံ။ မြင်ခြင်းငှာ။ နသက္ကောန္တိယထေဝ။ မတတ်နိုင်ကုန်သကဲ့သို့။ ဧဝံတထာ။ ထိုအတူ။ အနုလောမာနိ။ အနုလုံတို့သည်။ သစ္စဆာဒကတမံယေဝ။ သစ္စာလေးပါးကို ဖုံးလွှမ်းတတ်သော မောဟကိုသာလျှင်။ ဝိနောဒေတုံ။ ဖျက်ဆီးခြင်းငှာ။ သက္ကောန္တိ။ စွမ်းနိုင်ကုန်၏။ နိဗ္ဗာနံ။ နိဗ္ဗာန်ကို။ အာလမ္ဗိတုံ။ အာရုံပြုခြင်းငှာ။ နသက္ကောန္တိ။ မစွမ်းနိုင်ကုန်။ သော ပုရိသော။ ထိုယောကျ်ားသည်။ စန္ဒံ။ လကို။ ဒဋ္ဌုံ။ မြင်ခြင်းငှာ။ သက္ကောတိ။ စွမ်းနိုင် ၏။ ဝလာဟကေ။ တိမ်တိုက်တို့ကို။ ဝိဒ္ဓံသေတုံ၊ ဖျက်စီးခြင်းငှာ။ နသက္ကာတိယထာ။ မစွမ်းနိုင်သကဲ့သို့။ ဧဝံကထာ။ ထိုအတူ။ ဂေါတြဘုဉာဏံ။ ဂေါတြဘူဉာဏ်သည်။ နိဗ္ဗာနမေဝ။ နိဗ္ဗာန်ကိုသာလျှင်။ အာရမ္မဏံကာတုံ။ အာရုံပြုခြင်းငှာ။ သက္ကောတိ။ စွမ်းနိုင်၏။ ကိလေသတမံ။ ကိလေသာတည်းဟူသော အမိုက်တိုက်ကို။ ဝိနောဒေတုံ။ ဖျက်ဆီးခြင်းငှာ။ နသက္ကောတိ။ မစွမ်းနိုင်။ ဧဝံ။ ဤသို့။ အနုလောမံ။ အနုလုံသည်။ သင်္ခါရာရမ္မဏံ။ သင်္ခါရတရားလျှင် အာရုံရှိသည်။ ဟောတိ။ ၏။ ဂေါတြဘု။ ဂေါတြဘူသည်။ နိဗ္ဗာနာရမ္မဏံ။ နိဗ္ဗာန်လျှင် အာရုံရှိသည်။ ဟောတိ။ ဖြစ်၏။ ဟိတဒေဝသစ္စံ။ ထိုစကားသည်လျှင်ပင်မှန်၏။ ဂေါတြဘု။ ဂေါတြဘူသည်။

http://www.dhammadownload.com



အနုလောမေန။ အနုလုံသည်။ ဂဟိအာရမ္မဏံ။ ယူအပ်သောအာရုံကို။ ယဒိဂဏှေယျ။ အကယ်၍ယူအံ့။ ဧဝံ။ ဤသို့ယူသည်။ သတိ။ ရှိသော်။ တံဂေါတြဘုံ။ ထိုဂေါတြဘူသည်။ ပုန။ တဖန်။ အနုလောမံ။ အနုလုံသို့။ အနုဗန္ဓေယျ။ အစဉ်လိုက်ရာ၏။ ဧဝံ။ ဤသို့ အနုလုံသို့ အစဉ်လိုက်သည်။ သတိ။ ရှိသော်။ ဝုဋ္ဌာနံမဂ္ဂဝုဋ္ဌာန မေဝ။ သင်္ခါရတရားတို့မှ ထတတ်သော မဂ်သည်လျှင်။ နဘဝေယျ။ မဖြစ်ရာ။ ဂေါတြဘုဉာဏံပန။ ဂေါတြဘူ ဉာဏ်သည်ကား။ အနုလောမဿ။ အနုလောမဉာဏ်၏။ အာရမ္မဏံ။ အာရုံကို။ အဂဟေတွာ။ မယူမူ၍။ တံ။ ထိုအနုလောမဉာဏ်ကို။ အပစ္စာဝတ္တိကံ။ မိမိ၏နောက်သို့ မလိုက်သည်ကို။ ကတွာ။ ပြု၍။ သယံ။ မိမိသည်။ အနာဝဇ္ဇနံ။ အာဝဇ္ဇန်းမဟုတ်သည်။ သမာနမ္ပိ။ ဖြစ်သော်လည်း။ အာဝဇ္ဇနဋ္ဌာနေ။ အာဝဇ္ဇန်းအရာ၌။ ဌတွာ။ တည်၍။ မဂ္ဂ။ မဂ်။ တံ့။ သည်။ ဧဝံ။ ဤသို့။ နိဗ္ဗတ္တာဟိ။ ဖြစ်လော့။ ဣတိ။ ဤသို့။ မဂ္ဂဿ။ အား။ သည်။ အမှတ်ကို။ ဒတွာဝိယ။ ပေးသကဲ့သို့။ ဟုတွာ။ ဖြစ်၍။ နိရုဇ္ဈတိ။ ချုပ်၏။ မဂ္ဂေါပိ။ မဂ်သည်လည်း။ တေန။ ထိုဂေါတြဘူသည်။ ဒိန္နသညံ။ ပေးအပ်သော အမှတ်ကို။ အမုဉ္စိတွာဝ။ မလွှတ်မူ၍လျှင်။ အဝီစိသန္တတိဝသေန။ အခြားမရှိ စပ်သည်၏ အစွမ်းအားဖြင့်။ တံဉာဏံ။ ထိုဂေါတြဘူဉာဏ်သို့။ အနုပ္ပဗန္ဓမာနော။ အစဉ် လိုက်သည်ဖြစ်၍။ အနိဗ္ဗိဒ္ဓပုဗ္ဗ။ မဖျက်စီးဘူးသေးထသော။ အပဒါလိတပုဗ္ဗံ။ မဖောက်ခွဲဘူး သေးထသော။ လောဘက္ခန္ဓံ။ လောဘအစုကိုလည်းကောင်း။ ဒေါသက္ခန္ဓံ။ ဒေါသ အစုကိုလည်းကောင်း။ မောဟက္ခန္ဓံ။ မောဟအစုကိုလည်းကောင်း။ နိဗ္ဗိဒ္ဓမာနော။ ဖျက်ဆီးလျက်လျှင်။ ပဒါလယမာနော။ ဖောက်ခွဲလျက်လျှင်။ နိဗ္ဗတ္တိ။ ဖြစ်၏။ ။ ဤကား ဓမ္မသင်္ဂဏီ အဋ္ဌကထာ၌ လာသော မဂ္ဂဝီထိကို ဆိုသော စကားအစဉ်တည်း။

ဤဝီထိအစဉ်၌ ဂေါတြဘူဉာဏ်သည် နိဗ္ဗာန်ကို အာရုံပြု၏။ အရိယမဂ်ဉာဏ်သည် လောဘက္ခန္ဓအစရှိသော ကိလေသာအစုကို ဖောက်ခွဲ၏။ ဂေါတြဘူခဏ၌ ကိလေသာ တို့သည် မကုန်သေး။ စင်စစ်မူကား။ ကုန်လတ္တံ့သာဖြစ်၏။ ဝိတဏ္ဍာ ဝါဒီ၏ အယူအားဖြင့် ကိလေသာကုန်ခြင်းသည်လျှင် နိဗ္ဗာန်မည်ခဲ့သော်။ ကိလေသာ မကုန် သေးသော ဂေါတြဘူခဏ၌ပင်လျှင်။ ကိလေသာကုန်ခြင်းဟူသော နိဗ္ဗာန်ကို ပညတ်သည်မည်၏။ မပယ်အပ်သေးသော အနုသယတို့၌ပင်လျှင်။ အနုသယကိုပယ်ခြင်း ဟု ဆိုအပ်သော နိဗ္ဗာန်ကို ပညတ်သည်မည်၏။ ကိလေသာကုန်ခြင်းသည်လျှင် နိဗ္ဗာန် မည်၏ ဟူသော ရှေးစကားနှင့်ကိလေသာ မကုန်မီ ဂေါတြဘူခဏက နိဗ္ဗာန်သို့ ရောက်၏ဟူသော နောက်စကားသည် မညီညွတ်ခဲ့။ ထိုကြောင့် ကိလေသာကုန်ခြင်းမျှကို နိဗ္ဗာန်ဟု မယူမူ၍။ နိဗ္ဗာန်ကို အစွဲပြု၍ ရာဂအစရှိသော ကိလေသာတို့သည် ကုန်ကုန်၏။ ထိုကြောင့် တစ်ပါးတည်းသော

http://www.dhammadownload.com



နိဗ္ဗာန်ကိုသာလျှင်။ ရာဂက္ခယ။ ဒေါသက္ခယ။ မောဟက္ခယဟူ၍ ဟောတော်မူအပ်၏။ ထိုသုံးပါးသော အမည်တို့သည်လည်း တစ်ပါးတည်းသော နိဗ္ဗာန်၏သာလျှင် အမည်တို့တည်းဟု ယူလော့ဟု ဆိုတော်မူကုန်၏။ ထိုကြောင့် သမ္မောဟဝိနောဒနီ အဋ္ဌကထာ၌။ ။ တဝဂေါတြဘုက္ခဏေကိလေသာနခီဏာ နခီယန္တိ။ အထခေါခီယိဿန္တိ။ အခီဏေ သုယေဝကိလေသေသု ကိလေသက္ခယံ နိဗ္ဗာနံပညာပေသိ။ အပ္ပဟီနေသု အနုသယေတု အနုသုပ္ပဟာနံ နိဗ္ဗာနံပညာပေသိ။ အပ္ပဟီနေသုအနုသယေသု၊ အနုသယပ္ပဟာနံ နိဗ္ဗာနံ ယုဘာပေသိ။ တံတေနသမေတိ။ ဧဝံပန အဂဟေတွာနိဗ္ဗာနံ အာဂမ္မရာဂါဒယောခီဏာတိ။ ကေမေဝ နိဗ္ဗာနံ ရာဂက္ခယော၊ ဒေါသက္ခယော၊ မောဟက္ခယောတိ ဝုစ္စတိ။ တိဏ်ဝိဟေတာ နိနိဗ္ဗာန သောဝ အဓိဝစနာနီတိဂဏှ။ ။ ဟု မိန့်အပ်သည်။ ။ ဝိတဏ္ဍာဝါဒီ။ ဝိတဏ္ဍာဝါဒီ ပုဂ္ဂိုလ်။ တဝ။ သင်၏။ ဝါဒေ။ အယူ၌။ ဂေါတြဘုက္ခဏေ။ ဂေါတြဘူဖြစ်သော ခဏ၌။ ကိလေသာ။ ကိလေသာတို့သည်။ နခီဏာ။ ကုန်ပြီးမဟုတ်ကုန်။ နခီယန္တိ။ ကုန်ဆဲမဟုတ်ကုန်။ အထခေါ။ စင်စစ်သော်ကား။ ခီယိဿန္တိ။ ကုန်ကုန်လတ္တံ့။ တွံ။ သင်သည်။ အခီဏေသုယေဝ။ မကုန်သေးသည်သာလျှင် ဖြစ်ကုန်သော။ ကိလေသေသု။ ကိလေသာ တို့၌။ ကိလေသက္ခယံ။ ကိလေသာကုန်ခြင်းဟု ဆိုအပ်သော။ နိဗ္ဗာနံ။ နိဗ္ဗာန်ကို။ ပညာပေဘိ။ ပညတ်၏။ အနုသယေသု၊ အနုသယတို့ကို။ အပဟီနေသု အပဟီနေ သုယေဝ။ မပယ်ကုန်မီသာလျှင်။ အနုသယပ္ပဟာနံ။ အနုသယကို ပယ်ခြင်းဟု ဆိုအပ်သော။ နိဗ္ဗာနံ။ နိဗ္ဗာန်ကို။ ပညာပေသိ။ ပညတ်ဘိ၏။ တေ။ သင်၏။ တံ။ ထိုကိလေသာ ကုန်ခြင်းသည်ပင်လျှင် နိဗ္ဗာန်မည်၏ဟူသော ရှေးစကားသည်။ တေနထို။ ကိလေသာ မကုန်မီ ဂေါတြဘူခဏ၌ နိဗ္ဗာန်ကို အာရုံပြု၏ဟူသော နောက်စကားနှင့်။ နသမေတိ။ မညီ။ ဧဝံ။ ဤသို့ ကိလေသာကုန်ခြင်းသည်ပင်လျှင် နိဗ္ဗာန်မည်၏ဟု။ အဂဟေတွာ။ ယူမူ၍။ နိဗ္ဗာန်ကို။ အာဂမ္မ။ အစွဲပြု၍၊ ရာဂါဒယော၊ ရာဂအစရှိသည်တို့သည်။ ခီဏာ။ ကုန်ကုန်၏။ ဣတိတသ္မာ။ ထိုကြောင့်။ ကေမေဝ။ တစ်ပါးသာလျှင်ဖြစ်သော။ နိဗ္ဗာနံ။ ကို။ ရာဂက္ခာယော၊ ဒေါသက္ခယော၊ မောဟက္ခယောတိ။ ရာဂက္ခယ၊ ဒေါသက္ခယ၊ မောဟက္ခယဟူ၍၊ ဝုစ္စတိ၊ အပ်၏။ ဟိသစ္စံ၏။ တိဏ်ဝိ။ သုံးပါး အပြား ရှိသည်လည်း ဖြစ်ကုန်သော။ ဧတာနိ။ ဤအမည်တို့သည် နိဗ္ဗာနဿေဝ။ နိဗ္ဗာန်၏ သာလျှင်။ အဓိဝစနာနိ။ အမည်တို့တည်း။ ဣတိ။ ဤသို့။ ဂဏှ။ ယူလော့။ ။ အနက်။

ဤအဋ္ဌကထာစကား၌။ ဂေါတြဘူစိတ်သည် နိဗ္ဗာန်ကို အာရုံပြု၏ ဟူကာမျှဖြင့် ကိလေသာ၏ ကုန်ခြင်းဟူသော နိဗ္ဗာန်သို့ရောက်၏ဟုဆိုခြင်းငှာ မတတ်ကောင်း။ ထိုစကားသည် မှန်၏။ စိတ်သည် ပစ္စုပ္ပန်အတိတ်အနာဂတ်စသောအားဖြင့် အလုံးစုံ

http://www.dhammadownload.com



ကို အာရုံပြု၏။ ဖြစ်ပြီး၊ ရောက်ပြီးကိုသာ အာရုံပြုသည်မဟုတ်။ ထို့ကြောင့်။ ဂေါတြဘူစိတ်သည် မဂ်ဖြင့် ပယ်အပ်လတ္တံ့သော ကိလေသက္ခယနိဗ္ဗာန်ကို အာရုံပြု၍ ဖြစ်သင့်သည် မဟုတ်တုံလောဟူငြားအံ့။ မဖြစ်သင့်။ အဘယ်ကြောင့်နည်း ဟူမူကား။ မရောက်သေးသော နိဗ္ဗာန်ရှိသော ပုဂ္ဂိုလ်အား နိဗ္ဗာန်လျှင် အာရုံရှိသော ဉာဏ်၏ မရှိကြောင့်တည်း။ ထိုစကားသည်မှန်၏။ နိဗ္ဗာန်သည် တစ်ပါးသော လောကီတရားတို့ကဲ့သို့မဟုတ်။ ထိုနိဗ္ဗာန်သည်ကား အလွန်နက်နဲသော သဘောရှိသည်၏ အဖြစ်ကြောင့်။ မရောက်သေးသော ပုဂ္ဂိုလ်သည် အာရုံပြုခြင်းငှာ မတတ်ကောင်း။ ထို့ကြောင့် ဂေါတြဘူဉာဏ်သည်။ နိဗ္ဗာန်ကိုအာရုံပြု၏ ဟူကာမျှဖြင့်လျှင်။ ဂေါတြဘူဉာဏ်နှင့် ပြည့်စုံသော ယောဂါဝစရ ပုဂ္ဂိုလ်သည်။နိဗ္ဗာန်သို့ရောက်၏ ဟူသော အနက်သည့်ပြီးသတည်း။ ယင်းအနက်ကို ရည်၍ သမ္မောဟဝိနောဒနီဋီကာ၌။ ။ နနုအာရမ္မဏ ကရဏ မတ္တေန ကိလေ သက္ခယော အနုပ္ပတ္တောတိ နသက္ကာဝတ္တုံ။ စိတ္တံဟိ အတီတာနဂတာဒိသဗ္ဗံ အာလမ္ဗေဟိ။ နနိပ္ဖန္နမေ ဝါတိဂေါတြဘုဝိမဂ္ဂေနကိလေသာနံ ယာအနုပ္ပတ္တိ ဓမ္မတာကာ တဗ္ဗာ။ တံအာရဗ္ဘပဝတ္တိသိယတိတိ။ နအပတ္တနိဗ္ဗာနဿ နိဗ္ဗနာရမ္မဏဉာဏာဘာဝတော၊ နဟိအညဓမ္မာဝိယနိဗ္ဗာနံ။ တံပနအတိဂမ္ဘီရတ္တာ အပတ္တေန အာလမ္ဗိနတုံနသက္ကာ။ ။ ဟု မိန့်အပ်ပြီ။ ။ အာရမ္မဏ ကရဏမတ္တေန။ အာရုံပြုကာမျှဖြင့်။ ကိလေသက္ခယော။ ကိလေသာ၏ ကုန်ခြင်းဟု ဆိုအပ်သော နိဗ္ဗာန်သို့။ အနုပ္ပတ္တောတိ။ ရောက်၏ဟူ၍။ ဝတ္တုံ။ ဆိုခြင်းငှာ။ နသက္ကာ။ မတတ်ကောင်း။ ဟိသစ္စံ။ မှန်၏။ စိတ္တံ။ စိတ်သည်။ အတီတာနာဂတာဒိသဗ္ဗံ။ အတိတ်အနာဂတ်အစရှိသော "အလုံးစုံကို။ အာလမ္ဗေတိ။ အာရုံပြု၏။ နိပ္ဖန္နမေဝ။ ရောက်ပြီးဖြစ်ပြီးကိုသာလျှင်။ အာလမ္ဗေတိ။ အာရုံပြုသည်ကား။ န။ မဟုတ်။ ဣတိတသ္မာ။ ထို့ကြောင့်။ ဂေါတြဘုဝိ။ ဂေါတြဘုသည်လည်း။ မဂ္ဂေန။ မဂ်သည်။ ကိလေသာနံ။ ကိလေသာတို့၏ ယာအနုပ္ပတ္တိဓမ္မတာ။ အကြင်တဖန် မဖြစ်ခြင်း သဘောရှိသည်၏အဖြစ်ကို။ ကာတဗ္ဗာ။ ပြုအပ်၏။ တံ။ ထိုမဂ်သည် ပြုအပ်လတ္တံ့သော ကိလေသာတို့၏ တဖန်မဖြစ်ခြင်း သဘောရှိသော အဖြစ်ဟုဆိုအပ်သော နိဗ္ဗာန်ကို။ အာရဗ္ဘ။ အာရုံပြု၍။ ပဝတ္တိသိယတိနနု။ ဖြစ်လတ္တံ့သည် မဟုတ်တုံလော။ ဣတိအယံ။ ဤသည်ကား။ စောဒနာ။ စောဒနာခြင်းတည်း။ န။ မဖြစ်သင့်။ ကသ္မာ။ အဘယ်ကြောင့် နည်းဟူမူကား။ အပတ္တနိဗ္ဗာနဿ။ နိဗ္ဗာန်သို့ မရောက်သေးသော ပုဂ္ဂိုလ်အား။ နိဗ္ဗာနာရမ္မဏဉာဏာ ဘာဝတော။ နိဗ္ဗာန်လျှင် အာရုံရှိသောဉာဏ်၏ မရှိခြင်းကြောင့်တည်း။ ဟိသစ္စံ။ မှန်၏။ နိဗ္ဗာန်နံ။ နိဗ္ဗာန်သည်။ အညဓမ္မာဝိယ။ တစ်ပါးသော တရားတို့ကဲ့သို့။ နဟောတိ။ မဖြစ်။ တံပန။ ထိုနိဗ္ဗာန်သည်ကား။ အတိဂမ္ဘီရတ္တာ။ အလွန်နက်နဲသော သဘောရှိသည်၏ အဖြစ်ကြောင့်။ အပတ္တေန။

http://www.dhammadownload.com



မရောက်သေးသော ပုဂ္ဂိုလ်သည်။ အလမ္ဗိဘုံ။ မျက်မှောက်အာရုံပြုခြင်းငှာ။ နသက္ကာ။ မတတ်ကောင်း။ အနက်။ ဤစကားဖြင့်ဂေါတြဘူခဏက။ အမြိုက်နိဗ္ဗာန်သို့ ရောက်ဟန်ကို။ နောက်မှသိသာအောင် ဆိုမည်ဟူသောစကားအရကို ပြအပ်သည်မည်၏။

ယင်းသို့ဖြစ်၍ ကိလေသာ၏ကုန်ခြင်းသည် နိဗ္ဗာန်မည်ခဲ့သော်၊ ကိလေသာတို့သည်။ အရိယမဂ်သို့ရောက်မှ ကုန်သည်ဖြစ်၍ ဂေါတြဘူခဏ၌။ အမြိုက်နိဗ္ဗာန်သည် မရှိသေး။ ယောဂါဝစရပုဂ္ဂိုလ်သည်လည်း နိဗ္ဗာန်သို့မရောက်သေး။ ယင်းသို့ မရှိမရောက်သေးသည်ရှိသော်။ ထိုဂေါတြဘူစိတ်သည် မရှိမရောက်သေးသော နိဗ္ဗာန်ကို အာရုံမပြုနိုင်ရကား။ ယောဂါဝစရ ပုဂ္ဂိုလ်သန္တာန်၌ မဖြစ်နိုင်လေရာ။ ထိုဂေါတြဘူစိတ် မဖြစ်နိုင်ခဲ့သည်ရှိသော်။ ထိုဂေါတြဘူစိတ်မှ။ အနန္တရာဒိပစ္စည်းကိုယူ၍ ဖြစ်သော အရိယမဂ်သည်လည်း မဖြစ်နိုင်လေရာ။ ယင်းသို့ အရိယမဂ်မဖြစ်နိုင်သည် ရှိသော်။ လောက၌ ဘုရား ပစ္စေကဗုဒ္ဓါ အရိယာသာဝကတို့သည်လည်း မဖြစ်နိုင်ရာ ကုန်သည်သာတည်း။ ထိုကြောင့်ကိလေသာ ကုန်ခြင်းသည်ပင် နိဗ္ဗာန်မည်၏ဟူ၍ သူတစ်ပါးတို့အား ပြောကြားသောသူသည် လောက၌ ဘုရားပစ္စေကဗုဒ္ဓါ အရိယာသာဝကတို့သည် မရှိကုန်ဟု ပြောကြားရာ ရောက်သောကြောင့်။ အလွန်အားကြီးသော အပြစ်ဝန်ရှိသော အကုသိုလ်ကံကို စီမံအားထုတ်ပြုလုပ် ကျင့်ကြံသည်မည်၏။ ထိုကြောင့် သမ္မောဟဝိနောဒနီ အဋ္ဌကထာ။ အစစွာသော ဝိနိစ္ဆယ၌ပင်။ ။ မဟာကမ္မံတေကတံ။ လဒ္ဓံ ဒတွာဝဒါပေန္တောဝိတေဒေဝဝဒါပေယျ။ ။ ဟု မဟာအဝိစိနရက်၌ သက်ဆင်း ကျရောက်စေဘိသကဲ့သို့ ကဲ့ရဲ့ရှုတ်ချတော်မူပေ၏။ ။ ဝိတဏ္ဍဝါဒီ။ ဝိတဏ္ဍဝါဒီပုဂ္ဂိုလ်။ တေတယာ။ သင်သည်။ မဟာကမ္မံ။ ကြီးစွာသော အပြစ်ဝန်ရှိသော အမှုကို၊ ကတံ။ ပြုအပ်၏။ လဒ္ဓံ။တံစိုးကို။ ဒတွာ။ ပေး၍။ ဝဒါပေန္တောဝိ။ ဆိုစေသော်လည်း။ တေဒေဝ။ ထိုသင်ဆိုသော မကောင်းမှုနှင့် တူမျှသော အပြစ်ဝန်ရှိသော စကားကိုသာ လျှင်။ ဝဒေယျ။ ပြောဆိုနိုင်ရာ၏။ အနက်။ ဤကား သမ္မောဟ ဝိနောဒနီ အဋ္ဌကထာ။ ၎င်းဋီကာတို့၌။ နီတတ္ထ–နေယျတ္ထအားဖြင့်လာသော အဆုံးအဖြတ်တည်း။ ။ ဤသို့လျှင်။ ဆ၍သိအပ်သော။ နေယျတ္ထအနက်ရှိသော။ ဓမ္မစက္ကဒေသနာ ပါဠိတော်တို့၌။ ယထာဘုစ္စဝိနိစ္ဆယကို မရကုန်သော။ ဝိတဏ္ဍဝါဒီ ပုဂ္ဂိုလ်တို့အား။ ကိလေသာတို့၏ အဘာဝမတ္တသည်ပင် နိဗ္ဗာန်မည်၏ဟူသော မိစ္ဆာဝါဒသည် ဖြစ်ရလေသတည်း။ ထိုသို့ ဖြစ်သော မိစ္ဆာဝါဒကိုလည်း အဋ္ဌကထာ ဆရာမြတ်တို့သည် များစွာသော အကြောင်း တို့ဖြင့် ပယ်ရှားသုတ်သင်တော်မူကုန်၏။ ဤအဘိဓမ္မတ္ထသင်္ဂဟ အမည်ရှိသော လက်သန်း အဋ္ဌကထာ၌ကား။ ထိုသို့သဘောရှိသော ဝါဒကို။ (စတုမဂ္ဂဉာဏေန သစ္ဆိကာ တဗ္ဗံမဂ္ဂဖလာနမာလမ္ဗဏဘူတံ) ဟူသော နှစ်ပါးသောပုဒ်တို့ဖြင့် ပယ်ရှား တားမြစ်

http://www.dhammadownload.com



တော်မူ၏။ ထိုကြောင့်။ ပစ္စက္ခာနုမာန သိဒ္ဓိထာသန္နသနေနစ အဘာဝမတ္တံ နိဗ္ဗာနန္တိ ဝိပ္ပဋိမန္ဓာန်ဝါဒံ နိသေဓေတိ။ ။ဟု အဘိဓမ္မတ္ထဝိဘာဝနိဋီကာ၌ မိန့်အပ်ပြီး။ ဤသို့ ဆိုအပ်ပြီးသော စကားအလျဉ်ကို အစဉ်လျှောက်သဖြင့်။ နိဗ္ဗာန်တရား၏ သီးသန့်ခြားနား။ ထင်ရှားရှိသော အဖြစ်ကိုလည်းကောင်း။ ဂေါတြဘုအရိယမဂ်ဉာဏမှစ၍။ အရိယာယောဂါဝစရ ပုဂ္ဂိုလ်တို့သည် ရောက်အပ်ရအပ်သော အဖြစ်ကိုလည်းကောင်း။ စင်စစ် သက်ဝင် ယုံကြည်အပ်သတည်း။ ။ ဤကား နိဗ္ဗာန်တရား၏ သဘာဝရောက်ရာ ကာလတို့ကို ပြဆိုသော အခန်းတည်း။

ဝါနသင်္ခါတာယတဏှာယနိက္ခန္တတ္တာနိဗ္ဗာနန္တိပဝုစ္စတိ။ ။ ဟူသော ပါဠ်ဖြင့်။ နိဗ္ဗာန သဒ္ဒါ၏ ဝစနတ္ထကိုလည်းကောင်း။ ထိုတရား၏ နိဗ္ဗာန်မည်ခြင်းကြောင်းကိုလည်းကောင်း ပြတော်မူ၏။ အဘယ်သို့ပြတော်မူသနည်းဟူမူကား။ နိဗ္ဗာနသဒ္ဒါသည်။ နိပုဒ်–ဝါနပုဒ်အားဖြင့် နှစ်ပါးတည်း။ ထိုနှစ်ပါးတို့တွင်။ နိဟူသောပုဒ်သည် နိက္ခန္တအနက်။ ဝါနဟူသောပုဒ်သည် တဏှာဟူသော အနက်၌ဖြစ်၏။ ထိုပုဒ်နှစ်ပါးသည်လည်း ပဉ္စမီတပ္ပုရိသ် သမာသ်အားဖြင့်။ ဝါ။ ပဉ္စမီအဗျယီဘောသမာသ်အားဖြင့် စပ်၏ဟု ပြသတည်း။ ထိုကြောင့် တဏှာဟူသော အနက်၌ဖြစ်သော ဝါနဟူသောပုဒ်ကို ရှေးဦးစွာ ဤသို့ ဝိဂြိုဟ်လုစ်အပ်၏။ ဘဝါဘဝံဟေဋ္ဌုပရိယာယဝသေန ဝိနာတိသံသိဗ္ဗတီတိဝါနံ။ ။ ယံဓမ္မဇာတံ။ အကြင်တရားသဘောသည်။ ဘဝါဘဝံ။ ဘဝကြီးငယ်ကို။ ဝါ။ ယုတ်သောဘဝ။ မြတ်သောဘဝကို။ ဟေဋ္ဌုပရိယာယဝသေန။ အောက်အထက်ပြန်သော အားဖြင့်။ ဝိနာတိသံသိဗ္ဗတိ။ မြေးယှက်ရစ်ပတ် ချုပ်စပ်တတ်၏။ ဣတိတသ္မာ။ ထိုသို့ မြေးယှက်ရစ်ပတ်ချုပ်စပ်တတ်သောကြောင့်။ တံ ဓမ္မဇာတံ။ ထိုတရားသဘောသည်။ ဝါနံ။ ဝါနမည်၏။ ။ ဘဝါဘဝံဟေဋ္ဌုပရိယာယဝသေန ဝိနာတိသံသိဗ္ဗတီတိကား ကတ္တုသာဓနေ ကိတ်ဝိဂြိုဟ်။ ဝါနံကား ကတ္တုသာဓနေ ကိတ်ပုဒ်။ ဓိဓာတ်–ယုပစ္စည်း။ ဝိဓာတ်၏အရကား။ သုဂတိ ဒုဂ္ဂတိဘုံသို့ ရောက်စေတတ်သော ကမ္မသဟာယကဖြစ်သော တဏှာ၏ ထိုထိုကမ္မဘဝ–ဥပပတ္တိဘဝတို့အား။ ကျေးဇူးပြုအတ်သော ပကတူပနိဿယ သတ္တိစသည်ဟု ဆိုအပ်သော ဘာဝတ္ထသည် မုချတ္ထအားဖြင့်ရ၏။ အယောနိသောမနသိကာရ။ ရှေးရှေးသော အကုသိုလ်ဓမ္မစသည်ဟု ဆိုအပ်သော ဝိဘာဝတ္ထသည်။ ဖလူပစာရတ္ထအားဖြင့်ရ၏။ ကုသိုလ် အကုသိုလ်ကံဟူသော ကမ္မဘဝ။ ဝိပါက် နာမက္ခန္ဓာကဋတ္တာရုပ်ဟူသော ဥပပတ္တိဘဝဟု ဆိုအပ်သော အနုဘာဝဝတ္ထုသည် ကာရဏူ ပစာရတ္ထအားဖြင့်ရ၏။ ယုပစ္စည်း အရကား။ ထိုမုချ ဖလူကာဏူပစာရတ္ထတို့ဖြင့် မှတ်အပ်သော လောဘစေတသိက်ဟု ဆိုအပ်သော တဏှာ တရား ကိုရ၏။ နိဟူသော သဒ္ဒါသည်။ ။ ရဋ္ဌိချာတံနိပါတဥ္ဇ။ ပသဂ္ဂါလပန်တထာ။

http://www.dhammadownload.com



သဗ္ဗနာမန္တိ မေတေသု။ နကတော ဝိဂ္ဂဟောထသု။ ။ ဟူသော ဂါထာပါဠိ လာရှိသည်နှင့်အညီ။ ဝိဂြိုဟ်မလုစ်ကောင်းသော –ဖ–ပါးသော ပုဒ်တို့တွင် အကျုံး ဝင်သော၊ နိက္ခန္တ ဝါစီဥပသာရပုဒ်ဖြစ်သောကြောင့် ဝိဂြိုဟ်မလုစ်ကောင်း။ ၎င်းနိဟူသော ပုဒ်အရကား။ ယခင် တဏှာမှ ထွက်မြောက်တတ်သော နိဗ္ဗာန်တရားရ၏။ ။ ဝါနတောနိက္ခန္တန္တိ နိဗ္ဗာနံ။ ။ ယံဓမ္မဇာတံ။ အကြင်တရားသဘောသည်။ ဝါနတော။ တဏှာမှ။ နိက္ခန္တံ။ အာရုံကို လွန်သောအားဖြင့် ထွက်မြောက်တတ်သည်တည်း။ ဝါ။ တစ်စုံတစ်ခုသော အခြင်းအရာနှင့် မစပ်သောအားဖြင့် ထွက်မြောက်တတ်သည်တည်း။ ဣတိတသ္မာ။ ထို့ကြောင့်။ တံဓမ္မဇာတံ ထိုတရားသဘောသည်။ နိဗ္ဗာနံ။ နိဗ္ဗာန် မည်၏။ ။ ဝါနတောနိက္ခန္တန္တိ။ ကား။ ပဉ္စမိတပ္ပုရိသ်သမာသ်ဝိဂြိုလ်၊ ဝါ၊ ပဉ္စမိအဗျယီ ဘော သမာသ်ဝိဂြိုဟ်။ နိဗ္ဗာနံ။ ကား။ ပဉ္စမိတပ္ပုရိသ်သမာသ်ပုဒ်၊ ဝါနဟူသော ပုဒ်၏အရကား။ ထိုထိုသုဂတိဒုဂ္ဂတိအားဖြင့် ပြားသောများစွာသော ဘဝတို့ကို ခြေးယှက် ရစ်ပတ် ချုပ်စပ်တတ်သော တဏှာသည် မုချတ္တအားဖြင့်ရ၏။ ထိုတဏှာသည် နိဗ္ဗာန် တရားကို အာရုံပြုခြင်းငှာ မစွမ်းနိုင်သည်ဖြစ်၍။ တဏှာတရား၏ နိဗ္ဗာန်တရားနှင့် အာရုံ အာရမ္မဏိက အဖြစ်မှကင်းသော အပဂမန သတ္တိသည် ဌာနုပစာရတ္တအားဖြင့် ရ၏။ တစ်နည်းကား။ ထိုတဏှာ၏ နိဗ္ဗာန်အား တစ်စုံတစ်ခုသော သတ္တိဖြင့် ကျေးဇူးပြုခြင်း။ စပ်လျဉ်းခြင်းငှာ မစွမ်းနိုင်သည်ဖြစ်၍။ တဏှာတရား၏ နိဗ္ဗာန် တရားနှင့် အကြောင်းအကျိုး အစရှိသော အပြစ်မှကင်းသော အပဂမန သတ္တိသည် ဌာနုပစာရတ္တအားဖြင့်ရ၏။ နိဗ္ဗာနဟူသော ပုဒ်လုံး၏ အရကား။ အပဂမနသတ္တိဖြင့် မှတ်အပ်သော တဏှာ၏ အာရုံအဖြစ်မှကင်းသော။ ဝါ။ တဏှာ၏ ပစ္စယုပ္ပန္နဓမ္မ၊ ကေနစိပဋိဗဒ္ဓအဖြစ်မှ ကင်းသော နိဗ္ဗာန်တရားရ၏။ ဤအရာ၌ မဂ်ဖိုလ်တို့သည်လည်း။ တဏှာ၏အာရုံကို လွန်သောအားဖြင့် တဏှာမှ ထွက်မြောက် တတ်ကုန်လျက်၊ နိဗ္ဗာန်ဟု မဆိုမူ၍။ နိဗ္ဗာန်ကိုသာလျှင် အဘယ်ကြောင့် နိဗ္ဗာန်ဟူ၍ ဆိုအပ်သနည်းဟူငြားအံ့။ နိဗ္ဗာနသဒ္ဒါ၏ မဂ်ဖိုလ်တို့၌ မထင်။ နိဗ္ဗာန်၌သာ ထင်သော ကြောင့် နိဗ္ဗာန်ကိုသာလျှင် နိဗ္ဗာန်ဟူ၍ ဆိုအပ်သတည်း။ ထိုစကားကိုချဲ့အံ့။ ။ (ပင်္ကေဇွာတန္တိပင်္ကဇံ)။ ဟူသော စကားအစဉ်၌။ ဟင်းယန့်ကတောက်။ မျောက်လှေကူး အစရှိသော သစ်ပင်တို့သည်ညွန်၌ ရောက်တတ်ကုန်သော်လည်း ပင်္ကဇသဒ္ဒါ၏ ဟင်းယန့်ကတောက် မျောက်လှေကူးတို့၌ မထင်။ ကြာ၌သာလျှင် ထင်သောကြောင့်။ ကြာကိုသာလျှင် အထင်ရူဠီအားဖြင့် ပင်္ကဇဟူ၍ ဆိုအပ်သကဲ့သို့။ ထိုအတူမဂ်ဖိုလ်တရားတို့ သည်လည်း တဏှာ၏အာရုံကို လွန်သောအားဖြင့် တဏှာမှ ထွက်မြောက်တတ်ကုန် သော်လည်း။ နိဗ္ဗာန သဒ္ဒါ၏ မဂ်ဖိုလ်တရားတို့၌ မထင်။ နိဗ္ဗာန်၌သာ ထင်သောကြောင့် နိဗ္ဗာန်ကိုသာလျှင်

http://www.dhammadownload.com



အထင်ရှငြိအားဖြင့် နိဗ္ဗာန်ဟူ၍ ဆိုအပ်၏။ ယံဥပ္ပလံ။ အကြင် ကြာသည်။ ပကော်။ ညွန်၌။ ဇာတံ။ ပေါက်ရောက်တတ်သည်တည်း။ ဣတိတသ္မာ။ ထိုကြောင့်။ တံဥပ္ပလံ။ ထိုကြာသည်။ ပင်ဇံ။ ပက်ဇမည်၏။ ။ ယခင် ပြယုဂ်အနက်။

တစ်နည်းကား။ မဂ်ဖိုလ် တရားတို့သည် တဏှာ၏ အာရုံကို လွန်မြောက်ကုန်သော်လည်း။ ။ ရာဂုပနိဿာယဒါနံ ဒေတိ။ သီလံသမာဒိယတိ။ ဥပေါသထကမ္မံကရောတိ။ ဈာနံ ဥပ္ပါဒေတိ။ ဝိပဿနံ ဥပ္ပါဒေတိ။ မဂ္ဂံဥပ္ပါဒေတိ။ အဘိညံ ဥပ္ပါဒေတိ။ သမာပတ္တိံ ဥပ္ပါဒေဟိ။ ။ အစရှိသည်ဖြင့် ဟောတော်မူသောကြောင့်။ တဏှာ၏ ပကတူပနိဿယသတ္တိကို လည်းကောင်း။ တဏှာ၏ ပစ္စယုပ္ပန္နဓမ္မစင်စစ်ဖြစ်ကုန်သော။ အဆက်ဆက်သော ပါရမီဉာဏ်။ ဝိပဿနာဉာဏ်။ ဂေါတြဘု။ ဝေါဒါန်တရားတို့၏ ပကတူပ နိဿယသတ္တိ။ အနန္တရာဒိပစ္စယသတ္တိတို့ကိုရှင်း မလွန်နိုင်ကုန်။ ထိုပစ္စယသတ္တိ တို့ကိုယူ၍သာလျှင် ဖြစ်ရကုန်၏။ ဇဉ်းငယ် အလွန်လည်း။ ထိုမဂ်ဖိုလ်တရားတို့သည် ဥပါဒါနက္ခန္ဓာ ငါးပါးရှိခိုက်ရှိကုန်၏။ ဥပါဒါနက္ခန္ဓာ ငါးပါးလျှင် မှီရာရှိသည်ဖြစ်၍ ဖြစ်ကုန်၏။ ထိုကြောင့် ထိုမဂ်ဖိုလ်တရားတို့ကို စင်စစ်တဏှာမှ ထွက်မြောက်တတ်သော တရားဟူ၍ မဆိုတန်။ ဤနိဗ္ဗာန်တရားမူကား။ ထိုမဂ်ဖိုလ်တရားတို့ကဲ့သို့ တဏှာ၏ အာရုံအဖြစ်မှလည်း လွန်မြောက်၏။ တဏှာမှလည်းကောင်း။ တဏှာ၏ပစ္စယုပ္ပန္နဓမ္မစင်စစ်ဖြစ်ကုန်သော အဆက်ဆက်သော ပါရမီဉာဏ်။ ဝိပဿနဉာဏ်။ ဂေါတြဘု။ ဝေါဒါန်တရားတို့မှလည်းကောင်း။ တစ်စုံတစ်ခုသော ပစ္စယသတ္တိနှင့်မဘက်။ သက်သက်သာလျှင်တည်၏။ ဇဉ်းငယ်အလွန်လည်း ဤနိဗ္ဗာန်တရားသည် အနုပါဒိသေသပရိနိဗ္ဗာန် စံပြီးနောက် ခန္ဓာငါးပါးကွယ်ပျောက်သော အခါတို့၌ လည်းကောင်း။ မဖောက်မလှဲ မြဲသောတည်ခြင်း သဘောရှိသည်၏ အဖြစ်ကြောင့်။ တဏှာ၏ အကျိုး စင်စစ်ဖြစ်သော ဥပါဒါနက္ခန္ဓာငါးပါးလျှင် မှီတင်းရာရှိသောဟူ၍လည်း မဆိုတန်။ ထိုကြောင့် ထိုနိဗ္ဗာန်တရားကိုသာလျှင် တဏှာမှ ထွက်မြောက်တတ်သောဟူ၍ ဆိုအပ်သတည်း။ အမှာကံအာစရိယ သေဋ္ဌဿဝါဒဝရော။ ။ ဤကား နိဗ္ဗာနသဒ္ဒါ၏ ဝစနတ္ထ။ ထိုတရားတို့၏ နိဗ္ဗာန်ဟူသောအမည်ကို ရခြင်းအကြောင်း နာမလာဘဟေတုကို ပြဆိုသော အခန်းတည်း။

ဤသို့လျှင် ဂေါတြဘူအရိယမဂ်ခဏတို့မှစ၍။ အရိယာယောဂါဝစရ ပုဂ္ဂိုလ်တို့သည်။ သိအပ်ရအပ်သော အမြိုက်နိဗ္ဗာန် တရားသည်။ ပညတ်နာမ်ရုပ်အားဖြင့် တရားသုံးပါးတို့တွင်။ နာမ်တရားစင်စစ်တည်း။ ။ ထိုကြောင့် အဘိဓမ္မတ္ထသင်္ဂဟ လက်သန်း အဋ္ဌကထာကျမ်း၌။ ။ စိတ္တစေတသိကသင်္ခတာ စတ္တာရောအရူပိနောခန္ဓာ နိဗ္ဗာနဉ္စေတိပဉ္စဝိဓံဝိ အရူပန္တိနာမန္တိ စပဝုစ္စတိ။ ။ ဟုမိန့်အပ်ပြီ။ ။ စိတ္တစေတသိက

http://www.dhammadownload.com



သင်္ခါတာ။ စိတ်၊ စေတသိက်ဟုဆိုအပ်ကုန်သော။ စတ္တာရော။ လေးပါးကုန်သော။ အရူပိနော။ နာမ်ဖြစ်ကုန်သော။ ခန္ဓာစ။ ခန္ဓာတို့လည်းကောင်း။ နိဗ္ဗာနဥ္စ။ နိဗ္ဗာန်လည်းကောင်း။ ဣတိ။ ဤသို့။ ပဥ္စဝိဓံဝိ။ ငါးပါးအပြားရှိသော တရားတို့ကိုလည်း။ အရူပက္ခန္ဓ။ အရူပဟူ၍လည်းကောင်း။ နာမက္ခန္ဓ။ နာမ်ဟူ၍ လည်းကောင်း။ ပဝုစ္စတိ။ ဆိုအပ်၏။ ။ အနက်။ ။ ဤအရာ၌၊ စိတ်၊ စေတသိက်၊ နိဗ္ဗာန်တရားတို့သည်။ အဘယ်ကြောင့် နာမ်မည်ကုန်သနည်းဟူမူကား။ မိမိတို့ အမည်ကို မိမိတို့ မှည့်တတ်သောကြောင့်ငင်း။ ရူပါရုံအစရှိသော အာရုံခြောက်ပါးတို့ကို ညွတ်တတ်သောသဘော။ ညွတ်စေတတ်သော သဘောကြောင့်ငင်း။ နာမ်မည်ကုန်သတည်း။

ထိုကြောင့် ဓမ္မသင်္ဂဏီ အဋ္ဌကထာ၌။ နာမကရဏဋ္ဌေနနာမံ။ နမနဋ္ဌေနနာမံ။ နာမနဋ္ဌေနနာမံ။ ။ ဟု မိန့်အပ်ပြီ။ ။ နာမကရဏဋ္ဌေန။ မိမိအမည်ကို မှည့်တတ်သောသဘောကြောင့်။ နာမံ။ နာမ်မည်၏။ နမနဋ္ဌေန။ ရူပါရုံအစရှိသော အာရုံခြောက်ပါးသို့ ညွတ်တတ်သော သဘောကြောင့်။ နာမံ။ နာမ်မည်၏။ နာမနဋ္ဌေန။ ညွတ်စေတတ်သော သဘောကြောင့်။ နာမံ။ နာမ်မည်၏။ ။ အနက်။ ။ ဤအရာ၌ များစွာသော လူတို့သည် သမုတ်အပ်သည်၏ အဖြစ်ကြောင့်။ မဟာသမ္မတမင်း အား။ မဟာသမ္မတဟူသော အမည်သည်ဖြစ်သကဲ့သို့။ ထိုအတူ ဝေဒနာအစရှိသော တရားတို့အား။ များစွာသော လူတို့သည် သမုတ်အပ်သည်၏ အဖြစ်ကြောင့်။ ဝေဒနာစသော အမည်သည် ဖြစ်သည်မဟုတ်။ အမိအဘတို့သည်။ ဤသူသည်တိဿ အမည်ရှိသည်ဖြစ်စေလော့။ ဖုဿအမည်ရှိသည်ဖြစ်စေလော့ဟု။ ဖွားမြင်ပြီးသော သူငယ်အား ဆွေမျိုးတို့ကို ကြား၍ မှည့်အပ်သော အမည်ရှိသည်ကို ပြုကုန်သကဲ့သို့။ ထိုအတူ ဝေဒနာစသော တရားတို့အား တစ်စုံတစ်ယောက်သော သူသည် ကြား၍ မှည့်အပ်သော အမည်ရှိသည်ကို မပြု။ (ဓမ္မကထိကော၊ ဝိနယဓရော) ဟူ၍ တရားကို ဟောစွမ်းနိုင်ခြင်း။ ဝိနည်းကိုဆောင်နိုင်ခြင်းစသော ဂုဏ်ကျေးဇူးအားဖြင့် အမည်ဖြစ်သကဲ့သို့။ ထိုအတူ။ ထိုဝေဒနာစသော တရားတို့အား။ တစုံတခုသော ဂုဏ်ကျေးဇူးအားဖြင့် ဝေဒနာစသော အမည်ဖြစ်သည်မဟုတ်။ စင်စစ်သောကား။ ထိုဝေဒနာစသော တရားတို့သည်။ မဟာပထဝီ၊ စန္ဒ၊ သူရိယ၊ နက္ခတ္တ – စသည်တို့ကဲ့သို့ မိမိတို့အမည်ကို။ မိမိတို့ မှည့်ကုန်လျက်သာလျှင်ဖြစ်ကုန်၏။ ထိုစကားသည် မှန်၏။ မဟာပထဝီ၊ စန္ဒ၊ သူရိယ၊ နက္ခတ္တ စသည်တို့ဖြင့် ကုန်လတ်သော်၊ သမုတ်တတ်သောသူ မရှိဘဲလျက်။ သက်သက် မိမိတို့အမည်သည် ဖြစ်ကုန်သကဲ့သို့။ ထိုအတူ ဝေဒနာစသော တရားတို့သည် ဖြစ်ကုန်လတ်သော်။ သမုတ်တတ်သောသူ မရှိဘဲလျက်။ သက်သက် ဝေဒနာ စသော အမည်တို့သည် ဖြစ်သည်သာလျှင် ဖြစ်ကုန်၏။ ထိုကြောင့် ဓမ္မသင်္ဂဏီ အဋ္ဌကထာ၌

http://www.dhammadownload.com



॥ ॥ ယထာဟိ မဟာဇနေ သမ္မုတတ္တာ မဟာသမ္မုတသ္သ။ ॥ အစရှိသည်ဖြင့် မိန့်အပ်ပြီး။ ၎င်းဋီကာ၌ လည်း။ ॥ ဝေဒနာဒိနံ သဘာဝသိဒ္ဓတ္တာ ဝေဒနာဒိ နာမဿ နာမကရဏ သဘာဝတော နာမတာဝုတ္တာ။ ပထဝီ အာဒိနိဒဿနေန နာမဿသဘာဝ သိဒ္ဓိတံယေဝ နိဒဿေတိ။ နနာမဘာဝသာမည်။ ॥ ဟု မိန့်အပ်ပြီ။ ॥ ဝေဒနာဒိနံ။ ဝေဒနာ အစရှိသည်တို့အား။ ဝေဒနာဒိနာမဿ။ ဝေဒနာစသော အမည်၏။ သဘာဝသိဒ္ဓတ္တာ။ သမုတ်သူမဘက်။ သက်သက် သဘောအားဖြင့် ပြီးသည်၏ အဖြစ်ကြောင့်။ နာမကရဏ သဘာဝတော။ မိမိတို့အမည်ကို မိမိတို့ မှည့်တတ်သော သဘောအားဖြင့်။ နာမတာ။ နာမ်တရား၏ အဖြစ်ကို။ ဝုတ္တာ။ ဆိုအပ်၏။ ပထဝီအာဒိနိဒဿနေန။ မဟာပထဝီ စသည်ကို ဥပမာပြသဖြင့်လည်း။ နာမဿ။ အမည်၏။ သဘာဝသိဒ္ဓိတံယေဝ။ သမုတ်သူ မဖက်။ သက်သက် သဘောအားဖြင့် ပြီးသည်၏ အဖြစ်ကိုသာလျှင်။ နိဒဿေတိ။ ညွှန်ပြ၏။ နာမဘာဝသာမည်။ မဟာပထဝီစသည်တို့၏ ဝေဒနာ စသည်တို့ဖြင့် နာမ်၏ အဖြစ်ဖြင့်တူသောအဖြစ်ကို။ နနိဒဿေတိ။ မညွှန်ပြ။ ॥ အနက်။ ॥ အဓိပ္ပာယ်ကား။ ဝေဒနာအစရှိသော တရား တို့အား။ သမုတ်တတ်သော တစုံတယောက်သောသူ မရှိဘဲလျက်။ သက်သက် သဘောအားဖြင့်ပြီးသော ဝေဒနာ အစရှိသော အမည်ရှိသည်၏ အဖြစ်ကြောင့်။ ထိုဝေဒနာ စသော တရားတို့အား။ မိမိတို့ အမည်ကို။ မိမိတို့ မှည့်တတ်သော နာမ်တရား၏ အဖြစ်ကို ဆိုအပ်သတည်း။ နေ၊ လ၊ နက္ခတ်၊ တာရာ၊ မဟာပထဝီစသည်တို့ကို ဥပမာအဖြစ်ဖြင့် ပြသဖြင့်လည်း ထိုနေ၊ လ၊ နက္ခတ်၊ တာရာ စသည်တို့အား။ လောက၌ သမုတ်တတ်သော သူမဘက်၊ သက်သက်သဘောအားဖြင့်ပြီးသော အမည်ရှိ သကဲ့သို့။ ထိုအတူ ဝေဒနာအစ၊ နိဗ္ဗာန်အဆုံးရှိသော တရားတို့အားလည်း။ ပရမတ္ထမေ္မ၌ သမုတ်တတ်သောသူမဘက်၊ သက်သက်သဘောအားဖြင့်ပြီးသော အမည်ရှိသည်၏ အဖြစ်ကိုသာ ပြသတည်း။ ထို နေ၊ လ၊ နက္ခတ်၊ တာရာစသည်တို့၏ ဝေဒနာ အစရှိသည်တို့နှင့် နာမ်၏ သဘော အားဖြင့်တူသော အဖြစ်ကို မပြဟူလိုသည်။ ॥ ဤအရာ၌ ဝေဒနာအစရှိတို့ကား။ သဘောအားဖြင့် ပြီးသောအမည်ရှိသည်၏ အဖြစ်ကြောင့် နာမ်တရား၏ အဖြစ်ကို ဆိုအပ်သကဲ့သို့။ ပထဝီဓာတ်အစရှိသော ရုပ်တရားတို့အားလည်း သဘောအားဖြင့် ပြီးသော အမည်ရှိသည်၏ အဖြစ်ကြောင့် နာမ်တရား၏အဖြစ်ကိုဆိုအပ်၏ဟူငြားအံ့။ မဆိုအပ်။ အဘယ်ကြောင့်နည်းဟူမူကား။ နာမသဒ္ဒါ၏ ရုပ်တရားတို့၌ မထင်။ စိတ်၊ စေတသိက်။ နိဗ္ဗာန် ဟူသော နာမ်တရားတို့၌သာ ထင်ခြင်းကြောင့်တည်း။ တစ်နည်းကား။ ပထဝီဓာတ်အစရှိသော တရားတို့သည် မိမိတို့ အမည်ကို မိမိတို့ မှည့်တတ်ကုန်သော် လည်း။ သဘောအားဖြင့် ပြီးသောအမည်မှတပါး။ ကေသကုမ္ဘာ စသော များစွာသော

http://www.dhammadownload.com



အမည်တို့သို့ ရောက်ခြင်းကြောင့် မိမိတို့အမည်ကို စင်စစ်မိမိတို့ ပြုတတ်သောဟူ၍ မဆိုတန်။ ဤဖဿဝေဒနာစသော တရားတို့မှုကား။ အခါခပ်သိမ်း သဘောအားဖြင့် ပြီးသော အမည်မှတပါးသောအမည်သို့ မရောက်ခြင်းကြောင့် မိမိအမည်ကို မိမိမှည့်တတ်သော နာမ်တရား၏အဖြစ်ကို ဆိုအပ်သတည်း ။ ။ ထိုကြောင့် ဓမ္မသင်္ဂဏီဋီကာ၌ပင်။ ။ ဖဿောဝေဒနာတိသဗ္ဗဒါဝိ အရူပဓမ္မာနံ ဖဿဒိနာမကတ္တာ ပထဝိယာဒီနံ ကေသကုမ္ဘာ ဒိနာမန္တရာပတ္တိဝိယ နာမန္တရာနာ ပဇ္ဇနတောသဒါ အတ္တနာက တံနာမတာယ စတုခန္ဓနိဗ္ဗာနာနိနာမကရဏာဋ္ဌေနနာမံ ။ ။ ဟု မိန့်အပ်ပြီ။ ။ ဖဿော။ ဖဿ။ ဝေဒနာ။ ဝေဒနာ။ ဣတိ။ ဤသို့။ သဗ္ဗဒါဝိ။ အခါခပ်သိမ်လည်း။ အရူပဓမ္မာနံ။ နာမ်တရားတို့အား။ ဖဿာဒိနာမ ကတ္တာ။ ဖဿ စသော အမည်ရှိသည်၏ အဖြစ်ကြောင့်။ ပထဝိယာဒီနံ။ ပထဝီဓာတ်အစရှိသည်တို့အား။ ကေသကုမ္ဘာဒိ နာမန္တ ရာပတ္တိဝိယ။ ကေသကုမ္ဘစရှိသော အမည်တပါးသို့ ရောက်သကဲ့သို့။ နာမန္တ ရာနာ ပဇ္ဇတော။ အမည်တပါးသို့ မရောက်ခြင်းကြောင့်။ သဒါ။ အခါခပ်သိမ်း။ အတ္တနာ။ မိမိသည်။ ကတနာမတာယ။ မှည့်အပ်သောအမည်ရှိသည်၏ အဖြစ် ကြောင့်။ စတုခန္ဓ နိဗ္ဗာနာနိ။ ခန္ဓာလေးပါး နိဗ္ဗာန်တရားတို့သည်။ နာမကရဏာဋ္ဌေန။ မိမိအမည်ကို မိမိမှည့်တတ်သော သဘောအားဖြင့်။ နာမံ။ နာမ်မည်၏။ ။ အနက်။ ဤကား နာမကရဏာဋ္ဌေနနာမံ။ ဟူသော ပဌမဝိကပ်၌ အဓိပ္ပာယ်တည်း။

ရောဂါ ဝေဒနာ လွန်စွာ နှိပ်စက်ခြင်း စသော အကြောင်းကြောင့် ခွန်အားဗလ နည်းပါးသော ပုဂ္ဂိုလ်သည်။ တောင်ဝှေး။ ကြိုးတန်းစသည်ကို ဆွဲကိုင်လျက် သာလျှင် ရပ်ခြင်း၊ သွားခြင်း စသော ဣရိယာပထ ကိစ္စကို ရွက်ဆောင်ရ သကဲ့သို့။ ထို့အတူ စိတ်၊ စေတသိက်တရားတို့သည် ရူပါရုံအစရှိသော အာရုံခြောက်ပါးတို့ကို အာရုံ ပြုသောအားဖြင့် ဆွဲကိုင်ကုန်လျက်သာလျှင် ဖြစ်ခြင်း၊ တည်ခြင်းငှာ စွမ်းနိုင်ကုန်သည် ဖြစ်၍။ ထိုအာရုံ ခြောက်ပါးတို့သို့ ရှေးရှုညွတ်တတ်သော သဘောကြောင့် နာမ် မည်ကုန်၏။ နိဗ္ဗာန်ကို တစ်စုံတစ်ခုသော တရား၌မညွတ်တတ်သောကြောင့် ဤဝိကပ် ၌ မရအပ်။ ။ ဤကား နမနဋ္ဌေနနာမံ။ ။ ဟူသော ဒုတိယဝိကပ်၌ အဓိပ္ပာယ်တည်း။

ညွတ်စေတတ်သော အနက်သဘောကြောင့် ခန္ဓာလေးပါး နိဗ္ဗာန်အားဖြင့် အလုံးစုံသော တရားတို့သည်ပင် နာမ်မည် ကုန်သတည်း။ ထိုစကားသည် မှန်၏။ ခန္ဓာတို့သည် အချင်းချင်း တစ်ပါးသည် တစ်ပါးကို အာရုံသို့ ညွတ်စေတတ်ကုန်၏။ နိဗ္ဗာန်တရားသည် အလွန်အလေးအမြတ်ပြုအပ်သော အာရမ္မဏာဓိပတိ ပစ္စည်းတရား၏ အဖြစ်ကြောင့် မိမိကို အလေးအမြတ် ပြုတတ်ကုန်သော မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ ပစ္စဝေက္ခဏာဉာဏ်ဟု ဆိုအပ်သော အပြစ်မတင် သန့်စင်သော တရားတို့ကို မိမိသို့

http://www.dhammadownload.com



ညွတ်စေတတ်၏။ ထိုကြောင့် ခန္ဓာလေးပါးနိဗ္ဗာန်အားဖြင့်ငါးပါးသော တရားတို့ကို ဤဝိကပ်၌ ရအပ်ကုန်၏။ ယင်းအနက်ကို ရည်၍ ဓမ္မသင်္ဂဏီအဋ္ဌကထာ၌။ ။ နာမနဋ္ဌေနသဗ္ဗံဝိနာမံ။ စတ္တာရောဟိခန္ဓာအာရမ္မဏေ အညမညံနာမေန္တိ။ နိဗ္ဗာနံ အာရမ္မဏာဓိပတိပစ္စယတာယအတ္တာ နိအနဝဇ္ဇဓမ္မေနာမေတိ။ ။ ဟု မိန့်အပ်ပြီ။ ။ နာမနဋ္ဌေန။ ညွတ်စေတတ်သော သဘောကြောင့်။ သဗ္ဗံဝိ။ အလုံးစုံလည်းဖြစ်သော တရားသည်။ နာမံ။ နာမ်မည်၏။ ဟိဝိတ္ထာရေမိ။ ချဲ့အံ့။ စတ္တာရောခန္ဓာ။ ခန္ဓာလေးပါးတို့သည်။ အာရမ္မဏေ။ အာရုံ၌။ ဝါ။ အာရုံသို့။ အညမညံ။ အချင်းချင်း။ ဝါ။ တစ်ပါးသည် တစ်ပါးကို။ နာမေန္တိ။ ညွတ်စေတတ်ကုန်၏။ နိဗ္ဗာနံ။ နိဗ္ဗာန်သည်။ အာရမ္မဏာဓိပတိ ပစ္စယတာယ။ အလေးအမြတ်ပြုအပ်သော အာရမ္မဏာ ဓိပတိ ပစ္စည်းတရား၏ အဖြစ်ကြောင့်။ အတ္တနိ။ မိမိ၌။ မိမိသို့။ အနဝဇ္ဇဓမ္မေ။ အပြစ်မရှိကုန်သော မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ ပစ္စဝေက္ခဏာဉာဏ် တရားတို့ကို။ နာမေတိ။ ညွတ်စေတတ်၏။ ။ အနက်။ ဤအရာ၌။ နိဗ္ဗာန်သည် အလေးအမြတ် ပြုအပ်သော အာရမ္မဏာဓိပတိ ပစ္စည်းတရား၏ အဖြစ်ကြောင့် အလေးအမြတ် ပြုတတ်ကုန်သော မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်စသော ပစ္စယုပ္ပန်တရားတို့ကို။ မိမိသို့ ညွတ်စေတတ်သော သဘောသတ္တိရှိသည် ဖြစ်၏။ နာမ်ဟူသော အမည် ဝိသေသကို ရအပ်သကဲ့သို့။ ထိုအတူ အလိုရှိအပ် နှစ်သက်အပ်သော ရူပါရုံအစရှိသော နိပ္ဖန္နရုပ်တရားသည်လည်း။ အလေးအမြတ်ပြုအပ် သော အာရမ္မဏာဓိပတိပစ္စည်းတရား၏ အဖြစ်ကြောင့် အလေးအမြတ် ပြုတတ် ကုန်သော။ ပစ္စယုပ္ပန် တရားတို့ကို မိမိသို့ ညွတ်စေတတ်သော သဘောသတ္တိရှိသည်ဖြစ်၍ နာမ်ဟူသောအမည်ဝိသေသကို ရအပ်၏ဟူငြားအံ့။ မရအပ်။ အဘယ်ကြောင့်နည်း ဟူမူကား။ ထိုရူပါရုံအစရှိသော နိပ္ဖန္နရုပ်တရားတို့အား။ အလွန်အားဖြင့် မိမိတို့ ညွတ်စေတတ်သော သဘောမရှိသည်၏ အဖြစ်ကြောင့်တည်း။ ထိုစကားသည် မှန်၏။ နိပ္ဖန္နရုပ်တရားတို့အား အလေးအမြတ်ပြုအပ်သော အဖြစ်သည် ရှိသည် ရှိသော်လည်း။ အလွန်သက်သာရာဖြစ်၍ဖြစ်သော အမြိုက်နိဗ္ဗာန်တရားကဲ့သို့။ ပစ္စယုပ္ပန်တရားတို့ကို မိမိသို့အလွန်အားဖြင့် ညွတ်စေ၍။ ကျေးဇူးမပြုတတ်ကုန်။ ထိုကြောင့် အလွန်အားဖြင့် မိမိသို့ ညွတ်စေတတ်သော နိဗ္ဗာန်ကိုသာလျှင်။ နာမ်ဟူ၍ ဆိုအပ်သတည်း။ ဤအနက်ကိုရည်၍။ ဓမ္မသင်္ဂဏီဋီကာ၌။ ။ အာရမ္မဏာဓိ ပတိပစ္စယတာယာတိသတိပိ ရူပဿ အာရမ္မဏာ ဓိပတိပစ္စယ ဘာဝေနပရမဿာသ ဘူတံ နိဗ္ဗာနံဝိယ သာတိသယံတံ နာမနသဘာဝေနပစ္စယောတိ နိဗ္ဗာနမေဝ နာမန္တိ ဝုတ္တံ။ ။ ဟု မိန့်အပ်ပြီ။ ။ အာရမ္မဏာ ဓိပတိပစ္စယတာတိဣ္ဓ။ အာရမ္မဏာ ဓိပတိပစ္စယတာယ ဟူသော ပါဌ်၌။ ရူပဿ။ နိပ္ဖန္နရုပ်တရား၏။ အာရမ္မဏာဓိပတိ ပစ္စယဘာဝေ။ အာရမ္မဏာဓိပတိ ပစ္စည်း၏

အဖြစ်သည်။ သတိဝိ။ ရှိသော်လည်း။ ပရမဿာသဘူတံ။ အလွန်သက်သာရာဖြစ်၍ ဖြစ်သော။ နိဗ္ဗာနံဝိယ။ နိဗ္ဗာန်တရားကဲ့သို့။ သာတိသယံ။ အလွန်။ တံနာမနသဘာဝေန။ ထိုပစ္စယုပ္ပန်တရားတို့ကို မိမိသို့ ညွှတ်စေတတ်သော သဘောအားဖြင့်။ ပစ္စယော။ ကျေးဇူးပြုတတ်သည်။ န။ မဟုတ်။ ဣတိတသ္မာ။ ထိုကြောင့်။ နိဗ္ဗာန်နမေဝ။ အလွန်အားဖြင့် ညွှတ်စေတတ်သော နိဗ္ဗာန်ကိုသာလျှင်။ နာမန္တိ။ နာမ်ဟူ၍။ ဝုတ္တံ။ ဆိုအပ်၏။ ။ အနက်။ ။ ဤ၌ကား။ ။ ပရမဿသဘူတံ နိဗ္ဗာနံဝိယသာတိသယံတံနာမ နသဘာဝေန ပစ္စယော။ ။ ဟူသော ပါဌ်၌ အဓိပ္ပာယ်ကား။ တစ်စုံတစ်ခုသော အဇ္ဈတ္တဗဟိဒ္ဓဘေးတို့ကြောင့် အသက်၏ အန္တရာယ်ဟူသော ဇီဝိတန္တရာယ။ စည်းစိမ်ဥစ္စာ အန္တရာယ်ဟူသော ဓနန္တရာယ။ သားမယား အန္တရာယ်ဟူသော ပုတ္တဒါရန္တရာယတို့နှင့် တွေ့ကြုံ၍ စိုးရိမ်ကြောင့်ကြခြင်း ပြင်းစွာဖြစ်သော ပုဂ္ဂိုလ်အား တစ်စုံတစ်ခုသော အကြောင်းတို့ကြောင့် အန္တရာယ်မှ လွတ်ငြိမ်းချမ်းသာ လတ်သည် ရှိသော်။ ကြီးစွာသောစိတ်၏ သက်သာရာရခြင်းသို့ ရောက်သကဲ့သို့။ ထိုဇီဝိတဓနေ ပုတ္တဒါရတို့၌ အလွန်အားဖြင့် မြတ်နိုးခြင်း၊ ညွှတ်ကိုင်းရှိုင်း ဝှမ်းခြင်းတို့သည် ဖြစ်ကုန်သကဲ့သို့။ ထိုအတူ၊ ခန္ဓာတေဘုမ္မကတို့၌ အဖန်ဖန် အိုခြင်း၊ နာခြင်း၊ သေခြင်း စသော များစွာသော ဘေးတို့ကို မြင်၍ လွန်မြောက်ချင်သော စိတ်စေတနာ အာသာပြင်းခြင်းနှင့်တကွ။ အဆင့်ဆင့်သော ဝိပဿနာတရားတို့ကို ပွားများအားသစ်သော ယောဂါဝစရ ပုဂ္ဂိုလ်အား။ ထိုဘေးအပေါင်းတို့၏ ကင်းရာ ချမ်းသာစင်စစ်၊ အနှစ်ဖြစ်သော အမြိုက်နိဗ္ဗာန်တရားကို မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ ပစ္စဝေက္ခဏာဉာဏ်တို့ဖြင့်ရအပ် သိမြင်အပ်သည်ရှိသော်။ အလွန်သော စိတ်၏ သက်သာရာရခြင်းသို့ရောက်၏။ ထိုနိဗ္ဗာန်တရား၌လည်း၊ အရိုအသေပြုခြင်း။ အလေးအမြတ်ပြုခြင်း။ ညွှတ်ကိုင်း ရှိုင်းဝှမ်းခြင်းတို့သည်ဖြစ်ကုန်၏။ ယခင် ဇီဝိတစသည်တို့၌ စိုးရိမ်ကြောင့်ကြ အာသက် ရှိသော ပုဂ္ဂိုလ်သည် စိုးရိမ်ကြောင့်ကြ အာသက်တ ကင်းသောအခါ၌ ဖြစ်သော သက်သာရာရခြင်း စသည်ထက် အဆအရာအထောင်အားဖြင့်လည်းကောင်း။ အဆ အသိန်းအသန်းအားဖြင့်လည်းကောင်း။ အလွန်မွန်မြတ်သော သက်သာရာရခြင်း။ ညွှတ်ကိုင်းရှိုင်းဝှမ်းခြင်းတို့သည် ဖြစ်ကုန်၏။ ထိုစကားသည်မှန်၏။ အမြိုက်နိဗ္ဗာန် တရားကဲ့သို့ သက်သာရာဖြစ်၍ ဖြစ်သော တစ်စုံတစ်ခုသော တရားသည်လည်းကောင်း။ အလေးအမြတ်ပြုအပ် ညွှတ်ကိုင်း ရှိုင်းဝှမ်းအပ်သော တစ်စုံတစ်ခုသော တရားသည် လည်းကောင်းမရှိ။ ထိုကြောင့် အလွန်အားဖြင့် သက်သာရာဖြစ်၍ ဖြစ်သော အမြိုက်နိဗ္ဗာန် ကိုသာလျှင် မိမိသို့ ညွှတ်စေတတ်သော နာမ်တရား၏ အဖြစ်ကို ဆိုအပ်သတည်း ဟူလို။ ။ ဤကား နာမနဋ္ဌေနနာမံ။ ။ ဟူသော တတိယဝိကပ်၌ အဓိပ္ပာယ်တည်း။

http://www.dhammadownload.com



ဤသို့လျှင် စိတ်၊ စေတသိတ်တရားတို့သည် မိမိတို့အမည်ကို မိမိတို့မှည့်တတ်သော သဘော။ ရူပါရုံအစရှိသော အာရုံခြောက်ပါးတို့ကို ညွှတ်တတ်သော သဘော။ အချင်းချင်း သမ္ပယုတ် တရားတို့ကို ညွှတ်စေတတ်သော သဘောတို့ကြောင့် နာမ်မည်ကုန်၏။ နိဗ္ဗာန်တရားသည် မိမိအမည်ကို မိမိမှည့်တတ်သောသဘော။ အနဝဇ္ဇဓမ္မတို့ကို အလွန်အားဖြင့် မိမိသို့ ညွှတ်စေတတ်သော သဘောတို့ကြောင့် နာမ်မည်ကုန်၏။ ။ ဤကားနိဗ္ဗာန်၏ နာမ်တရား၏အဖြစ်ကို ပြဆိုသော အခန်းတည်း။

ဤသို့လျှင် ဂေါတြဘူ အရိယမဂ်ခဏမှစ၍ ရအပ်၊ ရောက်အပ်သော နာမဓမ္မအစစ်ဖြစ်သော အမြိုက်နိဗ္ဗာန်သည် အကြောင်းတရားတို့ပေါင်း၍ မပြုပြင် မစီရင်အပ်သောကြောင့် အသင်္ခတဓမ္မမည်၏ မိမိကိုယ်ကို ပြီးစေတတ်သော တစ်စုံတစ်ခု သော အကြောင်းသည် မရှိသောကြောင့် အပစ္စယဓမ္မမည်၏။ ထိုစကားသည် မှန်၏။ ထိုအမြိုက်နိဗ္ဗာန်ကို ပြုပြင်စီရင်တတ် ပြီးစေတတ်သော တစ်စုံတစ်ခုသော အကြောင်းသည်မရှိ၊ လေးပါးသော အရိယမဂ်တို့သည်လည်း။ အမြိုက်နိဗ္ဗာန်ကို ပြီးစေတတ်သော အကြောင်းမဟုတ်ကုန်။ အမြိုက်နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်သာလျှင် ဖြစ်ကုန်၏။ ထိုစကားသည်မှန်၏။ အကြောင်းတို့သည် သိစေတတ်သော အကြောင်းဟူသော ဉာပကဟေတု။ ပြီးစေတတ်သော အကြောင်းဟူသော ကာရကဟေတု။ ရောက်စေတတ်သောအကြောင်းဟူသော သမ္ပာပကဟေတုဟူ၍ သုံးပါးအပြားရှိကုန်၏။ ထိုကြောင့် ဓမ္မသင်္ဂဏီ အနုဋီကာ၌။ ဉာပကော ကာရကောသမ္ပာပကောတိ တိဝိဓောဟိဟေတု။ ။ ဟိတဒေဝသစ္စံ။ ထိုစကားသည်လျှင် မှန်၏။ ဟေတု။ အကြောင်းသည်။ ဉာပကော။ သိစေတတ်သောအကြောင်းငှင်း။ ကာရကော။ ပြီးစေတတ်သောအကြောင်းငှင်း။ သမ္ပာပကော။ ရောက်စေတတ်သောအကြောင်းငှင်း။ ဣတိ။ ဤသို့။ တိဝိဓော။ သုံးပါးအပြားရှိ၏။ ။ အနက်။ ။ ထိုသုံးပါးတို့တွင်။ ။ ဓူမတောအဂ္ဂိမနုမေ။ ။ စသော ပြယုဂ်တို့၌။ အခိုးသည် မီးကိုသိစေတတ်သကဲ့သို့။ သိစေတတ်သော အကြောင်းသည် ဉာပကဟေတုမည်၏။ ။ ဗီဇာယအင်္ကုရောဇာယတေ။ ။ စသော ပြယုဂ်တို့၌။ မျိုးစေ့သည် အညှောက်ကိုပြီးစေတတ်သကဲ့သို့ ပြီးစေတတ်သော အကြောင်းသည် ကာရကဟေတုမည်၏။ ။ နာဝါယတီရံပါပုဏာတိ။ ။ စသော ပြယုဂ်တို့၌။ လှေသည် ကမ်းတဘက်သို့ ရောက်စေတတ်သကဲ့သို့။ ရောက်စေတတ်သော အကြောင်းသည်။ သမ္ပာပကဟေတုမည်၏။ ။ ဓူမတော။ အခိုးကြောင့်။ အဂ္ဂိ။ မီးကို။ အနုမေယေ။ သိ၏။ ။ ဗီဇာယ။ မျိုးစေ့ကြောင့်။ အင်္ကုရော။ အညှောက်သည်။ ဇာယတေ။ ပေါက်၏။ ။ နာဝါယ။ လှေကြောင့်။ တီရံ။ ကမ်းသို့။ ပါပုဏာတိ။ ရောက်၏။ ။ ယခင်ပြယုဂ် အနက်။ ။ ထိုသုံးပါးသော အကြောင်းတို့တွင် အမြိုက်နိဗ္ဗာန်ကို ပြီးစေတတ်သော

http://www.dhammadownload.com



ကာရကအကြောင်းမည်သည်မရှိ။ ထိုကြောင့်။ ထိုအမြိုက်နိဗ္ဗာန်ကို။ အသင်္ခတ ဓမ္မောဟူ၍လည်းကောင်း။ ဟောတော်မူအပ်၏။ ရောက်ကြောင်း။ သိကြောင်းဖြစ်သော သမ္မာပကဟေတု၊ ဉာပကဟေတုကား ရှိသည်သာလျှင်တည်း။ ထိုကြောင့်။ ။ ဒုက္ခ နိရောဓဂါမိနီပဋိပဒါ။ ။ ဟူ၍ အရိယမဂ်ကို ဟောတော်မူအပ်၏။ ။ ဒုက္ခနိရောဓ ဂါမိနီ ပဋိပဒါ။ ဒုက္ခ၏ ချုပ်ရာနိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော အကျင့်။ ဝါ။ နိဗ္ဗာန်ကိုရကြောင်း၊ သိကြောင်းဖြစ်သော အကျင့်။ ။ ဗုဒ္ဓဝင် ပါဠိတော်၌လည်း။ ။ အတ္ထိဟေဟိတိ သော မဂ္ဂေါ။ နသော သက္ကာနဟေတုယေ။ ပရိယေသိဿာမိတံမဂ္ဂံ။ ဘဝတော ပရိမုတ္တိယာ။ ။ ဟူ၍ ဟောတော်မူအပ်ပြီ။ ။ သောမဂ္ဂေါ။ ထိုအမြိုက် နိဗ္ဗာန်သို့ သွားကြောင်း ခရီးသည်။ အတ္ထိရှိသည်။ ဟေဟိတိ။ ဖြစ်လတ္တံ့။ သော။ ထိုအမြိုက်နိဗ္ဗာန်တရားသည်။ နဟေတုယေ။ ရောက်ကြောင်းခရီး မရှိသည်ဖြစ်၍။ ဘဝိတုံ။ ဖြစ်ခြင်းငှာ။ နသက္ကာ။ မတတ်ကောင်း။ ဘဝတော။ ဘဝသုံးပါးမှ။ ပရိမုတ္တိယာ။ လွတ်မြောက်ခြင်းငှာ။ တံမဂ္ဂံ။ ထိုအမြိုက်နိဗ္ဗာန်သို့ သွားကြောင်း ရောက်ကြောင်းခရီးကို။ ပရိယေသိဿာမိ။ ရှာမှီးတော့အံ့။ ။ အနက်။ ။ သုမေဓာ ပညာရှိသည်။ မရအပ်သေးသော အမြိုက်နိဗ္ဗာန်၏ ထင်ရှားရှိသောအဖြစ်ကို အနုမာန ဉာဏ်ဖြင့် ကြံ့စည်စဉ်းစားတော်မူသကဲ့သို့။ ထိုအတူ မရအပ်သေးသော အမြိုက်နိဗ္ဗာန် သို့ ရောက်ကြောင်း အရိယမဂ်၏ ထင်ရှားရှိသော အဖြစ်ကိုလည်း။ အနုမာန. ဉာဏ်ဖြင့် ကြံစည် စဉ်းစားတော် မူရကား။ အတ္ထိဟေဟိတိ။ ။ စသည်ဖြင့် အနုမာနာကာရအားဖြင့် ဆင်ခြင်ဟန်ကို ဟောတော်မူသတည်း။ ။ ဓမ္မသင်္ဂဏီ မူလ ဋီကာ၌လည်း။ ။ ဟေတုဘာဝေနအပစယံနိဗ္ဗာနံဂစ္ဆန္တီတိ အပစယ ဂါမိနော။ နိဗ္ဗာနဿ အနိဗ္ဗတ္တနိယတ္တေပိ သမ္ပဒယ ပဟာနသရ ဒယနိရောဓာနံ အဓိဂမ အဓိဂန္တဗ္ဗဘာဝတော ဟေတု ဟေတုဖလဘာဝေါမဂ္ဂနိဗ္ဗာနာနံယုဇ္ဇတိ။ ။ ဟု မိန့်အပ်၏။ ။ ယေဓမ္မာ။ အကြင်အရိယမဂ်တရားတို့သည်။ အပစယံ။ ပဋိသန္ဓေ၊ ဂတိ၊ စုတိ၊ စသည်၏ ကင်းရာဖြင်သော။ နိဗ္ဗာနံ။ နိဗ္ဗာန်သို့။ ဟေတုဘာဝေန။ ရောက်ကြောင်း၏အဖြစ်ဖြင့်။ ဂစ္ဆန္တိ။ သွားတတ်ကုန်၏။ ဣတိတသ္မာ။ ထိုကြောင့်။ တေ။ ထိုအရိယမဂ်တရားတို့သည်။ အပစယ ဂါမိနော။ အပစယဂါမိမည်ကုန်၏။ ဟိတာဒေဝသစ္စံ။ ထိုစကားသည်ပင်လျှင် မှန်၏။ နိဗ္ဗာနဿ။ နိဗ္ဗာန်၏။ အနိဗ္ဗတ္တနိယတ္တေ။ မပြီးစေအပ်သည်၏အဖြစ်သည်။ သတိပိ။ ရှိသော်လည်း။ သမုဒယ ပဟာန သမုဒယ နိရောဓာနံ။ သမုဒယသစ္စာကို ပယ်တတ်။ သမုဒယသစ္စာ၏ ချုပ်ရာဖြစ်ကုန်သော။ မဂ္ဂနိဗ္ဗာနာနံ။ အရိယမဂ်အမြိုက်နိဗ္ဗာန် တရားတို့၏။ အဓိဂမ အဓိဂန္တဗ္ဗ ဘာဝတော။ သိတတ်သိအပ်သော တရား၏အဖြစ်ကြောင့်။

http://www.dhammadownload.com



ဟေတု၊ ဟေတုဖလဘာဝေါ။ အကြောင်း၏အဖြစ်၊ အကြောင်း၏အကျိုး၏ အဖြစ်သည်။ ယုဇ္ဇတိ၊ သင့်၏။ ။ အနက်။

ဤအရာ၌ အရိယမဂ်ကိုသာ အမြိုက်နိဗ္ဗာန်သို့ရောက်ကြောင်း သိကြောင်း အဖြစ်ဖြင့် ဆိုအပ်သည်ကား။ အလွန်အားဖြင့် ရအပ်သော အတိသယ နည်းသည်သာ တည်း။ စင်စစ်အားဖြင့်ကား သုံးပါးသော အလောင်းတော်တို့သည်။ ထိုက်သည် အားလျော်စွာ ဖြည့်ကျင့်ဆည်းပူးအပ်ကုန်သော အဆက်ဆက်သော ပါရမီဆယ်ပါး၊ အပြားသုံးဆယ် တို့သည်လည်းကောင်း။ သီလဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိ၊ စသော ဝိသုဒ္ဓိခြောက်ပါး တရား အစဉ်တို့သည်လည်းကောင်း။ အမြိုက်နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်တို့ပင်တည်း။ ထိုမှတစ်ပါးလည်း စိတ်စေတသိက်ရုပ်တရားတို့သည် အကြောင်းတို့ပေါင်း၍ ပြုပြင် စီရင်အပ်သော သခ်တတရား။ နိဗ္ဗာန်သည် အကြောင်းတရားတို့ပေါင်း၍ မပြုပြင် မစီရင်အပ်သော အသခ်တတရား။ စိတ်၊ စေတသိက်၊ ရုပ်တရားတို့သည်။ မိမိကို ပြီးစေနိုင်သော အကြောင်းနှင့်တကွဖြစ်သော သပစ္စယတရား။ နိဗ္ဗာန်သည် မိမိကို ပြီးစေနိုင်သောအကြောင်းမရှိသော အပစ္စယတရား။ စိတ်၊ စေတသိတ်၊ ရုပ်တရားတို့သည် အကြောင်းကို အစွဲပြု၍သာလျှင်ဖြစ်သော ပဋိစ္စသမုပ္ပန္နတရား။ နိဗ္ဗာန်သည် အကြောင်းကို အစွဲမပြုဘဲလျက်။ သက်သက်သာလျှင်ဖြစ်သော အဓိစ္စသမုပ္ပန္န တရားမည်၏။ ယင်းအနက်ကိုရည်၍။ ဝဇိရ ဗုဒ္ဓိဋီကာ၌။ ။ အဓိစ္စသမုပ္ပန္နပက္ခိကမ္ပိဘဇတိ။ လဒ္ဓါ မုဓာနိဗ္ဗုတိဘုဥ္ဇမာနာတိ ဝစနတော။ တတ္ထမုဓာတိ အဓိစ္စသရုပ္ပန္န ဝေဝစနံ။ ။ ဟု မိန့်အပ်ပြီး။ ။ တထာ။ ထိုအတူ။ ဘဂဝါ။ မြတ်စွာဘုရားသည်။ အဓိစ္စသမုပ္ပန္နပက္ခိကမ္ပိ။ အမြိုက်နိဗ္ဗာန်သည် အကြောင်းကို မစွဲဘဲလျက် သက်သက်ဖြစ်၏ဟူသော အယူ ရှိသော အဖို့သို့လည်း။ ဘဇတိ။ သက်ဝင်တော်မူ၏။ ကသ္မာ။ အဘယ်ကြောင့် နည်းဟူမူကား။ လဒ္ဓါမုဓာနိဗ္ဗုတိဘုဥ္ဇမာနတိ။ လဒ္ဓါမုဓာနိဗ္ဗုဘိဗုဥ္ဇမာနာ ဟူ၍။ ဝစနာတော။ ဘုရားဟောတော်မူခြင်းကြောင့်တည်း။ မုဓာ။ အကြောင်းမဖက် သက်သက် ဖြစ်သော။ နိဗ္ဗုဘိ။ နိဗ္ဗာန်ကို။ လဒ္ဓါ။ ရအပ်ကုန်သည်ဖြစ်၍။ ဘုဥ္ဇမာနာ။ ခံစား သုံးဆောင်ကုန်၏။ တတ္ထ။ ထိုသဒ္ဒါမုဓာစသောပုဒ်၌။ မုဓာတိဣဒံဝစနံ။ မုဓာ ဟူသော ဤစကားတော်သည်။ အဓိစ္စသမုပ္ပန္န ဝေဝစနံ။ အဓိစ္စသမုပ္ပန္န သဒ္ဒါ၏ ဝေဝုစ်ဖြစ်သော စကားတည်း။ ဝါ။ အကြောင်းကို မစွဲဘဲလျက် သက်သက်သာလျှင်ဖြစ်သော အနက်ကို ဟောသောသဒ္ဒါ၏ ဝေဝုစ်ဖြစ်သော သဒ္ဒါတည်း။ ။ အနက်။ ။ စိတ်၊ စေတသိက်၊ ရုပ်တရားတို့သည် အမြဲမရှိ ဆင်းရဲရှိသော တရားတည်း။ အမြိုက် နိဗ္ဗာန်တရားသည်။ ဆင်းရဲမရှိ အမြဲရှိသော တရားတည်း။ စိတ်၊ စေတသိက်၊ ရုပ် အစဉ်ဟူသော သံသရာသည် အစမရှိ အဆုံးရှိသော တရားတည်း။ နိဗ္ဗာန်သည် အဆုံး မရှိအစရှိသော

http://www.dhammadownload.com



တရားတည်း။ ထိုစကားသည် မှန်၏။ ဂေါတြဘူအရိယမဂ်ဇောမှစ၍ ရောက်အပ်ရအပ်သော အမြိုက်နိဗ္ဗာန် တရားသည် မြဲသော သဘောရှိသည်၏ အဖြစ်ကြောင့်၊ ကမ္ဘာကုဋေကြေကုန် ပျက်ကုန်သော်လည်း။ ဆုံးကုန်သော မည်သည် မဖြစ်၊ မဖောက်မလဲမြဲသော တည်ခြင်းသည်သာလျှင်ဖြစ်၏။ ထိုကြောင့် ထိုအမြိုက်နိဗ္ဗာန်တရားကို။ ။ နိစ္စဟူ၍ လည်းကောင်း။ ဓုဝဟူ၍လည်းကောင်း။ အမတဟူ၍လည်းကောင်း။ အစ္စုတဟူ၍လည်းကောင်း စသည်ဖြင့် ဟောတော်မူအပ်ပြီ။ ယင်းအနက်ကိုရည်၍။ ဝဇိရဗုဒ္ဓိဋီကာ၌လည်း။ သဿတဝါဒီစဘာဂဝါ။ ။ စသည်ဖြင့် မိန့်အပ်ပြီ။ ။ ဘဂဝါ။ မြတ်စွာဘုရားသည်။ သဿတဝါဒီစ။ နိဗ္ဗာန်ကိုမြဲ၏ဟု ဟောတော်မူလေ့ရှိ၏။ ။ အနက်။ ။ တစ်နည်းကား။ မဟာသမုဒ္ဒရာ၌ မိုးသည်။ လခွဲတစ်ကြိမ်၊ ငါးရက်တစ်ကြိမ်၊ ဆယ်ရက်တစ်ကြိမ်ကို မလွန်မူ၍ အသည်းထန်စွာ ရွာသွန်းသော်လည်း။ ရေ၏ ပြည့်လျှမ်း ခြင်းသည်မဖြစ်။ ကာလအရာကာလအထောင်။ အနှစ်အရာ အနှစ်အထောင် မိုးခေါင်ဆွဲရှားခြင်းဖြစ်လတ်သော်လည်း ရေ၏ နည်းပါးယုတ်လျော့ခြင်းမည်သည် မဖြစ်သကဲ့သို့။ ထိုအတူ။ အမြိုက်နိဗ္ဗာန်တရား၌လည်း။ တစ်ခုခုသော ကပ်ဝယ်။ တဆူသောဘုရားရှင်– နှစ်ဆူ–သုံးဆူ–လေးဆူ–ငါးဆူသော ဘုရားရှင်တို့သည်။ အသင်္ချေမက၊ များလှစွာသော တပည့် သားတော်အပေါင်းတို့နှင့်တကွ၊ အမြိုက်နိဗ္ဗာန်ဝင်စံတော်မူကုန်သော်လည်း။ အမြိုက်နိဗ္ဗာန်၏ ပြည့်လျှမ်းခြင်းသည်မဖြစ်။ ကမ္ဘာအသင်္ချေ ဘုရားပစ္စေကဗုဒ္ဓါ အရိယာသူတော်ကောင်းတို့မှ ဆိတ်သဖြင့် အမြိုက်နိဗ္ဗာန် ဝင်စံသူမရှိသော်လည်း။ အမြိုက်နိဗ္ဗာန်၏ ဆိတ်ခြင်း၊ ယုတ်လျော့ခြင်းသည် မဖြစ်။ ဤမှာဘက်ကမ်းဟုဆိုအပ်သော လောက၌ ဆိတ်ခြင်း ယုတ်လျော့ခြင်းသည် ထင်သကဲ့သို့။ ထိုမှာဘက်ကမ်းဟုဆိုအပ်သော လောကုတ္တရာ အမြိုက်နိဗ္ဗာန်၌လည်း ဆိတ်ခြင်း ယုတ်လျော့ခြင်းသည် မထင်။ ထိုကြောင့် အမြိုက်နိဗ္ဗာန်တရားသည် မဟာသမုဒ္ဒရာနှင့်တူ၏ဟု ဟောတော်မူအပ်သော။ စူဠဝါပါဠိတော် အင်္ဂုတ္တိုရ်ပါဠိတော်တို့ကို ထောက်သဖြင့်လည်း အမြိုက်နိဗ္ဗာန်တရား၏ အဆုံးမရှိ မြင့်ရှည်ကြီးမြတ်စွာ ချမ်းသာသော တရားအထူးအဖြစ်ကို သိအပ်၏။ စိတ်၊ စေတသိက်၊ ရုပ်တရားတို့အစဉ်ဟူသော သံသရာသည်။ ဇာတိ ဇရာ ဗျာဓိ မရဏစသော ဒုက္ခအပေါင်းတို့၏ ကျရောက်နှိပ်စက်ရာဖြစ်ခြင်းကြောင့်လည်းကောင်း၊ သတိပညာဖြင့် လျှောက်၍ ကောင်းစွာ သက်ဝင် ဆင်ခြင်သုံးသပ်ကုန်သော ပုဂ္ဂိုလ်တို့အား အလွန်သော ကြောက်မက်ဘွယ်ကို ဖြစ်စေတတ်သော ဘာယိတဗ္ဗဘာယနက တရားမည်၏။ အမြိုက်နိဗ္ဗာန်တရားသည်။ အလွန်ငြိမ်သက်ခြင်း၊ မြတ်မွေခြင်း၊ သန္တ ပဏီတ သဘောရှိသည်၏ အဖြစ်ကြောင့်ငှင်း။ အဆုံးမရှိကာလမြင့်ကြာ၊ လွန်စွာချမ်းမြေ့သော တရားအထူး၏ အဖြစ်ကြောင့်ငှင်း။

http://www.dhammadownload.com



သတိပညာဖြင့် လျှောက်၍။ ကောင်းစွာသက်ဝင် ဆင်ခြင် သုံးသပ်ကုန်သော ပုဂ္ဂိုလ်တို့အား အလွန်သောနှစ်သက်ခြင်းကို ဖြစ်စေတတ်သော အတိဣဋ္ဌမနာဝိယ တရားမည်၏။ လောကီစိတ်၊ စေတသိက်၊ ရုပ်တရားတို့သည်။ ဤမှာဘက်ဟုဆိုအပ်သော လောကဋ္ဌ မဖောက်မပြန် ဟုတ်မှန်သောအားဖြင့် ထင်ရှား ရှိသော ပရမတ္ထတရားမည်၏။ လောကုတ္တရာစိတ်၊ စေတသိက်၊ နိဗ္ဗာန်တရားတို့သည်။ ထိုမှာဘက်ဟု ဆိုအပ်သော လောကုတ္တရာဋ္ဌ မဖောက်မပြန် ဟုတ်မှန်သောအားဖြင့် ထင်ရှားရှိသော ပရမတ္ထတရား မည်၏ လောကီစိတ်၊ စေတသိက်၊ ရုပ်တရားတို့သည် ဤမှာဘက်ဟု ဆိုအပ်သော လောကဋ္ဌ။ သတ္တ၊ ဇီဝ၊ ပုဂ္ဂလအားဖြင့် မဆိုအပ်သော အနတ္တတရားမည်၏။ လောကုတ္တရာစိတ်၊ စေတသိက်၊ နိဗ္ဗာန် တရားတို့သည်။ ထိုမှာဘက်ဟုဆိုအပ်သော လောကုတ္တရာဋ္ဌ။ သတ္တ၊ ဇီဝ၊ ပုဂ္ဂလအားဖြင့် မဆိုအပ်သော အနတ္တတရားမည်၏။ စိတ်၊ စေတသိက်၊ ရုပ်အစဉ်ဟူသော သံသရာ၏ အစမရှိခြင်း၊ အဆုံးရှိခြင်း၊ အကြောင်းကို အစွဲပြု၍သာဖြစ်ခြင်းသည်။ ပုထုဇဉ်တို့၏ ဉာဏ်ဖြင့် မကြံစည်အပ်သော အစိန္တေယျတရားမည်၏။ အဆုံး မရှိခြင်း၊ အစရှိခြင်း၊ အကြောင်းကို မစွဲဘဲလျက် သက်သက်သာလျှင်ဖြစ်ခြင်းသည်။ ပုထုဇဉ်တို့၏ ဉာဏ်ဖြင့် မကြံစည်အပ် သော အစိန္တေယျ တရားမည်၏။ ဤသို့အစရှိသည်ဖြင့်။ စိတ်၊ စေတသိတ်၊ ရုပ် ဟူသော သင်္ခတတရားတို့နှင့်အမြိုက်နိဗ္ဗာန်ဟူသော အသင်္ခတတရားတို့၏ မတူသော အဖြစ်။ ထူးသောအဖြစ်တို့ကို စိစစ် မှတ်ယူအပ်၏။

ဤသို့လျှင် စိတ်၊ စေတသိက်၊ ရုပ်တရားတို့နှင့်မတူသောအဖြစ်ထူးသော အဖြစ်ရှိသော အမြိုက်နိဗ္ဗာန်တရားသည်။ အလုံးစုံသော ချမ်းသာအပေါင်းတို့ထက် ကဲလွန် မွန်မြတ်သော ချမ်းသာအထူး၏ အဖြစ်ကြောင့်၊ အစ္စန္တပရမသုခဝိသေသ တရားမည်၏။ ထိုစကားသည်မှန်၏။ ချမ်းသာဟု ဆိုအပ်သော သုခတို့သည်။ ဝတ္ထုကာမကို ကိလေသာ ကာမဖြင့် ခံစား သုံးဆောင်ခြင်းကြောင့်ဖြစ်သော ချမ်းသာ ဟူသော ကာမသုခ။ ပဌမဈာန်အစ၊ နေဝသညာနာသညာယတနဈာန်အဆုံး။ အလုံးစုံ သော ဈာန်တို့၌ဖြစ်သော ချမ်းသာဟူသော ဈာနသုခ။ သောတာပတ္တိ ဖိုလ်အစ၊ အရဟတ္တဖိုလ်အဆုံး။ အလုံးစုံသော ဖိုလ်တို့ဖြစ်သော ချမ်းသာဟူသော ဖလသုခ။ ခပ်သိမ်းသော ဒုက္ခအပေါင်းတို့၏ ချုပ်ရာ ချမ်းသာစင်စစ်အနှစ်ဖြစ်သော အမြိုက် နိဗ္ဗာန်ချမ်းသာဟူသော နိဗ္ဗာနသုခ။ ဤသို့အားဖြင့် လေးပါးအပြားရှိကုန်၏။ ပါကဋသုခ ကိုသာဆိုသောအရာဖြစ်ရကား။ ဝိပဿနသုခ။ မဂ္ဂသုခတို့ကို ဤ၌ မဆိုအပ်ကုန်။ ထိုလေးပါးသော သုခတို့တွင်။ ကာမသုခသည် အလုံးစုံသော သုခတို့အောက် ယုတ်ညံ့ သော ဟီနချမ်းသာမည်၏။ အဘယ်ကြောင့်နည်းဟူမူကား။ ယုတ်သော ပုဂ္ဂိုလ်တို့နှင့်ပင်

http://www.dhammadownload.com



ဆက်ဆံသောကြောင့်လည်းကောင်း။ ယုတ်သော အကုသိုလ်တရားတို့ကို ပွားစေဖြစ်စေတတ်သောကြောင့်လည်းကောင်း၊ ယုတ်သောအဖြစ်သို့ လားစေ ရောက်စေတတ်သောကြောင့်လည်းကောင်း၊ ကြီးစွာသော သောက ပရိဒေဝစသော ဒုက္ခအပေါင်းတို့၏ အကြောင်းရင်းစစ် ဖြစ်သောကြောင့်လည်းကောင်းတည်း။ ဈာန်တရားတို့၌ရှိသော ချမ်းသာသည်။ အလတ်ဖြစ်သော မဇ္ဈိမချမ်းသာမည်၏။ အဘယ်ကြောင့်နည်းဟူမူကား။ ကာမသုခ၊ လောကုတ္တရာသုခနှစ်ပါးတို့၏အကြား အလယ်၌ဖြစ်ခြင်းကြောင့်တည်း။ ထိုပဌမဈာန်စသော ဈာနသုခတို့၌။ ချမ်းသာသော အခြင်းအရာကိုလည်းကောင်း။ အောက်အောက်သော ဈာနသုခတို့ထက်။ အထက် အထက်သော ဈာနသုခတို့၏ ကဲလွန်ထူးမြတ်သော အခြင်းအရာကိုလည်းကောင်း၊ ဒီဃနိကာယ်သီလက္ခန္ဓဝဂ်၊ သာမညဖလသုတ်ပါဠိအဋ္ဌကထာတို့ကို ရှု၍ သိအပ်ကုန်၏။ ဖိုလ်လေးပါးတို့၌ ရှိသော ချမ်းသာသည် အမြတ်ဖြစ်သော ပဏီတချမ်းသာ မည်၏။ အဘယ်ကြောင့်နည်းဟူမူကား တစ်ပါးသော ကိစ္စကိုမပြုမူ၍ တစ်နေ့ပတ်လုံး ပင် သုံးဆောင် ဝင်စားကုန်သော်လည်း။ အားရရောင့်ရဲခြင်းကို မဖြစ်စေတတ်သော ကြောင့်တည်း။ ယင်းအနက်ကို ရည်၍ ဓမ္မသင်္ဂဏီမူလဋီကာ၌။ ။ အတပ္ပကဋ္ဌေနာတိ ဒိဝသံဝိပစ္စဝေက္ခိယမာနာ လောကုတ္တရဓမ္မာ တိတ္တိံ နဇနေန္တိ။ သမာပဇ္ဇိ ယမာနဖလ ဓမ္မာတိ။ ။ ဟု မိန့်အပ်ပြီ။ ။ အတပ္ပကဋ္ဌေနာတိ။ အတပ္ပကဋ္ဌေနဟူသည်ကား။ ဒိဝသံဝိ။ တစ်နေ့ပတ်လုံးလည်း။ ပစ္စဝေက္ခိယမာနာ။ ဆင်ခြင်အပ်ကုန်သော။ လောကုတ္တရ ဓမ္မာ။ လောကုတ္တရာတရားတို့သည်။ တိတ္တိံ။ ရောင့်ရဲခြင်းကို။ နဇနေန္တိ။ မဖြစ်စေ တတ်ကုန်။ သမာပဇ္ဇိယမာနာ။ ဝင်စားအပ်ကုန်သော။ ဖလဓမ္မာ။ ဖိုလ်တရားတို့သည်။ တိတ္တိံ။ ရောင့်ရဲခြင်းကို။ နဇနေန္တိ။ မဖြစ်စေတတ်ကုန်။ ။ အနက်။ ။ မီးတို့သည်၊ လောင်စာဖြင့်မရောင့်ရဲ။ မဟာသမုဒ္ဒရာသည် မြစ်ကြီးမြစ်ငယ်တို့မှ စီးဝင်လာသော ရေတို့ဖြင့် မရောင့်ရဲ၊ မင်းတို့သည် ပြည်တိုင်းကားဖြင့် မရောင့်ရဲ။ အလိုကြီးသော ပုဂ္ဂိုလ်သည်။ ပစ္စည်းလေးပါးဖြင့် မရောင့်ရဲ။ သေက္ခပုဂ္ဂိုလ်သည် အကြောင်းကင်းသော အမြိုက်နိဗ္ဗာန်ကို အာရုံပြု၍ဖြစ်သော မိမိတို့ ဖလသမာပတ်ဟု ဆိုအပ်သော အပစ္စယဖြင့် မရောင့်ရဲ။ ဤသို့စသော တစ်ဆယ့်ခြောက်ပါးသော မရောင့်ရဲခြင်းတို့ဖြင့်လည်း။ ယင်းအနက်ကိုပြအပ်၏။ ဤသို့လျှင် ဖိုလ်လေးပါး၌ ရှိသော သုခသည် သုံးဆောင်ခံစား၍ အားရရောင့်ရဲခြင်းကို မဖြစ်စေတတ်သော သဘောရှိသောကြောင့်၊ ပဏီတသုခမည်၏။ ထိုဖိုလ်လေးပါးတို့တွင်လည်း။ အရဟတ္တဖိုလ်၌ရှိသော သုခသည် အထွတ်သို့ရောက်သော သုခမည်၏။ ထို့ကြောင့်၊ သဗ္ဗညုမြတ်စွာဘုရားတို့သည် အရဟတ္တဖိုလ်သမာပတ်ကို အလွန်အားဖြင့် သုံးဆောင်ဝင်စားတော်မူကုန်၏။ ထိုစကားသည် မှန်၏။ စိတ်တော်ကို အစိုးရတော်မူကုန်သော ဘုရားရှင်တို့သည်

http://www.dhammadownload.com



တရားဟောတော်မူကုန်လျက်လည်း။ အကြင် မဟုတ္တမျှ၌ ဆိတ်ဆိတ်နေတော်မူအပ်၏။ ထိုမဟုတ္တမျှ၌ အရဟတ္တဖိုလ်သမာပတ်ကိုသာ ဝင်စားသုံးဆောင်တော်မူကုန်၏။ တစ်ပါးသောအခါ၌ကား အဘယ်ဆိုဖွယ် ရှိအံ့နည်း။ မြတ်စွာဘုရားရှင်တို့သည် တရားဟောတော်မူခြင်း၊ ဆွမ်းဘုဉ်းပေးတော်မူခြင်း စသော တစ်ပါးသောကိစ္စ၌ ထင်တော်မူကုန်သော်လည်း၊ နိဗ္ဗာန်သို့ ညွတ်ရှိုင်းသော စိတ်တော် ရှိသည်၏ အဖြစ်ကြောင့် နိဗ္ဗာန်သာလျှင် အာရုံရှိသောဖလသမာပတ်သို့ ညွတ်တော်မူ ကုန်သည်သာလျှင်တည်း။ ထို့ကြောင့် တရားဟောတော်မူခြင်းစသော ထိုထို အမူအရာတော်၏ အဆုံး၌ အမြိုက် နိဗ္ဗာန်လျှင် အာရုံရှိသော ဖလသမာပတ်၌သာလျှင် ဖြစ်တော်မူကုန်၏။ ။ ယင်းအနက်ကို ရည်၍။ ။ ဓမ္မသင်္ဂဏီမူလဋီကာ၌။ ။ စိတ္တိဿ ရာဟိဗုဒ္ဓါ ဘဂဝန္တောဓမ္မံဒေသေန္တောပိ ယံမုဟုတ္တံတုဏှိဘဝိတဗ္ဗံ ဟောတိ။ တံမုဟုတ္တံ ဖလသမာပတ္တိံ သမာပဇ္ဇန္တိ။ ပဂေဝအညသ္မိံကာလေ။ ။ ဟူ၍လည်းကောင်း။ ဗုဒ္ဓါစ အညတ္ထဒိဿမာနာဝိ ဝိဝေကပဗ္ဘာရတာယဖလသမာပတ္တိနိန္နာဝ။ တေနတဿာ တဿာ ကိရိယာယအနန္တရံ ဖလသမာပတ္တိယံ ယေဝဘဝန္တီတိ သာဝတေသံဝိသ ယော။ ။ ဟူ၍လည်းကောင်း မိန့်အပ်ပြီ။ ။ ဟိတဒေဝသစ္စံ။ ထိုစကားသည်လျှင် မှန်၏။ စိတ္တိဿရာ။ စိတ်တော်ကို အစိုးရကုန်သော။ ဘဂဝန္တော။ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူကုန်သော။ ဗုဒ္ဓါမြတ်စွာဘုရားတို့သည်။ ဓမ္မံ။ တရားကို။ ဒေသေန္တောဝိ။ ဟောတော်မူကုန်လျက်လည်း။ ယံမုတ္တံ။ အကြင်မဟုတ္တမျှ၌။ တုဏှိ။ ဆိတ်ဆိတ်။ ဘဝိတဗ္ဗံ။ နေတော်မူအပ်သည်။ ဟောတိ။ ဖြစ်၏။ တံမုဟုတ္တံ။ ထိုမဟုတ္တမျှ၌။ ဖလသမာပတ္တိံ။ ဖလသမာပတ်ကို။ သမာပဇ္ဇန္တိ။ ဝင်စားတော်မူကုန်၏။ အညသ္မိံကာလေ။ တစ်ပါးသောအခါ၌၊ ပဂေဝ။ အဘယ်ဆိုဖွယ်ရှိအံ့နည်း။ ။ ဗုဒ္ဓါစ။ မြတ်စွာဘုရားတို့သည် လည်း။ အညတ္ထ၊ ဆွမ်းဘုဉ်းပေးတော်မူခြင်း၊ တရားဟောတော်မူခြင်းစသော တစ်ပါးသော ကိစ္စတို့၌။ ဒိဿမာနဝိ။ ထင်ကုန်သော်လည်း။ ဝိဝေကပဗ္ဘာရတာယ။ ခပ်သိမ်းသော သင်္ခါရတို့မှ ဆိတ်သော အမြိုက်နိဗ္ဗာန်သို့ ရှုင်းဝှမ်းသော စိတ်တော်ရှိသည်၏အဖြစ် ကြောင့်။ ဖလသမာပတ္တိနိန္နာဝ။ အမြိုက်နိဗ္ဗာန်လျှင် အာရုံရှိသော ဖလသမာပတ်သို့ ညွတ်တော်မူကုန်သည်သာလျှင်။ ဟောန္တိ။ ဖြစ်ကုန်၏။ တေန။ ထို့ကြောင့်။ တဿ တဿာကိရိယာယ ထိုထိုတရားဟောတော်မူခြင်း ဆွမ်းဘုဉ်း ပေးတော်မူခြင်းစသော အမူအရာ၏။ အနန္တရံ။ အခြားမဲ့၌။ ဖလသမာပတ္တိယံယေဝ။ ဖလသမာပတ်၌ သာလျှင်။ ဘဝန္တိ။ ဖြစ်တော်မူကုန်၏။ ဣတိတသ္မာ။ ထို့ကြောင့်။ သာဝ။ ထို အရဟတ္တဖိုလ်သည်သာလျှင်။ တေသံ။ ထိုဘုရားရှင်တို့၏။ ဝိသယော။ အစိုးရတော်မူရာအရပ်တည်း။ အနက်။ ။ ဤသို့လျှင် ခပ်သိမ်းသော ချမ်းသာဆင်းရဲတို့၏

http://www.dhammadownload.com



သဘောလက္ခဏာကို ကောင်းစွာသိမြင်ခြင်း၌။ အထွတ်သို့ရောက်တော်မူသော သဗ္ဗညု မြတ်စွာဘုရားတို့သည်။ အလေးအမြတ်ပြုသောအားဖြင့် အကြိမ်များစွာ လေ့လာ မှီဝဲတော်မူသော အရာကိုဆိုသဖြင့်၊ အရဟတ္တဖိုလ် သုခ၏ သင်္ခတသုခအပေါင်းတို့တွင်၊ အထွတ်သို့ ရောက်သော ကောဋိပတ္တသုခအဖြစ်ကို သိအပ်သတည်း။

ခပ်သိမ်းသော ဒုက္ခအပေါင်းတို့၏ ချုပ်ရာ ချမ်းသာစင်စစ်ဖြစ်သော အမြိုက် နိဗ္ဗာန်ချမ်းသာသည်ကား။ ယခင်ဆိုအပ်ခဲ့ပြီးသော ကာမသုခ။ ဈာနသုခ၊ ဖလသုခ အပေါင်းတို့ထက်လည်း။ ကဲလွန် မွန်မြတ်လေသတည်း။ ထိုစကားသည်မှန်၏။ အမြိုက်နိဗ္ဗာန်နှင့်တူသော တစ်စုံတစ်ခုသော သင်္ခတ အသင်္ခတဓမ္မသည်လည်းကောင်း။ သုခသည်လည်းကောင်းမရှိ။ ဘုန်းတော် ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညု မြတ်စွာဘုရားသည်။ ခပ်သိမ်းသော သတ္တလောကအပေါင်းတို့ထက် ကဲလွန်မွန်မြတ်တော်မူ သကဲ့သို့ ထိုအတူ အမြိုက်နိဗ္ဗာန်သည် ခပ်သိမ်းသော သင်္ခတ အသင်္ခတဓမ္မအပေါင်း၊ သုခအပေါင်းတို့ထက် ကဲလွန်မွန်မြတ်လေသတည်း။ ထို့ကြောင့်။ ။ ယာဝတာ ဘိက္ခဝေဓမ္မာသင်္ခတာ ဝါအသင်္ခတာ ဝါဓမ္မာဝိရာဂေါ တေသံ ဓမ္မာနံအဂ္ဂမက္ခယတိ။ ။ စသည်ဖြင့်လည်းကောင်း။ ။ အာရောဂျ မရမံလာဘံ။ သန္တုဋ္ဌိပရမံဓနံ။ ဝိဿာ သာပရမာဉာတိ။ နိဗ္ဗာနံပရမံသုခံ။ ။ ဟူ၍လည်းကောင်း။ ။ တေသံဝူပသမောသုခေါ ။ ။ ဟူ၍လည်းကောင်း။ ။ အစရှိသည်ဖြင့် ဟောတော်မူအပ်၏။ ။ ဘိက္ခဝေ။ ရဟန်းတို့။ ယာဝတာ။ အကြင်မျှလောက်ကုန်သော။ သင်္ခတာ။ အကြောင်းတို့သည် ပေါင်း၍ ပြုပြင်စီရင်အပ်ကုန်သော။ ဓမ္မာဝါ။ တရားတို့သည် လည်းကောင်း။ အသင်္ခတာ။ အကြောင်းတို့သည် ပေါင်း၍ မပြုပြင် မစီရင်အပ်ကုန်သော။ ဓမ္မာဝါ။ တရားတို့သည်လည်း ကောင်း။ သန္တိ။ ရှိကုန်၏။ တေသံဓမ္မာနံ။ ထိုတရားအပေါင်းတို့တွင်။ ဝါ။ ထိုတရားအပေါင်းတို့ထက်၊ ဝိရာဂေါ။ ရာဂ၏ ကင်းရာနိဗ္ဗာန်ကို။ အဂ္ဂံအဂ္ဂေါ်ဣတိ။ ကဲလွန်၏ဟူ၍။ အက္ခာယတိ။ ဟောတော်မူအပ်၏။ ။ အာရောဂျ။ အနာကင်းသည် ၏ အဖြစ်သည်။ ပရမံ၊ ကဲလွန်မွန်မြတ်သော။ လာဘံ။ လာဘ်တည်း။ သန္တုဋ္ဌိ။ ရောင့်ရဲလွယ်ခြင်းသည်။ ပရမံ။ ကဲလွန် မွန်မြတ်သော။ ဓနံ။ ဥစ္စာတည်း။ ဝိဿာသာ။ အကျွမ်းဝင်ခြင်းသည်။ ပရမာ။ ကဲလွန်မွန်မြတ်သော။ ဉာတိ။ အဆွေအမျိုးတည်း။ နိဗ္ဗာနံ။ နိဗ္ဗာန်သည်။ ပရမံ။ ကဲလွန်မွန်မြတ်သော။ သုခံ၊ ချမ်းသာတည်း။ ။ တေသံ။ ထိုစိတ် စေတသိက် ရုပ်တရားတို့၏။ ဝူပသမော၊ ငြိမ်းရာဖြစ်သော နိဗ္ဗာန်သည်။ သုခေါ။ ချမ်းသာစင်စစ်ဖြစ်၏။ ။ အနက်။ ။ ဤသို့စသည်ဖြင့် ဟောတော်မူအပ်သော ဒေသနာတော်တို့ကို ထောက်သဖြင့်။ အမြိုက်နိဗ္ဗာန်တရား၏ ခပ်သိမ်းသော တရား တို့ထက် ကဲလွန်ထူးမြတ်သော တရားအဖြစ်ကိုလည်းကောင်း။ ခပ်သိမ်းသော ချမ်းသာ

http://www.dhammadownload.com



တို့ထက် ကဲလွန်ထူးမြတ်သော ချမ်းသာအဖြစ်ကိုလည်းကောင်း။ စင်စစ် သက်ဝင် ယုံကြည်အပ်သတည်း။

ဤအရာ၌ အချို့သောသူတို့သည်။ အမြိုက်နိဗ္ဗာန်တရား၌ ခံစား သုံးဆောင် အပ်သော ရူပါရုံစသော အာရုံငါးပါးတို့၏ လည်းကောင်း။ ထိုအာရုံငါးပါးတို့ကို ခံစားသုံးဆောင်တတ်ကုန်သော စိတ်စေတသိက်တရားတို့၏လည်းကောင်း။ မရှိခြင်းကြောင့်။ အဘယ်မှာလျှင် ချမ်းသာခြင်း မည်သည်ဖြစ်နိုင်အံ့နည်း။ ဆင်းရဲ၏။ မရှိခြင်းသည်ပင် ချမ်းသာသည်ဟုဆိုကုန်၏။ ထိုပုဂ္ဂိုလ်တို့၏ စကားကိုမမှတ်အပ်။ အဘယ်ကြောင့်နည်းဟူမူကား။ ထိုပုဂ္ဂိုလ်တို့ စကားသည် မှားသော နှလုံးသွင်းခြင်း မိစ္ဆာဘိနိဝေသ။ ကြံစည်၍ ယူခြင်း တက္ကဂါဟမျှလျှင် အကြောင်းရင်းရှိခြင်းကြောင့်တည်း။ ။ ထိုစကားကိုချဲ့အံ့။ ။ ဒုက္ခေသုခန္တိသညာဝိပလ္လာသော စိတ္တဝိပလ္လာသော ဒိဋ္ဌိဝိပလ္လာသော။ ။ စသော ဒေသနာနှင့်အညီ။ ဒုက္ခသစ္စာ အစစ် ဖြစ်သော။ စိတ်စေတသိက် ရုပ်တရားတို့၌။ သညာဝိပလ္လာသ စိတ္တဝိပလ္လာသ ဒိဋ္ဌိဝိပလ္လာသ တရားသုံးပါးတို့ဖြင့် သုခဟု အားကြီးစွာသော ဖောက်ပြန်မှတ်ထင်ခြင်း ရှိကုန်သည်ဖြစ်၍၊ မိမိတို့သုခဟု ဖောက်ပြန်မှတ်ထင်အပ်ကုန်သော စိတ်စေတသိက် ရုပ်တရားတို့၏ အမြိုက်နိဗ္ဗာန်၌ မရှိခြင်းကြောင့်။ ထိုအမြိုက်နိဗ္ဗာန်ကို သုခသဘောမရှိဟု မှားသောနှလုံးသွင်းခြင်း မိစ္ဆာဘိနိဝေသသည်လည်းကောင်း။ အလွန်သိမ်မွေ့နက်နဲစွာသော အမြိုက်နိဗ္ဗာန်တရား၏ ငြိမ်သက်ခြင်း။ ချမ်းမြေ့ခြင်း စသော။ သန္တသိဝအစ္စန္တသုခသဘောကို မသိမမြင်နိုင်ခြင်းကြောင့် ဆင်းရဲမရှိခြင်းပင် ချမ်းသာမည်၏ဟု ကြံစည်၍ယူခြင်း တက္ကဝါဟသည်လည်းကောင်း ဖြစ်သတည်း။ ထို့ကြောင့် ထိုပုဂ္ဂိုလ်တို့ စကားကို မမှတ်အပ်။ သဗ္ဗညု မြတ်စွာဘုရား ဟောကြားဆုံးမတော်မူတိုင်း ခပ်သိမ်းသော တရားအပေါင်းတို့ထက် ကဲလွန်မွန်မြတ်သော တရားအထူး၏အဖြစ်ကိုလည်းကောင်း။ စိတ်၊ စေတသိက်၊ ရုပ်တရားတို့၌ ရအပ်သော သုခနှင့်မတူ။ စိတ်၊ စေတသိက်၊ ရုပ်တရားတို့၌ ရအပ်သော သုခမှ ထူးကဲလွန်မြောက်သော သုခ၏ အဖြစ်ကိုလည်းကောင်း၊ စင်စစ်သက်ဝင် ယုံကြည်အပ်သတည်း။ နိဗ္ဗာန်တရား၏ ငြိမ်သက်ခြင်း ချမ်းမြေ့ခြင်း စသော သန္တသိဝသုခသဘောကို မသိမမြင်နိုင်ခြင်းကြောင့်လည်းကောင်းဟူရာ၌။ ဒုက္ခသစ္စာ၏ နှိပ်စက်တတ်သော သာဓကေသဘောသည်လည်းကောင်း၊ သမုဒယသစ္စာ၏ ဒုက္ခသစ္စာတို့၏အကြောင်းဖြစ်သော နိဒါနသဘောသည်လည်းကောင်း။ နိရောဓသစ္စာ၏ ချုပ်ရာ သန္တသိဝပဏီတသဘောသည်လည်းကောင်း၊ မဂ္ဂသစ္စာ၏ အမြိုက်နိဗ္ဗာန်သို့ရောက်ကြောင်း နိယျာနသဘောသည်လည်းကောင်း။ အလွန်သိမ်မွေ့နက်နဲ မြင်နိုင်ခဲသည်သာလျှင်ဖြစ်၏။ ။ ထို့ကြောင့် သမ္မောဟဝိနောဒနီ အဋ္ဌကထာသစ္စဝိဘင်းအဖွင့်၌။ ။ တတ္ထဒွေသစ္စာနိဒုဒ္ဒသတ္တာ

http://www.dhammadownload.com



ဂမ္ဘီရာနိ။ ဒွေဂမ္ဘီရတ္တာဒုဒ္ဒသာနိ။ ဒုက္ခသစ္စံတိဥပ္ပတ္တိတောပါကဋံ။ ခါဏုကဏ္ဋကပဟာရာဒီသုအပေါဒုက္ခန္တိဒီတ္တဗ္ဗတံပိ အာပဇ္ဇတိ။ သမုဒယံဝိခါဒိတုကာမတာ ဘုဉ္ဇိတု ကာမတာဒိဝသေနဥပ္ပတ္တိတောပါကဋံ။ လက္ခဏပဋိဝေဓောပန ဥဘယံဝိဂမ္ဘီရံ။ ဣတိတာနိဒုဒ္ဒသတ္တာဂမ္ဘီရာနိ။ ဣတရေသံပနဒွိန္နံ ဒဿနတ္ထာယ ပယောဂေါဘဝဂ္ဂဂဟဏတ္ထံဟတ္ထပသာရဏံဝိယ အဝီစိဖုသနတ္ထံပါဒပသာရဏံ ဝိယသတဓာ ဘိန္နဝါဠဿ ကောဋိယာ ကောဋိ ပဋိပါဒနံဝိယစဟောတိ။ ဣတိတာနိဂမ္ဘီရတ္တာဒုဒ္ဒသာနိ။ ။ ဟု မိန့်အပ်ပြီ။

တတ္ထ။ ထိုသစ္စာလေးပါးတို့တွင်။ ဒွေသစ္စာနိ။ နှစ်ပါးကုန်သော ဒုက္ခသစ္စာ သမုဒယသစ္စာတို့သည်။ ဒုဒ္ဒသတ္တာ။ မြင်နိုင်ခဲသည်၏ အဖြစ်ကြောင့်။ ဂမ္ဘီရာနိ။ နက်နဲကုန်၏။ ဒွေ။ နှစ်ပါးကုန်သော။ သစ္စာနိ။ မဂ္ဂသစ္စာ။ နိရောဓသစ္စာတို့သည်။ ဂမ္ဘီရတ္တာ။ နက်နဲသည်၏ အဖြစ်ကြောင့်။ ဒုဒ္ဒသာနိ။ မြင်နိုင်ခဲကုန်၏။ ဟိဝိတ္ထာရေမိ။ ချဲ့အံ့။ ဒုက္ခသစ္စံ။ ဒုက္ခသစ္စာသည်။ ဥပ္ပတ္တိတော။ ဖြစ်သောအားဖြင့်။ ပါကဋံ။ ထင်ရှား၏။ ခါဏုကဏ္ဋကပဟာရာဒီသု။ သစ်ငုပ် ဆူးစသည် ထိခိုက်ခြင်းတို့၌။ အပေါဒုက္ခန္တိ။ ဪဆင်းရဲစွဟူ၍။ ဝတ္တဗ္ဗတံပိ။ ဆိုအပ်သောအဖြစ်သို့လည်း။ အာပဇ္ဇတိ။ ရောက်၏။ သမုဒယံပိ။ သမုဒယသစ္စာသည်လည်း။ ခါဒိတုကာမတာဘုဉ္ဇိတုကာမတာဒိဝသေန။ ခဲလိုသည်၏အဖြစ်၊ စားလိုသည်၏အဖြစ် အစရှိသည်တို့၏ အစွမ်းအားဖြင့်။ ဥပ္ပတ္တိတော။ ဖြစ်သောအားဖြင့်။ ပါကဋံ။ ထင်ရှား၏။ လက္ခဏပဋိဝေဓောပန။ နှိပ်စက်တတ်သော ဇာတေ။ ဒုက္ခ၏ အကြောင်း ဖြစ်သော နိဒါနလက္ခဏာကို ထိုးထွင်း၍ သိခြင်းသည်ကား။ ဥဘယံပိ။ နှစ်ပါးစုံသော ဒုက္ခသမုဒယသစ္စာသည်လည်း။ ဂမ္ဘီရံ နက်နဲ၏။ ဣတိ။ ဤသို့။ တာနိ။ ထိုဒုက္ခသမုဒယနှစ်ပါးတို့သည်။ ဒုဒ္ဒသတ္တာ။ လက္ခဏာကို မြင်နိုင်ခဲသည်၏ အဖြစ်ကြောင့်။ ဂမ္ဘီရာ။ နက်နဲကုန်၏။ ဣတရေသံ။ ဤမှတပါးကုန်သော။ ဒွိန္နံ။ နှစ်ပါးကုန်သော နိရောဓသစ္စာမဂ္ဂသစ္စာတို့ကို။ ဒဿနတ္ထာယ။ မြင်ခြင်းအကျိုးငှာ။ ပယောဂေါပန။ အားထုတ်ခြင်းသည်ကား။ ဘဝဂ္ဂဂဟဏတ္ထံ။ ဘဝဂ်ကို ကိုင်ခြင်းအကျိုးငှာ။ ဟတ္ထပလာရဏံ ဝိယစ။ လက်ကိုဆန့်ခြင်းကဲ့သို့လည်းကောင်း။ အဝီစိဖုသနတ္ထံ။ အဝီစိကိုထိခြင်း အကျိုးငှာ။ ပါဒပသာရဏံဝိယစ။ ခြေကိုဆန့်ခြင်းကဲ့သို့လည်းကောင်း။ သတဓာ။ အစိတ်အရာ။ ဘိန္နဝါဠဿ။ ခွဲအပ်သော သားမြီး၏။ ကောဋိယာ။ တစ်ခုသော အစွန်းဖြင့်၊ ကောဋိပဋိပါဒနံဝိယစ။ တစ်ခုသော အစွန်းကို စူးဝင်စေခြင်းကဲ့သို့လည်းကောင်း။ ဟောတိ။ ဖြစ်၏။ ဣတိ။ ဤသို့။ တာနိ။ ထိုနိရောဓသစ္စာ မဂ္ဂသစ္စာ နှစ်ပါးတို့သည်။ ဂမ္ဘီရတ္တာ။ နက်နဲသည်၏ အဖြစ်ကြောင့်။ ဒုဒ္ဒသာနိ။ မြင်နိုင်ခဲ ကုန်၏။ ။ အနက်။

http://www.dhammadownload.com



ဤသို့လျှင် ဆိုအပ်ပြီးသောနည်းဖြင့်။ နိရောဓသစ္စာဟု ဆိုအပ်သော အမြိုက်နိဗ္ဗာန်၏ အလွန်မြင်နိုင်ခဲသော သန္တသိဝ-စသော သဘောကို မသိမမြင်နိုင်ခြင်းကြောင့်။ ဒုက္ခမရှိခြင်းပင် သုခမည်၏ဟု ကြံစည်၍ယူခြင်း တက္ကဂါဟသည် ဖြစ်သတည်း။ အမြိုက်နိဗ္ဗာန်၏ သန္တသိဝအစ္စန္တသုခစသော သဘောသည် ရအပ် ပြီးသော အမြိုက်နိဗ္ဗာန်ရှိကုန်သော အရိယာပုဂ္ဂိုလ်အား မျက်မှောက်အားဖြင့် ထင်ရှား ၏။ များသောအကြားအမြင် အဆင်အခြင်ရှိကုန်သော ကလျာဏပုထုဇဉ် ပုဂ္ဂိုလ် တို့အား ရမ်းဆသောအားဖြင့် ထင်ရှား၏။ ပျက်သော အယူရှိကုန်သော ဝိပ္ပဋိပန္နပုထုဇဉ် ပုဂ္ဂိုလ်တို့အား။ ဒုက္ခ၏ မရှိခြင်းဟုဆိုအပ်သော အဘာဝအဖြစ်ဖြင့် ထင်ရှား၏။ ထို့ကြောင့် ဒုက္ခ၏ မရှိခြင်းသည်ပင် သုခမည်၏ဟူသော အယူသည် ပျက်သောအယူသော ဝိပ္ပဋိပန္နပုထုဇဉ်၏ အယူသာတည်းဟု မှတ်အပ်၏။ ဤကား အမြိုက်နိဗ္ဗာန်၏ သန္တသိဝ အစ္စန္တသုခစသော သဘောကိုပြဆိုသော အနက်တည်း။

ဤသို့လျှင် ပြဆိုအပ်ပြီးသော ဂုဏ်ကျေးဇူးအထူးနှင့် ယှဉ်သော အမြိုက်နိဗ္ဗာန်တရားကို အဘယ်၌ သိအပ် ရအပ်သနည်း။ တစ်ပါးတည်းသော နိဗ္ဗာန်ကိုသာလျှင် အလုံးစုံသော ပုဂ္ဂိုလ်တို့သည် သိအပ်ရအပ်လေသလော။ ယင်းသို့မဟုတ်။ အသီးအသီးအားဖြင့် သိအပ်ရအပ်လေသလောဟူငြားအံ့။ သညာဝိညာဉ်နှင့်တကွ ဖြစ်သော တစ်လံမျှလောက်သော ဤကိုယ်၌ပင်။ သိအပ်ရအပ်သတည်း။ တစ်ပါးတည်းသော နိဗ္ဗာန်ကိုသာလျှင် အလုံးစုံသော အရိယာပုဂ္ဂိုလ်တို့သည် သိအပ်ရအပ်သည် မဟုတ်။ အသီးအသီးအားဖြင့်သာလျှင် သိအပ်ရအပ်သတည်း။ ထိုစကားသည်မှန်၏။ ရေဝတနတ်သားသည်။ အိုရာ၊ နာရာ၊ သေရာအရင်ဌာနရှိသည်သော်။ မအိုရာ၊ မနာရာ၊ မသေရာအရပ်ဌာနသည်လည်း ရှိသည်သာလျှင်ဖြစ်ရာ၏ဟု ကြံစည်စဉ်းစား၍။ များစွာသော စကြဝဠာတိုက်တို့သို့ လှည့်လည်သွားလာရှာဖွေသော်လည်း။ ထိုသို့ သဘောရှိသော အရပ်ဌာနကို မတွေ့မမြင်ရ၍၊ သဗ္ဗညုမြတ်စွာဘုရားအား လျှောက်ထားတောင်းပန်သည်တွင်။ ။ ယတ္ထခေါ အာဝုသောနဇာယတိ။ နဇီရတိ။ နမိယတိ။ နစဝတိ။ နဥပပဇ္ဇတိ။ နာဟံ။ တံဂမနေန လောကဿန္တံ ဉာတေယျံဒိဋ္ဌေယျံပတ္တေယျန္တိ ဝဒါမိ။ နစာဟံ အာဝုသော အပတွာစလောကဿန္တံ ဒုက္ခဿ အန္တကိရိယာယံဝဒါမိ။ အပိစာဟံအာဝုသောဣမသ္မိံယေဝဗျာမမတ္တေကဠေဝရေသသညိမှိ သမနကေလောကဥ္စပညာပေသိ။ လောကသမုဒယဉ္စ လောကနိရောဓဉ္စ လောကနိရောဓဂါမိနိပဋိ ပဒံ။ ။ စသည်ဖြင့် ဟောတော်မူအပ်ပြီ။ ။ အာဝုသော။ ဒါယကာရေဝတနတ်သား။ ယတ္ထ။ အကြင်နိဗ္ဗာန်ဟူသော အရပ်၌။ နဇာယတိ။ ပဋိသန္ဓေမနေတတ်။ နဇီရတိ။ မအိုတတ်။ နမိယတိ။ မသေတတ်။ နစဝတိ။ တစ်ဖန်မစုတေတတ်။ နဥပပဇ္ဇတိ။ တစ်ဖန်ပဋိသန္ဓေ

http://www.dhammadownload.com



မနေတတ်။ တံလောကဿန္တံ၊ ထိုဒုက္ခ၏ ငြိမ်းရာဖြစ်သော နိဗ္ဗာန်ကို။ ဂမနေန။ ခြေဖြင့်သွားခြင်းဖြင့်။ ဉာတေယျန္တိ။ သိအပ်၏ဟူ၍။ ဒိဋ္ဌေယျန္တိ။ မြင်အပ်၏ဟူ၍။ ပတ္တေယျန္တိ။ ရောက်အပ်၏ဟူ၍။ အဟံ။ ငါဘုရားသည်။ နဝဒါမိ။ ဟောတော်မမူ။ အာဝုသော။ ဒါယကာ ရေဝတနတ်သား။ လောကဿန္တံ။ ဒုက္ခ သစ္စာ၏ငြိမ်းရာဖြစ်သော နိဗ္ဗာန်သို့။ အပတွာစ။ မရောက်မူ၍လည်း။ ဒုက္ခဿ။ ဆင်းရဲ၏။ အန္တကိရိယာယံ။ အဆုံးကိုပြုခြင်းကို။ အဟံ။ ငါဘုရားသည်။ နစဝဒါမိ။ ဟောတော်မမူသည်သာတည်း။ အာဝုသော။ ဒါယကာရေဝတနတ်သား။ အပိစ။ စင်စစ်သော်ကား။ သသညိမှိ။ သညာနှင့်တကွသော။ သမနကေ။ စိတ်နှင့်တကွသော။ ဗျာမမတ္တေ။ တစ်လံမျှလောက်သော။ ဣမသ္မိံ ယေဝကဠေဝရေ။ ဤကိုယ်၌သာလျှင်။ လောကဉ္စ။ အိုခြင်းနာခြင်းစသော ဒုက္ခသစ္စာဟု ဆိုအပ်သော လောကကိုလည်းကောင်း။ လောကသမုဒယဉ္စ။ ဒုက္ခသစ္စာဟု ဆိုအပ်သော လောက၏အကြောင်းဖြစ်သော သမုဒယသစ္စာကိုလည်းကောင်း။ လောကနိရောဓဉ္စ၊ လောက၏ချုပ်ခြင်းကိုလည်းကောင်း။ ဝါ။ လောက၏ချုပ်ရာ နိဗ္ဗာန်ဟု ဆိုအပ်သော နိရောဓသစ္စာကိုလည်းကောင်း။ လောက နိရောဓဂါမိနိဉ္စပဋိပဒံ။ လောက၏ ချုပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်ဟုဆိုအပ်သော မဂ္ဂသစ္စာကိုလည်းကောင်း။ ပညာပေသိ၊ ပညာတ်တော်မူ၏။ ဝါ။ သိစေတော်မူ ၏။ ။ အနက်။ ဤဒေသနာတော်မြွတ်၌ အကျဉ်း၊ အဓိပ္ပာယ်ကား။ အိုခြင်း၊ နာခြင်း၊ သေခြင်း စသော ဒုက္ခအပေါင်း၏ ကျရောက်ရာ ဒုက္ခသစ္စာကိုလည်းကောင်း။ ထိုဒုက္ခသစ္စာ၏အကြောင်း တဏှာဟု ဆိုအပ်သော သမုဒယသစ္စာကိုလည်းကောင်း၊ ထိုဒုက္ခသစ္စာ၏ချုပ်ရာ အမြိုက်နိဗ္ဗာန်ဟု ဆိုအပ်သော နိရောဓသစ္စာကိုလည်းကောင်း။ ထိုနိရောဓသစ္စာသို့ ရောက်ကြောင်း မဂ္ဂင်တရားကိုယ်ရှစ်ပါးဟုဆိုအပ်သော မဂ္ဂသစ္စာကိုလည်းကောင်း။ သညာဝိညာဉ်နှင့် တကွသော ဤကိုယ်၌သာလျှင် ပညတ်တော်မူ၏ဟူလိုသတည်း။ ။ ဤအရာ၌ သစ္စာလေးပါးတို့ကို ခန္ဓာငါးပါး၌သာ ပညတ်တော်မူ၏။ ထိုသစ္စာလေးပါး တို့တွင်၊ ဒုက္ခသမုဒယမဂ္ဂအားဖြင့် သုံးပါးသော သစ္စာတို့ကို စိတ်စေတသိက် ရုပ်တရား ဖြစ်၍ ခန္ဓာအစဉ်၌ အကျုံးဝင်ကုန်ရကား။ အဇ္ဈတ္တသန္တာန်၌ ရအပ်ကုန်၏။ နိရောဓ သစ္စာတရားကို အမြိုက်နိဗ္ဗာန်တရားဖြစ်၍ ခန္ဓာအစဉ်၌ အကျုံးမဝင်သောကြောင့် ဗဟိဒ္ဓ၌ရအပ်၏။ ထိုနှစ်ပါးတို့တွင် အဇ္ဈတ္တ၌ရအပ်သော သစ္စာသုံးပါးသည် ခန္ဓာငါးပါး မရှိသောအခါ ကွယ်ပျောက်၏။ ဗဟိဒ္ဓ၌ရအပ်သော နိရောဓသစ္စာတရားသည် ခန္ဓာငါးပါး မရှိသော်လည်း မကွယ်ပျောက်။ ဤကားအထူးတည်း။

တစ်နည်းကား။ အဇ္ဈတ္တတို့သည်။ အဇ္ဈတ္တဇ္ဈတ္တ၊ နိယကဇ္ဈတ္တ။ ဝိသယဇ္ဈတ္တ။ ဂေါစရဇ္ဈတ္တအားဖြင့် လေးပါးအပြားရှိကုန်၏။ ထိုလေးပါးတို့တွင်။ စက္ခု–သောတ–

http://www.dhammadownload.com



ဃာန-ဇိဝှာ-ကာယ-မနဟုဆိုအပ်သော ခြောက်ပါးသော အဇ္ဈတ္တိကာယတနတို့သည် အတ္တဘောကိုလွှန်စွာ ကျေးဇူးပြုတတ်သောကြောင့် အဇ္ဈတ္တဇ္ဈတ္တ မည်ကုန်၏။ တစ်ယောက်သော ပုဂ္ဂိုလ်၏ ဥစ္စာဖြစ်ကုန်သော စိတ်စေတသိက် ရုပ်တရားတို့သည် တစ်ခုသော ခန္ဓာအစဉ်ကို အမှီပြု၍ဖြစ်ကုန်သောကြောင့် နိယကဇ္ဈတ္တမည်ကုန်၏။ အရဟတ္တဖိုလ်သမာပတ်သည် ဘုရားရှင်တို့၏ အလိုရှိသော ခဏ၌၊ ဝင်စားတော်မူခြင်းငှာ အစိုးရတော်မူရာဖြစ်ခြင်းကြောင့် ဝိသယဇ္ဈတ္တမည်၏။ ဈာနလာဘီပုဂ္ဂိုလ်တို့သည် သိအပ်ရအပ်သော ကသိုဏ်းပညတ် စသော ပဋိဘာဂနိမိတ်သည်လည်းကောင်း။ အရိယာပုဂ္ဂိုလ်တို့သည် သိအပ်ရအပ်သော ပရမတ္ထအစစ်ဖြစ်သော အမြိုက်နိဗ္ဗာန်တရားသည်လည်းကောင်း။ အာရုံအားဖြင့် ကိုယ်ကိုအစွဲပြု၍ ဖြစ်သောကြောင့် ဂေါစရဇ္ဈတ္တ မည်၏။ ။ ယင်းအနက်ကိုရည်၍ ဓမ္မသင်္ဂဏီဋီကာ၌။ ၊ အဇ္ဈတ္တရတောတိ ဂေါစရဇ္ဈတ္တေ နိဗ္ဗာနေ ရတော။ သမာဓိဂေါစရေကမ္မဋ္ဌာနေ ဝါ ရတော။ ။ ဟုမိန့်အပ်ပြီ။ ။ ဤလေးပါးသော အဇ္ဈတ္တတို့တွင် ဒုက္ခသမုဒယမဂ္ဂအားဖြင့် သုံးပါးသော သစ္စာတို့ကို နိယကဇ္ဈတ္တအားဖြင့် ဤကိုယ်၌ ရအပ်ကုန်၏။ နိဗ္ဗာန်ဟုဆိုအပ်သော နိရောဓသစ္စာကို ဂေါစရဇ္ဈတ္တအားဖြင့် ဤကိုယ်၌ရအပ်၏။ ဤကားအမြိုက်နိဗ္ဗာန်တရား၏ ဤကိုယ်၌ပင်လျှင် ရအပ်သော အဖြစ်ကိုပြခြင်းတည်း။

အသီးအသီးရအပ်ပြီးသော အဖြစ်ကိုကား။ ။ ပစ္စတ္တံဝေဒိတဗ္ဗောဝိညူဟီတိ သဗ္ဗေဟိဝိဥဃ္ဃဋိတညုအာဒီဟိဝိညူဟိ အတ္တနိအတ္တနိဝေဒိတဗ္ဗော။ ဘာဝိတောမေမဂ္ဂေါ။ အဓိဂတံမေဖလံ။ သစ္ဆိကတောမေ နိရောဓောတိ။ နဟိဥပဇ္ဈာယေန ဘာဝိတေန မဂ္ဂေန သဒ္ဓိဝိဟာရိကဿကိလေသာပဟီယန္တိ။ နသောတဿ ဖလသမာပတ္တိယာ ဖာသုဝိဟာရဟိ။ နတေန သစ္ဆိကတံ နိဗ္ဗာနံသစ္ဆိကရောဟိ။ တသ္မာန ဧသပရဿသီသေ အာဘရဏံ ဝိယဒဋ္ဌဗ္ဗော။ အတ္တနောပနစိတ္တေယေဝဒဋ္ဌဗ္ဗော။ အနုဘဝိတဗ္ဗောဝိညုဟီတိဝုတ္တံ ဟောတိ။ ဗာလာနံပနအဝိသယောသေ။ ။ ဟူသော ဝိသုဒ္ဓိမဂ်အဋ္ဌကထာပါဌ်ကို မှီ၍ သိအပ်၏။ ။ ပစ္စတ္တံဝေဒိတဗ္ဗောဝိညူဟီတိ။ ပစ္စတ္တံဝေဒိတဗ္ဗော ဝိညူဟိဟူသည်ကား။ သဗ္ဗေဟိဝိ။ အလုံးစုံလည်း ဖြစ်ကုန်သော။ ဥဃ္ဃဋိတညု အာဒီဟိ။ ဥဃ္ဃဋိတညု အစရှိကုန်သော။ ဝိညူဟိ။ ပညာရှိကုန်သော အရိယာပုဂ္ဂိုလ်တို့သည်။ အတ္တနိအတ္တနိ။ မိမိ မိမိကိုယ်၌။ ဝေဒိတဗ္ဗော။ သိအပ်ခံစားအပ်၏။ ကထံဝေဒိတဗ္ဗော။ အဘယ်သို့ သိအပ်ခံစားအပ်သနည်း ဟူမူကား။ မေ။ ငါသည်။ မဂ္ဂေါ။ မဂ်ကို။ ဘာဝိတော။ ပွားစေအပ်ပြီ။ မေ။ ငါသည်။ ဖလံ။ ဖိုလ်ကို။ အဓိဂတံ။ ရအပ်ပြီ။ မေ။ ငါသည်။ နိရောဓော။ ဒုက္ခ၏ ချုပ်ရာ နိဗ္ဗာန်ကို။ သစ္ဆိကတော။ မျက်မှောက်ပြုအပ်ပြီ။ ဣတိ။ ဤသို့။ အတ္တနိအတ္တနိ။ မိမိ မိမိကိုယ်၌။ ဝေဒိတဗ္ဗော။ သိအပ်ခံစားအပ်၏။

http://www.dhammadownload.com



ဟိတာဒေဝသစ္စံ။ ထိုစကားသည်လျှင် မှန်၏။ ဥပဇ္ဈာယေန။ ဥပဇ္ဈာယ်ဆရာသည်။ ဘာဝိတေန။ ပွားစေအပ်သော။ မဂ္ဂေန။ မဂ်ဖြင့်။ သဒ္ဓိဝိဟာရိကဿ။ ဥပဇ္ဈာယ်ယူ အတူနေတပည့်အား။ ကိလေသာ။ ကိလေသာတို့ကို။ နပဟီယန္တိ။ မပယ်အပ်ကုန်။ သော။ ထိုဥပဇ္ဈာယ်ယူ အတူနေတပည့်သည်။ တဿ။ ထိုဥပဇ္ဈာယ်ဆရာ၏။ ဖလသမာပတ္တိယာ။ ဖလ သမာပတ်ဖြင့်။ ဖာသု။ ချမ်းသာစွာ။ နဝိဟရတိ။ မနေ။ တေန။ ထိုဥပဇ္ဈာယ်ဆရာသည်။ သစ္ဆိကတံ။ မျက်မှောက်ပြုအပ်သော။ နိဗ္ဗာနံ။ နိဗ္ဗာန်ကို။ သော။ ထိုဥပဇ္ဈာယ် ယူ- အတူနေတပည့်သည်။ နသစ္ဆိကရောတိ။ မျက်မှောက်မပြု။ တသ္မာ။ ထိုကြောင့်။ သေ။ ဤကိုးပါးသော လောကုတ္တရာတရားကို။ ပရဿ။ သူတစ်ပါး၏။ သီသေ။ ဦးခေါင်း၌။ အာဘရဏံဝိယ။ တန်ဆာကိုကဲ့သို့။ နဒဋ္ဌဗ္ဗော။ မမှတ်အပ်။ ပန။ စင်စစ်သော်ကား။ အတ္တနော။ မိမိ၏။ စိတ္တေယေဝ။ စိတ်၌သာလျှင်။ ဒဋ္ဌဗ္ဗော။ မှတ်အပ်၏။ ဝိညူဟိ။ ပညာရှိသောအရိယာ ပုဂ္ဂိုလ်တို့သည်။ အနုဘဝိတဗ္ဗော။ ခံစားအပ်၏။ ဣတိဣမံ အဓိပ္ပာယံ။ ဤသို့သော အဓိပ္ပာယ်ကို။ ဝုတ္တံဝုတ္တော။ ဆိုလိုသည်။ ဟောတိ။ ဖြစ်၏။ ဝိသယဇ္ဈတ္တ။ ဂေါစရဇ္ဈတ္တအားဖြင့် လေးပါးအပြား ရှိကုန်၏။ ထိုလေးပါးတို့တွင်။ စက္ခု-သောတ-ဃာန-ဇိဝှာ-ကာယ-မနဟု ဆိုအပ်သော ခြောက်ပါးသော အဇ္ဈတ္တိကာယတနတို့သည် အတ္တဘောကို လွန်စွာကျေးဇူး ပြုတတ်သောကြောင့် အဇ္ဈတ္တဇ္ဈတ္တမည်ကုန်၏။ တစ်ယောက်သော ပုဂ္ဂိုလ်၏ ဥစ္စာ ဖြစ်ကုန်သော စိတ်စေတသိက် ရုပ်တရားတို့သည် တစ်ခုသော ခန္ဓာအစဉ်ကို အမှီပြု၍ ဖြစ်ကုန်သောကြောင့် နိယကဇ္ဈတ္တမည်ကုန်၏။ အရဟတ္တဖိုလ် သမာပတ်သည် ဘုရားရှင်တို့၏ အလိုရှိသောခဏ၌။ ဝင်စားတော်မူခြင်းငှာ အစိုးရ တော်မူရာ ဖြစ်ခြင်းကြောင့် ဝိသယဇ္ဈတ္တမည်၏။ ဈာနလာဘီပုဂ္ဂိုလ်တို့သည် သိအပ်ရအပ် သော ကသိဏ်းပညတ် စသော ပဋိဘာဂနိမိတ်သည် လည်းကောင်း။ အရိယာပုဂ္ဂိုလ် တို့သည် သိအပ်ရအပ်သော ပရမတ္ထအစစ်ဖြစ်သော အမြိုက်နိဗ္ဗာန်တရားသည် လည်းကောင်း။ အာရုံအားဖြင့် ကိုယ်ကို အစွဲပြု၍ဖြစ်သောကြောင့်၊ ဂေါစရဇ္ဈတ္တမည် ၏။ ။ ယင်းအနက်ကိုရည်၍ ဓမ္မသင်္ဂဏီဋ္ဌကထာ၌။ ။ အဇ္ဈတ္တရတောတိ ဂေါစရဇ္ဈတ္တေနိဗ္ဗာ နေရတော။ သမာဓိဂေါစရေ ကမ္မဋ္ဌာနေဝါရတော။ ။ ဟုမိန့်အပ်ပြီ။ ။ ဤလေးပါးသော အဇ္ဈတ္တတို့တွင် ဒုက္ခ သမုဒယမဂ္ဂအားဖြင့် သုံးပါးသော သစ္စာတို့ကိုနိယကဇ္ဈတ္တအားဖြင့် ဤကိုယ်၌ ရအပ် ကုန်၏။ နိဗ္ဗာန်ဟုဆိုအပ်သော နိရောဓသစ္စာကို ဂေါစရဇ္ဈတ္တအားဖြင့် ဤကိုယ်၌ ရအပ်၏။ ဤကား အမြိုက်နိဗ္ဗာန်တရား၏ ဤကိုယ်၌ပင်လျှင် ရအပ်သော အဖြစ်ကို ပြခြင်းတည်း။

http://www.dhammadownload.com



အသီးအသီး ရအပ်ပြီးသော အဖြစ်ကိုကား။ ။ ပစ္စတ္တံဝေဒိတဗ္ဗောဝိညူဟီတိ သဗ္ဗေဟိဝိဉ္ဉူဂ္ဃါဋိတညုအာဒီဟိဝိညူဟိ အတ္တနိအတ္တနိဝေဒိတဗ္ဗော။ ဘာဝိတောမေမဂ္ဂေါ။ အဓိဂတံမေဖလံ။ 'သစ္ဆိကတောမေ နိရောဓောတိ။ နဟိဥပဇ္ဈာယေန ဘာဝိတေန မဂ္ဂေနသဒ္ဓိဝိဟာရိကဿကိလေသာ ပဟီယန္တိ။ နသောတဿ ဖလသမာပတ္တိယာ ဖာသုဝိဟရတိ။ နတေန သစ္ဆိကတံ နိဗ္ဗာနံ သစ္ဆိကရောတိ။ တသ္မာန ဧသပရဿသီသေ အာဘရဏံဝိယဒဋ္ဌဗ္ဗော။ အတ္တနောပနစိတ္တေယေဝဒဋ္ဌဗ္ဗော။ အနုဘဝိတဗ္ဗော ဝိညူဟီတိဝုတ္တံဟောတိ။ ဗာလာနံပနအဝိသယောဧသ။ ။ ဟူသော ဝိသုဒ္ဓိမဂ် အဋ္ဌ ကထာပါဠ်ကို မှီ၍သိအပ်၏။ ။ ပစ္စတ္တံဝေဒိတဗ္ဗောဝိညူဟီတိ။ ပစ္စတ္တံဝေဒိတဗ္ဗော ဝိညူဟိဟူသည်ကား။ သဗ္ဗေဟိဝိ။ အလုံးစုံလည်း ဖြစ်ကုန်သော။ ဉဂ္ဃါဋိတညု အာဒီဟိ။ ဉဂ္ဃါဋိတညုအစရှိကုန်သော။ ဝိညူဟိ။ ပညာရှိကုန်သော အရိယာပုဂ္ဂိုလ်တို့သည်။ အတ္တနိအတ္တနိ။ မိမိမိမိကိုယ်၌။ ဝေဒိတဗ္ဗော။ သိအပ်ခံစားအပ်၏။ ကထံဝေဒိတဗ္ဗော။ အဘယ်သို့ သိအပ်ခံစားအပ် သနည်းဟူမူကား။ မေ။ ငါသည်။ မဂ္ဂေါ။ မဂ်ကို။ ဘာဝိတော။ ပွားစေအပ်ပြီ။ မေ။ ငါသည်။ ဖလံ။ ဖိုလ်ကို။ အဓိဂတံ။ ရအပ်ပြီ။ မေ။ ငါသည်။ နိရောဓော။ ဒုက္ခ၏ ချုပ်ရာ နိဗ္ဗာန်ကို။ သစ္ဆိကတော။ မျက်မှောက်ပြုအပ်ပြီ။ ဣတိ။ ဤသို့။ အတ္တနိအတ္တနိ။ မိမိမိမိကိုယ်၌။ ဝေဒိတဗ္ဗော။ သိအပ်ခံစားအပ်၏။ ဟိတဒေဝသစ္စံ။ ထိုစကားသည်လျှင် မှန်၏။ ဥပဇ္ဈာယေန။ ဥပဇ္ဈာယ်ဆရာသည်။ ဘာဝိတေန။ ပွားစေအပ်သော။ မဂ္ဂေန။ မဂ်ဖြင့်။ သဒ္ဓိဝိဟာရိကဿ။ ဥပဇ္ဈာယ်ယူ အတူနေတပည့်အား။ ကိလေသာ။ ကိလေသာတို့ကို။ နပတီယန္တိ။ မပယ်အပ်ကုန်။ သော။ ထိုဥပဇ္ဈာယ်ယူ အတူနေတပည့်သည်။ တဿ။ ထိုဥပဇ္ဈာယ်ဆရာ၏။ ဖလသမာ ပတ္တိယာ။ ဖလသမာပတ်ဖြင့်။ ဖာသု။ ချမ်းသာစွာ။ နဝိဟရတိ။ မနေ။ တေန။ ထိုဥပဇ္ဈာယ် ဆရာသည်။ သစ္ဆိကတံ။ မျက်မှောက်ပြုအပ်သော။ နိဗ္ဗာနံ။ နိဗ္ဗာန်ကို။ သော။ ထိုဥပဇ္ဈာယ်ယူ- အတူနေတပည့်သည်။ နသစ္ဆိကရောတိ။ မျက်မှောက်မပြု။ တသ္မာ။ ထိုကြောင့်။ ဧသ။ ဤကိုးပါးသော လောကုတ္တရာ တရားကို။ ပရဿ။ သူတစ်ပါး၏။ သီသေ။ ဦးခေါင်း၌။ အာဘရဏံဝိယ။ တန်ဆာကိုကဲ့သို့။ နဒဋ္ဌဗ္ဗော။ မမှတ်အပ်။ ပန။ စင်စစ်သော်ကား။ အတ္တနော။ မိမိ၏။ စိတ္တေယေဝ။ စိတ်၌သာလျှင်။ ဒဋ္ဌဗ္ဗော။ မှတ်အပ်၏။ ဝိညူဟိ။ ပညာရှိသော အရိယာပုဂ္ဂိုလ်တို့သည်။ အနုဘဝိတဗ္ဗော။ ခံစားအပ်၏။ ဣတိဣမံ အဓိပ္ပာယံ။ ဤသို့သော အဓိပ္ပာယ်ကို။ ဝုတ္တံ ဝုတ္တော။ ဆိုလိုသည်။ ဟောတိ။ ဖြစ်၏။ ဧသ။ ဤလောကုတ္တရာတရား ကိုးပါးသည်။ ဗာလာနံပန။ သူမိုက်တို့၏ကား။ အဝိသယော။ သိခြင်းခံစားခြင်းငှာ အရာမဟုတ်။ ။ အနက်။ ။ ဤစကားကို ထောက်သဖြင့် အမြိုက်နိဗ္ဗာန်တရား၏ အသီးသီးရအပ်

http://www.dhammadownload.com



သိအပ်သောအဖြစ်ကို စင်စစ်သက်ဝင် ယုံကြည်အပ်သတည်း။ ။ ဤကား အမြိုက်နိဗ္ဗာန်သို့ ရောက်ရာဌာန–ရ–ဟာန် အာကာရကို ပြဆိုသော အခန်းတည်း။

ဤသို့လျှင် ဥပ္ပလ၊ ကုမုဒ၊ ပဒုမစသော ကြာမျိုးတို့သည် ရွံ့နှစ်ညွန်ရေ၌ ရောက်ကုန်လျက် ရွံ့နှစ်ညွန်ရေနှင့် မလိမ်းကျံ။ ရေပေါ်စွင့်စွင့်မြင့်၍။ တည်ကုန်သကဲ့သို့။ ထိုအတူ အမြိုက်နိဗ္ဗာန်တရားသည်လည်း။ ဥပါဒါနက္ခန္ဓာငါးပါးဟု ဆိုအပ်သော လောက၌ သိအပ်၊ ရောက်အပ်၊ ရအပ်လျက် ထိုလောကနှင့် မလိမ်းကျံ။ ထိုလောကကို လွန်မြောက်၍ တည်တတ်သောကြောင့် လောကုတ္တရာဓမ္မမည်၏။ အမည်းအဖြူ အစ ရှိသော အဆင်းဟူသော ရူပါရုံသည် စက္ခုဝိညာဏ်ဖြင့် မျက်မှောက်ပြုအပ် သိအပ် မြင်အပ်သကဲ့သို့။ ထိုအတူ အလုံးစုံသော ကံကိလေသာတို့၏ ကုန်ခြင်းကို ပြုတတ်သော လေးပါးသော အရိယမဂ်ဉာဏ်ဖြင့်။ မျက်မှောက်ပြုအပ် သိမြင်အပ်သောကြောင့်။ စတုမဂ္ဂဉာဏေနသစ္ဆိကာတဗ္ဗမည်၏။ ချမ်းအေးကြည်လင်သော ရေနှင့် ပြည့်စုံသော မော်ကြီးမော်သေး ကြာမျိုးငါးပါး ဟင်းယန့်ကတောက် မျောက်လှေကား စသော ရေ၏ ဖွယ်ရာဖြင့်ကောင်းစွာ တန်ဆာဆင်အပ်သော အနဝတတ်အိုင်မင်းသည်။ ကြီးသော တန်ခိုးရှိသော နတ်နဂါးတို့၏ ကျက်စားကျင်လည်ရာ ဖြစ်ဘိသကဲ့သို့။ ထိုအတူ ကိလေသာကို အကြွင်းမဲ့ ပယ်ဖြတ်ခြင်း တစ်ဖန်ငြိမ်းစေခြင်းငှာ စွမ်းနိုင်ကုန်သည်ဖြစ်၍ ကြီးသော တန်ခိုးအာနုဘော်ရှိကုန်သော မဂ်ဖိုလ်တရားတို့၏ ကျက်စားရာ အာရုံ ဖြစ်သောကြောင့်။ မဂ္ဂဖလာနမာလမ္ဗဏဘူတမည်၏။ ကြိုးဖြင့် နှောင်ဖွဲ့ခြင်းဟူသော ရဇ္ဇုဗန္ဓန။ သစ်ဖြင့် နှောင်ဖွဲ့ခြင်းဟူသော ဒါရုဗန္ဓန။ သံဖြင့် နှောင်ဖွဲ့ခြင်းဟူသော အယောဗန္ဓန။ အိမ်ဖြင့် နှောင်ဖွဲ့ခြင်းဟူသော ဃရဗန္ဓန။ ယောကျ်ားအစောင့်အရှောက် ထားခြင်းဟူသော ပုရိသဂုတ္တ။ ဤသို့စသော များစွာသော အနှောင်အဖွဲ့အပေါင်းမှ ကောင်းစွာ ထွက်မြောက်တတ်သော ယောကျ်ားမြတ်ကဲ့သို့။ အဇ္ဈတ္တဗဟိဒ္ဓအားဖြင့် ပြားသောနှစ်ပါးသော သန္တာန်တို့၌လည်းကောင်း။ ပစ္စုပ္ပန်အတိတ် အနာဂတ်အားဖြင့် ပြားသော သုံးပါးသော ကာလတို့၌လည်းကောင်း။ ကာမရူပ အရူပအားဖြင့် ပြားသော သုံးပါးသော ဘဝတို့၌လည်းကောင်း။ ရူပသဒ္ဒဂန္ဓ ရသဖောဋ္ဌဗ္ဗ ဓမ္မအားဖြင့် ပြားသော ခြောက်ပါးသော အာရုံတို့၌လည်းကောင်း။ ပြင်းစွာ မြေးယှက်ရစ်ပတ် ချုပ်စပ် ဖွဲ့နှောင်တတ်သော ထွက်မြောက်နိုင်ခဲသော တဏှာမှ။ ကောင်းစွာ ထွက်မြောက်တတ် သောကြောင့် နိဗ္ဗာန်မည်၏။ လောက၌ စန္ဒသူရိယ နက္ခတ္တ စက္ကဝါဠသိနေရု စသည်တို့ ကဲ့သို့လည်းကောင်း။ ပရမတ္ထ၌ ဝေဒနာသညာ စသည်တို့ကဲ့သို့လည်းကောင်း။ သမုတ် တတ်သော သူမဖက်။ သက်သက်သောအားဖြင့်ပြီးသော အမည်ရှိသည်ဖြစ်၍။ မိမိ အမည် မိမိမှတ်တတ်သောကြောင့်လည်းကောင်း၊ တိုင်းသူပြည်သားတို့အား များစွာသော

http://www.dhammadownload.com



အန္တရာယ်ကို ဖျောက်ပယ်စောင့်ရှောက်ပေတတ်သော မှူးတော်မတ်တော်တို့သည် ဘုန်းတန်ခိုး အမျိုးစည်းစိမ်အားဖြင့် ချီးမွမ်းအပ်မြတ်သောမင်းကို အမြဲအရိုအသေ ပြုအပ် အလေးအမြတ်ပြုအပ်။ ညွှတ်ကိုင်းရှိုင်းဝှမ်းအပ်သကဲ့သို့။ ထိုအတူ ခန္ဓာ အစဉ်၌ များစွာသော အကျိုးမဲ့ကိုပြုတတ်ကုန်သော အန္တရာယ်တို့ကို ဖျောက်ပယ် သုတ်သင်တတ်ကုန်သော မဂ်ဉာဏ် ဖိုလ်ဉာဏ် ပစ္စဝေက္ခဏာဉာဏ်တို့သည် အမြဲ အရိုအသေပြုအပ်။ အလေးအမြတ်ပြုအပ် ညွှတ်ကိုင်းရှိုင်းဝှမ်းအပ်သောကြောင့် လည်းကောင်း နာမ်တရားမည်၏။ အကြောင်းတို့သည် ပေါင်း၍မပြုပြင် မစီရင်အပ် သောကြောင့် အသင်္ခတမမည်၏။ ပြီးစေနိုင်သော တစ်စုံတစ်ခုသော အကြောင်း တရား မရှိသောကြောင့် အပစ္စယမမည်၏။ အကြောင်းကိုမစွဲဘဲ သက်သက်သာ လျှင် ဖြစ်သောကြောင့် အဓိစ္စသမုပ္ပန္နမမည်၏။ မြဲသောသဘော ရှိသောကြောင့် နိစ္စမမည်၏။ ဖောက်လွဲခြင်းသဘောမရှိသောကြောင့် ဓုဝမမည်၏။ ပျက်စီးခြင်း ကင်းသည် ဖြစ်၍ အဆုံးမရှိသောကြောင့် အနန္တမမည်၏။ သေခြင်း မရှိသောကြောင့် အမတမမည်၏။ မိမိသဘောမှ ရွေ့လျောခြင်း မရှိသောကြောင့် အစ္စုတမမည်၏။ ခပ်သိမ်းသော ချမ်းသာတို့ထက် ကဲလွန်သော ချမ်းသာ၏ အဖြစ်ကြောင့် ပရမသုခမည်၏။ ပညာရှိကုန်သော အရိယာပုဂ္ဂိုလ်တို့သည် မိမိကိုယ်၌ အသီးအသီး သိအပ် ခံစားအပ် သောကြောင့်။ ပစ္စတ္တံဝေဒိတဗ္ဗဝိညူဟိမည်၏။ ဤသို့လျှင် ဆိုအပ်ပြီးသောနည်းဖြင့် လည်းကောင်း။ ထိုမှတစ်ပါးလည်း။ မဂ်ဉာဏ် ဖိုလ်ဉာဏ် ပစ္စဝေက္ခဏာ ဉာဏ်တို့ဖြင့် ကိုယ်တိုင်မြင်ခြင်းငှာ ထိုက်သောကြောင့် သန္ဒိဋ္ဌိကမမည်၏။ ပရမတ္ထအားဖြင့် ထင်ရှား ရှိသည်၏အဖြစ်။ အလွန်မြတ်ထွတ်လည်းဖြစ်၍ မဖြစ်ဖူးမြဲ အံ့ဖွယ်သရဲကို ဖြစ်စေတတ် သည်၏ အဖြစ်ဖြင့်လာလှည့် ရှုလှည့်ဟူသော အစီအရင်ကို ထိုက်သောကြောင့် ဧဟိပဿိကမမည်၏။ ဦးခေါင်း၌ မီးလောင်သောအရာကို လျစ်လျူရှု၍ မိမိသို့ ရောက်အောင် ဆောင်ခြင်းငှာထိုက်သော တရားအထူး အဖြစ်ကြောင့် ဩပနေယိကမမည်၏။ သံသရာဘေးကို ကြောက်ကုန်သော သူတို့၏ ပုန်းအောင်းရာ ဖြစ်သောကြောင့် တာဏမမည်၏။ ပကတိသော ကျွန်းသည်။ ရေအလျဉ်ဖြင့် မျောပါကုန်သော သူတို့၏ မှီခိုရာဖြစ်သောကြောင့် ဒီပမမည်၏။ ဤသို့ အစရှိသည်ဖြင့်လည်းကောင်း၊ အမြိုက်နိဗ္ဗာန်၌ရှိသော အလွန်ငြိမ်သက် မြတ်မွေလှစွာသော ဂုဏ်ကျေးဇူးတို့ကို လျှောက်ကာလျှောက်ကာ ကောင်းစွာ အောက်မေ့သော ပုဂ္ဂိုလ်အား။ စိတ်ကို ကြည်လင် စေတတ်သော သဒ္ဓါတရား၏ ပြန့်ပြောခြင်း သဒ္ဓါဝေပုလ္လ။ ကောင်းစွာ အားထုတ်သော ဝီရိယ၏ ပြန့်ပြောခြင်း ဝီရိယဝေပုလ္လ။ အောက်မေ့ သက်ဝင်တတ်သော သတိ၏ ပြန့်ပြောခြင်း သတိဝေပုလ္လ။ ကောင်းစွာ တည်ကြည်တတ်သော သမာဓိ၏ ပြန့်ပြောခြင်း

http://www.dhammadownload.com



သမာဓိဝေပုလ္လ။ ထိုးထွင်း၍ သိတတ်သော ပညာ၏ပြန့်ပြောခြင်း ပညာဝေပုလ္လ။ ထူးမြတ်သောကောင်းမှု၏ ပြန့်ပြောခြင်း ပုညဝေပုလ္လဟု ဆိုအပ်သော ခြောက်ပါးသော ဝေပုလ္လတို့သည် ဖြစ်ကုန်၏။ ဝိဋ္ဋာဂုဏ်။ စရဏဂုဏ်အားဖြင့် နှစ်ပါးသော ဂုဏ်တို့တွင် နိဗ္ဗာန်သို့ သွားကြောင်းဖြစ်သော စရဏဟူသော ဂုဏ်ဝိသေသ။ အဓိသီလသိက္ခာ၊ အဓိစိတ္တသိက္ခာ၊ အဓိပညာသိက္ခာအားဖြင့်။ သုံးပါးသော သိက္ခာတို့တွင်။ စိတ်၏ နိဝရဏငြိမ်းခြင်းကို ပြုတတ်သော အဓိစိတ္တသိက္ခာဟု ဆိုအပ်သော ဝိသေသ။ သီလက္ခန္ဓာ၊ သမာဓိက္ခန္ဓာ၊ ပညာက္ခန္ဓာ အားဖြင့် သုံးပါးသော ကျေးဇူးတရားတို့တွင်။ သမာဓိက္ခန္ဓာဟု ဆိုအပ်သော ဂုဏက္ခန်ဝိသေသ။ ဒါန သီလ ဘာဝနာအားဖြင့် သုံးပါးသော ပုညကြိယာဝတ္ထု တို့တွင်။ သဒ္ဓါ၊ သတိ၊ ဝီရိယ၊ သမာဓိစသော ကုသိုလ်တရားတို့ကို ပွားစေတတ်သော ဘာဝနာဟုဆိုအပ်သော ပုညကြိယာဝိသေသ။ သမထဘာဝနာ၊ ဝိပဿနာဘာဝနာအားဖြင့် နှစ်ပါးသော ဘာဝနာတို့တွင်။ ကိလေသာတို့ကို ငြိမ်းစေတတ်သော သမထဟု ဆိုအပ်သော ဘာဝနာဝိသေသ။ ကသိဏဘာဝနာ။ အသုဘဘာဝနာ၊ အနုဿတိဘာဝနာ၊ ဗြဟ္မဝိဟာရဘာဝနာ၊ သညာဘာဝနာ၊ ဝဝတ္ထာနဘာဝနာ၊ အရူပဘာဝနာအားဖြင့် ခုနစ်ပါးသော သမထဘာဝနာတို့တွင်။ အဖန်ဖန်သတိဖြင့် လျှောက်၍ အောက်မေ့ သက်ဝင်အပ်သော အနုဿတိဘာဝနာဟူသော သမထဘာဝနာဝိသေသ။ ဗုဒ္ဓါနုဿတိ၊ ဓမ္မာနုဿတိ၊ သံဃာနုဿတိစသော ဆယ်ပါးသော အနုဿတိဘာဝနာတို့တွင်။ ခပ်သိမ်းသော ဆင်းရဲအပေါင်းတို့၏ ငြိမ်းရာ အမြိုက်နိဗ္ဗာန်၏ ဂုဏ်ကျေးဇူးကို အောက်မေ့တတ်သော ဥပသမာနုဿတိဟု ဆိုအပ်သော အနုဿတိဘာဝနာ ဝိသေသဂုဏ်တို့ဖြင့် ထုံအပ်သော ကုသိုလ်အစု ကောင်းမှုအလျဉ်တို့သည် ဖြစ်ကုန်၏။ ဤအရာ၌ အမြိုက်နိဗ္ဗာန်ရှိသော အရိယာပုဂ္ဂိုလ်တို့အားသာလျှင် အမြိုက်နိဗ္ဗာန်၏ ဂုဏ်ကျေးဇူးတို့သည် မျက်မှောက်အားဖြင့် ထင်ရှားခြင်းကြောင့် ဤဥပသမာနုဿတိ ဘာဝနာတရားသည် အရိယာသာဝက အားသာလျှင် ပြည့်စုံခြင်းဖြစ်သင့်သော်လည်း။ နိဗ္ဗာန်ကို အလေးပြုခြင်းရှိသော ပုထုဇဉ်ပုဂ္ဂိုလ်အားလည်း။ အဆင့်စကား ကြားနာရသော အစွမ်းအားဖြင့် သုံးသပ် သက်ဝင်ဆင်ခြင် အောက်မေ့သည်ရှိသော်။ ဆိုအပ်ပြီးသော ဂုဏ်ကျေးဇူးအထူးနှင့်ယှဉ်သော ဥပသမာနုဿတိ ဘာဝနာဝိသေသသည် ဖြစ်သင့်သည်သာလျှင်တည်း။ ။ ထို့ကြောင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌။ ။ ဆအနုဿတိယောဝိယ အယံဝိအရိယသာဝကဿေဝ သမ္ပဇ္ဇတိ။ ဧဝံသန္တေပိဥပသမ ဂရုကေန ပုထုဇ္ဇနေ နာပိအနုဿရိတဗ္ဗာ။ သုတဝသေနပိတိ ဥပသမေစိတ္တံပသီဒတိ။ ။ ဟု မိန့်အပ်ပြီ။ ။ အယံဝိ။ ဤဥပသမာနုဿတိ ဘာဝနာ တရားသည်လည်း။ ဆအနုဿတိယောဝိယ။ ဗုဒ္ဓါနုဿတိစသော ခြောက်ပါးသော

http://www.dhammadownload.com



အနုဿတိတရားတို့ကဲ့သို့။ အရိယသာဝကဿေဝ။ ရအပ်ပြီးသော အမြိုက်နိဗ္ဗာန်ရှိသော အရိယာသာဝက အားသာလျှင်။ သမ္ပဇ္ဇတိ။ လွယ်သဖြင့် ပြည့်စုံ၏။ ဧဝံသန္တေ ဝိ။ ဤသို့ အရိယာသာဝကအားသာလျှင် လွယ်သဖြင့် ပြည့်စုံခြင်းဖြစ်သော်လည်း၊ ဥပသမဂုဏေန။ နိဗ္ဗာန်ကို လေးမြတ်ခြင်းရှိသော။ ပုထုဇ္ဇနေနာဝိ။ ပုထုဇဉ်ပုဂ္ဂိုလ်သည်လည်း။ အနုဿရိတဗ္ဗာ။ အဖန်ဖန် အောက်မေ့အပ်၏။ ဟိဘဒေဝသစ္စံ။ ထိုစကားသည်လျှင်မှန်၏။ သုတဝသေနဝိ။ ကြားနာရသော အစွမ်းအားဖြင့်လည်း။ ဥပသမေ။ ဒုက္ခ၏ ငြိမ်းရာ အမြိုက်နိဗ္ဗာန်၌။ စိတ္တံ။ စိတ်သည်။ ပသီဒတိ၊ ကြည်လင်၏။ ။ (ဥပသမာနုဿတိ ဘာဝနာသည်ဖြစ်၏ဟူလိုသည်)။ ။ ဤအဋ္ဌကထာ၌ အဓိပ္ပာယ်ကား။ သဗ္ဗညုမြတ်စွာဘုရား၏ ဂုဏ်တော် ကျေးဇူးတော် စသည်တို့၏ အရိယာပုဂ္ဂိုလ်တို့အားသာလျှင် ယုံမှားမဲ့အားဖြင့် ထင်ရှားသင့်သောကြောင့်။ ဗုဒ္ဓါနုဿတိ စသော တရားတို့သည် အရိယာ သာဝက အားသာလျှင် ပြည့်စုံခြင်းငှာ လွယ်သကဲ့သို့။ ထို့အတူ အမြိုက် နိဗ္ဗာန်တရား၏ ဂုဏ်ကျေးဇူးတို့၏လည်း ရအပ်သော အမြိုက်နိဗ္ဗာန်ရှိသော အရိယာပုဂ္ဂိုလ်အားသာလျှင် ယုံမှားမဲ့ ပစ္စက္ခအားဖြင့် ထင်ရှားသင့်သောကြောင့်။ ဥပသမာနုဿတိ တရားသည်လည်း။ အရိယာသာဝကအား သာလျှင် လွယ်သဖြင့် ပြည့်စုံ၏။ ယင်းသို့ဖြစ်သော်လည်း။ ဘုရားဂုဏ်တော်စသည်ကို အလေးပြုသော ပုထုဇဉ်ပုဂ္ဂိုလ်သည် ကြားနာရသော အစွမ်းအားဖြင့် အောက်မေ့ဆင်ခြင်သည်ရှိသော်။ ဗုဒ္ဓါနုဿတိစသော ဘာဝနာဝိသေသသည်ဖြစ်သကဲ့သို့။ ထိုအတူ နိဗ္ဗာန်ကို အလေးပြုခြင်းရှိသော ပုထုဇဉ်ပုဂ္ဂိုလ်သည်လည်း။ အဆင့်စကားကြားနားရသော အစွမ်းအားဖြင့် အောက်မေ့ ဆင်ခြင်သည်ရှိသော်။ ဥပသမာနုဿတိဘာဝနာဝိသေသ ဖြစ်၏ ဟူလိုသည်။ မိလိန္ဒပဉ္ဇာ၌လည်း။ မိလိန္ဒမင်းကြီးသည်၊ အရှင်နာဂသေန မထေရ်အား။ အရှင်ဘုရား၊ မရအပ်သေးသော အမြိုက်နိဗ္ဗာန်ရှိသော ပုထုဇဉ်ပုဂ္ဂိုလ်သည် နိဗ္ဗာန်ကို ချမ်းသာ၏ဟု သိနိုင်ပါအံ့လောဟု လျှောက်၏။ မြတ်သောမင်းကြီး။ သိနိုင်၏ မိန့်တော်မူလျှင်။ အရှင်ဘုရား အဘယ်သို့လျှင် မရအပ်သော နိဗ္ဗာန်ကို ချမ်းသာ၏ ဟု သိနိုင်ပါအံ့နည်း လျှောက်၏။ မြတ်သော မင်းကြီး။ လက်ခြေကို အဖြတ် မခံရကုန်သောသူတို့သည် လက်ခြေကိုဖြတ်ခြင်းသည် ဆင်းရဲ၏ဟု သိနိုင်ကုန်အံ့လောဟု မေးတော်မူ၏။ အရှင်ဘုရား သိနိုင်ပါ၏ဟု လျှောက်လျှင်။ မင်းမြတ်၊ အဖြတ်မခံရဘဲလျက် အဘယ်သို့ သိနိုင်ကုန်အံ့နည်းဟု မေးတော်မူပြန်၏။ အရှင်ဘုရား၊ အဖြတ်ခံရသော ပုဂ္ဂိုလ်တို့၏ ငိုကြွေးမြည်တမ်းသံကို ကြားရ၍ သိနိုင်ပါကုန်၏ဟု လျှောက်လျှင်။ မြတ်သောမင်းကြီး။ ထိုအတူပင်၊ ရအပ်ပြီးသော အမြိုက်နိဗ္ဗာန်ရှိကုန်သော အရိယာပုဂ္ဂိုလ်တို့၏ နိဗ္ဗာန်ဟူသည် အလွန်ချမ်းသာ၏ဟု ဟောကြားသော တရားဒေသနာကို

http://www.dhammadownload.com



ကြားနာရ၍ နိဗ္ဗာန်၏ချမ်းသာသောအဖြစ်ကို သိကုန်၏ဟု မိန့်တော်မူလျှင်။ အရှင်ဘုရား သင့်မြတ်ပေ၏။ အကျွန်ုပ်ဝန်ခံပါ၏ဟု လျှောက်ကြောင်းနှင့် မိန့်အပ်၏။ ဤကား အမြိုက်နိဗ္ဗာန်၏ ဂုဏ်ကျေးဇူးကိုလျှောက်၍ အောက်မေ့ဆင်ခြင်သော ပုဂ္ဂိုလ်အား။ စရဏဟူသော၊ ဂုဏဝိသေသ။ အဓိစိတ္တသိက္ခာဟူသော သိက္ခာဝိသေသ။ သမာဓိက္ခန္ဓဟုဆိုအပ်သော ဂုဏက္ခန်ဝိသေသ။ ဘာဝနာမယ ပုညကြိယာဟူသော ပုညကြိယာဝိသေသ။ သမထဘာဝနာဟူသော ဘာဝနာဝိသေသ။ ဥပသမာ နုဿတိဟူသော အနုဿတိဝိသေသဖြစ်ဟန်ကို ဆိုသောအခန်းတည်း။

ဤသို့လျှင်၊ ဆိုအပ်ခဲ့ပြီးသော ဝိသေသဂုဏ်တို့ဖြင့် ထုံအပ်သော ကုသိုလ်အစုကောင်းမှုအလျဉ်ဟု ဆိုအပ်သော ဥပသမာနုဿတိ ဘာဝနာတရားကို။ ပွားများအားထုတ်ခြင်းရှိသော ပုဂ္ဂိုလ်အား ချမ်းသာစွာ အိပ်ရခြင်း။ ချမ်းသာစွာ နိုးကြားရခြင်း။ ယုတ်မာသော အိပ်မက်ကို မမြင်မက်ခြင်း။ နတ်တို့သည် ကောင်းစွာ စောင့်ရှောက်ခြင်း၊ ငြိမ်သက်သော စက္ခုစသော ဣန္ဒြေရှိခြင်း။ ငြိမ်သက်သော မနိန္ဒြေရှိခြင်း။ အရှက်အကြောက်နှင့် ပြည့်စုံခြင်း။ လူနတ်တို့၏ ကြည်ညိုဖွယ်ကို ရွက်ဆောင်နိုင်ခြင်း။ မြတ်သော နိဗ္ဗာန်သို့ ညွတ်ကိုင်းရှိုင်းဝှမ်းသောစိတ်ရှိခြင်း။ သီတင်းသုံးဖော်တို့၏ အလေးအမြတ်ပြုရာ ဖြစ်ခြင်း။ ပုဗ္ဗဟေတုရှိသော် ယခုဘဝ၌ပင် အမြိုက်နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်း။ မပြုရသေးသော်လည်း သုဂတိဘဝလျှင် လားရာရှိခြင်း။ အဆုံးဘဝ၌လည်း။ အမြိုက်နိဗ္ဗာန် ဝင်စံရခြင်းစသောများစွာသော အာနိသင် ဝိသေသတို့သည် ဖြစ်ကုန်၏။ ထို့ကြောင့် ဆိုအပ်ပြီးသော အာနိသင်ဝိသေသတို့သည် ဖြစ်ကုန်၏။ ထို့ကြောင့်ဆိုအပ်ပြီးသော အာနိသင်ဝိသေသတို့ကို အလိုရှိသော အမျိုးသားသည် တစ်ပါးသောကိစ္စတို့ကို လျစ်လျူရှု၍။ ဤဥပသမာနုဿတိတရား၌ ပွားများအားထုတ်ခြင်းကို ပြုအပ်၏။ ယင်းအနက်ကိုရည်၍။ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌။ ။ တသ္မာဟဝေ အပ္ပမတ္တော။ ဘာဝေယျာတိဝိစက္ခဏော။ ဧဝံအနေကာနိသံသံ။ အရိယေဥပသမေသတိံ။ ။ ဟု မိန့်အပ်ပြီ။ ။ တသ္မာ။ ထိုသို့ များမြတ်သော အကျိုးရှိသောကြောင့်။ အပ္ပမတ္တော။ ယစ်မူး မေ့လျော့ကင်းသော။ ဝိစက္ခဏော။ ပညာရှိသော ပုဂ္ဂိုလ်သည်။ ဧဝံအနေကာ နိသံသံ။ ဤသို့ဆိုအပ်ပြီးသော များသော အကျိုးအာနိသင်ရှိသော။ အရိယေ။ မြတ်သော။ ဥပသမေ။ သံသရာဆင်းရဲအပေါင်းကို ငြိမ်းစေတတ်သော အမြိုက်နိဗ္ဗာန်၌။ သတိံ။ သက်ဝင်၍ တည်သော ထင်သော သတိကို။ ဘာဝေယျ။ ပွားစေရာ၏။ ။ အနက်။ ။ ဤကား၊ ဥပသမာနုဿတိ ဘာဝနာဝိသေသ၏ အာနိသင်ဝိသေသကို ပြဆိုသော အခန်းတည်း။

http://www.dhammadownload.com



ဤရွေ့သော စကားအစဉ်ဖြင့်။ အမြိုက်နိဗ္ဗာန်၏ သဘာဝ။ ရောက်ရာကာလ အဆုံးအဖြတ်။ ဝစနတ္ထ အဆုံးအဖြတ်။ နာမဓမ္မအဆုံးအဖြတ်။ သင်္ခတရားတို့၏ ဝိသေသာဝိသေသအဆုံးအဖြတ်၊ ပရမသုခဝိသေသ အဆုံး အဖြတ်။ ရောက်ရာဌာနရဟန် အာကာရ အဆုံးအဖြတ်။ ဘာဝနာဝိသေသ အဆုံးအဖြတ်။ ဖလဝိသေသ အဆုံးအဖြတ် ဟု ဆိုအပ်သော။ ရှစ်ပါးသော အဆုံးအဖြတ်တို့ဖြင့် တန်ဆာဆင်အပ်သော အသင်္ခတဓမ္မပကာသနီမည်သော ကျမ်းသည်။ အပြီးသို့ရောက်၏။

## နိဂုံး

စလင်းတိဝှယပုရသ္မိ။ ပုရတ္ထိမဒိသာဘာဂေ။ ဗိမာန်ဘုံသာ တိအာချာတေ။ အာရာမေဝိဟာရဋ္ဌေ န။ ။ ပညာသိဟောတိနာမေန။ ထေရေန ရစိတံသတ္ထံ။ နန္တ ရာယေန နိဋ္ဌိတံ။ ပုညေနေတေနသံ သုဒ္ဓံ။ ။ သီဃံပပ္ပေါမိနိဗ္ဗာနံ။ ခေမာသိဝါတိဝဏ္ဏိ တံ။ ။ စလင်းတိဝှယပုရသ္မိ။ စလင်းအမည်ရှိသောမြို့၏။ ပုရတ္ထိမဒိသာဘာဂေ။ နေခင်း ပျော်မွေ့ အရှေ့ဖြစ်သော အရပ်မျက်နှစ်အဖို့၌။ ဗိမာန်ဘုံသာတိအာချာတေ။ ဗိမာန်ဘုံသာ အမည်ရှိသော။ အာရာမေ။ ပညာရှိသူတော် ကောင်းတို့၏ ကိန်းအောင်း မွေ့လျော်ရာ ဖြစ်သော ကျောင်းတိုက်၌။ ဝိဟာရဋ္ဌေ န။ သီတင်းပျော်မွေ့နေလေ့ရှိသော။ ပညာသိ ဟောတိနာမေန။ ပညာသိဟာအမည်ရှိသော။ ထေရေန။ မထေရ်သည်။ ရစိတံ။ အသစ်တီထွင်စီရင် ရေးသားအပ်သော။ ဣဒံသတ္ထံ။ အသင်္ခတဓမ္မပကာသနီ အမည် ရှိသော ဤကျမ်းသည်။ အနန္တ ရာယေန။ တွင်းပဘေးရန် အန္တ ရာယ်ခပ်သိမ်း ကင်းငြိမ်း လွတ်သဖြင့်။ နိဋ္ဌိတံပြီးခြင်းသို့ ရောက်၏။ ဧတေနပုညေန။ ဤသို့ အသစ်တီထွင် စီရင် ရေးသားအပ်သော ဂန္ထ လေခပုညအထူးကြောင့်။ သံသုဒ္ဓံ။ ထက်ဝန်းကျင်မှ စင်ကြယ်သန့်ရှင်းစွာ ထသော။ ခေမသိဝါတိဝဏ္ဏိတံ။ ဘေးတို့၏ ကင်းရာ ချမ်းမြေ့ရာဟူ၍။ သဗ္ဗညုမြတ်စွာဘုရားတို့သည် ချီးမွမ်းတော်မူအပ်ထသော။ နိဗ္ဗာနံ။ ရာဂစသော တစ်ဆယ့်တစ်ပါးသော မီးဘေးကို ငြိမ်းအေးစေတတ်သော အမြိုက်နိဗ္ဗာန်သို့။ သီဃံ၊ လျင်စွာ။ ပပ္ပေါမိ။ မဂ်ဉာဏ်ဖိုလ်ဉာဏ်ဖြင့် ဧကန်ထုတ်ချောက်ရောက်ရပါလို၏။

**အသင်္ခတဓမ္မပကာသနီကျမ်းပြီး၏။**